

နှင့် တူရကား အရိယာသံယာကို "ဩရသ"ဟု ဆိုရပါသည်။

➢ ၁ ၀ ။ (ဂ) ဝါကျ ဝဒန္တ–၌ ခတ်အရ အနက္ကြ်ကို ရှု၍ ဘာဝါလက်ဘရဏတ်ပုံ

(၁) ပဏာမ စေတနာပြဓာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဒ္ဒာယီဘာဝ, ဓမ္မသိဂါရ ရသ မည်၏။ (၂) အရိယာသံယာသည် အာလမ္ဗဏဝိဘာဝ မည်၏။ (၃) မြတ်စွာဘုရား၏ သားတော်ဖြစ်ခြင်း, မာရ်မင်းနှင့် မာရ်မင်း၏ စစ်တပ်ကို ဖျက်ဆီးနိုင်ခြင်း ဂုဏ်တော်တို့သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) အန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်း အကျိုးသည် အနုဘာဝ မည်၏။

## ဝါကျ (၂) (၄၁၃)

**(က) သုတ္တေသု ပြဟ္မဇာလံ၊ (ခ) ပြဟ္မဇာလဿာပိ "ဧဝံ မေ သုတ"န္တိ အာဒိကံ အာယသ္မတာ အာနန္ဒေန ပဌမမဟာ သင်္ဂီတိကာလေ ဝုတ္တံ နိဒါနမာဒိ၊ (ဂ) ပဌမမဟာသင်္ဂီတိ နာမ စေသာ ကိဉ္စာပိ ဝိနယပိဋကေ တန္တိမာရုဠှာ၊ နိဒါန ကောသလ္လတ္ထံ ပန ဣဓာပိ ဧဝံ ဝေဒိတဗ္ဗာ၊**

➢ ၁ ။ (က) သုတ္တေသု၊သုတ်တို့တွင်။ပြဟ္မဇာလံ၊ပြဟ္မဇာလသုတ်သည်။အာဒိ၊ အစတည်း။ (ခ) ပြဟ္မဇာလဿာပိ၊ပြဟ္မဇာလသုတ်၏လည်း။ဧဝံ မေ သုတန္တိ အာဒိကံ၊ ဧဝံ မေ သုတံ အစရှိသော။အာယသ္မတာ အာနန္ဒေန၊အရှင်အာနန္ဒာသည်။ပဌမ မဟာသင်္ဂီတိကာလေ၊ပဌမ မဟာသင်္ဂါယနာတင်ရာအခါ၌။ဝုတ္တံ၊ဆိုအပ်သော။နိဒါနံ၊နိဒါန်းသည်။ အာဒိ၊အစတည်း။ (ဂ) သော ပဌမ မဟာသင်္ဂီတိ နာမ စ၊ဤပဌမ မဟာသင်္ဂါယနာမည်သည် ကိုလည်း။(ဝေဒိတဗ္ဗာ၌စပ်) (ဝါ) ဤပဌမ မဟာသင်္ဂါယနာမည်သည်လည်း။(အာရုဠှာ ၌စပ်)

(တနည်း) စ၊ဆက်ဦးအံ့။သော မဟာသင်္ဂီတိ နာမ၊ဤမဟာသင်္ဂါယနာ မည်သည်ကို။ (ဝါ) မည်သည်။ဝိနယပိဋကေ၊ဝိနည်းပိဋကတ်၌။(စူဠဝဂ္ဂပါဠိတော် ပဉ္စသတိကက္ခန္ဓကတ်၌။) တန္တိံ၊ ပါဠိတော်သို့။ကိဉ္စာပိ အာရုဠှာ၊အကယ်၍ကား တက်ရောက်ပြီး ဖြစ်ပါပေပြီ။

ပန၊ထိုသို့ပင် ဤပဌမ မဟာသင်္ဂါယနာမည်သည်၏ ဝိနည်းပိဋက ပါဠိတော်သို့ တက်ရောက်ပြီးဖြစ်ပါသော်လည်း။နိဒါနကောသလ္လတ္ထံ၊နိဒါန်း၌ ကျွမ်းကျင်သူ၏ ဖြစ်ကြောင်း ဖြစ်ရာ ဉာဏ်အကျိုးငှာ။ဣဓာပိ၊ဤ ဒီဃနိကာယ် အဋ္ဌကထာ၏ အစ၌လည်း။ဧဝံ၊ဤသို့။ (ဝါ) ဤ ဆိုအပ်လတ္တံ့သော နည်းဖြင့်။ဝေဒိတဗ္ဗာ၊သိထိုက်သေး၏။

➢ ၂ ။ (ခ) သို့/ **အာဘောဂါယုတ္တ စောဒနာ** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် သုတ်တို့တွင် ပြဟ္မဇာလသုတ်သည် အစဖြစ်၏ဟု ဖွင့်ပြအပ်၏။ (ဥပနာ) ထိုပြဟ္မဇာလ သုတ်၏လည်း "မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ" စသည်ကို အစဟူ၍ မှတ်သားအပ်ပါသလော။ (အာဘော်) အဘယ်ကို အစဟူ၍ မှတ်သားအပ်ပါသနည်း။ (ပုစ္ဆာ) ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) ဝါကျကိုမိန့်။

**အဓိပ္ပါယ်ကား** ။ ။ ပဌမသင်္ဂါယနာ၌ မဟာကဿပထေရ်သည် မေးအပ်သော်

http://www.dhammadownload.com


အရှင်အာနန္ဒာမထေရ်သည် ဖြေဆိုအပ်သော ဒေသ ကာလ စသည်ကို မှတ်သားခြင်း အကျိုးငှာ, ရှေးဦးစွာ ထားအပ်သော နိဒါန်းကို အစဟူ၍ မှတ်သားအပ်၏ ဟူလို။

(ဂ) သို့/ ဆရာ၊ ဆရာသည် (က) ဝါကျဖြင့် ဧဝံ မေ သုတံ အစရှိသော ရှင်အာနန္ဒာ မထေရ် ပထမ မဟာသင်္ဂါယနာ တင်ရာအခါ၌ ရွတ်ဆိုအပ်သော နိဒါန်းသည် ဗြဟ္မဇာလ သုတ်၏လည်း နိဒါန်းဖြစ်သောဟု ဆိုတော်မူ၏။ ဤပထမ မဟာသင်္ဂါယနာမည်သည်ကို ဝိနည်းပိဋကတ်၌ ပါဠိတော်သို့ တင်အပ်ပြီးသည် မဟုတ်တုံလော။ အဘယ်အကျိုးငှာ ဤသုမင်္ဂလ ဝိသာလိနီမည်သော ဒီဃနိကာယ် အဋ္ဌကထာ၌ သိအပ်ပါသနည်း။(ဂ) မိန့်

အစ်ပွါယ်ကား ။ ။ (ဂ) ဝါကျဖြင့် ဤ ပထမ မဟာသင်္ဂါယနာမည်သည်ကို ဝိနည်း ပိဋကတ်၌ ပါဠိတော်သို့ တင်အပ်ပြီးသော်လည်း နိဒါန်း၌ လိမ္မာစေခြင်းအကျိုးငှာ ဤ သုမင်္ဂလ ဝိသာလိနီမည်သော ဒီဃနိကာယ်အဋ္ဌကထာ၌လည်း ဤဖွင့်ဆိုလတ္တံ့သော နည်း ဖြင့် (ဝါ) ဤသို့ သိအပ်၏ဟု ငါပြဆို၏ဟူလိုသော်။

(ဂ) သို့/ **ကိဉ္စာပိ-ကို ရှု၍ စောဒနာတက်** ။ ။ ဆရာ၊ ဆရာသည် ကိဉ္စာပိ ဧဝံ ဝေဒိတဗ္ဗာ-ဖြင့် ပထမသင်္ဂါယနာမည်သည်ကို ဤ၌ ဆိုအပ်လတ္တံ့သော နည်းဖြင့် သိအပ် ၏ဟူ၍ ဆိုတော်မူ၏။ ပထမ မဟာသင်္ဂါယနာမည်သည်ကို ဝိနည်းပိဋက၌ ပါဠိတော် အစဉ်သို့ တင်ခဲ့ပြီးသည်သာ မဟုတ်ပါလော၊ အဘယ့်ကြောင့် ပထမ မဟာ သင်္ဂါယနာ မည်သည်ကို ဤ၌ ဆိုအပ်လတ္တံ့သောနည်းဖြင့် သိအပ်၏ဟူ၍ တဖန် ထပ်၍ ဆိုရ ပါသနည်း။ ပထမသင်္ဂါယနာကို ဝိနည်းပိဋကပါဠိတော်၌ တင်ခဲ့ပြီးပါလျက် ဤ ဒီဃ နိကာယ်၌ တဖန်ထပ်၍ ဆိုချေသော် ဆရာအား နိရတ္ထကဒေါသ, ပုနရုတ္တိဒေါသ သင့် ရောက်ရာ၏။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) ဝါကျကိုမိန့်။

➢ ၃။ (ဂ) ဝါကျကို **စောဒကာစသောဂါဒိစတုက္ကထုတ်ပုံ**

(၁) နနု ပဉ္စမမဟာသင်္ဂီတိ နာမ သော ဝိနယပိဋကေ တန္တိံ မာရုဠှာ။(စောဒနာ ဘောဂ) (၂) အထ ကသ္မာ ကိဉ္စာပိ ဧဝံ ဝေဒိတဗ္ဗာ။ (စောဒနာ)

(၃) နနု နိဒါနကောသလ္လတ္ထံ ဟောတိ။ (ပရိဟာရဘောဂ)

(၄) တသ္မာ ကိဉ္စာပိ ဧဝံ ဝေဒိတဗ္ဗာ။ (ပရိဟာရ)

* **ကိဉ္စာပိ-သဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ ပဉ္စမသင်္ဂါယနာတင်ခြင်းအကြောင်းကို အဋ္ဌကထာအစ၌ ဆိုခြင်းဟူသော အကျိုးကို စောဒကတို့ မနှစ်သက်ဖွယ်ရှိသောကြောင့် ကိဉ္စာပိ-သဒ္ဒါ ထားရပါသည်။

* **ပန-သဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ သင်္ဂါယနာတင်ပြီးဖြစ်သော်လည်း ဤ အဋ္ဌ ကထာ၏ အစ၌ စာသင်ယေ်တို့မှာ ထိုသင်္ဂါယနာအကြောင်းကို မသိနိုင်သောကြောင့် ကျေနပ်ဖွယ်မဟုတ်သေးပါဟူသော အရုစ္စတ္ထအနက်ကို ပြလို၍ ပန-သဒ္ဒါ ထားသည်။

➢ ❹။ နိဒါဒါတိ ဒေသနံ ဒေသကာလာဒိ ဝသေန အဝိဒိတံ ဝိဒိတံ ကတွာ

http://www.dhammadownload.com



နိဒယောတီတိ **နိဒါနံ**။ (ကိတ်)

(၁) နိဒါန်-ဟူသော ပုဒ်ပြီး နိပ္ဖန္နသည် ဝစန မည်၏။ (၂) နိဒဒါတိ (ပ) နိဒယောတိ ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထ မည်၏။ (၃) ဒေသနာတော်ကို ဒေသ ကာလ စသည်တို့၏ အစွမ်းဖြင့် မသိအပ်သေးသည်ကို သိအပ်သည်ကိုပြု၍ ပြခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၄) ဣတိ-သဒ္ဒါသည် ဝစနဟေတု ဇောတက မည်၏။ (၅) ပထမသင်္ဂါယနာ တင်သောအခါ၌ ရှင်အာနန္ဒာမထေရ် ရွတ်ဆိုအပ်သော "ဧဝံ မေ သုတံ" စသော သဝိညတ္တိက ဝစီဘေဒသဒ္ဒ ပဝတ္တ နိဒါန်းဖြစ်သည် ဝစနီယ မည်၏။ (၆) ကာရဏံ ဟေတု-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* တနောတိ အတ္ထံ ဧတာယာတိ **တန္တိ**။

(၃) အနက်ကို ချဲ့ခြင်းကြိယာသကတ်သည် ဝစနဟေတု။ (၅) ပါဠိတော်ဟူသော ဗုဒ္ဓဝစန သည် ဝစနီယ။ (၆) ပါဠိ, ဓမ္မ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ။

ကဉ္စိ တရန္တိ ဧတာယာတိ **တန္တိ**။ (၃) ယုံမှားမှုကို ပယ်ခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (ကြွင်းတူ)

* ဖြူဟတိ ဝုဍ္ဍိံ ဂစ္ဆတီတိ **ဗြဟ္မံ**။ ဇလေ ဟိတံ **ဇာလံ**။ ဇာလေတီ အစ္စာဒေတိ မစ္ဆေ ဧတေနာတိ **ဇာလံ**။ ဇာလံ ဝိယာတိ **ဇာလံ**။ ဗြဟ္မံ ဇာလံ ဧတ္ထာတိ **ဗြဟ္မဇာလံ**။

(၃) မြတ်သော ကွန်ယက်သဖွယ်ဖြစ်သော သဗ္ဗညုတဉာဏ်တော်၏ ဗြဟ္မဇာလ သုတ် ပါဠိတော်နှင့် ဌာနီ-ဌာန/နိဿိတ-နိဿယ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဗြဟ္မဇာလသုတ် ပါဠိတော် အနက်ဖြစ်သည် ဝစနီယ မည်၏။ (၆) အတ္ထဇာလံ, ဓမ္မဇာလံ ဒိဋ္ဌိဇာလံ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* စရတိ ပဝတ္တတီတိ **စက္ကံ**။ ဓမ္မောစ သော စက္ကဉ္စာတိ **ဓမ္မစက္ကံ**။

ဓမ္မစက္ကဿ ပဝတ္တနံ **ဓမ္မစက္ကပ္ပဝတ္တနံ**။ ဓမ္မစကြာကို ဝေနေယျတို့၏ သန္တာန်၌ ဖြစ်စေတော်မူခြင်း ဟောတော်မူခြင်းကိစ္စ ရ၏။

* ဓမ္မဝိနယာနံ သင်္ဂဟေတွာ ဂါယနံ ကထနံ **သင်္ဂီတိ**။ မဟိယတေ ပူဇိယတေ **မဟာ**။ မဟာတိ သင်္ဂီတိ **မဟာသင်္ဂီတိ**။ (ကမ္မဓာရယ်သမာသ်)

(၃) မဟာတိ-အရ မဟာဝိသယ (ဝါ) ပူဇနီယဘော၏ သင်္ဂါယနာဖြစ်နှင့် ဂုဏ်-ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ပဌမ မဟာသင်္ဂါယနာ ဖြစ်သည် ဝစနီယ မည်၏။ (၆) မဟန္တသင်္ဂီတိ, မဟာသင်္ဂါယနာ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။ ပဌမာစ သာ မဟာသင်္ဂီတိစာတိ **ပဌမမဟာသင်္ဂီတိ**။

* ကုသလဿ ဘာဝေါ ကောသလ္လံ။ နိဒါနေ ကောသလ္လံ **နိဒါနကောသလ္လံ**။

➤ ❶ ။ **အာရုဠှာ**-ကို အာရုဠှတ္တာ-ဟု ဟိတ်ပြင်လျှင်-- ဧတာယ ပဌမ မဟာ - သင်္ဂီတိယာ-ဟု သမ္ဗန်ခံရပါမည်။ (၏/ကို စပ်)

http://www.dhammadownload.com



**ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား**-- ကမ္မတ္ထ ဖြစ်ပါသည်။

(ခ) ဝါကျ၌ ဝုတ္တံ-ကို ဝုတ္တတ္တာ-ဟု ဟိတ်ပြင်ရပါမည်။ ယင်းဟိတ်၏ သမ္ဗန်ကား-နိဒါနသာ ဖြစ်ပါသည်။ (၏/ကို စပ်)

➤ ❻ ။ (စ) ၌ ဧဝံ မေ သုတန္တိ အာဒိကံ-ဖြင့် ဗြဟ္မဇာလသုတ်၏ အစဟူသည် ဧဝံ မေ သုတံ-စသော နိဒါန်းစကားပင်ဖြစ်၏-ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ သံဝဏ္ဏနာ) (တနည်း) ဧဝံ မေ သုတံ-စသော နိဒါန်းစကားကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

အာယသ္မတာ အာနန္ဒေန-ဖြင့် နိဒါန်းစကား ဟောဆိုသော ဒေသကပုဂ္ဂိုလ်ကို သိစေပါသည်။ (ဘာဝတ္ထ) ပဌမမဟာသင်္ဂီတိကာလေ-ဖြင့် နိဒါန်းစကား ဟောဆိုရာ အခါကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ❼ ။ **ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ ဟောရခြင်းအကြောင်း** ။ ။ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိကို ဖြေရှင်းသော ဒေသနာစကား ဖြစ်သောကြောင့် ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ ဟောရပါသည်။

* **ဓမ္မစက္ကပ္ပဝတ္တန-ကို အစပြု၍ ဆိုရခြင်းအကြောင်း** ။ ။ ဝေနေယျတို့၏ မဂ်ဖိုလ်ရခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော အပြုအမူကြီးယာသည်သာ မုချအားဖြင့် ဗုဒ္ဓကိစ္စ မည်သည်ကို ပြလိုသောကြောင့် ဓမ္မစက္ကပ္ပဝတ္တန-ကို အစပြု၍ ဆိုရပါသည်။

* **မြတ်စွာဘုရား ဓာတ်တော်များ ဝေမန်ရာခန့်** ◦ နယုန်လဆန်း (၅) ရက်နေ့ဖြစ်ပါသည်။

* **သုဘဒ္ဒေန ဝုဍ္ဎပဗ္ဗဇိတေန-၌ သုဘဒ္ဒ-အရ** ။ ။ အာတုမရွာသား လူဖြစ်စဉ်အခါက ဆတ္တာသည် လုပ်ဖူးသော ဝုဍ္ဎပဗ္ဗဇိတ ရဟန်းကြီးကို ယူရပါမည်။ သုဘဒ္ဒပရိဗိုဇ်ကို မယူရ။

* **အလံ အာဝုသော မာ သောစိတ္ထ-စသော စကားတို့ကို ဆိုရခြင်းအကြောင်း**
မြတ်စွာဘုရား အပေါ်၌ ရန်ညိုးထားခဲ့ခြင်းကြောင့်-- ပြောဆိုပါသည်။

* **ဝုတ္တဝစန မနုဿရဏ္ဍာ-၌ အနုဿရ-အရ** ။ ။ တရားသဘောကို ကြံစည်တွေးတောသည်၏ အစွမ်းဖြင့်ဖြစ်သော သဟောတ္တပ္ပဉာဏ်လျှင် တရားကိုယ်ရှိသော ဓမ္မ - သံဝေဂ၏ အစွမ်းဖြင့်ဖြစ်သော အောက်မေ့ခြင်းကို ယူရပါမည်။ | အမျက်ထွက်ခြင်းစသည်တို့၏ အစွမ်းဖြင့်ဖြစ်သော အောက်မေ့ခြင်းကို မယူရ။|

* **ဓေသိတနှင့် ပညတ္တ အထူး** ။ ။ သုတ်အဘိဓမ္မာတရားတော်ကို သိစေခြင်းသည် ဒေသိတ မည်၏။ အပြားအားဖြင့် ဝေနေယျတို့သန္တာန်၌ ထားခြင်းသည် ပညတ္တ မည်၏။

ဝိနည်းတရားတော်ကို သိစေခြင်းသည် ဒေသိတ မည်၏။ အပြားအားဖြင့် မရောစေမူ၍ ထားခြင်းသည် ပညတ္တ မည်၏။

* **ပိဋကတ်သုံးပုံ ဘုရားအရာ၌ တည်ပုံ** ။ ။ **ဝိနည်းပိဋကတ်တော်သည်** "ဤ

http://www.dhammadownload.com



အမှုကိစ္စကို သင်တို့ပြုရမည်, ဤအမှုကိစ္စကို သင်တို့ မပြုရ"ဟု ပြုသင့် မပြုသင့်သော အမှုကိစ္စကို ခွဲခြားဝေဖန်သောအားဖြင့် အမြဲဆုံးမနေခြင်းကြောင့် ဘုရားအရာ၌ တည်ပါသည်။ * **သုတ္တန်ပိဋကတ်တော်**သည် ထိုထို သတ္တဝါတို့ သန္တာန်၌ရှိနေသော စရိုက်တရားအားလျော်စွာ မှန်ကန်သော အကျင့်တရားဖြင့် အမြဲဆုံးမနေခြင်းကြောင့် ဘုရားအရာ၌ တည်ပါသည်။ * **အဘိဓမ္မာပိဋကတ်တော်**သည် ခန္ဓာ-စသည်တို့ကို ဝေဖန်ပိုင်းခြားသော အားဖြင့် သိသင့် သိထိုက်သော သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိနိုင်အောင် ဆောင်ရွက်တော်မူသောကြောင့် ဘုရားအရာ၌ တည်ပါသည်။ (သီဋီသစ်၊၄၄/၄၅)

➢ ❶ ⓪ ။ **(ခ) ဝါကျ စုဏ္ဏ်-၌ ဓာတ်အရ--** အရှင်အာနန္ဒာ သန္တာန်၌ ဆိုသော အခြင်းအရာအားဖြင့်ဖြစ်သော ဉာဏ် ဝီရိယပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ (၁) အရှင်အာနန္ဒာ သန္တာန်၌ ဆိုသောအခြင်းအရာအားဖြင့်ဖြစ်သော ဉာဏ် ဝီရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယိဘာဝ, ဓမ္မသိင်္ဂါရဝ (ဝါ) ဥဿာဟဋ္ဌာယိဘာဝ, ဝီရိယ မည်၏။ (၂) ဧဝံ မေ သုတံ-စသော နိဒါန်းစကားတော်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ပထမ မဟာသင်္ဂါယနာတင်ရာ အခါသည်ရင်း, အရှင်မဟာကဿပ၏ မေးမြန်းခြင်းသည်ရင်း ဥဒ္ဒိပန ဝိဘာဝ မည်၏။ (၄) နောင်အခါ သောတုဇနတို့ နိဒါန်းကို ကျွမ်းကျင်လိမ္မာခြင်း အကျိုးသည် အနုဘာဝ မည်၏။

---

**ပါဠိ (၃)** [ဋ၊၃။]

**(က) ယာဝ စ ဓမ္မဝိနယော တိဋ္ဌတိ၊ တာဝ အနတီတသတ္ထုကမေဝ ပါဝစနံ ဟောတိ၊**

**(ခ) ဝုတ္တဉှေတံ ဘဂဝတာ "ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာ" တိ၊**

**(ဂ) ယန္နူနာဟံ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယေယျံ၊ ယထယိဒံ သာသနံ အဒ္ဓနိယံ အဿ စိရဋ္ဌိတိကံ**

**(ဃ) ယဉ္စာဟံ ဘဂဝတာ "ဓာရေဿသိ ပန မေ တွံ ကဿပ သာဏာနိ ပံသုကူလာနိ နိဗ္ဗသနာနိ" တိ ဝတွာ စီဝရေ သာဓာရဏပရိဘောဂေန၊** (ဋ၊၃။ဘာသာဋီ၊ပ၊ ၄၂)

* ပံသုကူလာနိ-မြေပုံအားနှယ် စက်ဆုပ်ဖွယ်သို့ ရောက်ကုန်သော သက်န်းတို့ကို။ (သဒ္ဒတ္ထ) သူသေကောင်ကို ရစ်ပတ်၍ စွန့်ပစ်အပ်ကုန်သော ပိုးလောက်တို့ကို ခါ၍ ယူ အပ်သော သင်္ကန်းတို့ကို။ (အဓိပ္ပါယတ္ထ)

➢ ❶ ။ (က) စ၊ဆက်ဦးအံ့။(တနည်း) စ၊ထိုသို့ပင် အတီတသတ္ထုကပါဝစနံ-ဟု မှတ်ထင်ကြပါကုန်သော်လည်း။ယာဝ၊အကြင်မျှလောက်သော ကာလပတ်လုံး။ဓမ္မဝိနယော၊ သုတ် အဘိဓမ္မာ ဝိနည်းသည်။လဇ္ဇီပုဂ္ဂလေသု၊လဇ္ဇီပုဂ္ဂိုလ်တို့၌။(အာဓာရ) တိဋ္ဌတိ၊တည် သေး၏။တာဝ၊ထိုဓမ္မဝိနယ တည်သေးသမျှ ကာလပတ်လုံး။ပါဝစနံ၊ပြဋ္ဌာန်းသော စကား တော်သည်။(ဝါ) မြတ်သော စကားတော်သည်။အနတီတသတ္ထုကမေဝ၊မလွန်သေးသော

http://www.dhammadownload.com



ဆရာရှိသည်သာ။ဟောတိ၊၏။

(စ) ဟိ၊မှန်၏။ (တနည်း) ဟိ၊သာကေကား။ယော ဝေါ (ပ)သတ္ထာတိ၊ယော ဝေါ(ပ) သတ္ထာဟူသော။ဇတံ သုတ္တံ၊ဤပါဠိကို။ဘဂဝတာ၊သည်။ဝုတ္တံ၊ဟောတော်မူအပ်ပြီ။[အာနန္ဒ၊ အာနန္ဒာ။မယာ၊ငါဘုရားသည်။ဝေါ၊သင်တို့အား။ယော ဓမ္မောစ၊အကြင် သုတ် အဘိဓမ္မာ ကိုရင်း။ယော ဝိနယောစ၊အကြင်ဝိနည်းကိုရင်း။ဒေသိတော၊ဟောလည်း ဟောတော်မူအပ် ပြီ။ပညတ္တော၊ပညတ်လည်း ပညတ်တော်မူအပ်ပြီ။သော ဓမ္မောစ၊ထိုသုတ် အဘိဓမ္မာ သည်ရင်း။သော ဝိနယောစ၊ထိုဝိနည်းသည်ရင်း။မမ၊ငါ၏။အစ္စယေန၊ပရိနိဗ္ဗာန် စံလွန်တော် မူရာအခါ၌။ (ဝါ) ပရိနိဗ္ဗာန် စံလွန်တော်မူခြင်းကြောင့်။ဝေါ၊သင်တို့၏။သတ္ထာ၊ဆရာသည်။ ဘဝိဿတိ၊ဖြစ်ရစ်လိမ့်မည်။

(ဂ) အဟံ၊ငါသည်။ယထာ၊အကြင်အခြင်းအရာအားဖြင့်။(ဓမ္မေစ၊သုတ် အဘိဓမ္မာ ကိုရင်း။ဝိနယေစ၊ဝိနည်းကိုရင်း။သင်္ဂါယိယမာနေ၊သင်္ဂါယနာတင်အပ်သော်။) ဣဒံ သာသနံ၊ ဤ သာသနာတော်သည်။အဒ္ဓနိယံ၊ရှည်သော ကာလသို့ရောက်နိုင်သည်။စိရဋ္ဌိတိကံ၊ ကြာမြင့်စွာသော ကာလပတ်လုံး တည်ခြင်းရှိသည်။အဿ၊ဖြစ်ရာ၏။တထာ၊ထိုအခြင်းအရာ အားဖြင့်။ဓမ္မဥ္စ၊သုတ် အဘိဓမ္မာကိုရင်း။ဝိနယဉ္စ၊ဝိနည်းကိုရင်း။ယန္နူန သင်္ဂါယေယျံ၊အကယ် ၍ သင်္ဂါယနာတင်ရပါမူကား ကောင်းလေစွ။[**ယထာ တထာ၊ ဥပမာ မဟုတ်နှင့်အညီ**]

(ဃ) စ၊သည်သာမကသေး။ယံ၊အကြင့်ကြောင့်။အဟံ၊ငါ့ကို။ဘဂဝတာ၊သည်။ကဿပ၊ ကဿပ။တွံ၊သင်သည်။မေ၊ငါ၏။သာဏာနိ၊ပိုက်ဆံလျှော်ချည်ဖြင့် ယက်အပ်ကုန်သော။ နိဗ္ဗသနာနိ၊ပြီးပြီးသော ဝတ်ရုံခြင်းကိစ္စရှိကုန်သော။ပံသုကူလာနိ၊ပံသုကူသင်္ကန်းတော်တို့ ကို။ဓာရေဿသိ ပန၊ဆောင်နိုင်အံ့လော။ဣတိ၊ဤသို့။ဝတွာ၊မိန့်တော်မူပြီး၍။စီဝရေသင်္ကန်း တော်၌။(အတ္တနာ၊ကိုယ်တော်နှင့်။)သာဓာရဏပရိဘောဂေန စေဝ၊တူသော ဆောင်ခြင်းရှိ သော သုံးဆောင်တော်မူခြင်းဖြင့်ရင်း။

➤ ❷ ။ (စ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် ဓမ္မ ဝိနယ တည်သမျှကာလ ပတ်လုံး မြတ်သော စကားတော်သည် မလွန်သေးသော ဆရာရှိသည်သာ ဖြစ်၏ဟု ဖွင့် ဆိုတော်မူ၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးဖြစ်၍ မြတ်သော စကားတော်သည်လည်း လွန် ပြီးသော ဆရာရှိသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျှက် မလွန်သေးသော ဆရာရှိသည် သာ ဖြစ်၏ဟု ဖွင့်ဆိုသော ဆရာ့စကား အဘယ်သို့လျှင် သင့်နိုင်ပါအံ့နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား-- မြတ်စွာဘုရား ဟောအပ်သော ယော ဝေါ အာနန္ဒ-စသော သာဓကပါဠိဖြင့် သင့်နိုင်၏ဟူလို။

**(ဃ) သို့/ အနုသာသေ့** ။ ။ ဤသို့ (ဂ) ဖြင့် အရှင်မဟာကဿပထေရ်၏ သင်္ဂါယနာ တင်ရန် အကြံဖြစ်တော်မူသည်ကို ပြဆိုတော်မူပြီး၍၊ ယခုအခါ၌ မြတ်စွာဘုရားသည်

http://www.dhammadownload.com



မိမိ အပေါ်၌ ပြုအပ်သော ချီးမြှောက်ပုံအထူးကို အမှတ်ရ၍ ကြံစည်ပုံ အခြင်းအရာကို လည်း ပြတော်မူလိုသော ဆရာသည် (ဃ) ဝါကျကိုမိန့်။

(ဃ) သို့/ **သာဓောဂမုန္တာ** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် သာသနာအရှည်ခံ၍ တည်တံ့နိုင်ရန် ဓမ္မ ဝိနယ သင်္ဂါယနာတင်၍ အကြံဖြစ်သည်ကို ဖွင့်ပြတော်မူ၏။ သင်္ဂါ ယနာ တင်ဖို့ရန်သာ အကြံဖြစ်ပါသလော။ အဘယ်သို့သော အကြံလည်း ဖြစ်ပါသေး သနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ယ) ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား-- ပံသုကူသကန်းကို ဆက်ဆံသော သုံးဆောင်ခြင်းဖြင့်လည်း ချီး မြှောက်အပ် ချီးမွမ်းအပ်သေးသည်ကိုလည်း အကြံဖြစ်ပါသေး၏ဟူလို။

➢ ❸ ။ [ က–ဝါကျကို့ရှု၍ ] (၁) နနု ပါဝစနံ အတီတသတ္ထုကမေဝ ဟောတိ။ (၂) အထ ကသ္မာ အနတီတ သတ္ထုကမေဝ ပါဝစနံ ဟောတိ။ (၃) နနု ယာဝ စ ဓမ္မဝိနယော တိဋ္ဌတိ။ (၄) တသ္မာ အနတီတ သတ္ထုကမေဝ ပါဝစနံ ဟောတိ။

➢ ❹ ။ သာသတိ အနုသာသတီတိ **သတ္ထာ**။ (၃) ဆုံးမခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ဆရာဖြစ်သည် ဝစနီယမည်၏။ (၆) အာစရိယော-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* ဓမ္မောစ သော ဝိနယောစာတိ **ဓမ္မဝိနယော**။ (၃) ဓမ္မ၏ ဝိနယနှင့် ဒေသိတ ပညတ္တကြိယာကို အကြောင်းပြု၍ အချင်းချင်းငဲ့ခြင်းဟုဆိုအပ်သော အညမညာပေက္ခ သမ္ဗန်သည် ဝစနဟေတု၊ (၅) သုတ်အဘိဓမ္မာ တရားများသည် ဝစနီယ၊ (၆) တေပိဋက သဒ္ဓမ္မံ သာသနံ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* ပဓာနံ ဝစနံ **ပါဝစနံ**။ (၃) မြတ်သောဂုဏ်၏ စကားနှင့် ဂုဏ်-ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု၊ (၅) မြတ်သော စကားဖြစ်သည် ဝစနီယ၊ (၆) သေဋ္ဌ ဝစန, ဥတ္တမဝစန-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* အဒ္ဓါနံ ဂစ္ဆံ့ အလင္တိ **အဒ္ဓနိယံ**။ (၃) ရှည်သော အခွန့်၏ ရောက်ခြင်းငှာ ထိုက် သော သာသနာတို့နှင့် ကာလ-ကာလဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု၊ (၅) ရှည်သော အခွန့်သို့ ရောက်ခြင်းငှာထိုက်သော သာသနာသည် ဝစနီယ၊ (၆) အဒ္ဓါန ဂါမိ, အဒ္ဓါနက္ခမ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* ပံသတိ သောဘာဝိသေသံ နာသေတီတိ **ပံသု**။ (၃) ဖျက်ဆီးခြင်း ကြိယာသကတ် သည် ဝစနဟေတု၊ (၅) မြေမှုန့်ဖြစ်သည် ဝစနီယ၊ (၆) ရဇော, ရေဏု-စသော ပရိယာယ် သဒ္ဒါသည် ဝစနီယတ္ထ မည်၏။ * စိရံ ဋ္ဌိတိ ယဿာတိ **စိရဋ္ဌိတိကံ**။ * သမာနံ ဓာရဏံ ယဿာတိ **သာဓာရဏော**။ * သဟ ဓာရိယတီတိ **သာဓာရဏော**။

➢ ❺ ။ **ဒေသိတော**-ကို ဒေသိတတ္တာ-ဟု ဟိတ်ပြင်လျှင် ဓမ္မဿစ ဝိနယဿစ- ဟု သမ္ဗန် ခံရမည်။ (၏+ကို စပ်) **သာဏာနိ**-ကို သာဏတ္တာ-ဟု ဟိတ်ပြင်လျှင်-

http://www.dhammadownload.com



ပံသုကူလာနံ-ဟု သမ္ဗန် ခံရမည်။ (တို့၏+တို့ကို စပ်) **အဒ္ဓနိယံ-ကို** အဒ္ဓနိယတ္တာ-ဟု ဟိတ်ပြင်လျှင် ဣမဿ သာသနဿ-ဟု သမ္ဗန် ခံရပါမည်။ (၏+သည် စပ်)

➤ ❶ ။ **သာသန-အရ** ။ ။ မုချအားဖြင့် ဗောဓိပက္ခိယတရား (၃၇) ပါးဟူသော သာသနာကို ယူရပါမည်။ ဥပစာအားဖြင့် သာသန-အရ ⁃ ပရိယတ် ပဋိပတ် ပဋိဝေဓတို့၏ အစွမ်းဖြင့် သုံးပါးအပြားရှိသည်လည်းဖြစ်သော သာသနာကို ယူရပါမည်။

➤ ❶ ❶ ။ **အလံ အာဝုဧသော မာဧသောစိတ္တ-၌ ဓာတ်အရ အနက္ခတ္တကို ရှု၍**

(၁) သုခ-ဓာတ်အရ ဒေါသမှုခွေး၌ရှိသော ဒေါမနဿ ဝေဒနာ ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်သည် သောကဋ္ဌာယီဘာဝ, ကရုဏာရသ၊ (၂) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခြင်း ဟူသော သတင်းစကားသံသည် အာရမ္မဏဝိဘာဝ၊ (၃) မိမိကိုယ်တိုင် ပုထုဇဉ် သောတာပန် ရဟန်းများဖြစ်ရခြင်းသည် ဥဒ္ဒီပနဝိဘာဝ၊ (၄) ကိုယ်ရော စိတ်ပါ ပင်ပန်းခြင်း, သုဘဒ္ဒ ရဟန်းကြီးက အလံ အာဝုသော စသည်ဖြင့် ပြောကြားခြင်း စသည်သည် အနုဘာဝ။

**⁕ ဓေသိတော ပညစ္စတ္တာ-၌ ဓာတ်အရ** ။ ။ (၁) ဘုရားရှင်၏ သန္တာန်၌ ဒေသနာ ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိင်္ဂါရ ရသ မည်၏။ (၂) သုတ် အဘိဓမ္မာ ဝိနည်းသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) သုတ် အဘိဓမ္မာ ဝိနည်းတို့၏ အပါယ်မကျအောင် ဆောင်ခြင်း, ကိလေသာငြိမ်းခြင်း-စသော ဂုဏ်တို့သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ဘုရား ပရိနိဗ္ဗာန် စံလွန်ရာ၌ ဓမ္မ, ဝိနယ ဆရာဖြစ်ခြင်း, သာသနာအရှည်ခံ့ တည်တန့်ခြင်း စသည်တို့သည် အနုဘာဝ။

---

## **ပါဠိ (၄)** [ဋ္ဌ၊၄။]

**(က) ဝေမာဒိနာ နယေန နဝါနုပုဗ္ဗဝိဟာရဆဠဘိညာပ္ပဘေဒေ ဥတ္တရိမနုဿဓမ္မေ အတ္တနာ သမသမဋ္ဌပနေနစ အနုဂ္ဂဟိတော၊**

**(ခ) တထာ အာကာသေ ပါဏိံ စာလေတွာ အလဂ္ဂစိတ္တတာယ စေဝ စန္ဒောပမပဋိပဒါယ စ ပသံသိတော၊ (ဂ) တဿ ကိမည် အာဏဏျံ ဘဝိဿတိ၊** (ဋ္ဌ၊၄။ ဘာသာဋီ၊ပ၊ ၄၄)

➤ ❶ ။ **(က)** ဝေမာဒိနာ၊ဤသို့ အစရှိသော။နယေန၊နည်းဖြင့်။နဝါနုပုဗ္ဗဝိဟာရ ဆဠဘိညာပ္ပဘေဒေ၊အစဉ်အတိုင်း ဝင်စား၍ နေကြောင်းဖြစ်သော (၉)ပါးသော သမာပတ် (၆) ပါးသော အဘိညာဉ် အပြားရှိသော၊ဥတ္တရိမနုဿဓမ္မေ၊ဥတ္တရိမနုဿဓမ္မ၌၊အတ္တနာ၊ကိုယ်တော်နှင့်။သမသမဋ္ဌပနေနစ၊ထပ်တူထပ်မျှထားတော်မူခြင်းဖြင့်ရင်း၊[ဘဂဝတာ၊သည်။ အဟံ၊ငါကဿပကို။] အနုဂ္ဂဟိတော၊ ချီးမြှောက်တော်မူအပ်ပြီ။

**(ခ)** တထာ၊ထိုမှတစ်ပါး။ (ဝါ) သည်သာမကသေး။အာကာသေ၊ကောင်းကင်၌။ ပါဏိံ၊လက်တော်ကို။စာလေတွာ၊လှုပ်စေတော်မူ၍၊အလဂ္ဂစိတ္တတာယစေဝ၊အမျိုး ၄-ပါး တို့၌ မငြိကပ်သော စိတ်ရှိသူ၏ အဖြစ်ဖြင့်ရင်း။စန္ဒောပမပဋိပဒါယစ၊လ-ဟူသော ဥပမာရှိ

http://www.dhammadownload.com



သော အကျင့်ဖြင့်ရင်း၊၊ပသံသိတော၊ချီးမွမ်းတော်မူအပ်ပြီ။

(ဂ) | တသ္မာ၊ထိုသို့ ချီးမြှောက်ခံရ, ချီးမွမ်းခံရခြင်းဟူသော အကြောင်းကြောင့်။| တဿ မေ၊ထိုငါ၏။အညံ၊သင်္ဂါယနာတင်ခြင်းကိစ္စမှ တစ်ပါးသော။ကိံ၊အဘယ်ကိစ္စသည်။ အာဏဏျံ၊ကြွေးမြီ မရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာသည်။(ဝါ) ကြွေးကင်းကြောင်း ကိစ္စသည် ဘဝိဿတိ၊ဖြစ်တော့လတံ့နည်း။ (ဘာသာဋီကာ၊ပ၊ ၄၄/၄၅)

➤ ❷။ (စ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် အနုပုဗ္ဗဝိဟာရ ကိုးပါး အဘိညာဉ် ခြောက်ပါးဟူသော ဥတ္တရိမနုဿဓမ္မ၌ ကိုယ်တော်နှင့်အတူ ထပ်တူညီမျှ ထားခြင်းဖြင့် ချီးမြှောက်အပ်၏ဟု ဖွင့်ဆိုတော်မူ၏။ ချီးမြှောက်ရုံသာ ချီးမြှောက်အပ်ပါသလော။ အဘယ်သို့လည်း ပြုမူပါသေးသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (က+ခ) တို့ဖြင့် အရှင်မဟာကဿပကို ချီးမြှောက်အပ် ချီးမွမ်းအပ်၏ဟု ဖွင့်ပြတော်မူ၏။ ထိုသို့ ချီးမြှောက်ခြင်း ချီးမွမ်းခြင်းဖြင့် အရှင်မဟာကဿပအား အဘယ်အကျိုး ရအပ်ပါသနည်း။ အကျိုးမရဟူ၍ မှတ်သားအပ်ပါသလော။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား -- သင်္ဂါယနာတင်ခြင်းကိစ္စ၌ အကြံဖြစ်ပုံ ရဟန်းတို့အား အားတက်သရော ဖြစ်စေပုံဟူသော အကျိုးများကို ရရှိ၏ဟူလို။

➤ ❹။ စန္ဒတိ ဟ်လာဒယတိ သုခယတိ ပဇ္ဇတိ **စန္ဒော**။

(၃) ချမ်းသာခြင်း ကြိယာသကတ်သည် ဝစနဟေတုမည်၏။ (၅) လဖြစ်သည် ဝစနီယ မည်၏။ (၆) ဥဠုရာဇ, မာ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* ပဏာတိ ဗြဝဟာရတိတိ **ပါဏီ**။ ပါတိ ရက္ခတီတိ **ပါဏီ**။

(၃) စောင့်ရှောက်ခြင်း ကြိယာသကတ်သည် ဝစနဟေတု၊ (၅) လက်ဖြစ်သည် ဝစနီယ၊ (၆) ဟတ္ထ, ကရ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* နတ္ထိ ဣဏံ ယဿာတိ **အဏဏော**၊ အဏဏဿ ဘာဝေါ **အာဏဏျံ**။

➤ ❺။ **အနုဂ္ဂဟိတဗ္ဗာ**-ဟိတ်၏ သမ္ဗန်ကား မမ ဖြစ်ပါသည်။ (၏+ကို စပ်) **အလဂ္ဂစိတ္တတာယ**-ဟိတ်၏ ဘာဝသမ္ဗန်ကား-အလဂ္ဂစိတ္တဿ ဖြစ်ပါသည်။

တာ-သမ္ဗန်ကား အာယသ္မတော ကဿပဿေရဿ ဖြစ်ပါသည်။ (၏+သည်စပ်)

➤ ❻။ **လနှင့်တူစွာကျင့်ပုံ** ။ ။ လသည် ကောင်းကင်၌ သွားနေစဉ် မည်သူနှင့်မျှ ပေါင်းသင်းခြင်း ချစ်ခြင်း တွယ်တာခြင်း နှစ်သက်ခြင်း တောင့်တခြင်း ရာဂ ထကြွခြင်းကို မပြု၊ ထိုသို့ မပြုသော်လည်း လူအများက လကို နှစ်သက် မြတ်နိုးကြကုန်သကဲ့သို့ ထို့အတူ မဟာကဿပထေရ်သည်လည်း အမျိုးလေးပါးတို့ အိမ်များသို့ ချဉ်းကပ်ရာ၌ ချစ်ခြင်းစသည်ကို မပြု၊ ထိုသို့ မပြုသော်လည်း အမျိုးလေးပါးတို့က မထေရ်မြတ်ကို ချစ်မြတ်နိုးကြကုန်၏။

http://www.dhammadownload.com



➤ ၁ ၀ ။ **အနုဂ္ဂဟိတော-၌ စာတ်အရ** ။ ။ ချီးမြှောက်တော်မူသော ဘုရားရှင်သန္တာန်၌ ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိဂါရဝ ရသ မည်၏။ အရှင်မဟာကဿပထေရ်သည် အာရမ္မဏဝိဘာဝ မည်၏။ နဝါနုပုဗ္ဗဝိဟာရ ဆဠဘိညာ-စသော ဥတ္တရိမနုဿဓမ္မ၌ အရှင်မဟာကဿပမထေရ် ဝင်စားနိုင်သူ၏အဖြစ်သည် ဥဒ္ဒိပနဝိဘာဝ မည်၏။ အရှင်မဟာကဿပ မထေရ်အား သင်္ဂါယနာတင်ခြင်း၌ အကြံဖြစ်ခြင်း ရဟန်းများအား အားတက်သရော အကျိုးကို ဖြစ်စေခြင်း သဘောတရားသည် အနုဘာဝ မည်၏။

(ခ) **ဝါကျ ပသံသိတော၌ သံသဓာတ်အရ** ။ ။ (၁) ဘုရားရှင်၏သန္တာန်၌ ထောမနာ ပုဗ္ဗင်္ဂမ ပီတိသောမနဿပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိဂါရရသ မည်၏။ (၂) အရှင်မဟာကဿပထေရ်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) အရှင်မဟာကဿပမထေရ်၏ အမျိုးလေးပါးတို့၌ မငြိကပ် မတွယ်တာသော စိတ်ရှိခြင်းသည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) စန္ဒောပမ ပဋိပဒါဖြင့် ချီးမွမ်းခံရခြင်း, ယင်းသို့ ချီးမွမ်းခံရသဖြင့် ပဌမသင်္ဂါယနာတင်ခြင်းဖြင့် ကြွေးဆပ်ခြင်းစသည်သည် အနုဘာဝ မည်၏။

**ပါဌ် (၅)** [ဋ္ဌ၊၅။]

**(က) ကိဿ ပန ထေရော ဓေကနုနမကာသီတိ၊**

**(ခ) အာယသ္မတော အာနန္ဒတ္ထေရဿ ဩကာသကရဏတ္ထံ၊**

**(ဂ) တေနဟာယသ္မတာ သဟာပိ ဝိနာပိ န သက္ကာ ဓမ္မသင်္ဂီတိ ကာတုံ၊**

**(ဃ) သော ဟာယသ္မာ သေက္ခော သကရဏီယော၊ တသ္မာ သဟာပိ န သက္ကာ၊**

**(င) ယသ္မာ ပနဿ ကိဉ္စိ ဒသဗလဒေသိတံ သုတ္တဂေယျာဒိကံ အပ္ပစ္စက္ခံ နာမ နတ္ထိ၊**

**(စ) ယထာဟ- ""ဒွါသီတိ ဗုဒ္ဓတော ဂဏှိံ၊ ဒွေ သဟဿာနိ ဘိက္ခုတော၊**

**စတုရာသီတိသဟဿာနိ၊ ယေ မေ ဓမ္မာ ပဝတ္တိနော""တိ၊**

**တသ္မာ ဝိနာပိ န သက္ကာ၊** (ဋ္ဌ၊၅၊ဘာသာဋီ၊ပ၊၅၀)

➤ ၁ ။ (က) ပန၊ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ပြဦးအံ့။ကိဿ၊အဘယ့်ကြောင့်။ထေရော၊အရှင်မဟာကဿပထေရ်သည်။(ပဉ္စ အရဟန္တသတာနိ၊ငါးရာသော ရဟန္တာတို့ကို။) ဓေကနူနံ၊တစ်ပါးဖြင့် ယုတ်လျော့အောင်။အကာသိ၊ပြုရသနည်း။ဣတိ၊ ဤကား အမေးတည်း။

(ခ) အာယသ္မတော အာနန္ဒတ္ထေရဿ၊အရှင်အာနန္ဒထေရ်၏။ဩကာသကရဏတ္ထံ၊ အခွင့်ပြုခြင်း အကျိုးငှာ။ / ဩကာသကရဏတ္ထံ၊အခွင့်ပြုလိုခြင်းဟူသော အကြောင်းကြောင့်။(ထေရော၊အရှင်မဟာကဿပထေရ်သည်။။ပဉ္စ အရဟန္တသတာနိ၊တို့ကို။ဓေကနူနံ အောင်။အကာသိ၊ပြုပြီ။ဣတိ၊ဤကား အဖြေတည်း။)

http://www.dhammadownload.com



(ဂ) ဟိ၊ချဲ့။တေန အာယသ္မတာ၊ထိုအရှင် အာနန္ဒာနှင့်။သဟာပိ၊တကွရှင်း။ဝိနာပိ၊ ကင်း၍ရှင်း။ဓမ္မသင်္ဂီတိ၊သုတ် အဘိဓမ္မာကို သင်္ဂါယနာတင်ခြင်းသည်။(ဝါ) ကို။ကာတုံ၊ ပြုခြင်းငှာ။န သက္ကာ၊မတတ်ကောင်း။

(ဂ) **ဝါကျ၁မရိုဝတ္တနု/ဝါကျ၁ပြန်အလှန်** ။ ။ ကသ္မာ၊အဘယ့်ကြောင့်။ထေရော၊ သည်။ အာယသ္မတော အာနန္ဒတ္ထေရဿ၊အရှင်အာနန္ဒာ မထေရ်အား။ဩကာသံ၊အခွင့်ကို။ အကာသိ၊ပြုသနည်း။ ဟိ-ယသ္မာ၊အကြင့်ကြောင့်။တေန အာယသ္မတာ၊ထိုအရှင် အာနန္ဒာ မထေရ်နှင့်။သဟာပိ၊တကွရှင်း။ဝိနာပိ၊ကင်း၍ရှင်း။ဓမ္မသင်္ဂီတိ၊သည်။(ဝါ)ကို။ကာတုံ၊ငှာ။ န သက္ကာ၊မတတ်ကောင်း။တသ္မာ၊ထို့ကြောင့်။ထေရော၊သည်။အာယသ္မတော အာနန္ဒ တ္ထေရဿ၊အား။ဩကာသံ၊ကို။အကာသိ၊ပြီ။

(ဃ) ဟိ၊မှန်၏။/ဟိ၊ချဲ့ဦးအံ့။/ဟိ-ယသ္မာ၊အကြင့်ကြောင့်။သော အာယသ္မာ၊ထိုအရှင် အာနန္ဒာသည်။သေက္ခော၊သေက္ခသည်။(ဟုတ္တာ၊ဖြစ်၍။)သကရဏီယော၊အထက်မဂ်အလို့ ငှာ ပြုဖွယ်ကိစ္စနှင့် တကွဖြစ်၏။တသ္မာ၊ထိုသို့ သေက္ခ သကရဏီယ၏ အဖြစ်ကြောင့်။ (တေန အာယသ္မတာ၊ထိုအရှင်အာနန္ဒာနှင့်။) သဟာပိ၊တကွလည်း။ဓမ္မသင်္ဂီတိ၊သည်။(ဝါ) ကို။ကာတုံ၊ငှာ။) န သက္ကာ၊မတတ်ကောင်း။

(င) ပန၊အဖို့တစ်ပါးကား။/ပန၊သဟာပိ န သက္ကာ-၏ အကြောင်းပြမှုတစ်ပါး ဝိနာပိ န သက္ကာ-၏ အကြောင်းပြကို ဆိုဦးအံ့။ယသ္မာ၊အကြင့်ကြောင့်။အဿ၊ထိုအရှင်အာနန္ဒာ ၏။ကိဉ္စိ၊တစ်စုံတစ်ခုသော။ဒသ ဗလဒေသိတံ၊မြတ်စွာဘုရားသည် ဟောတော်မူအပ်သော။ သုတ္တဂေယျာဒိကံ၊သုတ္တဂေယျ အစရှိသော။**အပ္ပစ္စက္ခံ နာမ**၊မျက်မှောက် မဟုတ်သော တရားမည်သည်။[ဝေါဟာရတ္ထ] နတ္ထိ၊မရှိ။

* **အပ္ပစ္စက္ခံ နာမ**၊စက္ခုဋ္ဌေတို့၏ ရှေ့မဟုတ်သော တရားမည်သည်။(သဒ္ဒတ္ထ) မျက် ကွယ်၌ သင်ယူအပ်သော တရားမည်သည်။ (အဓိပ္ပါယတ္ထ)

(စ) ယထာ-ယေန ကာရဏေန၊အကြင်အင်ကြောင်းကြောင့်။အပ္ပစ္စက္ခံ နာမမျက် မှောက် မဟုတ်သော တရားမည်သည်။နတ္ထိ၊မရှိ၊တေန ကာရဏေန၊ထိုအကြောင်းကြောင့်။ ဒွါသီတိ (ပ)ပဝတ္တိနောတိ ဣဒံဝစနံ-ပဝတ္တိနော-ဟူသော ဤစကားကို။အာနန္ဒော၊ယေဝ၊ အာနန္ဒာသည်ပင်လျှင်။အာဟ၊ဆို၏။ (တနည်း) မယာ၊ငါသည်။ဝုတ္တာဿ၊ဆိုအပ်ပြီးသော။ အတ္ထဿ၊အနက်ကို။ သာဓကံ၊ပြီးစေတတ်သော။ ယထာ ကိံ ဝစနံ၊ အဘယ်စကားကို။ ကော၊အဘယ်သူသည်။အာဟ၊ဆိုသနည်း။ မယာ၊သည်။ဝုတ္တာဿ၊သော။အတ္ထဿ၊ကို။ သာဓကံ၊သော။ဒွါသီတိ (ပ) ပဝတ္တိနောတိ၊-ပဝတ္တိနောဟူသော။ဣဒံ ဝစနံ၊ဤစကားကို။ အာယသ္မာ အာနန္ဒော၊အရှင်အာနန္ဒာသည်။အာဟ၊ဆိုပြီ။

ဗြာဟ္မဏာ၊ပုဏ္ဏား။အဟံ၊ငါသည်။ဒွါသီတိ သဟဿာနိ၊ရှစ်သောင်းနှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကို။ဗုဒ္ဓတော၊ဘုရားအထံတော်မှ။ဂဏှိံ၊သင်ယူခဲ့ပြီ။ဒွေသဟဿာနိ၊နှစ်ထောင်

http://www.dhammadownload.com



သော ဓမ္မက္ခန္ဓာတို့ကို။ဘိက္ခုတော၊အရှင်သာရိပုတ္တရာ-စသော ရဟန်းတော်တို့ အထံမှ။ ဂဏှိ၊သင်ယူခဲ့ပြီ။ယေ ဓမ္မာ၊အကြင် ဓမ္မက္ခန္ဓာ တရားတို့သည်။မေ၊ငါ၏။(ဇိဝှါဂ္ဂေ၊လျှာဖျား၌။) ပဝတ္တိနော၊နှုတ်တက်ရွရွ ဖြစ်လာကြကုန်၏။ (တနည်း) (ဟဒယေ၊စိတ်နှလုံး၌။) ပဝတ္တိနော၊အမြဲမပြတ် ဖြစ်နေကြကုန်၏။(တေ ဓမ္မာ၊ထိုဓမ္မက္ခန္ဓာ တရားတို့သည်။) စဘု ရာသီတိ သဟဿာနိ၊ရှစ်သောင်းလေးထောင်တို့တည်း။

တသ္မာ၊ထိုသို့ မျက်မှောက်မဟုတ်သော တစ်စုံတစ်ခုသော တရား၏ မရှိခြင်းကြောင့်။ (တေန အာယသ္မတာ၊ထိုအရှင်အာနန္ဒာနှင့်။) ဝိနာပိ၊ကင်း၍လည်း။(ဓမ္မသင်္ဂီတိ၊သည်။ (ဟ) ကို။ကာတုံ၊ငှာ။) န သက္ကာ၊မတတ်ကောင်း။

➤ ❷ ။ (ခ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (က) ဖြင့် အဘယ့်ကြောင့် အရှင်မဟာ ကဿပ မထေရ်သည် တစ်ယောက်ဖြင့် ယုတ်သည်ကို ပြုသနည်းဟု အမေးပုစ္ဆာကို ပြ တော်မူပြီး၍ ယခုအခါ၌ ယင်းအမေးပုစ္ဆာ၏ အဖြေ ဝိသဇ္ဇနာကို ပြခြင်းငှာ (ခ) မိန့်။

(ဂ) သို့/ သာစဘောဇပုစ္ဆာ ။ ။ အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် (ခ) ဖြင့် အရှင်အာနန္ဒာအား အခွင့်ကိုပြုခြင်းငှာ အရှင်မဟာကဿပသည် တယောက်ဖြင့် ယုတ် လျော့သည်ကို ပြုသောဟု ဆို၏။ ထိုအရှင်အာနန္ဒာနှင့် တကွဖြစ်စေ ကင်း၍ဖြစ်စေ သင်္ဂါယနာတင်ကောင်းသည် မဟုတ်ပါလော။ အဘယ့်ကြောင့် အရှင်အာနန္ဒာအား အခွင့် ကိုပြုပါသနည်း။ [ယင်းသို့ အခွင့်ကို ပြုခြင်း၌ အကြောင်းကို မပြဆိုခဲ့သော် ကာရဏ- ဖလ ဆန့်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။] ဤသို့ မေးဘွယ်ရှိ၍ ထိုအမေးကို ဖြေကြားလိုသော ဆရာသည် (ဂ) ဝါကျကိုမိန့်။

အဓိပ္ပါယ်ကား - (ဂ) ဖြင့် အရှင်အာနန္ဒာမထေရ်နှင့်တကွဒင်း၊ ကင်း၍ဒင်း သင်္ဂါယနာ တင်ခြင်းငှာ မတတ်ကောင်းသောကြောင့် အရှင်အာနန္ဒာမထေရ်အား အခွင့်ကို ပြု ပါ၏ဟူလို။

(ဂ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (ခ) ဖြင့် အရှင်အာနန္ဒာအား အခွင့်ပြုခြင်းကို ပြ ပြီး၍ ယခုအခါ၌ ဆိုအပ်ပြီးသော အနက်ကိုပင်လျှင် ယုတ္တိအားဖြင့် မြဲမြံစွာ ပြခြင်းငှာ အလိုရှိသော ဆရာသည် (ဂ) မိန့်။

(ဃ) သို့/ ဆရာ၊ ဆရာသည် (ဂ) ဖြင့် အရှင်အာနန္ဒာနှင့် အတူတကွ သုတ် အဘိ ဓမ္မာ ဝိနည်းကို သင်္ဂါယနာတင်၍ မဖြစ်နိုင်ဟု ဆိုတော်မူ၏။ အရှင်အာနန္ဒာ တစ်ပါးတည်း သာ ပိဋကတ်သုံးပုံ အလုံးစုံကို ဘုရားရှင်မျက်မှောက်၌ သင်ယူခဲ့ပါသည် မဟုတ်တုံလော။ (တနည်း) အရှင်အာနန္ဒာအား မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ္တဂေယျ စသည်ကို မျက်မှောက် မပြုအပ်သည်မည်သည် မရှိသည် မဟုတ်ပါလော။ (တနည်း) ထိုသို့ အရှင်အာနန္ဒာနှင့် အတူတကွ သင်္ဂါယနာတင်၍ မဖြစ်နိုင်ခြင်း၌ ခိုင်လုံသော အကြောင်းကို မပြဆိုတော့ပြီလော။ အကြောင်းကား အဘယ်ပါနည်း။ စုဒ်- (ဃ) မိန့်။

http://www.dhammadownload.com



**(ယ) သို့/ စောဒနာဇာတ်** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ရှင်အာနန္ဒာမထေရ်နှင့် တကွရင်း, ကင်း၍ရင်း ဓမ္မသင်္ဂါယနာကို ပြုခြင်းငှာ မတတ်ကောင်းဟု ဆိုတော်မူ၏။

အဘယ့်ကြောင့် ရှင်အာနန္ဒာမထေရ်နှင့် တကွ ဓမ္မသင်္ဂါယနာကို ပြုခြင်းငှာ မတတ်ကောင်းပါသနည်း။ ရှင်အာနန္ဒာနှင့်တကွ ဓမ္မသင်္ဂါယနာကို ပြုခြင်းငှာ မတတ်ကောင်းခြင်း၏ အကြောင်းကို မပြုပြီလော။ အကယ်၍ မတတ်ကောင်းဟူသော အကျိုးကိုသာပြ၍ မတတ်ကောင်းခြင်း၏ အကြောင်းကို မပြဆိုချေသော် ဆရာ့အား ဖလ-ကာရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ ရောက်ခဲ့ရာ၏ဟု သူစောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောနောတော်မူလိုသော ဆရာသည် (ယ) ဝါကျကိုမိန့်၏။

အဓိပ္ပါယ်ကား၊ ထိုအရှင်အာနန္ဒာမထေရ်၏ ကျင့်ဆဲသေက္ခသာ ဖြစ်၍ အထက်မဂ်သုံးပါးအလို့ငှာပြုဖွယ်ကိစ္စရှိသေးသည်၏အဖြစ်ကြောင့် ရှင်အာနန္ဒာမထေရ်နှင့် တကွလည်း ဓမ္မသင်္ဂါယနာကို ပြုခြင်းငှာ မတတ်ကောင်းဟု အကြောင်းကို ငါပြဆိုသည်ဖြစ်ရကား သင်တင်တိုင်းသော ဖလ-ကာရဏဆန့်သော ဝိရောဓိဒေါသ ငါ့အား မရောက် ဆိုသင့်ဆိုတန်၏ဟူလိုသော်။

**(ယ) သို့/ အဘိယာစကဇာတ်** ။ ။ (ဌပနာတူ) ယင်းသို့သာ ဆိုချေသော် အရှင်အာနန္ဒာနှင့် အတူတကွ သုတ်အဘိဓမ္မာဝိနည်းကို သင်္ဂါယနာတင်၍ မဖြစ်နိုင်ခြင်း၌ ခိုင်လုံသော အကြောင်းကို မသိအပ် မသိနိုင်ပါ။ ယင်းကို ပြတော်မူပါဦးလော။

(င) သို့/ ဆရာ၊ ဆရာသည် (ဂ) ဖြင့် အရှင်အာနန္ဒာနှင့် ကင်းကွာ၍လည်း သုတ်အဘိဓမ္မာ ဝိနည်းကို သင်္ဂါယနာတင်၍ မဖြစ်နိုင်ဟု ဆိုတော်မူ၏။ အရှင်အာနန္ဒာသည် သေက္ခ သကရဏီယသာ ဖြစ်သည် မဟုတ်ပါလော။/အရှင်အာနန္ဒာ မပါဘဲ သင်္ဂါယနာတင်၍ မဖြစ်နိုင်ဟု ဆိုခြင်း၌ ခိုင်လုံသော အကြောင်းကို ဆရာ မပြဆိုတော့ပြီလော။ အကြောင်းကား အဘယ်ပါနည်း။ စုဒ်-ကြောင့် (င) မိန့်၏။

**(င+စ) သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ယ) ဖြင့် အရှင်အာနန္ဒာနှင့် အတူတကွ သင်္ဂါယနာတင်ခြင်းငှာ မတတ်ကောင်းပုံ သဟာပိ န သက္ကာ၏ အကြောင်းကို ပြပြီး၍ ယခုအခါ၌ အရှင်အာနန္ဒာနှင့်ကင်း၍ သင်္ဂါယနာတင်ခြင်းငှာ မတတ်ကောင်းပုံ ဝိနာပိ န သက္ကာ၏ အကြောင်းကို ပြလိုရကား (င+စ) ကိုမိန့်၏။

➤ ❷ ။ [က+ခ–ရှုဉ်] (၁) နနု သကလနဝင်္ဂသတ္ထုသာသနပရိယတ္တိဓရော ဒိဏာသဝါ အနေကသတာ, အနေကသဟဿာစ ဟောန္တိ။ (၂) အထ ကသ္မာ ထေရော ဧကေနူနမကာသိ။ (၃) နနု အာယသ္မတော အာနန္ဒတ္ထေရဿ ဩကာသကရဏတ္ထံ ဟောတိ။ (၄) တသ္မာ ထေရော ဧကေနူန မကာသိ။

[ ယ–ဝါကျ ] (၁) နနု အယံ ကိဉ္စိ ဒသဗလဒေသိတံ သုတ္တဂေယျာဒိကံ အပစ္စက္ခံ နာမ နတ္ထိ။ (၂) အထ ကသ္မာ သဟာပိ န သက္ကာတိ ဝုတ္တံ။ (၃) နနု သော အာယသ္မာ

http://www.dhammadownload.com



သေက္ခော သကရဏီယော ဟောတိ။ (၄) တသ္မာ သဟာပိ န သက္ကာတိ ဝုတ္တံ။

[၈- ဝါကျ၅] (၁) နနု သော အာယသ္မာ သေက္ခော သကရဏီယော ဟောတ်။ (၂) အထ ကသ္မာ ဝိနာပိ န သက္ကာတိ ဝုတ္တံ။ (၃) နနု အသ ကိဉ္စိ ဒသဗလဒေသိတံ သုတ္တဂေယျာဒိကံ အပစ္စက္ခံ နာမ နတ္ထိ။ (၄) တသ္မာ ဝိနာပိ န သက္ကာတိ ဝုတ္တံ။

➤ ❻။ ကတ္တဗ္ဗန္တိ ကရဏီယံ။ သဟ ကရဏီယေန ယော ဝတ္တတီတိ **သကရဏီယော**။ (၁) သကရဏီယော-ဟူသော ပုဒ်ပြီး နိပ္ဖန္နသည် ဝစန မည်၏။

(၂) သဟ ကရဏီယေန ယော ဝတ္တတိ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထမည်၏။ (၃) အထက်မဂ်သုံးခုအလို့ငှာ ပြုဖွယ်ကိစ္စနှင့်တကွဖြစ်ခြင်း သဟဝတ္တန ဘောဂုဏ်၏ အရှင်အာနန္ဒာဒြဗ်နှင့် ဂုဏ်-ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၄) ဣတိ-သဒ္ဒါသည် ဝစနဟေတုဇောတက မည်၏။ (၅) အရှင်အာနန္ဒာဒြဗ်သည် ဝစနီယ မည်၏။ (၆) သေက္ခော, သောတာပန္နော, အာနန္ဒော-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ထိရတိ သီလာဒိဂုဏေဟီတိ **ထေရော**။ [ကိတ်] (၃) သီလက္ခန္ဓ-အစရှိသော ဂုဏ်တို့ဖြင့် မြဲမြံခိုင်ခံ့ တည်တံ့တော်မူခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အရှင် မဟာကဿပ မထေရ်ဒြဗ်သည် ဝစနီယ မည်၏။ (၆) မဟလ္လကော, ဝုဍ္ဎော, ဇိဏ္ဏော, ဇိဏ္ဏကော- စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဌာတိ ပဝတ္တတီ **ထေရော**။ [ကိတ်] (၃) သီလက္ခန္ဓ အစရှိသော ဂုဏ်တို့ဖြင့် ဖြစ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (ကြွင်းတူ)

ထိရာ သီလက္ခန္ဓာဒိဂုဏာ အဿ အတ္ထီတိ **ထေရော**။ [တဒ္ဓိတ်] (၃) မြဲမြံခိုင်ခံ့ကုန်သော သီလက္ခန္ဓ အစရှိကုန်သော ဂုဏ်တော်တို့၏ ရှင်မဟာကဿပမထေရ်နှင့် ဂုဏ်-ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ ( ကြွင်းနည်းတူ)

* သိက္ခတီတိ **သေက္ခော**။ [ကိတ်] (၃) ကျင့်ခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (၅) ရှင်အာနန္ဒာဒြဗ်သည် ဝစနီယ မည်၏။ (၆) သောတာပန္နော, သကရဏီယော စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* သိက္ခနံ ဝါ သိက္ခာ၊ သာ ယေဝ တဿ သီလန္တိ **သေက္ခော**။

* သိက္ခာသု ဇာတော တတ္ထ ဝါ ဘဝေါတိ **သေက္ခော**။ (တဒ္ဓိတ်)

(၃) အဓိသီလ, အဓိစိတ္တ, အဓိပညာ-ဟုဆိုအပ်သော သိက္ခာသုံးပါး၏ အရှင်အာနန္ဒာဒြဗ်နှင့် ဂုဏ်-ဂုဏီ၊ အာရုံ-အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅+၆) တူ၏။

* က္လက္ခတီ ဓာတော်ယာတိ **က္လက္ခာ**။ သဟ က္လက္ခာယ ယော ဝတ္တတီတိ **သေက္ခော**။ (သမာသ်) (၃) မဂ္ဂဖလသမ္မာဒိဋ္ဌိနှင့် တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်၏ အရှင်

http://www.dhammadownload.com



အာနန္ဒာဒြဗ်နှင့် ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

* အယန္တိ ပဝတ္တန္တိ သတ္တာ ဧတေနာတိ **အာယု**။ အာယု အဿ အတ္ထီတိ **အာယသ္မာ**

(၃) အသက်၏ အရှင်အာနန္ဒာ(ပုဂ္ဂိုလ်) နှင့် နိဿိတ နိဿယ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု မည်၏။ (၄) အသက်ရှည်သော အရှင်အာနန္ဒာဒြဗ်သည် ဝစနီယ မည်၏။ ဘဒ္ဒန္တ, ဒီဃာယုက-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ဂါယတေတိ **ဂေယျံ**။ (၃) ရွတ်ဆိုခြင်း အသံပြုခြင်း ကြိယာသကတ်သည် ဝစန ဟေတု မည်၏။ (၅) ရွတ်ဆိုအပ်သော ဂါထာနှင့်တကွသော စုဏ္ဏိယသည် ဝစနီယ မည်၏။ (၆) သသိလောကံ, သဂါထာကံ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ။

➤ ❺ ။ (ယ) ဝါကျ၌ **တသ္မာ**-နောက်ဝယ် ဖြစ်သင့်သော ဟိတ်ပုဒ်တို့ကား- သေက္ခတ္တာ၊ သကရဏီယတ္တာ-တို့ ဖြစ်ပါသည်။ * ယင်းဟိတ်ပုဒ်တို့၏ သမ္ဗန်ကား - တဿ အာယသ္မတော (အာနန္ဒတ္ထေရဿ) ဖြစ်ပါသည်။ (၏+သည် စပ်)

(ယ) ဝါကျ၌ **သေက္ခော**-ကို သေက္ခတ္တာ/ **သကရဏီယော**-ကို သကရဏီယတ္တာ ဟု ဟိတ်ပြင်လျှင်- ယင်း ဟိတ်ပုဒ်တို့၏ သမ္ဗန်ကား - တဿ အာယသ္မတော (အာနန္ဒတ္ထေရဿ) ဖြစ်ပါသည်။ (၏+သည် စပ်)

(င) ဝါကျ၌ **ဒသဗလဒေသိတံ**-ကို ဒသဗလဒေသိတတ္တာ-ဟု ဟိတ်ပြင်လျှင်-ယင်း ဟိတ်၏ သမ္ဗန်ကား- သုတ္တဂေယျာဒိကဿ ဖြစ်ပါသည်။ (၏+ကို စပ်)

*[ဝိသေသန ဟိတ်ပြင်ကာ၊ ဝိသေသျခံ]*

(စ) ဝါကျ၌ **တသ္မာ**-ကို အစွဲနှင့်တကွ တသ္မာ နတ္ထိတာယ-ဟု ဟိတ်ပြင်လျှင် - ယင်းဟိတ်၏ သမ္ဗန်ကို အဿ အာယသ္မတော (အာနန္ဒတ္ထေရဿ) ဟု သမ္ဗန်ခံပါ။

➤ ❻ ။ **အရှင်အာနန္ဒာကို သေက္ခ–ဟု ဆိုရခြင်းအကြောင်း** ။ ။ မပြီးဆုံးသေးသော သိက္ခာရှိသောကြောင့်ရင်း၊ ထိုသိက္ခာ၌ စွဲမြဲစွာ သက်ဝင်အပ်သောကြောင့်ရင်း၊ သေက္ခ-ဟု ဆိုရပါသည်။

* **အပ္ပစ္စက္ခံ နာမ နတ္ထိ–ဟု ဆိုရခြင်းအကြောင်း** ။ ။ မြတ်စွာဘုရား အထံတော်မှ တိုက်ရိုက်နာခံရသည်ဖြစ်စေ, အရှင်သာရိပုတ္တရာ-စသော ရဟန်းတော်တို့ထံမှ နာခံရ သည်ဖြစ်စေ အားလုံးကို နှုတ်တက်ရပြီး ဖြစ်နေသောကြောင့်-- တည်း။

* **ပါရာဇိကကဏ် အဋ္ဌကထာ၌ အသမ္မုခါ ပဋိဂ္ဂဟိတံ နာမ နတ္ထိ–ဟု ဆိုရခြင်းကြောင်း**

သာဝကဘာသိတ တရားပင်ဖြစ်စေ, ဘုရားအထံတော်မှ နည်းရ၍ ဟောအပ်သော ကြောင့် ဗုဒ္ဓအမည် ရသကဲ့သို့ ထိုအတူ ရဟန်းတော် အထံမှ နာခံရသော်လည်း ဘုရား အထံတော်မှ နာခံရသည်ဟုပင် ဆိုနိုင်သောကြောင့်--တည်း။

* **အပ္ပစ္စက္ခံ နာမ နတ္ထိ–ဟူသော စကားနှင့် ဒွေ သဟဿာနိ ဘိက္ခုတော–ဟူသော နောက် စကားရပ်တို့ မဆန့်ကျင်ပုံ** ။ ။ ဒွေ သဟဿာနိ ဘိက္ခုတော-ရှင်သာရိပုတ္တရာထံ

http://www.dhammadownload.com



မှ ဓမ္မက္ခန္ဓာနှစ်ထောင် သင်ယူသည်ဟု ဆိုသော်လည်း မြတ်စွာဘုရား၏ အထံတော်၌ သင်ယူသည်ပင် မည်ကောင်းသောကြောင့်-- မဆန့်ကျင်ပါ။

➢ ၁ ၀ ။ **သကရဏီစယာ–၌ ကရဓာတ်အရ ရှု၍** ။ ။ (၁) ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရ ရသ မည်၏။ (၂) အထက်မဂ် သုံးခုဟူသော ကိစ္စသည် အာရမ္ဘဏဝိဘာဝ မည်၏။ (၃) သောတာပတ္တိမဂ်ဖိုလ်သည် ဥဒ္ဒိပန ဝိဘာဝ မည်၏။ (၄) အထက်မဂ်သုံးခုကို ရရှိပြီး သင်္ဂါယနာတင်ပွဲ ရဲဝံ့စွာ ဆင်နွှဲနိုင်ခြင်း စသည်သည် အနုဘာဝ မည်၏။

**အပ္ပစ္စက္ခံ နာမ နစ္ဆိ–ကို ရှု၍** ။ ။ (၁) ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရ ရသ မည်၏။ (၂) မြတ်စွာဘုရား ဟောအပ်သော သုတ္တဂေယျ စသည်သည် အာရမ္ဘဏဝိဘာဝ မည်၏။ (၃) မြတ်စွာဘုရားက တစ်ဖန် အရှင်အာနန္ဒာအား ဟောပြရခြင်းသည်ရင်း, ပါရမီဉာဏ်တို့သည်ရင်း ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) အရှင်အာနန္ဒာနှင့် ကင်း၍ သင်္ဂါယနာတင်ပွဲ မဖြစ်နိုင်ခြင်း, သင်္ဂါယနာတင်ပွဲ၌ ကျေးဇူးများခြင်းသည် အနုဘာဝ မည်၏။

---

**ပါဠိ (၆)** [၄၅၅]

**(က) ယဒိ ဧဝံ သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အာယသ္မာ (ခ-၁) အထ ကသ္မာ န ဥစ္စိနိတောတိ? (ခ-၂) ပရူပဝါဒဝိဝဇ္ဇနတော။**

**(ဂ) ထေရော ဟိ အာယသ္မန္တေ အာနန္ဒေ အတိ ဝိယ ဝိဿတ္ထော အဟောသိ၊**

**(ဃ) တထာ ဟိ နံ သိရသ္မိံ ပလိတေသု ဇာတေသုပိ "န ဝါယံ ကုမာရကော မတ္တမညာသီ"တိ ကုမာရကဝါဒေန ဩဝဒတိ၊**

**(င) သကျကုလပ္ပသုတော စာယသ္မာ တထာဂတဿ ဘာတာ စူဠပိတုပုတ္တော၊**

➢ ၁ ။ (က) ယဒိဧဝံ၊အကယ်၍ ဤသို့ဖြစ်လသော်။ (ဝါ) ယင်းသို့ ဖြစ်လျှင်။

(တနည်း) တေန အာယသ္မတာ၊ထိုအရှင်အာနန္ဒာနှင့်။ဝိနာပိ၊ကင်း၍လည်း။ဓမ္မသင်္ဂီတိ၊ဓမ္မသင်္ဂါယနာကို။ကာတုံ၊ပြုခြင်းငှာ။ယဒိ န သက္ကာ၊အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့။ ဧဝံ အသက္ကုဏေယျတ္တေ၊ဤသို့ မစွမ်းနိုင်သည်၏အဖြစ်သည်။သတိ၊ရှိသော်။အာယသ္မာ အာနန္ဒော၊အရှင်အာနန္ဒာသည်။သေက္ခော၊သေက္ခသည်။သမာနောပိ၊ဖြစ်ပင်ဖြစ်ပါသော်လည်း။ဓမ္မသင်္ဂီတိယာ၊သုတ် အဘိဓမ္မာကို သင်္ဂါယနာတင်ခြင်းအား။ဗဟုကာရတ္တာ၊များသော လျော်သော ကျေးဇူးကို ပြုတတ်သည်၏အဖြစ်ကြောင့်။ ထေရေန၊အရှင်မဟာကဿပထေရ်သည်။ဥစ္စိနိတဗ္ဗော၊ရွေးချယ်ထိုက်သည်။အဿ၊ဖြစ်၏။

(ခ) အထ၊ထိုသို့ ရွေးချယ်ထိုက်ပါလျက်။ကသ္မာ၊အဘယ့်ကြောင့်။န ဥစ္စိနိတော၊ရွေးချယ်တော် မမူအပ်သနည်း။ဣတိ၊ဤကား အမေးတည်း။ ပရူပဝါဒဝိဝဇ္ဇနတော၊သူတစ်ပါး

http://www.dhammadownload.com



၏ စွပ်စွဲခြင်းကို ရှောင်ကြဉ်လိုခြင်းကြောင့်။(န ဥစ္စိနိတော၊ရွေးချယ်တော် မမူအပ်။ဣတိ၊ ဤကား အဖြေတည်း။)

➢ **ပဉ္စပဝါဒဝိဝဇ္ဇနတော–ကို ဟိတ်၏ သမ္ဗန်များစံ၍ ထည့်သင့်သော ပုဒ်များ ထည့်လျက် အနက်** ။ ။ ဘဒြမုခ၊ကြည်သာရွှင်ပြ မျက်နှာလှသည့် စောဒကဆရာ။တဿ အာယသ္မတော အာနန္ဒဿ၊ထိုအရှင်အာနန္ဒာ၏။မဓ္ဗသင်္ဂီတိယာ၊အား။ဗဟုကာရတ္တာ၊ များသော ကျေးဇူးရှိသည်၏အဖြစ်သည်။သမာနေပိ၊ဖြစ်ပါသော်လည်း။ထေရဿ၊ထေရ်၏။ ပဉ္စပဝါဒဝိဝဇ္ဇနတော၊ကြောင့်။ထေရေန၊အရှင်မဟာကဿပထေရ်သည်။အာယသ္မာ အာနန္ဒ ထွေရော၊ကို။န ဥစ္စိနိတော၊ရွေးကောက်တော်မမူအပ်။

(ဂ) ဟိ၊ချဲ့ဦးအံ့။ထေရော၊အရှင်မဟာကဿပ မထေရ်သည်။အာယသ္မန္တေ အာနန္ဒေ၊ အရှင်အာနန္ဒာ၌။အတိဝိယ၊အလွန်သာလျှင်။ဝိဿတ္ထော၊အကျွမ်းဝင်သည်။အဟောသိ၊ ဖြစ်ပြီ။ (ဃ) တထာဟိ၊ထိုစကားမှန်၏။နံ၊ထို အရှင်အာနန္ဒာကို။သိရသ္မိံ၊ဦးခေါင်း၌။ ပလိတေသု၊ဆံဖြူတို့သည်။ဇာတေသုပိ၊ပေါက်ကုန်သော်လည်း။အယံ ကုမာရကော၊ဤ ဦးပဉ္စင်းကလေးသည်။မတ္တံ၊ကိုယ့်ပမာဏကို။န အညာသိ၊မသိတတ်လေစွ။ဣတိ၊ဤသို့။ ကုမာရကဝါဒေန၊ကုမာရကဟု ပြောဆိုကြောင်းစကားဖြင့်။ ဩဝဒတိ၊ပြောဆိုဆုံးမတော်မူ၏။ (* အညာသိ ဝါ၊သိသည်မူလည်း ရှိ၏။ န အညာသိ ဝါ၊မသိသည်မူလည်း ရှိ၏။ (ဝါ သဒ္ဒါ ဝိဘာသတ္ထကြံ) န အညာသိ ဝါ၊မသိလေစွတကား။ (ဝါ-သဒ္ဒါ ဝါစာသိလိဋ္ဌကြံ)

(င) စ၊သည်သာမကသေး။အာယသ္မာ၊အရှင်အာနန္ဒာသည်။သကျကုလပ္ပသုတော၊ သာကီဝင်မင်းမျိုး၌ မွေးဖွားသော။တထာဂတဿ၊မြတ်စွာဘုရား၏။ဘာတာ၊ညီတော်ဖြစ်သော။စူဠပိတုပုတ္တော၊ဘထွေးတော် သားတည်း။

➢ ❷ ။ (က) သို့/ ဆရာ၊ ဆရာသည် ထေရေန ဥစ္စိနိတဗ္ဗော အဿ-ဖြင့် အရှင်မဟာကဿပ မထေရ်သည် အရှင်အာနန္ဒာထေရ်ကို သင်္ဂါယနာပွဲအတွက် ရွေးကောက်သင့်သည်သာဟု ဆိုတော်မူ၏။ အရှင်အာနန္ဒာသည် သေက္ခပုဂ္ဂိုလ်မျှသာ ဖြစ်နေသည် မဟုတ်ပါလော။ အဘယ့်ကြောင့် သေက္ခပုဂ္ဂိုလ်မျှသာဖြစ်သော အရှင်အာနန္ဒာထေရ်ကို သင်္ဂါယနာတင်ပွဲအတွက် ရွေးကောက်သင့်သည်ဟု ဆိုရပါသနည်း။ စုဒ်--(က) မိန့်။

အဓိပ္ပါယ်ကား- (က) ဖြင့် အရှင်အာနန္ဒာ သေက္ခပုဂ္ဂိုလ်မျှသာ ဖြစ်နေပါသော်လည်း သံဂါယနာတင်ပွဲအတွက် အလွန်ကျေးဇူးများသောကြောင့် သေက္ခမျှသာဖြစ်သော အရှင်အာနန္ဒာထေရ်ကို ရွေးကောက်သင့်သည်ဟူသော အဓိပ္ပါယ်ကို ငါပြဆို၏ဟူလို။

(ဂ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် သူတစ်ပါးတို့၏ ကဲ့ရဲ့ခြင်းမှ ကြဉ်တော်မူလိုသောကြောင့် ရှင်အာနန္ဒာကို ရွေးကောက်တော်မမူဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းဆိုခဲ့ပြီး စကားရပ်ကိုပင် အကျယ်ချဲ့၍ ဖွင့်ပြလိုသော ဆရာသည် (ဂ) မိန့်။

(ဃ) **သို့/ သာဓောဂါယုဇ္ဇစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် အရှင် -

http://www.dhammadownload.com



မဟာကဿပသည် အရှင်အာနန္ဒာ၌ အလွန်အကျွမ်းဝင်သောဟု ဆို၏။ အရှင်အနုရုဒ္ဓါ အရှင်ဥပါလိထေရ် အစရှိသည်တို့သည်လည်း အရှင်အာနန္ဒာကဲ့သို့ပင် အရှင် မဟာ - ကဿပ၏ သမဂ္ဂသီတင်းသုံးဖော်ချည်း ဖြစ်ကြသည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အရှင်မဟာကဿပ၏ အရှင်အာနန္ဒာ၌ အလွန်အကျွမ်းဝင်သည်၏ အဖြစ်ကို အဘယ်သို့သော အကြောင်းဖြင့် သိအပ်ပါသနည်း။ အကြောင်းယုတ္တိကို မပြသော် ဆရာအား ဝိရောဓိ ဒေါသ သင့်ရောက်လေရာ၏။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် (ဃ) မိန့်၏။

အဓိပ္ပါယ်ကား - (ဃ) ဖြင့် ထိုအရှင်အာနန္ဒာမထေရ်ကို ဦးခေါင်း၌ ဆံပင်ဖြူတို့ ပေါက်ကုန်ပြီးသော်လည်း ဤသတို့သားငယ်သည် အတိုင်းအရှည်ကို မသိဟု သတို့သားငယ်ဟူသော စကားဖြင့် ဆုံးမတတ်သောကြောင့် အကျွမ်းဝင်သည်၏အဖြစ်ကို သိအပ်၏ ဟူလိုသော်။

**(င) သို့/ သာခအာဂမဉ္ဇာ** ။ ။ ဆရာ၊ ဆရာသည် (ဂ+ဃ) တို့ဖြင့် အရှင် မဟာ-ကဿပသည် အရှင်အာနန္ဒာနှင့် အလွန်အကျွမ်းဝင်သောကြောင့် သူတစ်ပါးတို့၏ ကဲ့ရဲ့စရာ ဖြစ်သောဟု ဆို၏။ အလွန်အကျွမ်းဝင်ခြင်းဟူသော အကြောင်းတစ်မျိုးကြောင့်သာ ကဲ့ရဲ့စွပ်စွဲစရာ ဖြစ်နိုင်ပါသလော။ အဘယ်အကြောင်းကြောင့်လည်း စွပ်စွဲကဲ့ရဲ့စရာ ဖြစ်နိုင်ပါသေးသနည်း။ စုဒ်ကြောင့် (င) မိန့်။

➤ ❷ ။ |က+ခ-၌| (၁) နနု သေက္ခောပိ သမာနော ဓမ္မသင်္ဂီတိယာ ဗဟုကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အသ။ (၂) အထ ကသ္မာ န ဥစ္စိနိတော။ (၃) နနု ပရူပဝါဒဝိဝဇ္ဇနကာမော ဟောတိ။ (၄) တသ္မာ န ဥစ္စိနိတော။

|က-၌ သေက္ခောပိ-ကို၌| (၁) နနု သေက္ခော သမာနော။ (၂) အထ ကသ္မာ ထေရေန ဥစ္စိနိတဗ္ဗော အသ။ (၃) နနု ဓမ္မသင်္ဂီတိယာ ဗဟုကာရော ဟောတိ။ (၄) တသ္မာ ထေရေန ဥစ္စိနိတဗ္ဗော အသ။

**(က) ၌ လက္ခဏာရှုစ် အပိ-သဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ အရှင်မဟာကဿပမထေရ်သည် အရှင်အာနန္ဒာကို ရွေးချယ်ထိုက်သည်ဖြစ်ရာ၏ဟု အကျိုးကိုပြဆိုသော ထေရေန ဥစ္စိနိတဗ္ဗော အသ-ဟူသော စကားကို မနှစ်သက်သောကြောင့်-ထားသည်။

-- | ဃ-၌ ဓာစတေသုပိ-ကို ၌ | (၁) နနု သိရသ္မိံ ပလိတာနိ ဇာတာနိ။ (၂) အထ ကသ္မာ နံ "န ဝါယံ ကုမာရကော မတ္တမညာသီ"တိ ကုမာရကဝါဒေန ဩဝဒတိ။

(၃) နနု ထေရော အာယသ္မန္တေ အာနန္ဒေ အတိဝိယ ဝိဿတ္တော အဟောသိ။

(၄) တသ္မာ နံ "န ဝါယံ ကုမာရကော မတ္တမညာသီ"တိ ကုမာရကဝါဒေန ဩဝဒတိ။

*** ဓာစတေသုပိ-၌ ပိ-သဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ နဝါယံ ကုမာရကော မတ္တမညာသိ-ဟူသော ကုမာရကဝါဒဖြင့် ပြောဆိုသည်ကို မနှစ်သက်သောကြောင့် ပိ-သဒ္ဒါ

http://www.dhammadownload.com



ကို ထားရပါသည်။

➢ ❻ ။ ကုမာရတိ ကီဠတိတိ **ကုမာရော**။ (၃) ကစားမြူးတူးခြင်း ကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၅) သူငယ်ဖြစ်သည် ဝစနီယ မည်၏။ (၆) ဗလ, ပေါတက-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ကာမိယတိ **ကုမာရော**။ (၃) မိဘတို့ အလိုရှိအပ် နှစ်သက်အပ်သော ဂုဏ်သကတ်သည် ဝစနဟောတု မည်၏။

* ကုံ ဘူမိံ မရတိ ဘိန္ဒတိ ဝိလေခတိတိ **ကုမာရော**။ (၃) မြေကို ရေးခြစ်ခြင်း ကြိယာသကတ်သည် ဝစနဟောတု မည်၏။

* ကုယံ ဘူမိယံ ရမတိတိ **ကုမာရော**။ (၃) မြေကြီး၌ မွေ့လျော်ပျော်ပါးခြင်း ကြိယာသကတ်သည် ဝစနဟောတု မည်၏။

* ဗဟတိ ဝုဒ္ဓိံ ဂစ္ဆတိတိ **ဗဟု**။ (၃) ကြီးပွားခြင်းသို့ ရောက်ခြင်း ကြိယာသကတ်သည် ဝစနဟောတုမည်၏။ (၅) များသော ကျေးဇူးသည် ဝစနီယ မည်၏။ (၆) ပစုရ, ဗဟုလ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ဗဟတိ ဝုဒ္ဓိံ ဂစ္ဆတိတိ **ဗဟု**။ ဥပေစ္စ ကရောတိတိ **ကာရော**။ ဗဟုကာရော ဧတဿာတိ **ဗဟုကာရော**။ (၃) များသော ကျေးဇူး၏ အရှင်အာနန္ဒာနှင့် ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟောတု မည်၏။ (၅) များသော ကျေးဇူးရှိသော အရှင် အာနန္ဒာဖြစ်သည် ဝစနီယ မည်၏။ (၆) ဗဟူပကာရ, ဗဟုဂုဏ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ဝိဿသတိတိ **ဝိဿတ္ထော**။ (၃) အကျွမ်းဝင်ခြင်း ကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၅) အကျွမ်းဝင်သော အရှင်မဟာကဿပထေရ်သည် ဝစနီယ မည်၏။ (၆) ဝိဿာသိက, ဒဠှမိတ္တ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ကုသုမာဒီဟိ သေဝိယတိတိ **သီသော**။ (၃) မှီဝဲခြင်း ကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၅) ဦးခေါင်းဖြစ်သည် ဝစနီယ မည်၏။ (၆) ဥတ္တမင်္ဂ, သီသ, မုဒ္ဓါ, မတ္ထက-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ပစ္စန္တေတိ **ပဃိတာနိ**။ (၃) ကျက်ခြင်း ကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၅) ဆံဖြူဖြစ်သည် ဝစနီယ မည်၏။ (၆) သုက္ကကေသာ-ဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* သဗ္ဗေ ဉာတကေ အာနန္ဒေတိ ပမောဒေတိတိ **အာနန္ဒော**။ (၃) ဆွေမျိုးအားလုံးတို့ကို နှစ်သက်ဝမ်းမြောက်ခြင်း ကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၅) သူငယ်ဖြစ်သော အရှင်အာနန္ဒာဖြစ်သည် ဝစနီယ မည်၏။ (၆) ဓမ္မဘဏ္ဍာဂါရိကော-ဟူသော ပရိယာယ် သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

http://www.dhammadownload.com



*** ဒေါသက္ခာဏေန ဝဒန် ဉပဝါဓေါ။ ပရေသံ ဥပဝါဒေါ ပစ္စုပဝါဓေါ။**

(၃) တစ်ပါးသော ပုဂ္ဂိုလ်တို့၏ စွပ်စွဲခြင်းနှင့် သာမိ+သံ/ဌာန-ဌာနီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) စွပ်စွဲခြင်း စကားဖြစ်သည် ဝစနီယ မည်၏။ (၆) အညျပဝါဒ, ပစ္စုပက္ကောသ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

➤ ❺ ။ **ဗဟုကာရဏ္ဍာ-ဟိတ်၏** သမ္ဗန်ကား အာယသ္မတော အာနန္ဒဿ ဖြစ်ပါသည်။ (၏+သည် စပ်) ဘာဝယောဂပုဒ်၏ ပစ္စယတ္ထကား ကတ္တတ္ထ ဖြစ်ပါသည်။

*** ပစ္စုပဝါဓဝိဇ္ဇမာနတောဟိတ်၏** သမ္ဗန်ကား မဟာကဿပတ္ထေရဿ ဖြစ်ပါသည်။ (၏+သည် စပ်) *** သကျကုလပ္ပသုတတ္တာ-ဟိတ်၏** သမ္ဗန်ကား အာယသ္မတော အာနန္ဒဿ ဖြစ်ပါသည်။ (၏+သည် စပ်)

➤ ❻ ။ (ဂ) ဖြင့် အရှင်မဟာကဿပသည် အရှင်အာနန္ဒာအပေါ်၌ အလွန်အကျွမ်းဝင်သည်၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ သံဝဏ္ဏနာ)

(ဃ) ဖြင့် အလွန်အကျွမ်းဝင်သည့်အဖြစ်ကို သိရခြင်း၌ သက်သေအထောက်အထား စကားရပ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(င) ဖြင့် အကျွမ်းဝင်သောကြောင့် ရွေးချယ်သည်ဟုသာ ကဲ့ရဲ့ကြမည်မဟုတ်၊ သာကီဝင်မျိုး၌ ထင်ရှားခြင်း၊ ဘုရားရှင်၏ ညီတော်ဖြစ်ခြင်းကြောင့်လည်း ရွေးချယ်သည်ထင်၏ဟု သူတစ်ပါးတို့ ကဲ့ရဲ့ကြမည့် အကြောင်းတစ်မျိုးကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ❼ ။ **တထာဂတဿ ဘာတာ-အရ** ။ ။ ကနိဋ္ဌဘာတာ-ကို ယူရပါမည်။

ဘုရားရှင်နှင့် အာနန္ဒာသည် ဖွားဘက်တော်ဖြစ်၍ အရွယ်တူပင်ဖြစ်သည်။ သို့ရာတွင် အာနန္ဒာသည် ဘထွေးတော် အငယ်ဆုံး အမိတောဒန၏ သားဖြစ်သောကြောင့် ဘာတာ-အရ ကနိဋ္ဌဘာတာကိုသာ ယူရမည်ဟု ဒီဃဘာဏကဆရာများ ဆုံးဖြတ်ကြပါသည်။

*** နဝါယံ ကုမာရကော မတ္တမညာသိ-ဟု ကြိမ်းမောင်းချခြင်းအကြောင်း**

အရှင်အာနန္ဒာ၏ ပရိသတ်ငယ်များ ယေဘုယျအားဖြင့် လူထွက်ခြင်းကြောင့်ရင်း, အရှင်အာနန္ဒာသည် ဣန္ဒြေစောင့်စည်း ထိန်းသိမ်းမှုလည်း မရှိ ဘောဇဉ်၌ အတိုင်းအရှည် ပမာဏကိုလည်း နားမလည်သော ရဟန်းငယ်ကလေးတို့နှင့် ခရီးလျှောက်သွားနေရကား ကလေးနှင့်တူ၏ဟု ဆိုသင့်သောကြောင့်ရင်း "နဝါယံ ကုမာရကော မတ္တမညာသိ"ဟု ဆိုရပါသည်။

*** ဂန္ဓ ကုဋိံ ဝန္ဒိတွာ-ဟု ဆိုရခြင်းအကြောင်း** ။ ။ မြတ်စွာဘုရား သီတင်းသုံးတော်မူအပ်ပြီးသော ဂန္ဓကုဋိသည် ပရိဘောဂစေတီ ထိုက်သောကြောင့် "ဂန္ဓကုဋိံ ဝန္ဒိတွာ"ဟု ဆိုရပါသည်။

➤ ❶❵ ။ **ဩဝဒတိ-၌ အဝရှေ့ရှိသော ဝဓာတ်အရ** ။ ။ ရှင်မဟာကဿပ၏

http://www.dhammadownload.com



မေတ္တာပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို--သည် ဓမ္မရတိ ဌာယီဘာဝ, ဓမ္မသိင်္ဂါရ ရသ မည်၏။ (၂) ရှင်အာနန္ဒာဖြစ်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ရှင်အာနန္ဒာ၏ သောဝစဿတာဂုဏ်နှင့် ပြည့်စုံခြင်းသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ဆုံးမသဖြင့် နောင်အခါ ဆိုအပ်ပြီးသော အမှုတို့မှ ရှောင်ကြဉ်ခြင်း, ပရိသတ်ကြီးပွား တိုးတက်လာခြင်း, သာသနာတော် ကြာရှည်စွာတည်ခြင်း သာသနာကို အမှီပြု၍ လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရခြင်း စသည်သည် အနုဘာဝ။

*** အာနန္ဒေ-ဋ္ဌ အာပုစ္ဆ နန္ဒာတေ်၏ သုဒ္ဓကတ္တုနွ ကြိယာအရ •** (၁) ဆွေမျိုးတို့၏ သန္တာန်၌ ပီတိ သောမနဿ ပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ် ရ၏။ ၎င်းသည် ကာမရတိဌာယီဘာဝ, ကာမသိင်္ဂါရ ရသ မည်၏။ (၂) သူငယ်ဖြစ်သော ရှင်အာနန္ဒာသည် အာရမ္မဏ ဝိဘာဝ မည်၏။ (၃) သူငယ်ဖြစ်သော ရှင်အာနန္ဒာ၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံခြင်း လျော်ကပ်သော ဒေသ ကာလ စသည်ရှိခြင်းသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ပွဲ့ဖက်နမ်းရှုတ်ခြင်း လက်ဆောင်ပဏ္ဏာ ဆက်သခြင်း အထိန်းတို့ဖြင့် ကောင်းစွာ မွေးမြူခြင်း စသည်တို့သည် အနုဘာဝ မည်၏။

**ဝိဿဇ္ဇေဿာ-ဋ္ဌ ဝိပုစ္ဆ သသာတေ်အရ ။ ။** (၁) သဒ္ဓါ မေတ္တာ စေတနာပြဓာန်းသော အရှင်မဟာကဿပ၏ မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဌာယီဘာဝ, ဓမ္မသိင်္ဂါရ ရသ မည်၏။ (၂) ရှင်အာနန္ဒာဖြစ်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ပုဗ္ဗေကတပုညတာ, အရှင်အာနန္ဒာ၏ ဝတ်ကြီးဝတ်ငယ်နှင့်ပြည့်စုံခြင်း ဗဟုဿုတ-စသော ဂုဏ်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ကုမာရကဝါဒဖြင့် ပြောဆိုဆုံးမခြင်း, မွန်မြတ်သော ပစ္စည်းဝတ္ထုတို့ဖြင့် ချီးမြှောက်ခြင်း အစရှိသည်သည် အနုဘာဝ မည်၏။

**ပါဠိ (ရ) [၅/၆။]**

**(က) အထ သယမေဝ ဘိက္ခူ အာနန္ဒသဒ္ဒါယ ထေရံ ယာစိံသု၊**

**(ခ) ယထာဟ- ""ဘိက္ခူ အာယသ္မန္တံ မဟာကဿပံ ဧတဒဝေါစုံ**

**"အယံ ဘန္တေ အာယသ္မာ အာနန္ဒော ကိဉ္စာပိ သေက္ခော၊ အဘဗ္ဗော ဆန္ဒာ ဒေါသာ ဘယာ မောဟာ အဂတိံ ဂန္တုံ၊ ဗဟုစာနေန ဘဂဝတော သန္တိကေ ဓမ္မောစ ဝိနယောစ ပရိယတ္တော၊ တေနဟိ ဘန္တေ ထေရော အာယသ္မန္တမ္ပိ အာနန္ဒံ ဥစ္စိနတူ"တိ၊**

**(ဂ) အထခေါ အာယသ္မာ မဟာကဿပေါ အာယသ္မန္တမ္ပိ အာနန္ဒံ ဥစ္စိနိ""တိ၊**

**(ဃ) ဧဝံ ဘိက္ခူနံ အနုမတိယာ ဥစ္စိနိတေန တေနာယသ္မတာ သဒ္ဓိံ ပဉ္စ ထေရသတာနိ အဟေသုံ၊** (ဋ၊ ၅/၆။)

➤ ❶ ။ (က) အထ၊တစ်ပါးလျှော့ ငါးရာတို့ကို ရွေးချယ်ပြီးရာ ထိုအခါ၌။သယမေဝ၊မိမိတို့ အလိုအလျောက်သာလျှင်။ဘိက္ခူတို့သည်။အာနန္ဒဿ၏။အတ္ထာယ၊အကျိုးငှာ။

http://www.dhammadownload.com



ထေရံ၊အရှင်မဟာကဿပထေရ်ကို။ယာစိံသု၊တောင်းပန်ကြကုန်ပြီ။

(ခ) ယထာဟ၊အဘယ်ကဲ့သို့ မိန့်တော်မူသနည်း။ဘိက္ခု (ပ) ဥစ္စိနတူတိ၊ဘိက္ခု (ပ) ဥစ္စိနတုဟူ၍။အာဟ၊မိန့်တော်မူပြီ။ ဘိက္ခုတို့သည်။အာယသ္မန္တံ မဟာကဿပံ၊အရှင်မဟာကဿပကို။ဧတံ၊ဤစကားကို။အဝေါစုံ၊လျှောက်ကြကုန်ပြီ။(ကိံ၊အဘယ်သို့။အဝေါစုံ၊ကုန်သနည်း။) ဘန္တေ၊အရှင်ဘုရား။အယံ အာယသ္မာ အာနန္ဒော၊ဤအရှင်အာနန္ဒာသည်။သေက္ခော၊သေက္ခသည်။ကိဉ္စာပိ ဟောတိ၊အကယ်၍ကား ဖြစ်ပါ၏။(တထာပိ၊ထိုသို့သေက္ခ ဖြစ်ပါသော်လည်း။) ဆန္ဒာ၊ချစ်ခြင်းကြောင့်ရင်း။ဒေါသာ၊မုန်းခြင်းကြောင့်ရင်း။မောဟာ၊မသိခြင်းကြောင့်ရင်း။ဘယာ၊ကြောက်ခြင်းကြောင့်ရင်း။အဂတိံ၊မရောက်ထိုက်သော အမှုသို့။ဂန္တုံ၊ရောက်ခြင်းငှာ။အဘဗ္ဗော၊မထိုက်ပါ။ ဓ၊အဂတိလိုက်ရုံသာ မကသေး။အနေန၊ဤ အရှင် အာနန္ဒာသည်။ဘဂဝတော၊၏။သန္တိကေ၊အထံတော်၌။ဓမ္မောစ၊သုတ် အဘိဓမ္မာကိုရင်း။ဝိနယောစ၊ဝိနည်းကိုရင်း။ဗဟုံ၊များစွာ။ပရိယတ္တော၊သင်ယူအပ်ပါပြီ။ဘန္တေ၊အရှင်ဘုရား။တေနဟိ၊တိုက်တွန်းပါ၏။ထေရော၊ရှင်မဟာကဿပထေရ်သည်။အာယသ္မန္တမ္ပိ အာနန္ဒံ၊အရှင်အာနန္ဒာကိုလည်း။ဥစ္စိနတု၊ရွေးကောက်တော်မူပါ။(ဣတိ၊သို့။အဝေါစုံ၊လျှောက်ကြကုန်ပြီ။) (ဂ) အထ၊တောင်းပန်ကြရာ ထိုအခါ၌။အာယသ္မာ မဟာကဿပေါ၊သည်။အာယသ္မန္တမ္ပိ အာနန္ဒံ၊ကိုလည်း။ဥစ္စိနိ၊ရွေးချယ်တော်မူပြီ။

(ဃ) ဧဝံ၊ဤသို့လျှင်။ဘိက္ခူနံ၊တို့၏။အနုမတိယာ၊လျော်စွာ တောင်းပန်ခြင်းအားဖြင့်။ဥစ္စိနိတေန၊ရွေးချယ်အပ်ပြီးသော။(ဝါ) ရွေးချယ်၍ ယူအပ်ပြီးသော။တေန အာယသ္မတာ၊ထိုအရှင်အာနန္ဒာနှင့်။သဒ္ဓိံ၊တကွ။ပဉ္စထေရသတာနိ၊ငါးရာသော ထေရ်တို့သည်။အဟေသုံ၊ဖြစ်ကုန်ပြီ။ (ဘာသာဋီကာ၊ ပ၊ ၅၅/၅၆)

➢ ❷ ။ (ခ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် ရဟန်းတော်တို့သည် ရှင်အာနန္ဒာအတွက် အရှင်မဟာကဿပထေရ်ကို မိမိတို့ အလိုအလျောက်သာလျှင် တောင်းပန်ကြကုန်သောဟု ဆိုတော်မူ၏။ ဆရာ့စကားသည် မိမိ၏ သကဝစနမျှသာဖြစ်၍ မယုံကြည်အပ် မယုံကြည်နိုင်ရာသည် မဟုတ်ပါလော။ အဘယ်သို့သော သာဓက အာဂမပါဠိဖြင့် ယုံကြည်ရပါအံ့နည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (က+ခ) တို့ဖြင့် အရှင်မဟာကဿပထေရ်ကို ရဟန်းတော်များ တောင်းပန်ကြပုံကို သာဓကနှင့်တကွ ပြဆိုတော်မူ၏။ တောင်းပန်သည့်အတိုင်း ရှင်အာနန္ဒာကို မရွေးချယ်ဟု မှတ်သားအပ်ပါသလော။ အဘယ်သို့ မှတဆ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ **အနုသန္ဓ** ။ ။ ဤသို့ (က) စသော ဝါကျတို့ဖြင့် အရှင်မဟာကဿပထေရ်ကို ရဟန်းတို့က တောင်းပန်ပုံနှင့် ရှင်အာနန္ဒာကို ရွေးချယ်ပုံကို ပြဆိုပြီး၍ ယခုအခါ၌ အကျဉ်းချုံး၍ နိဂုံးကို ပြလိုသော ဆရာသည် (ဃ) မိန့်။

http://www.dhammadownload.com



➤ ❷ ॥[ ခ-ဝါကျကို ၅ ] (၁) နနု အယံ ဘန္တေ အာယသ္မာ အာနန္ဒော သေက္ခော။

(၂) အထ ကသ္မာ "ဘန္တေ ထေရာ အာယသ္မန္တမ္ပိ အာနန္ဒံ ဥစ္စိနတူ"တိ အဝေါစုံ။

(၃) နနု အဘဗ္ဗော ဆန္ဒာဒေါသာ ဘယာ မောဟာ အဂတိံ ဂန္တုံ, ဗဟုစာနေန ဘဂဝတော သန္တိကေ ဓမ္မောစ ဝိနယောစ ပရိယတ္တော။

(၄) တသ္မာ "ဘန္တေ ထေရာ အာယသ္မန္တမ္ပိ အာနန္ဒံ ဥစ္စိနတူ"တိ အဝေါစုံ။

* **ကိဥ္စာပိ-သဒ္ဒါ ထားရှိခြင်းအကြောင်း** ॥ ॥ အရှင်အာနန္ဒာကို သံဂါယနာပွဲမှာ ကောက်ယူမှု၌ ထုတ်ပြထားသည့်အကြောင်း ပရိဟာရဘောဂကို မနှစ်သက်သောကြောင့် ကိဥ္စာပိ-သဒ္ဒါကို ထားရပါသည်။

**ကသ္မာပန နေသံ တေဒဟောသိ ဣဒံ ပန အမှာကံ ထာဝရကမ္မံ၊ ကောစိ ဝိသဘာဂပုဂ္ဂလော သံယမဇ္ဈံ ပဝိသိတွာ ဥက္ကောရေယျာတိ။ (၄၊ ၆။)**

[ **စတုတ္ထ ထုတ်ပုံ** ] (၁) နနု တေဟိ ထေရေဟိ အာဝါသကုလမစ္ဆရိယာနိ ပဟီနာနိ။

(၂) အထ ကသ္မာ နေသံ တေဒဟောသိ။ (၃) နနု "ဣဒံ အမှာကံ ထာဝရကမ္မံ ကောစိ ဝိသဘာဂပုဂ္ဂလော သံယမဇ္ဈံ ပဝိသိတွာ ဥက္ကောရေယျာ"တိ မနသိ ကရောတိ။

(၄) တသ္မာ နေသံ တေဒဟောသိ။

➤ ❹ ॥ မနနာ ဇာနနာ **မတိ**။ အနုရူပါ မတိ **အနုမတိ**။ (၃) အနုရူပဘောဂဟုတ် ၏ သိခြင်းကြိယာနှင့် ဂုဏ်-ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဝစနဟေတု မည်၏။

(၅) လျော်စွာ တောင်းပန်ခြင်းသည် ဝစနီယ မည်၏။ (၆) အနုဇာနနာ, အနုညာ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ အပါယတော သံသာရတောစ အပတမာနေ ကတွာ ဓာရေတီတိ **ဓမ္မော**။ (၃) ဆောင်ခြင်းကြိယာသကတ်သည် ဝစနဟေတု။ (၅) မြတ်စွာ ဘုရား စကားတော်ဖြစ်သည် ဝစနီယ။ (၆) ပါဠိ, တန္တိ, ပရိယတ္တိ-စသော--။

ဝိဝိဓာ နယာ ဧတ္ထာတိ **ဝိနယော**။ (၃) အထူးထူး အပြားပြားသော နည်း၏+သိက္ခာ ပုဒ် အပေါင်းနှင့် နိဿိတ နိဿယ/ဌာနီ ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဝစန ဟေတု။ (၅) ဝိနည်းပါဠိတော်ဖြစ်အနက်သည် ဝစနီယ။ (၆) သိက္ခာပဒသမူဟော--။

* ဂန္တဗ္ဗာတိ **ဂတိ**။ န ဂတိ အဂတိ။ အနနုရူပါ ဂတိ **အဂတိ**။ [မရောက်ထိုက် မပြု ထိုက်သော အမှု] (၆) အကတ္တဗ္ဗံ, အဂမန်-

➤ ❺ ॥ **ပရိယတ္တော**-ကို ပရိယတ္တတ္တာ-ဟု ဟိတ်ပြင်လျှင် ယင်းဟိတ်၏ သမ္ဗန်ကား ဓမ္မသာစ ဝိနယသာစ ဖြစ်ပါသည်။ (၏+ကို စပ်) * **ဥစ္စိနိတဗ္ဗော**-ကို ဥစ္စိနိတတ္တာ-ဟု ဟိတ်ပြင်လျှင်- တဿ အာယသ္မတော-ဟု သမ္ဗန် ခံရမည်။ (၏/သည် စပ်)

➤ ❻ ॥ **ဝိသဘာဂပုဂ္ဂလ-အရ** ॥ ॥ သဘာဒ္ဒရဟန်းကြီးနှင့်တူသော ပုဂ္ဂိုလ်ကို ယူရပါမည်။

http://www.dhammadownload.com



**သာခုကီဠနံ အဓိပ္ပါယ်** ။ ။ သံဝေဂဝတ္ထုကို ပြောဆို၍ အနိစ္စလက္ခဏာနှင့် စပ်ယှဉ်သော ဂီတတို့ကို သီဆို၍ ပူဇော်ခြင်းအစွမ်းဖြင့် ကောင်းသော ပျော်မြူးခြင်းသည် သာခုကီဠန မည်ပါသည်။ (တနည်း) မိမိ သူတစ်ပါး စီးပွားကို ပြီးစေတတ်သောကြောင့် သာခု-ဟု ဆိုအပ်သော သူတော်ကောင်းတို့၏ သံဝေဂဝတ္ထုကို ပြောဆို၍ ပျော်မြူးခြင်းကို "သာခုကီဠန"ဟု ခေါ်ပါသည်။

➢ **အဘာဗ္ဗော ဆန္ဒာ-ဌ် ဆန္ဒာ-အရ** ။ ။ ချစ်ခင်တတ်သော လောဘကို ယူရပါမည်။ ဆန္ဒစေတသိက်ကို မယူရပါ။

➢ ❶ ⓿ ။ **ယာစိသု-ဌ် ခာတ်အရ** ။ ။ (၁) တောင်းပန်သော ရဟန်းတို့၏ သန္တာန်၌ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယိဘာဝ, ဝီရ ရသ မည်၏။ (၂) အရှင် မဟာကဿပထေရ်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) တစ်ပါးလျှော့ခြင်း, ရှင်အာနန္ဒာကို ရွေးချယ်စေလိုခြင်းတို့သည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) ရဟန္တာ ငါးရာဖြင့် သင်္ဂါယနာ တင်ခြင်း, သာသနာအရှည်ခံ့တည်တန့်ခြင်း စသည်တို့သည် အနုဘာဝ မည်၏။

* **ဥန္နိ-ဌ် ဓိခာတ်အရ** ။ ။ (၁) ရွေးကောက်သော အခြင်းအရာအားဖြင့်ဖြစ်သော သတိ, ဝီရိယ, အဓိမောက္ခ, ဉာဏ်ပြဓာန်းသော အရှင်မဟာကဿပ၏ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယိဘာဝ+ဓမ္မသင်္ဂါရရသ မည်၏။ (၂) အရှင်အာနန္ဒာသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) အရှင်အာနန္ဒာ၏ အဂတိသို့ လားခြင်းငှာ မထိုက်သည်၏အဖြစ်, ဘုရားရှင်အထံတော်၌ များစွာသော ဓမ္မ ဝိနယကို သင်ယူအပ်သည်၏အဖြစ်တည်းဟူသော အကြောင်းကြောင့် ရဟန်းတော်တို့ အရှင်အာနန္ဒာကို ရွေးကောက်တော်မူရန် အရှင်မဟာကဿပအား လျှောက်ထားခြင်းသည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) သင်္ဂီတိကာရက ရဟန်းတော်တို့၌ ရှင်အာနန္ဒာပါဝင်ရခြင်း, အဘိယာစက ရဟန်းတို့ နှစ်သက်ဝမ်းမြောက်၍ သာခု အနုမောဒနာပြုခြင်း, သုတ္တန် အဘိဓမ္မာ-ဟု ဆိုအပ်သော ဓမ္မကို အကြီးအမှူးပြု၍ သင်္ဂါယနာတင်ရခြင်း စသည်သည် အနုဘာဝ။

* **အဒ္ဓ ကုဟိံ ဘဂဝန္တံ ဌပေတွာ အာဂတတ္ထာ"တိ အာဒိနိ ဝဓောနာ ပရောစိသု။ (ဋ္ဌ၊၇/၈) ဌ် ဘာဝလက္ခဏာရထုတ်ပုံ** ။ ။ (၁) ငိုကြွေးသော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါမနဿ ဝေဒနာသည် သောကဋ္ဌာယိဘာဝ+ကရုဏာရသ မည်၏။ (၂) ပရိနိဗ္ဗာန် စံလွန်တော်မူသော မြတ်စွာဘုရားသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) သက်တော် ထင်ရှား ရှိတော်မူသော မြတ်စွာဘုရား၏ ကြည်ညိုလေးစားဘွယ် တင့်တယ် ကောင်းမြတ်သော ကိုယ်အမူအရာ, နှုတ်အမူအရာ, အရှင်အာနန္ဒာ ဆောင်ယူခဲ့သော မြတ်စွာဘုရား၏ သပိတ်တော်, သင်္ကန်းတော်, သီတင်းသုံးဘူးသော ဇေတဝန်ကျောင်းတော်, အရှင်အာနန္ဒာတပါးတည်ကိုသာ ဖူးတွေ့ရခြင်း စသည်သည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) အဒ္ဓ ကုဟိံ ဘဂဝန္တံ ဌပေတွာ အာဂတတ္ထာ-စသော ပရိဒေဝ စိတ္တဇဝိပလ္လာသဒ္ဒ, ပလယ

http://www.dhammadownload.com



ထမ္ဘ, ဝိသရတာ စသည်တို့သည် အနုဘာဝ မည်၏။

**ပါဠိကျ (၈)**

(က) အကာလော ခေါ မာဏဝက၊ (ခ) အတ္ထိ မေ အဇ္ဇ ဘေသဇ္ဇမတ္တာ ပီတာ၊

(ဂ) အပ္ပေဝနာမ သွေပိ ဥပသင်္ကမေယျာမာ"တိ။ (ဌ၊၈။ ဘာသာဋီ၊ပ၊၇၀။)

➤ ❶ ။ [ဝါကျ အပြန်အလှန်] (က+ခ) မာဏဝက၊လုလင်ငယ်။အဇ္ဇ၊ယနေ့။ဂန္တုံ၊ သွားခြင်းငှာ။အကာလော ခေါ၊အခါ မဟုတ်သေး။ကသ္မာ၊အဘယ့်ကြောင့်။အဇ္ဇ၊ယနေ့။ဂန္တုံ၊ သွားခြင်းငှာ။အကာလော၊အခါ မဟုတ်သေးသနည်း။ယသ္မာ၊အကြင့်ကြောင့်။အဇ္ဇ၊ယနေ့။ မေ၊ငါ၏။(ဝါ)ငါသည်။ပီတာ၊သောက်အပ်သော။ဘေသဇ္ဇမတ္တာ၊အနည်းငယ်သော ဆေး သည်။အတ္ထိ၊ရှိ၏။တသ္မာ၊ထို့ကြောင့်။အဇ္ဇ၊ယနေ့။ဂန္တုံ၊သွားခြင်းငှာ။အကာလော၊အခါ မဟုတ်သေးသတည်း။

(ဂ) သွေပိ၊နက်ဖန်၌လည်း။(ကာလဋ္ဌ၊အခါကိုင်း။သမယဋ္ဌ၊အကြောင်း ညီညွတ်ခြင်း ကိုင်း။ဥပါဒါယ၊ဉာဏ်ဖြင့်ယူ၍။(ဝါ) စဉ်းစား၍။) အပ္ပေဝနာမ ဥပသင်္ကမေယျာမ၊ချဉ်း ကပ်နိုင်ကုန်တန်ရာ၏။(ဝါ) လာနိုင်ကုန်တန်ရာ၏။ဣတိ၊သို့။အဝေါစ၊ဆိုပြီ။

➤ ❷ ။ (ခ) ချို့/ ဆရာ၊ ဆရာသည် (က) ဖြင့် အရှင်အာနန္ဒာသည် သုဘလုလင် အား ယနေ့ သွားခြင်းငှာ အခါမဟုတ်သေးဟု ဆိုသည်ကို ဖွင့်ပြတော်မူ၏။ အဘယ့် ကြောင့် သွားခြင်းငှာ အခါ မဟုတ်ပါသေးသနည်း။ သွားလိုက သွားနိုင်ကောင်းသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ခ) မိန့်။

➤ ❸ ။ [က+ခ–၅] (၁) နနု ကာလော အဇ္ဇ ဂန္တုံ၊ (၂) အထ ကသ္မာ အကာလော ခေါ မာဏဝကောတိ ဝုတ္တော။ (၃) ယသ္မာ အတ္ထိ မေ အဇ္ဇ ဘေသဇ္ဇမတ္တာ ပီတာ။

(၄) တသ္မာ အကာလော ခေါ မာဏဝကောတိ ဝုတ္တော။

➤ ❹ ။ ပိဝိယတီတိ ပီတာ။ (၃) သောက်ခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) သောက်အပ်သော ဆေးသည် ဝစနီယ မည်၏။ (၆) ပိဝိတာ-ဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* မာဏဝေါယေဝ **မာဏဝကော**။ * မနုနော အပစ္စံ **မာဏဝေါ**။

(၃) မနုမည်သော ကမ္ဘာလူ၏ သားဒြဗ်နှင့် ဇနက-ဇညု အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည် ဝစနဟေတု မည်၏။ (၅) လုလင်ဒြဗ်သည် ဝစနီယ မည်၏။ (၆) တရုဏ, ယုဝ, ဒဟရ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ဘိသက္ကဿ ကမ္မံ **ဘေသဇ္ဇံ**။ (၃) ဆေးဆရာ၏ ဆေးကုသခြင်း အလုပ်နှင့် နိဿယ-နိဿိတအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဆေးသည် ဝစနီယ မည်၏။ (၆) ဩသဓ-ဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

http://www.dhammadownload.com



➤ ❾။ ပီဏာ-ကို ပီတတ္တာ-ဟု ဟိတ်ပြင်လျှင် သမ္ပန်ကား• ဘေသဇ္ဇမတ္တာယ ဖြစ်ပါသည်။ (ဓါ/ကို စပ်)

➤ **❶ ⓿။ ဘဂဝတော ဝေနုပူဇနေတ္တံ တိတ္တိယဝါဒပရိမောစနတ္တဥ္စ ပဋ္ဌမံ မာသံ ခဏ္ဍာ ဖုလ္လပ္ပဋိသင်္ခရဏံ ကရောမ။ (ဌ၊၉) ၌ အာဝါလက်ာရထုတ်ပုံ**

**ကရောမ–၌ ကရအာတ်အရ** ။ (၁) ဝီရိယပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရ ရသ မည်၏။ (၂) ကျိုးပြတ် ပေါက်ကွဲနေသော ကျောင်းတို့သည် အာရမ္ဗဏဝိဘာဝ မည်၏။ (၃) မြတ်စွာဘုရား၏ စကားတော်ကို ပူဇော်လိုခြင်း, တိတ္ထိတို့ ကဲ့ရဲ့ခြင်းမှ လွတ်မြောက်လိုခြင်း အကြောင်းသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) အဇာတသတ်မင်းထံသို့ ကျောင်းပြင်ရန် လက်သမားအလုပ်ကို သိစေခြင်း, လက်သမားတို့ကို စေလွှတ်၍ ကျောင်းပြင်စေခြင်း, ချမ်းချမ်းသာသာ သင်္ဂါယနာ တင်နိုင်ခြင်းအကျိုးတို့သည် အနုဘာဝ မည်၏။

**ဓါကျ (၉)**

**(က) အထ အာနန္ဒတ္ထေရော ဇေတဝနမဟာဝိဟာရေ ခဏ္ဍဖုလ္လပ္ပဋိသင်္ခရဏံ ကာရာပေတွာ ဥပကဋ္ဌာယ ဝဿူပနာယိကာယ ဘိက္ခုသံဃံ ဩဟာယ ရာဇဂဟံ ဂတော၊**

**(ခ) တထာ အညေပိ မဟာသင်္ဂါဟကာ ဘိက္ခူတိ၊**

**(ဂ) တေသံ ဂတော တေ သန္ဓာယ ဣဒံ ဝုတ္တံ "အထခေါ ထေရာ ဘိက္ခူ ရာဇဂဟံ အဂမံသု ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယိတုံ"န္တိ၊ (ဃ) တေ အာသဠှိပုဏ္ဏမာယ ဥပေါသထံ ကတွာ ပါဋိပဒဒိဝသေ သန္နိပတိတွာ ဝဿံ ဥပဂစ္ဆိံသု၊ (ဋ္ဌ၊၈/၉၊ ဘာသာဋီကာ၊ပ၊၇၀။)**

➤ ❶ ။ (က) အထ၊သုဘာသုတ်ကို ဟောပြီးရာ ထိုအခါ၌။အာနန္ဒတ္ထေရော၊အရှင်အာနန္ဒာထေရ်သည်။ဇေတဝန မဟာဝိဟာရေ၊ဇေတဝန်ကျောင်းတိုက်တော်ကြီး၌။ခဏ္ဍ ဖုလ္လပဋိသင်္ခရဏံ၊ကျိုးပြတ်သော အရပ် ပေါက်ကွဲသော အရပ်ကို။[သဒ္ဒတ္ထ] မှီစသည်တို့ဖြင့် ငြိကပ်သော အရပ်ကို။[အဓိပ္ပါယတ္ထ] အသစ်ဖြစ်အောင် တဖန်ပြုခြင်းကို။ (ဝါ) ပြင်ဆင်ခြင်းကို။[ဝေါဟာရတ္ထ] (ဘိက္ခုဟိ၊ရဟန်းတို့ကို။) ကာရာပေတွာ၊ပြုစေပြီး၍။ဝဿူပနာယိကာယ၊ဝါကပ်ရာနေ့သည်။(ဝါဆိုရာနေ့သည်) ဥပကဋ္ဌာယ၊နီးကပ်လသော်။ဘိက္ခုသံဃံ၊ရဟန်းသံဃာကို။ဩဟာယ၊ပယ်စွန့်၍။ရာဇဂဟံ၊ရာဇဂြိုဟ်မြို့သို့။ဂတော၊ကြွတော်မူပြီ။

(ခ) အညေ၊အရှင်အာနန္ဒာမှ အခြားကုန်သော။မဟာသင်္ဂါဟကာ၊သုတ် အဘိဓမ္မာ, ဝိနည်းကိုသဘောတူ ပေါင်းယူမည်ဖြစ်သော။ဘိက္ခူပိ၊ရဟန်းတော်တို့သည်လည်း။တထာ၊ထိုအတူတည်း။ (ဂ) ဟိ၊ဆက်ဦးအံ့။ (တနည်း) ဟိ၊မှန်၏။ဖဝံ၊ဤသို့။ဂတော၊ကြွတော်မူကြကုန်သော။တေ၊ထိုရဟန်းတော်တို့ကို။သန္ဓာယ၊ရည်ရွယ်၍။အထခေါ (ပ) သင်္ဂါယိတုန္တိ၊ အထခေါ (ပ) သင်္ဂါယိတုံဟူသော။ဣဒံ၊ဤစကားကို။သင်္ဂီတိကာရေဟိ၊သင်္ဂါယနာတင်

http://www.dhammadownload.com



ထေရ်တို့သည်။ဝုတ္တံ၊မိန့်ဆိုအပ်ပြီ။ * အထခေါ၊ထိုအခါ၌။ထေရာ၊ထေရ်ဖြစ်ကုန်သော။ ဘိက္ခူ၊တို့သည်။ဓမ္မဥ္စ၊သုတ် အဘိဓမ္မာကိုငင်း။ဝိနယဥ္စ၊ဝိနည်းကိုငင်း။သင်္ဂါယိတုံ၊သင်္ဂါယနာ တင်ခြင်းငှာ။ရာဇဂဟံ၊သို့။အဂမံသု၊ကြွတော်မူကြကုန်ပြီ။

(ယ) တေ၊ထိုရဟန်းတော်တို့သည်။အာသဠ္ဟိပုဏ္ဏမာယံ၊ဝါဆိုလပြည့်နေ့၌။(အာသဠ္ဟိ နက္ခတ်နှင့် စန်းယှဉ်သော ပြည့်ဝသော လရှိရာနေ့၌။) ဥပေါသထံ၊ဥပုသ်ကို။ကတွာ၊ပြု၍။ပါဋိပဒဒိဝသေ၊အထွက်တစ်ရက်နေ့၌။(ဝါ) ဝါဆိုလပြည့်ကျော် တစ်ရက်နေ့၌။ သန္နိပတိတွာ၊စုဝေး၍။ဝဿံ၊ဝါသို့။ဥပဂစ္ဆိံသု၊ကပ်ကြကုန်ပြီ။

➤ ❷။ (ခ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် အရှင်အာနန္ဒာသည် ဇေတဝန် ကျောင်းတော်ကို ပြင်ဆင်ပြီး၍ ဝါဆိုခါနီးလတ်သော် ရဟန်းအပေါင်းကို စွန့်၍ ရာဇဂြိုဟ် မြို့သို့ သွား၏ဟု ဖွင့်ဆိုတော်မူ၏။ အရှင်အာနန္ဒာ တစ်ပါးတည်သာ ရာဇဂြိုဟ်မြို့သို့ သွားပါသလော။ အဘယ်သို့ မှတ်သားရပါမည်နည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် အခြားကုန်သော သင်္ဂါယနာတင်မည့် မထေရ်တို့သည်လည်း ထိုအတူ ရာဇဂြိုဟ်မြို့သို့ ကြွသွားကုန်၏ဟု ဖွင့်ပြတော်မူ၏။ သင်္ဂါယနာတင် ပါဠိ၌ သာမညအားဖြင့် ရာဇဂြိုဟ်မြို့သို့ သွားသည်ကိုသာ ဆိုထားသည် မဟုတ်ပါလော။ ထိုသို့ ဖြစ်ပါလျက် သင်္ဂါယနာတင် ရဟန်းတို့သည် ရာဇဂြိုဟ်မြို့သို့ သွားကုန်၏ဟုဆိုသော ဆရာ့စကား အသို့သင့်နိုင်ပါအံ့နည်း။ သင်္ဂါယနာတင် ပါဠိနှင့် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

➤ ❸။ [က–ဝါကျကို၌] (၁) နနု ဝဿူပနာယိကာ ဥပကဋ္ဌာ ဟောတိ။

(၂) အထ ကိမတ္ထံ အာနန္ဒတ္ထေရော ဘိက္ခုသံဃံ ဩဟာယ ရာဇဂဟံ ဂတော။

(၃) ဓမ္မသင်္ဂါယနတ္ထာယ။

(တနည်း) နနု ဇေတဝနမဟာဝိဟာရေ ခဏ္ဍဖုလ္လ ပဋိသင်္ခရဏံ ကာရာပေတိ။

(၄) တသ္မာ အာနန္ဒတ္ထေရော ဘိက္ခုသံဃံ ဩဟာယ ရာဇဂဟံ ဂတော။

[ခ+ဂ–ဝါကျတို့ကို ၌ ] (၁) နနု သင်္ဂီတိပါဠိယံ သာမညေန ဝုတ္တံ။

(၂) အထ ကသ္မာ တထာ အဝေပိ ဓမ္မသင်္ဂါဟကာ ဘိက္ခူတိ ဝုတ္တံ။

(၃) နနု ယသ္မာ ဇဝံ ဂတေ သန္ဓာယ ဣဒံ ဝုတ္တံ "အထခေါ ထေရာ ဘိက္ခူ ရာဇ ဂဟံ အဂမံသု ဓမ္မဥ္စ ဝိနယဥ္စ သင်္ဂါယိတု"န္တိ။

(၄) တသ္မာ တထာ အဝေပိ ဓမ္မသင်္ဂါဟကာ ဘိက္ခူတိ ဝုတ္တံ။

➤ ❹။ ခဏ္ဍိယတေ ဆိန္ဒိယတေတိ ခဏ္ဍံ။ ခဏ္ဍတိ ဆိန္ဒတီတိ ခဏ္ဍံ။

(၃) ကျိုးပြတ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ကျိုးပြတ်သော အရပ်သည် ဝစနီယ မည်၏။ (၆) ဆိန္ဒ-ဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ။

* ဥပနေန္တိ ဥပဂစ္ဆန္တိ ဧတ္ထာတိ ဥပနာယိကာ။

http://www.dhammadownload.com



ဝသဿ ဥပနာယိကာ **ဝဿူပနာယိကာ**။ (၃) ဝါ၏ ကပ်ရာအချိန်နှင့် ကာလ-ကာလဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဝါကပ်ရာ အချိန်သည် ဝစနီယ။ (၆) ဝဿူပဂတကာလ-ဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ။

* သမောဓာနေတွာ ဂဏှိုသန္တိတိ **သင်္ဂါဟကာ**။

➢ ❺ ။ **ဥပကဋ္ဌာယ**-ကို ဥပကဋ္ဌတ္တာ (တနည်း) ဥပကဋ္ဌတာယ-ဟု ဟိတ်ပြင်လျှင် သမ္ဗန်ကား ဝဿူပနာယိကာယ ဖြစ်ပါသည်။ (၏/သည် စပ်)

**ဩဟာယ**-ကို ဩဟာယန္တတ္တာ (တနည်း) ဩဟာယိတတ္တာ-ဟု ဟိတ်ပြင်လျှင်-သမ္ဗန်ကား အာနန္ဒတ္ထေရဿ ဖြစ်ပါသည်။ (၏/သည် စပ်)

➢ ❶ ။ **ဝိဟာရေ-အရ** ။ ။ ကျောင်းတိုက်ကြီး တစ်ကျောင်းတိုက်လုံးကို ယူရမည်။ **ပရိဝေဏ-အရ** ။ ။ အပိုင်းအခြား၏အစွမ်းဖြင့် ကာရံထားအပ်သော ကျောင်းဆောင် အသီးသီးကို ယူရပါမည်။

**ဓမ္မစက္ကံ-အရ** ။ ။ ဒေသနာဉာဏ်နှင့် ပဋိဝေဓဉာဏ်ကို ယူရပါမည်။

➢ ❶ ❶ ။ **ရာဇဂဟံ ဂတော-၌ ဓာတ်အရ အနက်တွေကို ရှု၍** ။ ။ သွားခြင်း ကြိယာပုဒ်ကို ဖြစ်စေတတ်သော ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟ ဌာယီဘာဝ, ဝိရုရသ မည်၏။ ရာဇဂြိုဟ်မြို့သည် အာရမ္မဏဝိဘာဝ မည်၏။ ဇေတဝန်ကျောင်းတော်ကြီး၌ ပြင်ဆင်မှုကို ပြုစေခြင်း, ဝါကပ်ချိန်နီးခြင်း အကြောင်းတရားတို့သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ ရာဇဂြိုဟ်မြို့သို့ ရောက်ရှိခြင်း ရဟန္တာဖြစ်ကြခြင်း သင်္ဂါယနာတင်ခြင်း အကျိုးတို့သည် အနုဘာဝ မည်၏။

---

**ဓါကျ (၉) [ဌ၊၉။]**

**(က) တေ သဗ္ဗေပိ ဆဒ္ဒိတပတိတဥက္ကာပါ အဟေသုံ၊**

**(ခ) ဘဂဝတော ဟိ ပရိနိဗ္ဗာနေ သဗ္ဗေပိ ဘိက္ခူ အတ္တနော အတ္တနော ပတ္တစီဝရမာဒါယ ဝိဟာရေ စ ပရိဝေဏေ စ ဆဍ္ဍေတွာ အဂမံသု၊ (ဂ) တတ္ထ ကတိကဝတ္တံ ကုရုမာနာ ထေရာ "ဘဂဝတော ဝစနပူဇနတ္ထံ.တိတ္ထိယဝါဒပရိမောစနတ္ထဉ္စ ပဌမံ မာသံ ခဏ္ဍဖုလ္လပဋိသင်္ခရဏံ ကရောမာ" တိ စိန္တေသုံ**

**(ဃ) တိတ္ထိယာ ဟိ ဝဒေယျုံ "သမဏဿ ဂေါတမဿ သာဝကာ သတ္ထရိ ဌိတေယေဝ ဝိဟာရေ ပဋိဇဂ္ဂိသု၊ ပရိနိဗ္ဗုတေ ဆဍ္ဍေသုံ၊ ကုလာနံ မဟာဓနပရိစ္စာဂေါ ဝိနဿတီ" တိ၊**

**(င) တေသဉ္စ ဝါဒပရိမောစနတ္ထံ စိန္တေသုန္တိ ဝုတ္တံ ဟောတိ၊**

**(စ) ဧဝံ စိန္တယိတွာ စ ပန ကတိကဝတ္တံ ကရိံသု၊** (ဘာသာဋီကာ၊ ဒု၊ ၇၁)

➢ ❶ ။ (က) တေ. သဗ္ဗေပိ၊ထိုအလုံးစုံသော ကျောင်းတိုက်ကြီးတို့သည်လည်း။ ဆဒ္ဒိတပတိတဥက္ကာပါ၊စွန့်ပစ်အပ်ကုန်, ပြိုကျကုန်, အမှိုက်အပေါင်းရှိကုန်သည်။အဟေသုံ၊ ဖြစ်ကုန်ပြီ။ (ခ) ဟိ၊မှန်၏။/ဟိ၊ချဲ့ဦးအံ့။ဘဂဝတော၊မြတ်စွာဘုရား၏။ပရိနိဗ္ဗာနေ၊ပရိနိဗ္ဗာန်

http://www.dhammadownload.com



စံတော်မူခြင်းကြောင့်။သဗ္ဗေပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ဘိက္ခူရဟန်းတို့သည်။အတ္တနော အတ္တနော၊မိမိ မိမိ၏။ပတ္တစီဝရံ၊သပိတ်သင်္ကန်းကို။အာဒါယ၊ယူ၍။ဝိဟာရေ စ၊ကျောင်းတို့ ကိုငင်း။ပရိဝေဏေစ၊ပရိဝုဏ်တို့ကိုငင်း။ဆဍ္ဍေတွာ၊စွန့်ပစ်၍။အဂမံသု၊သွားကြကုန်ပြီ။

(ဂ) တတ္ထ၊ထိုကျောင်းတိုက်တို့၌။ကတိကဝတ္တံ၊ကတိကဝတ်ကို။ကုရုမာနာ၊ပြုလိုကုန်သော။ထေရာ၊ထေရ်တို့သည်။ဘဂဝတော၊မြတ်စွာဘုရား၏။ဝစနပ္ပဟနတ္ထံ၊စကားတော်ကို ပယ်ဖျက်ခြင်းအကျိုးငှာငင်း။တိတ္ထိယဝါဒပရိမောစနတ္ထဉ္စ၊တိတ္ထိတို့၏ ပြောဆိုကြောင်းအပြစ်မှ မိမိတို့ကို လွတ်မြောက်စေခြင်းအကျိုးငှာငင်း။ပဋ္ဌမံ မာသံ၊ပဌမလပတ်လုံး။ခဏ္ဍဖုလ္လပ္ပဋိသင်္ခရဏံ၊ကျိုးပြတ်သောအရပ်, ပေါက်ကွဲသော အရပ်ကို ပြင်ဆင်မှုကို။ကရောမ၊ပြုကြကုန်စို့။ဣတိ၊ဤသို့။စိန္တေသုံ၊ကြံစည်ကြကုန်ပြီ။ (ဝါ) တိုင်ပင်ကြကုန်ပြီ။

(ဃ) ဟိ၊ချဲ့ဦးအံ့။/ဟိ၊ထင်ရှားအောင် ပြဦးအံ့။တိတ္ထိယာ၊တိတ္ထိတို့သည်။ဧဝံ၊ဤသို့။ဝဒေယျုံ၊ပြောဆိုကုန်ရာ၏။(ကိံ၊အဘယ်သို့ ပြောဆိုကုန်ရာသနည်း။) သမဏဿ ဂေါတမဿ၊ရဟန်းဂေါတမ၏။သာဝကာ၊သာဝကတို့သည်။သတ္ထရိ၊ဆရာသည်။ဌိတေယေဝ၊တည်ရှိစဉ်သာလျှင်။ဝိဟာရေ၊ကျောင်းတို့ကို။ပဋိဇဂ္ဂိံသု၊သုတ်သင်ကြကုန်ပြီ။(ဝါ) စောင့်ရှောက်ကြကုန်ပြီ။ပရိနိဗ္ဗုတေ၊ပရိနိဗ္ဗာန် စံပြီးလတ်သော်။ဆဍ္ဍေသုံ၊စွန့်ပစ်ကြကုန်ပြီ။ကုလာနံ၊အမျိုးတို့၏။မဟာနေပရိစ္စာဂေ၊များစွာသော ဥစ္စာတို့ကို စွန့်လှူခြင်းသည်။ဝိနဿတိ၊ပျက်စီး၏။ဣတိ၊ဤသို့။ဝဒေယျုံ၊ပြောဆိုကုန်ရာ၏။

(င) တေသံ၊ထိုတိတ္ထိတို့၏။ဝါဒပရိမောစနတ္ထဉ္စ၊ပြောဆိုကြောင်းအပြစ်မှ မိမိတို့ကို လွတ်မြောက်စေခြင်းအကျိုးငှာလည်း။စိန္တေသုံ၊ကြံစည်ကြကုန်ပြီ။(ဝါ) တိုင်ပင်ကြကုန်ပြီ။ ဣတိ၊ဤအနက်သည်။(ဝါ)ဤအနက်ကို။ဝုတ္တံ၊ဆိုအပ်သည်။(ဝါ) ဆိုလိုသည်။ဟောတိ၊၏

(စ) စ ပန၊ထပ်၍ ဆက်ဦးအံ့။ဧဝံ၊ဤသို့။စိန္တယိတွာ၊ကြံစည်ပြီး၍။(ဝါ) တိုင်ပင်ပြီး၍။ကတိကဝတ္တံ၊ကတိကဝတ်ကို။ကရိံသု၊ပြုကြကုန်ပြီ။ (ဘာသာဋီကာ၊ဒု၊၇၁)

➢ ❷ ။ (ခ) သို့/ **အနုသာသန္တ** ။ ။ ဤသို့ (က) ဖြင့် တဆယ့်ရှစ်ရပ်သော ကျောင်းတိုက်ကြီးတို့၏ စွန့်ပစ်အပ်ကုန်သည်, ဖရိုဖရဲပြိုကျပျက်စီးကုန်သည်, အမှိုက်ရှုပ်ကုန်သည်၏ အဖြစ်ကို ပြပြီး၍၊ ယခုအခါ၌ ထိုဆိုအပ်ပြီးသော အနက်ကိုပင်လျှင် အကြောင်းအားဖြင့် ပြခြင်းငှာ (ခ) မိန့်။

(စ) သို့/ **အာစရိယဘူတ္တာစောခနာ** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အလုံးစုံလည်း ဖြစ်ကုန်သော ကျောင်းတို့သည် ဆဍ္ဍိတပတိတ ဥက္လာပ ဖြစ်ကုန်၏ဟု ဆို၏။ ထိုအခါ၌ သာသနာတော် ထွန်းလင်းတောက်ပသည်ဖြစ်၍ များစွာသော ရဟန်းတို့ ရှိကုန်သည် မဟုတ်ပါလော၊ ထိုရဟန်းတို့သည်လည်း သေနာသနဝတ်ကို ဖြည့်ကျင့်လေ့ရှိကုန်သည် မဟုတ်ပါလော၊ ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ထိုတဆယ့်ရှစ်ရပ်သော ကျောင်းတိုက်ကြီးတို့သည် ရဟန်းတို့ စွန့်ပစ်, ထိုမှ ဤမှပျက်စီး, အမှိုက်ရှုပ်ပါကုန်သနည်း။ (ခ) မိန့်။

http://www.dhammadownload.com



(ခ) သို့/ ပုစ္ဆာ ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် တဆယ့်ရှစ်ရပ်သော ကျောင်းတိုက်ကြီးတို့၏ စွန့်ပစ်အပ်ကုန်သည်, ဖရိုဖရဲပြိုကျပျက်စီးကုန်သည်, အမှိုက်ရှုပ်ကုန်သည်၏ အဖြစ်ကို ပြဆိုတော်မူ၏။ ထိုရဟန်းတို့ စွန့်ပစ်အပ်သည် စသည်၌ အကြောင်းကား အဘယ်ပါနည်း၊ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (က) ဖြင့် --ပြပြီး၍၊ ယခုအခါ၌ ထိုရဟန်းတော်တို့ စွန့်ပစ်အပ်သည်၏အဖြစ် စသည်၏အကျိုးကို ပြခြင်းငှာ (ဂ) မိန့်။

(ဂ) သို့/ ပုစ္ဆာ ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် --ပြဆိုတော်မူ၏။ ရဟန်းတော်တို့ စွန့်ပစ်အပ်သည်၏အဖြစ် စသည်၏အကျိုးကား အဘယ်ပါနည်း။ စုဒ်- (ဂ) မိန့်။

(ဃ+င) သို့/ အနုသန္ဓေ ။ ။ ဤသို့ (ဂ) ဖြင့် ဘုရားစကားတော်ကို ပူဇော်ခြင်းအကျိုး တိတ္ထိယဝါဒမှ လွတ်ခြင်းအကျိုးငှာ ရဟန်းတို့အား အကြံအစည်ဖြစ်ခြင်းကို ပြပြီး၍၊ ယခုအခါ၌ တိတ္ထိယဝါဒ ပရိမောစနတ္ထဉ္စဟူ၍ ဆိုအပ်ပြီးသော အပါကဋတ္ထကို ထင်စွာပြခြင်းငှာ (ဃ+င) ဝါကျတို့ကိုမိန့်။

(ဃ+င) သို့/ ပုစ္ဆာ ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့်--ပြဆိုတော်မူ၏။ တိတ္ထိယဝါဒ ပရိမောစနတ္ထဉ္စဟူ၍ ဆိုအပ်ပြီးသော အပါကဋတ္ထကို ထင်စွာပြကြောင်းဖြစ်သော စကားကား အဘယ်နည်း၊ စုဒ်ကြောင့် (ဃ+င) ဝါကျတို့ကို မိန့်။

(င) သို့/ အနုသန္ဓေ ။ ။ ဤသို့ (ဃ) ဖြင့် တိတ္ထိယဝါဒပရိမောစနတ္ထံဟူသော ပုဒ်ဝယ် ဝါဒဟူသော ပုဒ်၏အရ ဝဒနာကာရကို ပြပြီး၍၊ ယခုအခါ၌ တိတ္ထိယဟူသော ပုဒ်နှင့် ဝါဒပရိမောစနဟူသော ပုဒ်၏ ဆဋ္ဌီတပ္ပုရိသ်သမာသ်ကိုငှင်း, တိတ္ထိယဝါဒပရိမောစနတ္ထံဟူသော ပုဒ်ကို စိန္တေသုံဟူသော ကြိယာပုဒ်နှင့် စပ်အပ်သည်၏အဖြစ်ကိုငှင်း ပြခြင်းငှာ (င) ဝါကျကိုမိန့်။

(င) သို့/ လီနတ္ထရစောဒနာ ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် တိတ္ထိယဝါဒပရိမောစနတ္ထံဟူသော ပုဒ်ဝယ် ဝါဒဟူသော ပုဒ်၏အရ ဝဒနာကာရကို ပြဆိုတော်မူ၏။ တိတ္ထိယဟူသောပုဒ်နှင့် ဝါဒပရိမောစနဟူသောပုဒ်ကား အဘယ်သမာသ်နည်း၊ တတိယာတပ္ပုရိသ်သမာသ်လော၊ တိတ္ထိယဝါဒပရိမောစနတ္ထံ ဟူသော ပုဒ်ကို အဘယ်ကြိယာပုဒ်နှင့် စပ်အပ်ပါသနည်း၊ ကရောမ-ဟူသော ကြိယာပုဒ်နှင့် စပ်အပ်ပါသလော၊ ဤသို့သော လီနတ္ထရစောဒနာကို ရည်၍ (င) မိန့်။

(စ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (ဃ+င) တို့ဖြင့် ဝဒနာကာရ စသည်ကို ပြပြီး၍၊ ယခုအခါ၌ မထေရ်တို့ ကတိကဝတ်ပြုစဉ် အကြံအစည်ဖြစ်သည်မဟုတ်၊ စင်စစ်သော်ကား အကြံအစည်ဖြစ်သည်မှနောက်၌ ကတိကဝတ်ပြုကုန်သည်ဟု ပြခြင်းငှာ (စ) မိန့်

(စ) သို့/ ပုစ္ဆာ ။ ။ ဆရာ၊ ဆရာသည် (ဃ+င) တို့ဖြင့် ဝဒနာကာရ စသည်ကို ပြဆို၏။ "ကတိကဝတ္တံ ကုရုမာနာ ထေရာ"ဟု ဆိုအပ်သည်၏အဖြစ်ကြောင့် မထေရ်တို့

http://www.dhammadownload.com



ကတိကဝတ်ပြုစဉ် အကြံအစည်ဖြစ်သလော၊ ထိုသို့မဟုတ်မူကား အကြံအစည်ဖြစ်သည် မှ နောက်၌ ကတိကဝတ်ကို ပြုကြကုန်သလော၊ စုဒ်ကြောင့် (စ) မိန့်။

**အမှာ/** လော? နှစ်ခုလုံး ကိံသဒ္ဒါဖြင့် ပါဠိစီရသောကြောင့် ပုစ္ဆာတက်ပင်ဖြစ်၏။

➢ ❸ ။ **နနုသဒ္ဒါ ထားရခြင်း** ။ ။ နနု ဘဂဝါ အယံ တုမှာကံ နာနကာလော (၄၊၈) ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူခြင်းဟူသော အကြောင်းကို မနှစ်သက်၍ "နနု"သဒ္ဒါ ထားပါသည်။

➢ ❹ ။ တရန္တိ ပ္လဝန္တိ ဧတ္ထ ဗာလာတိ **တိတ္ထံ**။ (ဧတ္ထ၊ဤမိစ္ဆာအယူ၌)

• တရန္တိ ဩတရန္တိ ဧတ္ထာတိ တိတ္ထံ။ (ဥဒကတိတ္ထံ) တိတ္ထံ ဝိယ တိတ္ထံ။

တိတ္ထံ ဧတေသံ အတ္ထီတိ **တိတ္ထိယာ**။ (၃) မိစ္ဆာအယူ၏ တိတ္ထိပုဂ္ဂိုလ်ဒြဗ်တို့နှင့် နိဿိတ နိဿယ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်အနက်ဟုဆိုအပ်သော သကတ်သည် ဝစန ဟေတု မည်၏။ (၅) မိစ္ဆာအယူရှိသော တိတ္ထိပုဂ္ဂိုလ်ဒြဗ်သည် ဝစနီယ မည်၏။

(၆) အညလဒ္ဓိကာ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

ဘဂဝတော ဩဝါဒံ သုဏန္တီတိ **သာဝကာ**။ (၃) ဘုရား၏ အဆုံးအမကို နာခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) တပည့်ဒြဗ်သည် ဝစနီယ မည်၏။ (၆) အန္တေဝါသိကာ, သိဿာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

✱ အဝကုဇ္ဇံ ပူတိဘာဝံ အပေါတိ အဂမာသီတိ **ဉက္ကာစပေါ**။/ဉစ္ဆိဋ္ဌော ကလာပေါ ဉကလာပေါ။ ဉက္လာပေါ ယေသံ အတ္ထီတိ **ဉက္လာပါ**။

• ➢ ❺ ။ (ယ) ၌ ပရိနိဗ္ဗုတေ-ကို ပရိနိဗ္ဗုတတ္တာ-ဟု ဟိတ်ပြင်လျှင်- သတ္ထုနော- ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

➢ **၈**။ **ဝိဟာရနှင့် ပရိဝေဏ အထူး** ။ ။ များစွာသော ကျောင်းရှိသော ကျောင်း တိုက်သည် (ဝါ) ကျောင်းတိုက်ကြီးသည် ဝိဟာရမည်၏။ ၎င်းကျောင်းတိုက်ကြီးအတွင်း၌ အသီးအသီး တံတိုင်းဖြင့် ပိုင်းခြားသတ်မှတ်အပ်သော အရပ်သည် ပရိဝေဏမည်၏။

➢ ❾ ။ (စ) ဗုဒ္ဓဿံ ပရိနိဗ္ဗာနေ၊ ပတ္တာဒိံ ဂယှ ဘိက္ခဝေါ။

အတ္တနော ဟိ ဝိဟာရာဒိံ၊ ဆဍ္ဍေတွာ အဂမံသု ခေါ။ (ပဏ္ဏာဝတ္တဂါထာ)

➢ ❶❿ ။ **အထဿ သတ္တာဟံ သုဝဏ္ဏဝဏ္ဏံ သရီရံ ဂန္ဓမာလာဒီဟိ ပူဇယိံသု**။ (၄၊၇။) ၌ ပူဇာတတ်အရကို ကိုယ်ပြု၍ ။ ။ (၁) မလ္လာမင်းတို့၏ ပူဇော်သော အခြင်းအရာ အားဖြင့်ဖြစ်သော ဒါနစေတနာ ဝီရိယပြဓာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် (ဝါ) ၎င်း၌ရှိသော ဝီရိယသည် ဉဿာဟဌာယီဘာဝ+ဒါနဝီရိယ မည်၏။ (၂) သုဝဏ္ဏဝဏ္ဏံ သရီရံ-အရ ဘုရားရှင်၏ အလောင်းတော် ရုပကာယသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ဂန္ဓမာလာဒီဟိ-အရ နံ့သာ ပန်း-စသောပူဇော်ဘွယ်ဝတ္ထု၊ သတ္တာဟံ-အရ ခုနစ် ရက်ကာလနှင့် တန်ခိုး ဧရှ့အဘို့၌ဖြစ်သော လှံ့လစသည်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။

http://www.dhammadownload.com



(၄) ပူဇော်သော အခြင်းအရာ ကာယိကဗျာပါရနှင့် အာယု ဝဏ္ဏ သုခ ဗလ စသည်သည် အနုဘာဝ မည်၏။

**ပါဠိ (၁၀)** [၄၁၀။]

**(က) တသ္မိဉ္စပန ဒိဝသေ ကေစ္စေ ဘိက္ခူ အာယသ္မန္တံ အာနန္ဒံ သန္ဓာယ ဧဝမာဟံသု ""ကုမသ္မိ ဘိက္ခုသံဃေ ဧကော ဘိက္ခု ဝိသဂန္ဓံ ဝါယန္တော ဝိစရတိ"" တိ၊**

**(ခ) ထေရော တံ သုတွာ ""ကုမသ္မိ ဘိက္ခုသံဃေ အညော ဝိသဂန္ဓံ ဝါယန္တော ဝိစရဏက ဘိက္ခု နာမ နတ္ထိ၊ အဒ္ဓါ ဧတေ မံ သန္ဓာယ ဝဒန္တိ"" တိ သံဝေဂံ အာပဇ္ဇိ၊**

**(ဂ) ကေစ္စေ နံ အာဟံသုယေဝ ""သေ့ အာဝုသော အာနန္ဒ သန္ဓိပါတော၊ တွဉ္စ သေက္ခော သကရဏီယော၊ တေန တေ န ယုတ္တံ သန္ဓိပါတံ ဂန္တုံ အပ္ပမတ္တော ဟောတိ"" တိ၊ (၄၁၀)**

➤ ❶ ။ (က) စ ပန၊ဆက်၍ အထူးပြဆိုဦးအံ့။တသ္မိံ ဒိဝသေ၊ထိုလျှောက်ထားစေရာ နေ့၌။(တစ်နည်း) ပန၊ဆက်ဦးအံ့။တသ္မိံစ ဒိဝသေ၊ထိုနေ့၌လည်း။ကေစ္စေ၊အချို့ကုန်သော၊ ဘိက္ခူ၊ရဟန်းတို့သည်။အာယသ္မန္တံ အာနန္ဒံ၊အရှင်အာနန္ဒာကို။သန္ဓာယ၊ရည်ရွယ်၍။ဧဝံ၊ဤသို့၊ အာဟံသု၊ပြောကြကုန်ပြီ။ (ကိံ) ဣမသ္မိံ ဘိက္ခုသံဃေ၊ဤရဟန်းအပေါင်း၌။ (ဝါ) တွင်။ ဧကော၊တစ်ပါးသော။ဘိက္ခု၊ရဟန်းသည်။ဝိသဂန္ဓံ၊ညှီစို့စို့ အနံ့ကို။ဝါယန္တော၊လှိုင်စေလျက်။ (ဝါ) နံစေလျက်။ဝိစရတိ၊လှည့်လည်၏။ဣတိ၊ဤသို့။အာဟံသု၊ပြောကြကုန်ပြီ။

(ခ) ထေရော၊အရှင်အာနန္ဒာထေရ်သည်။တံ၊ထိုစကားကို။သုတွာ၊ကြားရ၍။ဣမသ္မိံ ဘိက္ခုသံဃေ၊ဤရဟန်းအပေါင်း၌။(ဝါ) တွင်။အညော၊ငါမှတစ်ပါးသော။ဝိသဂန္ဓံ၊ကို။ ဝါယန္တော၊လှိုင်စေလျက်။(ဝါ) နံစေလျက်။ဝိစရဏကဘိက္ခုနာမ၊လှည့်လည်သော ရဟန်း မည်သည်။နတ္ထိ၊မရှိ။အဒ္ဓါ၊မချွတ်ကေန်။ဧတေ၊ဤရဟန်းတို့သည်။မံ၊ငါ့ကို။သန္ဓာယ၊ရည်ရွယ်၍။ဝဒန္တိ၊ပြောဆိုကြကုန်၏။ဣတိ၊ဤသို့ ကြံ၍။သံဝေဂံ၊ထိတ်လန့်ခြင်းသို့။(ထိတ်လန့် ကြောင်း သဟောတ္တပ္ပဉာဏ်သို့။) အာပဇ္ဇိ၊ရောက်ပြီ။

(ဂ) ကေစ္စေ၊အချို့ကုန်သော ရဟန်းတို့သည်။နံ၊ထိုအရှင်အာနန္ဒာကို။အာဟံသုယေဝ၊ တိုက်ရိုက်ပင် ပြောကြကုန်ပြီ။(ကိံ၊အဘယ်သို့ ပြောကြကုန်သနည်း) အာဝုသော အာနန္ဒ၊ ငါ့ရှင် အာနန္ဒာ။သွေ၊နက်ဖန်၌။ သန္ဓိပါတော၊ခီဏာသဝ သံဃာ့အစည်းအဝေးတည်း။ တွဉ္စ၊သင်သည်လည်း။သေက္ခော၊သေက္ခသည်။ဟုတွာ၊ဖြစ်၍။သကရဏီယော၊အထက် မဂ်အလို့ငှာ ပြုဖွယ်နှင့်တကွဖြစ်၏။တေန၊ထို့ကြောင့်။ [ထိုသို့ နက်ဖန် ခီဏာသဝ သံဃာ့ အစည်းအဝေး ဖြစ်လတ့်၏ အဖြစ်ကြောင့်။] (တနည်း) တေန၊ထိုသို့ သေက္ခ သကရဏီယ ၏ အဖြစ်ကြောင့်။] တေ၊သင့်အား။(ဝါ) သင်သည်။သန္ဓိပါတံ၊ခီဏာသဝ သံဃာ့အစည်း အဝေးသို့။ဂန္တုံ၊သွားခြင်းငှာ။(ဝါ) သွားခြင်းသည်။န ယုတ္တံ၊မသင့်။အပ္ပမတ္တော၊မမေ့မလျော့ သည်။ဟောတိ၊ဖြစ်ပါလော။ဣတိ၊ဤသို့။(အာဟံသုယေဝ၊တိုက်ရိုက်ပင် ပြောဆိုကြကုန်

http://www.dhammadownload.com



ပြီ။ (ဘာသာဋီကာ၊ ပ၊ ၇၆)

➤ ❷။ **(က) စသည်သို့/ အပရာနူသစန္ဓ ။ ။** ယခုအခါ၌ အရှင်အာနန္ဒာ၏ ရဟန္တာဖြစ်ပုံကို ပြလိုသော ဆရာသည် (က) စသော ဝါကျတို့ကို မိန့်။

**(အ) ဝါကျကို လိုရင်းကောက်၍ ပညတ်နည်း စာထွက်**

(က) ၌ လိုရင်းကား "ကေစ္စေ ဘိက္ခူ အာယသ္မန္တံ အာနန္ဒံ ဝေမာဟံသု"တည်း။

အဓိပ္ပါယ်ကား- အချို့ကုန်သော ရဟန်းတို့သည် အရှင်အာနန္ဒာကို ဤသို့ ဆိုကြကုန်ပြီ-ဟူလို။

ဆရာ၊ ဆရာသည် ကေစ္စေ ဘိက္ခူ အာယသ္မန္တံ အာနန္ဒံ ဝေမာဟံသု-ပါဌ်ဖြင့် အချို့ကုန်သော ရဟန်းတို့သည် အရှင်အာနန္ဒာကို ဤသို့ ဆိုကြ ကုန်ပြီ-ဟု ပြဆိုတော်မူ၏။ အဘယ်သို့ ပြ၍ ဆိုကြပါကုန်သနည်း။ တိုက်ရိုက်ပြ၍ ဆိုကြပါကုန်သလော။ ဤသို့ မေးဖွယ်ရှိသောကြောင့် **သန္ဓာယ**-ပါဌ်ကို မိန့်။

အဓိပ္ပါယ်ကား - တိုက်ရိုက်ပြ၍ ဆိုကြကုန်သည် မဟုတ်၊ ရည်ရွယ်သမှုပြု၍ ဆိုကြကုန်၏ဟူလို။

ဆရာ၊ ဆရာသည် ကေစ္စေ ဘိက္ခူ အာယသ္မန္တံ အာနန္ဒံ သန္ဓာယ ဝေမာဟံသု-ပါဌ်ဖြင့် အချို့ကုန်သော ရဟန်းတို့သည် အရှင်အာနန္ဒာကို ရည်ရွယ်သမှုပြု၍ ဆိုကြကုန်ပြီ-ဟု ပြဆိုတော်မူ၏။ ယင်းရည်ရွယ်၍ ပြောဆိုအပ်သော စကားတို့ကား အဘယ်ပါနည်း။ ဟူးဟူးဗြားဗြားစကား ဖြစ်ကောင်းအံ့လော။--ကြောင့် **ဣမံသို့ (ပ) ဝိစရတိ** မိန့်။

အဓိပ္ပါယ်ကား- ဟူးဟူးဗြားဗြား စကားမျိုး မဟုတ်၊ ဤရဟန်းအပေါင်းတွင် ရဟန်းတစ်ပါးသည် ညှီစို့စို့ အနံ့ကို လှိုင်စေလျက် (ဝါ) နံစေလျက် လှည့်လည်၏ဟု ပြောဆိုကြသော စကားများဖြစ်ပါ၏ဟူလို။

ဆရာ၊ ဆရာသည် ကေစ္စေ (ပ) ဝိစရတိ-ဖြင့် ဤရဟန်းအပေါင်းတွင် ရဟန်းတစ်ပါးသည် ညှီစို့စို့ အနံ့ကို လှိုင်စေလျက် (ဝါ) နံစေလျက် လှည့်လည်နေ၏ဟူသော စကားတို့ကို ဆိုကြကုန်ပြီဟု ပြဆို၏။ ယင်းစကားတို့ကို အဘယ်နေ့ရက်၌ ပြောဆိုကြပါသနည်း။ အဇာတသတ်မင်း သျှောက်ထားသော နေ့မှ နောက်တစ်နေ့၌ ပြောဆိုကြပါကုန်သလော။ စုဒ်ကြောင့် **တသ္မိံ ပန ဒိဝသေ**-ပါဌ်ကို မိန့်။

အဓိပ္ပါယ်ကား- နောက်တစ်နေ့၌ ပြောဆိုကြကုန်သည်မဟုတ်၊ အဇာတသတ်မင်း သျှောက်ထားရာ ဝါခေါင်လဆုတ်လေးရက်နေ့၌ပင် ပြောဆိုကြကုန်၏ဟူလို။

➤ ❸။ **အာယသ္မာ မဟာကဿပေါ ဥတ္တိဒုတိယေန ကမ္မေန သာဝေသိ။**

(၄၆) (၁) နနု အပလောကနဥတ္တိကမ္မမတ္တေန သာဝေတဗ္ဗံ။ (၂) အထ ကိမတ္ထံ အာယသ္မာ မဟာကဿပေါ ဥတ္တိဒုတိယေန ကမ္မေန သာဝေသိ။ (၃) ဂရုဘာဝဇနနတ္ထံ။ (၄) တသ္မာ အာယသ္မာ မဟာကဿပေါ ဥတ္တိဒုတိယေန ကမ္မေန သာဝေသိ။

http://www.dhammadownload.com



➤ ❻ ။ ဒိဗ္ဗန္တိ ကီဠန္တိ အသ္မိန္တိ **ဒိဝ၀သော**။ (တသ္မိ) (၃) ကစားမြူးတူးခြင်း ကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (၅) ကစားမြူးတူးရာ နေ့ဟူသော ကာလပညတ်ဖြစ် သည် ဝစနီယ မည်၏။ (၆) အဟ, ဒိန-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

* ဝိသဟတိ အသ္မောတိ ဂန္ဓေဟိ ဝိပ္ပယုဇ္ဇတီတိ **ဝိသံ**၊ ဝိသံ ဂန္ဓော **ဝိသဂန္ဓော**။ ဝိရူပေါ ဂန္ဓော **ဝိသဂန္ဓော**။ ဝိသဂန္ဓော ဝိယာတိ **ဝိသဂန္ဓော**။

(၃) ဖောက်ပြန်သော အသား စသည်တို့၏ အနံ့၏ ကိလေသာအနံ့နှင့် သဒိသ-သဒိသီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ကိလေသာအနံ့ဖြစ် သည် ဝစနီယ မည်၏။ (၆) အာမဂန္ဓ-ဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* သံဝိဇ္ဇတိ ဧတေနာတိ **သံဝေဇဂံ**။ (၃) ထိတ်လန့်ခြင်း ကြိယာသကတ်သည် ဝစန ဟေတု မည်၏။ (၅) သဟောတ္တပ္ပဉာဏ်ဖြစ်သည် ဝစနီယ မည်၏။ (၆) ဓမ္မသံဝေဂ, သန္တာသ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ဂန္ဓေတိ အတ္တနော ဝတ္ထုံ သူစေတီတိ **ဂန္ဓော**။

* သန္နိပတိဿတီတိ **သန္နိပါတော**။ (ပရိသာ, သဘာ, သမဇ္ဇာ, သမိတိ)

* ဂါဝေါ စရန္တိ ဧတ္ထာတိ **ဂေါစရော**။ (နွားစားကျက်အရပ်)

* ဂေါစရောဝိယာတိ **ဂေါစရော**။ (နွားစားကျက်နှင့်တူသော ရဟန်းတော်များ ဆွမ်းခံရာ အရပ်) * မဟန္တော ဂေါစရော အဿ ဧတ္ထာတိ ဝါ မဟာဂေါစရံ။ (ရာဇဂဟ်)

* ပရိစ္ဆေဒဝသေန ဝေဏီယန္တိ ဒိဿန္တီတိ ပရိဝေဏာ။

* မဏ္ဍံ ပါတိ နိဝါရေတီတိ **မဏ္ဍပေါ**။ * ဝိသေသေန မာနေတဗ္ဗန္တိ **ဝိမာနံ**။

➤ ❼ ။ **ဝါယဓန္တော**-ကို ဝါယန္တတ္တာ-ဟု ဟိတ်ပြင်လျှင်- ကေဿ ဘိက္ခုဿ-ဟု သမ္ဗန် ခံရပါမည်။ * **သံဝေဂံ**-ကို သံဝေဂတ္တာ-ဟု ဟိတ်ပြင်လျှင် ထေရဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

➤ ❽ ။ **သံဝေဂံ အာပဇ္ဇိ-၌ သံဝေဂ-အရ** ။ ။ ဒေါသနှင့်ယှဉ်သော ဘယသံဝေဂ သည် အရှင်အာနန္ဒာ၏ ရဟန္တာအဖြစ်သို့ ရောက်ဖို့ရန် စင်စစ်အကြောင်းအထောက်အပံ့ မဖြစ်နိုင်သောကြောင့်- သဟောတ္တပ္ပဉာဏ်နှင့်ယှဉ်သော ဓမ္မသံဝေဂကိုသာ ယူရမည်။ (ဒေါသနှင့်ယှဉ်သော ဘယသံဝေဂကို မယူရ။)

* **ဓမ္မစက္ခုံ ဧဟာတု-၌ ဓမ္မ-အရ** ။ ။ ဒေသနာဉာဏ် ပဋိဝေဓဉာဏ် နှစ်ပါးဖြင့်သာ လျှင် သင်္ဂါယနာတင်ခြင်းကိစ္စ ပြီးစေနိုင်သောကြောင့် ဒေသနာဉာဏ်, ပဋိဝေဓဉာဏ်တို့ ကို ယူရပါမည်။

➤ ❶ ❿ ။ **သံဝေဂံ အာပဇ္ဇိ-၌ အာပုစ္ဆ ပဒတ်-အရ** ။ ။ (၁) ရှင်အာနန္ဒာ၏ သန္တာန်၌ သဟောတ္တပ္ပဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိဂ်ါရ ရသ မည်၏။ (၂) ဤရဟန်းအပေါင်းတွင် ရဟန်း

http://www.dhammadownload.com



တစ်ပါးသည် ညှိစို့စို့ အနံ့ကို လှိုင်စေလျက် (ဝါ) နံစေလျက် လှည့်လည်၏ဟူ၍ ရဟန်းတို့ ပြောဆိုအပ်သော စကားများသည် အာရမ္ဘဏဝိဘာဝ မည်၏။ (၃) အရှင်အာနန္ဒာ၏ သောတာပန်ဖြစ်ခြင်းသည်ရင်း, ရဟန္တာဖြစ်ဖို့ရန် ပါရမီပြည့်စုံနေခြင်းသည်ရင်း, ပဉ္စမသင်္ဂါယနာတင်ရန် အကြောင်းကိစ္စသည်ရင်း ဉဒ္ဒိပနဝိဘာဝ မည်၏။ (၄) အရှင် အာနန္ဒာ ရဟန္တာ ဖြစ်ခြင်းသည်ရင်း, သင်္ဂါယနာ သံဃာ့စည်းဝေးပွဲသို့ ကောင်းစွာ ကြွသွားနိုင်ခြင်းသည်ရင်း, အရှင်မဟာကဿပက ဘုရားရှင်ကိုယ်စားပြု၍ သာဓု သုံးကြိမ် ခေါ်ခြင်းသည်ရင်း, သုတ် အဘိဓမ္မာတွင် ဝိသဇ္ဇကအဖြစ် ပါဝင်ရခြင်းစသော အကျိုးအဆက်ဆက်သည်ရင်း အနုဘာဝ မည်၏။

**ပါဠိ (၁၁)**

**(က) ဒွေ ပါဒါ ဘူမိတော မုတ္တာ၊ အပတ္တဉ္စ သီသံ ဗိမ္ဗောဟနံ၊ တေသ္မိံ အန္တရေ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ၊**

**(ခ) အယဉ္ဟိ အာယသ္မာ စင်္ကမေန ဇဟိ ဝီတိနာမေတွာ ဝိသေသံ နိဗ္ဗတ္တေတုံ အသက္ကောန္တော စိန္တေသိ ""နနု မံ ဘဂဝါ ဧတဒဝေါစ "ကတပုညောသိ တွံ အာနန္ဒ၊ ပဓာနမနုယုဉ္ဇ၊ ခိပ္ပံ ဟောဟိသိ အနာသဝေါ"တိ၊ (ဂ) ဗုဒ္ဓါနဉ္စ ကထာဒေါသော နာမ နတ္ထိ၊ မမ ပန အစ္စာရဒ္ဓံ ဝီရိယံ၊ တေန မေ စိတ္တံ ဥဒ္ဓစ္စာယ သံဝတ္တတိ၊ ဟန္ဒာဟံ ဝီရိယသမထံ ယောဇေမီ""တိ စင်္ကမာ ဩရောဟိတွာ ပါဒဓောဝနဋ္ဌာနေ ဌတွာ ပါဒေ ဓောဝိတွာ ဝိဟာရံ ပဝိသိတွာ မဉ္စကေ နိသီဒိတွာ ""ထောကံ ဝိဿမိဿာမီ""တိ ကာယံ မဉ္စကေ အပနာမေသိ၊ ဒွေ ပါဒါ ဘူမိတော မုတ္တာ၊ သီသံ ဗိမ္ဗောဟနမပ္ပတ္တံ၊ တေသ္မိံ အန္တရေ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုတ္တံ၊**

**(ဃ) တေန ""ဣမသ္မိံ သာသနေ အနိပန္နော အနိသိန္နော အဋ္ဌိတော အစင်္ကမန္တော ကော ဘိက္ခု အရဟတ္တံ ပတ္တော""တိ ဝုတ္တေ ""အာနန္ဒတ္ထေရော""တိ ဝတ္တုံ ဝဋ္ဋတိ၊** (၄၊ ၁၀။)

➢ ❶ ။ (က) ဒွေ၊နှစ်ဖက်ကုန်သော။ပါဒါ၊ခြေတို့သည်။ဘူမိတော၊မြေမှ။(ဝါ) တည်ရာအရပ်မှ။မုတ္တာ၊လွတ်ကုန်ပြီ။သီသံ၊ဦးခေါင်းသည်လည်း။ဗိမ္ဗောဟနံ၊ခေါင်းအုံးသို့။အပ္ပတ္တံ၊မရောက်တတ်သေး။တေသ္မိံ အန္တရေ၊ထိုကာလအတွင်း၌။အနုပါဒါယ၊တဏှာ ဒိဋ္ဌိတို့၏ အစွမ်းဖြင့် တစ်စုံတစ်ခုသော တရားကို မယူမူ၍။ (တနည်း) အနုပါဒါယ၊ကိလေသာတို့၏ အနည်းငယ်မျှကို မယူမူ၍။အာသဝေဟိ၊အာသဝေါတို့မှ။(ဝါ) အာသဝေါနှင့်တကွဖြစ်သော ကိလေသာအားလုံးတို့မှ။စိတ္တံ၊စိတ်သည်။ဝိမုစ္စိ၊လွတ်ပြီ။ (ကတ္တုရုပ်ကြံ)

(တနည်း) အနုပါဒါယ၊တဏှာ ဒိဋ္ဌိတို့၏အစွမ်းဖြင့် တစ်စုံတစ်ခုသော တရားကို မယူခြင်းကြောင့်။(တနည်း) အနုပါဒါယ၊ကိလေသာတို့၏ အနည်းငယ်မျှကို မယူခြင်းကြောင့်။အာသဝေဟိ၊တို့သည်။(ဝါ) တို့သည်။စိတ္တံ၊စိတ်ကို။ဝိမုစ္စိ၊လွှတ်အပ်ပြီ။(ကမ္မရုပ်)

(ခ) ဟိ၊ချဲ့ဦးအံ့။အယံ အာယသ္မာ၊ဤ အရှင်အာနန္ဒာသည်။စင်္ကမေန၊စင်္ကြံသွားခြင်း

http://www.dhammadownload.com



ဖြင့်။ဗဟိ၊ကျောင်းပြင်ဘက်၌။ဝီတိနာမေတွာ၊အချိန်ကို လွန်စေ၍။ဝိသေသံ၊အထက်မဂ်ဖိုလ်ဟူသော တရားထူးကို။နိဗ္ဗတ္တေတုံ၊ဖြစ်စေခြင်းငှာ။အသက္ကောန္တော၊မစွမ်းနိုင်သည်။ဟုတွာ၊ဖြစ်၍။စိန္တေသိ၊ကြံပြီ။ (ကိံ၊အဘယ်သို့ ကြံသနည်း) ဘဂဝါ၊မြတ်စွာဘုရားသည်။မံ၊ငါ့ကို။ဇတံ၊ဤစကားကို။အဝေါစ နနုမိန့်တော်မူဘူးသည် မဟုတ်ပါလော။(ကိံ၊အဘယ်သို့ မိန့်တော်မူဘူးသနည်း) အာနန္ဒ၊အာနန္ဒာ။တွံ၊သင်သည်။ကတပုညော၊ပြုအပ်ပြီးသော ဝိဝဋ္ဋနိဿိတ ကောင်းမှုရှိသည်။အသိ၊ဖြစ်၏။ပဓာနံ၊အားထုတ်ကြောင်း လုံ့လကို။အနုယုဥ္ဇ၊အားထုတ်လော။ခိပ္ပံ၊လျင်မြန်စွာ။အနာသဝေါ၊အာသဝေါ မရှိသည်။(ဝါ) အာသဝေါကင်းကွာရဟန္တာသည်။ဟောဟိသိ၊ဖြစ်လိမ့်မည်။ဣတိ၊ဤသို့။(အဝေါစ နနုမိန့်တော်မူဘူးသည် မဟုတ်ပါလော။)

(ဂ) စ၊ဆက်ဦးအံ့။ဗုဒ္ဓါနံ၊ဘုရားရှင်တို့၏။ကထာဒေါသော နာမ၊စကားတော်၏ ချွတ်ယွင်းချက် အပြစ်မည်သည်။နတ္ထိ၊မရှိ။ပန၊ထိုသို့ပင် ဘုရားရှင်တို့မှာ ကထာဒေါသ မရှိပါသော်လည်း။မမ၊ငါ၏။ (ဝါ) ငါသည်။ဝီရိယံ၊ကို။အစ္စာရဒ္ဓံ၊အလွန်အားထုတ်အပ်ပြီ။တေန၊ထို့ကြောင့်။[ထိုသို့ ဝီရိယလွန်နေသည်၏ အဖြစ်ကြောင့်။] မေ၊ငါ၏။စိတ္တံ၊စိတ်သည်။ဥဒ္ဓစ္စာယ၊ပျံ့လွင့်သည်၏အဖြစ်ဟူသော အကျိုးငှာ။သံဝတ္တတိ၊ဖြစ်၏။ဟန္ဒ၊ယခု။အဟံ၊ငါသည်။ဝီရိယသမထံ၊ဝီရိယ သမာဓိ နှစ်ပါးကို။ယောဇေမိ၊ယှဉ်စေဦးတော့အံ့။ဣတိ၊ဤသို့ ကြံပြီ။ ဣတိ၊ဤသို့ ကြံပြီး၍။စင်္ကမာ၊စင်္ကြံမှ။ဩရောဟိတွာ၊သက်ဆင်း၍။ပါဒဓောဝနဋ္ဌာနေ၊ခြေဆေးရာ အရပ်၌။ ဌတွာ၊တည်၍။ပါဒေ၊ခြေတို့ကို။ဓောဝိတွာ၊ဆေးပြီး၍။ဝိဟာရံ၊ကျောင်းသို့။ပဝိသိတွာ၊ဝင်၍။မဉ္စကေ၊ညောင်စောင်းငယ်၌။နိသီဒိတွာ၊ထိုင်၍။ထောကံ၊အတန်ငယ်။ဝိဿမိဿာမိ၊အပန်းဖြေရဦးတော့အံ့။ဣတိ၊ဤသို့ ကြံ၍။ကာယံ၊ကိုယ်ကို။မဉ္စကေ၊ညောင်စောင်းငယ်၌။အပနာမေသိ၊စောင်းလိုက်ပြီ။ ဒွေ၊နှစ်ဖက်ကုန်သော။ပါဒါ၊ခြေတို့သည်။ဘူမိတော၊မြေမှ။မုတ္တာ၊လွတ်ကုန်ပြီ။သီသံ၊ဦးခေါင်းသည်။ဗိမ္ဗောဟနံ၊ခေါင်းအုံးသို့။အပ္ပတ္တံ၊မရောက်တတ်သေး။ဇတသ္မိံ အန္တရေ၊ဤကာလအတွင်း၌။အနုပါဒါယ၊တဏှာဒိဋ္ဌိတို့၏အစွမ်းဖြင့် တစ်စုံတစ်ခုသော တရားကို မယူမူ၍။ (တနည်း) အနုပါဒါယ၊ ကိလေသာတို့၏ အနည်းငယ်မျှကို မယူမူ၍။အာသဝေဟိ၊အာသဝေါတို့မှ။(ဝါ) အာသဝေါနှင့်တကွဖြစ်သော ကိလေသာအားလုံးတို့မှ။စိတ္တံ၊စိတ်သည်။ဝိမုတ္တံ၊လွတ်ပြီ။

(ဃ) တေန၊ထို့ကြောင့်။[ထိုသို့ လေးပါးသော ဣရိယာပုထ်မှလွတ်သော အရဟတ္တဖိုလ်၏အဖြစ်ကြောင့်။] ဣမသ္မိံ သာသနေ၊ဤ သာသနာတော်၌။အနိပန္နော၊လျောင်းဆဲလည်း မဟုတ်ဘဲ။အနိသိန္နော၊ထိုင်ဆဲလည်း မဟုတ်ဘဲ။အဋ္ဌိတော၊ရပ်ဆဲလည်း မဟုတ်ဘဲ။အစင်္ကမန္တော၊စင်္ကြံသွားဆဲလည်း မဟုတ်ဘဲ။ကော ဘိက္ခု၊အဘယ်ရဟန်းသည်။အရဟတ္တံ၊အရဟတ္တဖိုလ်သို့။ပတ္တော၊ရောက်သနည်း။ဣတိ၊ဤသို့။ဝုတ္တေ၊ပြောဆို မေးမြန်းအပ်သော်။အာနန္ဒတ္ထေရော၊အရှင်အာနန္ဒာထေရ်သည်။(အနိပန္နော၊ဘဲ။အနိသိန္နော၊ဘဲ။အဋ္ဌိတော၊

http://www.dhammadownload.com



ဘဲ။အစက်မင္တော၊ဘဲ။အရဟတ္တံ၊သို့၊ပတ္တော၊ရောက်ပြီ။) ဣတိ၊ဤသို့၊ဝတ္တုံ၊ဖြေဆိုခြင်းငှာ။ ဝဋ္ဋတိ၊သင့်၏။

➤ ❷။ (စ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် အရှင်အာနန္ဒာသည် တဏှာ ဒိဋ္ဌိတို့ဖြင့် တစ်စုံတစ်ခုသော တရားကို မယူမူ၍ အာသဝေါတို့မှ စိတ်သည် လွတ်ပြီဟု ဆိုတော်မူ၏။ အဘယ်သို့ ရဟန္တာဖြစ်ပါသနည်း။ ရဟန္တာဖြစ်ပုံကို အကျယ် မပြတော့ပြီ လော။ စုဒ်ကြောင့် (ခ) မိန့်။

**(ခ+ဂ) သို့/ အနုသန္ဓိ** ။ ။ ဤသို့ ဗဟုဒေဝ ရတ္တိံ စသည်ဖြင့် ကာယဂတာသတိဖြင့် များစွာသော ညဉ့်ကို လွန်စေပြီးသည့်နောက် စင်္ကြံမှ ဆင်းသက်ပြီးလျှင် ကျောင်းတွင်း သို့ ဝင်၍ “လျောင်းစက်ဦးအံ့”ဟူသော မနသိကာရဖြင့် ကိုယ်တော်ကို စောင်းသောအခါ အရှင်အာနန္ဒာ၏ ရဟန္တာဖြစ်သည်၏အဖြစ်ကို ပြပြီး၍၊ ယခုအခါ၌ ဆိုအပ်ပြီးသော အနက်ကိုပင်လျှင် အကျယ်အားဖြင့် ပြခြင်းငှာ (ခ+ဂ) ဝါကျတို့ကိုမိန့်။

**(ခ+ဂ) သို့/ လိနတ္ထပ္ပကာသနာ** ။ ။ ဆရာ၊ ဆရာသည် ဗဟုဒေဝ ရတ္တိံ စသည်ဖြင့် (ပ) ပြတော်မူ၏။ အရှင်အာနန္ဒာသည် စင်္ကြံမှ အသို့သက်ဆင်းပါသနည်း၊ ကျောင်းတွင်း သို့ အသို့ ဝင်ပါသနည်း၊ ကိုယ်တော်ကို အဘယ်၌ ညွတ်စေပါသနည်း၊ အဘယ်သို့ ကိုယ် တော်ကို ညွတ်စေပါသနည်း။ စုဒ်ကြောင့် (ခ+ဂ) မိန့်။

**(ဂ) သို့/ အနုသန္ဓိ** ။ ။ ဤသို့ နနု မံ ဘဂဝါ စသည်ဖြင့် စိန္တနာကာရကို ပြပြီး၍ ယခုအခါ၌ စိန္တနာကာရကား ဤမျှသာ မဟုတ်သေး၊ တပါးသော စိန္တနာကာရလည်း ရှိသေး၏ဟု ပြခြင်းငှာ ဗုဒ္ဓါနဉ္စ-မှစ၍ ယောဇေမိတိုင်ရှိသော ပါဌ်ကိုမိန့်။

**(ဂ) သို့/ ပုစ္ဆာ** ။ ။ ဆရာ၊ ဆရာသည် နနု မံ ဘဂဝါ စသည်ဖြင့် စိန္တနာကာရကို ပြတော်မူ၏။ တပါးသော စိန္တနာကာရကား အဘယ်နည်း။ ဤသို့--ဗုဒ္ဓါနဉ္စ-စသည်မိန့်။

**(ဃ) သို့/ အနုသန္ဓိ** ။ ။ ဤသို့ (ခ) ဖြင့် အရှင်အာနန္ဒာထေရ်၏ ရဟန္တာဖြစ်ပုံ အလုံးစုံကို အကျယ်ဖွင့်ပြပြီး၍ ယခုအခါ၌ အရှင်အာနန္ဒာမထေရ်အား အခြားရဟန်းများ ထက် ထူးခြားသောအားဖြင့် ချီးမွမ်းခြင်းငှာ ထိုက်သည်၏အဖြစ်ဟူသော အကျိုးတရား ကို ပြလိုသော အဋ္ဌကထာဆရာသည် (ဃ) မိန့်။

➤ ❸ ။ [ ဂ–ဝါကျကို၌ ] နနု ဗုဒ္ဓါနဉ္စ ကထာဒေါသော နာမ နတ္ထိ။

(၂) အထ ကသ္မာ (ကေန ကာရဏေန) မေ စိတ္တံ ဥဒ္ဒစ္စာယ သံဝတ္တတိ။

(၃) ယေန ပန မမ အစ္စာရဒ္ဓံ ဝီရိယံ၊ တေန။ (၄) မေ စိတ္တံ ဥဒ္ဒစ္စာယ သံဝတ္တတိ။

* **လုတ္တနိဒ္ဒိဋ္ဌဂမျမာန် ကြိယာပိသဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ အရှင်အာနန္ဒာ၏ စိတ်ပြန့်လွင့်ခြင်းငှာ ဖြစ်သည်၏အဖြစ်ကား အကြောင်း, တရားထူးကို မရနိုင်သည်ကား အကျိုး, သို့ဖြစ်၍ အရှင်အာနန္ဒာ၏ စိတ်ပြန့်လွင့်ခြင်းငှာ ဖြစ်သည်၏အဖြစ်ဟုဆိုအပ် သော အကြောင်းကို မနှစ်သက်သောကြောင့် လုတ္တနိဒ္ဒိဋ္ဌ ကြိယာပိသဒ္ဒါကို ထားပါသည်။

http://www.dhammadownload.com



(ဝါ) လုတ္တနိဒ္ဒိဋ္ဌ၏ အစွမ်းဖြင့် ကိစ္စာပိသဒ္ဒါကို ထားပါသည်။

* **နနုသဒ္ဒါ ထားရကြောင်း** ။ ။ တရားထူးကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်သည်၏ အဖြစ်ဟု ဆိုအပ်သော အကျိုးကို မနှစ်သက်၍ (ခ) ၌ နနုသဒ္ဒါ ထားပါသည်။

➤ ❾ ။ ကရီယိတ္ထာတိ **ကတံ**၊ ပုနာတိ သောဓေတီတိ **ပူညံ**၊ (အစိတ်) ဝိဝဋ္ဋူပနိဿယဘူတံ ကတံ ဥပစိတံ ပုညံ ယေနာတိ **ကတပုညော**။ (အပေါင်း)

(၃) ဝိဝဋ္ဋူပနိဿယဖြစ်သော ဆည်းပူးအပ်ပြီးသော ကောင်းမှု၏ အရှင်အာနန္ဒာနှင့် ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ပြုအပ်ပြီးသော ကောင်းမှုရှိသော အရှင်အာနန္ဒာဖြစ်သည် ဝစနီယမည်၏။ (၆) ကတကုသလော, ကတာဓိကာရော-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဝီရဿ ဘာဝေါ **ဝီရိယံ**။/ဝီရာနံ ဝါ ကမ္မံ **ဝီရိယံ**။ (၃) ရဲရင့်သော ပုဂ္ဂိုလ်၏ ဝီရိယစေတသိက်နှင့် နိဿယ နိဿိတ/ သတ္တိမန္တ သတ္တိ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် အနက်ဟုဆိုအပ်သော သကတ်အနက်သည် ဝစနဟေတု။ (၄) လုတ္တနိဒ္ဒိဋ္ဌဖြစ်သော ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက။ (၅) ဝီရိယ စေတသိက်ဖြစ်အနက်သည် ဝစနီယ။ (၆) ဥဿာဟော, အာတပ္ပေါ-စသော--။

ဝိဓိနာ ဝါ နယေန ဥပါယေန ဤရယိတဗ္ဗံ ပဝတ္တယိတဗ္ဗန္တိ **ဝီရိယံ**။

(၃) သင့်လျော်လျောက်ပတ်သော အကြောင်း၏ ဝီရိယစေတသိက်နှင့် သာဓန-သာဓေတဗ္ဗ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် အနက်ဟုဆိုအပ်သော သကတ်အနက်သည် ဝစနဟေတု မည်၏။ (ကြွင်းတူ)

ဥဋ္ဌံ ဇနန် **ဥဋ္ဌာနံ**။ (၃) အထက်၌ တုန်လှုပ်ခြင်းကြိယာဟူသော သကတ်သည် ဝစနဟေတု။ (၅) ဥဋ္ဌာန စေတသိက်ဟူသော အနက်သည် ဝစနီယ။ (၆) ဥဋ္ဌတ--။

* ပဒဟတိ အနေနာတိ **ပဓာနံ**။ (၃) အားထုတ်ခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အားထုတ်ကြောင်း လုံ့လသည် ဝစနီယ မည်၏။ (၆) ဝီရိယ, ဥဿာဟ, အနုယောဂ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* နတ္ထိ အာသဝေါ ဧတဿာတိ **အနာသဝေါ**။ (၃) အာသဝေါတရား မရှိခြင်း၏ အရှင်အာနန္ဒာနှင့် ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) အရှင်အာနန္ဒာဖြစ်သည် ဝစနီယမည်၏။ (၆) ခီဏာသဝေါ, နိက္ကိလေသော--စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ကထီယတိ ဧတာယာတိ **ကထာ**။ ဒဿနံ **ဓဒါသော**။ ကထာယ ဒေါသော **ကထာဓေါသော**။ (၃) စကားတော်၏ ချွတ်ယွင်းချက် အပြစ်နှင့် ဝိသေသန-ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) စကားတော်၏ ချွတ်ယွင်းချက် အပြစ်သည် ဝစနီယ မည်၏။ (၆) ကထာပရာဓော, ဝါစာဒေါသော-စသော ပရိယာယ်

http://www.dhammadownload.com



သဒ္ဒါများသည် ဝစနိယတ္တ မည်၏။

➢ ❼။ **ကတပုညော**-ကို ကတပုညတ္တာ-ဟု ဟိတ်ပြင်လျှင်- ယင်းဟိတ်၏ သမ္ဗန်ကား- တဝ အာနန္ဒသ ဖြစ်ပါသည်။ (၏/သည် စပ်) (၁) ၌ **အသက္ကောန္တော**-ကို အသက္ကောန္တတ္တာ-ဟု ဟိတ်ပြင်လျှင်-ဣမဿ အာယသ္မတော-ဟု သမ္ဗန်ခံ။(၏/သည်)

➢ ❽။ (၈) ဝါကျ • ဗုဒ္ဓါနဉ္စ ကထာဒေါသော၊ နတ္ထိ မေ ပန ဝီရိယံ။

အစ္စာရဒ္ဓံ တတော စိတ္တံ၊ ဥဒ္ဓစ္စာယ ပဝတ္တတိ။ (ပဏ္ဏာဝတ္တ ဂါထာ)

** ဝါကျ ကိဥ္စာ၊ စိကြ ရာ၌ ၊ကိဥ္စာပိသော်၊ပန သော်၊ထား နေဒ် တခုခု။*

[ *ကိဥ္စာပိ ဝါကျကို ဂါထာစီသောအခါ ကိဥ္စာပိ ဖြစ်စေ, 'ပန' ဖြစ်စေ, တခုခု ပါရ ၏။ ကာမဥ္စ စသည်တို့၌လည်း နည်းတူ။ ကိဥ္စာပိ+ပန နှစ်ခုလုံးပါလျှင် ပိုကောင်း၏။* ]

➢ ❶❶။ (၈)-ဝါကျ **အစဝါစ–၌ ခတ်အရ အဆ္ဆတ္ထကို ရှု** ။ မြတ်စွာဘုရား ၏ သန္တာန်၌ မဟာကရုဏာပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ယူ၍၊ ထိုသည် ဓမ္မရတိဌာယိဘာဝ, ဓမ္မသိဂ်ါရ ရသ မည်၏။ ကတပုညောသိ တွံ အာနန္ဒ စသော စကားတော်သည် အာရမ္မဏဝိဘာဝ မည်၏။ ယင်းစကားတော်၏ သွာက္ခာတ တာ-စသော ဂုဏ်သည်ရင်း, အရှင်အာနန္ဒာ၏ ပါရမိကုသိုလ် ပြည့်စုံနေခြင်းသည်ရင်း ဥဒ္ဒိပနဝိဘာဝ မည်၏။ အရှင်အာနန္ဒာ ရဟန္တာဖြစ်ခြင်း အစရှိသော အကျိုးအဆက်ဆက် သည် အနုဘာဝ မည်၏။

*** ဒွေပါဒါဘူမိတောမုတ္တာ၊သီသံဝိမ္ဗောဟနမပ္ပတ္တံ၊တေသ္မိံအန္တရေအနုပါဒါယအာသဝေဟိ စိတ္တံ ဝိမုတ္တံ၊ ကိုရှု** ။ ။ (၁) ကြားနာကြည့်ရှုသူတို့၏ အံ့ဩသောအခြင်းအရာအားဖြင့် ဖြစ်သော ဆန္ဒပြဓာန်းသော စိတ္တုပ္ပါဒ်သည် (ဝါ) ဆန္ဒသည် ဝိမှယဌာယိဘာဝ+အဗ္ဘုတ ရသ မည်၏။ (၂) အရှင်အာနန္ဒာသည် (ဝါ) အရှင်အာနန္ဒာ၏ ရဟန္တာ၏ အဖြစ်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ကျောင်းတော်, ခြေတော်နှစ်ဖက် မြေမှလွတ်၍ ဦးခေါင်း တော်ခေါင်းအုံးသို့ မရောက်မီ အကြားကာလ, တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော တရားကို မယူမူ၍ အာသဝေါတရားတို့မှ စိတ်တော်၏ လွတ်သည်၏အဖြစ်တို့သည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) သေဒ, အဿု, သာဓုဝါဒ စသည်တို့သည် အနုဘာဝ မည်၏။

(တနည်း) (၁) ၎င်းဝါကျ၌ "စိတ္တံ"ဟူသော ပုဒ်သည် ပဓာနနည်းဖြစ်သောကြောင့် အရဟတ္တဖိုလ်စိတ္တုပ္ပါဒ်ကိုယူ။ ၎င်းသည် (ဝါ) ၎င်း၌ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စေတ သိက်သည် သမဌာယိဘာဝ+သန္တရသ မည်၏။ (၂) နိဗ္ဗာန်သည် အာရမ္မဏဝိဘာဝမည် ၏။ (၃) အချို့သော ရဟန်းတို့၏ "ဣမသ္မိံ ဘိက္ခုသံဃေ ကော ဝိဿဂန္ဓံ ဝါယန္တော ဝိစရတိ"ဟု ပြောဆိုခြင်း, အချို့ရဟန်းတို့က "သွေ အာဝုသော သန္နိပါတော"စသော စကားကို ပြောဆို၍ တိုက်တွန်းခြင်း, ကာယဂတာသတိဘာဝနာ, စင်္ကြံ, ညောင်စောင်း, ခြေတော်နှစ်ဖက် မြေမှလွတ်၍ ဦးခေါင်းတော် ခေါင်းအုံးသို့ မရောက်မီ အကြားကာလ

http://www.dhammadownload.com



စသည်တို့သည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) သံယာ့အစည်းအဝေးသို့ ဝမ်းမြောက် ဝမ်းသာ တင့်တယ်စွာ သွားနိုင်ခြင်း, အရှင်မဟာကဿပ၏ အနုမောဒနာပြုခြင်းကို ခံရခြင်း စသည်တို့သည် အနုဘာဝ မည်၏။ [ဤကား သုဏန္တပုဂ္ဂိုလ်သန္တာန်၌ဖြစ်သော ဓမ္မကို မငဲ့ဘဲ ထုတ်သောနည်းတည်း။]

**ပါဠိ (၁၂)**

**(က) ဧဝံ အာဂတေ ပန တသ္မိံ အာယသ္မန္တေ မဟာကဿပတ္ထေရော ဘိက္ခူ အာမန္တေသိ ""အာဝုသော ကိံ ပဌမံ သင်္ဂါယာမ ဓမ္မံ ဝါ ဝိနယံ ဝါ"" တိ၊**

**(ခ-၁) ဘိက္ခူ အာဟံသု ""ဘန္တေ မဟာကဿပ ဝိနယော နာမ ဗုဒ္ဓသာသနေ အာယု ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ၊ (ခ-၂) တသ္မာ ပဌမံ ဝိနယံ သင်္ဂါယာမာ"" တိ၊**

**(ဂ-၁) ကံ ဓုရံ ကတွာတိ? (ဂ-၂) အာယသ္မန္တံ ဥပါလိတ္ထေရံ။**

**(ဃ-၁) ကိံ အာနန္ဒော နပ္ပဟောတီတိ? (ဃ-၂) နော နပ္ပဟောတိ၊**

**(င) အပိစ ခေါ ပန သမ္မာသမ္ဗုဒ္ဓေါ ဓရမာနောယေဝ ဝိနယပရိယတ္တိံ နိဿာယ အာယသ္မန္တံ ဥပါလိံ ဧတဒဂ္ဂေ ဌပေသိ ""ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလိ"" တိ၊ တသ္မာ ဥပါလိတ္ထေရံ ပုစ္ဆိတွာ ဝိနယံ သင်္ဂါယာမာတိ၊ (၄၊၁၁။ ဘာသာဋီကာ၊ ပ၊ ၈၄)**

➤ ❶ ။ (က) ပန၊ဆက်ဦးအံ့။တသ္မိံ၊ထိုအရှင်အာနန္ဒာသည်။ဧဝံ၊ဤသို့။ (ဝါ) ဤနည်းအားဖြင့်။အာဂတေ၊ရောက်လာလတ်သော်။အာယသ္မာ မဟာကဿပတ္ထေရော၊အရှင်မဟာကဿပထေရ်သည်။ဘိက္ခူ၊တို့ကို။အာမန္တေသိ၊ခေါ်၍ သိစေတော်မူပြီ။ (ဝါ) မေးတော်မူပြီ။(ကိံ၊နည်း။) အာဝုသော၊ငါ့ရှင်တို့။ကိံ၊အဘယ်ကို။ပဌမံ၊ရှေးဦးစွာ။သင်္ဂါယာမ၊သင်္ဂါယနာ တင်ကြကုန်မည်နည်း။ဓမ္မံ ဝါ၊သုတ် အဘိဓမ္မာကိုမူလည်း။သင်္ဂါယာမ ကိံ၊သင်္ဂါယနာ တင်ကုန်မည်လော။ဝိနယံ ဝါ၊ဝိနည်းကိုမူလည်း။သင်္ဂါယာမ ကိံ၊လော။ဣတိ၊ဤသို့။အာမန္တေသိ၊ပြီ။ (ခ) ဘိက္ခူ၊တို့သည်။အာဟံသု၊လျှောက်ကြကုန်ပြီ။(ကိံ၊အဘယ်သို့ လျှောက်ကြကုန်သနည်း။) ဘန္တေ၊အရှင်ဘုရား။ဝိနယော နာမ၊ဝိနည်းမည်သည်။ဗုဒ္ဓသာသနေ၊ဘုရားသာသနာတော်၏။အာယု၊အသက်ပါတည်း။ဝိနယေ၊ဝိနည်းသည်။ဌိတေ၊ပါဠိအနက် မပျက်စုံညီ လဇ္ဇီပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်တည်လတ်သော်။သာသနံ၊သာသနာသည်။ဌိတံ၊တည်သည်။ဟောတိ၊ဖြစ်၏။

(တနည်း) ယသ္မာ၊အကြင့်ကြောင့်။ဝိနယေ၊ဝိနည်းသည်။ဌိတေ၊တည်လတ်သော်။သာသနံ၊သာသနာတော်သည်။ဌိတံ၊တည်သည်။ဟောတိ၊၏။တသ္မာ၊ထို့ကြောင့်။ဝိနယော နာမ၊ဝိနည်းမည်သည်။ဗုဒ္ဓသာသနဿ၊ဘုရားသာသနာတော်၏။အာယု၊အသက်ပါတည်း။ တသ္မာ၊ထို့ကြောင့်။[ထိုသို့ ဝိနည်းမည်သည်၏ ဘုရားသာသနာတော်၏ အသက်၏အဖြစ်ကြောင့်။] (ဓမ္မတော၊သုတ် အဘိဓမ္မာမှ။) ပဌမံ၊ရှေးဦးစွာ။ဝိနယံ၊ဝိနည်းကို။သင်္ဂါယာမ၊

http://www.dhammadownload.com



သင်္ဂါယနာ တင်ကြပါကုန်စို့။ဣတိ၊ ဤသို့။အာဟံသု၊လျှောက်ကြကုန်ပြီ။

(ဂ) ကံ၊အဘယ်ပုဂ္ဂိုလ်ကို။ဓုရံ၊ပဓာနကို။ (ဝါ) ဝန်ဆောင်ကို။ကတွာ၊ပြု၍။သင်္ဂါယာမ၊ သင်္ဂါယနာ တင်ကြကုန်မည်နည်း။ဣတိ၊ဤသို့ မေးတော်မူပြီ။ အာယသ္မန္တံ ဥပါလိံ၊အရှင် ဥပါလိကို။(ဓုရံကို။(ဝါ) ကို။ကတွာ၊၍။သင်္ဂါယာမ၊ကုန်စို့။) ဣတိ၊ဤသို့ လျှောက်ကြကုန်ပြီ

(ဃ) အာနန္ဒော၊အာနန္ဒာသည်။(ဓုရော၊ပဓာနသည်။(ဝါ) ဝန်ဆောင်သည်။ဟောတုံ၊ ဖြစ်ခြင်းငှာ။) နပ္ပဟောတိ ကိံ၊မစွမ်းနိုင်သလော။ဣတိ၊ဤကား အမေးတည်း။နော နပ္ပ-ဟောတိ၊မစွမ်းနိုင် မဟုတ် စွမ်းနိုင်သည်သာ။ [နပ္ပဟောတိ၊မစွမ်းနိုင်သည်ကား။နော၊မဟုတ်။ ပဟောတိယေဝ၊စွမ်းနိုင်သည်သာ။] **(နှစ်ခုပဋိသေဓေ-စသော နိယံ-နှင့်အညီတည်း)**

(င) အပိစ၊ထိုသို့ပင် စွမ်းနိုင်ပါသော်လည်း။သမ္မာသမ္ဗုဒ္ဓေါ၊မြတ်စွာဘုရားသည်။ဓရ-မာနောယေဝ၊သက်တော်ထင်ရှားရှိတော်မူစဉ်ကပင်။ဝိနယ ပရိယတ္တိံ၊ဝိနည်း ပရိယတ်ကို။ နိဿာယ၊မှီ၍။အာယသ္မန္တံ ဥပါလိံ၊အရှင်ဥပါလိကို။ဧတဒဂ္ဂံ (ပ) ဥပါလီတိ၊ဧတဒဂ္ဂံ (ပ) ဥပါလိဟူ၍။ဧတဒဂ္ဂေ၊ဧတဒဂ်အရာ၌။ဌပေသိ၊ထားတော်မူပြီ။တသ္မာ၊ထို့ကြောင့်။[ထိုသို့ အရှင်ဥပါလိ၏ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ဧတဒဂ်အရာ၌ ထားအပ်သည်၏အဖြစ်ကြောင့်။] ဥပါလိတ္ထေရံ၊ဥပါလိထေရ်ကို။ပုစ္ဆိတွာ၊မေး၍။ဝိနယံ၊ ဝိနည်းကို။သင်္ဂါယာမ၊သင်္ဂါယနာ တင်ကြကုန်စို့။ဣတိ၊သို့။အဝေါစုံ၊လျှောက်ကြကုန်ပြီ။

[ဘိက္ခဝေ၊တို့။ယဒိဒံ (ယော+အယံ) ဥပါလိ၊အကြင်ဥပါလိသည်။အတ္ထိ၊ရှိ၏။ဧတံ (ဧသော) ဤဥပါလိသည်။မမ၊ငါဘုရား၏။သာဝကာနံ၊သာဝကဖြစ်ကုန်သော။ဝိနယ ဓရာနံ၊ဝိနည်းကို ဆောင်ကုန်သော။ဘိက္ခူနံ၊တို့တွင်။အဂ္ဂံ (အဂ္ဂေါ)၊ အမြတ်ဆုံးတည်း။(ဝါ) အသဆုံးတည်း။ (တနည်း) ဘိက္ခဝေ၊တို့။ဥပါလိ၊ဥပါလိဟူသော။ယဒိဒံ -ခန္ဓပဉ္စကံ၊အကြင် ခန္ဓာငါးပါး အပေါင်းသည်။အတ္ထိ၏။ဧတံ-ခန္ဓပဉ္စကံ၊ဤခန္ဓာငါးပါး အပေါင်းသည်။မမ၏။ သာဝကာနံ၊ကုန်သော။ဝိနယဓရာနံ၊ကုန်သော။ဘိက္ခူနံ၊တို့တွင်။အဂ္ဂံ၊တည်း။ ]

➢ ❷ ။ (စ) သို့/ **စောဒနာ** ။ ။ ဆရာ၊ ဆရာသည် (က)ဖြင့် ဓမ္မနှင့် ဝိနယတွင် အဘယ်ကို ရှေးဦးစွာ သင်္ဂါယနာ တင်ရပါမည်နည်းဟူ၍ အရှင်အာနန္ဒာ သင်္ဂါယနာပွဲသို့ ရောက်လာသည့်အခါ အရှင်မဟာကဿပ,က ရဟန်းများကို ပြောဆို မေးမြန်းသော ဟု ဆိုတော်မူ၏။ အရှင်မဟာကဿပ,က မေးမြန်းသိစေအခါ ရဟန်းများက ပြန်လည် ဖြေကြားမှု မပြုဘဲ စကားမပြော တုဏှီဘောပင် နေကြပါသလော။ အဘယ်နည်းအား ဖြင့် မှတ်သားကြရပါမည်နည်း။ အရှင်မဟာကဿပအား ရဟန်းတို့ ပြော မပြောကို မပြဆိုချေသော် ဆရာအား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ခ) မိန့်။

(ခ) **ဣတိ ဝိနယော ဠိတော—သို့/** ဆရာ၊ ဆရာသည် ဝိနယော နာမ-ဖြင့် ဝိနည်းတရား မည်သည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်၏ဟု ဖွင့်ပြတော်မူ၏။ အဘယ့်ကြောင့် ဝိနည်းတရားတော်သည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်ပါသနည်း။ သုတ် အဘိဓမ္မာ

http://www.dhammadownload.com



တို့သည်လည်း ဗုဒ္ဓသာသနာ၏ အသက်တို့ပင် မဟုတ်ပါလော။ စုဒ်ကြောင့်- ဝိနယေ ဋ္ဌိတေ-ပါဌ်ကို မိန့်။

(ခ–၂) သို့/ ဆရာ၊ ဆရာသည် (ခ-၁) ဖြင့် ဝိနည်းတရားတော်သည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်၍ ဝိနည်းတည်လတ်သော် သာသနာတော် တည်၏ဟု မိန့်ဆိုတော်မူ၏။ ထိုသို့ မိန့်ဆိုသဖြင့် အဘယ်အကျိုး ရရှိအပ်ပါသနည်း။ အကျိုးမရ နိရတ္ထကဟူ၍ မှတ်သားအပ်ပါသလော။ စုဒ်ကြောင့် (ခ-၂) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် ရဟန်းတို့သည် ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာ တင်ကြကုန်အံ့ဟု လျှောက်ထားကြကုန်သောဟု ဆိုတော်မူ၏။ ထိုသို့ ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာတင်ကြပါကုန်လျှင် အဘယ်သူကို အကြီးအမှူး ဦးစီးခေါင်းဆောင်ပြု၍ သင်္ဂါယနာ တင်ကြပါကုန်အံ့နည်း။ အရှင်အာနန္ဒာကို ဦးစီးခေါင်းဆောင်ပြု၍ သင်္ဂါယနာ တင်ကြပါကုန်အံ့လော။ စုဒ်ကြောင့် (ဂ) မိန့်။

အဓိပ္ပါယ်ကား- အရှင်ဥပါလိကို အကြီးအမှူး ဦးစီးခေါင်းဆောင်ပြု၍ ဝိနည်းကို သင်္ဂါယနာတင်ကြပါမည်ဟူလို။

(ဂ–၁) သို့/ **အနုသန္ဓိ** ။ ။ ဤသို့ (ခ) ဖြင့် ပဌမံ ဝိနယံ သင်္ဂါယာမ-ဟု ရဟန်းတို့၏ ဖြေဆိုခြင်းကို ပြပြီး၍၊ ယခုအခါ၌ ကံ ဓုရံ ကတွာ ဝိနယံ သင်္ဂါယာမ-ဟု အရှင်မဟာကဿပ၏ တဖန်အမေးကို ပြခြင်းငှာ (ဂ-၁) ကိုမိန့်။

(ဂ–၂) သို့/ **ပုစ္ဆာ** ။ ။ ဆရာ၊ ဆရာသည် (ဂ-၁) ဖြင့် အရှင်မဟာကဿပ၏ တဖန်အမေးပုစ္ဆာကို ပြတော်မူ၏။ ရဟန်းတို့၏ အဖြေဝိသဇ္ဇနာကား အဘယ်နည်း။ (ဂ-၂)

(ဃ–၁) သို့/ **အနုသန္ဓိ** ။ ။ ဤသို့ (ဂ-၂) ဖြင့် အာယသ္မာ ဥပါလိ ဓုရံ ကတွာ ဝိနယံ သင်္ဂါယာမ-ဟု ရဟန်းတို့၏ လျှောက်ထား ဖြေဆိုခြင်းကို ပြပြီး၍၊ ယခုအခါ၌ ထိုအဖြေကို အစွဲပြု၍ စောဒနာဘွယ်ရှိရကား ထိုစောဒနာကို ပြခြင်းငှာ (ဝါ) မေးဘွယ်ရှိ၍ ထိုအမေးကို ပြခြင်းငှာ (ဃ-၂) ကိုမိန့်။

(ဃ) သို့/ **အနုသန္ဓိ** ။ ။ ဤသို့ (ဂ-၂) ဖြင့် -- ပြပြီး၍၊ ယခုအခါ၌ အရှင်ဥပါလိသာ မဟုတ်၊ အရှင်အာနန္ဒာသည်လည်း ဝိနည်းကို ဖြေဆိုခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ကို ပြခြင်းငှာ (ဃ) မိန့်။

(ဃ) သို့/ **အာဘောဂါဃုဋ္ဌစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ဂ) ၌ အာယသ္မန္တံ ဥပါလိံ-ဟူသော စကားရပ်ဖြင့် ဝိနည်းပိဋကကို သင်္ဂါယနာတင်ရာ၌ အရှင်ဥပါလိကို အကြီးအမှူး ဦးစီးခေါင်းဆောင်ပြု၍ သင်္ဂါယနာတင်ကြမည်ဟု ဆို၏။ ဝိနည်း ပိဋကကို သင်္ဂါယနာတင်ရာ၌ အရှင်အာနန္ဒာသည် ဦးစီးခေါင်းဆောင်ပြု၍ သင်္ဂါယနာတင်ခြင်းငှာ မစွမ်းနိုင်ဟု မှတ်သားရပါမည်လော။ အသို့လျှင် သိမှတ်ရပါမည်နည်း။--(ဃ) မိန့်။

(င) သို့/ **အနုသန္ဓိ** ။ ။ ဤသို့ (င) ဖြင့် အရှင်အာနန္ဒာ၏ စွမ်းနိုင်သည်၏အဖြစ်ကို

http://www.dhammadownload.com



ပြပြီး၍၊ ယခုအခါ၌ အရှင်အာနန္ဒာ၏ စွမ်းနိုင်ပါလျက် အရှင်ဥပါလိကိုမေး၍ ဝိနည်းကို သင်္ဂါယနာတင်ကုန်အံ့ဟု ရဟန်းတို့လျှောက်ထားခြင်း၌ အကြောင်းကို ပြခြင်းငှာ (င)မိန့်

(င) သို့/ ဆရာ၊ ဆရာသည် (ယ) ဖြင့် အရှင်အာနန္ဒာသည် ဝိနည်းပိဋကကို ဦးစီး ခေါင်းဆောင်ပြု၍ သင်္ဂါယနာတင်ခြင်းငှာ မစွမ်းနိုင်သည် မဟုတ် စွမ်းနိုင်သည်သာဟု ဖွင့်ပြတော်မူ၏။ အရှင်အာနန္ဒာသည်လည်း ဝိနည်းပိဋကကို ဦးစီး ခေါင်းဆောင်ပြု၍ သင်္ဂါယနာတင်ခြင်းငှာ စွမ်းနိုင်ခဲ့ပါလျှင် အရှင်အာနန္ဒာကို မေး၍ ဝိနည်းကို သင်္ဂါယနာ တင်သင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် အရှင်ဥပါလိကို မေး၍ ဝိနည်းကို သင်္ဂါယနာ တင်ကြပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

( င) သို့/ **ဇျတိစရကာယုတ္တဓောခနာ** ။ ။ ဆရာ၊ ဆရာသည် (ယ) ဖြင့် အရှင်အာနန္ဒာသည် ဝိနည်းကို ဖြေခြင်းငှာ စွမ်းနိုင်၏ဟု ဆိုတော်မူ၏၊ အကယ်၍ အရှင်အာနန္ဒာသည် ဝိနည်းကို ·ဖြေဆိုခြင်းငှာ စွမ်းနိုင်သည်ရှိသော် အဘယ့်ကြောင့် ဥပါလိမထေရ်ကို မေး၍ ဝိနည်းကို သင်္ဂါယနာတင်ကြကုန်အံ့ဟု ရဟန်းတို့ လျှောက်ဆိုကြပါကုန်သနည်း။ စုဒ်ကြောင့် (င) မိန့်။

➢ ❷ ။ [ခ–ဝါကျကို၍] (၁) နနု ပဌမံ ဓမ္မံ သင်္ဂါယေယျ။ (၂) အထ ကသ္မာ ပဌမံ ဝိနယံ သင်္ဂါယာမာတိ အာဟံသု။ (၃) နနု ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ။

(၄) တသ္မာ ပဌမံ ဝိနယံ သင်္ဂါယာမာတိ အာဟံသု။

[င–ဝါကျကို ၍] (၁) နနု အာနန္ဒတ္ထေရံ ဓုရံ ကတွာ ဝိနယံ သင်္ဂါယာမာတိ ဝုတ္တံ။

(၂) အထ ကသ္မာ ဥပါလိတ္ထေရံ ပုစ္ဆိတွာ ဝိနယံ သင်္ဂါယာမာတိ အာဟံသု။

(၃) နနု သမ္မာသမ္ဗုဒ္ဓေါ ဓရမာနောယေဝ ဝိနယပရိယတ္တိံ နိဿာယ အာယသ္မန္တံ ဥပါလိံ ဧတဒဂ္ဂေ ဌပေသိ "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဝိနယဓရာနံ ယဒိဒံ ဥပါလီ"တိ။ (၄) တသ္မာ ဥပါလိတ္ထေရံ ပုစ္ဆိတွာ ဝိနယံ သင်္ဂါယာမာတိ အာဟံသု။

*** ကိဥ္စာပိ သဒ္ဒါထားရခြင်းအကြောင်း** ။ ။ ဝိနည်းကို မေး၍ သင်္ဂါယနာတင်ထိုက်သော အရှင်ဥပါလိ အရှင်အာနန္ဒာဟူသော အနက်ကများ၍ အာယသ္မန္တံ ဥပါလိံ ဓုရံ ကတွာ ဝိနယံ သင်္ဂါယာမာတိ-ဟူသော သဒ္ဒါနည်းသည့်အတွက် အရှင်ဥပါလိဟူသော အနက်ကို မနှစ်သက်၍ **လုတ္တနိဒ္ဒိဋ္ဌ၏ အစွမ်းဖြင့်** ကိဉ္စာပိသဒ္ဒါကို ထားပါသည်။

**ကိဉ္စာပိ–သဒ္ဒါ၏ ဓာတကတ္တကား** ။ ကိဉ္စာပိငုံသော ပါဠိရပ်က ယုတ်ညံ့သောကြောင့် လုတ္တနိဒ္ဒိဋ္ဌ ကိဉ္စာပိသဒ္ဒါသည် အရုစိအနက် (ဝါ) ဂရဟာအနက်ကို ထွန်းပြသည်

**အပိစ ခေါ–၏ ဓာတကတ္တကား** ။ အပိစ ခေါ ငုံသော ပါဠိရပ်က မြင့်မြတ်သောကြောင့် အပိစ ခေါသဒ္ဒါသည် သမ္ဘာဝနာအနက် (ဝါ) အနုဂ္ဂဟအနက်ကို ထွန်းပြသည်။

➢ ❹ ။ သာသတိ ဧတေနာတိ **သာသနံ**။ (၃) ဆုံးမခြင်းကြိယာသကတ်သည်

http://www.dhammadownload.com



ဝစနဟေတု မည်၏။ (၅) ဘုရားရှင်၏ အဆုံးအမ ဩဝါဒ စကားတော်များသည် ဝစနီယ မည်၏။ (၆) ဩဝါဒ, အနုသိဋ္ဌ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဓရတီတိ ခုရော။ (ကိတ်) ဆောင်ခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ လှည်းဦးဒြဗ်သည် ဝစနီယ မည်၏။

ခုရော ဝိယာတိ ခုရော။ [ဤနေရာ၌ အလိုရှိသော ဝိဂ္ဂဟ] (၃) လှည်းဦးဒြဗ်နှင့် ဦးစီးခေါင်းဆောင်ဒြဗ်တို့၏ သဒိသ-သဒိသီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဦးစီးခေါင်းဆောင်ဒြဗ်သည် ဝစနီယ မည်၏။ (၆) ပမုခ, ပဓာန, ဇေဋ္ဌက-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* အယတိ အဒ္ဓါနံ ဂစ္ဆတိ ဧတေနာတိ **အာယု**။ (၃) ရှည်သော အခွန့်သို့ ရောက်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အသက်သည် (ဝါ) ဝိနည်းပါဠိတော်ဖြစ်သည် ဝစနီယ မည်၏။ (၆) ဇီဝိတ-ဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။ [ ဤကား သဒိသူပစာ ယူခိုက် ထုတ်ပုံတည်း။]

အယန္တိ ပဝတ္တန္တိ သတ္တာ ဧတေနာတိ **အာယု**။ (၃) ဖြစ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ရုပ်ဇီဝိတ နာမ်ဇီဝိတသည် ဝစနီယ မည်၏။ ဇီဝိတ, ပါဏ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

အာယု ဝိယာတိ **အာယု**။ (၃) အသက်၏ ဝိနည်းပါဠိတော်နှင့် သဒိသီ သဒိသ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် အနက်ဟုဆိုအပ်သော သကတ်သည် ဝစနဟေတု မည်၏။ (၅) ဝိနည်းပါဠိတော်ဟု ဆိုအပ်သော ဒြဗ်အနက်သည် ဝစနီယ။ (၆) အာဏာဒေသနာ ဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* ပရိယာပုဏိတဗ္ဗာတိ **ပရိယတ္တိ**။ (၃) သင်ယူခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ဝိနည်းပရိယတ်ဖြစ်သည် ဝစနီယမည်၏။ (၆) ပိဋက, ပါဠိ, ဓမ္မ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော။ ပရိယာပုဏိတဗ္ဗာတိ ပရိယတ္တိ။ (အစိတ်)

ဝိနယောစ သော ပရိယတ္တိစာတိ **ဝိနယပရိယတ္တိ**။ (အပေါင်း)

(၃) ဝိနည်းပါဠိ၏ ပရိယတ္တိနှင့် အစိတ်အပေါင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဝိနည်းပါဠိတော်ဖြစ်သည် ဝစနီယ မည်၏။ (၆) သိက္ခာပဒသမူဟ-ဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* ပဋ္ဌီယတေ ဥစ္စာရီယတေတိ **ပဋ္ဌမံ**။ (၃) ရွတ်ဆိုခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ရှေးဦးစွာသော ဝိနည်းပိဋကတ်သည် ဝစနီယ မည်၏။ (၆) အာဒိ ပုဗ္ဗ, အဂ္ဂ-စသော ပရိယာယ်သဒ္ဒါတို့သည် ဝစနီယတ္ထ မည်၏။

➤ ❶ ။ **အာဂစ္ဆေ**-ကို အာဂတတ္တာ-ဟု ဟိတ်ပြင်လျှင်- တဿ အာယသ္မတော

http://www.dhammadownload.com



(အာနန္ဒတ္ထေရဿ) ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

ဋ္ဌိတေ-ကို ဋ္ဌိတတ္တာ-ဟု ဟိတ်ပြင်လျှင်- ဝိနယဿ-ဟု သမ္ဗန်ခံ။ (၏/သည် စပ်)

ဒ္ဓမေသိ-ကို ဥပနတော/ဥပနတ္တာ-ဟု ဟိတ်ပြင်လျှင်- သမ္မာသမ္ဗုဒ္ဓဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်) ရေမာနော-ကို ရေမာနတ္တာ-ဟု ဟိတ်ပြင်လျှင်- သမ္မာသမ္ဗုဒ္ဓဿ-ဟု သမ္ဗန်ခံရ ပါမည်။ (၏/သည် စပ်)

* **နိဿာယ**-ကို နိဿိတတ္တာ-ဟု ဟိတ်ပြင်လျှင်- အာယသ္မတော ဥပါလိဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်) **တသ္မာ**-ကို တသ္မာ အာယုသရက္ခတ္တာ-ဟု စွဲပါ။ တ္တာ-သမ္ဗန်ကား- ဝိနယဿ ဖြစ်ပါသည်။ (၏/သည် စပ်)

➢ ❶။ **အရှင်အာနန္ဒာ ရဟန္တာဖြစ်ချိန်** = ဝါခေါင်လပြည့်ကျော် (၅) ရက်ကြာသ ပတေးနေ့ ဖြစ်ပါသည်။

**မေး** ။ ။ အရှင်အာနန္ဒာ အစည်းအဝေးသို့ ကြွရာ၌ ပြကတေ့အားဖြင့် ကြွသည်, မြေ၌ငုတ်၍ ကြွသည်, ကောင်းကင်အားဖြင့် ကြွသည်ဟု ဝါဒကွဲပြားရာ နှီးနှောစပ်ဟပ်မိအောင် ဆုံးဖြတ်ခဲ့ပါ။

**ဖြေ** ။ ။ ၎င်းသုံးဝါဒတို့တွင် ထိုထိုဘာဏကမထေရ်တို့၏ ထိုထိုအခြင်းအရာအားဖြင့် လာခြင်းမှတပါး အသီး အသီးဆိုခြင်း၌ အကြောင်းထူး မရှိ၊ မှန်၏- ခုနစ်လ သင်္ဂါယနာ တင်ရာ၌ ရံခါ ပြကတေ့အားဖြင့်, ရံခါ မြေ၌ငုတ်၍, ရံခါ ကောင်းကင်ဖြင့် ကြွတော်မူရကား ထိုထိုကြွလာပုံ အခြင်းအရာကိုစွဲ၍ ထိုထိုအခြင်းအရာအားဖြင့် ဆိုကုန်၏ ထို့ကြောင့် ဝါဒ သုံးပါးလုံး အသင့်၊ မှန်ပင်၊ ညီညွတ်ပါ၏။

➢ ❾။ (၄) **ဂါထာစီ** = ဗုဒ္ဓေါ ပန ဓာရေနွော၊ နိဿာယ ဝိနယံ ဝရံ။
ဥပါလိ ဆေကံ ဝိနယေ၊ ဓေဒင်္ဂေ ဌပေသိ ဝေ။

➢ ❶❶။ **သင်္ဂါယာမ-၌ စာတ်အရ** ။ ။ (၁) အရှင်မြတ်တို့၏ သန္တာန်၌ သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိင်္ဂါရ ရသ/ဉဿာဟ ဌာယီဘာဝ, ဝီရ ရသ မည်၏။ (၂) ဝိနည်းပိဋကတ်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ဝိနည်းသည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်ခြင်း, ဝိနည်းတည်လတ်သော် သာသနာ တည်ခြင်း အကြောင်းသည် ဥဒ္ဒီပန ဝိဘာဝ မည်၏။ (၄) ဝိနည်းတရား မပျောက်ပျက်ခြင်း, ယနေ့တိုင်အောင် လိုက်နာခွင့်ရခြင်း အကျိုးတို့သည် အနုဘာဝ မည်၏။

[ဓ-ဝါကျကို ၅ ] (၁) ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာတင်ကုန်သော အရှင် မဟာကဿပ အမှူးရှိကုန်သော ရဟန္တာငါးရာတို့၏ သန္တာန်၌ဖြစ်သော ဝီရိယပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဉဿာဟဌာယီဘာဝ, ဝီရ ရသ မည်၏။ (၂) သုတ္တန် အဘိဓမ္မာ ပိဋကတ်တို့မှ ရှေးဦးစွာ သင်္ဂါယနာတင်သော ဝိနည်းပိဋကတ်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ဝိနည်းသည် ဘုရားရှင်၏သာသနာတော် အသက်

http://www.dhammadownload.com



သွေးခဲသဖွယ်ဖြစ်ခြင်းသည် ဥဒ္ဒိပန ဝိဘာဝ မည်၏။ (၄) သင်္ဂါယနာတင်ခဲ့သော ဝိနည်းပိဋကကို နောင်လာနောင်သားများ သင်ကြား ပို့ချကြခြင်း, သင်ကြားပို့ချကြသဖြင့် သိခြင်း, သိသဖြင့် ကျင့်ခြင်းမှစ၍ နိဗ္ဗာန်တိုင်အောင် ရရှိနိုင်သော ကောင်းကျိုး အဆက်ဆက်သည် အနုဘာဝ မည်၏။

* (င–ဝါကျ) **ဌမပေသိ–ဌ် ဌပေတတ်အရ** ။ ။ မြတ်စွာဘုရား သန္တာန်၌ တေဒင်ထားသော အခြင်းအရာအားဖြင့်ဖြစ်သော သတိ ဝီရိယ အဝိမောက္ခ ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ (၁) ၎င်း ဓမ္မရတိ ဌာယီဘာဝ, ဓမ္မသံဂ်ရရသ မည်၏။ (၂) တေဒင်ရရှိသော အရှင်ဥပါလိဖြစ်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) အရှင်ဥပါလိ၏ ဝိနည်းအရာ၌ ကျွမ်းကျင်ခြင်း, ဘဝါဘဝက ဆုပန်ခဲ့ခြင်း ပုညဉာဏသမ္ဘာရသည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) ပဌမသင်္ဂါယနာတင်ပွဲ၌ အကြီးအမှူးတစ်ပါးအဖြစ် ပါဝင်ရခြင်း, ဝိနည်းအရာ၌ ဝိဿဇ္ဇကပုဂ္ဂိုလ်ဖြစ်ရခြင်း, ဘုရားသာသနာ အရှည်ခံ၍ တည်တံ့ခြင်းစသော အကျိုးသည် အနုဘာဝ မည်၏။

**ဝါကျ (၁၃)** [၄၁၁၂။]

**(က) ကိံ ပနေတ္ထ ပဌမပါရာဇိကေ ကိဉ္စိ အပနေတဗ္ဗံ ဝါ ပက္ခိပိတဗ္ဗံ ဝါ အတ္ထိ နတ္ထီတိ၊**

**(ခ) အပနေတဗ္ဗံ နတ္ထိ၊ (ဂ) ဗုဒ္ဓဿ ဟိ ဘဂဝတော ဘာသိတေ အပနေတဗ္ဗံ နာမ နတ္ထိ၊**

**(ဃ) န ဟိ တထာဂတာ ဧကဗျဉ္ဇနမ္ပိ နိရတ္ထကံ ဝဒန္တိ၊**

**(င-၁) သာဝကာနံ ပန ဒေဝတာနံ ဝါ ဘာသိတေ အပနေတဗ္ဗမ္ပိ ဟောတိ၊**

**(င-၂) တံ ဓမ္မသင်္ဂါဟကတ္ထေရာ အပနယိံသု၊ (စ-၁) ပက္ခိပိတဗ္ဗံ ပန သဗ္ဗတ္ထာပိ အတ္ထိ၊**

**(စ-၂) တသ္မာ ယံ ယတ္ထ ပက္ခိပိတုံ ယုတ္တံ၊ တံ ပက္ခိပိံသုယေဝ၊** (ဘာသာဋီကာ၊ ပ၊ ၈၇။)

➢ ❶ ။ (က) ပန၊ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့။ဧတ္ထ ပဌမပါရာဇိကေ၊ဤသင်္ဂါယနာတင်အပ်ပြီးသော ပဌမပါရာဇိကပါဠိတော်၌။ကိဉ္စိ၊တစ်စုံတစ်ခုသော။အပနေတဗ္ဗံဝါ၊ပယ်ထိုက်သော ပုဒ်ဗျည်းသည်သော်၎င်း။ပက္ခိပိတဗ္ဗံ ဝါ၊ထည့်သွင်းထိုက်သော ပုဒ်ဗျည်းသည်သော်၎င်း။အတ္ထိ ကိံ၊ရှိသလော။နတ္ထိ ကိံ၊မရှိသလော။ဣတိ၊ဤသို့ ကား အမေးတည်း။ (ခ) ဧတ္ထ ပဌမပါရာဇိကေ၊ဤသင်္ဂါယနာတင်အပ်ပြီးသော ပဌမပါရာဇိကပါဠိတော်၌။ ကိဉ္စိ၊တစ်စုံတစ်ခုသော။အပနေတဗ္ဗံ၊ပယ်ထိုက်သော ပုဒ်ဗျည်းသည်။ နတ္ထိ၊မရှိ။(ဂ) ဟိ၊ချဲ့ဦးအံ့။ဗုဒ္ဓဿ၊အလုံးစုံသော တရားတို့ကို သိတော်မူပြီးသော။ဘဂဝတော၊ မြတ်စွာဘုရား၏။(ဝါ) သည်။ဘာသိတေ၊ဟောတော်မူအပ်သော တရား၌။အပနေတဗ္ဗံ နာမ၊ပယ်ထိုက်သော ပုဒ်ဗျည်းမည်သည်။နတ္ထိ၊မရှိ။

(ဃ) ဟိ၊မှန်၏။တထာဂတာ၊ဘုရားရှင်တို့သည်။နိရတ္ထကံ၊အနက် အဓိပ္ပါယ် မရှိသော၊ ဧကဗျဉ္ဇနမ္ပိ၊တစ်ခုသော အက္ခရာကိုသော်မှလည်း။န ဝဒန္တိ၊ဟောတော်မမူကြကုန်။

http://www.dhammadownload.com



[ဝါကျ အပြန်အလှန်] ကသ္မာ၊အဘယ့်ကြောင့်။ဗုဒ္ဓဿ၊သော။ဘဂဝတော၊၏။ (ဝါ) သည်။ဘာသိတေ၌။ အပနေတဗ္ဗံ နာမ၊မည်သည်။နတ္ထိ၊မရှိသနည်း။ ဟိ-ယသ္မာ၊အကြင့် ကြောင့်။တထာဂတာ၊ဘုရားရှင်တို့သည်။နိရတ္ထကံ၊သော။ဧကဗျဉ္ဇနမ္ပိ၊ကိုသော်မှလည်း။ န ဝဒန္တိ၊ ဟောတော်မမူကြကုန်။တသ္မာ၊ထို့ကြောင့်။(ဝါ) ထိုသို့ မြတ်စွာဘုရားတို့၏ အနက် အဓိပ္ပါယ်မရှိသော တစ်ခုတည်းသော ပုဒ်ဗျည်းကိုမျှ ဟောတော်မမူကြကုန်သည်၏ အဖြစ် ကြောင့်။ဗုဒ္ဓဿ၊သော။ဘဂဝတော၊၏။ (ဝါ) သည်။ဘာသိတေ၌။အပနေတဗ္ဗံ နာမ၊ မည်သည်။နတ္ထိ၊မရှိသတည်း။ **[ န ဟိ တက်ရာ, ဟိနက်မှာ, ဟိတ်ပါ ဒဠှီစွဲ-နှင့်အညီ "န ဟိ"၌ ဟိ-ကို ဒဠှီဇောတက, ဟေတုဇောတက နှစ်နည်းကြံ၍ အနက်ပေးသည်။]**

( င) ပန၊အဖို့တစ်ပါးကား။သာဝကာနံ ဝါ၊သာဝကတို့၏ရင်း။(ဝါ) တို့သည်ရင်း။ ဒေဝတာနံဝါ၊နတ်တို့၏ရင်း။(ဝါ) နတ်တို့သည်ရင်း။ဘာသိတေ၊ပြောဆိုလျှောက်ထားအပ် သော တရား၌။အပနေတဗ္ဗမ္ပိ၊ပယ်ထိုက်သော ပုဒ်ဗျည်းသည်လည်း။ဟောတိ၊ရှိ၏။တံ၊ထို ပယ်ထိုက်သော ပုဒ်ဗျည်းကို။မဟာသင်္ဂါဟကတ္ထေရာ၊သုတ် အဘိဓမ္မာ ဝိနည်းကို သင်္ဂါယနာ တင်ကုန်သော ထေရ်တို့သည်။အပနယိံသု၊ပယ်ကြကုန်ပြီ။

(စ) ပက္ခိပိတဗ္ဗံ ပန၊ထည့်သွင်းထိုက်သော ပုဒ်ဗျည်းသည်ကား။သဗ္ဗတ္ထာပိ၊အလုံးစုံ သော ဗုဒ္ဓဘာသိတ, သာဝကဘာသိတ; ဒေဝတာဘာသိတတို့၌လည်း။အတ္ထိ၊ရှိ၏။တသ္မာ၊ ထိုသို့ အလုံးစုံသော ဗုဒ္ဓဘာသိတ, သာဝကဘာသိတ, ဒေဝတာဘာသိတတို့၌ ထည့်သွင်း ထိုက်သော ပုဒ်ဗျည်းရှိသည်၏အဖြစ်ကြောင့်။ယတ္ထ၊အကြင်ပါဠိတော်၌။ယံ၊အကြင်စကား ကို။ပက္ခိပိတုံ၊ထည့်သွင်းခြင်းငှာ။ယုတ္တံ၊သင့်၏။တတ္ထ၊ထိုပါဠိတော်၌။တံ၊ထိုစကားကို။ပက္ခိ ပိံသု ယေဝ၊ထည့်သွင်းကြကုန်သည်သာ။

➢ ❷ ။ (က) **စသည်သို့/ အနုသန္ဓေ** ။ ။ ဤသို့ အထခေါ် စသည်ဖြင့် အရှင်မဟာ ကဿပက အရှင်ဥပါလိကို ဝတ္ထု-စသည့်ကို မေးခြင်းကိုရင်း, အရှင်ဥပါလိက မေးတိုင်း မေးတိုင်း ဖြေဆိုခြင်းကိုရင်း, ပြပြီး၍၊ ယခုအခါ၌ သင်္ဂီတိကာရက မထေရ်တို့၏ စကား ဖြစ်လေသလော၊ ထိုသို့မဟုတ်မူကား သက်သက်သော ဘုရားစကားတော်ပင်လော၊ ဤ သို့သော ယုံမှားကို ပယ်ဖျောက်ခြင်းငှာရင်း, အကြင်အကြင် သင်္ဂါယနာတင်အပ်ပြီးသော ပါဠိ၏သာလျှင် ပမာဏမြောက်သည်၏အဖြစ်ကို ပြခြင်းငှာရင်း, ပုစ္ဆာကို စနစ်တကျထုတ် ၍ ဖြေတော်မူလိုရကား (က) စသည်ကိုမိန့်။

(ခ) **သို့/ ပုစ္ဆာ** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ပုစ္ဆာကို ပြဆို၏။ ဝိသဇ္ဇနာကား အဘယ်နည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) **သို့/** ဆရာ၊ ဆရာသည် (ခ) ဖြင့် ပဌမပါရာဇိကနှင့် တစ်စုံတစ်ခု ပယ်ထိုက်သော ပုဒ်ဗျည်းမည်သည် မရှိဟု ဖွင့်ပြတော်မူ၏။ ယင်းပဌမပါရာဇိကနှင့် ပယ်ထိုက်သော ပုဒ် ဗျည်းမရှိပုံကို အကျယ်အားဖြင့် မပြဆိုပြီလော။ အဘယ်သို့ ပဌမပါရာဇိကနှင့် ပယ်

http://www.dhammadownload.com



ထိုက်သော ပုဒ်ဗျည်း မရှိပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဆရာ၊ ဆရာသည် (ဂ) ဖြင့် မြတ်စွာဘုရား ဟောအပ်သော တရားတော်၌ ပယ်ထိုက်သော ပုဒ်ဗျည်းမည်သည် မရှိဟု ဖွင့်ပြတော်မူ၏။ အဘယ့်ကြောင့် မြတ်စွာဘုရား ဟောအပ်သော တရားတော်၌ ပယ်ထိုက်သော ပုဒ်ဗျည်းမရှိပါသနည်း။ ဗုဒ္ဓဘာသိတ စကားသည် သာဝကဘာသိတ, ဒေဝတာဘာသိတ စကားတို့နှင့် ဘာသိတ စကားအဖြစ်ဖြင့် တူသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဃ) မိန့်။

(င–၁) သို့/ **အနုသန္ဓ** ။ ။ ဤသို့ (ဂ) ဖြင့် အပနေတဗ္ဗ မရှိရာဌာနကို ပိုင်းခြားသတ်မှတ်၍ ဗျတိရေကအားဖြင့် ပြီးပြီး၍၊ ယခုအခါ၌ ပပနေတဗ္ဗ ရှိရာဌာနကို ပိုင်းခြားသတ်မှတ်၍ အန္ဝယအားဖြင့် ပြခြင်းငှာ (င-၁) မိန့်။

(င–၁) သို့/ **ပုစ္ဆာ** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့်-- ပြတော်မူ၏။ အန္ဝယအားဖြင့် ပိုင်းခြားသတ်မှတ်၍ ပြသင့်သော အပနေတဗ္ဗရှိရာထာနကား အဘယ်နည်း၊ (င-၁)မိန့်

(င–၂) သို့/ **ပုစ္ဆာ** ။ ။ ဆရာ၊ ဆရာသည် (င-၁) ဖြင့် သာဝကဘာသိတ, ဒေဝတာဘာသိတ၌ အပနေတဗ္ဗရှိ၏ဟု ဆိုတော်မူ၏။ ယင်း ပယ်သင့်ပယ်ထိုက်သော စကားကို အဘယ်ပုဂ္ဂိုလ်များ ပယ်ကြပါကုန်သနည်း၊ စုဒ်ကြောင့် (င-၂) မိန့်။

(င) သို့/ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဗုဒ္ဓဘာသိတ၌ ပယ်ထိုက်သော ပုဒ်ဗျည်း မည်သည် မရှိဟု ဖွင့်ပြတော်မူ၏။ ထိုသို့ဆိုသော် သာဝကဘာသိတ ဒေဝတာဘာသိတ တို့၌လည်း ပယ်ထိုက်သော ပုဒ်ဗျည်းမည်သည် မရှိဟူ၍ပင် မှတ်သားရပါမည်လော။ အဘယ်သို့ မှတ်သားရပါမည်နည်း။ စုဒ်ကြောင့် (င) မိန့်။

(စ–၁) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ-ဂ-င) တို့ဖြင့် အပနေတဗ္ဗ မရှိရာဌာန, အပနေတဗ္ဗရှိရာဌာနကို ပိုင်းခြားသတ်မှတ်၍ ဖြေဆိုပြီး၍၊ ယခုအခါ၌ ပက္ခိပိတဗ္ဗရှိရာဌာနကို ပိုင်းခြားသတ်မှတ်၍ ဖြေဆိုခြင်းငှာ (စ-၁) မိန့်။

(စ–၁) သို့/ **ပုစ္ဆာ** ။ ။ ဆရာ၊ ဆရာသည် (ခ-ဂ-င) တို့ဖြင့်--ဖြေဆိုတော်မူ၏။ ပက္ခိပိတဗ္ဗရှိရာဌာနကား အဘယ်နည်း၊ (ဝါ) အဘယ်၌ ပက္ခိပိတဗ္ဗရှိပါသနည်း၊ (စ-၁)

(စ–၂) သို့/ **အနုသန္ဓ** ။ ။ ဤသို့ (စ-၁) ဖြင့် ပက္ခိပိတဗ္ဗရှိရာဌာနကို ပိုင်းခြားသတ်မှတ် ပြပြီး၍၊ ယခုအခါ၌ လဒ္ဓဂုဏ်ကို ပြခြင်းငှာ (စ-၂) မိန့်။

(စ–၂) သို့/ **ပုစ္ဆာ** ။ ။ ဆရာ၊ ဆရာသည် (စ-၁) ဖြင့် ပက္ခိပိတဗ္ဗရှိရာဌာနကို ပိုင်းခြားသတ်မှတ် ပြဆို၏။ ယင်းသို့ ဆိုအပ်သည်ရှိသော်(ဝါ) ယင်းသို့ ဆိုရခြင်းကြောင့် ဆရာ့မှာ အဘယ်ဂုဏ်ရှိပါသနည်း၊ စုဒ်ကြောင့် (စ-၂) မိန့်။

➤ ❷ ။ [ဂ+ဃ–ဝါကျတို့ကို ရှု] (၁) နနု ဗုဒ္ဓဿ ဘဂဝတော ဘာသိတံ သာဝကဘာသိတဘာဝေန သမာနံ, သာဝကာနံ ဝါ ဒေဝတာနံ ဘာသိတေန။

(တနည်း) နနု ဗုဒ္ဓဿ ဘဂဝတော ဘာသိတေပိ သာဝကာနံ ဝါ ဒေဝတာနံ ဝါ

http://www.dhammadownload.com



ဘာသိတေ ဝိယ အပနေတဗ္ဗံ လဒ္ဓဗ္ဗံ။

(၂) အထ ကသ္မာ ဗုဒ္ဓဿ ဘဂဝတော ဘာသိတေ အပနေတဗ္ဗံ နာမ နတ္ထိ။

(၃) ယသ္မာ ပန န တထာဂတာ ဧကဗျဉ္ဇနမ္ပိ နိရတ္ထကံ ဝဒန္တိ၊ တသ္မာ။

(၄) ဗုဒ္ဓဿ ဘဂဝတော ဘာသိတေ အပနေတဗ္ဗံ နာမ နတ္ထိ။

** ကျိုးဝါကျမှာ၊ အထကသ္မာ၊ ထည့်စွက်ခါ၊ စော ဒနာဖြစ်သတည်း။ အထကသ္မာ၊ ပြတ်ပယ်ကာ၊ ပရိဟာရဖြစ်သတည်း။*

*ကြောင်းဝါကျမှာ၊ ယသ္မာ တသ္မာ၊ ထည့်စွက်ပါ၊ ပရိဟာရာဘော ဂ ဖြစ်သတည်း။ စော ဒကာဘော ဂ၊ လျှော်စွာပ ထုတ်ရခပ်သိမ်းမှာ။*

[၄–ဝါကျကို ၅] (၁) နနု ဣဒါနိ ပါဠိယံ အပနေတဗ္ဗံ နာမ နတ္ထိ။

(၂) အထ ကသ္မာ သာဝကာနံ ဒေဝတာနံ ဝါ ဘာသိတေ အပနေတဗ္ဗမ္ပိ အတ္ထိ။

(၃) နနု တံ ဓမ္မသင်္ဂါဟကတ္ထေရာ အပနယိံသု။

(၄) တသ္မာ သာဝကာနံ ဒေဝတာနံ ဝါ ဘာသိတေ အပနေတဗ္ဗမ္ပိ အတ္ထိ။

(တနည်း) (၁) နနု သာဝကာနံ ဒေဝတာနံ ဝါ ဘာသိတေ အပနေတဗ္ဗမ္ပိ အတ္ထိ။

(၂) အထ ကသ္မာ ဣဒါနိ ပါဠိယံ အပနေတဗ္ဗံ နာမ နတ္ထိ။

(၃) နနု တံ ဓမ္မသင်္ဂါဟကတ္ထေရာ အပနယိံသု။

(၄) တသ္မာ ဣဒါနိ ပါဠိယံ အပနေတဗ္ဗံ နာမ နတ္ထိ။

➤ ❻ ။ ဘာသီယတေတိ **ဘာသိတံ**။ (၃) ရွတ်ဆိုခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ဟောအပ်သော ပုဒ်ဗျည်းသည် ဝစနီယမည်၏။ (၆) ဒေသိတ-ဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* ဗျဉ္ဇီယတိ အတ္ထော ဧတေဟီတိ **ဗျဉ္ဇနာ**။ (၃) ထင်ရှားခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ပုဒ်ဗျည်းသည် ဝစနီယ မည်၏။ (၆) ဝဏ္ဏ, အက္ခရ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* နတ္ထိ အတ္ထော ယဿာတိ **နိရတ္ထကံ**။ (၃) အနက် အဓိပ္ပါယ် မရှိခြင်း၏ ပုဒ်ဗျည်းနှင့် ဂုဏ်-ဂုဏေး အဖြစ်ဖြင့်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) အနက်အဓိပ္ပါယ် မရှိသော ပုဒ်ဗျည်းသည် ဝစနီယ မည်၏။ (၆) အနဓိပ္ပါယ-ဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* သုဏန္တိ **သာဝကာ**။ (၃) နားထောင်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) သာဝကဒြဗ်သည် ဝစနီယ မည်၏။ (၆) သိဿ, အန္တေဝါသိက-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။ * ဒေဝေါယေဝ **ဒေဝတာ**။

* ဒိဗ္ဗန္တိ ကီဠန္တီတိ **ဒေဝါ**။ (၃) ကစားခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) နတ်ဒြဗ်သည် ဝစနီယ မည်၏။ (၆) တိဒသ, အမရ-စသော--။

http://www.dhammadownload.com



* အတ္တာနံ အတိက္ကန္တံ သာသနတော ပရာဇေတီတိ **ပါရာဇိကံ**။ (၃) မိမိကို လွန်ကျူးသူကို သာသနာမှ ရှုံးစေခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ပဌမပါရာဇိက ပါဠိတော်ဒြပ် အနက်သည် ဝစနီယ မည်၏။ (၆) ပရာဇယကံ, စာဝနက်-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

➢ ❺ ။ (ဂ) ဝါကျ၌ နတ္ထိ-ကို နတ္ထိဘာဝတော/နတ္ထိတာယ-ဟု ဟိတ်ပြင်လျှင် အပနေတဗ္ဗဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

* နိရတ္ထကံ-ကို နိရတ္ထကတ္တာ-ဟု ဟိတ်ပြင်လျှင်- ဧကဗျဉ္ဇနဿမ္ပိ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်) * ဓဇန္တိ-ကို ဝဒန္တတ္တာ-ဟု ဟိတ်ပြင်လျှင်- တထာဂတာန်-ဟု သမ္ဗန်ခံရမည်။ (၏/သည် စပ်) (စ) ဝါကျ၌ **တသ္မာ** တတော အတ္ထိတာယ-ဟု စွဲလျှင်- ပက္ခိပိတဗ္ဗဿ-ဟု သမ္ဗန် ခံရပါမည်။ (၏/သည် စပ်)

➢ ❻ ။ (င) ဖြင့် သာဝကဘာသိတ ဒေဝတာဘာသိတ အရာ၌ ပယ်အပ်သောစကားရှိသော်လည်း ယခုကာလအချိန်တိုင်အောင် ရှိသည်မဟုတ်၊ ထိုပယ်အပ်သောစကားကို သင်္ဂါယနာတင်စ အချိန်တုန်းကပင် သင်္ဂါယနာတင်မထေရ်တို့ ပယ်ခဲ့ကုန်ပြီဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(စ) ဖြင့် ထည့်ရမည့် ပုဒ်အက္ခရာကား သာဝကဘာသိတ ဒေဝတာဘာသိတ အရာ၌သာ မဟုတ်၊ ဗုဒ္ဓဘာသိတ၌ပါ အလုံးစုံ သုံးပါးလုံး၌လည်းရှိသောကြောင့် အကြင်ပါဠိတော် ဒေသနာ၌ အကြင်စကားကို ထည့်သင့်၏၊ ထိုစကားကို ထည့်ရမည်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➢ ❼ ။ **အပနေတဗ္ဗစကားမှူသည်** ။ ။ ပိုလွန်သဖြင့် အကျိုးမရှိသောကြောင့်ရင်း၊ မမှန်ချွတ်ယွင်းသဖြင့် မသင့်လျော်သောကြောင့်ရင်း ပယ်အပ်သော စကားသည် အပနေတဗ္ဗ မည်ပါသည်။

* **ပက္ခိတဗ္ဗ–မှူသည်** ။ ။ စကား မပြည့်စုံသောကြောင့် ဆောင်ယူထည့်သွင်းအပ်သော စကားသည် ပက္ခိတဗ္ဗ မည်ပါသည်။

➢ ❽ ။ [ဂ+ဃ–ဝါကျတို့ကို ၅] ဘဂဝတော ဘာသိတမ္ပိ၊ ဆဍ္ဍေတဗ္ဗံ န ဝိဇ္ဇတိ။ န ဟိ ဗုဒ္ဓါ နိရတ္ထကံ၊ ဗျဉ္ဇနမ္ပိစ ဘာသရေ။

➢ ❶ ⓿ ။ (င) ဝါကျ **အပနယိသု–၌ အပပုဗ္ဗ နီဓာတ်အရ**- ပဌမသင်္ဂါယနာတင်မထေရ်တို့သန္တာန်၌ ပယ်အပ်သော စကားကို အာရုံပြု၍ စက်ဆုပ်ခြင်း (ဝါ) စိုးရိမ်ကြောင့်ကြသကဲ့သို့သော အခြင်းအရာအားဖြင့်ဖြစ်သော ဟိရိ ဩတ္တပ္ပပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။ (၁) ၎င်းသည် ဇိဂုစ္ဆဋ္ဌာယီဘာဝ, ဓိဘစ္ဆရသ မည်၏၊

(၂) ပယ်အပ်သော အပနေတဗ္ဗ စကားသည် အာရမ္မဏဝိဘာဝ မည်၏။

(၃) ဝေနေယျတို့အား အကျိုးစီးပွားမဲ့မှ လွတ်စေ၍ အကျိုးစီးပွား၌ ယှဉ်စေခြင်း,

http://www.dhammadownload.com



အပနေတဗ္ဗ စကားကြောင့် ဝေနေယျတို့အား အနတ္ထ, အဟိတ, အသုခ ဖြစ်မည်ကို ကြို တင်သိမြင်တော်မူကြခြင်းနှင့် ဘုရားစကားတော် သန့်ရှင်းစင်ကြယ်စေလိုခြင်းတို့သည် ဥဒ္ဒိပနဝိဘာဝမည်၏။ (၄) သင်္ဂါယနာတင် မထေရ်တို့၏ အပနေတဗ္ဗ စကားများကို ပယ် နှုတ်ထားခြင်း, ထိုသို့ ပယ်နှုတ်ထားသဖြင့် နောင်လာ နောက်သား အမျိုးကောင်းသား တို့အား အတ္ထ, ဟိတ, သုခ တိုးပွားခြင်းတို့သည် အနုဘာဝ မည်၏။

**အမှာ/** (ခ) ဝါကျကို ထုတ်ခိုင်းလျှင်လည်း အတူတူပင် မှတ်ပါ။

**ဗုဒ္ဓဿ–၌ ခာတ်အရေကို ကိုယ်ပြု၍** ။ ။ (၁) စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗုဒ္ဓေါ-ဟူ သော ဝိဂ္ဂဟကိုငဲ့၍-- ဗုဓဓာတ်အရ အရဟတ္တမဂ်ဉာဏ်ပြဓာန်းသော အရဟတ္တမဂ် စိတ္တုပ္ပါဒ်သည် (ဝါ) ၎င်း၌ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စေတသိက်သည် သမဌာယီဘာဝ သန္တရသ မည်၏။ (၂) နိဗ္ဗာန်သည် (ဝါ) သစ္စာလေးပါးသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ပါရမီဉာဏ် ဝိပဿနာဉာဏ် စသည်တို့သည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) အရဟတ္တ ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် စသည်တို့သည် အနုဘာဝ မည်၏။

**သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ**-ဟူသော ဝိဂ္ဂဟကို ငဲ့၍ -- (၁) ဗုဓဓာတ်၏အရ သဗ္ဗညုတဉာဏ်ပြဓာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဌာယီဘာဝ+ဓမ္မသံဂီရရသ မည်၏။ (၂) အလုံးစုံသော တရားသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ပါရမီဉာဏ် ဝိပဿနာဉာဏ် စသည်တို့သည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) ဒေသနာဉာဏ် သကလဗုဒ္ဓဘောဂုဏ် ဝေနေယျတို့၏ ဟိတ သုခ (တနည်း) ဒေသနာ ဉာဏ်တော်, သုတမယဉာဏ်, စိန္တာမယဉာဏ် စသည်တို့သည် အနုဘာဝ မည်၏။

**ဝါကျ (၁၆)**

**(က) ကထံ ဓမ္မဝိနယဝသေန ဒုဝိဓံ ? သဗ္ဗမေဝ ဟေတံ ဓမ္မော စေဝ ဝိနယော စာတိ သင်္ချံ ဂစ္ဆတိ၊**

**(ခ) တတ္ထ ဝိနယပိဋကံ ဝိနယော၊ အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော၊**

**(ဂ) တေနေဝါဟ ""ယန္နူန မယံ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယေယျာမာ""တိ၊ ""အဟံ ဥပါလိံ ဝိနယံ ပုစ္ဆေယျံ၊ အာနန္ဒံ ဓမ္မံ ပုစ္ဆေယျံ""န္တိ စ၊ (ဃ) ဧဝံ ဓမ္မဝိနယဝသေန ဒုဝိဓံ၊** (ဋ္ဌ၊၁၆။ )

➤ ❶ ။ (က) ကထံ၊ အဘယ်သို့လျှင်။ (သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဧတံ ဗုဒ္ဓ ဝစနံ၊ ဤဘုရားစကားတော်သည်။) ဓမ္မဝိနယဝသေန၊ ဓမ္မဝိနယတို့၏ အပြားအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးသော အဖို့ရှိသနည်း။ စ၊ ဆက်ဦးအံ့။ သဗ္ဗမေဝ၊ အလုံးစုံသာလျှင်ဖြစ်သော။ ဧတံ၊ ဤ ဘုရားစကားတော်သည်။ ဓမ္မောတိ စေဝ၊ ဓမ္မဟူ၍၎င်း။ ဝိနယောတိ စ၊ ဝိနယဟူ၍၎င်း။ သင်္ချံ၊ ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။

[**က–ဟေတာလင်္ကာရနည်း**] စ၊ အဖြေကိုဆိုဦးအံ့။ သဗ္ဗမေဝ၊ သော။ ဧတံ ဗုဒ္ဓဝစနံ၊ သည်။ ယထာနုသိဋ္ဌံ၊ ဆုံးမတော်မူသည့်အတိုင်း။ ပဋိပဇ္ဇမာနေ၊ ကျင့်သူတို့ကို။ အပါယပတနာဒီတော၊

http://www.dhammadownload.com



အပါယ်ကျခြင်းစသည်မှ။ဓာရဏေန၊ဆောင်ခြင်းကြောင့်။ဓမ္မောတိစ၊ဓမ္မ။ကိလေသဝိနယနေန၊ကိလေသာတို့ကို ပယ်ဖျောက်ခြင်းကြောင့်။ဝိနယောတိစ၊ဝိနယ။သဒ္ဓိံ၊သို့။ဂစ္ဆတိ၊၏။

(စ) တတ္ထ၊ထို ဓမ္မ ဝိနယ နှစ်ပါးတို့တွင်။ဝိနယပိဋကံ၊ဝိနည်းပိဋကသည်။ဝိနယော၊ဝိနယမည်၏။အဝသေသံ၊ဝိနည်းပိဋကမှ ကြွင်းသော။ဗုဒ္ဓဝစနံ၊ဘုရားစကားတော်သည်။ဓမ္မော၊ဓမ္မ မည်၏။ (ဂ) တေနေဝ၊ထို့ကြောင့်ပင်။[ထိုသို့ ဝိနယပိဋက၏ ဝိနယမည်သည်၏အဖြစ်, ကြွင်းသော ဗုဒ္ဓဝစန၏ ဓမ္မမည်သည်၏အဖြစ်ကြောင့်ပင်။] ယန္နူန (လ) သင်္ဂါယာမာတိ၊ယန္နူန (လ) သင်္ဂါယာမ ဟူ၍ရင်း။အဟံ (လ) ပုစ္ဆေယျန္တိစ၊အဟံ (လ) ပုစ္ဆေယျံ ဟူ၍ရင်း။(အာယသ္မာ မဟာကဿပေါ၊အရှင်မဟာကဿပသည်။သင်္ဂီတိခန္ဓကေ၊သင်္ဂီတိခန္ဓကဉ်။) အာဟ၊မိန့်တော်မူပြီ။

(ဃ) ဇဝံ၊ဤသို့လျှင်။(သဗ္ဗမ္ပိ၊သော။ဇတံ ဗုဒ္ဓဝစနံ၊သည်။) ဓမ္မဝိနယဝသေန၊ဓမ္မဝိနယတို့၏ အပြားအားဖြင့်။ဒုဝိဓံ၊နှစ်ပါးသော အဖို့ရှိ၏။ (ဘာသာဋီကာ၊ပ၊ ၁၀၁။)

➤ ❷ ။ (ခ) သို့/ **အနုသန္ဓိ** ။ ။ ဤသို့ (က) ဖြင့် အလုံးစုံသော ဘုရားစကားတော်သည် သာမညအားဖြင့် ဓမ္မဟူ၍ရင်း ဝိနယဟူ၍ရင်း ရေတွက်ခြင်းသို့ ရောက်၏ဟု ပြဆိုတော်မူပြီး၍ ယခုအခါ၌ ဤ၌ အလိုရှိအပ်သော ဓမ္မ ဝိနယတို့ကို ဝတ္ထုစ္ဆာ၏ အစွမ်းဖြင့် သရုပ်ထုတ်၍ ပြခြင်းငှာ (ခ) မိန့်။

(ခ) သို့/ **စောဒနာ** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အလုံးစုံသော ဘုရားစကားတော်သည် သာမညအားဖြင့် ဓမ္မဟူ၍ရင်း ဝိနယဟူ၍ရင်း ရေတွက်ခြင်းသို့ ရောက်၏ဟု ပြဆိုတော်မူ၏။ ယင်းသို့ ဆိုသဖြင့် ဓမ္မ ဝိနယသဒ္ဒါတို့၏ သရုပ်သဘောကို ထင်ရှားစွာ မသိရသေးသည် မဟုတ်ပါလော။ ဓမ္မ ဝိနယသဒ္ဒါတို့၏ သရုပ်သဘောကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ **အနုသန္ဓိ** ။ ။ ဤသို့ (ခ) ဖြင့် ဓမ္မနှင့် ဝိနယသဒ္ဒါတို့၏ သရုပ်သဘောကို ထင်ရှားစွာ ပြဆိုပြီး၍ ယခုအခါ၌ မိမိစကားကို ပြယုဂ် ဥဒါဟရုဏ်၏ အစွမ်းဖြင့် ခိုင်မြဲစေလိုသော အဋ္ဌကထာဆရာသည် (ဂ) မိန့်။

(ဂ) သို့/ **သာဓောဂမူဇ္ဈာ** ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဝိနယပိဋကသည် ဝိနယ မည်၏၊ ဝိနည်းမှကြွင်းသော ဗုဒ္ဓဝစနသည် ဓမ္မမည်၏ဟု ပြဆို၏။ ကိလေသာတို့ကို ဆုံးမတတ် အပါယ်မကျအောင် ဆောင်တတ်၍ သာမညအားဖြင့် အားလုံးသော ဗုဒ္ဓဝစန ဟူသမျှသည် ဓမ္မ ဝိနယ မည်သည် မဟုတ်ပါလော။ ဆရာ့စကားကို ခိုင်မြဲစေသော သာဓကယုတ္တိကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(ဂ) သို့/ **အာဓောဂါယုတ္တစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဓမ္မ ဝိနယ နှစ်ပါးတို့တွင် ဝိနည်းပိဋကသည် ဝိနယ၊ ယင်းမှကြွင်းသော ဘုရားစကားတော်သည် ဓမ္မ မည်သောဟု ဉာပျ သာချ သကဝစနကို ဆိုတော်မူ၏။ ယင်းသို့ဆိုသော် ဆရာ့စကားသည်

http://www.dhammadownload.com



ပြယုဂ် ဥဒါဟရဏ်ဟူသော ဉာပက သာဓက ပရဝစနတို့နှင့် ကင်း၍ မခိုင်မြဲရာသည် မဟုတ်ပါလော။ ဆရာ့စကားကို ခိုင်မြဲစေတတ်သော ဉာပက သာဓက ပရဝစနတို့ကား အဘယ်ပါနည်း။ အကယ်၍ ဉာပျ သာဓျ သကဝစနတို့ကိုသာ ပြဆို၍ ဉာပက သာဓက ပရဝစနတို့ကို မပြဆိုချေသော် ဆရာအား ဒဋ္ဌယ+ဒဋ္ဌကရဏာဆန့်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

အဓိပ္ပါယ်ကား- (ဂ) ဖြင့် ဉာပက သာဓက ပရဝစနကို ပြဆိုသည်ဖြစ်ရကား သင်တင်သော ဝိရောဓိဒေါသ မရောက် ကင်းစဉ်လွှင့်ပျောက်ပါ၏ဟူလို။

(ဃ) ဒွို/ **အမရာနုသစ္စ** ။ ။ ယခုအခါ၌ (က) စသော ဝါကျတို့ဖြင့် ဆိုအပ်ပြီးသော စကားရပ်တို့ကို အကျဉ်းချုံး၍ နိဂုံးအုပ်လိုရကား (ဃ) မိန့်။

➤ ❸ ။ [စ–ဝါကျကို ၅] (၁) နနု အဝိသေသေန သဗ္ဗမ္ပိ ဗုဒ္ဓဝစနံ ကိလေသ ဝိနယနေန ဝိနယော, ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ အပါယပတနာဒိတော ဓာရဏေန ဓမ္မောစ ဟောတိ။ (၂) အထ ကိမတ္ထံ တတ္ထ ဝိနယပိဋကံ ဝိနယော၊ အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မောတိ အာဟ။

(၃) ဣဓာဓိပ္ပေတေယေဝ ဓမ္မဝိနယေ ဝတ္တိစ္ဆာဝသေန သရူပတော နိဒ္ဒိသိတုံ။

(၄) တသ္မာ တတ္ထ ဝိနယပိဋကံ ဝိနယော၊ အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မောတိ အာဟ။

➤ ❹ ။ ဓမ္မောစ ဝိနယောစ **ဓမ္မဝိနယော**။ (၃) ဓမ္မနှင့် ဝိနယတို့၏ အပါယ်မကျအောင် ဆောင်ခြင်း, ကိလေသာကိုပယ်ခြင်းကို အကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ ဖြစ်သော အညမညာပေက္ခသမ္ဗန်သကတ်သည် ဝစနဟေတု မည်၏။ (၅) ဓမ္မ ဝိနယ ဖြစ်သည် ဝစနီယ မည်၏။ သကလဗုဒ္ဓဝစန စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ။

* ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ အပါယပတနာဒိတော ဓာရေတီတိ **ဓမ္မော**။

(၃) ဆုံးမတော်မူတိုင်း လိုက်နာကျင့်ကြံသူတို့ကို အပါယ်ကျခြင်း စသည်မှ ဆောင်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ဘုရားစကားတော်ဖြစ်သည် ဝစနီယ မည်၏။ (၆) ဗုဒ္ဓဝစန, တန္တိ, ပါဠိ စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* ကိလေသေ ဝိနေတီတိ **ဝိနယော**။ (၃) ကိလေသာတို့ကို ဆုံးမခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ဘုရားရှင် ဟောတော်မူအပ်သော စကားတော်ဖြစ်သည် ဝစနီယ မည်၏။ (၆) ဝိနယတန္တိ, ဝိနယပါဠိ, ဝိနယပရိယတ္တိ သာသန-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ပိဋီယတိ သဒ္ဒီယတိ ပရိယာပုဏီယတီတိ **ပိဋကံ**။ (၃) အသံပြုခြင်း, သင်ယူခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ပိဋကတ်တော်ဖြစ် (ဝါ) ဗုဒ္ဓဝစနဖြစ်သည် ဝစနီယ မည်၏။ (၆) ပရိယတ္တိ-ဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

* ဗုဇ္ဈိသ ဝစနံ **ဗုဒ္ဓဝစနံ**။ (၃) မြတ်စွာဘုရား၏ စကားတော်နှင့် သာမိ-သံ အဖြစ်ဖြင့်

http://www.dhammadownload.com



စပ်ခြင်းသမ္ဗန်သကတ်သည် ဝစနဟေတု မည်၏။ (၅) မြတ်စွာဘုရား၏ စကားတော် ဖြစ်သည် ဝစနီယ မည်၏။ (၆) ပါဝစနံ, တေပိဋကံ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

➢ ၅ ။ (က) ၌ **ဂစ္ဆတိ**-ကို ဟိတ်ပြင်လိုပါက ကိတ်ပုဒ်အဖြစ် "ဂတ"ဟု ပြောင်းလဲ၍ "ဂတတ္တာ"ဟု ဟိတ်ပြင်ရပါမည်။ ယင်းဟိတ်၏ သမ္ဗန်ကား- တေသံ ဗုဒ္ဓဝစနံသ ဖြစ်ပါသည်။ (၏/သည် စပ်)

(ခ) ၌ **အဝသေသံ**-ကို အဝသေသတ္တာ-ဟု ဟိတ်ပြင်လျှင်- ဗုဒ္ဓဝစနဿ-ဟု သမ္ဗန် ခံရပါမည်။ (၏/သည် စပ်) (ဃ) ၌ **ဒုဝိဓံ**-ကို ဒုဝိဓတ္တာ-ဟု ဟိတ်ပြင်လျှင် သဗ္ဗဿပိ တေသံ ဗုဒ္ဓဝစနဿ- ဟု သမ္ဗန် ခံရပါမည်။ (၏/သည် စပ်)

➢ ၆ ။ (က) ၌ ကထံ ဓမ္မဝိနယဝသေန ဒုဝိဓံ-ဖြင့် အလုံးစုံသော ဗုဒ္ဓဝစနသည် ဘုရားဟောချည်းသာဖြစ်၍ အဘယ်သို့လျှင် ဓမ္မ ဝိနယအားဖြင့် နှစ်မျိုးပြားသနည်းဟု စောဒကတို့ မေးနိုင်သည်၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(က) ၌ သဗ္ဗမေဝ စေတံ-စသည်ဖြင့် အလုံးစုံသော ဗုဒ္ဓဝစနကိုပင် ဓမ္မဝိနယ-ဟု ခေါ်ဝေါ်ထားသည်၏ အဖြစ်ကိုရင်း (ဘာဝတ္ထ) ဓမ္မဝိနယကား အရမပြား သာမညအားဖြင့် ဗုဒ္ဓဝစန အားလုံးကို ယူရမည်၏အဖြစ်ကိုရင်း (အဘိဓေယျတ္ထ) သိစေပါသည်။

(စ) ၌ ဝိနယပိဋကံ-ဖြင့် ဓမ္မဝိနယ၌ ဝိနယ-အရ ဝိနည်းပိဋကတ်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

အဝသေသံ ဗုဒ္ဓဝစနံ-ဖြင့် ဓမ္မ-အရ ဝိနည်းမှကြွင်းသော ဘုရားစကားတော်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

➢ ၈ ။ **အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော-ဟု ဖွင့်ဆိုရခြင်းအကြောင်း**

(စ) ၌ **ဓမ္မ-အရ** ။ ။ ဓမ္မဝိနယပုဒ်၌ ဝိနယ-သည် ဝိနည်းကိုသာ ဟော၏၊ ဓမ္မ-သဒ္ဒါကား ဝိနည်းနှင့်တကွ သုတ် အဘိဓမ္မာတို့ကို ဟော၏၊ ထိုသို့ ဟောနိုင်သော်လည်း ယှဉ်ဘက် ဝိနယ-သဒ္ဒါ၏ အနက်ကိုချန်၍ ပုညဉာဏသမ္ဘာရနည်း ဂေါဗလီဗဒ္ဓနည်း အားဖြင့် ဝိနည်းမှကြွင်းသော သုတ် အဘိဓမ္မာ တရားတို့ကိုသာ ဟောနိုင်သောကြောင့်- ဓမ္မ-အရ သုတ် အဘိဓမ္မာတို့ကိုသာ ယူရပါမည်။(အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော-ဟု ဆိုသည်)

➢ ၁၀ ။ (ဂ) **ဝါကျ၌ ဝိနယံ ပုစ္ဆေယျံ-ဝယ် ဓာတ်အရ အနက္ခတ္ထကို ရှု၍**

(၁) အရှင်မဟာကဿပထေရ်၏ သန္တာန်၌ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကိုယူ၍- ထိုသည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိင်္ဂါရရှသ မည်၏။ (၂) ဝိနည်းပိဋကတ်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ယင်းပိဋကတ်၏ ကိလေသဝိနယနဂုဏ်, ဝိဝိဓနေယဂုဏ် ဝိသေသနယဂုဏ် စသည်သည် ဥဒ္ဒီပနဝိဘာဝ။ (၄) ဝိနည်းပိဋကတ်ကို ဖြေဆိုလျက် သင်္ဂါယနာတင်ခြင်း, ဝိနည်းကိုသိရန် ကျင့်ကြံ

http://www.dhammadownload.com



အားထုတ်ခြင်း, မဂ်ဖိုလ်နိဗ္ဗာန်ရခြင်းတိုင်အောင်သော အကျိုးတို့သည် အနုဘာဝ။

**ဓမ္မံ ပုစ္ဆေယျံ–၌ ဓာတ်အရ** ။ ။ မေးသော အရှင်မဟာကဿပ၏ သန္တာန်၌ သမ္မာဆန္ဒ ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ (၁) ၎င်းသည် ဓမ္မရတိ ဌာယီဘာဝ, ဓမ္မသိင်္ဂါရရသ မည်၏။ (၂) အရှင်အာနန္ဒာသည်၎င်း, သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ်သည်၎င်း အာရမ္မဏဝိဘာဝမည်၏။ (၃) ဓမ္မအားလုံး အရှင်အာနန္ဒာ၏ နှလုံးသား၌ တည်နေခြင်းအကြောင်းသည် ဥဒ္ဒီပန ဝိဘာဝမည်၏။ (၄) သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ်ကို နောင်လာ နောက်သားတို့ သင်ယူနိုင်ခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝ မည်၏။

*** သင်္ဂါယေယျာမ–၌ သံပုဗ္ဗ ဂေဓာတ်အရ** ။ ။ သင်္ဂါယနာတင် မထေရ်တို့သန္တာန်၌ သင်္ဂါယနာတင်ကြကုန်အံ့ဟု ကြံစည်သော အခြင်းအရာအားဖြင့်ဖြစ်သော သမ္မာ - သင်္ကပ္ပ သတိ ဝီရိယ အဓိမောက္ခ ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ရ၏။ (၁) ၎င်းစိတ္တုပ္ပါဒ်၌ရှိသော ဝီရိယသည် ဥဿာဟဌာယီဘာဝ, ဝီရ ရသ မည်၏။ (၂) ဘုရားရှင်ဟောကြားတော်မူခဲ့သော သုတ် ဝိနည်း အဘိဓမ္မာတည်းဟူသော ပါဠိတော်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) သုဘဒ်ရဟန်းကြီးက ဘုရားရှင်အပေါ် စော်ကားပြောဆိုသော စကားသည်၎င်း၊ ပိဋကတ်ကို မေးခြင်း ဖြေခြင်းငှာ စွမ်းနိုင်သော အရှင်မဟာကဿပ, အရှင်အာနန္ဒာ, အရှင်ဥပါလိနှင့်တကွ ပိဋကတ်အာဂုံဆောင် ရဟန္တာတို့ ထင်ရှားရှိခြင်းသည်၎င်း၊ အဇာတသတ်မင်း၏ အာဏာစက်အကူအညီနှင့် ပစ္စယာနုဂ္ဂဟကို ရရှိခြင်းသည်၎င်း ဥဒ္ဒီပန ဝိဘာဝ မည်၏။ (၄) သင်္ဂါယနာတင်ကြခြင်း ဘုရားသာသနာတော် သန့်ရှင်းစင်ကြယ်စေခြင်း ကြာမြင့်စွာတည်ခြင်း ဝေနေယျတို့အား အတ္ထ ဟိတ သုခ တိုးပွားခြင်းတို့သည် အနုဘာဝ မည်၏။

---

**ပါဌ် (၁၅)**

**(က) အနေကဇာတိသံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ၊ ဂဟကာရံ ဂဝေသန္တော၊**

**(ခ) ဒုက္ခာ ဇာတိ ပုနပ္ပုနံ၊ (ဂ) ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ၊**

**(ဃ) သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ၊ ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ တိ ဣဒံ ပဌမဗုဒ္ဓဝစနံ၊ (င) ကေစိ "ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ" တိ ခန္ဓကေ ဥဒါနဂါထံ ဝဒန္တိ၊**

**(စ) သော ပန ပါဋိပဒဒိဝသေ သဗ္ဗညုဘာဝပ္ပတ္တဿ သောမနဿမယဉာဏေန ပစ္စယာကာရံ ပစ္စဝေက္ခန္တဿ ဥပ္ပန္နာ ဥဒါနဂါထာတိ ဝေဒိတဗ္ဗာ၊ (ဌ၊၁၆။ ဘာသာဋီကာ၊ပ၊၁၀၂)**

➢ **ခ**။ (ခ) (ယသ္မာ၊အကြင့်ကြောင့်။) ဇာတိ၊ပဋိသန္ဓေတည်နေရခြင်းသည်။(ဇရာဗျာဓိမရဏမိဿတာယ၊အို နာ သေရေး ဒုက္ခဘေးတို့နှင့် ရောထွေး၍ နေသည်၏အဖြစ်ကြောင့်။) (ဟိတ်) ပုနပ္ပုနံ၊ထပ်ကာ ထပ်ကာ။(ဥပဂန္တုံ၊ကပ်ရောက်ခြင်းငှာ). ဒုက္ခာ၊ဆင်းရဲ

http://www.dhammadownload.com



လှချေ၏။ (တသ္မာ၊ထို့ကြောင့်ရင်း။တသ္မိ၊ထိုတဏှာ ယောက်ျား လက်သမားကို။အဒိဋ္ဌေ ဉာဏ်ဖြင့် ထင်ထင် မတွေ့မြင်အပ်သေးသည်ရှိသော်။သာ ဇာတိ၊ထိုဇာတိသည်။န နိဝတ္တတိ၊ ဆုတ်နစ်မည် မဟုတ်။တသ္မာ၊ထို့ကြောင့်ရင်း။)

(က) ဂဟကာရုံ၊ခန္ဓာအိမ်ကို အကြိမ်ကြိမ် အဖန်ဖန် စီမံတတ်သော တဏှာ ယောက်ျား လက်သမားကို။ဂဝေသန္တော၊မရမနေ ရှာဖွေသော။(အဟံ၊ငါသည်) အနိဗ္ဗိသံ၊ တဏှာမြင်ရန် သဗ္ဗင်ဉာဏ်ကို ဧကန်ပိုင်ပိုင် မရနိုင်သေးသည်။(ဟုတွာ၊ဖြစ်၍။ (ဝါ) ဖြစ်ခြင်းကြောင့်။ဧတ္တကံ ကာလံ၊ဤမျှလောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး။) အနေကဇာတိသံသာရံ၊အသိန်းမက ဘဝများစွာ သံသရာစက်ဝိုင်းကို။သန္ဓာဝိဿံ၊ဆုံဝယ်တပ်နွား ရဟတ်ချားသို့ ပြေးသွား ကျင်လည်ခံရလေပြီ။

(ခ) ဂဟကာရက၊ခန္ဓာအိမ်ကို အကြိမ်ကြိမ် အဖန်ဖန် စီမံတတ်သော တဏှာ ယောက်ျား ဟဲ့ လက်သမား။(ဒါနိ၊သဗ္ဗညုတဉာဏ်ကို ရပြီးရာ ယခုအခါ၌။တွံ၊သင်သည်။ (ဝါ) သင့်ကို။) ဒိဋ္ဌောသိ၊ဉာဏ်ဖြင့်ထင်ထင် တွေ့မြင်အပ်ပြီးသည်။အသိ၊ဖြစ်၏။ပုန၊တဖန်။ ဂေဟံ၊ခန္ဓာအိမ်ကို။န ကာဟသိ၊ပြုလုပ်ရတော့မည် မဟုတ်။

(ဃ) တေ၊သင်၏။သဗ္ဗာ၊ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ဖာသုကာ၊ကိလေသာ အခြင်ရနယ်တို့ကို။ဘဂ္ဂါ၊မှုန့်မှုန့်ညက်ညက် ချိုးဖျက်အပ်ကုန်ပြီ။ဂဟကူဋံ၊ခန္ဓာအိမ်၏ အဝိဇ္ဇာ အထွဋ်ကို။ဝိသင်္ခတံ၊ဖျက်ဆီးအပ်ပြီ။စိတ္တံ၊ငါ၏စိတ်သည်။ဝိသင်္ခါရဂတံ၊သင်္ခါရကင်းမြဲ နိဗ္ဗာန်ဘုံသို့ အာရုံပြုသောအားဖြင့် ရောက်ပြီ။ (အဟဉ္စ၊ငါသည်လည်း။)တဏှာနံ၊အသင် တဏှာတို့၏။ခယံ၊ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကို။အဇ္ဈဂါ၊ရပြီ။

(င) ကေစိ၊အချို့သော ခန္ဓကဘာဏက ထေရ်တို့သည်။ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ဓမ္မာ အစရှိသော။ခန္ဓကေ၊မဟာဝဂ္ဂခန္ဓက၌။ဥဒါနဂါထံ၊ဥဒါန်းဂါထာကို။(ပဌမ ဗုဒ္ဓဝစနန္တိ၊ပဌမ ဗုဒ္ဓဝစန ဟူ၍။ဝဒန္တိ၊ဆိုကြကုန်၏။

(စ) ပန၊ထိုသို့ ဆိုကြပါသော်လည်း။သော၊ဤ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ အစရှိသော ဂါထာကို။ပါဋိပဒဒိဝသေ၊ဥပုသ် အထွက်တစ်ရက်နေ့၌။(ကဆုန်လပြည့်ကျော် တစ်ရက်နေ့၌) သဗ္ဗညုဘာဝပ္ပတ္တဿ၊သဗ္ဗညုအဖြစ်သို့ ရောက်တော်မူပြီးသည် ဖြစ်၍။ သောမနဿမယဉာဏေန၊သောမနဿနှင့်ယှဉ်သော ဉာဏ်တော်ဖြင့်။ပစ္စယာကာရံ၊ပဋိစ္စသမုပ္ပါဒ်ကို။ပစ္စဝေက္ခန္တဿ၊ဆင်ခြင်တော်မူစဉ်။ဥပ္ပန္နာ၊ဖြစ်သော။ဥဒါနဂါထာတိ၊ဥဒါန်း ဂါထာဟူ၍။ဝေဒိတဗ္ဗာ၊သိအပ်၏။

➤ ❷။ (စ) သို့/ ဆရာ-သည် (က) ၌ ဂဟကာရံ ဂဝေသန္တော-ဖြင့် တဏှာ ယောက်ျား လက်သမားကို ရှာမှီးသောဟု ဆိုတော်မူ၏။ တဏှာ ယောက်ျား လက်သမားကို ရှာမှီးရခြင်း၏အကြောင်းကို မပြဆိုတော့ပြီလော။ (တနည်း) ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သည့် တဏှာယောက်ျား လက်သမားကို မရှာမှီးဘဲ နေသင့်သည် မဟုတ်ပါလော။

Black

http://www.dhammadownload.com



အဘယ့်ကြောင့် တဏှာယောက်ျား လက်သမားကို ရှာမှီးနေရပါသနည်း။ (ခ) မိန့်။

အဓိပ္ပါယ်ကား- အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှသောကြောင့် တဏှာယောက်ျား လက်သမားကို ရှာမှီးရပါ၏ဟူလို။

(ဂ) သို့/ **အနုသန္ဓ** ။ ။ ဤသို့ (က-ခ) တို့ဖြင့် သံသရာ၌ ကျင်လည်ခဲ့ရပုံကို ဟောပြတော်မူပြီး၍ ယခုအခါ၌ သံသရာ၌ မကျင်လည်ရတော့ခြင်းကို (ဝါ) သံသရာမှ ထွက်မြောက်တော်မူခြင်းကို (ဝါ) နောက်ထပ် ခန္ဓာအိမ်ကို တဏှာယောက်ျား လက်သမား မဆောက်လုပ်နိုင်တော့ခြင်းကို ပြတော်မူခြင်းငှာ (ဂ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (က+ခ) တို့ဖြင့် ဇာတိ၏ အဖန်ဖန် ဆင်းရဲလှသောကြောင့် တဏှာယောက်ျားကို ရှာမှီးလျက် သဗ္ဗညုတဉာဏ်ကို မရသေးသည့်အတွက် ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ခဲ့ရသောဟု သံသရာ၌ ကျင်လည်ခဲ့ရပုံကို ပြဆိုတော်မူ၏။ ယင်းသို့ သံသရာ၌ ကျင်လည်ပုံကိုသာ ပြဆိုပါမည်လော။/သံသရာမှ လွတ်မြောက် ဆုတ်နစ်ပုံကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။ သံသရာမှ လွတ်မြောက်ပုံကား အဘယ်ပါနည်း။ သံသရာ၌ ကျင်လည်ခဲ့ရပုံကိုသာပြ၍ သံသရာမှ လွတ်မြောက် ဆုတ်နစ်ပုံကို မပြဆိုခဲ့သော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ (ဂ) မိန့်။

အဓိပ္ပါယ်ကား- (ဂ) ဖြင့် သံသရာ၌ ကျင်လည်ပုံကိုသာ မဟုတ်၊ သံသရာမှ လွတ်မြောက် ဆုတ်နစ်ပုံကိုလည်း ငါပြဆိုသည်ဖြစ်သောကြောင့် သင်တင်သော အဗျာပိတဒေါသ ငါ့အားမရောက် ကင်းစင်လွင့်ပျောက်ပါ၏ဟူလို။

(ဃ) သို့/ **အနုသန္ဓ** ။ ။ ဤသို့ (ဂ) ၌ ပုန ဂေဟံ န ကာဟသိ-ဖြင့် သံသရာ၌ မကျင်လည်ရတော့ခြင်းကို (ဝါ) သံသရာမှ ထွက်မြောက်တော်မူရခြင်းကို (ဝါ) နောက်ထပ် ခန္ဓာအိမ်ကို တဏှာယောက်ျား လက်သမား မဆောက်လုပ်နိုင်တော့ခြင်းကို ပြပြီး၍၊ ယခုအခါ၌ နောက်ထပ် ခန္ဓာအိမ်ကို တဏှာယောက်ျားလက်သမား မဆောက်လုပ်နိုင်သည်၏အဖြစ်၌ ဉာပကအကြောင်းကို ပြတော်မူခြင်းငှာ (ဃ) မိန့်။

(ဃ) သို့/ ဆရာ၊ ဆရာသည် (ဂ) ဖြင့် တဏှာယောက်ျား လက်သမားကို မြင်ပြီး၍ ခန္ဓာအိမ်ကို မဆောက်လုပ်ရတော့-ဟု ဆိုတော်မူ၏။ ယင်းသို့ မဆောက်လုပ်ရခြင်း၏ အကြောင်းကိုလည်း ဆရာ မဖွင့်ပြတော့ပြီလော။/တဏှာသည် ခန္ဓာအိမ်ကို ဆောက်လုပ်နိုင်စွမ်းသတ္တိ ရှိသည် မဟုတ်ပါလော။/တဏှာသည် ခန္ဓာအိမ်ကို ဆောက်လုပ်နိုင်စွမ်းသတ္တိ ရှိသောကြောင့် ခန္ဓာအိမ်ကို မုချဧကန်ပင် တဖန် ဆောက်လုပ်လတ့်ဖြစ်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ခန္ဓာအိမ်ကို မဆောက်လုပ်ရတော့ဟု ဆိုရပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

(င) သို့/ ဆရာ၊ ဆရာသည် (က)စသော ဝါကျတို့ဖြင့် အနေကဇာတိ သံသာရံ-စသော ဂါထာများသည် ဓမ္မပဒဘာဏကမထေရ်တို့ အလိုအားဖြင့် ပထမဗုဒ္ဓဝစန ဥဒါန်း

http://www.dhammadownload.com



ဂါထာ မည်သောဟု ဆိုတော်မူ၏။ ပထမဗုဒ္ဓဝစနကို ဤဓမ္မပဒဘာဏကက မထေရ်တို့၏ အယူနှင့်အတူတူပင် အခြားမထေရ်တို့လည်း ဆိုကြပါကုန်သလော။ အခြားသော မထေရ်တို့ ဆိုကြသည့် ပထမဗုဒ္ဓဝစနမည်သော ဥဒါန်းဂါထာကား အဘယ်ပါနည်း။ (င) မိန့်။

(င) **သို့/ အနုသန္ဓိ** ။ ။ ဤသို့ (က) စသည်ဖြင့် ဓမ္မပဒ ဘာဏကမထေရ်တို့၏ ဝါဒကို ပြပြီး၍ ယခုအခါ၌ ခန္ဓကဘာဏကမထေရ်တို့၏ ဝါဒကို ပြတော်မူခြင်းငှာ (င)

(စ) **သို့/ အနုသန္ဓိ** ။ ။ ဤသို့ (င) ဖြင့် ခန္ဓကဘာဏကမထေရ်တို့၏ ဝါဒကို ပြပြီး၍ ယခုအခါ၌ ထိုဝါဒကို ပယ်ခြင်းငှာ (စ) မိန့်။

(စ) **သို့/** ဆရာ၊ ဆရာသည် (င) ဖြင့် ယဒါ ဟဝေ-စသော ဂါထာသည် ခန္ဓကဘာဏကမထေရ်တို့ အလိုအားဖြင့် ပထမဗုဒ္ဓဝစန ဥဒါန်းဂါထာမည်၏ဟု ပြဆိုတော်မူ၏။ ယင်းမထေရ်တို့၏ ဝါဒကို အဘယ့်ကြောင့် မနှစ်သက်သော အရာကိုပြလျက် ကေစိဝါဒဟု ဆိုပါသနည်း။ ယဒါ ဟဝေ-စသော ဂါထာသည် ဘုရားရှင် နှုတ်တော်ဖြင့် အစဆုံး ထုတ်ဖော်ကြူးရင့်သော ဥဒါန်းဂါထာဖြစ်သည်သာ မဟုတ်ပါလော။ (စ) မိန့်။

အဓိပ္ပါယ်ကား = ယဒါ ဟဝေ-စသော ဂါထာသည် ကဆုန်လပြည့် အထွက်တစ်ရက်နေ့ရောက်မှ ဖြစ်သော ဥဒါန်းဂါထာဖြစ်သောကြောင့် ခန္ဓကဘာဏကမထေရ်တို့ ဝါဒကို ကေစိဝါဒဟု ဆိုရပါ၏ဟူလို။

➤ ❷ ။ [င+စ–ဝါကျတို့ကို၌] (၁) နနု ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာတိ ဂါထာ သာမညဝသေနေဝ ဝေဒိတဗ္ဗာ။ (၂) အထ ကသ္မာ ဥဒါနဂါထာတိ ဝေဒိတဗ္ဗာ။

(၃) နနု သော ပါဋိပဒဒိဝသေ သဗ္ဗညုဘာဝပ္ပတ္တဿ သောမနဿမယဉာဏေန ပစ္စယာကာရံ ပစ္စဝေက္ခန္တဿ ဥပ္ပန္နာ ဟောတိ။ (၄) တသ္မာ ဥဒါနဂါထာတိ ဝေဒိတဗ္ဗာ။

* **လုတ္တနိဒ္ဒိဋ္ဌ ကိရိယာပိ**-ကား ပန စပ်ရာ ယုတ်ညံ့သောကြောင့် အနုဂ္ဂဟတ္ထဇောတက (ဝါ) သမ္ဘာဝနာဇောတက။ **ပန သဒ္ဒါကား**– အရုစျတ္ထဇောတက (ဝါ) ဂရဟာဇောတက ဖြစ်ပါသည်။

**ကိရိယာပိ**ကို ခန္ဓကဘာဏကမထေရ်တို့ ဆိုအပ်သော ပဌမဗုဒ္ဓဝစနန္တိ ဝိနိစ္ဆယတ္ထ-ဟူသော အနက်ကို မနှစ်သက်၍ (ဝါ) မနှစ်သက်သောကြောင့် ထားပါသည်။

➤ ❹ ။ ဒဗ္ဗသမ္ဘာရံ ဂဏှာတီတိ **ဂဟံ**။ ဂဟံ ကရောတီတိ **ဂဟကာရကော**။

(၃) အိမ်၏ ဆောက်လုပ်ခြင်းကြိယာနှင့် သာဓျ-သာဓက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသကတ်သည်ရင်း, ဆောက်လုပ်ခြင်း ကြိယာသကတ်သည်ရင်း ဝစနဟောတု မည်၏။

(၅) လက်သမားနှင့် တဏှာဒြပ်သည် ဝစနီယ မည်၏။

(၆) ယရကာရ, ဂဟကာရက-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထမည်၏။ ဝါတဗ္ဗာ ရက္ခိတဗ္ဗာတိ **ဗာသော**။/ဖုသိတဗ္ဗာတိ ဝါ **ဗာသော**။

(၃) စောင့်ရှောက်ခြင်း (ဝါ) တွေ့ထိခြင်းကြိယာသကတ်သည် ဝစနဟောတု။ (၅)

http://www.dhammadownload.com



အခြင်သည် (ဝါ) အခြင်နှင့်တူသော အဝိဇ္ဇာမှုကြွင်းသော ကိလေသာဖြစ်အနက်သည် ဝစနီယ။ (၆) ဟာသုလိကာ-စသော--။ ✱ သာယေဝ **ဟာသုကာ**။

သန်ရီယတေတိ **သနိါရော**။ ဝိဂတော သနိါရော ဧတသ္မာတိ **ဝိသနိါရော**။

(၃) သနိါရကင်းခြင်း၏ နိဗ္ဗာန်နှင့် အကျိုး အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် အနက်ဟုဆိုအပ်သော သကတ်သည် ဝစနပေတု။ (၅) နိဗ္ဗာန်ဟုဆိုအပ်သော အနက် သည် ဝစနီယ။ (၆) မောက္ခော, နိရောဓော-စသော--။

➤ ❺ ။ ဝိသစ်တံ-ကို ဝိသနိတတ္တာ-ဟု ဟိတ်ပြင်လျှင်- ဂဟာကူဋသ-ဟု သမ္ဗန် ခံရပါမည်။ (၏/ကို စပ်)

**နိယံ** ။ ။*ကြိယာပဒ၊ဟိတ်ဖြစ်က၊ကြိယာ ကတ်ကံ၊ သမ္ဗန်ခံမြဲတည်း။*

➤ ❻ ။ **ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သနိါရာ အပ္ပမာဒေန သမ္ပာဒေထ**-၌ အာဘော် သံဝဏ္ဏနာ

ဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်ခါနီး နောက်ဆုံးအချိန်၌ နိဗ္ဗာန်ကို မရသေးသည့် ရဟန်းတော်တို့အား သနိါရ ဓမ္မတို့၏ အနိစ္စသဘောဖြင့် ထိတ်လန့် တုန်လှုပ်စေပြီးနောက် အကြွင်းအကျန်မရှိသော ပဋိပတ်ကို ဟောတော်မူသည်ဟူသော အဓိပ္ပါယ်ကို သိစေပါ သည်။ (ဘာဝတ္ထ)

ဒါနိ-ဖြင့် ဘုရားရှင်က ရဟန်းတော်တို့ကို ဆုံးမရာ၌ ဘုရားဖြစ်ပြီးစနှင့် အလယ်ပိုင်း ကာလတို့၌ ဆုံးမသည်မဟုတ် ပရိနိဗ္ဗာန် စံဝင်ခါနီး နောက်ဆုံးကာလမှာ ဆုံးမသည်၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

အာမန္တယာမိ-ဖြင့် ဝေါ-ဟူသောပုဒ်၌ စတုတ္ထီ ဆဋ္ဌီမဟုတ်၊ ဒုတိယာ ယော-ဝိဘတ်၏ အဖြစ်ကိုရင်း (ဝိဘတ္တိပဒ) ယင်းဝိဘတ်သည်လည်း သမ္ပဒါနတ္ထ သမ္ဗန္ဓတ္ထ၌ဖြစ်သည် မဟုတ်၊ အာမန္တယာမိ ကြိယာ၏ အယှဉ်ဖြစ်သောကြောင့် ကမ္မ၌ ဖြစ်သည်ကိုရင်း (ဝိဘတျတ္ထ) သိစေပါသည်။

ဝယဓမ္မာသနိါရာဖြင့် သနိါရတရားတို့သည် အနိစ္စ-သာဟု လက္ခဏာရေး တစ်ပါး တည်းသာ မုချအားဖြင့် ပြထားပါသော်လည်း သနိါရဓမ္မ မှန်သမျှသည် ဒုက္ခ အနတ္တလည်း ကေန်ဖြစ်သောကြောင့် ပဓာနနည်း ဥပလက္ခဏနည်း ဧကဒေသူပစာတို့ဖြင့် အနိစ္စ ဒုက္ခ အနတ္တ သုံးပါးလုံးပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

အပ္ပမာဒေန သမ္ပာဒေထ-ဖြင့် သိက္ခတ္တယသင်္ဂဟိတ ကေဝလပရိပုဏ္ဏဖြစ်သော သာသနာတော်ကို သတိတရား တစ်လုံးတည်းဖြင့် သိမ်းကြုံး၍ ယူနိုင်ပေ၏။ ထို့ကြောင့် သိက္ခတ္တယသင်္ဂဟိတ ကေဝလပရိပုဏ္ဏဖြစ်သော သာသနာဟူသော သမ္မာပဋိပတ်၌ မြဲမြံသော သတိတရားကို စွဲစွဲမြဲမြဲ ပြုကြပါ ပြည့်စုံကြပါစေ-ဟူ၍ နောက်ဆုံးထားကာ မှာကြားတော်မူခဲ့သည်၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



➢ ၁ ၀ ။ **သဗ္ဗာ စေ တာ မာသုကာ ဘင်္ဂါ-၌ အနက်ခါတ်အရ** ။ ။ အရဟတ္တမဂ်ဉာဏ် ပြဓာန်းသော အရဟတ္တမဂ် စိတ္တုပ္ပါဒ်သည် (ဝါ) ၎င်း၌ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စေတသိက်သည် သမဋ္ဌာယီဘာဝ သန္တရသ မည်၏။ [ဤသို့ စသည်ဖြင့် ဗုဒ္ဓသ-ဝယ် ဓာတ်အရ၌ကဲ့သို့ ထုတ်လေ။ ဂမာကွန်း ဝိသစ်တံ၌ ဝိရှေး သံရှေးရှိသော ကရဓာတ်၏ အရလည်း နည်းတူပင်မှတ်။]

(စ) ဝါကျဝယ် **မစ္စစေက္ခန္တသာ-၌ ဣက္ခဓာတ်အရ** ။ ။ (၁) သောမနဿဝေဒနာ နှင့် သမ္ပယုတ်ဖြစ်သော ဉာဏ်ပြဓာန်းသော မဟာကြိယာ သောမဿသဟဂုတ် ဉာဏ သမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိင်္ဂါရရသ မည်၏။ (၂) ပဋိစ္စသမုပ္ပါဒ် တရားတော်သည် အာရမ္မဏဝိဘာဝမည်၏။ (၃) ကဆုန်လဆုတ်အထွက်တရက် အချိန် ကာလ ဗောဓိပင်ရင်းအရပ်, ပါရမီဉာဏ် ဝိပဿနာဉာဏ် စသည်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ယဒါ ဟဝေ-စသော သုံးဂါထာ ဝစီဘေဒသဒ္ဒနှင့်တကွ ၎င်းဂါထာကို ကြားနာရသော ဝေနေယျတို့၏ မဂ်ဉာဏ် ဖိုလ်ဉာဏ်စသော အကျိုးအဆက်ဆက်သည် အနုဘာဝ မည်၏။

**ဝါကျ (၁၆)** [၄၁၇။]

**(က) ဝိဝိဓ ဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ၊**
**ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော ""ဝိနယော"" တိ အက္ခာတော၊**

**(ခ) ဝိဝိဓာ ဟိ ဧတ္ထ ပဉ္စဝိဓပါတိမောက္ခုဒ္ဒေသပါရာဇိကာဒိ သတ္တ အာပတ္တိက္ခန္ဓမာတိကာ - ဝိဘင်္ဂါဒိပ္ပဘေဒါ နယာ၊**

**(ဂ) ဝိသေသဘူတာ စ ဒဠှီကမ္မသိထိလကရဏပ္ပယောဇနာ အနုပညတ္တိနယာ၊**

**(ဃ-၁) ကာယိကဝါစသိကအဇ္ဈာစာရနိသေဓနတော စေသ ကာယံ ဝါစဉ္စ ဝိနေတိ၊**

**(ဃ-၂) တသ္မာ ဝိဝိဓနယတ္တာ. ဝိသေသနယတ္တာ. ကာယဝါစာနံ ဝိနယနတော စေဝ ""ဝိနယော"" တိ အက္ခာတော၊** **(င) တေနေတမေတဿ ဝစနတ္ထကောသလ္လတ္ထံ ဝုတ္တံ -**
**ဝိဝိဓဝိသေသနယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ၊**
**ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော ဝိနယောတိ အက္ခာတောတိ၊** (၄၁၇)

➢ ၁ ။ (က) (ဣမဿ ဝိနယဿ၊ဤ ဝိနည်းပိဋကတ် ပါဠိတော်မြတ်၏။) ဝိဝိဓ ဝိသေသနယတ္တာ၊အထူးထူး အပြားပြား များသောနည်း, ထူးသောနည်းရှိသည်၏အဖြစ် ကြောင့်၎င်း။ကာယဝါစာနံ၊ကိုယ်နှုတ်တို့ကို။(ဌာနူပစာရတ္ထ) ကိုယ်ဖြစ်သော လွန်ကျူးမှု နှုတ်၌ဖြစ်သော လွန်ကျူးမှုတို့ကို။(မုချတ္ထ)ဝိနယနတော စေဝ၊ဆုံးမတတ်သည်၏ အဖြစ် ကြောင့်၎င်း။ဝိနယတ္ထဝိဒူဟိ၊ဝိနယသဒ္ဒါ၏ အနက်ကို သိကုန်သော ပညာရှိတို့သည်။အယံ ဝိနယော၊ဤ ဝိနည်းပိဋကတ်ပါဠိတော်မြတ်ကို။ဝိနယောတိ၊ဝိနယမည်၏ဟူ၍။အက္ခာ -

http://www.dhammadownload.com



တော၊ဆိုအပ်ပြီ။

* **ဝိနယော**-အထူးထူး အပြားပြားသော နည်းရှိသော ဝိနည်း။/ထူးသော နည်းရှိသော ဝိနည်း။/ကိုယ် နှုတ်တို့ကို ဆုံးမတတ်သော ဝိနည်း။ (သဂုဏာဒဗ္ဗာပေက္ခ)

ဝိနယော-ဝိနည်း။ (ကေဝလဒဗ္ဗာပေက္ခအနက်)

(ခ) ဟိ၊ချဲ့ဦးအံ့။ (တနည်း) ဟိ-ယသ္မာ၊အကြင့်ကြောင့်။ဧတ္ထ၊ဤဝိနည်းပိဋကတ် ပါဠိတော်မြတ်၌။ဝိဝိဓာ၊အထူးထူး အပြားပြား များကုန်သော။ပဉ္စဝိဓ ပါတိမောက္ခုဒ္ဒေသ ပါရာဇိကာဒိ သတ္တ အာပတ္တိက္ခန္ဓ ဝိဘင်္ဂါဒိပ္ပဘေဒါ၊ငါးပါးအပြားရှိသော ပါတိမောက္ခုဒ္ဒေသ, ပါရာဇိက အစရှိသော ခုနစ်ပါးသော အာပတ်အစု, မာတိကာ ဝိဘင်း အစရှိသော အပြားရှိကုန်သော။နယာ၊နည်းတို့သည်။သန္တိ၊ရှိကုန်၏။တသ္မာ ဝိဝိဓနယတ္တာ၊ထိုသို့ အထူးထူး အပြားပြား များသောနည်း ရှိသည်၏အဖြစ်ကြောင့်ရင်း။

(ဂ) စ၊အဖို့တစ်ပါးကား။ဧတ္ထ၊ဤဝိနည်းပိဋကတ် ပါဠိတော်မြတ်၌။ဝိသေသဘူတာ၊ ထူးကုန်သည်ဖြစ်၍ ဖြစ်ကုန်သော။ဒဠှီကမ္မသိထိလကရဏပ္ပယောဇနာ၊မူလပညတ်ကို ခိုင်မြဲအောင်ပြုခြင်း, လျော့အောင်ပြုခြင်း, အကျိုးရှိကုန်သော။အနုပညတ္တိနယာ၊အနုပညတ်နည်းတို့သည်။သန္တိ၊ရှိကုန်၏။တသ္မာ ဝိသေသနယတ္တာ၊ထိုသို့ ထူးသောနည်းရှိသည်၏ အဖြစ်ကြောင့်ရင်း။ (ဃ) စ၊အဖို့တစ်ပါးကား။ကာယိကဝါစသိက အဇ္ဈာစာရနိသေဓနတော၊ ကိုယ်၌ဖြစ်သော လွန်ကျူးမှု, နှုတ်၌ဖြစ်သော လွန်ကျူးမှုကို တားမြစ်တတ်သည်၏အဖြစ်ကြောင့်။ဧသ-ဧသော၊ဤဝိနည်းပိဋကတ် ပါဠိတော်မြတ်သည်။ကာယံ၊ကိုယ်ကိုရင်း။ဝါစဉ္စ၊နှုတ်ကိုရင်း။ဝိနေတိ၊ကန့်မြစ် ဆုံးမတတ်၏။ကာယဝါစာနံ၊ကိုယ် နှုတ်တို့ကို။တသ္မာ ဝိနယနတော၊ထိုသို့ ကန့်မြစ် ဆုံးမတတ်သည်၏အဖြစ်ကြောင့်ရင်း။ဝိနယောတိ၊ဝိနယမည်၏ဟူ၍။အက္ခာတော၊ဆိုအပ်ပြီ။

(င) တေန၊ထို ဝိဝိဓနယတ္တာ အစရှိသော ဟိတ်သုံးရပ်ဖြင့်။ဧတဿ၊ဤ ဝိနယသဒ္ဒါ၏။ဝစနတ္ထကောသလ္လတ္ထံ၊ဝိဂြိုဟ် ဝစနတ်၌ ကျွမ်းကျင်သူ၏ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်အကျိုးငှာ။ဝိဝိဓ (လ) အက္ခာတောတိ၊ဝိဝိဓ (လ) အက္ခာတော-ဟူသော။ဧတံ၊ဤဂါထာစကားကို။မယာ၊ငါသည်။ဝုတ္တံ၊ဆိုအပ်ပြီ။ (ဘာသာဋီကာ၊ပ၊၁၀၅)

➤ ❷ ။ (က) လျှဉ်းပါး၍ **သာဓော့ဂါယူတ္တာပုစ္ဆာ** ။ ။ ဆရာ၊ ဆရာသည် ဝိနယော-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဆိုတော်မူ၏။ ဝိနယော-ပုဒ်ကို ဝိဝိဓော နယော ဝိနယော ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်လော။/ဝိသေသော နယော ဝိနယော-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်လော။/ကာယဝါစာ ဝိနေတဗ္ဗာတိ ဝိနယော-ဟု ကမ္မသာဓနဝစနတ္ထပြုရမည်လော။ ဝိနယောပုဒ်ကို အဘယ်သို့သော ဝစနတ္ထ ပြုရပါမည်နည်း။ စုဒ်ကြောင့် ဝိဝိဓ-စသည်ကို မိန့်။

အဓိပ္ပါယ်ကား- ဝိနယောပုဒ်ကို ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော၊ ဝိသေသာ နယာ

http://www.dhammadownload.com



ဇတ္တောတိ ဝိနယော-ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ကိုရင်း, ကာယံ ဝါစဉ္စ ဝိနေတီတိ ဝိနယော-ဟု ကတ္တုသာဓန ဝစနတ္ထ ပြုရမည်ကိုရင်း ငါပြဆို၏ဟူလို။

**(ခ) စသည်သို့/ အနုသစန္ဓ** ။ ။ ဤသို့ (က) ဖြင့် ဝိနယ-သဒ္ဒါ၏ ဝစနတ္ထကို ပြတော်မူပြီး၍ ယခုအခါ၌ ယင်းဝစနတ္ထပြ ဂါထာအနက်ကို ထင်စွာပြခြင်းငှာ (ဝါ) ပြတော်မူလိုသော ဆရာသည် (ခ) စသော ဝါကျတို့ကိုမိန့်။

**(ခ) သို့/ လိနတ္ထရစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (က) ၌ ဝိဝိဓနယတ္တာ-ဟူသော ပါဌ်ဖြင့် ဝိနယ-သဒ္ဒါ၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ဝိ-သဒ္ဒါနှင့် နယ-သဒ္ဒါကား အဘယ် သမာသ်နည်း။ ကမ္မဓာရည်း (ဝါ) အဗျယီဘောသမာသ် ဖြစ်ကောင်းပါသလော။ ဝိဝိဓ သရုပ်ကား အဘယ်ပါနည်း။ ပဉ္စဝိဓ ပါတိမောက္ခုဒ္ဒေသ-သာ ဖြစ်ကောင်းပါသလော။

ဤသို့ လိနတ္ထရစောဒနာဖြင့် စောဒနာဖွယ်ရှိ၍ ထိုကိုဖြေခြင်းငှာ အလိုရှိသော ဆရာသည် (ခ) မိန့်။

**ကား**- (ခ) ဖြင့် ဝိသဒ္ဒါနှင့် နယသဒ္ဒါကို ကမ္မဓာရာယ် (ဝါ) အဗျယီဘောသမာသ် မတွဲရ၊ ဝိဝိဓာ နယာ ဇတ္တောတိ ဝိနယော-ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ် တွဲစပ်ရမည်ကိုရင်း၊ ဝိဝိဓ သရုပ်ကား ပဉ္စဝိဓ ပါတိမောက္ခုဒ္ဒေသ-သာ မဟုတ်၊ ပဉ္စဝိဓ ပါတိမောက္ခုဒ္ဒေသ, ပါရာဇိကာဒိသတ္တ အာပတ္တိက္ခန္ဓ မာတိကာ ဝိဘင်း-စသော နည်းများ ဖြစ်သည်ကိုရင်း ငါပြဆို၏ဟူလို။

**(ခ) သို့/** ဆရာ၊ ဆရာသည် (က) ဖြင့် ဝိဝိဓနယ-စသော အကြောင်းများကြောင့် ဝိနည်းမည်သောဟု ဆို၏။ ယင်းသို့ ဆိုခဲ့ပြီးသော သင်္ခေပ စကားရပ်ကို ဝိတ္ထာရ သရုပ် အရကောက် စသည်တို့ဖြင့် အကျယ်ချဲ့၍ မပြဆိုတော့ပြီလော။ ဝိဝိဓနယ စသည်ကြောင့် ဝိနည်းမည်ခြင်း၏ အကျယ်စကားရပ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**(ဂ) သို့/ အနုသစန္ဓ** ။ ။ ဤသို့ (ခ) ဖြင့် ဝိနယဟူသောပုဒ်၏ သတ္တမီ ဗဟုဗ္ဗီဟိ သမာသ်ကိုရင်း, ဝိဝိဓ သရုပ်ကိုရင်း, ပြပြီး၍၊ ယခုအခါ၌ သတ္တမီ ဗဟုဗ္ဗီဟိ သမာသ်ကို သာရင်း, ဝိသေသ သရုပ်ကိုရင်း, ပြခြင်းငှာ (ဂ) မိန့်။

**(ဂ) သို့/** ဆရာ၊ ဆရာသည် (ခ) ဖြင့် ဝိဝိဓနယတ္တာ-ဟူသော ဟိတ်ပုဒ်၏ အကျယ်ကို ပြ[illegible]တော်မူ၏။ ယင်းဝိဝိဓနယတ္တာ ဟူသော ဟိတ်ပုဒ်၏ အကျယ်သာ ရှိပါသလော၊ ဝိသေသနယတ္တာ-ဟူသော ဟိတ်ပုဒ်၏ အကျယ်ကား အဘယ်ပါနည်း။ (ဝိဝိဓနယကြောင့် ဝိနည်းမည်ခြင်း၏ အကျယ်ကိုသာပြ၍ ဝိသေသနယကြောင့် ဝိနည်းမည်ခြင်း၏ အကျယ်ကို မပြဆိုခဲ့သော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏) စုဒ်- (ဂ) မိန့်။

**(ဃ) ပဌမဝါကျသို့/ အစန္တာလိနစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (က) ၌ ဝိနယနတော စေဝ ကာယဝါစာနံ ဟူသော ဒုတိယပါဒဖြင့် ကိုယ်နှုတ်တို့ကို ဆုံးမခြင်း ကြောင့် ဝိနည်းမည်သောဟု ဆို၏။ ကိုယ်နှုတ်တို့ကို ဆုံးမ၍ မဖြစ်နိုင် လွန်ကျူးခြင်း

http://www.dhammadownload.com



အဗ္ဘာစာရသည်သာ ဆုံးမအပ်သော ဝိနေတဗ္ဗ ဖြစ်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ဝိနယနတော စေဝ ကာယဝါစာနံ-ဟူ၍ ဖွင့်ဆိုပါသနည်း။ ကိုယ်နှုတ်တို့သည် ဆုံးမ၍ မဖြစ်နိုင်ပါလျက် ဝိနယနတောစေဝ ကာယဝါစာနံ-ဟု ဆိုရခြင်း၏ အကြောင်းကို မပြဆိုချေသော် သဘာဝမကျ, ယုတ္တိမရှိသော ဉာယဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ယ) ပထမဝါကျကို မိန့်။

**အား**- (ယ) ပထမဝါကျဖြင့် ကိုယ်နှုတ်တို့ကို ဆုံးမခြင်းကြောင့် ဝိနယနတော စေဝ ကာယဝါစာနံ-ဟု ဆိုသည်မဟုတ်၊ ကာယိက ဝါစသိက အဗ္ဘာစာရကို ဆုံးမတတ်သော ကြောင့်သာ ဝိနယနတော စေဝ ကာယဝါစာနံ-ဟု ငါပြဆိုရကား သင်တင်သော ဉာယ ဝိရောဓိဒေါသ ငါ့အား မရောက်ပါဟူလို။

(င) သို့/ ဆရာ၊ ဆရာသည် (ခ+ဂ+ယ) ဝါကျတို့ဖြင့် ဝိဝိဓ ဝိသေသနယတ္တာ-ဂါထာ၏ အနက်ကို အကျယ်အားဖြင့် ဖွင့်ဆိုတော်မူ၏။ အကျဉ်းချုံး၍ နိဂုံးကို မပြဆို ပြီလော။ နိဂုံးကား အဘယ်ပါနည်း။ စုဒ်ကြောင့် (င) မိန့်။

**အား**- (င) ဖြင့် ဝိဝိဓာဟိ-စသော အကျယ်ကို အကျဉ်းချုံး၍ နိဂုံးကို ငါပြဆို၏ဟူလို။

(၄) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က) စသော ဝါကျတို့ဖြင့် ဝိနယ-သဒ္ဒါ၏ ဝစနတ္ထ ကို သဒ်ပ ဝိတ္ထာရအားဖြင့် ပြပြီး၍ ယခုအခါ၌ အကျဉ်းချုံး၍ နိဂုံးအုပ်လိုရကား (င) မိန့်။ (တနည်း) ဝိဝိဓာဟိ-စသော စကား၏ လဒ္ဓဂုဏ်ကို ပြလိုရကား (င) မိန့်။

➤ ❷ ။ [ ယ–ခ–ကို၌ ] (၁) နနု အဇ္ဈာစာရောယေဝ ဝိနေတဗ္ဗော ဟောတိ။ (အန္ဓယ) ကာယဝါစာ ဝိနေတဗ္ဗာ န ဟောတိ။ (ဗျတိရေက) (၂) အထ ကသ္မာ သေ ကာယံ ဝါစဥ္စ ဝိနေတိ။ (၃) နနု ကာယိက ဝါစသိက အဇ္ဈာစာရနိသေဓနံ ဟောတိ။

(၄) တသ္မာ သေ ကာယံ ဝါစဥ္စ ဝိနေတိ။

➤ ❹ ။ ဝိဝိဓာ နယာ ဧတ္ထာတိ **ဝိနယော**။ [ဝိဝိဓနယတ္တာဟိတ်နှင့်အညီ]

(၃) အထူးထူး အပြားပြား များစွာသော အနက်များနှင့် ဝိနည်းပိဋကာ၏ ဂုဏ်+ဂုဏော ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သကတ်သည် ဝစနဟေတု မည်၏။ (၅) ဝိနည်း ပိဋကဒြဗ်သည် ဝစနီယ မည်၏။ (၆) ဝိသေနယ, အာဏာဒေသနာ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဝိသေသာ နယာ ဧတ္ထာတိ **ဝိနယော**။ [ဝိသေသနယတ္တာ ဟိတ်နှင့်အညီ]

(၃) ထူးသည်ဖြစ်၍ဖြစ်ကုန်သော အနုပညတ်နည်းများနှင့် ဝိနည်းပိဋကာ၏ ဂုဏ်+ ဂုဏော ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သကတ်သည် ဝစနဟေတု မည်၏။

ဝိနေတီတိ **ဝိနယော**။ (ဝိနယနတော ဟိတ်နှင့်အညီ)

(၃) ကိုယ်နှုတ်တို့ကို ဆုံးမခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။(ကြွင်းတူ)

* သညမဝေလံ အတိက္ကမိတွာ ပဝတ္တော အာစာရောတိ **အဇ္ဈာစာရော**။

http://www.dhammadownload.com



(၃) စောင့်စည်းအပ်သော သိက္ခာပုဒ်တည်းဟူသော ကမ်း အပိုင်းအခြားကို လွှမ်းမိုး နှိပ်စက်ခြင်း အဘိဘဝနဘောဂုဏ်၏ ဖြစ်သော အကျင့်နှင့် ဂုဏ်+ဂုဏော/ဝိသေသန ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သကတ်သည် ဝစနဟေတု မည်၏။ (၅) လွန်ကျူးခြင်း ကာယပ္ပယောဂ, ဝစီပယောဂဖြစ်သည် ဝစနီယ မည်၏။ (၆) ဝီတိက္ကမော-စသော ပရိယာယ် သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

အာပဇ္ဇိတဗ္ဗာတိ **အာပတ္တိ**။ (၃) ရောက်ခြင်းကြိယာသကတ်သည် ဝစနဟေတု။ (၅) အာပတ်အနက်ဖြစ်သည် ဝစနီယ။ (၆) ဝဇ္ဇံ-စသော--။

ပုတ္တံ မာနေတီတိ **မာတာ**။ မာတာ ဝိယာတိ **မာတိကာ**။ (၃) အမိ၏ မာတိကာ ပါဠိတော်နှင့် သဒိသီ သဒိသ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သကတ်သည် ဝစနဟေတု။ (၅) မာတိကာပါဠိတော်ဖြစ်အနက်သည် ဝစနီယ။ (၆) ဥဒ္ဒေသော, သင်္ခေပေါ-စသော--။

ကဿကေဟိ မာနိတဗ္ဗာတိ **မာတိကာ**။ မာတိကာ ဝိယာတိ **မာတိကာ**။

(၃) ရေမြောင်း၏ မာတိကာ ပါဠိတော်နှင့် သဒိသီ သဒိသ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန် အနက်ဟုဆိုအပ်သော သကတ်သည် ဝစနဟေတု။ (ကြွင်းတူ)

* ကာယေ ပဝတ္တော **ကာယိကော**။ (၃) ကာယဒွါရ၏ လွန်ကျူး၍ဖြစ်သော အကျင့်နှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သကတ်သည် ဝစနဟေတု မည်၏။ (၅) ကာယဒွါရ၌ဖြစ်သော လွန်ကျူး၍ ကျင့်အပ်သော အပြစ်ဟူသော အနက်ဖြစ်သည် ဝစနီယ မည်၏။ (၆) ကာယကမ္မ, ကာယဒွါရိက-ဟူသော ပရိယာယ်သဒ္ဒါတို့သည် ဝစနီယတ္ထ။

* ဒဠှီကမ္မသိထိလကရဏံ ပယောဇနံ ဧတေသံ အနုပညတ္တိနယာနန္တိ **ဒဠှီကမ္မ-သိထိလကရဏပ္ပယောဇနာ**။ (၃) မူလပညတ်ကို ခိုင်မြဲ အောင်ပြုခြင်း, လျော့အောင်ပြုခြင်းဟူသော အကျိုးတရားတို့၏ အနုပညတ်နည်းတို့နှင့် ဂုဏ်-ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) အနုပညတ်နည်းဖြစ်သည် ဝစနီယ မည်၏။ (၆) ဒဠှီကမ္မသိထိလကရဏာနိသံသာဟူသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထမည်၏။

➤ ❺ ။ **ဝိဝိဓဝိသေသနယတ္တာ/ဝိနယနတော**- ဟိတ်၏ သမ္ဗန်ကား- ဣမဿ ဝိနယဿ ဖြစ်ပါသည်။ (၏/သည် စပ်)

➤ ❻ ။ (က) ၌ ဝိဝိဓနယတ္တာ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဝိနယော-၌ ဝိ-သဒ္ဒါသည် အတိသယ, အဘာဝ-စသော အနက်တို့ကို မဟော (ဗျတိရေက) ဝိဝိဓ-အထူးထူး အပြားပြားအနက်ကို ဟောသည်၏အဖြစ်ကိုရင်း (အန္ဒယ) [ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ] ဝိနယောပုဒ်ကို ဝိဝိဓော နယော ဝိနယော-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထ မပြုရ ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော-ဟု သတ္တမီ ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

ဝိသေသနယတ္တာ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဝိနယော-၌ ဝိ-သဒ္ဒါ သည် အတိသယ,

http://www.dhammadownload.com



အဘာဝ-စသော အနက်တို့ကို မဟော၊ ဝိသေသ-အထူးအနက်ကို ဟောသည်၏အဖြစ်ကိုရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) ဝိနယောပုဒ်ကို ဝိသေသော နယော ဝိနယော-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထ မပြုရ၊ ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော-ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

ဝိနယနတော-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် ဝိနယော-၌ အ-ပစ္စည်းသည် ကမ္မသာဓန၌ မသက်၊ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုရင်း (ဒုတိယ ပစ္စယတ္ထ) ဝိနယောပုဒ်ကို ဝိနေတဗ္ဗောတိ ဝိနယော-ဟု ကမ္မသာဓန ဝစနတ္ထ မပြုရ၊ ဝိနေတီတိ ဝိနယော-ဟု ကတ္တုသာဓနပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) သိစေပါသည်။

ဝိနယတော စေဝ-၌ စေဝ-ဖြင့် ဝိဝိဓနယ, ဝိသေသနယရှိသော အကြောင်း သကတ်ကြောင့်သာ ဝိနည်းမည်သည်မဟုတ်၊ ယခု ဆိုဆဲဖြစ်သော ဝိနယနတော-ဟူသော အကြောင်းသကတ်တပါးကြောင့်လည်း ဝိနည်းမည်သေးသည်ကို သိစေသည်။(ဘာဝတ္ထ)

ဝိနယနတော ကာယဝါစာနံ-ဖြင့် ဝိနယောပုဒ်သည် ဝိ+နယပုဒ် စပ်ထားသော သမာသ်ပုဒ် မဟုတ်၊ ဝိပုဗ္ဗ နီဓာတ်+ဏပစ္စည်းဖြင့် ပြီးသော ကိတ်ပုဒ်၏ အဖြစ်ကိုရင်း (ဒုတိယ ဓာတုပဒ) ဝိနယ-အရ ဆုံးမ၏ဟူသည် ပုဂ္ဂိုလ် သတ္တဝါ တစုံတယောက်ကို ဆုံးမနေခြင်း မဟုတ်၊ ကိုယ်နှုတ်တို့ကို ဆုံးမနေသည်၏အဖြစ်ကိုရင်း (ဘာဝတ္ထ) ဝိနယန၌ ဏပစ္စည်းသည် ဂံ ကရိုဏ်း စသည်၌ မသက်၊ ကတ္တုရှ၌ သက်ထားသည်၏အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) ယင်း ဏပစ္စည်း၏ ကတ္တုရှအားလျော်စွာ ကာယဝါစံ ဝိနေတီတိ ဝိနယော-ဟု ဝိဂ္ဂဟပြုရမည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

ဝိနယတ္ထဝိဒူဟိ-ဖြင့် ဝိနယောတိ အက္ခာတော-၌ အက္ခာတ၏ အဝုတ္တ ကတ္တား၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

အယံ ဝိနယော-ဖြင့် ဝိနယောတိ အက္ခာတော-၌ ဝိနည်း-အရ သုတ္တန် အဘိဓမ္မာ စသည်ကို မကောက်ယူရ၊ ဆိုခဲ့ပြီးသော ဂုဏ်သကတ် စသည်တို့နှင့် ပြည့်စုံသည် ဝိနည်းပိဋကကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(စ) ၌ ဝိဝိဓာ ဧတ္ထ နယာ တသ္မာ ဝိဝိဓနေယတ္တာ-ဖြင့် ဝိနယပုဒ်ကို ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော-ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) ဝိနယ-၌ ဝိ-၏ ဥပသာရ၏အဖြစ်ကိုရင်း (ဥပသဂ္ဂ လိင်္ဂပဒ) ယင်း ဥပသာရ၏ ဝိဝိဓတ္ထကို ဟော--ရင်း (ဥပသဂ္ဂ လိင်္ဂတ္ထ) ဝိဝိဓနေယရှိသော အကြောင်းသကတ်ကြောင့် ဝိနည်းမည်သည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

ပဉ္စဝိဓ (လ) ဝိဘင်္ဂါဒိပ္ပဘေဒါ-ဖြင့် ဝိဝိဓနေယ-အရ ပါတိမောက္ခုဒ္ဒေသ ၅-ပါး, ပါရာဇိက-စသော အာပတ် (၇) ပုံ မာတိကာ ဝိဘင် အစရှိသော နည်းများကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

http://www.dhammadownload.com



(ဂ) ၌ ဝိသေသဘူတာ နယာ ဧတ္ထ တသ္မာ ဝိသေသနယတ္တာ-ဖြင့် ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော-ဟု တုလျာဓိကရဏ သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏--ၚင်း (သမာသလိင်္ဂတ္ထ) ဝိနယ-၌ ဝိ-၏ ဥပသာရ၏အဖြစ်ကိုၚင်း (ဥပသဂ္ဂ လိင်္ဂပဒ) ယင်း ဥပသာရ၏ ဝိသေသတ္ထကို ဟော--ၚင်း (ဥပသဂ္ဂ လိင်္ဂတ္ထ) ဝိသေသနယရှိသော အကြောင်းသကတ်ကြောင့် ဝိနည်းမည်သည်ကိုၚင်း (ဘာဝတ္ထ) သိစေပါသည်။

ဒဠှီကမ္မ (ပ) အနုပညတ္တိနယာ-ဖြင့် ဝိသေသနယ-အရ မူလပညတ်ကို ခိုင်မြဲ အောင်ပြုခြင်း, လျော့အောင်ပြုခြင်းဟူသော အကျိုးတရားတို့၏ အနုပညတ်နည်းကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဃ) ၌ ဒသ-ဖြင့် ဝိနယနတော-၌ ဝိနယ-အရ ဝိနည်းပိဋကဒြဗ်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

ကာယံ ဝါစဉ္စ ဝိနေတိ-ဖြင့် ဂါထာ၌ ကာယဝါစာနံပုဒ်ကို ကာယောစ ဝါစာစ ကာယဝါစာ-ဟု ဒွန်သမာသ် တွဲစပ်ရမည်ကိုၚင်း (သမာသလိင်္ဂတ္ထ) ဝိနေတီတိ ဝိနယံ-ဟု ဝစနတ္ထပြုရမည်၏ အဖြစ်ကိုၚင်း (အဘိဓာနတ္ထ) ယုပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်၏အဖြစ်ကိုၚင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။

ကာယိက (ပ) နိသေဓနတော-ဖြင့် ဝိနယနတော-၌ နီဓာတ်၏ တားမြစ်ခြင်းအနက်ကို ဟောသည်၏အဖြစ်ကိုၚင်း (ဒု-ဓာတွတ္ထ) ကာယဝါစာနံ-၌ ကာယဝါစာ-အရ ကိုယ်နှုတ်ကိုသာ မယူရ၊ ဌာနူပစာအားဖြင့် ကိုယ်နှုတ်၌ဖြစ်သော လွန်ကျူးမှုကို ယူရမည်၏ အဖြစ်ကိုၚင်း (သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

(ဃ-၂) ဖြင့် သင်္ခေပဂါထာ၌ ဝိဝိဓနယ မည်ခြင်းအကြောင်း ဝိသေသနယ မည်ခြင်း အကြောင်း ဝိနယနမည်ခြင်းအကြောင်းများကို သိစေပါသည်။ (ဘာဝတ္ထ)

➢ ❾ ॥ **ဝိနယ-နှစ်ခုအထူး** ॥ ॥ အယံ ဝိနယော-ဝယ် ဝိနယ-သဒ္ဒါကား အတ္ထ ပညတ် သညီပါဠိဒြဗ်ဟော ဖြစ်ပါသည်။ ဝိနယောတိ အက္ခာတော-၌ ဝိနယ-သဒ္ဒါကား သဒ္ဒပညတ် သညာဂုဏ်ဟော ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

* **အနုပညတ်သည်** လောကဝဇ္ဇသိက္ခာပုဒ်၌ ဒဠှီကမ္မပယောဇန ဖြစ်ပါသည်။ ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်၌ သိထိလကရဏပယောဇန ဖြစ်ပါသည်။

* **ဝိသေသနယာ ဧတ္ထာတိ ဝိနယော-၌ ဝိသေသနယဖြစ်ပုံ** ॥ ॥ အနုပညတ်သည် ယေဘုယျအားဖြင့် လောကဝဇ္ဇ သိက္ခာပုဒ်များ၌ မြဲမြံခိုင်ခန့်ခြင်း၊ ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်များ၌ ပေါ့လျော့စွာဖြစ်ခြင်း အကျိုးရှိသောအားဖြင့် မူလပညတ်နှင့် မတူကွဲပြား ထူးခြားလာသောကြောင့် ဝိသေသနယ ဖြစ်ပါသည်။

➢ ❶❿ ॥ (င) **ဝုတ္တံ-၌ ဓာတ်အရ အနက္ခတ္ထကို ရှု၍** ॥ ॥ ဝိဝိဓ ဝိသေသနယတ္တာ ဂါထာကို ဟောသော ရှင်မဟာဗုဒ္ဓဃောသ မထေရ်၏ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ရ၏

http://www.dhammadownload.com



(၁) ထိုဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရ ရသ မည်၏။ (၂) ဝိဝိဓဝိသေသနယတ္တာ ဂါထာစကားသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ရှင်မဟာဗုဒ္ဓဃောသ မထေရ်၏ ယောနိသော မနသိကာရသည် ဥဒ္ဒီပနဝိဘာဝ မည်၏။

(၄) ဝိနယသဒ္ဒါ၏ ဝစနတ္ထ၌ လိမ္မာခြင်းအကျိုးသည် အနုဘာဝ မည်၏။

*** ဟာန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ** (ဠ။၁၇) ၌ ဘာဝါလင်္ကာရထုတ်ပုံ ။ ။ (၁) သင်္ခါရတရားတို့ကို အာရုံပြု၍ ထိတ်လန့်သော အခြင်းအရာအားဖြင့်ဖြစ်သော သဟောတ္တပ္ပဉာဏ်သည် ဇိဂုစ္ဆဋ္ဌာယီဘာဝ+ဝိဘစ္ဆရသ မည်၏။ (၂) သင်္ခါရတရားသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) သင်္ခါရတရားတို့၏ ခယ ဝယ ဝိပရိဏာမ အနိစ္စတာ-စသော သဘောသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ-ဟု တိုက်တွန်းတော်မူခြင်း, တိုက်တွန်းတော်မူသည့်အတိုင်း ကျင့်သဖြင့် ရဟန်းတို့၏ သိက္ခာသုံးပါးနှင့် ပြည့်စုံခြင်း, ဈာန်မဂ်ဖိုလ်ကို ရခြင်းစသည်သည် အနုဘာဝ မည်၏။

(တနည်း) **သမ္ပာဒေထ–အရ** ။ ။ (၁) မြတ်စွာဘုရားရှင် သန္တာန်တော်၌ တိုက်တွန်းနှိုးဆော်သော အခြင်းအရာအားဖြင့်ဖြစ်သော ဝီရိယပြဓာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် (ဝါ) ဝီရိယသည် ဥဿာဟဋ္ဌာယီဘာဝ+ဝီရရသ မည်၏။ (၂) ဘိက္ခဝေါ အာမန္တယာမိ ဝေါ-အရ အနီးရှိ ရဟန်းတို့သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) အစုံဖြစ်သော အင်ကြင်းပင်ပျိုတို့၏ အကြားအရပ်, လျောင်းစက်ရာ ညောင်စောင်းတော်, ကဆုန်လပြည့်နေ့, ပရိနိဗ္ဗာန်စံတော်မူခါနီး ကာလတို့သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) တိုက်တွန်းတော်မူသည့်အတိုင်း အပ္ပမာဒ တရား၌တည်၍ ကျင့်ကြံကျိုးကုတ် အားထုတ်သဖြင့် သဂ္ဂ မဂ္ဂ ဖလ နိဗ္ဗာန အကျိုးအဆက်ဆက်တို့သည် အနုဘာဝ မည်၏။

**ဂါထာ (၁၇)**

**(က) ဣတရံ ပန အတ္တာနံ သူစနတော၊ သုဝုတ္တတော သဝနတော ထ သူဒနတော၊**
**သုတ္တာဏာ သုတ္တသဘာဂ - တော စ "သုတ္တ" န္တိ အက္ခာတံ၊**
**(ခ) တဉှိ အတ္တတ္ထပရတ္ထာဒိဘေဒေ အတ္ထေ သူစေတိ၊**
**(ဂ-၁) သုဝုတ္တာ စေတ္ထ အတ္ထာ (ဂ-၂) ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တတ္တာ၊**
**(ဃ-၁) သဝတိ စေတံ အတ္ထေ သဿမိဝ ဖလံ၊ (ဃ-၂) ပသဝတီတိ ဝုတ္တံ ဟောတိ၊**
**(င-၁) သူဒတိ စေတံ (င-၂) ဓေနု ဝိယ ခီရံ ပဂ္ဃရာပေတီတိ ဝုတ္တံ ဟောတိ၊**
**(စ-၁) သုဋ္ဌု စ နေ တာယတိ၊ (စ-၂) ရက္ခတီတိ ဝုတ္တံ ဟောတိ၊ (ဆ) သုတ္တသဘာဂဉ္စေတံ၊**
**(ဇ-၁) ယထာ ဟိ တစ္ဆကာနံ သုတ္တံ ပမာဏံ ဟောတိ၊ ဧဝမေတမ္ပိ ဝိညူနံ၊ (ဇ-၂) ယထာ စ သုတ္တေန သင်္ဂဟိတာနိ ပုပ္ဖာနိ န ဝိကိရိယန္တိ န ဝိဒ္ဓံသိယန္တိ၊ ဧဝမေဝ တေန သင်္ဂဟိတာ အတ္ထာ၊**

http://www.dhammadownload.com



**(ဈ) တေနေတမေတာသာ ဝဓနကောသလ္လတ္ထံ ဝုတ္တံ -**

**အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတော ထ သူဒနတော၊**

**သုတ္တာဏာ သုတ္တသဘာဂ- တော စ ""သုတ္တ""န္တိ အက္ခာတ""န္တိ၊ (၄၊ ၁၈။)**

**[အဖွင့်နှင့်အညီ]** သုတ္တံ=အကျိုးတို့ကို။ (ဝါ) အကျိုးအနက်တို့ကို ပြတတ်သောသုတ်။ သုတ္တံ=ကောင်းစွာ ဟောအပ်ကုန်သော အကျိုး (ဝါ) အကျိုးအနက်တို့ရှိသောသုတ်။ သုတ္တံ=အကျိုး (ဝါ) အကျိုးအနက်တို့ကို ကောင်းစွာဟောအပ်ကုန်ရာသုတ်။

သုတ္တံ=အကျိုးတို့ကို (ဝါ) အကျိုးအနက်တို့ကို သိတတ် (ဝါ) ဖြစ်စေတတ် (ဝါ) ပွားစေတတ်သောသုတ်။

သုတ္တံ=အကျိုးတို့ကို (ဝါ) အကျိုးအနက်တို့ကို သွန်းလောင်းတတ် (ဝါ) ယိုစေတတ်သော သုတ်။ သုတ္တံ=အကျိုးတို့ကို (ဝါ) အကျိုးအနက်တို့ကို ကောင်းစွာ စောင့်ရှောက်တတ်သော သုတ်။ သုတ္တံ=တမျဉ်းချည် ပန်းသီတန်ချည်ကဲ့သို့သော သုတ်။

➢ ❶ ။ (က) ပန၊အဖို့တစ်ပါးကား။ဣတရံ၊ဝိနည်းပိဋကမှ တစ်ပါးသော သုတ္တန်ပိဋကတ် ပါဠိတော်မြတ်ကို။(ဣတရဿ၊ဝိနည်းပိဋကမှ တစ်ပါးသော သုတ္တန်ပိဋက၏။)

အတ္ထာနံ၊စီးပွားတို့၏။(ဝါ) တို့ကို။သူစနတော၊ထင်ရှားပြတတ်သည်၏အဖြစ်ကြောင့်ရင်း။သုဝုတ္တတော၊ကောင်းစွာ ဟောအပ်ရာ၏ အဖြစ်ကြောင့်ရင်း။သဝနတော၊သီးတတ်ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်ရင်း။ အထ၊ထိုမြို့။သူဒနတော၊သွန်ချတတ်သည်၏ အဖြစ်ကြောင့်ရင်း။သုတ္တာဏာ၊ကောင်းစွာ စောင့်ရှောက်တတ်သည်၏ အဖြစ်ကြောင့်ရင်း။ သုတ္တ သဘာဂတောစ၊တမျဉ်းကြိုး ပန်းသီချည်နှင့်တူသော အဖို့ရှိသည်၏ အဖြစ်ကြောင့်ရင်း။ (သုတ္တတ္ထဝိဒူဟိ၊သုတ္တသဒ္ဒါ၏အနက်ကို သိကုန်သော ပညာရှိတို့သည်။) သုတ္တန္တိ၊သုတ္တမည်၏ဟူ၍။အက္ခာတံ၊ဆိုအပ်ပြီ။

(ခ) ဟိ၊ချဲ့ဦးအံ့။ (တစ်နည်း) ဟိ-ယသ္မာ၊အကြင့်ကြောင့်။တံ၊ထို သုတ္တန်ပိဋကတ် ပါဠိတော်မြတ်သည်။အတ္တတ္ထ ပရတ္ထာဒိဘေဒေ၊အတ္တတ္ထ ပရတ္ထ အစရှိသော အပြားရှိကုန်သော။ အတ္ထေ၊စီးပွားတို့ကို။ (ဝါ) စီးပွား အနက်တို့ကို။ သူစေတိ၊ထင်ရှားပြတတ်၏။ (အတ္ထာနံ၊တို့ကို။တသ္မာ သူစနတော၊ထိုသို့ ထင်ရှားပြတတ်သည်၏ အဖြစ်ကြောင့်ရင်း)

(ဂ) စ၊အဖို့တစ်ပါးကား။ဧတ္ထ၊ဤ သုတ္တန်ပိဋကတ် ပါဠိတော်မြတ်၌။(အတ္တတ္ထ ပရ-တ္ထာဒိဘေဒါ၊ကုန်သော။) အတ္ထာ၊တို့ကို။သုဝုတ္တာ၊ကောင်းစွာ ဟောတော်မူအပ်ကုန်ပြီ။ (ကသ္မာ၊အဘယ့်ကြောင့်။ဝိညာယတိ၊သိအပ်သနည်း။)ဝေနေယျဇ္ဈာသယာနုလောမေန၊ ဝေနေယျတို့၏ အဇ္ဈာသယအား လျော်သောအားဖြင့်။ဝုတ္တတ္တာ၊ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့် ။(ဝိညာယတိ၊သိအပ်၏။ အတ္ထာနံ၊တို့၏။တသ္မာ သုဝုတ္တတော၊ထိုသို့ ကောင်းစွာ ဟောတော်မူအပ်ရာ၏ အဖြစ်ကြောင့်ရင်း။)

**(ဃ) [ဥပမာအတွင်းသွင်း]** စ၊အဖို့တစ်ပါးကား။သဿံ၊ကောက်သည်။ဖလံ၊အသီးကို။

http://www.dhammadownload.com



သဝတိ က္ကဝ၊သီးတတ်သကဲ့သို့။(တထား၊ထို့အတူ)တော၊ဤသုတ္တန်ပိဋကတ် ပါဠိတော်မြတ်သည်။အတ္တတ္ထ ပရတ္ထာဒိဘေဒေ၊အတ္တတ္ထ ပရတ္ထ အစရှိသော အပြားရှိကုန်သော။အတ္ထေ၊ စီးပွားတို့ကို။(ဝါ) စီးပွား အနက်တို့ကို။သဝတိ၊သီးတတ်၏။ပသဝတိ၊ဖြစ်စေတတ်၏။ က္ကတိ၊ ဤအနက်သည်။(ဝါ) ကို။ဝုတ္တံ၊ဆိုအပ်သည်။(ဝါ) ဆိုလိုသည်။ဟောတိ၊၏။(အတ္ထာနံ၊တို့ကို။ တသွာသဝနတော၊ထိုသို့ သီးတတ် ဖြစ်စေတတ်သည်၏အဖြစ်ကြောင့်ရင်း။)

* **မသဝတိ၊သီးတတ်၏။**[သဒ္ဒတ္ထ] အကျိုးကို ပြီးစေတတ်၏။ [အဓိပ္ပါယတ္ထ]

(ငေ) [**ဥပမာ အပြင်ဆုတ်**] စ၊အဖို့တစ်ပါးကား။တော၊ဤသုတ္တန်ပိဋကတ် ပါဠိတော်မြတ်သည်။အတ္တတ္ထ ပရတ္ထာဒိဘေဒေ၊အတ္တတ္ထ ပရတ္ထ အစရှိသော အပြားရှိကုန်သော။အတ္ထေ၊ စီးပွားတို့ကို။(ဝါ) စီးပွား အနက်တို့ကို။သူဒတိ၊သွန်ချတတ်၏။(ကိမိဝ၊အဘယ်ကဲ့သို့နည်း) ဓေနုနွားမသည်။ခီရံနို့ရည်ကို။သူဒတိ ဝိယ၊သွန်ချသကဲ့သို့တည်း။ ပဂ္ဃရတိ၊သွန်ချတတ်၏။ က္ကတိ၊ဤအနက်သည်။(ဝါ)ကို။ဝုတ္တံ၊သည်။ဟောတိ၊၏။(အတ္ထာနံ၊တို့ကို။တသွာ သူဒနတော၊ ထိုသို့ သွန်ချတတ်သည်၏ အဖြစ်ကြောင့်ရင်း။)

* **သူဒတိ-သွန်းတတ်၏။** (သဒ္ဒတ္ထ) ယိုစေတတ်၏။(ဝါ) ဖြစ်စေတတ်၏။ (ဝါ) ပြီးစေတတ်၏။ (အဓိပ္ပါယတ္ထ)

(**စ**) စ၊ကား။တော၊ဤသုတ္တန်ပိဋကတ် ပါဠိတော်မြတ်သည်။သုဋ္ဌု၊ကောင်းစွာ။အတ္တတ္ထ ပရတ္ထာဒိဘေဒေ၊ကုန်သော။နေ၊ထိုစီးပွားတို့ကို။(ဝါ) ထိုစီးပွားအနက်တို့ကို။တာယတိ၊စောင့်ရှောက်တတ်၏။ရက္ခတိ၊စောင့်ရှောက်တတ်၏။က္ကတိ၊ဤအနက်သည်။(ဝါ)ကို။ဝုတ္တံ၊သည်။ ဟောတိ၊၏။(အတ္ထာနံ၊တို့ကို။တသွာ သုတ္တာဏာ၊ထိုသို့ ကောင်းစွာ စောင့်ရှောက်တတ်သည်၏ အဖြစ်ကြောင့်ရင်း။)

(**ဆ**) စ၊ကား။တော၊ဤသုတ္တန်ပိဋကတ် ပါဠိတော်မြတ်သည်။သုတ္တသဘာဂံ၊တမျဉ်းကြိုး ပန်းသီချည်နှင့်တူသော အဖို့ရှိ၏။(ဝါ) တမျဉ်းကြိုး ပန်းသီချည်နှင့်သဘောတူ၏။

(**ဇ**) ဟိ၊ချဲ့ဦးအံ့။တစ္ဆကာနံ၊လက်သမားတို့၏။သုတ္တံ၊တမျဉ်းကြိုးသည်။ပမာဏံ၊လိုရင်း ပမာဏသည်။ဟောတိ ယထာ၊ဖြစ်သကဲ့သို့။ဧဝံ၊ဤအတူ။ဧတမ္ပိ၊ဤသုတ္တန်ပိဋကတ် ပါဠိတော်မြတ်သည်လည်း။ ဝိညူနံ၊တရားဆုံးဖြတ်သော ပညာရှိတို့၏။ (ပမာဏံ၊လိုရင်း ပမာဏသည်။ဟောတိ၊၏။) စ၊တမျဉ်းကြိုးနှင့် တူပုံသာ မကသေး။သုတ္တေန၊ချည်ဖြင့်။ သင်္ဂဟိတာနိ၊သိမ်းယူအပ်ကုန်သော။(ဝါ) သီကုံးအပ်ကုန်သော။ပုပ္ဖာနိ၊ပန်းတို့ကို။ဝါတေန၊ လေသည်။န ဝိကိရိယန္တိ ယထာ၊အရပ်တစ်ပါးသို့ ရောက်သွားအောင် ဖရိုး ဖရဲ မဖြန့်ကြဲအပ် မဖြန့်ကြဲနိုင်ကုန်သကဲ့သို့။န ဝိဒ္ဓံသိယန္တိ ယထာ၊မဖျက်ဆီးအပ် မဖျက်ဆီးနိုင်ကုန် သကဲ့သို့။ ဧဝမေဝံ၊ဤအတူ။ဧတေန၊ဤသုတ္တန်ပိဋကတ် ပါဠိတော်မြတ်ဖြင့်။သင်္ဂဟိတာ၊ သိမ်းယူအပ်ကုန်သော။အတ္တတ္ထ ပရတ္ထာဒိဘေဒါ၊အတ္တတ္ထ ပရတ္ထ အစရှိသော အပြားရှိကုန် သော။အတ္ထာ၊ စီးပွားတို့ကို။(ဝါ) စီးပွား အနက်တို့ကို။မိစ္ဆာဝါဒေန၊မိစ္ဆာဝါဒသည်။န ဝိကိ

http://www.dhammadownload.com



ရိယန္တိ၊ဖရို ဖရဲ မကြဲနိုင်ကုန်။န ဝိဒ္ဓံသိယန္တိ၊မဖျက်ဆီးအပ် မဖျက်ဆီးနိုင်ကုန်။ (တံသွာ-သုတ္တသဘာဂတောစ၊ထိုသို့ တမျဉ်းကြိုး ပန်းသီချည်နှင့်တူသော အဖိုရှိသည်၏အဖြစ်ကြောင့်ရင်း။သုတ္တတ္တဝိဒူဟိ၊သုတ္တသဒ္ဒါ၏အနက်ကို သိကုန်သော ပညာရှိတို့သည်။သုတ္တန္တိ သုတ္တ-ဟူ၍။အက္ခာတံ၊ဆိုအပ်ပြီ။

(၈) တေန၊ထို အတ္ထာနံ သူစနတော အစရှိသော ဟိတ်ခြောက်ရပ်ဖြင့်။တေသံ၊ ဤသုတ္တသဒ္ဒါ၏။ဝစနတ္ထ ကောသလ္လတ္ထံ၊ဝိဂ္ဂြဟ် ဝစနတ်၌ ကျွမ်းကျင်သူ၏ ဖြစ်ကြောင်း ဖြစ်ရာ ဉာဏ်အကျိုးငှာ။အတ္ထာနံ (ပ) အက္ခာတန္တိ၊အတ္ထာနံ (ပ) အက္ခာတံ-ဟူသော။ ဇတံ ဂါထာ ဝစနံ၊ဤဂါထာ စကားကို။(တနည်း) ဇတံ အတ္ထဝစနံ၊ဤအနက်ကို ပြကြောင်း စကားကို။(မဟာဋီအဋ္ဌကထာဆရာသည်) ဝုတ္တံ၊ဆိုအပ်ပြီ။ (ဘာသာဋီ၊ပ၊၁၀၇)

➢ ❷။ (က) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ ဝိနယ-သဒ္ဒါ၏ ဝစနတ္ထကို ပြပြီး၍ ယခုအခါ၌ သုတ္တသဒ္ဒါ၏ ဝစနတ္ထကို ပြတော်မူခြင်းငှာ (က) မိန့်။

(က) **၌ သုဝုတ္တတော အစရှိသော စတုတ္ထပါဒသို့**/ ဆရာ၊ ဆရာသည် အတ္ထာနံ သူစနတော-ဟူသော ပထမပါဒဖြင့် သုတ္တံပုဒ်ကို အတ္ထေ သူစေတီတိ သုတ္တံ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်ဟု ပြဆိုတော်မူ၏။ သုတ္တံပုဒ်၌ ကတ္တုသာဓန ဝစနတ္ထ တစ်မျိုးသာ ဖြစ်သင့်ပါသလော။ သုတ္တံပုဒ်၌ မည်သည့် ဝစနတ္ထများ ဖြစ်နိုင်ပါသေးသနည်း။ အခြားဖြစ်နိုင်သော ဝစနတ္ထများကို မပြသော် ဆရာအား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် သုဝုတ္တတော သဝနတောထ သူဒနတော-မိန့်။

(ခ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် (ဝါ) (က) ၌ အတ္ထာနံ သူစနတော-ပါဒ်ဖြင့် သုတ္တ-သဒ္ဒါ၏ ဝစနတ္ထကို အကျဉ်းအားဖြင့် ပြပြီး၍ ယခုအခါ၌ ထိုဆိုအပ်ပြီးသော အနက်ကိုပင် အကျယ်အားဖြင့် ဖွင့်ပြလိုသော ဆရာသည် (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် အတ္ထာနံ သူစနတော-ဟူသော ဟိတ်ပါဒ်ဖြင့် အကျယ်ကိုရင်း, သုတ္တသဒ္ဒါ၏ သူစဓာတ် တ-ပစ္စည်းဖြင့် ပြီးသည်ကိုရင်း ပြဆိုတော်မူ၏။ ၎င်း သူစဓာတ် တ-ပစ္စည်းဖြင့်ပြီးသော သုတ္တ-သဒ္ဒါသာ ရှိပါသလော။ အခြားသော ဓာတ်ပစ္စည်းဖြင့်ပြီးသော သုတ္တ-သဒ္ဒါကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

*ကား*• သူစဓာတ် တ-ပစ္စည်းဖြင့်ပြီးသော သုတ္တသဒ္ဒါသာ ရှိသည် မဟုတ်၊ အခြားသော သုပုဗ္ဗ ဝစဓာတ် (ဝါ) ဥစဓာတ် တ-ပစ္စည်းဖြင့်ပြီးသော သုတ္တ-သဒ္ဒါကိုလည်း ငါ ပြဆို၏ဟူလို။

(ဂ-၂) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ဂ-၁) ဖြင့် အဓိကရဏသာဓနအားဖြင့် (ဝါ) သတ္တမီ ဗဟုဗ္ဗီဟိသမာသ်အားဖြင့် သုတ္တမည်သည်၏အဖြစ်ကို ပြပြီး၍၊ ယခုအခါ၌ ဝိနည်း အဘိဓမ္မာတို့သည်လည်း သုဝုတ္တဖြစ်လျက် သုတ္တန်ကိုသာ သုတ္တမည်၏ဟု ဆိုခြင်း၌ အကြောင်းကို ပြခြင်းငှာ (ဂ-၂) မိန့်။

http://www.dhammadownload.com



(ဂ–၂) သို့/ **အာဘောဂါယုတ္တစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ဂ-၁) ဖြင့်--ပြဆို၏။ ဝိနည်း အဘိဓမ္မာတို့သည်လည်း ကောင်းစွာဟောအပ်ရာ ဖြစ်ကုန်သည်မဟုတ်တုံလော၊ ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် ဤသုတ္တန်ကိုသာ ဤသို့ ဆိုအပ်ပါသနည်း၊ စုဒ်ကြောင့် (ဂ-၂) ဝါကျကိုမိန့်။

(ဃ) သို့/ **အစန္တာလီနစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (က) ဝါကျ သင်္ခေပစကားရပ်၌ သုတ္တံ-ဟု ဆို၏။ သုတ္တံ-ပုဒ်ကို သဝန် သုတ္တံ၊ သဝတိ ဓေနာတိ သုတ္တံ-ဟု ဘာဝသာဓန, ကရဏသာဓန ဝစနတ္ထ ပြုရပါမည်လော။ အဘယ် ဝစနတ္ထ ပြုရပါမည်နည်း။ (အဗျာပိတတင်) စုဒ်ကြောင့် (ဃ) မိန့်။

**ကား**• (ဃ) ဖြင့် သဝတီတိ သုတ္တံ-ဟု ဝစနတ္ထ ပြုရပါမည်ဟူလို။

(ဃ–၁) သို့/ **အနုသန္ဓ** ။ ။ ဤသို့ (ဂ) ဖြင့် သုတ္တသဒ္ဒါ၏ သု-သဒ္ဒူပပဒ ဝဓာတ် တ-ပစ္စည်း၏အဖြစ်ကိုရင်း, တ-ပစ္စည်း၏ အဓိကရဏသာဓန၌ ဖြစ်ခြင်းကိုရင်း, သုတ္တမည်ခြင်း၌ အကြောင်းကိုရင်း ပြပြီး၍၊ ယခုအခါ၌ သုဓာတ် တ-ပစ္စည်း၏ အဖြစ်ကိုရင်း, တ-ပစ္စည်း၏ ကတ္တုသာဓန၌ ဖြစ်ခြင်းကိုရင်း ပြခြင်းငှာ (ဃ-၁) ကိုမိန့်။

(ဃ–၂) သို့/ **အနုသန္ဓ** ။ ။ ဤသို့ (ဃ-၁) ဖြင့် သုဓာတ် တ-ပစ္စည်း၏ အဖြစ်ကိုရင်း, တ-ပစ္စည်း၏ ကတ္တုသာဓန၌ ဖြစ်ခြင်းကိုရင်း, ပြပြီး၍ ယခုအခါ၌ အနုပုဗ္ဗသိက္ခာစသည်၏ အစွမ်းအားဖြင့် ကာလအထူးသို့ရောက်မှ သီလာဒိအတ္တကို ပြီးစေခြင်းနှင့် သု-ဓာတ်၏ ပသဝန, ဖလနအနက်၌ဖြစ်ခြင်းကို ပြခြင်းငှာ (ဃ-၂) ကိုမိန့်။

(ဃ–၂) သို့/ **စောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ဃ-၁) ဖြင့် --ပြဆို၏။ အဘယ်ကာလ၌ သီလာဒိအတ္တကို ပြီးစေပါသနည်း၊ သင်ဆဲ နာဆဲ ဆောင်ဆဲ-စသော ခဏ၌ (ဝါ) ကာလ၌ သီလာဒိအတ္တကို ပြီးစေပါသလော၊ သုဓာတ်သည် အဘယ်အနက်၌ ဖြစ်ပါသနည်း၊ သဝန, သန္ဒန-စသော အနက်၌ ဖြစ်ပါသလော၊ စုဒ်ကြောင့် (ဃ-၂) မိန့်၊

(ဃ–၂) သို့/ ဆရာ၊ ဆရာသည် (ဃ-၁) ဖြင့် သုတ္တံ-ပုဒ်ကို သဝတိ-ဟု သုဓာတ်ဖြင့် ဖွင့်ဆိုတော်မူ၏။ သုဓာတ်သည် သဝနအနက်၌ ဖြစ်ပါသလော။ အဘယ်အနက်၌ ဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဃ-၂) ကိုမိန့်။

**ကား**• ကြားနာခြင်း သဝနအနက်၌ မဖြစ်၊ သီးတတ် ဖြစ်စေတတ်သော ပသဝနအနက်၌ ဖြစ်၏ဟူလို။

(ဇ–၂) သို့/ **အနုသန္ဓ** ။ ။ ဤသို့ (ဇ-၁) ဖြင့် သုတ္တံ-ဟူသောပုဒ်၏ သူဒဓာတ်+တပစ္စည်း၏ အဖြစ်ကိုရင်း, တပစ္စည်း၏ ကတ္တုသာဓန၌ ဖြစ်ခြင်းကိုရင်း, သူဒနတော၌ ယုပစ္စည်း၏ ကတ္တုသာဓန၌ဖြစ်ခြင်းကိုရင်း ပြပြီး၍၊ ယခုအခါ၌ အကြောင်းဥပါယ်၌ လိမ္မာသူတို့အားသာ အကျိုးပြီးခြင်းကိုရင်း, သူဒဓာတ်၏ ပဂ္ဃရဏတ္ထ၌ ဖြစ်ခြင်းကိုရင်း (ဝါ) သွန်းခြင်းဟူသည် အကျိုးတို့ကို ယိုစေခြင်း, ဖြစ်စေခြင်းပင်ဟူသော အဓိပ္ပါယ်ကိုရင်း

http://www.dhammadownload.com



ပြလိုရကား (င-၂) ကိုမိန့်။

(င-၂) သို့/ **စောဒနာ** ။ ။ ဆရာ၊ ဆရာသည် (င-၁) ဖြင့် သူဒတိ စေတံ-ဟု ဆို၏။ အဘယ်ပုဂ္ဂိုလ်တို့အား အကျိုးတို့ကို ပြီးစေပါသနည်း၊ အကြောင်းဥပါယ်၌ မလိမ္မာသော သူတို့အားလည်း အကျိုးတို့ကို ပြီးစေပါသလော၊ သူဒစာတ်သည် အဘယ်အနက်၌ဖြစ် ပါသနည်း၊ ပဌ္ဌရဏတ္ထမှတပါးသော အနက်၌ဖြစ်ပါသလော၊ (ဝါ) သွန်းခြင်းဟူသည် အဘယ်နည်း၊ အကျိုးတို့ကို ယိုစေခြင်း, ဖြစ်စေခြင်းမှတပါးလေလော။ စုဒ်-(င-၂) မိန့်။

(စ-၂) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (စ-၁) ဖြင့် သုတ္တဟူသောပုဒ်၌ သု-သဒ္ဒါပုဗ္ဗ တာဓာတ်+အပစ္စည်း၏အဖြစ်ကိုရင်း, သုသဒ္ဒါသည် သုဋ္ဌုအနက်၌ဖြစ်သည်ကိုရင်း၊ အ-ပစ္စည်း၏ ကတ္တားအနက်၌ဖြစ်ခြင်းကိုရင်း (ဝါ) သုတ္တာဏာ၌ သုသဒ္ဒါ၏ သုဋ္ဌုအနက်၌ ဖြစ်ခြင်းကိုရင်း, ယုပစ္စည်း၏ ကတ္တုသာဓနေ၌ ဖြစ်ခြင်းကိုရင်း, ပြပြီး၍ ယခုအခါ၌ တာ-ဓာတ်၏ ရက္ခဏအနက်၌ဖြစ်ခြင်းကို ပြခြင်းငှာ (စ-၂) ကိုမိန့်။

(စ-၂) သို့/ **စောဒနာ** ။ ။ ဆရာ၊ ဆရာသည် (စ-၁) ဖြင့် သုဋ္ဌုစ နေ တာယတိ-ဟု ဆို၏။ တာ-ဓာတ်သည် အဘယ်အနက်၌ဖြစ်ပါသနည်း၊ ရက္ခဏအနက်မှတပါးသော အနက်၌ ဖြစ်ပါသလော၊ စုဒ်ကြောင့် (စ-၂) မိန့်။

(ဆ) သို့/ ဆရာ၊ ဆရာသည် (စ)ဖြင့် ကောင်းစွာအကျိုးတို့ကို စောင့်ရှောက်တတ် သောကြောင့် သုတ္တမည်၏ဟု သုတ္တာဏာ-ဟူသော အကျဉ်းသင်္ခေပဟိတ်ပုဒ်၏ အကျယ် ကို ဖွင့်ပြတော်မူ၏။ ယင်းအကျဉ်း သင်္ခေပ ဟိတ်ပုဒ်၏ အကျယ်ကိုသာ ဆရာ ဖွင့်ပြ မည်လော။ သုတ္တသဘာဂတော-ဟူသော အကျဉ်းသင်္ခေပ ဟိတ်ပုဒ်၏ အကျယ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဆ) မိန့်။

(ဇ-၁) သို့/ ဆရာ၊ ဆရာသည် (ဆ) ဖြင့် သုတ္တန်ပိဋကတ်၏ တံမျဉ်းချည်နှင့်တူ သော အဖို့ရှိသည်၏အဖြစ်ကို ဆိုတော်မူ၏။ တူပုံအခြင်းအရာကို အကျယ်မပြတော့ပြီ လော။ တမျဉ်းချည်နှင့် တူပုံကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဇ-၁) ကို မိန့်။

(ဇ-၂) သို့/ **အနုသန္ဓေ** ။ ။ ဆရာ၊ ဆရာသည် (ဇ-၁) ဖြင့် သုတ္တသဒ္ဒါ၏ လက်သမား တို့၏ တမျဉ်းချည်ကြိုးနှင့် ပမာဏအဖြစ်တူပုံကို နှိုင်းခိုင်းဥပမာပြကာ သုတ္တံ ဝိယာတိ သုတ္တံ-ဟု ဝစနတ္ထပြုရမည်ကို ဖွင့်ပြတော်မူပြီး၍ ယခုအခါ၌ သုတ္တသဒ္ဒါ၏ ပန်းသီတန် ကြိုးနှင့် တူပုံကို ခိုင်းနှိုင်းဥပမာပြကာ သုတ္တံ ဝိယာတိ သုတ္တံ-ဟု ဝစနတ္ထပြုရမည်ကို ဖွင့်ပြလိုသော ဆရာသည် (ဇ-၂) ကိုမိန့်။

(ဈ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ဆ) ဖြင့် သုတ္တန်ဒေသနာတော်၏ တမျဉ်းချည်, ပန်းသီတန်ချည်နှင့်တူသည်၏ အဖြစ်ကိုပြပြီး၍၊ ယခုအခါ၌ ဆိုအပ်ပြီးသော တမျဉ်းချည် ပန်းသီတန်ချည်နှင့် တူသည်၏အဖြစ်ကိုပင်လျှင် ထင်စွာပြခြင်းငှာ (ဈ) မိန့်။

(ဥ) သို့/ **အယုတ္တာဒောသစောဒနာ** ။ ။ ဆရာ၊ ဆရာသည် အကြင် အကြင်

http://www.dhammadownload.com



ဆိုအပ်ပြီးသော စကားရပ်ဖြင့် သုတ္တသဒ္ဒါ၏ ဝစနတ္ထကို ပြဆို၏။ ဝိနယသဒ္ဒါ၏ ဝစနတ္ထ ကောသလ္လအကျိုးငှာ ဝိဝိဓ ဝိသေသနယတ္တာ-စသော ဂါထာကို ဆိုတန်စေ, ဤ အတ္ထာနံ သူစနတော-စသော ဂါထာကိုကား အဘာယ်အကျိုးငှာ (ဝါ) အဘာယ့်ကြောင့် ဆိုအပ်ပါ သနည်း၊ ဝိနယသဒ္ဒါ၏ ဝစနတ္ထကို ပြပြီးသည်၏အခြားမဲ့၌ နိကာယဝသေန ပဥ္စဝိဓံဟူ သော သခေ်ပ၏ ဝိတ္ထာရကို ပြဆိုသင့်သည် မဟုတ်ပါလော၊ စုဒ်ကြောင့် (ဈ) မိန့်။

**အမှာ/** ဤကား မြို့ပြင်ကြီးဆရာတော်၏ အတက်ဖြစ်သည်။

➤ ❸ ။ [ဂ–ဝါကျကို၌] (၁) နနု ဝိနယာဘိဓမ္မေသုပိ အတ္ထာ သုဝုတ္တာ၊

(၂) အထ ကသ္မာ သုဝုတ္တာစေတ္ထ အတ္ထာတိ ဝုတ္တာ။ (၃) နနု ဝေနေယျဇ္ဈာသယာ နုလောမေန သုတ္တန္တပိဋကံ ဝုတ္တံ။ (၄) တသ္မာ သုဝုတ္တာစေတ္ထ အတ္ထာတိ ဝုတ္တာ။

(တစ်နည်း) (၁) နနု ဝိနယာဘိဓမ္မာပိ သုဝုတ္တာ။

(၂) အထ ကသ္မာ ဣဒမေဝ "သုဝုတ္တာ စေတ္ထ အတ္ထာ"တိ ဝုတ္တံ။

(၃) နနု ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တတ္တာ။

(၄) တသ္မာ ဣဒမေဝ "သုဝုတ္တာ စေတ္ထ အတ္ထာ"တိ ဝုတ္တံ။

[ဧ–ဝါကျကို၌] (၁) နနု သူဒတီတိ တေသ ယရတိ သိဗ္ဗတီတိ အတ္ထော ဘဝတိ။

(၂) အထ ကသ္မာ ပဂ္ဃရာပေတီတိ ကာရိတဝသေန အတ္ထော ဝုတ္တော။

(၃) နနု သကမ္မိကဓာတုတ္တာ။

(၄) တသ္မာ ပဂ္ဃရာပေတီတိ ကာရိတဝသေန အတ္ထော ဝုတ္တော။

➤ ❹ ။ စိတ္တံ အဓိ အာဂန္တွာ သယတီတိ **အဇ္ဈာသယော**။

(၃) စိတ်၌လာ၍ ကိန်းခြင်း ဖြစ်ခြင်းကြိယာသကတ်သည် ဝစနပေဟတု မည်၏။

(၅) အလိုဟူသော အနက်သည် ဝစနီယ မည်၏။ (ဝါ) အလိုဟူသော အနက်ရှိ သော ဒိဋ္ဌိနှင့် ဉာဏ်တို့သည် ဝစနီယ မည်၏။ (၆) အဓိပ္ပါယ, အာသယ,စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ဝိနေတဗ္ဗောတိ **ဝေနေယျော**။ (၃) ဆုံးမခြင်း ကြိယာသကတ်သည် ဝစနပေဟတု မည်၏။ (၅) ဝေနေယျ သတ္တဝါဒြဗ်သည် ဝစနီယ မည်၏။ (၆) ဝိနီတပုဂ္ဂလ, ဘဗ္ဗပုဂ္ဂလ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ဝေနေယျာနံ အဇ္ဈာသယော **ဝေနေယျဇ္ဈာသယော**။ (၃) ဝေနေယျပုဂ္ဂိုလ်တို့၏ အလိုဆန္ဒနှင့် ဌာန ဌာနီ/သာမိ သံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနပေဟတု မည်၏။ (၅) ဝေနေယျပုဂ္ဂိုလ်တို့၏ အလိုဆန္ဒဒြဗ်သည် ဝစနီယ မည်၏။ (၆) ဝေနေယျာဓိပ္ပါယ, ဝေနေယျာဓိမုတ္တိ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* သသန္တိ ဇီဝန္တိ တေနာတိ **သဿံ**။ (၃) ညှဉ်းဆဲခြင်းကြိယာသကတ်သည်ရင်း၊ ကောက်၌တည်သော ပကတူပနိဿယသတ္တိဟူသော ကရဏတ္ထ ကြိယာသကတ်သည်

http://www.dhammadownload.com



ဂုင်း ဝစနဟေတု မည်၏။ (၅) ကောက်စပါးဖြစ်သည် ဝစနီယ မည်၏။ (၆) ကိဋ္ဌ, ဓည, ဗီဟိ-ဟူသော ပရိယာယ်သဒ္ဒါတို့သည် ဝစနီယတ္ထ မည်၏။

ဓေတိ ပိဝတိ ဣတော ခီရံ ပေါတကောတိ **ဓေနု**။ (၃) သောက်စို့ခြင်းကြိယာ, အမိနွားမ၏ ပကတူပနိဿယသတ္တိဟု ဆိုအပ်သော အပါဒါနဋ္ဌကြိယာသကတ်သည် ဝစနဟေတု။ (၅) သားငယ်ရှိသော နွားမဖြစ်အနက်သည် ဝစနီယ။ (၆) နဝပ္ပသူတိကာ။

တစ္ဆတိ တနုံ ကရောတီတိ **တစ္ဆကော**။ (၃) ပါးအောင်ပြုခြင်းကြိယာသကတ်သည် ဝစနဟေတု။ (၅) လက်သမားဖြစ်အနက်သည် ဝစနီယ။ (၆) ဝဍ္ဎကီ-စသော--။

* သုတ္တိယတေ ဂဏ္ဌိယတေ ဝေဌိယတေ အနေနာတိ **သုတ္တံ**။ သမာနော ဘာဂေါ ယဿ သုတ္တဿာတိ **သဘာဂံ**။ (အစိတ်) သုတ္တေန သဘာဂံ **သုတ္တသဘာဂံ**။(အပေါင်း)

(၃) တမျဉ်းကြိုး ပန်းသီချည်၏ တူသော အဖို့ရှိသော သုတ္တန်ပိဋကတ်နှင့် သဒိသ သဒိသီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) သုတ္တန်ပိဋကတ်ဖြစ်သည် ဝစနီယ မည်၏။ (၆) တန္တသဒိသံ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထမည်၏

[စ-နှင့်အညီ] အတ္ထေ သူစေတီတိ **သုတ္တံ**။ (၃) အကျိုးကို ထင်ရှားစွာပြုခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) သုတ္တန်ပိဋကဖြစ်သည် ဝစနီယ မည်၏။

(၆) သူစန, သုတ္တန္တ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

[ဂ-နှင့်အညီ] သုဋ္ဌု ဝုတ္တာ ဧတ္ထာတိ သုတ္တံ။ (၃) ကောင်းစွာ ဟောကြားအပ်သော အကျိုးတရားများနှင့် သုတ္တန်ပိဋက၏ ဂုဏ်-ဂုဏော/ဌာနီ ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သကတ်သည် ဝစနဟေတု မည်၏။ (ကြွင်းတူ)

သုဋ္ဌု ဝုစ္စန္တေ ဧတ္ထာတိ **သုတ္တံ**။ (၃) ကောင်းစွာ အကျိုးတို့ကို ဟောခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (ကြွင်းတူ)

[စ-နှင့်အညီ] အတ္ထေ သုဋ္ဌု တာယတိ ရက္ခတီတိ **သုတ္တံ**။ (၃) အကျိုးတို့ကို (ဝါ) အကျိုး အနက်တို့ကို ကောင်းစွာ စောင့်ရှောက်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၆) သုတ္တန္တပါဝစနံ သုတ္တန္တပိဋကံ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ။

➢ ❺ ။ **သူစနတော/သုဝုတ္တတော/သဝနတော/သူဒနတော/သုတ္တသဘာဂ တော**-ဟိတ်တို့၏ သမ္ဗန်ကား- ဣတရဿ သုတ္တဿ ဖြစ်ပါသည်။ (၏/သည် စပ်)

**သူစေတိ**-ကို သူစနတော-ဟု ဟိတ်ပြင်လျှင်- သမ္ဗန်ကား ဣတရဿ သုတ္တဿ-ဖြစ်ပါသည်။ (၏/သည် စပ်) * (ဂ) ဝုတ္တတ္တာဟိတ်၏ သမ္ဗန်-သုတ္တဿ။ (၏/ကို စပ်)

**သုဝုတ္တာ**-ကို သုဝုတ္တတ္တာ-ဟု ဟိတ်ပြင်လျှင် အတ္ထာနံ-ဟု သမ္ဗန်ခံ။(တို့၏/တို့ကိုစပ်)

➢ ❻ ။ (က) ၌ သူစနတော-ဖြင့် သုတ္တံ၌ သူစဓာတ်၏အဖြစ်ကိုဂုင်း (ဒု-ဓာတု ပဒ) သုတ္တံ၌ တ-ပစ္စည်း ကမ္မသာဓန၌ မသက်, ကတ္တုသာဓန၌ သက်သည်၏--ဂုင်း (ဒု ပစ္စယတ္ထ) သုတ္တံပုဒ်ကို သုစိတဗ္ဗန္တိ သုတ္တံ-ဟု ကမ္မသာဓန ဝစနတ္ထ မပြုရ၊ သူစေတီတိ

http://www.dhammadownload.com



သုတ္တံဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်၏--ဋင်း (အဘိဓာနတ္ထ) သိစေပါသည်။

သုဝုတ္တတော-ဖြင့် သုတ္တံပုဒ်ကို သုဋ္ဌု ,ဝုတ္တာ အတ္ထာ ဧတ္ထာတိ သုတ္တံ-ဟု သတ္တမိဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

(တနည်း) သုဝုတ္တတော-ဖြင့် သုတ္တံ-၌ တ-ပစ္စည်းသည် ကမ္မသာဓနေ၌ မသက်၊ အဓိကရဏသာဓနေအနက်၌ သက်--ဋင်း (ဒု-ပစ္စယတ္ထ) သုတ္တံပုဒ်ကို သုဋ္ဌု ဝုစ္စန္တိ ဧတ္ထာတိ သုတ္တံ-ဟု အဓိကရဏသာဓနေ ဝစနတ္ထပြု--ဋင်း (အဘိဓာနတ္ထ) သိစေပါသည်။

သဝနတော-ဖြင့် သုတ္တံ-၌ သုဓာတ်၏ အဖြစ်ကိုဋင်း (ဒု-ဓာတုပဒ) သုတ္တံ-၌ တ-ပစ္စည်းသည် ကမ္မသာဓနေ၌ မသက်၊ သုဒ္ဓကတ္တုသာဓနေအနက်၌သက်--ဋင်း (ဒု-ပစ္စယတ္ထ) သုတ္တံပုဒ်ကို အတ္ထေ သဝတိ ပသဝတီတိ သုတ္တံ-ဟု သုဒ္ဓကတ္တုသာဓနေ ဝစနတ္ထပြု--ဋင်း (အဘိဓာနတ္ထ) သိစေပါသည်။

သူဒနတော-ဖြင့် သုတ္တံ၌ သူဒဓာတ်၏--ဋင်း (ဒု-ဓာတုပဒ) သုတ္တံ၌ တ-ပစ္စည်း၏ ကမ္မသာဓနေ၌ မသက်၊ သုဒ္ဓကတ္တုသာဓနေအနက်၌သက်--ဋင်း (ဒု-ပစ္စယတ္ထ) သုတ္တံပုဒ်ကို သူဒတိ ပဂ္ဃရာပေတီတိ သုတ္တံ-ဟု သုဒ္ဓကတ္တုသာဓနေ ဝစနတ္ထပြု--ဋင်း (အဘိဓာနတ္ထ) သိစေပါသည်။

သုတ္တာဏာ-ဖြင့် သုတ္တံ-၌ သုပုဗ္ဗ တာဓာတ်၏အဖြစ်ကိုဋင်း (ဒု-ဓာတုပဒ) သုတ္တံ-၌ တ-ပစ္စည်းသည် ကမ္မသာဓနေ၌ မသက်၊ ကတ္တုသာဓနေ၌ သက်--ဋင်း (ဒု-ပစ္စယတ္ထ) သုတ္တံပုဒ်ကို အတ္ထေ သုဋ္ဌု တာယတိ ရက္ခတီတိ သုတ္တံ-ဟု ကတ္တုသာဓနေ ဝစနတ္ထပြု--ဋင်း (အဘိဓာနတ္ထ) သိစေပါသည်။

သုတ္တသဘာဂတော-ဖြင့် သုတ္တံ-၌ တ-ပစ္စည်းသည် အပစ္စတဒ္ဓိတ်၌ မသက်၊ ဥပမာတဒ္ဓိတ်၌သက်--ဋင်း (ပစ္စယတ္ထ) သုတ္တံပုဒ်ကို သုတ္တံ ဝိယာတိ သုတ္တံ-ဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြု--ဋင်း (အဘိဓာနတ္ထ) သိစေပါသည်။

(ဓ) ၌ တံ-ဖြင့် သူစနတော၌ သူစန-အရ သုတ္တန်ပိဋကကို ကောက်ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

အတ္တတ္ထ ပရတ္ထာဒိဘေဒေ အတ္ထေ-ဖြင့် အတ္ထာနံ-၌ နံဝိဘတ်သည် သာမျတ္ထ၌ မသက်၊ကမ္မတ္ထ၌ သက်သည်၏အဖြစ်ကိုဋင်း(ဝိဘတျတ္ထ) အတ္ထာနံ-၌ အတ္ထ-အရ အမှတ်မရှိသော အရာဝတ္ထုများကို မယူရ၊ အတ္တတ္ထ ပရတ္ထ စသည် အပြားရှိသော အကျိုးစီးပွားများကို ယူရမည်၏--ဋင်း (သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

သူစေတိ-ဖြင့် သူစနတော၌ သူစနပုဒ်ဝယ် သူဓာတ် မဟုတ်၊ သူစဓာတ်၏--ဋင်း (ဒု-ဓာတုပဒ) သူစန၌ ယုပစ္စည်းသည် ကတ္တုသာဓနေအနက်၌ သက်--ဋင်း (ဒု-ပစ္စယတ္ထ) သူစေတီတိ သူစနံ-ဟု ဝစနတ္ထပြု--ဋင်း (အဘိဓာနတ္ထ) သိစေပါသည်။

(ဂ) ၌ သုဝုတ္တာ စေတ္ထ အတ္ထာ-ဖြင့် သုဝုတ္တ၌ သု-ဥပသာရ၏ သုဋ္ဌုအနက်ကို

http://www.dhammadownload.com



ဟောသည်၏အဖြစ်ကိုရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သုဋ္ဌု ဝုတ္တာ ဇေတ္တတိ သုဝုတ္တံ-ဟု သုတ္တမိ ဗဟုဗ္ဗီဟိသမာသ် တွဲစပ်ရမည်ကိုရင်း (သမာသလိင်္ဂတ္ထ) ဝုတ္တကြိယာပုဒ်၏ ကံကို အတ္ထာ-ဟု ထည့်ရမည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တာ-ဖြင့် ဝိနည်းနှင့် အဘိဓမ္မာ ပိဋကတို့ကိုလည်း ကောင်းစွာ ဘုရားရှင် ဟောကြားထားခဲ့သောကြောင့် သုတ္တ-ဟု ခေါ်နိုင်သော်လည်း ဝေနေယျသတ္တဝါတို့၏ အလိုဆန္ဒ အဇ္ဈာသယတို့နှင့် လိုက်လျောညီညွတ်အောင် ဤသုတ္တန်ပိဋကကို ဘုရားရှင် ဟောကြားထားတော်မူသောကြောင့် ဤသုတ္တန်ပိဋကကိုသာ အတိသယနည်းအားဖြင့် သုတ္တ-ဟု ခေါ်ဆိုအပ်သည်၏အဖြစ်ကို သိစေသည်။(ဘာဝတ္ထ)

(ဃ) ၌ သဝတိ-ဖြင့် သုတ္တံ၌ သုဓာတ်၏အဖြစ်ကိုရင်း (ဒု-ဓာတုပဒ) တ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏--ရင်း (ဒု-ပစ္စယတ္ထ) သဝတီတိ သုတ္တံ-ဟု ဝစနတ္ထ ပြုရမည်ကိုရင်း (အဘိဓာနတ္ထ) သိစေပါသည်။

ဇတံ-ဖြင့် သုတ္တ-အရ သုတ္တန်ပိဋကကို ယူရမည်ဟု သိစေသည်။(အဘိဓေယျတ္ထ)

အတ္ထေ-ဖြင့် သုတ္တံ-၌ သုဓာတ်၏ ကံကို အတ္ထေ-ဟု ထည့်ရမည်ကို သိ(ဘာဝတ္ထ)

သဿမိဝ ဖလံ-ဖြင့် ကောက်ပင်ဟူသည် စိုက်ပျိုးဆဲခဏ၌ ချက်ခြင်းလက်ငင်း အသီး သီးလာသည်မဟုတ်၊ အစဉ်အတိုင်း ပြုပြင်စောင့်ရှောက်မှုဖြင့် နှစ်လ သုံးလစသည် ကာလ အတန်ကြာမှသာ အသီး သီးသကဲ့သို့ ထို့အတူ ဤသုတ္တန်ပိဋကသည်လည်း ကြားနာခြင်း သင်အံလေ့ကျက်ခြင်း ပြုဆဲ ခဏ၌ပင် အကျိုးတရား ဖြစ်ထွန်းတိုးပွားလာသည် မဟုတ်၊ အစဉ်အတိုင်း သင်အံလေ့ကျက် ကြိုးစားအားထုတ်ခြင်းဖြင့် ကာလအတန် ကြာပြီးမှသာ အကျိုးတရား ဖြစ်ထွန်းတိုးပွားစေသည်၏အဖြစ်ကို သိစေ။ (ဘာဝတ္ထ)

ပသဝတီတိ ဝုတ္တံ ဟောတိ-ဖြင့် ပသဝတိ=သီး၏ဟူသည် အကျိုးတရားများ ဖြစ်ထွန်းပြီးမြောက်စေခြင်းကိုပင် ဆိုလိုသည်၏အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

(င) ၌ သူဒတိ ဇတံ-ဖြင့် သုတ္တံ-၌ သူဒဓာတ်၏ အဖြစ်ကိုရင်း (ဒု-ဓာတုပဒ) တ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏--ရင်း (ဒု-ပစ္စယတ္ထ) သူဒတီတိ သုတ္တံ-ဟု ဝစနတ္ထ ပြု--ရင်း (အဘိဓာနတ္ထ) သူဒတ ဟူလိုလျက် ဝဏ္ဏဝိကာရဖြင့် ဒကို တ-ပြု၊ ဦကို ဥရဿ ပြု၍ သုတ္တံပုဒ်ပြီးသည်ကိုရင်း (ဘာဝတ္ထ) သုတ္တ-အရ သုတ္တန်ပိဋကကို ယူရမည်ကိုရင်း (သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

ဓေနုဝိယ ခီရံ-ဖြင့် နွားမသည် သားမွေးပြီးစ သားရှိစဉ်ကာလ၌သာ နို့တံကို ကိုင်၍ ညှစ်သော် နွားနို့ညှစ်သူအား နို့ရမှု ပြီးမြောက်စေသကဲ့သို့ရင်း၊ နွားမသည် သားမွေးပြီးစ မဟုတ်သည့်ကာလ၌ နို့ညှစ်သူအား နို့ရမှုကို မပြီးမြောက်စေနိုင်၊ သားမွေးပြီးစပင်ဖြစ် သော်လည်း နို့တည်ရာမဟုတ်သော ဦးချိုစသည်၌ နို့ညှစ်သော လူမိုက်အား နို့ရမှု မပြီး မြောက်စေနိုင်သကဲ့သို့ရင်း ထို့အတူ ဤသုတ္တန်ပိဋကသည်လည်း နိဿရဏတ္ထ-စသော

http://www.dhammadownload.com



သင်နည်းမျိုးဖြင့် သင်ယူမှုသာလျှင် သီလ-စသော အကျိုးတရားကို ယိုစီးတိုးပွားစေ၏။ အလဂဒ္ဒူပမာ သင်ယူနည်းမျိုးဖြင့် သင်ယူသူတို့အား သီလ-စသော အကျိုးတရားတို့ကို သုတ္တန်ပိဋကသည် မယိုစီး မတိုးပွားစေနိုင်ဟူသော အဓိပ္ပါယ်ကို သိစေသည်။(ဘာဝတ္ထ)

ပဂ္ဃရာပေတီတိ ဝုတ္တံ ဟောတိ-ဖြင့် သူဒတိ-ဟူသည် ယိုစီးစေခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(၈) ၌ သုဋ္ဌုစ နေ တာယတိ-ဖြင့် သုတ္တန္တ၌ သု-ဥပသာရ၏ သုဋ္ဌုဝါစက၏အဖြစ်ကိုရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အတ္တာနံ-၌ နံဝိဘတ်၏ ကမ္မတ္တ၌ သက်သည်၏--ရင်း (ဝိဘတျတ္ထ) ယုပစ္စည်း၏ ကတ္တုသာဓန၌ သက်--ရင်း (ဒု-ပစ္စယတ္ထ) သုဋ္ဌု တာယတီတိ သုတ္တာဏံ-ဟု ဝစနတ္ထပြုရမည်ကိုရင်း (အဘိဓာနတ္ထ) သိစေပါသည်။

ရက္ခတီတိ ဝုတ္တံ ဟောတိ-ဖြင့် တာယတိ-၌ တာ-ဓာတ်သည် စောင့်ခြင်း-ရက္ခဏတ္ထကိုသာ ဟောသည်ကို သိစေပါသည်။ (ဓာတွတ္ထ)

(၉) ၌ သုတ္တသဘာဂဥ္စေတံ-ဖြင့် သုတ္တသဘာဂ-အရ သုတ္တန်ပိဋကကို ကောက်ယူရမည်ကို သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(၁၀) ၌ ယထာ ဧဝံ ယထာ ဧဝမေဝ-ဖြင့် သုတ္တသဘာဂ၌ သဘာဂသဒ္ဒါသည် သဘော-စသော အနက်ကို မဟော၊ အတူဟူသော သဒိသတ္ထကို ဟောသည်ကို သိစေပါသည်။(နာမလိင်္ဂတ္ထ)

သုတ္တံ-သုတ္တေန-တို့ဖြင့် သုတ္တသဘာဂ၌ သုတ္တ-အရ တမျဉ်းကြိုးနှင့် ပန်းသီတံချည်ကြိုးကို ကောက်ယူရမည်ကိုရင်း (သရုပ်ကြား အဘိဓေယျတ္ထ) ယင်းနှစ်နက်လုံးကို ဟောနိုင်အောင် သုတ္တဥ္စ သုတ္တဥ္စ သုတ္တံ-ဟု ဧကသေသ ကြံဆရမည်ကိုရင်း (လိင်္ဂပဒ) သိ။

တေံ-တေန တို့ဖြင့် သုတ္တသဘာဂ-အရ ဝိနည်းပိဋက စသည်ကို မယူရ၊ သုတ္တန်ပိဋကကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

တစ်ဝါကျလုံးဖြင့် တမျဉ်းကြိုးသည် လက်သမားတို့အား ပမာဏဖြစ်သကဲ့သို့ ဤသုတ္တန်ပိဋကသည်လည်း ပညာရှိတို့အား ပမာဏဖြစ်သောကြောင့် သုတ္တသဘာဂမည်သည်ကိုရင်း (ဘာဝတ္ထ) ပန်းသီတံ ချည်ကြိုးသည် လေတိုက်မှုကြောင့် ပန်းများကို ဖရိုဖရဲ မကျဲစေ မဖျက်ဆီးစေသကဲ့သို့ သုတ္တန်ပိဋကဖြင့် သိမ်းကြုံးရေတွက်ထားသော အတ္ထတို့သည်လည်း တစ်စုံတစ်ခုသော မိစ္ဆာဝါဒကြောင့် ဖရိုဖရဲ ပျက်စီးမှု မရှိသောကြောင့် သုတ္တန်ပိဋကသည် သုတ္တသဘာဂ မည်သည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

➤ ❶ ။ **အတ္တတ္ထပရတ္ထာဒိဘေဒေ အတ္ထေ–၌ အတ္ထ–အရ** ။ ။ ဟိတတ္ထ-အကျိုးစီးပွား ဟူသောအနက်၊ ဘာသိတတ္ထ-ဘုရားဟော ပါဠိတော်အနက်တို့ကို ယူရပါမည်။

**အတ္တတ္ထပရတ္ထာဒိ–၌ အာဒိ–အရ** ။ ။ (အတ္ထ-သည် ဟိတတ္ထကို ဟောခိုက်) ဒိဋ္ဌဓမ္မိကတ္ထ, သမ္ပရာယိကတ္ထ, လောကိယတ္ထ, လောကုတ္တရတ္ထ-တို့ကို ယူရပါမည်။

http://www.dhammadownload.com



**အတ္တသဒ္ဒါ ဘာသိတတ္ထကို ဟောခိုက်– အာဒိ–အရ ။** ။ နိတတ္တ နေယျတ္တ မုချတ္တ ဥပစာရတ္တ ဂမ္ဘီရတ္တ ဥတ္တာနတ္တ စသည်တို့ကို ယူရပါမည်။

*** သုတ္တန်ဒေသနာ၏ မိမိ သူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားပြတတ်ပုံ**

ထိုထိုသုတ္တန်ကို ရွတ်အံ နာယူ ပို့ချ ကြံစည် ဟောပြောသူအား သုတ်ဖြင့် ရေတွက်အပ်သော သီလ-စသော အကျိုးတရားများ မိမိသန္တာန်မှာ ရှေးဦးစွာဖြစ်လာပါသည်။ ထိုသူမှတစ်ဆင့် သူတစ်ပါးအားလည်း ထိုသီလ-စသော အကျိုးများ ပြီးစေသောကြောင့် သုတ္တန်ဒေသနာသည် မိမိ သူတစ်ပါး နှစ်ဦးသားတို့ အကျိုးစီးပွားကို ပြတတ်ပါသည်။

➢ ❾ ။ (ဓ) ဝါကျ သင်္ဂဟိတာစ သုတ္တေန၊ န ကိရိယန္တိ ပုပ္ဖာနိ။

န ခံသိယန္တိ ဇဝမ္ပိ၊ တေန သင်္ဂဟိတာ အတ္ထာ။ (ဝတ္တဂါထာ၊အနုဋ္ဌဘာဆန်း)

➢ **❶❿ ။ (ဂ) ဝါကျ သုဝုတ္တာဥ္ဆ ဓာတ်၏ ကတ္တုဌကြိယာအရကို ကိုယ်ပြု၍**

(၁) ဝစဓာတ်၏ ကတ္တုဌကြိယာအရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိင်္ဂါရရသ (ဝါ) ယင်းစိတ္တုပ္ပါဒ်၌ ဝီရိယသည် ဉဿာဟဋ္ဌာယီဘာဝ+ဓမ္မဝီရရသ မည်၏။ (၂) အတ္ထ-အရ အကျိုးစီးပွားအနက်တို့သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ဒေသ, ကာလ, ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်, ရှေးရှေး၌ဖြစ်သော ကရုဏာ ပညာနှင့် ဝေနေယျသွာသယအားလျော်စွာ ဟောအပ်သည်၏ အဖြစ်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ဝေနေယျတို့၏ အတ္ထဝေဒ, ဓမ္မဝေဒ, သုတမယဉာဏ်, စိန္တာမယဉာဏ်, သုဂတိသို့ လားရခြင်း, ချမ်းမင်္ဂဖိုလ်ကိုရခြင်း-စသော အကျိုးအဆက်ဆက်သည် အနုဘာဝ မည်၏။

**(ဈ) ဝါကျလာ ဝုတ္တံ–၌ ဝစဓာတ်အရ ။** ။ (၁) သတိ ဝီရိယ အဓိမောက္ခ ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ+ဓမ္မသိင်္ဂါရရသ (ဝါ) ယင်းစိတ္တုပ္ပါဒ်၌ ဝီရိယသည် ဉဿာဟဋ္ဌာယီဘာဝ+ဓမ္မဝီရရသ မည်၏။ (၂) မနသာဝဝတ္ထပိတဖြစ်သော "အတ္တာနံ သူစနတော" ဂါထာသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ဝစနတ္တ၌ လိမ္မာစေလိုသော သမ္မာဆန္ဒ, ယောနိသောမနသိကာရ စသည်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ဝစီဘေဒဖြစ်သော "အတ္တာနံ သူစနတော"ဂါထာနှင့် ဝစနတ္တကောသလ္လဉာဏ် စသည်တို့သည် အနုဘာဝ မည်၏။

**ဝါကျ (၁၈)** [ဋ၊၁၈။]

**(က) ဣတရောပန - ယံ ဝတ္ထေ ဝုမိမဇ္ဈော၊ သလက္ခဏာ ပူဇိတာ ပရိစ္စိန္နာ၊**

**ဝုတ္တာဓိကာ စ မေွာ၊ အဘိဓမ္မော တေန အက္ခာတော၊**

**(ခ) အယမ္ပိ အဘိသဒ္ဒေါ ဝုမိလက္ခဏပူဇိတပရိစ္ဆိန္နာဓိကေသု ဒိဿတိ၊**

**(ဂ) တထာဟောသ "တဏ္ဍာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ နော ပဋိက္ကမန္တီတိ အာဒီသု ဝုမိယံ**

http://www.dhammadownload.com



အာဂတော၊

(ယ) ဧတ္တ စ "" ရူပုပပတ္တိယာ မဂ္ဂံ ဘာဝေတိ မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ"" တိ အာဒိနာ နယေန ဝုတ္တမဟဂ္ဂတ္တာ ဝုတ္တာ၊

(င) ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါတိ အာဒိနာ နယေန အာရမ္မဏာဒီဟိ လက္ခဏီယတ္တာ သလက္ခဏာပိ၊ (စ) သေက္ခာ ဓမ္မာ၊ အသေက္ခာ ဓမ္မာ၊ လောကုတ္တရာ ဓမ္မာတိ အာဒိနာ နယေန ပူဇိတာပိ၊ (ဆ) တေနေတ မေတာသ ဝေနတ္တကောသလ္လတ္တံ ဝုတ္တံ-

[ဂါထာနှင့်အညီ အနက်] အဘိဓမ္မာ=ကြီးပွားခြင်းရှိကုန်သော တရားတို့ရှိကုန်သော အဘိဓမ္မာ။ အဘိဓမ္မာ=မှတ်ကြောင်းနှင့်တကွဖြစ်ကုန်သော တရားရှိကုန်သော အဘိဓမ္မာ။ အဘိဓမ္မာ=ပူဇော်အပ်ကုန် ပူဇော်ထိုက်ကုန်သော တရားတို့ရှိကုန်သော အဘိဓမ္မာ။ အဘိဓမ္မာ=ပိုင်းခြားအပ်ကုန်သော တရားတို့ရှိကုန်သော အဘိဓမ္မာ။

အဘိဓမ္မာ=လွန်ကဲကုန်သော တရားတို့ရှိကုန်သော အဘိဓမ္မာ။

➢ ❶ ။ (က) ပန၊အဖို့တစ်ပါးကား။ဣတရော၊သုတ္တန်ပိဋကတ်မှ တစ်ပါးသော အဘိဓမ္မပိဋကတ် ပါဠိတော်မြတ်ကို။ * ယံ-ယေန၊အကြင်အကြောင်းကြောင့်။ဧတ္ထ၊ဤ အဘိဓမ္မပိဋကတ် ပါဠိတော်မြတ်၌။ဝုဍ္ဍိမန္တော၊တိုးပွားခြင်းရှိကုန်သော။ဓမ္မာစ၊တရားတို့ ကိုရင်း။သလက္ခဏာ၊အမှတ်အသားနှင့် တကွဖြစ်ကုန်သော။ဓမ္မာစ၊တို့ကိုရင်း။ပူဇိတာ၊ပူ ဇော်ထိုက်ကုန်သော။ဓမ္မာစ၊တို့ကိုရင်း။ပရိစ္ဆိန္နာ၊ပိုင်းခြားအပ်ကုန်သော။ (ဝါ) အချင်းချင်း ရောယှက်ခြင်းကင်းကုန်သော။ဓမ္မာစ၊တို့ကိုရင်း။ အဓိကာ၊လွန်ကဲကုန်သော။ဓမ္မာစ၊တို့ကို ရင်း။(ဘဂဝတာ၊သည်။) ဝုတ္တာ၊ဟောတော်မူအပ်ကုန်ပြီ။တေန၊ထို့ကြောင့်။(ထိုသို့ ဝုဍ္ဍိမန္တ အစရှိသော တရားတို့ကို ဟောတော်မူအပ်ရာ၏ အဖြစ်ကြောင့်) အဘိဓမ္မတ္ထဝိဒူဟိ၊အဘိ ဓမ္မသဒ္ဒါ၏ အနက်ကို သိကုန်သော ပညာရှိတို့သည်။အဘိဓမ္မောတိ၊အဘိဓမ္မ-မည်၏ဟူ၍။ အက္ခာတော၊ဆိုအပ်ပြီ။[ဤကား စ-သဒ္ဒါကို ကာရကသမုစ္စည်းကြံ၍ အနက်ပေးပုံတည်း]

[စ-သဒ္ဒါ ဝါကျသမုစ္စည်းကြံ၍ အနက်ပေးပုံ] ယံ-ယေန ကာရဏေန၊ကြောင့်။ ဧတ္ထ၊၌။ဝုဍ္ဍိမန္တော၊ကုန်သော။ဓမ္မာ၊တို့ကို။ဘဂဝတာ၊သည်။ဝုတ္တာ၊ကုန်ပြီ။တေန ကာရဏေနစ၊ ထိုအကြောင်းကြောင့်လည်း။(အဘိဓမ္မတ္ထဝိဒူဟိ၊တို့သည်။အဘိဓမ္မောတိ၊ဟူ၍။အက္ခာတော၊ ဆိုအပ်ပြီ။ (ကြွင်း ၄-ပုဒ် နည်းတူ) (ခ) ဟိ၊ချဲ့ဦးအံ့။အယံ အဘိသဒ္ဒေါ၊ဤ အဘိ သဒ္ဒါသည်။(ဝါ)ကို။ဝုဍ္ဍိ လက္ခဏ ပူဇိတ ပရိစ္ဆိန္နာဓိကေသု၊ဝုဍ္ဍိအနက် လက္ခဏအနက် ပူဇိတအနက် ပရိစ္ဆိန္နအနက် အဓိက အနက်တို့၌။ဒိဿတိ၊ထင်ရှား၏။ (ဝါ) တွေ့မြင်အပ်၏။

(ဂ-၁) တထာဟိ၊ထိုစကားမှန်၏။(တနည်း) တထာဟိ၊ထိုစကားကို ချဲ့ဦးအံ့။ဧသ- ဧသော၊ ဤ အဘိသဒ္ဒါသည်။ဗာဠှာ (လ) အာဒီသု၊ဗာဠှာ(လ)နော ပဋိက္ကမန္တိ အစရှိသော ပါဠိ ရပ်တို့၌။ဝုဍ္ဍိယံ၊တိုးပွားခြင်းဟူသော အနက်၌။အာဂတော၊လာ၏။ [အာဝုသော၊ငါ့ရှင်။ မေ၊ငါ၏။ဗာဠှာ၊ပြင်းပြကုန်သော။ဒုက္ခာ၊ဆင်းရဲစေတတ်ကုန်သော။ဝေဒနာ၊ဝေဒနာတို့သည်။

http://www.dhammadownload.com



အဘိက္ကမန္တိ၊တိုးပါကုန်၏။နော ပဋိက္ကမန္တိ၊မဆုတ်ပါကုန်။]

(ဃ-၂) ယာ တာ (လ) အာဒီသု၊ယာတာ(လ) အဘိလက္ခိတာ အစရှိသော ပါဠိရပ်တို့၌၊လက္ခဏော၊အမှတ်အသားဟူသောအနက်၌။အာဂတော၊လာ၏။[အဘိညာတာ၊လ-ထက်ဝက်-စသော အမှတ်အသားဖြင့် သိအပ်ကုန်သော။(ဝါ)ထင်ရှားကုန်သော။အဘိလက္ခိတာ၊လ ထက်ဝက်-စသော အမှတ်အသားဖြင့် မှတ်သားအပ်ကုန်သော။ယာ တာ ရတ္တိယော၊အကြင်ညဥ့်တို့သည်။သန္တိ၊ရှိကုန်၏။တာသု ရတ္တိသု၊ထိုညဥ့်တို့၌။အဟံ၊ငါဘုရားသည်။ဝိဟရာမိ၊နေတော်မူ၏။]

(ယ) စ၊အတ္တယုတ္တိကို ဆက်၍ပြဦးအံ့။ဧတ္ထ၊ဤ အဘိဓမ္မ ပိဋက ပါဠိတော်မြတ်၌။ရူပူပပတ္တိယာ (လ) အာဒီနာ၊ဝိဟရတိ အစရှိသော။နယေန၊နည်းဖြင့်။ဝုဍ္ဎိမန္တော၊တိုးပွားခြင်းရှိသည်လည်းဖြစ်ကုန်သော။ဓမ္မာ၊တရားတို့ကို။ဝုတ္တာ၊ဟောတော်မူအပ်ကုန်ပြီ။တသ္မာ၊ထိုသို့ ဝုဍ္ဎိမန္တတရားတို့ကို ဟောတော်မူအပ်ရာ၏ အဖြစ်ကြောင့်ရင်း။

[ရူပူပပတ္တိယာ၊ရူပဘဝ၌ ဖြစ်ခြင်းငှာ။(ဝါ) ရူပဘဝ၌ဖြစ်ခြင်း၏။မဂ္ဂံ၊အကြောင်းဖြစ်သော ဈာန်ကို။ဘာဝေတိ၊ဖြစ်စေ၏။(ဝါ)တိုးပွားစေ၏။မေတ္တာသဟဂတေန၊မေတ္တာနှင့်တကွဖြစ်သော။စေတသာ၊စိတ်ဖြင့်။ဧကံ ဒိသံ၊တစ်ခုသော အရပ်မျက်နှာကို။(ဝါ) တစ်ခုသော အရပ်မျက်နှာ၌ နေရသော သတ္တဝါအပေါင်းကို။ဖရိတွာ၊ဖြန့်၍။ဝိဟရတိ၊နေ၏။

(ဆ) တေန၊ထို ဝုဍ္ဎိမန္တတာ-စသော ဟိတ်ငါးရပ်ဖြင့်။ဧတေသ၊ဤအဘိဓမ္မသဒ္ဒါ၏။ဝစနတ္ထကောသလ္လတ္ထံ၊ဝိဂ္ဂြိုဟ် ဝစနတ်၌ ကျွမ်းကျင်သူ၏ ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်အကျိုးငှာ။ဧတံ၊ဤဂါထာစကားကို။မယာ၊ငါသည်။ဝုတ္တံ၊ဆိုအပ်ပြီ။ (ဘာသာဋီ၊ပ၊၁၀၉)

➤ ❷ ။ (စ) သို့/ ဗျတိရေကစောဒနာ ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထတို့ကို ပြဆိုတော်မူ၏။ အကယ်၍ အဘိသဒ္ဒါသည် ဝုဍ္ဎိ-စသော အနက်၌ မဖြစ်ငြားအံ့၊ ယင်းသို့ မဖြစ်ခဲ့သော် ဆရာ့စကား မသင့်ရာ။ ဤသို့ စောဒနာဖွယ်ရှိ၍ ထိုကို ဖြေခြင်းငှာ အလိုရှိသော ဆရာသည် (ခ) မိန့်။

[အဘိဓမ္မာ၌ အဘိသဒ္ဒါသည် ဝုဍ္ဎိမန္တ-စသော အနက်တို့ကို မဟောနိုင်ခဲ့သော် ဘုရားစကားသည် မသင့်နိုင်ရာသည် မဟုတ်ပါလော။ အဘယ်သို့လျှင် သင့်နိုင်ပါအံ့နည်း။]

(စ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (က) ဖြင့် ဝုဍ္ဎမန္တ-စသောအနက်တို့ကို ဟောအပ်ရာဖြစ်သောကြောင့် အဘိဓမ္မမည်၏ဟု အဘိသဒ္ဒါ၏အနက်၏အစွမ်းဖြင့် ပြားပုံကို ပြပြီး၍ ယခုအခါ၌ ထိုအနက်ကို ပြီးစေလိုရကား (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် အဘိသဒ္ဒါ၏ ဝုဍ္ဎိ-စသော အနက်တို့၌ ဖြစ်ခြင်းကို အကျဉ်းအားဖြင့် ပြဆိုတော်မူ၏။ ၎င်းအဘိသဒ္ဒါသည် အဘယ်ပါဠိတို့၌ ဝုဍ္ဎိ-အနက် ဖြစ်ပါသနည်း။/အဘယ်ပါဠိတို့၌ သလက္ခဏအနက် ဖြစ်ပါသနည်း။/အဘယ်ပါဠိတို့၌ ပူဇိတအနက်၌ ဖြစ်ပါသနည်း/အဘယ်ပါဠိတို့၌ ပရိစ္ဆိန္နအနက် ဖြစ်ပါသနည်း။

http://www.dhammadownload.com



/အဘယ်ပါဠိတို့၌ အဓိကအနက် ဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဆရာ၊ ဆရာသည် (က+ခ) တို့ဖြင့် အဘိသဒ္ဒါ၏ ဝုမိုမန္တ-စသော အနက်တို့၌ ဖြစ်ပုံကို သာဓကနှင့်တကွ ဖွင့်ပြတော်မူ၏။ အဘိသဒ္ဒါသည် ယင်းအနက်ငါးမျိုးတို့ကို ဟောနိုင်စေဦးတော့၊ ထိုအဘိသဒ္ဒါနှင့် တွဲနေသော ဓမ္မ-သဒ္ဒါက ပြအပ်သော ဝုမိုမန္တ-စသော တရားငါးမျိုးတို့ကို အဘိဓမ္မာပိဋကတ်၌ ဟောနိုင်ခဲ့သော် အတ္ထယုတ္တိမရှိ၍ မသင့်နိုင်ရာသည် မဟုတ်ပါလော။ အဘယ်သို့လျှင် သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် (ဃ) မိန့်

(င) သို့/ **အနုသာစန္ဓ** ။ ။ ဤသို့ (ဃ) ဖြင့် ဝုမိုမန္တတို့ကိုဟောရာ အဘိဓမ္မာ ပါဠိတော်ကို ပြပြီး၍၊ ယခုအခါ၌ သလက္ခဏဓမ္မတို့ကို ဟောရာ အဘိဓမ္မာပါဠိတော်ကို ပြခြင်းငှာ (င) မိန့်။

(စ) သို့/ **ပုစ္ဆာ** ။ ။ ဆရာ၊ ဆရာသည် (င) ဖြင့် သလက္ခဏဓမ္မတို့ကိုဟောရာ အဘိဓမ္မာ ပါဠိတော်ကို ပြတော်မူ၏။ ပူဇိတဓမ္မတို့ကိုဟောရာ အဘိဓမ္မာပါဠိတော်ကား အဘယ်နည်း၊ စုဒ်ကြောင့် (စ) မိန့်။

➤ ❷ ။ | **က-ဝါကျတို့၌** | (၁) နနု ယံဝါ တံဝါ ကာရဏေန အဘိဓမ္မောတိ အက္ခာတော။ (၂) ကေန ကာရဏေန အဘိဓမ္မောတိ အက္ခာတော။

(၃) နနု ယံ တွေ့ ဝုမိုမန္တော သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ ဝုတ္တာဓိကာစ ဓမ္မာ။

(၄) တေန ကာရဏေန အဘိဓမ္မောတိ အက္ခာတော။

| **က+ခ- ဝါကျတို့ကို၌** | (၁) နနု အဘိသဒ္ဒေါ ဧကောဝ ဟောတိ။

(၂) အထ ကသ္မာ ယံ တွေ့ ဝုမိုမန္တော၊ သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ။ ဝုတ္တာဓိကာ စ ဓမ္မာ၊ အဘိဓမ္မော တေန အက္ခာတောတိ ဝုတ္တံ။

(၃) နနု အယဥ္စ ဝုမိုလက္ခဏပူဇိတပရိစ္ဆိန္နာဓိကေသု ဒိဿတိ။

(၄) တသ္မာ ယံ တွေ့ ဝုမိုမန္တော၊ သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ။ ဝုတ္တာဓိကာ စ ဓမ္မာ၊ အဘိဓမ္မော တေန အက္ခာတောတိ ဝုတ္တံ။

➤ ❹ ။ ရုဠှိ သတ္တာ တွောတိ **ရုဠှီဓေယျာ**။ (၃) နှစ်သက်ခြင်း ကြိယာသကတ်သည်ရင်း, ညွှန်၌တည်သော ပကတူပနိဿယသတ္တိဟူသော အဓိကရဏာတ္ထကြိယာသည်ရင်း ဝစနဟေတု မည်၏။ (၅) ညွှန်ဟူသော ဒြဗ်အနက်သည် ဝစနီယ မည်၏။ (၆) နိသာ, ရဇနီ, တိယာမ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ပရိစ္ဆိန္နာ ဓမ္မာ တွောတိ **အဘိဓမ္မာ**။ (၃) ပိုင်းခြားအပ်သော တရားတို့၏ အဘိဓမ္မာ ပိဋကတ်နှင့် ဌာနီ ဌာန/နိဿိတ နိဿယ အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဝစနဟေတု မည်၏။ (၅) အဘိဓမ္မာပိဋကတ် ပါဠိတော်ဒြဗ်သည် ဝစနီယ မည်၏။

* လက္ခီယန္တိ ဧတေဟိ အာရမ္မဏာဒီဟီတိ **လက္ခဏာ**။ သဟ လက္ခဏေဟိ ယေ ဝတ္တန္တီတိ သလက္ခဏာ။ (၃) မှတ်သားကြောင်းဖြစ်သော အာရုံစသည်တို့နှင့် တကွဖြစ်ခြင်း

http://www.dhammadownload.com



သဟာဝတ္တနဘောဂုဏ်၏ တရားတို့ဒြပ်နှင့် ဂုဏ် ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၆) သကလက်, သလဥ္ဆန, သဘိညာဏ, သစိဟန-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ဝုဓိ ဧတေသံ အတ္ထီတိ ဝုမ္မိမန္တော။ (၃) ကြီးပွားခြင်း ဝုမ္မိဘာဝ၏ တရားတို့ဒြပ်နှင့် ဂုဏ် ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ကြီးပွားခြင်းရှိသော ဓမ္မတို့ဒြပ်သည် ဝစနီယ မည်၏။ (၆) ဝုမ္မိဝန္တော, ဖာတိမန္တော-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* အဖုစန္ဒာဒိနာ ကေနစိ သညာဏေန ဉာတာတိ **အဘိညာတာ**။

(၃) လထက်ဝက်-စသော တစုံတစ်ခုသော အမှတ်အသား၏ သိအပ်သော ညဦတို့နှင့် လက္ခဏ လက္ခ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတုမည်၏။ (၅) လထက်ဝက်စသော တစ်စုံတစ်ခုသော အမှတ်အသားဖြင့် သိအပ်သော ညဦတို့ဒြပ်သည် ဝစနီယ မည်၏။ (၆) အဘိသညာတာ, အဘိပါကဋ္ဌာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ

* ပူဇိတော ရာဇာ **အဘိရာဇာ**။ ရာဇူဟိ အဘိရာဇာ **ရာဇာဘိရာဇာ**။

(၃) လက်အောက်ခံ မင်းတို့၏ ပူဇော်ထိုက်သော စကြာမင်းနှင့် ဂုဏ် ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) စကြာမင်းဒြပ်သည် ဝစနီယ မည်၏။ (၆) ဘူပတိဘိရာဇာ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

ဒုက္ခယန္တီတိ **ဒုက္ခာ**။ (၃) ဆင်းရဲခြင်းကြိယာသကတ်သည် ဝစနဟေတု။

ဒုဋ္ဌု သုခံ ခါဒန္တီတိပိ **ဒုက္ခာ**။ (၃) မကောင်းသဖြင့် ချမ်းသာကို ခဲစားခြင်းကြိယာသကတ်သည် ဝစနဟေတု။

ဒုဋ္ဌု သုခံ ခနန္တီတိပိ **ဒုက္ခာ**။ (၃) ခဲစားခြင်းကြိယာ ဒုဋ္ဌုဘော၏ ခဲစားခြင်းကြိယာနှင့် ဝိသေသန ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ဟုဆိုအပ်သော သကတ်သည် ဝစနဟေတု။ (၅) ဒုက္ခဝေဒနာ အနက်သည် ဝစနီယ။ (၆) အသာတာ-။

တံတံ ကိစ္စံ ဟိတံ ဝါ နိပ္ဖာဒေတုကာမေဟိ မဂ္ဂီယတိ ဂဝေသီယတီတိ **မဇ္ဈော**။

(၃) ရှာမှီးခြင်းကြိယာသကတ်သည် ဝစနဟေတု။ (၅) အကြောင်းဖြစ်သော ဈာန် (ဝါ) ဈာန်နှင့် စေတနာဟူသော အနက်သည် ဝစနီယ။ (၆) ဥပါယော-စသော--။

မိဒတီတိ **မေတ္တာ**။ (၃) ချစ်ခြင်းကြိယာသကတ်သည် ဝစနဟေတု။ (၅) မေတ္တာသည် ဝစနီယ။ (၆) အဒေါသ, မေတ္တီ-စသော--။

မိတ္တေ ဝါ ဘဝါ, မိတ္တဿ ဝါ ဧသာတိပိ **မေတ္တာ**။ (၃) အဆွေခင်ပွန်းဖြစ်သော ပုဂ္ဂိုလ်နှင့် မေတ္တာတို့၏ အာရုံ အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်အနက်ဟုဆိုအပ်သော သကတ်သည် ဝစနဟေတု။ (ကြွင်းတူ)

➢ ❺ ။ ဝုမ္မိမန္တော-ကို ဝုမ္မိမန္တတ္တာ-ဟု ဟိတ်ပြင်လျှင်- ဓမ္မာနံ-ဟု သမ္ဗန်ခံရပါ

http://www.dhammadownload.com



မည်။ (တို့၏/တို့သည် စပ်)

**ဝိသေသတိ**–ကို ဝိသေသမာနတ္တာ-ဟု ဟိတ်ပြင်လျှင်- ဣမေသ အဘိသဒ္ဒဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည်။ (တနည်း) ၏/ကို စပ်)

ဘာဝယောဂပုဒ်၏ ဝါစ္စတ္ထကား- ကတ္တုဝါစ္စတ္ထ (ဝါ) ကမ္မဝါစ္စတ္ထ ဖြစ်ပါသည်။

**အက္ခာတော**-ကို အက္ခာတတ္တာ-ဟု ဟိတ်ပြင်လျှင်- ဣတရဿ အဘိဓမ္မဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/ကို စပ်) ပစ္စယတ္ထကား ကမ္မတ္ထ ဖြစ်ပါသည်။

(င) ၌ **လက္ခဏီယတ္ထာဟိတ်**၏ သမ္ဗန်ကား- သလက္ခဏာနံ ဓမ္မာနံ။ (တို့၏/တို့ကို)

**သဘာဝပရိစ္ဆိန္နတ္တာဟိတ်**၏ သမ္ဗန်ကား- ဓမ္မာနံ ဖြစ်ပါသည်။ (တို့၏/တို့ကို)

➤ ❻။ (က) ၌ ယံ ဇေတ္ထ ဝုဍ္ဎိမန္တော ဝုတ္တာ ဓမ္မာ တေန-ဖြင့် အဘိဓမ္မော-၌ အဘိ-ဥပသာရသည် အဘိမုချ, ဝိသိဋ္ဌ, ဥဒ္ဓကမ္မ-စသော အနက်တို့ကိုမဟော၊ ဝုဍ္ဎိမန္တအနက်ကို ဟောသည်၏အဖြစ်ကိုရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အဘိဓမ္မောပုဒ်ကို အဘိဝိသေသော ဓမ္မော အဘိဓမ္မော-ဟု ကမ္မဓာရာယ်သမာသ် ဝစနတ္ထ မပြုရ၊ ဝုဍ္ဎိမန္တော ဓမ္မာ ဇေတ္ထာတိ အဘိဓမ္မော-ဟု သတ္တမီ ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုရမည်၏--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

ယံ ဇေတ္ထ သလက္ခဏာ ဝုတ္တာ ဓမ္မာ တေန-ဖြင့် အဘိဓမ္မော-၌ အဘိ-ဥပသာရသည် အဘိမုချ, ဝိသိဋ္ဌ, ဥဒ္ဓကမ္မ-စသော အနက်တို့ကိုမဟော၊ သလက္ခဏာအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အဘိဓမ္မောပုဒ်ကို သလက္ခဏာဓမ္မော အဘိဓမ္မော-ဟု ကမ္မဓာရာယ်သမာသ် ဝစနတ္ထ မပြုရ၊ သလက္ခဏာ ဓမ္မာ ဇေတ္ထာတိ အဘိဓမ္မော-ဟု သတ္တမီ ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုရမည်၏--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

ယံ ဇေတ္ထ ပူဇိတာ ဝုတ္တာ ဓမ္မာ တေန-ဖြင့် အဘိဓမ္မော-၌ အဘိ-ဥပသာရသည် အဘိမုချ, ဝိသိဋ္ဌ, ဥဒ္ဓကမ္မ-စသော အနက်တို့ကိုမဟော၊ ပူဇိတအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အဘိဓမ္မောပုဒ်ကို ပူဇိတာနံ ဓမ္မော အဘိဓမ္မော-ဟု တပ္ပုရိသ်သမာသ် ဝစနတ္ထ မပြုရ၊ ပူဇိတာ ဓမ္မာ ဇေတ္ထာတိ အဘိဓမ္မော-ဟု သတ္တမီဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုရမည်၏--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

ယံ ဇေတ္ထ ပရိစ္ဆိန္နာ ဝုတ္တာ ဓမ္မာ တေန-ဖြင့် အဘိဓမ္မော-၌ အဘိ-ဥပသာရသည် အဘိမုချ, ဝိသိဋ္ဌ, ဥဒ္ဓကမ္မ-စသော အနက်တို့ကိုမဟော၊ ပရိစ္ဆိန္နအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အဘိဓမ္မောပုဒ်ကို ဓမ္မဿ ပရိစ္ဆိန္နော အဘိဓမ္မော-ဟု အဗျယီဘောသမာသ် ဝစနတ္ထ မပြုရ၊ ပရိစ္ဆိန္နာ ဓမ္မာ ဇေတ္ထာတိ အဘိဓမ္မော-ဟု သတ္တမီ ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုရမည်၏--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

ယံ ဇေတ္ထ အဓိကာ ဝုတ္တာ ဓမ္မာ တေန-ဖြင့် အဘိဓမ္မော-၌ အဘိ-ဥပသာရသည် အဘိမုချ, ဝိသိဋ္ဌ, ဥဒ္ဓကမ္မ-စသော အနက်တို့ကိုမဟော၊ အဓိကအနက်ကို ဟောသည်

http://www.dhammadownload.com



၏ အဖြစ်ကိုရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အဘိဓမ္မောပုဒ်ကို အဓိကော ဓမ္မော အဘိဓမ္မော-ဟု ကမ္မဓာရာယ်သမာသ် ဝစနတ္ထ မပြုရ၊ အဓိကာ ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော-ဟု သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏--ဝင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

➤ ❽ ။ ဝုမ္မိမစ္ဆော–ဋ္ဌ ဝုမ္မိ–အရ ။ ။ ဘာဝေတိ-ကိုထောက်၍ စိတ္တဝဓုန, ဘာဝနာ ဝဓုန-တို့ကို ယူရပါမည်။ ဖရိတွာ-ကို ထောက်၍ အာရမ္မဏဝဓုန, ဖရဏဝဓုနတို့ကိုယူ။

➤ ❾ ။ (ခ) ဝါကျ- ဣဒံ ဟိ အဘိဂ္ဂဟံ၊ ဝုဓိယဋ္ဌ သလက္ခဏော။
ပူဇိတေစ ပရိစ္ဆိန္နေ၊ အဓိကမှိစ ဒိဿတိ။ (ပထမ ဘ-ကာရဝိပုလာဂါထာ)

➤ ❶⓿ ။ ရှုပ္ပပဗ္ဗတ္ထိယာ မဂ္ဂံ ဘာဝေတိ–ကို ရှု ။ ။ (၁) ရူပဈာန် (ဝါ) ရူပဈာန် စိတ္တုပ္ပါဒ်၌ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စေတသိက်သည် သမဌာယီဘာဝ+သန္တရသ မည်၏။ (၂) ကသိုဏ်းပညတ်စသော အာရုံသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) အဓိကာရ သမ္ပတ္တိရှိသူပနိဿယ, သဒ္ဓမ္မဿဝန,အတ္တသမ္မာပဏိဓိ, သပ္ပါယဖြစ်သောကျောင်း, ပုဗ္ဗဘာဂ ပဋိပဒါ စသည်သည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) ရူပဘုံ၌ဖြစ်ရခြင်း, အရူပဈာန်, အဘိ ညာဉ်, ဝိပဿနာ, ဒိဋ္ဌဓမ္မသုခဝိဟာရရှိသည် အနုဘာဝ မည်၏။

မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ–ကို ရှု၍

(၁) မေတ္တာဈာန် (ဝါ) မေတ္တာဈာန် စိတ္တုပ္ပါဒ်၌ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စေတသိက် သည် သမဌာယီဘာဝ+သန္တရသ မည် ၏။ (၂) သုခိတ ဒုက္ခိတသတ္တဝါပညတ်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) တူ၏။ (၄) ရူပဘုံ၌ဖြစ်ရခြင်း, မေတ္တာအကျိုး (၁၁) ပါး အရူပဈာန်, အဘိညာဉ်, ဝိပဿနာ, ဒိဋ္ဌဓမ္မသုခဝိဟာရရှိသည် အနုဘာဝ မည်၏။

---

**ပါကျ (၁၉)**

(က) ယံ ဧတ္ထ ဝုဒ္ဓိမန္တော၊ သလက္ခဏာ ပူဇိတာ ပရိစ္ဆိန္နာ။
ဝုတ္တာဓိကာ စ ဓမ္မာ၊ အဘိဓမ္မော တေန အက္ခာတော။ (ရှေ့ဝါကျ၌ အနက်ပေးပြီး)

(ခ) ယံ ပနေတ္ထ အဝသိဋ္ဌံ တံ - ပိဋကံ ပိဋကတ္တဝိဒူ၊ ပရိယတ္တိဗ္ဘာဇနတ္ထတော အာဟု၊

(ဂ) တေန သမောဓာနေတွာ တယောပိ ဝိနယာဒယော ဉေယျာ၊

(ဃ) ပရိယတ္တိပိ ဟိ ""မာ ပိဋကသမ္ပဒါနေနာ"" တိ အာဒိသု ပိဋကန္တိ ဝုစ္စတိ၊ ""အထ ပုရိသော အာဂစ္ဆေယျ ကုဒ္ဒါလပိဋက မာဒါယာ"" တိ အာဒိသု ယံကိဉ္စိ ဘာဇနမ္ပိ၊

(င) တသ္မာ ပိဋကံ ပိဋကတ္ထဝိဒူ ပရိယတ္တိဗ္ဘာဇနတ္ထတော အာဟု၊

(စ) ဣဒါနိ တေန သမောဓာနေတွာ တယောပိ ဝိနယာဒယော ဉေယျာတိ တေန ဧဝံ ဒုဝိဓတ္ထေန ပိဋကသဒ္ဒေန သဟ သမာသံ ကတွာ ဝိနယော စ သော ပိဋကဉ္စ ပရိယတ္တိဘာဝတော. တဿ တဿ အတ္ထဿ ဘာဇနတော စာတိ ဝိနယပိဋကံ၊

(ဆ) ဧဝံ ဥတ္တာစ ပုနပိ တေသုယေဝ ပိဋကေသု နာနပ္ပကာရကောသလ္လတ္ထံ -

http://www.dhammadownload.com



**ဒေသနာသာသနကထာ-ဘေဒ် တေသု ယထာရဟံ။**

**သိက္ခာပ္ပဟာန ဂမ္ဘီရ-ဘာဝဥ္စ ပရိဒီပယေ။** (၄၊၁၉။)

➢ ❷ ။ (စ) ပန၊အဖို့တစ်ပါးကား။ဧတ္ထ၊ဤအချင်းချင်း ထူးခြားသော ဝိနယ, သုတ္တ အဘိဓမ္မသဒ္ဒါတို့၌။(သမောဓာနေတဗ္ဗ၊ပေါင်းစပ်ထိုက်သော။(ဝါ) သမာသ်တွဲထိုက်သော) ယံ၊အကြင်ပိဋကသဒ္ဒါသည်။အဝသိဋ္ဌ၊အနက်အားဖြင့် မထူး။(ဝါ) တူ၏။(ဝါ) ဆက်ဆံ၏။ တံ ပိဋကံ၊ထိုပိဋကသဒ္ဒါကို။ပိဋကတ္ထဝိဒူ၊ပိဋကသဒ္ဒါ၏အနက်ကို သိကုန်သော ပညာရှိတို့သည်။ပရိယတ္တိဗ္ဘာဇနတ္ထတော၊သင်ယူအပ်သည်၏ အဖြစ်ဟူသော အနက်, တည်ရာဟူသော အနက်အားဖြင့်။ (ဝါ) သင်ယူအပ်သည်၏ အဖြစ်ဟူသော အနက်, တည်ရာဟူသော အနက်ရှိ၏ဟူ၍။ (ဝိညူ၊ပညာရှိတို့သည်။) အာဟု၊ဆိုကြကုန်ပြီ။

(ဂ) တေန၊ထိုပိဋကသဒ္ဒါနှင့်။သမောဓာနေတွာ၊ပေါင်း၍။(ဝါ) သမာသ်တွဲ၍။တယောပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ဝိနယာဒယော၊ဝိနယ အစရှိသော သဒ္ဒါတို့ကို။ဧဝံ ဉေယျာ၊သိထိုက်ကုန်၏။ (ဃ) ဟိ၊ချဲ့ဦးအံ့။ (တနည်း) ဟိ-ယသ္မာ၊အကြင့်ကြောင့်။ပရိယတ္တိပိ၊သင်ယူအပ်သော ပါဠိကိုလည်း။မာ ပိဋကသမ္ပဒါနေနာတိ အာဒီသု၊-နေန အစရှိသော ပါဠိရပ်တို့၌။ ပိဋကန္တိ၊ပိဋကဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ [ပိဋကသမ္ပဒါနေန၊ပိဋကကျမ်းစာကို ကောင်းစွာ ပေးရာ၏ အဖြစ်ဖြင့်။ (ဝါ) ပိဋကကျမ်းစာကို ကောင်းစွာ တတ်ကျွမ်းကာမျှဖြင့်။မာ - ဂဏှိတ္ထ၊ဤအယူဝါဒသည် ငါတို့ ကျမ်းစာနှင့် ညီမျှ၏ဟု အတည်မယူကြကုန်လင့်။]

အထ (ပ) အာဒါယာတိ အာဒီသု၊-- အာဒါယ အစရှိသော ပါဠိရပ်တို့၌။ယံကိဉ္စိ၊ အမှတ်မထား တပါးပါးသော။ဘာဇနမ္ပိ၊တောင်းကိုလည်း။(ပိဋကန္တိ၊ပိဋကဟူ၍။ဝုစ္စတိ၊ဆို အပ်၏။ [အထ၊ထိုမှတစ်ပါး။ပုရိသော၊ယောကျ်ားတစ်ယောက်သည်။ကုဒါလပိဋကံ၊ပေါက် တူးနှင့် တောင်းကို။အာဒါယ၊ယူ၍။အာဂစ္ဆေယျ၊လာရာ၏။]

(င) တသ္မာ၊ထို့ကြောင့်။(ထိုသို့ ပရိယတ္တိကိုရင်း, ဘာဇနကိုရင်း ပိဋက-ဟု ဆိုအပ် သည်၏အဖြစ်ကြောင့်။)ပိဋကံ၊ပိဋကသဒ္ဒါကို။ပိဋကတ္ထဝိဒူ၊ပိဋကသဒ္ဒါ၏အနက်ကို သိ ကုန်သော ပညာရှိတို့သည်။ပရိယတ္တိဗ္ဘာဇနတ္ထတော၊သင်ယူအပ်သည်၏ အဖြစ်ဟူသော အနက်, တည်ရာဟူသော အနက်အားဖြင့်။ (ဝါ) သင်ယူအပ်သည်၏ အဖြစ်ဟူသော အနက်, တည်ရာဟူသော အနက်ရှိ၏ဟူ၍။အာဟု၊ဆိုကြကုန်ပြီ။

(စ) တေန သမောဓာနေတွာ တယောပိ ဝိနယာဒယော ဉေယျာတိ၊တေန (ပ) ဉေယျ-ဟူသည်ကား။ဇဝံ၊ဤသို့။ဒုဝိဓတ္ထေန၊နှစ်ပါးအပြားရှိသော အနက်ရှိသော။တေန ပိဋကသဒ္ဒေန၊ထိုပိဋကသဒ္ဒါနှင့်။သဟ၊တကွ။သမာသံ၊သမာသ်ကို။ကတွာ၊ပြု၍။ဝိနယော စ၊ဝိနယလည်း ဟုတ်၏။သော၊ထိုဝိနယဟူသည်။ပရိယတ္တိဘာဝတော၊သင်ယူအပ်သည်၏ အဖြစ်ကြောင့်ရင်း။ တဿ တဿ အတ္ထဿ၊ထိုထိုအနက်၏။ (ဝါ) ထိုထို စီးပွား၏။ - ဘာဇနတော စ၊တည်ရာ၏အဖြစ်ကြောင့်ရင်း။ပိဋကဉ္စ၊ပိဋကလည်း ဟုတ်၏။ဣတိ၊ဤနှစ်ပါး

http://www.dhammadownload.com



သော သတ္တိကြောင့်။ဝိနယပိဋကံ၊ဝိနယပိဋက မည်၏။

**(ဆ)** စ၊ဆက်။ဓေ၀ံ၊ဤသို့။ဥ တွာ၊စာသင်သားတို့ သိပြီးခြင်းကြောင့်။ပုနပိ၊တဖန်လည်း။ (ဝါ) ထပ်၍လည်း။တေသု ဓဝ ပိဋကေသု၊ထိုပိဋကသုံးပုံတို့၌လည်း။နာနပ္ပကာရ ကောသလ္လတ္ထံ၊အမျိုးမျိုးသော အပြားအားဖြင့် ကျွမ်းကျင်သူ၏ ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်အကျိုးငှာ။ * တေသု၊ထိုပိဋကသုံးပုံတို့၌။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ဒေသနာသာသန ကထာဘေဒံ၊ဒေသနာ အထူးအပြား, သာသနအထူးအပြား,ကထာ အထူးအပြားကိုင်း။ သိက္ခာပ္ပဟာန ဂမ္ဘီရဘာဝဥ္စ၊သိက္ခာ ပဟာန် ဂမ္ဘီရဘောဂုဏ်ကိုင်း။ပရိဒီပယေ၊ထက်ဝန်းကျင် ပြရာ၏။ (ဘာသာဋီ၊ပ၊၁၁၂)

➢ ❷ ။ **(ခ) သို့/ အစန္တာလီနုစဓာခနာ** ။ ။.ဆရာ၊ ဆရာသည် ယံ ပနေတ္ထ အဝသိဋ္ဌ၊ တံ ပိဋကံ-ဖြင့် ပိဋကသဒ္ဒါကို ဆိုတော်မူ၏။ ယင်း တံ ပိဋကံ၌ ပါသော ပိဋက ပုဒ်သည် သင်ယူအပ်သော အနက်တစ်ခုတည်းကြောင့်သာ (ဝါ) တည်ရာဖြစ်သော အနက် တစ်ခုတည်းကြောင့်သာ ပိဋကဟူ၍ ခေါ်ဆိုအပ်ပါသလော။ အဘယ်သို့သော အကြောင်း တို့ကြောင့် ပိဋကဟူ၍ ခေါ်ဆိုအပ်ပါသနည်း။ ယင်းပိဋကပုဒ်၏ ပိဋကမည်ခြင်းအကြောင်း များကို ပြည့်စုံစွာ မပြချေသော် ဆရာ့အား အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ စုဒ် ကြောင့်(ခ) မိန့်။

အဓိပ္ပါယ်ကား- (ခ) ဖြင့် ပရိယတ္တိတစ်ကြောင်းတည်းကြောင့်သာ ပိဋကမည်သည် မဟုတ်၊ပရိယတ္တိအနက် ဘာဇနအနက် နှစ်ပါးစုံကြောင့် ပိဋကမည်၏ ဟူသော အဓိပ္ပါယ်ကို ငါပြဆိုရကား သင်တင်တိုင်းသော အပရိပုဏ္ဏဒေါသ ငါ့အား မရောက် ဟူလို။

**(ဂ) သို့/ အနုသစန္ဓ** ။ ။ ဤသို့ (ခ) ဖြင့် ပိဋကသဒ္ဒါ၏ ပရိယတ္တိအနက်, ဘာဇန အနက်၌ဖြစ်ခြင်းကို ပြပြီး၍၊ ယခုအခါ၌ သမာသ်ဝိဂ္ဂဟကို ပြခြင်းငှာ (ဂ) မိန့်။

**(ဂ) သို့/** ဆရာ၊ ဆရာသည် (ခ) ဖြင့် ပိဋကသဒ္ဒါသည် ပရိယတ္တိအနက် ဘာဇန အနက် နှစ်ပါးကြောင့် ပိဋကမည်သောဟု ပိဋကသဒ္ဒါ၏ ဗျုပ္ပတ် ဝစနတ္ထကို ဖွင့်ဆိုတော် မူ၏။ ပိဋကသဒ္ဒါတခြား ဝိနယ-စသော သဒ္ဒါတို့က တခြားဖြစ်၍ ဒွန်သမာသ် တွဲစပ်ရ ကောင်းအံ့လော။ အဘယ်နည်းအားဖြင့် မှတ်သားကြရပါမည်နည်း။ စုဒ်- (ဂ) မိန့်။

**ကား**- (ဂ) ဖြင့် ပိဋကသဒ္ဒါကို ဝိနယ-စသော ပုဒ်များနှင့် ကမ္မဓာရယသမာသ်အဖြစ် တွဲဖက်၍ သုံးစွဲရမည်ဟူလို။

**(ဃ) သို့/** ဆရာ၊ ဆရာသည် (ခ+ဂ) တို့ဖြင့် ပိဋကသဒ္ဒါသည် ပရိယတ္တိအနက် ဘာဇနအနက်တို့၌ ဖြစ်သောဟု ဆို၏။ မည်သည့် ပါဠိရပ်တို့၌ ပိဋကသဒ္ဒါသည် ပရိယတ္တိအနက်၊ မည်သည့်ပါဠိရပ်တို့၌ ပိဋကသဒ္ဒါသည် ဘာဇနအနက်၌ ဖြစ်ပါသနည်း။ ပိဋကသဒ္ဒါ၏ ပရိယတ္တိအနက် ဘာဇနအနက်ကို ဟောရာ၌ ဥဒါဟရုဏ်ပါဠိထုတ်၍ အကျယ် ပြဆိုသင့်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဃ) မိန့်။

http://www.dhammadownload.com



(ဃ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် ပိဋကသဒ္ဒါ၏ ပရိယတ္တိအနက်, ဘာဇန အနက်၌ဖြစ်ခြင်းကို ပြပြီး၍၊ ယခုအခါ၌ ဆိုအပ်ပြီးသော အနက်ကိုပင်လျှင် ပါဠိ အာဂမ သာဓက ဉာပက ဥဒါဟရုဏ်ဖြင့် ပြီးစေခြင်းငှာ (ဝါ) မြဲမြံစွာပြခြင်းငှာ (ဃ) မိန့်၏။

(င) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ဃ) ဖြင့် အကြင်အကြင်ဆိုအပ်ပြီးသော ပါဠိတို့၌ ပိဋကသဒ္ဒါ၏ ပရိယတ္တိအနက်, ဘာဇနအနက်၌ ဖြစ်ခြင်းကို ပြပြီး၍၊ ယခုအခါ၌ လဒ္ဓ ဂုဏ်ကို ပြခြင်းငှာ (င) မိန့်၏။

(င) သို့/ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ပိဋကသဒ္ဒါ၏ ပရိယတ္တိအနက် ဘာဇန အနက်တို့၌ ဖြစ်ပုံကို ပုံစံထုတ်၍ အကျယ်ပြဆိုတော်မူ၏။ ယင်းအကျယ် စကားရပ်များ ကို လိုရင်းချုပ်၍ နိဂုံးအုပ်ကာ မပြဆိုတော့ပြီလော။ နိဂုံးအုပ်သည့် စကားရပ်ကား အဘယ် ပါနည်း။ စုဒ်ကြောင့် (င) မိန့်၏။

(စ) သို့/ **အနုသန္ဓေ** ။ ။ (ခ+ဂ+ဃ) ဝါကျတို့ဖြင့် ပိဋက ပိဋကတ္တဝိဒူ-စသော ဂါထာ၏ ပုဗ္ဗမှု အဖွင့်ကို ပြပြီး၍ ယခုအခါ၌ ဂါထာ၏ အပရမှုအဖွင့်ကို ပြလိုရကား (စ)

➤ ❸ ။ **[ခ–ဝါကျကိုရှု]** (၁) နနု ပိဋကသဒ္ဒေါ ပရိယတ္တျတ္ထောယေဝ ဟောတိ။ (တနည်း) နနု ပိဋကသဒ္ဒေါ ဘာဇနတ္ထောယေဝ ဟောတိ။ (၂) အထ ကသ္မာ ပိဋကံ ပိဋကတ္ထဝိဒူ ပရိယတ္တိ ဘာဇနတ္ထတော အာဟ။ (၃) နနု ပိဋကသဒ္ဒေါ ပရိယတ္တိဘာဇ- နတ္ထော ဟောတိ။ (၄) တသ္မာ ပိဋကံ ပိဋကတ္ထဝိဒူ ပရိယတ္တိ ဘာဇနတ္ထတော အာဟု။

**[စ+ဂ+ဃ+င–ဝါကျတို့ကိုရှု]** (၁) နနု ယံ ပိဋကံ ဝိနယာဒိပိ တိပိ သာဓာရဏ ဘာဝေန အဝိသိဋ္ဌံ။ (၂) အထ ကသ္မာ ပိဋကံ ပိဋကတ္ထဝိဒူ ပရိယတ္တိ ဘာဇနတ္တန္တိ အာဟု။

(၃) နနု ပရိယတ္တိပိ "မာ ပိဋကသမ္ပဒါနေနာ"တိ အာဒီသု ပိဋကန္တိ စ၊ "အထ ပုရိသော အာဂစ္ဆေယျ ကုဒါလပိဋက မာဒါယာ"တိ အာဒီသု ယံကိဉ္စိ ဘာဇနမ္ပိ ပိဋကန္တိ စ ဝုတ္တတ္တာ။ (၄) တသ္မာ ပိဋကံ ပိဋကတ္ထဝိဒူ ပရိယတ္တိ ဘာဇနတ္တန္တိ အာဟု။

**[ ဆ–ဝါကျကိုရှု ]** (၁) နနု တယောပိ ဝိနယာဒယော ဉ တွာ။ (ဇာနိသု)

(၂) အထ ကသ္မာ ဒေသနာသာသနကထာ-ဘေဒံ တေသု ယထာရဟံ။

သိက္ခာပဟာန ဂမ္ဘီရ-ဘာဝဉ္စ ပရိဒီပယေ။ (၃) နနု ပုနပိ တေသုယေဝ ပိဋကေသု နာနပ္ပကာရကောသလ္လတ္တံ ဟောတိ။ (၄) တသ္မာ ဒေသနာ (ပ) ပရိဒီပယေ။

➤ ❹ ။ ပိဋ္ဌိယတိ သဒ္ဒိယတိ ပရိယာပုဏိယတိတိ မိန္ဒကံ။ (၃) သင်ယူခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (၅) သင်ယူအပ်သော ပိဋကတ်ဖြစ်သည် ဝစနီယ မည်၏။ (၆) ပရိယတ္တိ ပရိယာပုဏိတဗ္ဗ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ပိဋ္ဌိယတိ သယ်ာဋိယတိ တံ တဒတ္ထော ဇတ္ထောတိ မိန္ဒကံ။ (ဘာဇနတ္တဟောခိုက်)

(၃) ပေါင်းစုယူခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ပိဋကသုံးပုံ ဖြစ်သည် ဝစနီယ မည်၏။ (၆) ဘာဇန-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

http://www.dhammadownload.com



* ကုံ ပထဝိ ဒါလယတိ ပဒါလေတိ ဘိန္ဒတိ ဧတေနာတိ **ကုဒါလော**။/

ကုံ ပထဝိ ဒါလယတိ ပဒါလယတီတိ **ကုဒါလံ**။/ ကုံ ပထဝိ ဒါတုံ အဝခဏ္ဍိတုံ အလန္တိ **ကုဒါလံ**။ (၃) မြေကို ဖောက်ခွဲဖျက်ဆီးခြင်းကြိယာသကတ်သည် (တနည်း) ဖောက်ခွဲ ဖျက်ဆီးခြင်းကြိယာနှင့် မြေ၏ ကမ္မ ကမ္မီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သကတ်သည် ဝစနဟေတု မည်၏။ (၅) ပေါက်တူးဒြဗ်သည် ဝစနီယ မည်၏။

(၆) ကုဒါလပဒ္တိ, အယောမယ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

➤ **❺**။ **အဝိသံဒ္ဓ**-ကို အဝိသိဋ္ဌတ္တာ-ဟု ဟိတ်ပြင်လျှင်- ယဿ ပိဋကဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

**ပရိယတ္တိဘာဇနတ္ထဓတော/ပရိယတ္တိဘာဇဓတော/ဘာဇနဓတော**-ဟိတ်၏ သမ္ဗန်ကား ပိဋကဿ ဖြစ်ပါသည်။(၏/သည် စပ် )

➤ **❻**။ (ခ) ဖြင့် ပိဋကပုဒ်သည် ပိဋဓာတ်+ ဏ္ဍုပစ္စည်းဖြင့် ပြီးနေသော ကိတ်နာမ်ပုဒ်၏ အဖြစ်ကိုရင်း (ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ) ထိုပိဋကပုဒ်သည် ပရိယတ္တိ, ဘာဇန အနက်နှစ်မျိုးလုံးကို ဟောသည်၏--ရင်း (သဒ္ဒါဟော အဘိဓေယျတ္ထ) ယင်သို့ နှစ်နက်ကို ဟောကြားနိုင်အောင် ပိဋကဋ္ဌ ပိဋကဋ္ဌ ပိဋကံ-ဟု ဓကသေသ ကြံဆရမည်ကိုရင်း (လိင်ပဒ) ပရိယတ္တိအနက်ကိုဟောခိုက် ပိဋီယတီတိ ပိဋကံ၊ ဘာဇနအနက်ကိုဟောခိုက် ပိဋီယတိ ဧတ္ထာတိ ပိဋကံ-ဟု ဝစနတ္ထပြုရမည်ကိုရင်း (အဘိဓာနတ္ထ) ဏ္ဍုပစ္စည်း၏ ယထာက္ကမအားဖြင့် ကမ္မသာဓန အဓိကရဏသာဓနအနက်၌သက်သည်၏-ရင်း (ဒု-ပစ္စယတ္ထ) ပရိယတ္တိ ဘာဇန အနက်နှစ်ပါးစုံကြောင့် ပိဋကမည်၏ဟူသော အကြောင်းသကတ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(ဂ) ဖြင့် ဝိနယဉ္စ တံ ပိဋကဉ္စာတိ ဝိနယပိဋကံ၊ သုတ္တန္တဉ္စ တံ ပိဋကဉ္စာတိ သုတ္တန္တပိဋကံ၊ အဘိဓမ္မောစ သော ပိဋကဉ္စာတိ အဘိဓမ္မပိဋကံ-ဟု ကမ္မဓာရယ်သမာသ် တွဲစပ်ရမည်၏အဖြစ်ကို သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

(ဃ) ၌ ပရိယတ္တိပိ ပိဋကန္တိ ဝုစ္စတိ-ဖြင့် ပိဋကသဒ္ဒါ၏ ပရိယတ္တိအနက်ဟောသည်၏--ရင်း (နာမလိင်္ဂတ္ထ) ပိဋီယတိ သဒ္ဒီယတိ ပရိယာပုဏီယတီတိ ပိဋကံ-ဟု ဝစနတ္ထပြု၍ ပိဋက-အရ သင်ယူအပ်သော ပါဠိတော်ကို ယူရမည်ကိုရင်း (အဘိဓေယျတ္ထ) သိ။

မာ ပိဋကသမ္ပဒါနေနာတိ အာဒီသု-ဖြင့် ပိဋကသဒ္ဒါ၏ ပရိယတ္တိအနက်ကို ဟောရာ၌ ဥဒါဟရုဏ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ယံ ကိဉ္စိ ဘာဇနမ္ပိ ပိဋကန္တိ ဝုစ္စတိ-ဖြင့် ပိဋကသဒ္ဒါသည် အမှတ်မရှိသော တည်ရာတောင်းဟူသော အနက်ကို ဟောသည်၏အဖြစ်ကိုရင်း(နာမလိင်္ဂတ္ထ) ပိဋ္ဌယန္တိ ဘာဇယန္တိ တိဋ္ဌန္တိ ဧတ္ထာတိ ပိဋကံ-ဟု ဝစနတ္ထပြု၍ ပိဋက-အရ အမှတ်မရှိသော တည်ရာတောင်းကို ယူရမည်၏အဖြစ်ကိုရင်း (အဘိဓေယျတ္ထ) သိစေပါသည်။

http://www.dhammadownload.com


အထ ပုရိသော -စသည်ဖြင့် ပိဋကသဒ္ဒါ၏ ယံကိဉ္စိ ဘာဇနအနက်ဟောရာ၌ ဥဒါဟရုဏ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ၌ ပရိယတ္တိဘ္ဘာဇနတ္ထတော-ဖြင့် ပိဋကသဒ္ဒါ၏ ပရိယတ္တိအနက် ဘာဇနအနက် နှစ်မျိုး ဟောသည်၏ အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ)

ပိဋကံ-ဖြင့် ပိဋီယတိ သဒ္ဒီယတိ ပရိယာပုဏီယတီတိ ပိဋကံ၊ ပိဋယန္တိ ဘာဇယန္တိ တိဋ္ဌန္တိ ဧတ္ထာတိ ပိဋကံ-ဟု ဝစနတ္ထပြု၍ ပိဋက-အရ ပရိယတ္တိနှင့် ဘာဇနတို့ကိုပင် ယူရမည်ဟု သိစေပါသည်။ (အဘိဓေယျတ္ထ)

(င) တစ်ဝါကျလုံးဖြင့် ပိဋကသဒ္ဒါ၏ ပရိယတ္တိအနက် ဘာဇနအနက်ကို ဟောရာ၌ အကျယ်အားဖြင့်ရင်း၊ ယုတ္တိအာဂုံအားဖြင့်ရင်း ပြဆိုရသဖြင့် ရအပ်သော အကျိုးကို သိစေပါသည်။ (ဘာဝတ္ထ)

(စ) ၌ တေန ပိဋကသဒ္ဒေနဖြင့် တ-သဒ္ဒါသည် ပိဋကသဒ္ဒါကို စွဲရမည်၏အဖြစ်ကို သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

ဧဝံ ဒုဝိဓတ္ထေန-ဖြင့် ဆိုအပ်ပြီးသော ပရိယတ္တိအနက် ဘာဇနအနက်တို့တွင် တစ်ခုခုသော အနက်ရှိသော ပိဋကသဒ္ဒါ မဟုတ်၊ နှစ်ပါးအပြားရှိသော နှစ်ပါးစုံရှိသော ပိဋကသဒ္ဒါဟု သိစေပါသည်။ (ဘာဝတ္ထ)

သဟ-ဖြင့် တေန-၌ နာဝိဘတ်သည် သဟတ္ထ၌ သက်သတည်းဟု သိစေပါသည်။ (ဝိဘတျတ္ထ) သမာသံ ကတွာ-ဖြင့် သမောဓာနေတွာ-၌ သမောဓာန-ပေါင်း၍ဟူသည် သမ္ဗန်ခြင်း, ယောဇနာခြင်း, စာစပ်ခြင်းအားဖြင့် ပေါင်းသည် မဟုတ်၊ သမာသ်ပြုခြင်း, သမာသ်တွဲစပ်ခြင်းအားဖြင့် ပေါင်း၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

ဝိနယောစ သော ပိဋကဉ္စာတိ ဝိနယပိဋကံ-ဖြင့် ဝိနယပိဋကပုဒ်ကို ကမ္မဓာရည်း သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

ပရိယတ္တိဘာဝတော-ဖြင့် ပိဋကသဒ္ဒါ၏ ပရိယတ္တိအနက်ဟော အနိပ္ဖန္နပါဋိပဒိက နာမ်ပုဒ်၏အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ)

(တနည်း) ပရိယတ္တိဘာဝတော-ဖြင့် ပိဋကံ-၌ ပိဋဓာတ် ဏ္ဍုပစ္စည်း၊ ထိုတွင် ပိဋဓာတ်၏ သဒ္ဒအနက်ဟောသည်၏--ရင်း (ဒု-ဓာတွတ္ထ) ဏ္ဍုပစ္စည်း၏ ကံအနက်၌ သက်သည်၏--ရင်း (ဒု-ပစ္စယတ္ထ) ပိဋီယတိ သဒ္ဒီယတိ ပရိယာပုဏီယတီတိ ပိဋကံ-ဟု ဝစနတ္ထပြုရမည်၏--ရင်း (အဘိဓာနတ္ထ) သိစေပါသည်။

တဿ တဿ အတ္ထဿ ဘာဇနတော-ဖြင့် ပိဋကသဒ္ဒါ၏ ထိုထိုအကျိုးစီးပွား၏ တည်ရာဟူသော အနက်ကိုဟောသော အနိပ္ဖန္နပါဋိပဒိက နာမ်ပုဒ်အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ)

(တနည်း) တဿ တဿ အတ္ထဿ ဘာဇနတော-ဖြင့် ပိဋကံ-၌ ပိဋဓာတ်+ဏ္ဍု

http://www.dhammadownload.com



ပစ္စည်း၊ ထိုတွင် ပိဋကတ်သည် စုပေါင်းခြင်း သယ်ဆောင်ရာအနက် ဟောသည်၏--ဂုဏ်း (ဒုဝတွဝတ္ထု) ဖျူပစ္စည်း၏ အဓိကရဏသာဓနအနက်၌ သက်သည်၏--ဂုဏ်း (ဒုပစ္စယတ္ထ) ပိဋိယန္တိ သယ်ာဠိယန္တိ တံတံ အတ္တော တွေ့ာတိ ပိဋကံ-ဟု အဓိကရဏသာဓန ဝစနတ္ထ ပြုရမည်၏--ဂုဏ်း (အဘိဓာနတ္ထ) သိစေပါသည်။

➢ ဓ။ **ဒေသနာ+သာသနာ+ကထာ ၃–မျိုးအထူး** ။ ။ ဒေသကနှင့်စပ်သော အာဏာ ဝေါဟာရ ပရမတ်ဖြင့် ပြခြင်း သိစေခြင်းသည် ဒေသနာ မည်၏။ သာသိတဗ္ဗ ပုဂ္ဂိုလ်နှင့်စပ်သော ယထာပရာဓ ယထာနုလောမ ယထာဓမ္မ၏ အဖြစ်ဖြင့် ဆုံးမခြင်းသည် သာသနာ မည်၏။ ကထေတဗ္ဗဖြစ်သော သံဝရာသံဝရဒိဋ္ဌိဝိနိဝေဌန နာမရူပပရိစ္ဆေဒ အနက်ကို ဟောခြင်းသည် ကထာ မည်၏။

* **ဝိသိဋ္ဌ–ဟူသည်** ။ ။ ဝိနယ သုတ္တ အဘိဓမ္မ သဒ္ဒါသုံးပါးတို့သည် အချင်းချင်း မဆက်ဆံသောကြောင့် "ဝိသိဋ္ဌ" (ထူးသည်) မည်ပါသည်။

* **အဝိသိဋ္ဌ–ဟူသည်** ။ ။ ပိဋကသဒ္ဒါကား ထိုဝိနယ သုတ္တ အဘိဓမ္မ သုံးမျိုးလုံးနှင့် ဆက်ဆံသောကြောင့် "အဝိသိဋ္ဌ" (တူသည်) မည်ပါသည်။

**ပါဠိ (၂၀)** [၌၊၁၉။]

(က) ဒေသနာသာသနကထာ–ဘေဒံ တေသု ယထာရဟံ၊
သိက္ခာပ္ပဟာနဂမ္ဘီရ–ဘာဝဉ္စ ပရိဒီပယေ၊ (အနက် ရှေ့ဝါကျ၌ ပေးပြီး)

(ခ) တတြာယံ ပရိဒီပနာ. ဝိဘာဝနာစ –

(ဂ) တောနိ ဟိ တီဏိ ပိဋကာနိ ယထာက္ကမံ အာဏာဝေါဟာရပရမတ္ထဒေသနာ ယထာပရာဓ ယထာနုလောမယထာဓမ္မသာသနာနိ သံဝရာသံဝရဒိဋ္ဌိဝိနိဝေဌနနာမရူပပရိစ္ဆေဒကထာတိစ ဝုစ္စန္တိ

(ဃ) တတ္ထ ဟိ ဝိနယပိဋကံ အာဏာရဟေန ဘဂဝတာ အာဏာဗာဟုလ္လတော ဒေသိတတ္တာ **အာဏာဒေသနာ၊**

(င) သုတ္တန္တပိဋကံ ဝေါဟာရကုသလေန ဘဂဝတာ ဝေါဟာရဗာဟုလ္လတော ဒေသိတတ္တာ **ဝေါဟာရဒေသနာ၊**

(စ) အဘိဓမ္မပိဋကံ ပရမတ္ထကုသလေန ဘဂဝတာ ပရမတ္ထဗာဟုလ္လတော ဒေသိတတ္တာ **ပရမတ္ထဒေသနာတိ ဝုစ္စတိ၊** (၌၊၁၉။ ဘာသာဋီကာ၊ပ၊၁၁၄။)

➢ ❶ ။ (ခ) တတြ၊ထိုဂါထာတို့၌။အယံ၊ဤဆိုအပ်လတ့်သည်ကား။ပရိဒီပနာ၊ထက်ဝန်းကျင်မှ ပြခြင်းပါတည်း။[သဒ္ဒတ္ထ] စိုးစဉ်းမျှ မကြွင်းကျန်စေမူ၍ ဝေဘန်ပြခြင်းတည်း။ [အဓိပ္ပါယတ္ထ] ဝိဘာဝနာ၊ထင်စွာ ပြခြင်းပါတည်း။[သဒ္ဒတ္ထ] အကြွင်းအကျန်မရှိ ပြအပ်ပြီးပင်ဖြစ်သော်လည်း လျှို့ဝှက်ကာ ဖုံးအုပ်မှုကို မပြုဘဲ စာသင်သားတို့ သိသာထင်ရှားအောင် ပြခြင်းပါတည်း။[အဓိပ္ပါယတ္ထ]

http://www.dhammadownload.com



* ပရိဒီပနာစ၊ထက်ဝန်းကျင်မှပြခြင်းသည်ရင်း။(ဝဒန္တိဝါဒ) ပထမဂါထာ၏ အနက်ကိုပြခြင်းသည်ရင်း။(သမာနဝါဒ) ဝိဘာဝနာစ၊ထင်စွာပြခြင်းသည်ရင်း။(ဝဒန္တိဝါဒ) ဒုတိယဂါထာ၏ အနက်ကိုပြခြင်းသည်ရင်း။(သမာနဝါဒ)ဟောတိ၊၏။ (ဝါ) ဖြစ်လတ့်။

(ဂ) ဟိ၊ချဲ့ဦးအံ့။တိဏ်၊သုံးပုံကုန်သော။ဧတာနိပိဋကာနိ၊ဤပိဋကတို့ကို။ယထာက္ကမံ၊အကြင်အကြင် အစဉ်ရှိတိုင်း။အာဏာဝေါဟာရ ပရမတ္ထဒေသနာတိစ၊အာဏာဒေသနာ, ဝေါဟာရဒေသနာ, ပရမတ္ထဒေသနာတို့ဟူ၍ရင်း။ယထာပရာဓ ယထာနုလောမ ယထာဓမ္မသာသနာနီတိစ၊ယထာပရာဓသာသနာ, ယထာနုလောမသာသနာ, ယထာဓမ္မသာသနာတို့ဟူ၍ရင်း။သံဝရာ သံဝရဒိဋ္ဌိဝိနိဝေဌန နာမရူပပရိစ္ဆေဒကထာတိစ၊သံဝရာသံဝရကထာ, ဒိဋ္ဌိဝိနိဝေဌနကထာ, နာမရူပပရိစ္ဆေဒကထာတို့ ဟူ၍ရင်း။ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။

(ဃ) ဟိ၊ထပ်၍ ချဲ့ဦးအံ့။ (တနည်း) ဟိ၊နိဒ္ဒေသမှတစပါး ပဋိနိဒ္ဒေသကို ဆိုဦးအံ့။ ဧတ္ထ၊ဤ ပိဋကသုံးပုံတို့တွင်။ဝိနယပိဋကံ၊ကို။အာဏာရဟေန၊အာဏာထားခြင်းငှာ ထိုက်တော်မူသော။ [အာဏာရဟေန၊မဖောက်မပြန် တရားအားလုံးကို ကိုယ်တိုင်သိမှု ကြီးမားလှစွာသော ကရုဏာရှိမှုကြောင့် ဖောက်ပြန်ချွတ်ယွင်းမှု မရှိသော စီးပွားကို ညွှန်ပြတတ်သော အဖြစ်ဖြင့် ပမာဏပြုလောက်သော စကားရှိတော်မူသည်၏အဖြစ်ကြောင့်-အာဏာ ထားခြင်းငှာ ထိုက်တော်မူသော။] (ဟေတာလက်ာရ) ဘဂဝတာ၊သည်။အာဏာဗာဟုလ္လတော၊အာဏာများသည်၏အဖြစ်အားဖြင့်။(ဝိနယပိဋကဿ၊ဝိနယပိဋက၏။(ဝါ)ကို။)ဒေသိတတ္တာ၊ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်။အာဏာဒေသနာတိ၊အာဏာဒေသနာ ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(င) သုတ္တန္တပိဋကံ၊ကို။ဝေါဟာရကုသလေန၊အခေါ်အဝေါ်ပညတ်၌ ကျွမ်းကျင်တော်မူသော။ဘဂဝတာ၊သည်။ဝေါဟာရဗာဟုလ္လတော၊ပညတ်၏ များသည်၏အဖြစ်အားဖြင့်။(သုတ္တန္တပိဋကဿ၊သုတ္တန္တပိဋက၏။(ဝါ)ကို။) ဒေသိတတ္တာ၊ကြောင့်။ဝေါဟာရဒေသနာတိ၊ဝေါဟာရဒေသနာဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(စ) အဘိဓမ္မပိဋကံ၊ကို။ပရမတ္ထကုသလေန၊ပရမတ်၌ ကျွမ်းကျင်တော်မူသော။ ဘဂဝတာ၊သည်။ပရမတ္ထဗာဟုလ္လတော၊ပရမတ်၏ များသည်၏အဖြစ်အားဖြင့်။ (အဘိဓမ္မ - ပိဋကဿ၊အဘိဓမ္မာပိဋက၏။(ဝါ)ကို။)ဒေသိတတ္တာ၊ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်။ပရမတ္ထဒေသနာတိ၊ပရမတ္ထဒေသနာဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

➢ ❷ ။ (စ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (က) ဖြင့် ဒေသနာဘေဒ စသည်ကို အကျဉ်းအားဖြင့် ပြပြီး၍ ယခုအခါ၌ ထိုဒေသနာဘေဒ စသည်ကိုပင် အကျယ်အားဖြင့် ပြလိုသော ဆရာသည် ရှေးဦးစွာ ပဋိညာဉ်စကားပျိုးကို ပြလိုရကား (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဤဆိုလတ့်သည်ကား ဆိုခဲ့ပြီးသော ဂါထာတို့၌ ထက်ဝန်းကျင် ထင်စွာပြခြင်း ပရိဒီပနာတည်းဟု ပဋိညာဉ် စကားပျိုးကို ပြဆိုတော်

http://www.dhammadownload.com



မူ၏။ ပဋိညာဉ်အားလျော်စွာဖြစ်သော ပဋိညာတဗ္ဗဖြစ်သည့်ပါဒကဝဏ္ဏ ပရိဒီပနာကိုလည်း ပြဆိုအပ် ပြဆိုသင့်သည် မဟုတ်ပါလော။ ပဋိညာတဗ္ဗဖြစ်သော ပါဒကဝဏ္ဏကား အဘယ်ပါနည်း။ [ပဋိညာတဗ္ဗဖြစ်သော ပါဒကဝဏ္ဏကို မပြဆိုချေသော် ဆရာအား ပဋိညာတ-ပဋိညာ၊ ပါဒက ပါဒကဝဏ္ဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။] ဤသို့ စောဒနာဖွယ်ရှိသောကြောင့် (ဂ) မိန့်။

**ကား-** (ဂ) ဖြင့် ပဋိညာတဗ္ဗ ပါဒကဝဏ္ဏဖြစ်သော ပရိဒီပနာကို ငါပြဆိုပါ၏ဟူလို။

**(ဃ) သို့/ အယုတ္တာဓောဇာဂစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဝါကျဝယ် တောနိ ပိဋကာနိ ယထာက္ကမံ အာဏာဝေါဟာရပရမတ္ထဒေသနာဟူသော ပါဌ်ဖြင့် ပိဋက သုံးပုံတို့ကို အာဏာ, ဝေါဟာရ, ပရမတ္ထ ဒေသနာဟု ဆိုအပ်ကုန်၏ဟု ပြဆို၏။ အဘယ့်ကြောင့် ယင်းပိဋကသုံးပုံတို့တွင် ဝိနည်းပိဋကကို အာဏာဒေသနာဟု ဆိုအပ်ပါသနည်း။ ဝိနည်းပိဋကသည် ကြွင်းသော သုတ္တန် အဘိဓမ္မာပိဋကတို့နှင့် ဗုဒ္ဓဘာသိတ အဖြစ်ဖြင့် တူသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဃ) မိန့်။ (အဗျာပိတဒေါသ တင်)

**(င) သို့/ အနုသစန္ဓ** ။ ။ ဤသို့ (ဃ) ဖြင့် ဝိနည်းပိဋကတ်ကို အာဏာဒေသနာဟူ၍ ဆိုအပ်သည်၏အဖြစ်၌ အကြောင်းကို ပြပြီး၍ (ဝါ) ဝိနည်းပိဋကတ်၏ အာဏာဒေသနာမည်သည်၏အဖြစ်ကို အကြောင်းအားဖြင့် အကျယ်ပြပြီး၍၊ ယခုအခါ၌ **သုတ္တန်** ပိဋကတ်ကို ဝေါဟာရဒေသနာဟူ၍ ဆိုအပ်သည်၏အဖြစ်၌ အကြောင်းကို ပြခြင်းငှာ (ဝါ) သုတ္တန်ပိဋကတ်၏ ဝေါဟာရဒေသနာ မည်သည်၏အဖြစ်ကို အကြောင်းအားဖြင့် အကျယ်ပြခြင်းငှာ (င) မိန့်။

**(င) သို့/** ဆရာ၊ ဆရာသည် (ဃ) ဖြင့် အာဏာထားခြင်းငှာ ထိုက်တော်မူသော မြတ်စွာဘုရားသည် အာဏာများသည်၏အဖြစ်အားဖြင့် ဟောတော်မူအပ်သောကြောင့် ဝိနည်းပိဋကကို အာဏာဒေသနာဟူ၍ ဆိုအပ်သည်ကို ဖွင့်ဆိုတော်မူ၏။ သုတ္တန်ပိဋကကိုကား အဘယ်ဒေသနာဟူ၍ ဆိုအပ်ပါသနည်း။ မြတ်စွာဘုရားပင် ဟောတော်မူသောကြောင့် အာဏာဒေသနာဟူ၍ပင် ဆိုအပ်ပါသလော။ စုဒ်ကြောင့် (င) မိန့်။

**(ဃ+င+စ) သို့/ အယုတ္တစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ဂ) ၌ ပုဒ်တစိတ်ဖြင့် ပိဋကတ်သုံးပုံတို့ကို အာဏာဒေသနာ, ဝေါဟာရဒေသနာ, ပရမတ္ထဒေသနာဟူ၍ ဆိုအပ်ကုန်၏ဟု ပြတော်မူ၏။ အဘယ့်ကြောင့် ဝိနည်းပိဋကတ်ကို အာဏာဒေသနာဟူ၍ ဆိုအပ်ပါသနည်း၊ အဘယ့်ကြောင့် သုတ္တန်ပိဋကတ်ကို ဝေါဟာရဒေသနာဟူ၍ ဆိုအပ်ပါသနည်း၊ အဘယ့်ကြောင့် အဘိဓမ္မာပိဋကတ်ကို ပရမတ္ထဒေသနာဟူ၍ ဆိုအပ်ပါသနည်း စုဒ်ကြောင့် (ဃ+င+စ) ဝါကျတို့ကိုမိန့်။

**နိယံ** ။ ။ *ဝိတ္ထာ ဟိ-မှာ၊ အုစိတ်ပြာ၊ မေး ပါ ဝါကျကျန်။* (ရွှေရေးဆောင်)

➤ ❷ ။ [ဃ-ဝါကျတို့၌] (၁) နနု ဝိနယပိဋကေ ဝေါဟာရပရမတ္ထဓမ္မာပိ သန္တိ။

http://www.dhammadownload.com


(၂) အထ ကသ္မာ ဝိနယပိဋကံ အာဏာဒေသနာတိ ဝုစ္စတိ။

(၃) နနု အာဏာရဟေန ဘဂဝတာ အာဏာဗာဟုလ္လတော ဒေသိတတ္တာ။

(၄) ဝိနယပိဋကံ အာဏာဒေသနာတိ ဝုစ္စတိ။

[ ၈-ဝါကျတို့၌ ] (၁) နနု အဘိဓမ္မပိဋကံ သုတ္တန္တဝိနယေဟိ ဘဂဝတော ဒေသိတ ဘာဝေန သမာနံ။ (၂) အထ ကသ္မာ ပရမတ္ထဒေသနာတိ ဝုစ္စတိ။

(၃) နနု အဘိဓမ္မပိဋကံ ပရမတ္ထကုသလေန ဘဂဝတာ ပရမတ္ထဗာဟုလ္လတော ဒေသိတတ္တာ။ (၄) တသ္မာ ပရမတ္ထဒေသနာတိ ဝုစ္စတိ။

(ဃ+င) ဝါကျတို့ကိုလည်း နည်းမှီထုတ်ပါ။

➢ ❹ ။ ဝိသေသေန သတ္တာနံ မနံ အဝဟရတီတိ **ဝေါဟာရော**။

(၃) အထူးအားဖြင့် သတ္တဝါတို့၏ စိတ်ကို ဆောင်ခြင်းကြိယာသကတ်သည် ဝစန ဟေတု မည်၏။ (၅) ပုဂ္ဂိုလ်သတ္တဝါ-စသော ပညတ်တရားဖြစ်သည် ဝစနီယ မည်၏။ (၆) ပဏ္ဏတ္တိ, ပညတ္တိ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ဗဟူ အတ္ထေ လာတီတိ **ဗဟုလော**။ (၃) များစွာသော အနက်တို့ကို ယူခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (၅) အများဟူသော အနက်ဖြစ်သည် ဝစနီယ မည်၏။ (၆) ဗဟု, ဗဟုကော, ပစုရော-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ဝေါဟာရော ဗဟုလော ဧတ္ထာတိ **ဝေါဟာရဗဟုလံ**။ (အစိတ်)

(၃) များသော ဝေါဟာရ ပညတ်၏ သုတ္တန်ပိဋကနှင့် ဌာနီ ဌာန/နိဿိတ နိဿယ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) များသော ဝေါဟာရပညတ်ရှိ ရာ သုတ္တန်ပိဋကအနက်ဖြစ်သည် ဝစနီယ မည်၏။ (၆) ပညတ္တိဗဟုလ, ပဏ္ဏတ္တိဗဟုလ- စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဝေါဟာရဗဟုလဿ ဘာဝေါ **ဝေါဟာရဗာဟုလ္လံ**။ (အပေါင်း)

(၃) များသော ဝေါဟာရပညတ်ရှိသော သုတ္တန်ပိဋက၏ များသော ဝေါဟာရ ပညတ်ရှိသည့် အဖြစ်ဟူသော ဂုဏ်နှင့် ဂုဏော ဂုဏ်/နိဿယ နိဿိတ အဖြစ်ဖြင့် စပ် ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) များသော ဝေါဟာရပညတ်ရှိသည့် အဖြစ် ဟူသော ဂုဏ်သည် ဝစနီယ မည်၏။ (၆) ပညတ္တိဗာဟုလ္လံ, ပဏ္ဏတ္တိဗာဟုလ္လံ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ပရမော အတ္ထော **ပရမတ္ထော**။ (၃) မဖောက်မပြန်ခြင်းဂုဏ်၏ အနက်ဖြစ်နှင့် ဂုဏ် ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ပရမတ္ထတရား ဖြစ်သည် ဝစနီယ မည်၏။ (၆) အဝိပရီတတ္ထ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ။

* ပရမဿ အတ္ထော **ပရမတ္ထော**။ (၃) ပရမ-အရဖြစ်သော သဗ္ဗညုတဉာဏ်တော် ၏ အတ္ထ-အရဖြစ်သော ယင်းဉာဏ်၏ အာရုံဖြစ်သည့် ပရမတ္ထတရားများနှင့် အာရမ္မ

http://www.dhammadownload.com



ဏိက+အာရုံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဖဿ-စသော ပရမတ္ထ တရားများသည် ဝစနီယ မည်၏။ (၆) ဥတ္တမတ္ထ-စသော ပရိယာယ်သဒ္ဒါများ သည် ဝစနီယတ္ထ မည်၏။

* အာဏံ ပဏေတုံ အရဟတီတိ **အာဏာရဟော**။ (၃) အာဏာ၏ ထိုက်သော မြတ်စွာဘုရားနှင့် ကမ္မ+ကမ္မီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) မြတ်စွာဘုရားသည် ဝစနီယ မည်၏။ (၆) အာဏာနုရူပ-စသော ပရိယာယ် သဒ္ဒါများ သည် ဝစနီယတ္ထ မည်၏။

➤ ❺ ။ (ယ) ဝါကျ၌ **ဒေသိတတ္တာ** ဟိတ်၏ သမ္ဗန်ကား ဝိနယပိဋကဿ ဖြစ်သည်။ [၏/ကို စပ်] (ဓ) ဝါကျ၌ ဒေသိတတ္တာ ဟိတ်၏ သမ္ဗန်ကား သုတ္တန္တပိဋကဿ ဖြစ်ပါ သည်။ [၏/ကို စပ်] (စ) ဝါကျ၌ ဒေသိတတ္တာ ဟိတ်၏ သမ္ဗန်ကား အဘိဓမ္မပိဋကဿ ဖြစ်ပါသည်။ [၏/ကို စပ်]

➤ ❻ ။ (ယ) ၌ အာဏာဗာဟုလ္လတော ဒေသိတတ္တာ-ဖြင့် အာဏာဒေသနာပုဒ် ဝယ် ဒေသနာ၌ ဒိသီဓာတ်+ယုပစ္စည်း၏အဖြစ်ကိုရှင်း (ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ) ယင်း ယုပစ္စည်း၏ ကံအနက်၌ သက်သည်၏အဖြစ်ကိုရှင်း (ဒု-ပစ္စယတ္ထ) ဒေသီယတိ ဒေသနာ ဒေသိတဗ္ဗာတိ ဝါ ဒေသနာ-ဟု ကမ္မသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း (အဘိ ဓာနတ္ထ) အာဏာနှင့် ဒေသနာကို အာဏာယ ဒေသနာ အာဏာဒေသနာ-ဟု တပ္ပုရိသ် သမာသ် တွဲရမည့်အဖြစ်ကိုရှင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

အာဏာဒေသနာဟူသည်ကား ယေဘုယျနည်းတည်း၊ ထို့ကြောင့် ဝိနည်းပိဋက၌ ဝေါဟာရဒေသနာ ပရမတ္ထဒေသနာတို့လည်း အနည်းငယ်ရှိသေး၏ဟူသော အဓိပ္ပါယ် ကို သိစေပါသည်။ (ဘာဝတ္ထ)

အာဏာရဟေန ဘဂဝတာ-ဖြင့် အာဏာဒေသနာကို ဟောသော ဒေသကပုဂ္ဂိုလ် နှင့် ၎င်း၏ ဂုဏ်ထူးကို သိစေပါသည်။

ဝိနယပိဋကံ-ဖြင့် အာဏာဒေသနာ-အရ ဝိနည်းပိဋကကို ယူရမည့်အဖြစ်ကို သိ စေပါသည်။ (အဘိဓေယျတ္ထ)

(ဓ) ဝေါဟာရဗာဟုလ္လတော ဒေသိတတ္တာ-ဖြင့် ဝေါဟာရဒေသနာပုဒ်ဝယ် ဒေသနာ ၌ ဒိသီဓာတ်+ယုပစ္စည်း၏ အဖြစ်ကိုရှင်း (ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ) ယင်း ယုပစ္စည်း၏ ကံအနက်၌ သက်သည်၏အဖြစ်ကိုရှင်း (ဒု-ပစ္စယတ္ထ) ဒေသီယတိ ဒေသနာ ဒေသိ တဗ္ဗာတိ ဝါ ဒေသနာ-ဟု ကမ္မသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရှင်း (အဘိဓာနတ္ထ) ဝေါဟာရနှင့် ဒေသနာကို ဝေါဟာရတော ဒေသနာ ဝေါဟာရဒေသနာ-ဟု တပ္ပုရိသ် သမာသ် တွဲရမည့်အဖြစ်ကိုရှင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

ဝေါဟာရဒေသနာဟူသည်ကား ယေဘုယျနည်းတည်း၊ ထို့ကြောင့် သုတ္တန်ပိဋက၌

http://www.dhammadownload.com



အာဏာဒေသနာ ပရမတ္ထဒေသနာတို့လည်း အနည်းငယ်ရှိသေး၏ဟူသော အဓိပ္ပါယ် ကို သိစေပါသည်။ (ဘာဝတ္ထ)

ဝေါဟာရကုသလေန ဘဂဝတာ-ဖြင့် ဝေါဟာရဒေသနာကို ဟောသော ဒေသက ပုဂ္ဂိုလ်နှင့် ၎င်း၏ ဂုဏ်ထူးကို သိစေပါသည်။

သုတ္တန္တပိဋကံ-ဖြင့် ဝေါဟာရဒေသနာ-အရ သုတ္တန်ပိဋကကို ယူရမည့်အဖြစ်ကို သိစေပါသည်။ (အဘိဓေယျတ္ထ)

(စ) ၌ ပရမတ္ထဟာဟုလ္လတော ဒေသိတတ္တာ-ဖြင့် ပရမတ္ထဒေသနာပုဒ်ဝယ် ဒေသနာ ၌ ဒိသိဓာတ်+ယုပစ္စည်း၏ အဖြစ်ကိုရင်း (ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ) ယင်း ယုပစ္စည်း၏ ကံအနက်၌ သက်သည်၏အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) ဒေသိတာတိ ဒေသနာ၊ ဒေသိတဗ္ဗာတိ ဝါ ဒေသနာ-ဟု ကမ္မသာဓနေ ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ပရမတ္ထနှင့် ဒေသနာကို ပရမတ္ထတော ဒေသနာ ပရမတ္ထဒေသနာ-ဟု တပ္ပုရိသ် သမာသ် တွဲရမည့်အဖြစ်ကိုဒင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

ပရမတ္ထဒေသနာဟူသည်ကား ယေဘုယျနည်းတည်း၊ ထို့ကြောင့် အဘိဓမ္မယပိဋက၌ အာဏာဒေသနာ ဝေါဟာရဒေသနာတို့လည်း အနည်းငယ်ရှိသေး၏ဟူသော အဓိပ္ပါယ် ကို သိစေပါသည်။ (ဘာဝတ္ထ)

ပရမတ္ထကုသလေန ဘဂဝတာ-ဖြင့် ပရမတ္ထဒေသနာကို ဟောသော ဒေသက ပုဂ္ဂိုလ်နှင့် ၎င်း၏ ဂုဏ်ထူးကို သိစေပါသည်။

အဘိဓမ္မပိဋကံ-ဖြင့် ပရမတ္ထဒေသနာ-အရ အဘိဓမ္မာပိဋကကို ယူရမည့်အဖြစ်ကို သိစေပါသည်။ (အဘိဓေယျတ္ထ)

➢ ၉။ (ယ) ဝါကျ၌ မြတ်စွာဘုရားကို **အာဏာရဟ–ဟု ဆိုရခြင်းအကြောင်း**

သမ္မာသမ္ဗုဒ္ဓဖြစ်သောကြောင့်ရင်း, မဟာကရုဏာ ရှိသောကြောင့်ရင်း, မဖောက်မပြန် သော စီးပွားကို ညွှန်ပြတတ်သည်၏အဖြစ်ဖြင့် ပမာဏနှင့် ယှဉ်သော စကားရှိသော ကြောင့်ရင်း မြတ်စွာဘုရားကို "အာဏာရဟ"ဟု ဆိုရပါသည်။

➢ ၁၀။ (ယ) ဝါကျ **ဒေသိတတ္တာ–ဝယ် ဒိသိဓာတ်၏ ကတ္တားဖြစ်သောအရ**

ဘုရားရှင်၏ သန္တာန်၌ ဝိနယပိဋကဟူသော အာဏာဒေသနာကို ဟောကြားသော အခြင်းအရာအားဖြင့် ဖြစ်သော ဒေသနာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။

(၁) ၎င်းစိတ္တုပ္ပါဒ်၌ရှိသော ဝီရိယသည် ဥဿာဟဒ္ဒာယိဘာဝ, ဝီရ ရသ မည်၏။ (၂) ဝိနယပိဋက ပါဠိတော် အနက်ဒြပ်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) သာဝကတို့ ၏ မေထုနဓမ္မ စသည်ကို လွန်ကျူးခြင်း, ဘုရားရှင်၏ မဟာကရုဏာတော်ရှိခြင်း စသည် သည် ဥဒ္ဒီပနဝိဘာဝ။ (၄) သံဃသုဋ္ဌုတာ, သံဃဖာသုတာ-စသော (၁၀) ပါးသော အကျိုးသည်ရင်း, သီလဝိသုဒ္ဓိ ဝိဇ္ဇာသုံးပါး-စသော အကျိုးများသည်ရင်း အနုဘာဝ။

http://www.dhammadownload.com



**(စ) ဝါကျ၌ ဓေသိတာဏ္ဏာ-ဝယ် ဒိသိဓာတ်၏ ကတ္တုရှုကြိယာအရ** ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။

(၁) ၎င်း စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိဂီရ ရသ မည်၏။ (၂) အဘိဓမ္မာပိဋကတ်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) မြတ်စွာဘုရား၏ ပရမတ္ထ၌ ကျွမ်းကျင်သည်၏အဖြစ် ပရမတ္ထ များသည်၏အဖြစ်သည် ဥဋ္ဌိပနဝိဘာဝ မည်၏။ (၄) ပရမတ္ထဒေသနာဟူ၍ ဆိုအပ်ခြင်း အကျိုးသည် အနုဘာဝ မည်၏။

---

**ပါဠိ (၂၁)**

**(က) တထာ ပဌမံ ယေ တေ ပစုရာပရာဓာ သတ္တာ၊ တေ ယထာပရာဓံ ဧတ္ထ သာသိတာတိ ယထာပရာဓသာသနံ၊**

**(ခ) ဒုတိယံ အနေကဇ္ဈာသယာနုသယစရိယာဓိမုတ္တိကာ သတ္တာ ယထာနုလောမံ ဧတ္ထ သာသိတာတိ ယထာနုလောမသာသနံ၊**

**(ဂ) တတိယံ ဓမ္မပုဉ္ဇမတ္တေ "အဟံမမ" တိသညိနော သတ္တာ ယထာဓမ္မံ ဧတ္ထ သာသိတာတိ ယထာဓမ္မသာသနန္တိ ဝုစ္စတိ၊** (ဋ၊၂၀။ ဘာသာဋီ၊ပ၊၁၁၅။)

**ယထာပရာဓသာသနံ**-အပြစ်များစွာရှိသော သတ္တဝါတို့ကို ယင်းပုဂ္ဂိုလ်တို့ လွန်ကျူးထားသည့် အပြစ်အားလျော်စွာ ဆုံးမအပ်ရာဖြစ်သော ယထာပရာဓသာသနာဟု ခေါ်သည့် ဝိနယပိဋက။(သဂုဏာဒဗ္ဗာပေက္ခနည်း)

**ယထာနုလောမသာသနံ**-များစွာသော အလိုဆန္ဒ အနုသယ စရိုက် နှလုံးသွင်း ရှိကြကုန်သော သတ္တဝါတို့ကို ထိုထိုစရိုက် စသည်အားလျော်စွာ ဆုံးမအပ်ရာဖြစ်သော ယထာနုလောမသာသနာခေါ်သည့် သုတ္တန္တပိဋက။ (သဂုဏာဒဗ္ဗာပေက္ခနည်း)

**ယထာဓမ္မသာသနံ**-တရားအစုမျှ၌ ငါ, ငါ့ဥစ္စာဟူ၍ ဖွဲလမ်းမှုသညာရှိသည့် သတ္တဝါတို့ကို တရားအားလျော်စွာ ဆုံးမအပ်ရာဖြစ်သော ယထာဓမ္မ သာသနာ ခေါ်သည့် အဘိဓမ္မာပိဋက။ (သဂုဏာဒဗ္ဗာပေက္ခနည်း)

➤ ❶ ။ (က) တထာ၊ဒေသနာဘေဒမှတစ်ပါး သာသနဘေဒကား။ပဌမံ၊ပဌမဖြစ်သော ဝိနည်းပိဋကတ် ပါဠိတော်မြတ်ကို။ပစုရာပရာဓာ၊များသော အပြစ်ရှိကုန်သော။ယေ တေ သတ္တာ၊အကြင်သတ္တဝါတို့သည်။သန္တိ၊ရှိကုန်၏။တေ၊ထိုများသော အပြစ်ရှိသော သတ္တဝါတို့ကို။ယထာပရာဓံ၊အပြစ်အားလျော်စွာ။ဧတ္ထ၊ဤဝိနည်းပိဋကတ် ပါဠိတော်မြတ်၌။ သာ- သိတာ၊ဆုံးမတော်မူအပ်ကုန်ပြီ။ဣတိ၊ထိုသို့ အပြစ်အားလျော်စွာ ဆုံးမတော်မူအပ်ရာ၏ အဖြစ်ကြောင့်။ယထာပရာဓသာသနန္တိ၊-နံဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(ခ) ဒုတိယံ၊နှစ်ခုမြောက်ဖြစ်သောသုတ္တန်ပိဋကတ် ပါဠိတော်မြတ်ကို။အနေကဇ္ဈာသယာနုသယစရိယာဓိမုတ္တိကာ၊များသော အဇ္ဈာသယ, များသော အနုသယ, များသော

http://www.dhammadownload.com



စရိုက်, များသော အဓိမုတ္တိရှိကုန်သော။ သတ္တာ၊သတ္တဝါတို့ကို။ယထာနုလောမံ၊အကြင်အကြင် အဇ္ဈာသယ အစရှိသည်တို့ အားလျော်စွာ။ဒေ့ထ၊ဤသုတ္တန် ပိဋကတ် ပါဠိတော်မြတ်၌။သာသိတာ၊ဆုံးမတော်မူအပ်ကုန်ပြီ။ဣတိ၊ထိုသို့ အဇ္ဈာသယ စသည်အားလျော်စွာ ဆုံးမတော်မူအပ်ရာ၏ အဖြစ်ကြောင့်။ယထာနုလောမသာသနန္တိ၊-နံဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(ဂ) တတိယံ၊သုံးခုမြောက်ဖြစ်သော အဘိဓမ္မပိဋကတ် ပါဠိတော်မြတ်ကို။ဓမ္မပုဉ္ဇ - မတ္တေ၊သဘာဝဓမ္မ အစုမျှ၌။အဟံ၊ငါတည်း။မမံ၊ငါ၏ ဥစ္စာတည်း။ဣတိသညိနော၊ဤသို့ မှတ်ထင်ခြင်းရှိကုန်သော။သတ္တာ၊သတ္တဝါတို့ကို။ယထာဓမ္မံ၊သဘာဝဓမ္မအားလျော်စွာ။ဒေ့ထ၊ ဤအဘိဓမ္မပိဋကတ် ပါဠိတော်မြတ်၌။သာသိတာ၊ဆုံးမတော်မူအပ်ကုန်ပြီ။ဣတိ၊ထိုသို့ သဘာသဓမ္မအားလျော်စွာ ဆုံးမတော်မူအပ်ရာ၏ အဖြစ်ကြောင့်။ယထာဓမ္မသာသနန္တိ၊- ယထာဓမ္မသာသနံဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

➤ ❷ ။ (က) သို့/ လီနတ္ထရစောဒနာ ။ ။ ဆရာ၊ ဆရာသည် ယထာပရာသောသနံ-ဟူသောပုဒ်ကို ဆို၏။ ယင်းပုဒ်၌ ယုပစ္စည်းသည် ကတ္တုအန္တောဂဓကေရဏဝါစက ပစ္စည်းဖြစ်၍ သာသတိ ဧတေနာတိ သာသနံ-ဟု ဝစနတ္ထ ပြုရပါမည်လော။ ယထာပရာဓနှင့် သာသနပုဒ်ကို ယထာပရာဓေ့ တံ သာသနဥ္စာတိ ယထာပရာသောသနံ-ဟု ကမ္မဓာရဲ သမာသ် တွဲစပ်ရပါမည်လော။ ယထာပရာဓပုဒ်၏ ဤ၌ဖြစ်သင့်သော အစိတ် အပေါင်း ဝစနတ္ထကား အဘယ်ပါနည်း။ ယင်းအစိတ် အပေါင်း ဝစနတ္ထများကို မပြဆိုချေသော် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။-- ကြောင့် (က) မိန့်။

အဓိပ္ပါယ်ကား- (က) ဖြင့် ယထာပရာသောသနံ၌ နောက်ပုဒ်ကို ကမ္မန္တောဂဓ အဓိကရဏသာဓန၊ နှစ်ပုဒ်အပေါင်းကို ယထာပရာဓံ သာသနံ-ဟု တတိယာ တပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်ကို ငါပြဆိုရကား သင်တင်တိုင်းသော အတိဗျာပိတဒေါသ ငါ့အား မသင့်ရောက် ကင်းစင်လွင့်ပျောက်ပါ၏ဟူလို။

(ခ) သို့/ ဗျတိရေကစောဒနာ ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ယထာပရာသောသနံ ပုဒ်၏ အဘိဓေယျတ္ထ ဘာဝတ္ထ အဘိဓာနတ္ထတို့ကို ဖွင့်ပြတော်မူ၏။ အကယ်၍ ယထာပရာသောသနံပုဒ်၏ အဘိဓေယျတ္ထ စသည်ကိုသာ ဖွင့်ပြ၍ ယထာနုလောမသာသနံပုဒ်၏ အဘိဓေယျတ္ထ စသည်ကို မဖွင့်ပြဘဲ ချန်လှပ်၍ ထားခဲ့ငြားအံ့၊ ဤသို့ ချန်လှပ်ထားခဲ့သည်ရှိသော် ယထာနုလောမသာသနံ-ပုဒ်၏ အဘိဓေယျတ္ထ စသည်ကို မဖွင့်ပြတော့ပါ ဟူသော သဘော သက်ဝင်နေသည် မဟုတ်ပါလော။ ယထာနုလောမသာသနံပုဒ်၏ အဘိဓေယျတ္ထ စသည်ကား အဘယ်ပါနည်း။ ယင်းကို မပြပါက ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ -- ကြောင့် (ခ) မိန့်။

(ဂ) သို့/ အယုတ္တစောဒနာ ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် ယထာပရာသောသန ပုဒ်၏ ဝစနတ္ထကို ပြဆို၏။ နှစ်ခုမြောက် သုတ္တန်ပိဋကတ်ကို အဘယ့်ကြောင့် ယထာနု

http://www.dhammadownload.com



လောမ သာသနဟူ၍ ဆိုအပ်ပါသနည်း၊ ပိဋကတ်သုံးပုံလုံးကိုပင် ဗုဒ္ဓဘာသိတ၏အဖြစ် တူသောကြောင့် ယထာနုလောမသာသနဟူ၍ ဆိုသင့် ဆိုထိုက်သည် မဟုတ်ပါလော၊ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် ယထာနုလောမသာသနံပုဒ်၏ အဘိဓေယျတ္ထ ဘာဝတ္ထ အဘိဓာနတ္ထတို့ကို ဖွင့်ပြပြီး၍ ယခုအခါ၌ ယထာဓမ္မသာသနံပုဒ်၏ အဘိဓေယျတ္ထ စသည်ကို ဖွင့်ပြလိုရကား (ဂ) မိန့်။

➤ ❾ ။ ပစတီတိ **ပစုရော**။ ပဝိယတိ ဝိတ္ထာရိယတီတိ **ပစုရော**။ (၃) ချဲ့ခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (၆) ဗဟုလ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ

အပရဋ္ဌနံ **အပရာဓော**။ (၃) ပြစ်မှားခြင်းကြိယာသကတ်သည် ဝစနဟေတု။ (၆) ဒေါသော, ဝီတိက္ကမော-စသော--။

ပစုရော အပရာဓော ဒေါသော ဝီတိက္ကမော ယေသန္တေတိ **ပစုရာပရာဓာ**။

(၃) များသော အပြစ်၏ များသောအပြစ်ရှိသော သတ္တဝါများနှင့် ဂုဏ် ဂုဏော/ဌာနီ ဌာန/ဝိသေသန ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) များသော အပြစ်ရှိသော သတ္တဝါဒြဗ်သည် ဝစနီယ မည်၏။ (၆) သတ္တ, ဗဟုလာပရာဓ-စသော ပရိယာယ်သဒ္ဒါ များသည် ဝစနီယတ္ထ မည်၏။

* အပရာဓဿ အနုရူပံ **ယထာပရာဓံ**။ (၃) အပြစ်၏ ယင်းအားလျော်စွာဖြစ်သော ဂုဏ်နှင့် ဂုဏော ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) အပြစ် အားလျော်စွာ ဆုံးမခံရမည့် သတ္တဝါဒြဗ်သည် ဝစနီယ မည်၏။ (၆) သတ္တ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

➤ ❺ ။ (က) ဝါကျလာ သာသိတာတိ-၌ **ဏ္ဏတိ**-ကို ဏ္ဏတိ တသ္မာ ယထာပရာဓ သာသနတ္တာ-ဟု ဟိတ်စွဲရပါမည်။ ယင်းဟိတ်၏ သမ္ဗန်ကား ပဌမဿ (ဝိနယဿ) ဖြစ်ပါသည်။ (၏/သည် စပ်)

**ယထာပရာဓံ ဧတ္ထ သာသိတာ**-ကို ယထာပရာဓံ သာသိတတ္တာ-ဟု ဟိတ်ပြင်လျှင် ဧတေသံ သတ္တာနံ-ဟု သမ္ဗန် ခံရပါမည်။ (တို့၏/တို့ကို စပ်)

(တနည်း) ယထာပရာဓံ သာသနတ္တာ-ဟု ဟိတ်ပြင်လျှင်- ပဌမဿ။ (၏/သည်)

➤ ❻ ။ (က) ဝါကျ၌ ယထာပရာဓံ ဧတ္ထ သာသိတာ-ဖြင့် သာသနံပုဒ်ဝယ် ယု-ပစ္စည်းသည် ဘာဝသာဓန၌ မသက်၊ အဓိကရဏသာဓန၌ သက်သည်၏အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) သာသနံပုဒ်ကို သာသိယန္တိ ဧတ္ထာတိ သာသနံ-ဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်၏--ရင်း (အဘိဓာနတ္ထ) ယထာပရာဓနှင့် သာသနံကို ယထာပရာဓံ သာသနံ ယထာပရာဓသာသနံ-ဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်--ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

http://www.dhammadownload.com



ယထာပရာဓံ ဓတ္တ သာသိတာတိ-၌ ဣတိသဒ္ဒါဖြင့် သကတ်ကို ထွန်းပြသော ဝစန ဟောတု ဇောတကပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ယေ တေ ပစုရာ သတ္တာ တေ-ဖြင့် ဆုံးမအပ်၏ဟူသည် များသော အပြစ်ရှိကုန်သော သတ္တဝါတို့ကို ဆုံးမအပ်ကုန်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ပဌမံ-ဖြင့် ယထာပရာဓ သာသန-အရ ရှေးဦးစွာသော ဝိနည်းပိဋကတ်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

➢ ❶ ⓿ ။ **သာသိတာ–၌ ခေတ်အရ** ။ ။ ဆုံးမခြင်းတည်းဟူသော ဘုရားရှင်၏ သန္တာန်၌ မေတ္တာ ကရုဏာ ဉာဏ်-စသည် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် ဓမ္မဥဿာဟဒ္ဒာယိဘာဝ, ဓမ္မဝီရ ရသ မည်၏။ များသော အပြစ်ရှိသော သတ္တဝါတို့သည် အာရမ္မဏ ဝိဘာဝ မည်၏။ များစွာသော အပြစ်ကို ကျူးလွန်ထားခြင်း ယင်အပြစ်များစွာကို ဆင့်ကဲဆင့်ကဲ လွန်ကျူးနေခြင်း, ထိုအပြစ်များစွာ လွန်ကျူးထားသည့် သတ္တဝါများ အပေါ်၌ ဘုရားရှင်၏ မဟာကရုဏာ ဉာဏ်တော်, ယောနိသော မနသိကာရ-စသည်များသည် ဥဒ္ဒီပန ဝိဘာဝ မည်၏။ ဆုံးမခြင်းဟူသော အကြောင်းကြောင့် ယထာပရာဓ သာသနာတော်တည်းဟူသော ဝိနည်းပိဋကကြီး ပေါ်ပေါက်လာခြင်း, ယင်းဝိနည်းပိဋကနှင့်အညီ ဝါရိတ္တသီလနှင့် ပြည့်စုံအောင် ကျင့်ခြင်းအစ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် ရောက်ရှိနိုင်ခြင်း အကျိုးအဆက်ဆတ်သည် အနုဘာဝ မည်၏။

**ပါဠိ (၂၂)**

**(က) တထာ ပဌမံအဇ္ဈာစာရပဋိပက္ခဘူတော သံဝရာသံဝရော ဓော္တ ကထိတောတိ သံဝရာသံဝရကထာ။**

**(ခ) သံဝရာသံဝရောတိ ခုဒ္ဒကော စေဝ မဟန္တော စ သံဝရော၊ ကမ္မာကမ္မံ ဝိယ ဖလာဖလံ ဝိယာ စ၊**

**(ဂ) ဒုတိယံ ""ဒွါသဋ္ဌိဒိဋ္ဌိပဋိပက္ခဘူတာ ဒိဋ္ဌိဝိနိဝေဌနာ ဓော္တ ကထိတာ""တိ ဒိဋ္ဌိဝိနိဝေဌနကထာ။ (ဃ) တတိယံ ""ရာဂါဒိပဋိပက္ခဘူတော နာမရူပပရိစ္ဆေဒေါ ဓော္တ ကထိတောတိ နာမရူပပရိစ္ဆေဒကထာတိ ဝုစ္စတိ၊**

**(င) တီသုပိ စေတေသု တီသော သိက္ခာ တိဏိ ပဟာနာနိ စတုဗ္ဗိဓော စ ဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော၊ (စ) တထာ ဟိ ဝိနယပိဋကေ ဝိသေသေန အဓိသီလသိက္ခာ ဝုတ္တာ၊ သုတ္တန္တပိဋကေ အဓိစိတ္တသိက္ခာ၊ အဘိဓမ္မပိဋကေ အဓိပညာ သိက္ခာ။ (ဋ္ဌ၊ ၂၀။ ဘာသာဋီ၊ ပ၊ ၁၁၇။)**

➢ ❶ ။ (က) တထာ၊ ထိုမှတစ်ပါး။ ပဌမံ၊ ပဌမဖြစ်သော ဝိနည်းပိဋကတ် ပါဠိတော်မြတ်ကို။ အဇ္ဈာစာရ ပဋိပက္ခဘူတော၊ လွန်ကျူး၍ ကျင့်ခြင်း၏ ဆန့်ကျင်ဘက် ဖြစ်၍ဖြစ်သော။ [စောင့်စည်းအပ်သော အပိုင်းအခြားကို လွှမ်းမိုး၍ ကျင့်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်သော။] သံဝရာသံဝရော၊ ငယ်သော စောင့်စည်းခြင်း, ကြီးသော စောင့်စည်းခြင်း

http://www.dhammadownload.com



ကို။(ဝါ) ငယ်သော စောင့်စည်းကြောင်း, ကြီးသော စောင့်စည်းကြောင်း တရားကို။ဒေ့ထ္ထ၊ ဤဝိနည်းပိဋကတ် ပါဠိတော်မြတ်၌။ကထိတော၊ဟောတော်မူအပ်ပြီ။ဣတိ၊ထို့ကြောင့်။ [ထိုသို့ သံဝရာသံဝရကို ဟောတော်မူအပ်ရာ၏ အဖြစ်ကြောင့်။] သံဝရာသံဝရကထာတိ၊ ထာ-ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(ခ) သံဝရာသံဝရောတိ၊သံဝရာသံဝရော ဟူသည်ကား။ခုဒ္ဒကော၊ငယ်သော။သံဝရော စေဝ၊စောင့်စည်းခြင်းသည်ငှင်း။ (ဝါ) စောင့်စည်းကြောင်းတရားသည်ငှင်း။မဟန္တော၊ကြီး သော။သံဝရောစ၊ငှင်းတည်း။(ကိမိဝ၊အဘယ်ကဲ့သို့နည်း။ခုဒ္ဒကံ၊ငယ်သော။ကမ္မံ စေဝ၊ကံ သည်ငှင်း။မဟန္တံ၊ကြီးသော။ကမ္မံစ၊ကံသည်ငှင်း။) ကမ္မာကမ္မံ၊ကမ္မာကမ္မ မည်သည်။ (ဝါ) ကံငယ်, ကံကြီးမည်သည်။ဟောတိ ဝိယ၊ဖြစ်သကဲ့သို့ငှင်း။(ခုဒ္ဒကံ၊သော။ဖလံ စေဝ၊အသီး သည်ငှင်း။မဟန္တံ၊သော။ဖလံစ၊အသီးသည်ငှင်း။)ဖလာဖလံ၊ဖလာဖလ မည်သည်။ (ဝါ) သစ်သီးငယ်, သစ်သီးကြီးမည်သည်။ဟောတိ ဝိယစ၊ဖြစ်သကဲ့သို့ငှင်းတည်း။

(ဂ) ဒုတိယံ၊နှစ်ခုမြောက်ဖြစ်သော သုတ္တန်ပိဋကတ် ပါဠိတော်မြတ်ကို။ဒွါသဋ္ဌိဒိဋ္ဌိ ပဋိပက္ခဘူတာ၊ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ဖြစ်သော။ ဒိဋ္ဌိဝိနိဝေဌနာ၊မိစ္ဆာ အယူကို ဖြေရှင်းကြောင်း သမ္မာဒိဋ္ဌိ-စသော တရားတို့ကို။ဒေ့ထ္ထ၊ဤ သုတ္တန်ပိဋကတ် ပါဠိတော်မြတ်၌။ကထိတာ၊ဟောတော်မူအပ်ကုန်ပြီ။ဣတိ၊ထို့ကြောင့်။ [ထိုသို့ ဒိဋ္ဌိ ဝိနိဝေဌနကို ဟောတော်မူအပ်ရာ၏ အဖြစ်ကြောင့်။] ဒိဋ္ဌိဝိနိဝေဌနကထာတိ၊ ဒိဋ္ဌိဝိနိဝေဌနကထာ-ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(ဃ) တတိယံ၊သုံးခုမြောက်ဖြစ်သော အဘိဓမ္မပိဋကတ် ပါဠိတော်မြတ်ကို။ရာဂါဒိ ပဋိပက္ခဘူတော၊ရာဂ အစရှိသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်၍ဖြစ်သော။နာမရူပ ပရိစ္ဆေဒေါ၊ နာမ် ရုပ် နှစ်ပါးကို ပိုင်းခြားကြောင်းတရားကို။ဒေ့ထ္ထ၊ဤအဘိဓမ္မ ပိဋကတ် ပါဠိတော်မြတ် ၌။ကထိတော၊ဟောတော်မူအပ်ပြီ။ဣတိ၊ထို့ကြောင့်။[ထိုသို့ နာမရူပ ပရိစ္ဆေဒကို ဟော တော်မူအပ်ရာ၏ အဖြစ်ကြောင့်။] နာမရူပ ပရိစ္ဆေဒကထာတိ၊ဟူ၍။ဝုစ္စတိ၊၏။

(င) စ၊အဖို့တစ်ပါးကား။တီသုပိ၊[ဝိနည်းပိဋက, သုတ္တန်ပိဋက, အဘိဓမ္မာ ပိဋက အစွမ်းအားဖြင့်]သုံးပုံလည်းဖြစ်ကုန်သော။ဧတေသု၊ဤ ပိဋကတို့၌။ တိဿော၊[အဓိသီလ သိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ အစွမ်းအားဖြင့်] သုံးပါးကုန်သော။သိက္ခာ၊သိက္ခာ တို့ကိုငှင်း။တီဏိ၊[ပဟိတိက္ကမပဟာန်, ပရိယုဋ္ဌာနပဟာန်, အနုသယပဟာန်တို့၏ အစွမ်းအား ဖြင့်] သုံးပါးကုန်သော။(ဝါ) တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒ ပဟာန်အားဖြင့် သုံးပါးကုန်သော။ ပဟာနာနိ၊ပဟာန်တို့ကိုငှင်း။စတုဗ္ဗိဓော၊[ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓအားဖြင့်] လေးပါး အပြားရှိသော။ဂမ္ဘီရဘာဝေါစ၊နက်နဲသည်၏ အဖြစ်ကိုငှင်း။ဝေဒိတဗ္ဗော၊သိအပ်၏။

[င-ဓါကျ လိင်္ဂဝိဘတ္တိဝိပရိယာယနည်းဖြင့်အနက်] စ၊ကား။တီသုပိ၊ကုန်သော။ ဧတေသု၊တို့၌။တိဿော၊ကုန်သော။သိက္ခာစ၊သိက္ခာတို့ကိုလည်း။ဝေဒိတဗ္ဗာ၊ကုန်၏။တီဏိ၊

http://www.dhammadownload.com



ကုန်သော။ပဟာနာနိစ၊တို့ကိုလည်း။ဝေဒိတဗ္ဗာနိ၊ကုန်၏။စတုဗ္ဗိဓော၊သော။ဂမ္ဘီရဘာဝေါစ၊ ကိုလည်း။ဝေဒိတဗ္ဗော၊၏။

*နှစ်သုံးလေးပါး၊ ကံ ကတ္တားနှင့်၊ ထားသည့်အရာ၊ ကြိယာမှာ၊ မှန်စွာနောက်ဖျား ကံ ကတ္တားနှင့် တူပြားလိုင်ဝုစ်အညီတည်း။* (ဘုရားကြီး)

**(စ–ဝါကျ အဓိကာရရုနည်းအားဖြင့် အနက်)**

**(စ)** တထာဟိ၊ထိုစကားကို ချဲ့ဦးအံ့။ဝိနယပိဋကေ၊၌။ဝိသေသေန၊အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာတို့မှ ထူးသောအားဖြင့်။အဓိသီလသိက္ခာ၊အဓိသီလသိက္ခာကို။ဝုတ္တာ၊ ဟောတော်မူအပ်ပြီ။သုတ္တန္တပိဋကေ၊၌။(ဝိသေသေန၊အဓိသီလသိက္ခာ, အဓိပညာတို့မှ ထူး သော အားဖြင့်။) အဓိစိတ္တသိက္ခာ၊ကို။ဝုတ္တာ၊ပြီ။အဘိဓမ္မပိဋကေ၊၌။(ဝိသေသေန၊အဓိသီလ, အဓိစိတ္တသိက္ခာတို့မှ ထူးသောအားဖြင့်။) အဓိပညာသိက္ခာ၊ကို။(ဘဂဝတာ၊သည်)ဝုတ္တာ၊ပြီ။

➤ ❷ ။ (ဂ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က+ခ) တို့ဖြင့် သံဝရာသံဝရကထာပုဒ်၏ ဝစနတ္ထ သဒ္ဒတ္ထတို့ကို ပြပြီး၍ ယခုအခါ၌ ဒိဋ္ဌိဝိနိဝေဌနကထာပုဒ်၏ ဝစနတ္ထ စသည်ကို ပြလိုသော ဆရာသည် (ဂ) မိန့်။

**(င)** **သို့/** ဆရာ၊ ဆရာသည် (က) စသော ဝါကျတို့ဖြင့် ဒေသနာ သာသနကထာ ဘေဒ-၌ ကထာဘေဒပုဒ်၏ အနက်ကို အကျယ်အားဖြင့် ပြဆိုတော်မူ၏။ ယင်းသို့ ပြ ဆိုသော် ကထာဘေဒပုဒ် အကျယ်စကားရပ်ကိုသာ သိအပ်သည် မဟုတ်ပါလော။ အခြား သော သိက္ခာပ္ပဟာန ဂမ္ဘီရဘာဝစ္စပုဒ်၏ အနက်ကား အဘယ်ပါနည်း။ -- (င) မိန့်။

ကသ္မာ၊အဘယ့်ကြောင့်။ဝိနယေ၊ဝိနည်း၌။သုပ္ပဋိပန္နော၊ကောင်းစွာကျင့်သော။ဘိက္ခု၊ရဟန်းသည်။သီလသမ္ပဒံ၊သီလ၏ ပြည့်စုံခြင်းကို။နိဿာယ၊မှီ၍။တိဿော၊သုံးပါးကုန်သော။ဝိဇ္ဇာ၊ဝိဇ္ဇာတို့သို့။ပါပုဏာတိ၊ရောက်၏။ဣတိ၊ဤသို့။ဝိညာယတိ၊သိအပ်သနည်း။ဣတိအယံ၊

http://www.dhammadownload.com



ဤသည်ကား။ပုစ္ဆာ၊အမေးတည်း။ * တတ္ထ တသ္မိံ ဝိနယေ၊ထိုဝိနည်း၌သာ။တာသံယေဝစ ဝိဇ္ဇာ၊ထိုသုံးပါးသော ဝိဇ္ဇာတို့၏သာလျှင်လည်း။(ဝါ)တို့ကိုသာလျှင်လည်း။ပဘေဒဝစနတော၊ အပြားအားဖြင့်။ (ဝါ) အပြားကို ဟောတော်မူသောကြောင့်။ဝိနယေ၊ဝိနည်း၌။သုပ္ပဋိပန္နော၊ ကောင်းစွာကျင့်သော။ဘိက္ခု၊ရဟန်းသည်။သီလသမ္ပဒံ၊သီလ၏ ပြည့်စုံခြင်းကို။နိဿာယ၊ မှီ၍။တိဿော၊သုံးပါးကုန်သော။ဝိဇ္ဇာ၊ဝိဇ္ဇာတို့သို့။ပါပုဏာတိ၊ရောက်၏။ဣတိ၊ဤသို့။ ဝိညာယတိ၊သိအပ်၏။ဣတိအယံ၊ဤသည်ကား။ဝိသဇ္ဇနာ၊အဖြေတည်း။

မှတ်ချက်/ ဝိညာယတိ-၌ ဉာယတိ-ဟု ဖြေလျှင်လည်း အမှတ်ပေးရန်။ (ဘာဋီ-၁/၁၃၀။ ပခုက္ကူ-၂၆၁။ နေရင်း-၈၃။)

➤ ❷ ။ (ခ) **အမှတ်ပြ ဝါကျကို ဋ္ဌပနာ, အာဘောဇ်, ပုစ္ဆာတို့ဖြင့်** တက်ပြပါ။

**ဖြေ** ။ ။ အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် (က) ဝါကျဖြင့် ဝိနည်း၌ သုပ္ပဋိပန္နရဟန်း၏ သီလသမ္ပဒါကို အမှီပြု၍ ဝိဇ္ဇာသုံးပါးသို့ ရောက်ပုံကို ပြဆိုတော်မူခဲ့ပါ၏။ (ဌပနာ) ယင်းဝိနည်း၌ သုပ္ပဋိပန္နရဟန်း၏ သီလသမ္ပဒါကို အမှီပြု၍ ရောက်သော တရားထူးကိုသာ (ဝါ) သုံးပါးသော ဝိဇ္ဇာတို့သို့ ရောက်သည်၏အဖြစ်ကိုသာ ပြဆိုတော်မူပါမည်လော။

(တနည်း) သုတ္တန်၌ သုပ္ပဋိပန္နရဟန်း၏ အမှီပြုသော သမ္ပဒါနှင့် ရောက်သော တရားထူးကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ (အာဘောဇ်)

ယင်းသုတ္တန်၌ သုပ္ပဋိပန္နရဟန်းသည် အဘယ်သမ္ပဒါကို အမှီပြု၍ အဘယ်တရားထူးသို့ ရောက်ပါသနည်း။ (ပုစ္ဆာ)

ဤသို့မေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ အလိုရှိတော်မူသော အဋ္ဌကထာ ဆရာသည် (ခ) ဝါကျကိုမိန့်၏။

အဓိပ္ပါယ်ကား-- သုတ္တန်၌ သုပ္ပဋိပန္နရဟန်းသည် သမာဓိသမ္ပဒါကို အမှီပြု၍ အဘိညာဉ် ၆-ပါးသို့ရောက်၏ဟုလိုသော်။

*မှတ်ချက်/* အာဘောဇ်တနည်းနည်း ဖြေက အမှတ်ပေးရန်။

(က) ၌ **တာသံယေဝ—စသည်သို့/ အနုသန္ဓိ** ။ ။ ဤသို့ ဝိနယေ ပန စသည်ဖြင့် ဝိနည်း၌ သုပ္ပဋိပန္နရဟန်း၏ သီလသမ္ပဒါကို အမှီပြု၍ သုံးပါးသော ဝိဇ္ဇာတို့သို့ ရောက်ခြင်းကို ပြပြီး၍ ယခုအခါ၌ ဉာပကအကြောင်းကို ပြလိုရကား တာသံယေဝ-- မိန့်၏။

(ခ) **သို့/ အနုသန္ဓိ** ။ ။ ဤသို့ (က) ဖြင့် ဝိနည်း၌ သုပ္ပဋိပန္နရဟန်း၏ သီလသမ္ပဒါကို အမှီပြု၍ သုံးပါးသော ဝိဇ္ဇာသို့ ရောက်ခြင်းကို ပြပြီး၍ ယခုအခါ၌ သုတ္တန်၌ သုပ္ပဋိပန္န ရဟန်း၏ သမာဓိသမ္ပဒါကို အမှီပြု၍ ခြောက်ပါးသော အဘိညာဉ်သို့ ရောက်ခြင်း ကို ပြခြင်းငှာ (ခ) မိန့်၏။

➤ ❸ ။ **ဝိနယပိဋကေ အာဏာရဟေန ဘဂဝတာ အာဏာဗာဟုလ္လတော ဒေသိတတ္တာ အာဏာဒေသနာ**-(၂၀) ၌ စောဒကာဘောဂါဒိ စတုက္ကထုတ်ပြပါ။

http://www.dhammadownload.com



ဖြေ ။ ။ (က) နနု ဝိနယပိဋကေ ဝေါဟာရပရမတ္ထမွော်ပ ဒေသိတာ။ (စော+ဘော)
[ဋီသစ်-၉၉] (၃-မှတ်)

(ခ) အထ ကသ္မာ ဝိနယပိဋကံ အာဏာဒေသနာတိ ဝုစ္စတိ။ (စောဒနာ)
(၃-မှတ်)

(ဂ) အာဏာရဟေန ဘဂဝတာ အာဏာဗာဟုလ္လတော ဒေသိတတ္တာ။ (ပရိ+ဘော)
(၃-မှတ်)

(ဃ) ဝိနယပိဋကံ အာဏာဒေသနာတိ ဝုစ္စတိ။ (ပရိဟာရ) (၁-မှတ်)

မှတ်ချက်/ (ပရိ+ဘော)၌ နနု အာဏာရဟေန ဘဂဝတာ အာဏာဗာဟုလ္လတော ဒေသိတာ-ဟု ဖြေကလည်း အမှတ်ပေးရန်။

[ ဂ-ဝါကျကို၌ ] (၁) နနု အဘိဓမ္မေ တိဿော ဝိဇ္ဇာ ဆ အဘိညာ စတဿောစ ပဋိသမ္ဘိဒါ အညေစ သမ္မပ္ပဓာနာဒယော ဂုဏဝိသေသာ ဝိဘတ္တာ။ [ဋီသစ်၊၁၀၇]

(၂) အထ ကသ္မာ အဘိဓမ္မေ သုပ္ပဋိပန္နော ပညာသမ္ပဒံ နိဿာယ စတဿော ပဋိသမ္ဘိဒါ ပါပုဏာတိ။ (၃) နနု တာသဥ္စ တတ္ထေဝ ပဘေဒဝစနတော။ (၄) အဘိဓမ္မေ သုပ္ပဋိပန္နော ပညာသမ္ပဒံ နိဿာယ စတဿော ပဋိသမ္ဘိဒါ ပါပုဏာတိ။

➤ ❾ ။ (က) အမှတ်ပြ ဝါကျပါ "သုပ္ပဋိပန္နော"ကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်း ဝိဂ္ဂဟ၌သာ ဝစနဟေတု, ဝစနီယ, ဝစနီယတ္ထ သုံးချက်မျှ ခွဲဝေပြပါ။

ဖြေ ။ ။ ပဋိပဇ္ဇတီတိ ပဋိပန္နော။ (အစိတ်ဝိဂ္ဂဟ) (၁-မှတ်)
သုန္ဒရာ ပဋိပန္နာ ယဿာတိ သုပ္ပဋိပန္နော။ (အပေါင်းဝိဂ္ဂဟ) (၃-မှတ်)

၁။ ကောင်းသောအကျင့်၏ ရဟန်းဖြစ်နှင့် ပူရေတဗ္ဗ+ပူရဏ၊ ပဋိပဇ္ဇိတဗ္ဗ+ပဋိပန္နက၊ ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်သည် ဝစနဟေတု မည်၏။
(၂-မှတ်)

၂။ ကောင်းသောအကျင့်ရှိသော ရဟန်းဖြစ်သည် ဝစနီယ မည်၏။ (၂-မှတ်)

၃။ သမ္မာပဋိပန္နော၊ သုဋ္ဌုပဋိပဒေါ အစရှိသော ပရိယာယ် သဒ္ဒါသည် ဝစနီယတ္ထ မည်၏။ (၂-မှတ်)

(တနည်း) ပဋိပဇ္ဇတီတိ ပဋိပန္နော။ (အစိတ်ဝိဂ္ဂဟ)

သုဋ္ဌုပဋိပန္နော သုပ္ပဋိပန္နော။ (အပေါင်းဝိဂ္ဂဟ)

သုဋ္ဌုသောဂုဏ်၏ ကျင့်သောရဟန်းနှင့် ဂုဏ်+ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ဗန်သည် ဝစနဟေတု မည်၏။

မှတ်ချက်/ ဝစနီယ, ဝစနီယတ္ထ အထက်ပါအတိုင်းနည်းတူ ထုတ်ပါ။ တနည်းနည်းဖြင့် ဖြေလျှင်လည်း အမှတ်ပေးရန်။

* ဝိဒန္တိ ဇာနန္တီတိ ဝိဇ္ဇာ၊ ဝိဒန္တိ ဧတာယာတိ ဝါ ဝိဇ္ဇာ။ (၃) သိခြင်းကြိယာ သကတ်

http://www.dhammadownload.com



သည် ဝစနဟေတု မည်၏။ (၅) ဝိဇ္ဇာသုံးပါးဖြစ်သည် ဝစနီယ မည်၏။ (၆) ပညာ, အဘိညာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* အဘိ အဓိကေန ဉာဏေန ဇာနန္တီတိ **အဘိညာ**။ အဘိဝိသေသတော ဇာနန္တီတိ အဘိညာ။ (၃) အထူးအားဖြင့် သိခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။

(၅) အဘိညာ၌ ခြောက်ပါးဖြစ်သည် ဝစနီယ မည်၏။ (၆) ပညာ, ဝိဇ္ဇာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ပဋိသမ္ဘိဇ္ဇတီတိ **ပဋိသမ္ဘိဒါ**။ (၃) သီးခြား ကောင်းစွာ အကျိုးစသည်တို့၌ ကွဲပြားစွာ သိခြင်းကြိယာသကတ်သည် ဝစန ဟေတု မည်၏။ (၅) ပညိန္ဒြေစေတသိက် ဟူသော အနက်သည် ဝစနီယ။ (၆) ပညာ, ဉာဏ်-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

➤ ❸ ။ (ဂ) အမှတ်ပြ ဝါကျပါ "နိဿာယ"ကို ဟိတ်ပြင်၍ ယင်းဟိတ်၏ ဖြစ်သင့်ရာ သမ္ဗန်ပုဒ်ကို ရှာကြံထုတ်ဆောင်ပြီး အတ္ထာနုရူပအားလျော်စွာ စာစပ်ပြပါ။

**ဖြေ** ။ ။ (ဂ) ဝါကျလာ **နိဿာယ**-ကို နိဿိတတ္တာ-ဟု ဟိတ်ပြင်ရပါမည်။ (၂-မှတ်)

ယင်းဟိတ်၏ သမ္ဗန်ကား- အဘိဓမ္မေ သုပ္ပဋိပန္နော (ဘိက္ခု) ကို အဘိဓမ္မေ သုပ္ပဋိပန္နဿ(ဘိက္ခုဿ) ဟု ဆဋ္ဌျန္တပြင်၍ ထည့်ရပါမည်။ (၄-မှတ်)

အဘိဓမ္မေ သုပ္ပဋိပန္နဿ (ဘိက္ခုဿ) ကား- သည်-ဟူ၍ အနက်ပေးသောကြောင့် (နိဿိတတ္တာ) ဝယ် (နိဿိတ) ဟူသော ဘာဝယောဂပုဒ်၌ ကတ္တား ဝါစ္စ တုလျတ်။(၂)

အဘိဓမ္မေ သုပ္ပဋိပန္နဿ (ဘိက္ခုဿ) ကား- ၏-ဟူ၍ အနက်ပေးသောကြောင့် (နိဿိတတ္တာ) ဝယ် တ္တ-ပစ္စည်း၌ သမ္ဗန် သတ္တိမန္တ၊ တ္တ-ပစ္စည်းကား သမ္ဗန္ဓိ သတ္တိ အဖြစ်ဖြင့် စပ်အပ်၏။ (၂-မှတ်)

- ❸ ။ အလဂဒ္ဒူပမာ-စသော ပရိယတ္တိအမျိုးအစားတို့ကို ပုထုဇဉ်, သေက္ခ, အသေက္ခ ပုဂ္ဂိုလ်တို့အားလျော်စွာ ယှဉ်တွဲဖော်ပြပြီး "ဝိပတ္တိဉ္စာပိ ယံ ယဟိ"၌ ဝိပတ္တိသို့ ရောက်ပုံကိုလည်း ဖြေဆိုပါ။

**ဖြေ** ။ ။ **ပုထုဇဉ်ပုဂ္ဂိုလ်အား** အလဂဒ္ဒူပမာပရိယတ္တိနှင့် နိဿရဏ ပရိယတ္တိများ ရပါသည်။ (၃-မှတ်)

**သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့အား** နိဿရဏ ပရိယတ္တိ ရပါသည်။ (၁-မှတ်)

**အသေက္ခပုဂ္ဂိုလ်အား** ဘဏ္ဍာဂါရိကပရိယတ္တိ ရပါသည်။ (၁-မှတ်)

* **ဝိပတ္တိသို့ ရောက်ပုံ** ။ ။ ဝိနည်း သုတ္တန် အဘိဓမ္မာ ပိဋကတ်တို့၌ မကောင်းသဖြင့် ကျင့်သော ရဟန်းသည် အစဉ်အတိုင်း သီလ မရှိသည်၏အဖြစ်ဟု ဆိုအပ်သော ဝိပတ္တိ၊ မှားသော အယူရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ဝိပတ္တိ၊ စိတ်ပျံ့လွင့်ခြင်းဟူသော ဝိပတ္တိသို့ ရောက်ပါသည်။ [၄၊၂၃] (၆-မှတ်)

* **တိဿော ဝိဇ္ဇာ ပါပုဏာတိ-ဟု ဆိုရခြင်း** ။ ။ သီလစင်ကြယ်လတ်သော်

http://www.dhammadownload.com



သတိ ပညာ အားအစွမ်းဖြင့် ကမ္မဿကတာဉာဏ်အားဖြင့်၎င်း, သံကိလေသ အညစ်အကြေးမှ စင်ကြယ်၏၊ ဘာဝနာနှင့် ပြည့်စုံခြင်းသို့ ရောက်၏၊ ထို့ကြောင့် သီလပြည့်စုံခြင်းသည် မိုရာနှင့် ပြည့်စုံသည်၏အဖြစ်ဖြင့် သတိအား ဉာဏ်အား ရှေးရှုထင်ရကား သီလပြည့်စုံခြင်းသည် ဝိဇ္ဇာသုံးပါးလျှင် မိုရာရှိသည်၏အဖြစ်ကို သိထိုက်၍ တိဿော ဝိဇ္ဇာ ပါပုဏာတိ-ဟု ဆိုရပါသည်။

* **ရဟန္တာပုဂ္ဂိုလ်ကို ဘဏ္ဍာဂါရိက-ဟု ဆိုရကြောင်း** ॥ ॥ ဘဏ္ဍာစိုးနှင့် တူသောကြောင့် ရဟန္တာပုဂ္ဂိုလ်ကို ဘဏ္ဍာဂါရိက-ဟု ဆိုရပါသည်။

* **ပုထုဇဉ်ပုဂ္ဂိုလ်ကို ဘဏ္ဍာဂါရိက-ဟု မဆိုရခြင်းအကြောင်း** ॥ ॥ ပုထုဇဉ် ပုဂ္ဂိုလ်သည် ဘဝ ခရီးခဲမှ မလွန်မြောက်သေးသောကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်ကို ဘဏ္ဍာဂါရိက-ဟု မဆိုရပါ။

၉ ॥ (က) အမှတ်ပြဝါကျကို အဓိပ္ပါယ် မပျက်စေဘဲ ဆန်းကျမ်းလာ ဝတ္တမျိုးဂါထာ တစ်ပုဒ် ရေးသားဖွဲ့စီ၍ ဂါထာအမည် ဆန်းအမည်ကိုလည်း ပေးပါ။

**ဖြေ** ॥ ॥ ဝိနယေ သုပ္ပဋိပ္ပန္နော၊ သမဏော ပိဋကေသုစ။
ပါပုဏာတိ တိဝိဇ္ဇာယော၊ နိဿာယ သီလသမ္ပဒံ။ (၈-မှတ်)
ပထျာဝတ္တဂါထာ။ (၁-မှတ်) အနုဋ္ဌုဘာဆန်း။ (၁-မှတ်)

၁၀ ॥ (က) အမှတ်ပြ ဝါကျပါ "သုပ္ပဋိပန္နော"ပုဒ်၏ အန္တတ္ထကို ကိုယ်ပြု၍ ရထိုက်သော ဘာဝ, ဝိဘာဝ, အနုဘာဝ စုံလင်စွာ ထုတ်ပြပါ။

**ဖြေ** ॥ ॥ (က) ဝါကျလာ **သုပ္ပဋိပန္နော-၌ အန္တတ္ထ-အရ** ဝိနည်းပိဋကတော်၌ ဘုရားရှင် တားမြစ်တော်မူသည်ကို တားမြစ်တော်မူသည့်အတိုင်း ခွင့်ပြုတော်မူသည်ကို ခွင့်ပြုတော်မူသည့်အတိုင်း ပြုကျင့်သော ရဟန်း၏ သန္တာန်၌ သဒ္ဓါ သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိင်္ဂါရဝရသ မည်၏။ (၃-မှတ်) (တနည်း) ယင်း စိတ္တုပ္ပါဒ်၌ ဝီရိယသည် ဓမ္မဥဿာဟဌာယီဘာဝ, ဓမ္မဝီရဝရသ မည်၏။ ဝိနည်းပိဋကတော်လာ ကျင့်ဝတ်စည်းကမ်းများသည် အာရမ္မဏဝိဘာဝ မည်၏။ (၂-မှတ်)

စတုစက္ကသမ္ပတ္တိနှင့် ယောနိသော.မနသိကာရ-စသော အခြံအရံ အကြောင်းတရားများသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၃-မှတ်) သီလနှင့် ပြည့်စုံခြင်း ဝိဇ္ဇာသုံးပါးသို့ ရောက်ခြင်း-စသော အကျိုးဆက်ဆက်သည် အနုဘာဝ မည်၏။ (၂-မှတ်)

(တနည်း) သီလနှင့်ပြည့်စုံခြင်း သတိစွမ်းအား ထက်သန်ခြင်း ပုဗ္ဗေနိဝါသာနုဿတိဟူသော ပဌမဝိဇ္ဇာဉာဏ်ကို ရခြင်း သမ္မဒ္ဓ စွမ်းအားထက်သန်ခြင်း ဒိဗ္ဗစက္ခုဟူသော ဒုတိယဝိဇ္ဇာဉာဏ်ကိုရခြင်း ညစ်ညူးကြောင်းကိလေသာ အဗ္ဘာသယ စင်ကြယ်ခြင်း အာသဝက္ခယ-ဟူသော တတိယဝိဇ္ဇာဉာဏ်ကို ရခြင်းစသော အကျိုးဆက်ဆက်သည် အနုဘာဝ

http://www.dhammadownload.com



**ပါဠိ (၂၈)**

**(က) စတုတ္တိံသေဝ သုတ္တန္တာ၊ တိဝဂ္ဂေါ ယဿ သင်္ဂဟော၊**

**ဧသ ဒီဃနိကာယောတိ၊ ပဌမော အနုလောမိကောတိ၊**

**(ခ-၁) ကသ္မာ ပနေသ ဒီဃနိကာယောတိ ဝုစ္စတိ? (ခ-၂) ဒီဃပ္ပမာဏာနံ သုတ္တာနံ သမူဟတော နိဝါသတော စ၊ (ဂ) သမူဟနိဝါသာ ဟိ နိကာယောတိ ဝုစ္စန္တိ၊**

**(ဃ) "နာဟံ ဘိက္ခဝေ အညံ ဧကနိကာယမ္ပိ သမနုပဿာမိ ဧဝံ စိတ္တံ၊ ယထယိဒံ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ၊ ပေါဏိကနိကာယော စိက္ခလ္လိကနိကာယော" တိ ဧဝမာဒီနိ စေတ္ထ သာဓကာနိ သာသနတော လောကတော စ၊**

**(င) ဧဝံ သေသာနမ္ပိ နိကာယဘာဝေ ဝစနတ္ထော ဝေဒိတဗ္ဗော၊** (ဋ၊ ၂၃။ ဘာဋီ၊ ပ၊ ၁၃၅)

*** ဒီဃနိကာယော**-ရှည်စွာသော အတိုင်းအရှည်ရှိကုန်သော သုတ္တန်ပါဠိတို့၏ ပေါင်းရာဖြစ်သော ဒီဃနိကာယ်။ ဒီဃနိကာယော-ရှည်စွာသော သုတ္တန်ပါဠိတို့၏ တည်နေရာဖြစ်သော ဒီဃနိကာယ်။ (သဂုဏာဒ္ဗပေက္ခအနက်)

➤ ❶ ။ (က) ယဿ၊ အကြင်နိကာယ်၏။ (သုတ္တဂဏနာတော၊ သုတ်အရေအတွက်အားဖြင့်။) စတုတ္တိံသေဝ၊ သုံးဆယ့်လေးပါးသာလျှင်ဖြစ်သော။ သုတ္တန္တာ၊ သုတ်တို့သည်။ (သန္တိ၊ ရှိကုန်၏။) ဝဂ္ဂသင်္ဂဟဝသေန၊ ဝဂ်တို့ဖြင့် သိမ်းယူခြင်း၏ အစွမ်းဖြင့်။ (ဝါ) သိမ်းယူကြောင်း ဝဂ်တို့၏ အစွမ်းဖြင့်။ တိဝဂ္ဂေါ၊ သုံးဝဂ်ရှိသော။ သင်္ဂဟော၊ သိမ်းယူကြောင်း အရေအတွက်သည်။ အတ္ထိ၊ ရှိ၏။ ပဌမော၊ ရှေးဦးစွာသော။ ဧသ၊ ဤနိကာယ်သည်။ ဒီဃနိကာယောတိ၊ ဒီဃနိကာယ်ဟူ၍။ အနုလောမိကော၊ အနက်အားလျော်သော အမည်ရှိ၏။ (ဝါ) အန္ဝတ္ထနာမည်ရှိ၏။ (ခ) ပန၊ ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့။ ကသ္မာ၊ အဘယ့်ကြောင့်။ ဧသ၊ ဤနိကာယ်ကို။ ဒီဃနိကာယောတိ၊ ဒီဃနိကာယ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ဒီဃပ္ပမာဏာနံ၊ ရှည်သော အတိုင်းအရှည်ရှိကုန်သော။ သုတ္တာနံ၊ သုတ်တို့၏။ သမူဟတော စ၊ အပေါင်း၏အဖြစ်ကြောင့်ရင်း။ နိဝါသတော စ၊ တည်နေရာ၏ အဖြစ်ကြောင့်ရင်း။ ဒီဃ-နိကာယောတိ၊ ဒီဃနိကာယ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ဂ) ဟိ၊ မှန်၏။ (တနည်း) ဟိ၊ ချဲ့ဦးအံ့။ သမူဟနိဝါသာ၊ အပေါင်းတည်နေရာတို့ကို။ နိကာယောတိ၊ နိကာယဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

(ဃ) စ၊ သာကေကား။ နာဟံ (ပ) ဧဝမာဒီနိ၊ နာဟံ (ပ) စိက္ခလ္လိကနိကာယော-ဤသို့ အစရှိသော ဥဒါဟရုဏ်တို့သည်။ ဧတ္ထ၊ ဤနိကာယသဒ္ဒါ၏ သမူဟအနက်, နိဝါသ အနက်တို့ကို ဟောသည်၏အဖြစ်၌။ သာသနတော စ၊ သာသနာတော် ပြယုဂ်မှရင်း။ လောကတော စ၊ လောကီပြယုဂ်မှရင်း။ (သမာနီတာနိ၊ ကောင်းစွာ ဆောင်အပ်ကုန်သော။) သာဓကာနိ၊ သက်သေတို့တည်း။ ဘိက္ခဝေ၊ တို့။ တိရစ္ဆာနဂတာ၊ တိရစ္ဆာန်ဖြစ်ကုန်သော။ ဤဒံ (ဣမေ) ပါဏာ၊ ဤသတ္တဝါတို့သည်။ စိတ္တာ ယထာ၊ ဆန်းကြယ်ကုန်သကဲ့သို့။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤအတူ။ (ဝါ)

http://www.dhammadownload.com



သို့ကလောက်။စိတ္တံ၊ဆန်းကြယ်သော။အညံ၊တိရစ္ဆာန်အပေါင်းမှ တစ်ပါးသော။ဧကနိကာယမ္ပိ၊တစ်ခုသော အပေါင်းကိုလည်း။အဟံ၊ငါဘုရားသည်။(အပ္ပဋိဟတေန၊အပိတ်အပင် အဆီးအတား အနှောက်အယှက် မရှိသော။သဗ္ဗညုတဉာဏစက္ခုနာ၊သဗ္ဗညုတဉာဏ်တည်း ဟူသော မျက်လုံးတော်ဖြင့်။ဩလောကေန္တော၊ကြည့်ပင်ကြည့်ပါသော်လည်း။) န သမနုပဿာမိ၊မြင်တော်မမူ။ပေါဏိကနိကာယော၊ပေါဏိကမင်းတို့၏ နေရာ။စိက္ခလ္လိကနိကာယော၊စိက္ခလ္လိကမင်းတို့၏ နေရာ။| (င) ဧဝံ၊ဤအတူ။သေသာနမ္ပိ၊ဒီဃနိကာယ်မှကြွင်းသော နိကာယ်တို့၏လည်း။နိကာယဘာဝေ၊နိကာယမည်ကုန်သည်၏ အဖြစ်၌။ဝစနတ္ထော၊သဒ္ဒါအနက်ကို။ဝေဒိတဗ္ဗော၊သိထိုက်၏။ (ဘာသာဋီကာ၊ပ၊ ၁၃၅။)

➤ ❷ ။ (စ) သို့/အနုသန္ဓေ ။ ဤသို့ (က) ဖြင့် ဒီဃနိကာယ်၌ရှိသော သုတ်အရေအတွက် ဝဂ်အရေအတွက်နှင့်တကွ ၎င်းဒီဃနိကာယ်၏ အနက်အားလျော်သော အမည်ရှိသည်၏အဖြစ်ကို ပြပြီး၍ ယခုအခါ၌ ဒီဃနိကာယ်၏ အနက်အားလျော်သော အမည်ရှိသည်၏အဖြစ်ကိုပင် ထင်စွာပြခြင်းငှာ (ခ) မိန့်။

(ဂ) သို့/ **အနုသန္ဓေ** ။ ။ (ခ) ဖြင့် ရှည်သော ပမာဏရှိကုန်သော သုတ်တို့၏ အပေါင်း၏ အဖြစ်ကြောင့်၎င်း, နေရာ တည်ရာ၏ အဖြစ်ကြောင့်၎င်း ဒီဃနိကာယမည်၏ဟု ပြဆိုတော်မူပြီး၍ ယခုအခါ၌ ယင်းဆိုအပ်ပြီးသော အနက်ကိုပင် အသင့်ယုတ္တိဖြင့် ပြီးစေလိုရကား (ဝါ) ပြီးစေတော်မူလိုသော ဆရာသည် (ဂ) မိန့်။

(ဂ) သို့/ **စောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ရှည်သော ပမာဏရှိကုန်သော သုတ်တို့၏ အပေါင်း၏အဖြစ်ကြောင့်၎င်း, နေရာ တည်ရာ၏အဖြစ်ကြောင့်၎င်း ဒီဃနိကာယမည်သောဟု ဆို၏။ နိကာယ-သဒ္ဒါသည် သမူဟ နိဝါသ အနက်တို့၌ ဖြစ်သော်သာလျှင် ဆရာ့စကား သင့်တန်ရာ၏၊ ယင်းသို့ မဟုတ်ကမသင့်တန်ရာသည် မဟုတ်ပါလော။ အဘယ်သို့သော အသင့်ယုတ္တိကို ထောက်၍ ယင်းသို့ ဖွင့်ဆိုပါသနည်း။ အသင့်ယုတ္တိကို မပြဆိုချေသော် ဆရာ့အား ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်-(ဂ) မိန့်။

(ဃ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ဂ) ဖြင့် သမူဟ နိဝါသတို့ကို နိကာယဟူ၍ ဆိုအပ်သည်၏အဖြစ်ကို ပြပြီး၍ (ဝါ) နိကာယသဒ္ဒါ၏ သမူဟ နိဝါသ အနက်နှစ်ပါးကို ဟောသည်၏အဖြစ်ကို ယုတ္တိအားဖြင့် ပြီးစေပြီး၍ ယခုအခါ၌ မိမိစကားကို ခိုင်မြဲစေခြင်းငှာ (ဃ) မိန့်။

(တနည်း) ဤသို့ (ဂ) ဖြင့်--၍ ယခုအခါ၌ အနက်ကိုဟောတတ်သော သဒ္ဒါတို့၏ လောကသင်္ကေတအားဖြင့် ပြီးသည်၏အဖြစ်ကြောင့် ပြယုဂ် ဥဒါဟရဏ်အားဖြင့် ၎င်း သမူဟ နိဝါသအနက်တို့၌ ယင်းနိကာယသဒ္ဒါ၏ လောကသင်္ကေတအားဖြင့် ပြီးသည်၏ အဖြစ်ကို သိစေတော်မူလိုရကား (ဃ) မိန့်။ (ဋီကာတက်)

(ဃ) သို့/ **ဗျတိရေကစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် နိကာယပုဒ်၏

http://www.dhammadownload.com



အနက်ကို သမူဟအနက် နိဝါသအနက်ဟောဟု ဖွင့်ဆိုတော်မူ၏။ ယင်းသို့ သမူဟအနက် နိဝါသအနက်ကို နိကာယသဒ္ဒါ ဟောကြားရာ၌ သက်သေ သာဓက အာဂုံပါဠိရှိပါမူ သင့်တန်ရာပါ၏၊ အကယ်၍ သက်သေ သာဓကေ အာဂုံပါဠိ မရှိခဲ့ပါမူ ဆရာ့စကား မသင့်မြတ်နိုင်ရာသည် မဟုတ်ပါလော။ သက်သေ သာဓကေ အာဂုံပါဠိများကား အဘယ်ပါနည်း။ သက်သေ သာဓကေ အာဂုံပါဠိများကို မပြဆိုခဲ့ပါက သာဓျ-သာဓကေ ဆန့်ကျင်သော ဝိရောဓိဒေါသ ဆရာ့အား သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဃ) မိန့်။

(င) **သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ခ-ဂ-ဃ) တို့ဖြင့် ဒီဃနိကာယပုဒ်၌ ပါရှိသည့် နိကာယပုဒ်၏အနက်ကို ဖွင့်ပြပြီး၍ ယခုအခါ၌ မဇ္ဈိမနိကာယ စသည်၌ပါသော နိကာယ သဒ္ဒါသည်လည်း ဒီဃနိကာယပုဒ်ဝယ် ပါရှိသည့် နိကာယသဒ္ဒါနှင့် အနက်တူပင်ဟု ဖွင့်ပြရန် အလို့ငှာ (င) မိန့်။

(င) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဒီဃနိကာယော-၌ ဒီဃသဒ္ဒါ နိကာယသဒ္ဒါတို့၏ အနက်နှင့် ထိုဒီဃသဒ္ဒါ နိကာယသဒ္ဒါ နှစ်ခုတို့၏ သမာသ်ဝစနတ္ထကို ပြဆိုတော်မူ၏။ ယင်းသို့ပြသော် ဒီဃနိကာယ်၏ ဝစနတ္ထကိုသာ သိအပ်သည် မဟုတ်ပါလော။ ကြွင်းသော မဇ္ဈိမနိကာယ် စသည်တို့၏ ဝစနတ္ထကိုကား အသို့ သိအပ်ပါသနည်း။ (စ) မိန့်။

➢ ❷ ။ [ ခ–ဝါကျကို ရှု ] (၁) နနု အညောပိ နိကာယော ဒီဃနိကာယောတိ ဝုစ္စတိ။ (၂) အထ ကသ္မာ သော ဒီဃနိကာယောတိ ဝုစ္စတိ။

(၃) နနု ဒီဃပ္ပမာဏာနံ သုတ္တာနံ သမူဟော စေဝ နိဝါသော စ ဟောတိ။

(၄) တသ္မာ သော ဒီဃနိကာယောတိ ဝုစ္စတိ။

[ ဂ–ဝါကျကိုရှု ] (၁) နနု ဒီဃသမူဟော ဒီဃနိဝါသောတိ ဝတ္တဗ္ဗော။

(၂) အထ ကသ္မာ ဒီဃနိကာယောတိ ဝုစ္စတိ။ (၃) သမူဟနိဝါသာ နိကာယောတိ ဝုစ္စန္တိ။ (၄) တသ္မာ ဒီဃနိကာယောတိ ဝုစ္စတိ။

[ ခ+ဂ ဝါကျတို့ကိုရှု ] (၁) နနု နိကာယသဒ္ဒေါ ကော။ (၂) အထ ကသ္မာ ဒီဃပ္ပမာဏာနံ သုတ္တာနံ သမူဟတော နိဝါသတော စာတိ ဒွိဓာ ဝုတ္တံ။ (၃) ယသ္မာ သမူဟနိဝါသာ နိကာယောတိ ဝုစ္စန္တိ တသ္မာ။ (၄) ဒီဃပ္ပမာဏာနံ သုတ္တာနံ သမူဟတော နိဝါသတော စာတိ ဒွိဓာ ဝုတ္တံ။

[ ဃ–ဝါကျကိုရှု ] (၁) နနု ဗုဒ္ဓေါ သဗ္ဗညုတဉာဏေန ဩလောကေတိ။ (၂) အထ ကသ္မာ "နာဟံ ဘိက္ခဝေ အညံ ဧကနိကာယမ္ပိ သမနုပဿာမိ ဧဝံ စိတ္တ"န္တိ ဝုတ္တံ။ (၃) တေပိ တိရစ္ဆာနဂတာ ပါဏာ စိတ္တေနေဝ စိတ္တတာ၊ တသ္မာ။

(၄) "နာဟံ ဘိက္ခဝေ အညံ ဧကနိကာယမ္ပိ သမနုပဿာမိ ဧဝံ စိတ္တ"န္တိ ဝုတ္တံ။

❹ ။ တိရိယံ အဉ္စတိတိ တိရစ္ဆာနော။ (၃) ဖီလာကန့်လန့် သွားခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) တိရစ္ဆာန်ဖြစ်သော သတ္တဝါဒြဗ်သည် ဝစနီယ မည်၏။

http://www.dhammadownload.com



(၆) ပါဏ, တိရစ္ဆ, တိရိစ္ဆာနဂတ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

တိရစ္ဆာနမေဝ ဂတန္တိ **တိရစ္ဆာနဂတံ**။ (၃) တိရစ္ဆာနအရနှင့် ဂတပုဒ်အရတို့၏ အချင်းချင်းတူသည်၏ အဖြစ်ဟုဆိုအပ်သော သဒိသ-သဒိသီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (ကြွင်းတူ)

စိက္ခလ္လိကာနံ နိကာယော **စိက္ခလ္လိကနိကာယော**။ (၃) စိက္ခလ္လိကမည်သော မင်းတို့၏ နေရာအရပ်နှင့် ဌာနီ-ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

(၅) စိက္ခလ္လိကမည်သော မင်းတို့၏ နေရာအရပ်ဒြဗ်သည် ဝစနီယ မည်၏။

(၆) စိက္ခလ္လိကနိဝါသ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဒီဃာနံ ဒီဃပ္ပမာဏာနံ သုတ္တာနံ နိကာယော သမူဟော နိဝါသောတိ **ဒီဃနိကာယော**

(၃) ရှည်သော ပမာဏရှိကုန်သော သုတ်တို့၏ အပေါင်းဖြစ်သော နိကာယ်နှင့် အစိတ်အပေါင်း/ရှည်သော ပမာဏရှိကုန်သော သုတ်တို့၏ တည်ရာ နေရာဖြစ်သော နိကာယ်နှင့် ဌာနီ-ဌာန၊ အဘေဒ-ဘေဒ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဒီဃနိကာယ်ဒြဗ်သည် ဝစနီယ မည်၏။ (၆) ဒီဃပ္ပမာဏသုတ္တနိကာယော, ဒီဃပ္ပမာဏသုတ္တသမူဟော, ဒီဃပ္ပမာဏသုတ္တ နိဝါသော-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

နိဗ္ဗိသေသေန စိနောတိ အဝယဝေတိ **နိကာယော**။ (၃) စီခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အပေါင်းဖြစ်သော သုတ္တန်ဒြဗ်သည် ဝစနီယ မည်၏။

(၆) သမူဟ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ပမီယတေတိ **ပမာဏံ**။ (၃) နှိုင်းယှဉ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) နှိုင်းယှဉ်အပ်သော အရာဝတ္ထုဒြဗ်သည် ဝစနီယ မည်၏။ (၆) ပရိမာဏ, မတ္တာ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ပဏန္တိ ဇီဝန္တိ သတ္တာ ဧတေနာတိ **ပါဏော**။ (အစိတ်)

(၃) အသက်ရှင်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) သတ္တဝါဟူသော အနက်ဒြဗ်သည် ဝစနီယ မည်၏။ (၆) ဘူတ, သတ္တာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ပကာရေန အနန္တိ ပဝတ္တန္တီတိ **ပါဏာ**။ (အစိတ်) (၃) ဖြစ်ခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (ကြွင်းတူ။)

ပါဏော ဧတေသံ အတ္ထီတိ **ပါဏာ**။ (တဒ္ဓိတ်+အပေါင်း) (၃) ဇီဝိတိန္ဒြေ၏ သတ္တဝါတို့နှင့် ဂုဏ်-ဂုဏီ ဌာနီ ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) သတ္တဝါဒြဗ်သည် ဝစနီယ။ (၆) သတ္တာ, ပုဂ္ဂလာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

http://www.dhammadownload.com



တယော ဝဂ္ဂါ အဿ သင်္ဂဟဿာတိ **တိဝဂ္ဂေါ**။ (၃) သုံးပါးသော ဝဂ်၏ အရေအတွက်နှင့် သချာ သချေ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနပေဟတု မည်၏ (၅) သုံးပါးသော ဝဂ်ရှိသော အရေအတွက်ဟူသော အနက်ဒြပ်သည် ဝစနီယ မည်၏။ (၆) တိရာသိဂဏနာ, တိရာသိသချာ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

တယော ဝဂ္ဂါ အဿ သင်္ဂဟဿာတိ **တိဝဂ္ဂေါ**။ (၃) သုံးပါးသော ဝဂ်၏ အရေအတွက်နှင့် သချေ သချာ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနပေဟတု မည်၏ (၅) သုံးပါးသော ဝဂ်ရှိသော အရေအတွက်ဟူသော အနက်ဒြပ်သည် ဝစနီယ မည်၏။ (၆) တိရာသိ, တိသမူဟ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

➤ ❺ ။ (ခ) ဝါကျ၌ **သမူဟတော, နိဝါသတော**-ဟိတ်ပုဒ်တို့၏ လာသမ္ဗန်ကား ▪ တေသံ နိကာယဿ ဖြစ်ပါသည်။ (၏/သည် စပ်) အလွတ်သမ္ဗန်ကား▪ သုတ္တာနံ။

(ဂ) ၌ **နိကာယော**-ကို နိကာယတ္တာ-ဟု ဟိတ်ပြင်လျှင် သမူဟနိဝါသာနံ-ဟု သမ္ဗန် ခံရပါမည်။ (၏/သည် စပ်)

➤ ❻ ။ (က) ဖြင့် ဒီဃနိကာယ်ပါဠိတော်၌ သုတ်ပေါင်း (၃၄) သုတ်၊ သီလက္ခန္ဓ, မဟာဝဂ္ဂ, ပါထိက-ဟူသော ဝဂ်အရေအတွက် သုံးဝဂ်ရှိသည်ကိုရင်း (ဘာဝတ္ထ) ဒီဃ-နိကာယ-အရ ရှေးဦးစွာသော နိကာယ်ကို ယူရမည်၏အဖြစ်ကိုရင်း (သရုပ်ကြား အဘိဓေယျတ္ထ) ဒီဃနိကာယ-ဟူသောပုဒ်သည် ရုဠှီနာမ်ပုဒ်မဟုတ်၊ အန္ဓတ္ထနာမ်ပုဒ် ဖြစ်သည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(စ–ခ) ၌ ဒီဃပ္ပမာဏာနံ သုတ္တာနံ-ဖြင့် ဒီဃနိကာယော-ဝယ် ဒီဃ-အရ ရှည်သော ဂုဏ်ကို မယူရ၊ အရှည်ဂုဏ်အနက်ကို လွန်သော ရှည်သောပမာဏရှိသော သုတ္တန်ဒြပ်ကို ဂုဏူပစာအားဖြင့် ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(တနည်း) ဒီဃပ္ပမာဏာနံ-ဖြင့် ဒီဃ-သဒ္ဒါကို ဒီဃပ္ပမာဏာနိတိ ဒီဃာနိ-ဟု ပမာဏ တဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဏ-ပစ္စည်း၏ ပမာဏတဒ္ဓိတ်အနက်၌ သက်-သည်၏ အဖြစ်ကိုရင်း (ပစ္စယတ္ထ) သိစေပါသည်။

(တနည်း) ဒီဃပ္ပမာဏာနံ-ဖြင့် ဒီဃ-သဒ္ဒါကို ဒီဃံ ဧတေသံ အတ္ထီတိ ဒီဃာနိ-ဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်--ရင်း (အဘိဓာနတ္ထ) ဏ-ပစ္စည်း၏ အဿတ္ထိ တဒ္ဓိတ် အနက်၌ သက်သည်၏အဖြစ်ကိုရင်း (ပစ္စယတ္ထ) သိစေပါသည်။

သုတ္တာနံ-ဖြင့် ဒီဃနိကာယော-၌ ဒီဃ-အရ သုတ်တရားကို ယူရမည်ဟု သိစေပါ သည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

သမူဟတော နိဝါသတောစ-ဖြင့် ဒီဃနိကာယော-ဝယ် နိကာယ-သဒ္ဒါသည် သမူဟ နိဝါသ အနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

တစ်ဝါကျလုံးဖြင့် ဒီဃနှင့် နိကာယကို ဒီဃောစ သော နိကာယောစာတိ ဒီဃ -

http://www.dhammadownload.com



နိကာယော-ဟု ကမ္ဗတာရဲသမာသ် ၀စနတ္တ မပြုရ၊ ဒီဃာနံ နိကာယော ဒီဃနိကာယော ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ၀စနတ္တပြုရမည်ဟု သိစေသည်။ (သမာသလိင်္ကတ္တ)

(ဂ) ဖြင့် နိကာယသဒ္ဒါ၏ သမူဟအနက် နိ၀ါသအနက်ကို ဖွင့်ပြခြင်း၌ အတ္ထယုတ္တိကို သိစေပါသည်။ (ဘာ၀တ္တ)

(ဃ) ၌ နာဟံ (ပ) ပါဏာ-ဖြင့် နိကာယသဒ္ဒါ၏ သမူဟအနက်ကို ဟောရာ၌ သာသနာတော်အားဖြင့် (ဝါ) ပိဋကလာ ပါဠိအားဖြင့် သာဓကယုတ္တိကို သိစေပါသည်။ (ဘာ၀တ္တ) ပေါဏိကနိကာယော စိက္ခလ္လိကနိကာယော-ဖြင့် နိကာယသဒ္ဒါ၏ နိ၀ါသ အနက်ဟောရာ၌ သာသနာပ ဗာဟိရ လောကီကျမ်းလာ သာဓကယုတ္တိကိုသိ။(ဘာ၀တ္တ)

(င) ဖြင့် ဒီဃနိကာယောပုဒ်ကို ဒီဃာနံ နိကာယော ဒီဃနိကာယော-ဟု တပ္ပုရိသ် ပြုရသကဲ့သို့ငြင်း, နိကာယ-သဒ္ဒါသည် သမူဟ, နိ၀ါသ အနက်ကို ဟောသကဲ့သို့ငြင်း, ကြွင်းကျန်ကုန်သော မဇ္ဈိမနိကာယ စသည်ကိုလည်း မဇ္ဈိမာနံ နိကာယော မဇ္ဈိမနိကာယော ဟု တပ္ပုရိသ်ပြု၊ ယင်းတို့၌ နိကာယ-သည် သမူဟ, နိ၀ါသ အနက်တို့ကို ဟောသတည်းဟု သိစေပါသည်။ (ဘာ၀တ္တ သံ၀ဏ္ဏနာ)

➤ **၀**။ **သာဓက-ဟူသည်** ။ ။ အလိုရှိအပ်သော အနက်ကို ပြီးစေတတ်သော ကြောင့် ပြယုဂ် ဥဒါဟရုဏ်တို့ကို "သာဓက"ဟု ဆိုပါသည်။

➤ **၁ ၀**။ **သမန္တပသာဒိ-၌ ခတ်အရ** သဗ္ဗညုတဉာဏ်ကို ယူ၍ ငြင်းသည် ဓမ္မရတိဌာယီဘာ၀, ဓမ္မသိင်္ဂါရ၀ရသ မည်၏။ ဆန်းကြယ်သော တိရစ္ဆာန်အမျိုးမျိုး၊ တစ်ခုသော သတ္တ၀ါ အပေါင်းသည် အာရမ္မဏာဝိဘာ၀ မည်၏။ သကလဗုဒ္ဓဂုဏ် ဒသဗလဉာဏ်တို့ သည် ဥဒ္ဒီပနဝိဘာ၀ မည်၏။ နိကာယသဒ္ဒါ၏ သမူဟ၀ါစက အဖြစ်သည် သာသနာတော်၏ သာဓကဖြစ်၏ဟု သောတုဇနတို့ နာယူမှတ်သားခြင်း, မိမိစိတ်ကို ဆင်ခြင်ခြင်း စသော အကျိုးတရားတို့သည် အနုဘာ၀ မည်၏။

(စ) ၀ါက္ယ ၀ုန္ဒတိ-၌ ခတ်အရ ။ ။ ဒီဃနိကာယ်မည်၏ဟု ပြောဆိုသော အခြင်းအရာ အားဖြင့်ဖြစ်သော သတိ, ဝီရိယ, အဓိမောက္ခ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ရ၏။

(၁) ငြင်းစိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာ၀, ဓမ္မသိင်္ဂါရ၀ရသ မည်၏။ (၂) သုံးဆယ့် လေးပါးသော သုတ်အရေအတွက်ရှိခြင်း, သုံးပါးသော ၀ဂ်အရေအတွက်ရှိခြင်း, အနက် အား လျော်စွာသော အမည်ရှိခြင်း ဂုဏ်တို့သည် အာရမ္မဏာဝိဘာ၀ မည်၏။

(၃) ရှည်သော ပမာဏရှိသော သုတ်တို့၏ ပေါင်းစုရာ တည်ရာဖြစ်ခြင်း အကြောင်း တို့သည်ငြင်း, နိကာယ-သဒ္ဒါ၏ သမူဟအနက် နိ၀ါသအနက်ဟောခြင်း အကြောင်းတို့သည် ငြင်း ဥဒ္ဒီပနဝိဘာ၀ မည်၏။ (၄) ဒီဃနိကာယ်ဟု ဆိုသဖြင့် ဒီဃနိကာယ်မည်ပုံကို သိရခြင်း, ဒီဃနိကာယ်မည်ပုံကို နည်းမှီ၍ အခြားသော မဇ္ဈိမနိကာယ်မည်ပုံ စသည်များကို သိရ ခြင်းသည် အနုဘာ၀ မည်၏။

http://www.dhammadownload.com



* **အမေ့စေစ အဘ္ဘာစိက္ခတိ (ဋ္ဌ၊၂၃) ဋ္ဌ အဘိ-အာ-စိက္ခတိ-အရ** ဘုရားရှင်ကို လွှမ်းမိုးဘိစီးလိုသောမာန်ဖြင့် အရိဋ္ဌရဟန်းသဏ္ဌာန်၌ဖြစ်သော စွပ်စွဲ ပြောဆိုမှု ဒေါသ ပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်သည် ကောဓဒ္ဒောယိဘာဝ, ရုဒ္ဒရသ မည်၏။ ဘုရားရှင်သည်၎င်း, ပညတ်တော်မူအပ်သော သိက္ခာပုဒ်များသည်၎င်း အာရမ္မဏဝိဘာဝ မည်၏။ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ပါဠိတော်များ၌ မကောင်းသောအားဖြင့် သင်ကြားကျင့်ကြံခြင်း, အရိဋ္ဌရဟန်းသဏ္ဌာန်၌ဖြစ်သော အယောနိသော မနသိကာရ စသည်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ အပါယ်ငရဲသို့ ကျရောက်ခြင်းစသော မကောင်းကျိုး အဆက်ဆက်သည် အနုဘာဝ မည်၏။

**ဝါကျ (၂၉)**

**(က) သစေတဟိ ပဥ္စဟိ ကတာ၊ တေန "ပဥ္စသတာ" တိ စ၊**

**(ခ) ထေရေဟေဝ ကတတ္တာ စ၊ "ထေရိကာ" တိ ပဝုစ္စတိ၊** (ဋ္ဌ၊ ၂၆။ဘာဋီ၊ပ၊၁၄၃။)

**(ဂ) ပဋီတိ ဥပသဂ္ဂပဒံ၊** (ဋ္ဌ၊၂၇)

➤ ❶ ။ ယာ၊ယင်း ပဌမ မဟာသင်္ဂါယနာကို။လောကေ၊လောက၌။(ယေန၊အကြောင့်ကြောင့်။) ပဥ္စဟိ သတေဟိ၊ငါးရာသော ရဟန္တာတို့သည်။ကတာ၊ပြုတော်မူအပ်ပြီ။တေန၊ထိုကြောင့်။[ထိုသို့ ငါးရာသော ရဟန္တာတို့ ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့်။] (သာ၊ထိုပထမ မဟာသင်္ဂါယနာကို။) ပဥ္စ သတာတိစ၊ပဥ္စသတာ သင်္ဂါယနာဟူ၍၎င်း။[ငါးရာသော ရဟန္တာထေရ်တို့သည် ပြုအပ် ရွတ်ဆိုအပ်သော ပထမ မဟာသင်္ဂါယနာဟူ၍၎င်း] ပဝုစ္စတိ၊ဆိုအပ်၏။ (ခ) ထေရေဟေဝ၊ရဟန္တာ ထေရ်တို့ချည်းသာ။ကတတ္တာ၊ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့်။ထေရိကာတိစ၊ထေရိကာ သင်္ဂါယနာဟူ၍၎င်း။[မဟာထေရ်တို့သည်သာလျှင် ပြုအပ် ရွတ်ဆိုအပ် သရဇ္ဈာယ်အပ်သော ပထမ မဟာသင်္ဂါယနာဟူ၍၎င်း] ပဝုစ္စတိ၊ဆိုအပ်၏။

➤ ❷ ။ (က) သို့/ ဆရာ၊ ဆရာသည်ပထမမဟာသင်္ဂါယနာကို ပဥ္စသတာ-မည်၏ဟု ဆို၏။ ငါးရာသော ရဟန္တာတို့ထက် ပိုလွန်သော ခြောက်ရာ ခုနစ်ရာသော ရဟန္တာတို့သည် ပြုအပ် ရွတ်ဆိုအပ်သောကြောင့် ပထမ မဟာသင်္ဂါယနာကို ပဥ္စသတာ-ဟူ၍ ဆိုလိုပါသလော။ အဘယ့်ကြောင့် ပထမ မဟာသင်္ဂါယနာကို ပဥ္စသတာ မည်၏ဟူ၍ ဆိုအပ်ပါသနည်း။ အကယ်၍ ငါးရာထက်ပိုလွန်သော ရဟန္တာများ ပြုအပ် ရွတ်ဆိုအပ်သောကြောင့် ပထမ မဟာသင်္ဂါယနာသည် ပဥ္စသတာမည်၏ဟု ဆိုလျှင် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (က) မိန့်။

**ကား-** ရဟန္တာငါးရာမျှသာ ပြုအပ် ရွတ်ဆိုအပ်သောကြောင့် ပဥ္စသတာမည်၏ဟု ငါပြဆိုရကား သင်တင်သော အတိဗျာပိတဒေါသ ငါ့အား မရောက်ပါဟူလို။

http://www.dhammadownload.com



(ခ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် ရဟန္တာငါးရာမျှသာ ပြုအပ် ရွတ်ဆိုအပ်သော ကြောင့် ပထမ မဟာသင်္ဂါယနာကို ပဥ္စသတာမည်၏ဟု ဆိုတော်မူ၏။ ယင်း ပထမ မဟာသင်္ဂါယနာ၏ နာမည်ကို ပဥ္စသတာဟူ၍သာ ဆိုအပ်ပါသလော။ တပါးတခြားသော ပထမသင်္ဂါယနာ၏ နာမည်ကား အဘယ်ပါနည်း။ (အဗျာပိတတင်) (ခ) မိန့်။

. ကား- (ခ) ဖြင့် ပထမ မဟာသင်္ဂါယနာသည် မထေရ်တို့သည်သာလျှင် ရွတ်ဖတ် သရဇ္ဈာယ်အပ်သောကြောင့် ထေရိကာ-လည်း မည်သေး၏ဟူလို။

(ဂ) သို့/ ဆရာ၊ ဘုရားရှင်သည် ပဋိပန္နော ဟောတိ-ဝယ် ပဋိပုဒ်ကို ထည့်ဆို ဟော တော်မူ၏။ ဥပသာရပုဒ်နှစ်ဆယ်တို့၌ ပဋိ-ဟု မရှိရကား ယင်းပဋိပုဒ်ကို နိပါတ်-ဟု မှတ် သားရပါမည်လော။ အဘယ်ပုဒ်မျိုးဟူ၍ မှတ်သားကြရပါမည်နည်း။ အကယ်၍ ပဋိပုဒ် ၏ ပုဒ်နာမည်ကို မပြဆိုခဲ့သော် အတိဗျာပိတဒေါသ ဘုရားရှင်အား သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

ကား- (ဂ) ဖြင့် ဖလူပစာနည်းအားဖြင့် ပဋိ-သည် ဥပသာရဖြစ်၏ဟု ငါဖွင့်ဆိုရ ကား သင်တင်တိုင်းသော အတိဗျာပိတဒေါသ ဘုရားရှင်အား မရောက်ဟူလို။

➢ ❸ ။ [ က-ဝါကျကို ] (၁) နနု ထေရေဟေဝ ကတာ။ (၂) အထ ကသ္မာ ပဥ္စ သတာတိ ဝုစ္စတိ။ (၃) နနု သတေဟိ ပဥ္စဟိ ကတာ။ (၄) တသ္မာ ပဥ္စသတာတိ ဝုစ္စတိ၊

[ ဂ-ဝါကျကို ] (၁) နနု ဝီသတိ ဥပသဂ္ဂေသု ပဋိတိပဒံ နတ္ထိ။ (၂) အထ ကသ္မာ "ပဋီတိ ဥပသဂ္ဂပဒ"န္တိ ဝုတ္တံ။ (၃) နနု ဥပသဂ္ဂပဒပတိသဒ္ဒဿ ကာရိယံ ဟောတိ။

(၄) တသ္မာ "ပဋီတိ ဥပသဂ္ဂပဒ"န္တိ ဝုတ္တံ။

➢ ❹ ။ ကရိယတေတိ **ကထာ**။ (အသပဒ) ကာတဗ္ဗာတိ **ကထာ**။ (သပဒ)

(၃) ပြုအပ် ရွတ်ဆိုအပ်သော ကြိယာသကတ်သည် ဝစနဟေတု မည်၏။

(၅) ပထမ မဟာသင်္ဂါယနာသည် (ဝါ) အဝိနာဘာဝနည်းအားဖြင့် ဗုဒ္ဓဝစနပါဠိတော် များသည် ဝစနီယ မည်၏။ (၆) ပဥ္စသတာ, ထေရိကာ-စသော ပရိယာယ် သဒ္ဒါများ သည် ဝစနီယတ္ထ မည်၏။

❺ ။ ကတတ္တာ-၌ တ္တသမ္ဗန်ကား ယာယ ပထမမဟာသင်္ဂီတိယာ။ (၏/ကို စပ်)

➢ ❻ ။ (က) ၌ သတေဟိ ပဥ္စဟိကတာ တေန-ဖြင့် ပဥ္စသတာပုဒ်ကို ပဥ္စသတေဟိ ကတာ ပဥ္စသတာ-ဟု ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ဏပစ္စည်း၏ ကတတဒ္ဓိတ်၌ သက်--ရင်း (ပစ္စယတ္ထ) (တနည်း) ပဥ္စ သတာနိ ဧတိဿာ ပထမ မဟာ သင်္ဂီတိယာတိ ပဥ္စသတာ-ဟု စတုတ္ထိ ဗဟုဗ္ဗီဟိသမာသ် ပြု--ရင်း (သမာသလိင်္ဂပဒ) ယင်းသမာသ်သည် သမ္ဗဒါန်အနက်ကို ဟော--ရင်း (သမာသတ္ထ) ပထမ မဟာသင်္ဂါယနာကို ရဟန္တာငါးရာတို့ ပြုအပ် ရွတ်ဆိုအပ် သရဇ္ဈာယ်အပ်သောကြောင့် ပဥ္စသတာ-ဟု ခေါ် အပ်သည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

http://www.dhammadownload.com



(စ) ၌ ထေရေဟာ၀ ကတတ္တာ-ဖြင့် ထေရိကာပုဒ်ဝယ် ဝါကျအခိုက် ထေရသဒ္ဒါ နောင်၌ ဧဝ-သဒ္ဒါကျေနေသည်ကိုရင်း (ဘာဝတ္ထ) ယင်းကျေနေသော ဧဝ-သဒ္ဒါဖြင့် စူဠထေရ် မဇ္ဈိမထေရ်တို့ကို တားမြစ်အပ်သည်ကိုရင်း (ဘာဝတ္ထ) ထေရိကာ၌ ဣကပစ္စည်းသည် ကတတဒ္ဓိတ်၌ သက်--ရင်း (ပစ္စယတ္ထ) (ဝါ) အဿတ္ထိ အနက်၌ သက်--ရင်း (ပစ္စယတ္ထ) ထေရေဟိ ကတာ ထေရိကာ (တနည်း) ထေရာ ဧတိဿာ အတ္ထီတိ ထေရိကာ ဟု ကတတဒ္ဓိတ် (တနည်း) အဿတ္ထိတဒ္ဓိတ်ပြု--ရင်း (အဘိဓာနတ္ထ) မဟာထေရ်တို့သည်သာ ရွတ်ဆိုအပ်သောကြောင့် ပထမ မဟာသင်္ဂါယနာကို ထေရိကာ-ဟူ၍ ခေါ်ဆိုအပ်သည်ကိုရင်း (ဘာဝတ္ထ) ပထမ မဟာသင်္ဂါယနာကို ပဥ္စသတာ-ဟူ၍သာ ဆိုအပ်သည် မဟုတ်သေး၊ ထေရိကာ-ဟူ၍လည်း ခေါ်ဆိုအပ်သေးသည်၏--ရင်း (ဘာဝတ္ထ) သိ။

(ဂ) ဖြင့် ပဋိ-ဟူသော ပုဒ်သည် နိပါတ်ပုဒ် မဟုတ်၊ ဥပသာရပုဒ် ဖြစ်သည်ကိုရင်း (ဥပသဂ္ဂလိင်္ဂပဒ) ဤသို့ ဥပသာရ-ဟု ဆိုခြင်းသည် မုချနည်းအားဖြင့် ဆိုထားခြင်း မဟုတ်၊ အကျိုးဖြစ်သော မုဒ္ဓဇ ပဋိ-သဒ္ဒါ၏ ဥပသဂ္ဂပဒဟူသော နာမည်ကို အကြောင်းဖြစ်သော ဒန္တဇဥပသာရ ပတိသဒ္ဒါ၌ တင်စား၍ခေါ်ဝေါ်သော ဖလူပစာနည်းအားဖြင့် ပဋိ-ကို ဥပသဂ္ဂပဒဟူ၍ ခေါ်ထားသည်၏အဖြစ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

➢ ❶ ။ ထေရေဟာဝ--၌ ထေရ--အရ ။ ။တိပိဋကဓရ ပရိယတ္တိပဘေဒဂုဏ်ထူး ပဋိသမ္ဘိဒါပတ္တဂုဏ်ထူး မဟာနုဘာဝဂုဏ်ထူး များသောအားဖြင့် တေဒဂ်ဂုဏ်ထူးနှင့် ပြည့်စုံကြကုန်သော မဟာထေရ် ရဟန္တာငါးရာတို့ကိုသာ ယူရပါမည်။

---

**ပါဠိကျ (၃၈)**

**(က) မေသဒ္ဒေါ တီသု အတ္ထေသု ဒိဿတိ၊**

**(ခ) တထာ ဟိဿ ""ဂါထာဘိဂီတံ မေ အဘောဇနေယျ"" န္တိ အာဒီသု မယာတိ အတ္ထော၊**

**(ဂ) ""သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု"" တိ အာဒီသု မယှန္တိ အတ္ထော၊**

**(ဃ) ""ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထာ"" တိ အာဒီသု မမာတိ အတ္ထော။**

**(င) ဣဓ ပန မယာ သုတန္တိ စ မမ သုတ္တန္တိ စ အတ္ထဒွယေ ယုဇ္ဇတိ၊ (၃၊ ၂၈။ဘာသာဋီ၊၁၆၃)**

**(ခ) ကို ဥပထာဒဋ္ဌိုကြံ၍ (က-ခ-ဂ-ဃ) တို့ကို ဝါကျပရိဝတ္တနအနက်**

➢ ❶ ။ (က) မေသဒ္ဒေါ၊မေသဒ္ဒါသည်။(ဝါ) ကို။တီသု၊သုံးပါးကုန်သော။အတ္ထေသု၊ အနက်တို့၌။ဒိဿတိ၊ထင်ရှား၏။(ဝါ) တွေ့မြင်အပ်၏။[ကသ္မာ၊အဘယ့်ကြောင့်။မေသဒ္ဒေါ၊ (ပ) ဒိဿတိ၏။ဣတိ၊သို့။ဝိညာယတိ၊သိအပ်သနည်း။ဟိ-ယသ္မာ၊အကြောင့်ကြောင့်။အဿ၊ ထိုမေသဒ္ဒါ၏။ (ပ) အတ္ထော၊သည်။ဟောတိ၏။တသ္မာ၊ထို့ကြောင့်။မေသဒ္ဒေါ၊သည်။(ပ) ဒိဿတိ၏။ဣတိ၊သို့။ဝိညာယတိ၊သိအပ်၏။

(ခ) တထာဟိ၊ထိုစကား မှန်၏။/တထာဟိ၊ထိုစကားကို ချဲ့ဦးအံ့။အဿ၊ထိုမေ-သဒ္ဒါ

http://www.dhammadownload.com



၏။ဂါထာဘိဂီတံ မေ အဘောဇနေယျန္တိ အာဒိသုံးယျံ-အစရှိသော ပါဠိရပ်တို့၌။မယာတိ၊ မယာဟူသော။အတ္ထော၊အနက်သည်။ဟောတိ၊၏။ [မေ၊ငါသည်။ဂါထာဘိဂီတံ၊ဂါထာဖြင့် ရွေးရှု သီဆိုအပ်သော ဆွမ်းကို။အဘောဇနေယျံ၊စားခြင်းကို မထိုက်။(ဝါ) မစားထိုက်။]

(ဂ) သာဓု (ပ) ဒေသေတူတိ အာဒိသု၊ဒေသေတု အစရှိသော ပါဠိရပ်တို့၌။မယ္ဟန္တိ၊ မယှံဟူသော။အတ္ထော၊သည်။ဟောတိ၊၏။ [ဘန္တေ၊မြတ်စွာဘုရား။သာဓု၊တောင်းပန်ပါ၏။ ဘဂဝါ၊မြတ်စွာဘုရားသည်။မေ၊တပည့်တော်အား။သံခိတ္တေန၊အကျဉ်းအားဖြင့်။ဓမ္မံ၊ကို။ ဒေသေတု၊ဟောတော်မူပါ။]

(ဃ) ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထာတိ အာဒိသု၊တို့၌။မမာတိ၊မမ-ဟူသော၊ အတ္ထော၊သည်။ဟောတိ၊၏။ [ဘိက္ခဝေ၊ဘိက္ခုတို့။မေ၊ငါ၏။ဓမ္မဒါယာဒါ၊တရားတည်းဟူ သော အမွေကို ခံယူတတ်သူတို့သည်။ဘဝထ၊ဖြစ်ကြကုန်လော။]

(င) ပန၊အတ္ထုဒ္ဓါရ သာမညမှတစ်ပါး အတ္ထုဒ္ဒေသ ဝိသေသကို ဆိုဦးအံ့။ဣဓ၊ဤ ဧဝံ မေ သုတံ ဟူသောပါဌ်၌။မယာ၊တပည့်တော်သည်။သုတံ၊နာယူမှတ်သား ဆောင်ထား အပ်ပါပြီ။ဣတိစ၊ဤသို့ရင်း။မမ၊၏။သုတံ၊နာယူမှတ်သား ဆောင်ထားခြင်းသည်။ဟောတိ၊ ၏။ဣတိစ၊ဤသို့ရင်း။အတ္ထဒွယေ၊အနက်နှစ်ပါးအပေါင်း၌။ယုဇ္ဇတိ၊သင့်၏။ (ဘာဋီ-၁၆၃)

[ င-ဝါကျ ကိဉ္စာပိ ဝါကျဆည့်] ပန၊ထိုသို့ မေသဒ္ဒါသည် အဝုတ္တကတ္တား သမ္ဗန္ဓ သမ္ဗန်သုံးနက်တို့၌ ထင်ပါသော်လည်း။ဣဓ၊ဤ ဧဝံ မေ သုတံ-ဟူသော စကားရပ်၌။ သုတသဒ္ဒဿ၊သုတ-သဒ္ဒါ၏။ ကမ္မဘာဝသာဓနဝသေန၊ကမ္မသာဓန ဘာဝသာဓန၏ အစွမ်းအားဖြင့်။ဒွိဓိပ္ပါယိကပဒတ္တာ၊အဓိပ္ပါယ်နှစ်မျိုးထွက်နေသော ပုဒ်၏ အဖြစ်ကြောင့်။ (ဟိတ်) မယာ၊ငါသည်။(ပ) ယုဇ္ဇတိ၊သင့်၏။

➤ ❷ ။ (စ) စသည်သို့/ အနုသန္ဓ ။ ။ ဤသို့ (က) ဖြင့် မေ-သဒ္ဒါသည် အနက် သုံးပါးတို့၌ ထင်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်း မေ-သဒ္ဒါ၏ အနက်သုံးပါး၌ ထင်ပုံ ကို ဥဒါဟရုဏ် ပုံစံ အသီးသီးဖြင့် ခိုင်မြဲစေလိုသော ဆရာသည် (ဝါ) ချဲ့ပြလိုသော ဆရာသည် (ခ) စသည်ကို မိန့်။

(စ) သို့/ စောဒနာ ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် မေ-သဒ္ဒါသည် အနက် သုံးပါးတို့၌ ထင်၏ဟု ပြဆို၏။ မေ-သဒ္ဒါ ထင်သော အနက်သုံးပါးကို အာဂုံ သာဂေ ပါဠိတို့ဖြင့် ထုတ်ဆောင်၍ အကျယ်ဝေဖန်ကာ မဖွင့်ပြတော့ပြီလော။ မေ-သဒ္ဒါ၏ အနက်သုံးပါးကို အကျယ်ချဲ့ပြမည့် အာဂုံ သာဂေ ပါဠိတို့ကား အဘယ်ပါနည်း။ မေ သဒ္ဒါ၏ အနက်သုံးပါးကို အာဂုံ သာဂေ ပါဠိတို့ဖြင့် ချဲ့၍ မပြသော် ဆရာအား အဗျာ ပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ အနုသန္ဓ ။ ။ ဤသို့ (ခ) ဖြင့် မေသဒ္ဒါ၏ မယာအနက်၌ ဖြစ်ခြင်းကို ဥဒါဟရုဏ်နှင့်တကွ ပြပြီး၍ ယခုအခါ၌ ဇင်း မေ-သဒ္ဒါ၏ မယှံအနက်၌ဖြစ်ခြင်းကို

http://www.dhammadownload.com



ဓာရေတီတိ ဓမ္မော။

ဒါတဗ္ဗောတိ **ဒါယော**။ (၃) ပေးခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အမွေဖြစ်သည် ဝစနီယ မည်၏။ (၆) ဒါယဇ္ဇ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဒါယံ အာဒဒန္တီတိ **ဒါယာဒါ**။ (၃) ဒါယ-အရ အမွေဥစ္စာ၏ ယူခြင်းကြိယာ (ဝါ) ယူကုန်သောသူတို့နှင့် အာရုံ-အာရမ္မဏိက/ကမ္မ-ကမ္မီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်၎င်း ယူခြင်းကြိယာသကတ်သည်၎င်း ဝစနဟေတု မည်၏။ (၅) အမွေခံပုဂ္ဂိုလ်တို့ဖြစ်သည် ဝစနီယ မည်၏။ (၆) ပုတ္တာ, အတြဇာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ဓမ္မဒါယံ အာဒိယန္တိ ဂဏှန္တီတိ **ဓမ္မဒါယာဒါ**။ (၃) တရားတည်းဟူသော အမွေဥစ္စာ၏ ခံယူသော ပုဂ္ဂိုလ်နှင့် သံ-သာမိ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) တရားအမွေကို ခံယူသော ပုဂ္ဂိုလ်အနက်ဖြစ်သည် ဝစနီယ မည်၏။ (၆) အနုတ္တရဒါယာဒ, လောကုတ္တရဒါယာဒ, အနုတ္တရဒါယဂ္ဂါဟာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဓမ္မော ဒါယာဒေါ ဧတေသန္တိ **ဓမ္မဒါယာဒေါ**။/ဓမ္မော စ သော ဒါယောစာတိ ဓမ္မဒါယော။ ဓမ္မဒါယံ အာဒိယန္တီတိ **ဓမ္မဒါယာဒေါ**။

(၃) တရားတည်းဟူသော အမွေဥစ္စာနှင့် ရဟန်းဖြစ်တို့၏ သံ-သာမိ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်၎င်း၊ တရားအမွေဥစ္စာကို ခံယူခြင်း ကြိယာ သကတ်သည်၎င်း ဝစနဟေတု မည်၏။ (၅) တရားအမွေခံ ရဟန်းတော်များဖြစ်သည် ဝစနီယ မည်၏။

(၆) ဘိက္ခု, သမဏာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* ဂါယတီတိ **ဂါထာ**။ (၃) အသံပြုခြင်း ရွတ်ဆိုခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ ဂါထာဗန္ဓဖြစ်သည် ဝစနီယ မည်၏။ ပဇ္ဇ, သိလောက-စသော ပရိယာယ်သဒ္ဒါသည်များသည် ဝစနီယတ္ထမည်၏။

* ဂါယတီတိ ဂါထာ၊ ဂါယိတဗ္ဗန္တိ ဂီတံ၊ အဘိမုခံ ဂီတံ အဘိဂီတံ၊ အဘိမုခံ ဂါယိတဗ္ဗန္တိ အဘိဂီတံ။ ဂါထာယ အဘိဂီတံ **ဂါထာဘိဂီတံ**။ (၃) ဂါထာနှင့် အဘိဂီတ-အရ တောင်းအပ်သော ဘောဇဉ်တို့၏ အကြောင်း အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ * သံဝိဝိယတေ ဧကဒေသေတော ကထိယတေတိ **သံခိတ္တံ**။

➤ ❸ ။ **ဓမ္မဒါယာဒါ**-ကို ဓမ္မဒါယာဒတ္တာ-ဟု ဟိတ်ပြင်လျှင် တုမှာက်-ဟု သမ္ဗန်ခံရပါမည်။ (တို့၏/တို့သည် စပ်)

**သုတံ**-ကို သုတတ္တာ-ဟု ဟိတ်ပြင်လျှင် ဂ္ဂမသာ သုတ္တဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/ကို စပ်) * **ဝိဿဇ္ဇိ**-ကို ဝိဿမာနတ္တာ-ဟု ဟိတ်ပြင်လျှင် မေ သဒ္ဒဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည်+ကို စပ်)

http://www.dhammadownload.com



ဥဒါဟရုဏ်နှင့်တကွ ပြလိုသော ဆရာသည် (ဂ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် မေသဒ္ဒါ၏ မယာအနက်၌ဖြစ်ပုံကို အာဂုံပါဠိသာဓကတို့ဖြင့် ပြဆို၏။ မေသဒ္ဒါ၏ မယ့်အနက်ဖြစ်ပုံကိုလည်း အာဂုံ ပါဠိ သာဓကတို့ဖြင့် ဖွင့်ပြသင့်သည် မဟုတ်ပါလော။ မေသဒ္ဒါ၏ မယ့်အနက်၌ ဖြစ်ပုံကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဆရာ၊ ဆရာသည် (ဂ) ဖြင့် မေသဒ္ဒါ၏ မယ့်အနက်၌ ဖြစ်ပုံကို ဥဒါဟရုဏ်နှင့်တကွ ပြဆိုတော်မူ၏။ ထိုမေသဒ္ဒါ၏ အခြားသော မမ-ဟူသော အနက်၌ ဖြစ်ပုံ ဥဒါဟရုဏ်ကို မပြဆိုတော့ပြီလော။ ပြဆိုပုံကား အဘယ်ပါနည်း။ စုဒ်- (ဃ) မိန့်။

(င) သို့/ ဆရာ၊ ဆရာသည် (ခ) စသော ဝါကျတို့ဖြင့် မေ-သဒ္ဒါ၏ အနက်ကို ဥဒါဟရုဏ်နှင့်တကွ ပြဆိုတော်မူ၏။ ရင်းမေသဒ္ဒါသည် ဤ ဧဝံ မေ သုတံ-ဟူသော အဓိပ္ပါယ်ရကနိဒါန်း၌ အဘယ်မျှသောအနက်၌ ဖြစ်သင့်ပါသနည်း။ မယာ သုတံ-စသော အနက်၌သာ ဖြစ်သင့်ပါသလော။ (ဝါ) မမ သုတံ-စသော အနက်၌ ဖြစ်သင့်ပါသလော။ [ဥိနစောဒနာ] ✱မယာ သုတံ, မမ သုတံအနက်မှတပါး မယ့် သုတံဟူသော အနက်၌သာ ဖြစ်သင့်ပါသလော။ [အညစောဒနာ] ✱ မယာ သုတံ, မမ သုတံ, မယ့် သုတံ-ဟူသော အလုံးစုံသော သုံးပါးသောအနက်တို့၌ ဖြစ်သင့်ပါသလော။ [အဓိကစောဒနာ] ဤ၌ အလိုရှိအပ်သော အနက်ကို မပြဆိုက ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (င) မိန့်။

➤ ❷။ [ က+င– ဝါကျတို့၌ ] (၁) နနု မေ သဒ္ဒေါ တီသု အတ္ထေသု ဒိဿတိ။ (၂) အထ ကသ္မာ "ဣမဲ မယာ သုတ"န္တိ စ "မမ သုတ"န္တိ စ အတ္ထဒ္ဝယေ ယုဇ္ဇတီတိ ဝုတ္တံ။ (၃) နနု သုတပဒံ ကမ္မဘာဝသာဓနဝသေန ဒွါဓိပ္ပါယိကပဒံ ဟောတိ။

(၄) တသ္မာ "ဣမဲ မယာ သုတ"န္တိ စ "မမ သုတ"န္တိ စ အတ္ထဒ္ဝယေ ယုဇ္ဇတီတိ ဝုတ္တံ။

[ က–ဝါကျကို ၌ ] (၁) နနု နိယကဇ္ဈတ္တသန္တတိဝသေန ဧကသ္မိံယေဝတ္ထေ မေ သဒ္ဒေါ ဒိဿတိ။ (၂) အထ ကံ သန္ဓာယ "တီသု အတ္ထေသု ဒိဿတီ"တိ ဝုတ္တံ။

(၃) နနု ကရဏ သမ္ပဒါန သာမိနိဒ္ဒေသဝသေန ဝိဇ္ဇမာနဝိဘတ္တိဘေဒေါ ဟောတိ။

(၄) တံ သန္ဓာယ "တီသု အတ္ထေသု ဒိဿတီ"တိ ဝုတ္တံ။

✱ **မန အနက်** ။ ။ ပနသဒ္ဒါသည် စပ်ရာနည်းသောကြောင့် ဂရဟာအနက်ကို ထွန်းပြပါသည်။

➤ ❸။ ဘုဉ္ဇိတဗ္ဗန္တိ **ဘောဇနေယျံ**။ (၃) သုံးဆောင်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) သုံးဆောင်အပ်သော ဘောဇဉ်သည် ဝစနီယမည်၏။

(၆) ဘုဉ္ဇိတဗ္ဗံ , ဘောဇနံ, ဘတ္တံ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္တမည်၏။

✱ ဘောဇနံ အရဟတီတိ ဘောဇနေယျံ။ န ဘောဇနေယျံ **အဘောဇနေယျံ**။

http://www.dhammadownload.com



**ဒိဿတိ**-ကို (ကတ္တုရုပ် ကြံလျှင်) ဒိဿန္တတ္တာ-ဟု ဟိတ်ပြင်၍ မေသဒ္ဒသ-ဟု သမ္ဗန် ခံရမည်။ (၏/သည် စပ်) **ဒိဿတိ**-ကို ကမ္မရုပ်ကြံလျှင် ဒဿိယမာနတ္တာ-ဟု ဟိတ်ပြင် ၍ မေသဒ္ဒသ-ဟု သမ္ဗန်ခံရမည်။ (၏/ကို စပ်)

➤ ❻ ။ (က) ဖြင့် မေသဒ္ဒါသည် (ဝါ) မေ-၌ နာဝိဘတ် သ-ဝိဘတ်တို့သည် သဒ္ဒါအထူးကို မငဲ့သော် (မယာ) ကရိုဏ်းအနက် (မယှံ) သမ္ပဒါန်အနက် (မမ) သာမိအနက် သုံးပါးကို ဟောသတည်းဟု သိစေပါသည်။ (ဝိဘတျတ္ထ)

(ခ) ဖြင့် မေသဒ္ဒါ အနက်သုံးမျိုး၌ဖြစ်သော်လည်း အဘိဂိတံဟူသော ကတ္တားငဲ့သော ကြိယာကြောင့် မ-မယာဟု ကတ္တားအနက်ဖြစ်ရပုံ ဥဒါဟရုဏ်ကို သိ။ (ဝိဘတျတ္ထ၊ဘာဝတ္ထ)

(ဂ) ဖြင့် မေသဒ္ဒါ၏ သမ္ပဒါန်ငဲ့သော ဒေသေတုကြိယာနှင့်စပ်သောကြောင့် မေ-မယှံဟု သမ္ပဒါန်အနက်၌ဖြစ်ရပုံ ဥဒါဟရုဏ်ကို သိစေသည်။ (ဝိဘတျတ္ထ၊ဘာဝတ္ထ)

(ဃ) ဖြင့် မေသဒ္ဒါ၏ ဓမ္မဒါယာဒါပုဒ်ကဲ့သို့သော သမ္ဗန္ဓိပုဒ်နှင့် စပ်ရာ၌ မေ-မမ ဟု သမ္ဗန်အနက်၌ ဖြစ်ရပုံ ဥဒါဟရုဏ်ကို သိစေပါသည်။ (ဝိဘတျတ္ထ၊ ဘာဝတ္ထ)

(င) ဖြင့် မေသဒ္ဒါသည် (ဝါ) အမှသဒ္ဒါနှင့်ယှဉ်သော နာဝိဘတ် သဝိဘတ်သည် သဒ္ဒါအထူးကို မငဲ့သော် ကရိုဏ်းအနက်, သမ္ပဒါန်အနက်, သာမိအနက်ကို ဟောနိုင် သော်လည်း ဤအရာ၌ သုတံ-ဟူသော သဒ္ဒါအထူးကို ငဲ့ရကား ကရိုဏ်းအနက်, သာမိ အနက်ကို ဟောသတည်းဟု သိစေပါသည်။ (ဝိဘတျတ္ထ)

(တနည်း) မေသဒ္ဒါသည် (ဝါ) အမှသဒ္ဒါနှင့်ယှဉ်သော နာဝိဘတ် သဝိဘတ်သည် ကရိုဏ်းအနက်, သမ္ပဒါန်အနက်, သာမိအနက်ကို ဟောနိုင်သော်လည်း ကရိုဏ်းအနက်, သာမိ အနက် နှစ်ပါးကိုသာ လိုအပ်သတည်းဟု သိစေပါသည်။ (အဓိပ္ပေတတ္ထ)

➤ ❼ ။ **မေ-သဒ္ဒါသည် သုံးပါးသော အနက်တို့၌ ထင်၏ဟု ဆိုရပုံ**

နိယကဇ္ဈတ္တ အစဉ်၏အစွမ်းဖြင့် တစ်ခုသော အနက်၌သာ မေသဒ္ဒါထင်ပါသော် လည်း- ကရိုဏ် သမ္ပဒါန် သာမိအနက်ကို ညွှန်းပြခြင်းဖြင့် ထင်ရှားသော ဝိဘတ်ကိုရည် ၍ မေ-သဒ္ဒါသည် သုံးပါးသော အနက်တို့၌ ထင်၏ဟု ဆိုရပါသည်။

✱ **အရှင်အာနန္ဒာ တစ်ပါးတည်းသာ ဥပဋ္ဌာက ဧတဒဂ်ရရှိခြင်းအကြောင်း**

အရှင်အာနန္ဒာမှတစ်ပါး အခြားသော ရဟန်းတို့သည် ဘုရားရှင်ကို ပြုစုလုပ်ကျွေး ကြပါသော်လည်း ထိုအခြားသော ရဟန်းတော်တို့သည် ဘုရားရှင်၏ စိတ်ကျေနပ်လောက် အောင် မပြုစု မလုပ်ကျွေးနိုင်ကြပါ။ အရှင်အာနန္ဒာသည်ကား ဥပဋ္ဌာက အလုပ်အကျွေး ရာထူးကို ရသည့်နေ့မှစ၍ အားထုတ်သော ဝီရိယရှိသည်ဖြစ်၍ ဘုရားရှင်၏ စိတ်ကျေနပ် လောက်အောင် ပြုစုလုပ်ကျွေးနိုင်ပါသည်။ ထို့ကြောင့် ဥပဋ္ဌာက ရဟန်းတို့တွင် အရှင် အာနန္ဒာသာ အသာလွန်ဆုံး ဥပဋ္ဌာကဧတဒဂ်ကို ရရှိပါသည်။ (ဋီ)

✱ **အရှင်အာနန္ဒာ၏ ဧတဒဂ် (၅) တန်ကား ။ ။** (၁) ဗဟုသုတရှိသူတို့တွင် အမြတ်

http://www.dhammadownload.com



ဆုံး၊ (၂) ပညာလွန်ကဲသူတို့တွင် အမြတ်ဆုံး၊ (၃) သတိလွန်ကဲသူတို့တွင် အမြတ်ဆုံး၊ (၄) လုံ့လဝီရိယ ရှိသူတို့တွင် အမြတ်ဆုံး။ (၅) လုပ်ကျွေးတတ်သူတို့တွင် အမြတ်ဆုံး။

➢ ❶❶။ (ဃ) ဝါကျကို၌ ။ ။ လောကုတ္တရာဓမ္မ အမွေဥစ္စာကို ခံယူနိုင်ရန် ညွှန်ကြားပြသဆုံးမ၍ တိုက်တွန်းတော်မူသော ဘုရားရှင်၏ သန္တာန်၌ဖြစ်သော အဒေါသ မေတ္တာ ဉာဏ်ပြဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဌာယိ ဘာဝ, ဓမ္မသိဂ်ါရ ရသ မည်၏။ လောကုတ္တရာဓမ္မ အမွေဥစ္စာနှင့် ယင်းအမွေဥစ္စာကို ခံယူကြမည့် ရဟန်းတော်များသည် အာရမ္ဗဏဝိဘာဝ မည်၏။ လောကုတ္တရာ တရားများ၏ သံသရာဝဋ်ဆင်းရဲ ထွက်မြောက်နိုင်ခြင်း-စသော ဂုဏ်ကျေးဇူးတရားများသည် ဥဒ္ဒီပန ဝိဘာဝ မည်၏။ ဘုရားရှင်၏ တိုက်တွန်းမှုကိုလိုက်နာကျင့်ကြံ အားထုတ်မှုပြုလုပ် ကြသဖြင့် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကာ လောကုတ္တရာ အမွေဥစ္စာကို ရခြင်း စသော အကျိုးတရားများသည် အနုဘာဝ မည်၏။

## **ဝါကျ (၃၁)**

**(က) သုတန္တိ အယံ သုတသဒ္ဒေါ သဥပသဂ္ဂေါစ အနုပသဂ္ဂေါစ ဂမနဝိဿုတ ကိလိန္န ဥပ - စိတာနုယောဂ သောတဝိညေယျသောတဒွါရာနုသာရဝိညာတာဒိအနေကတ္ထပ္ပဘေဒေါ။**

**(ခ) တထာဟိဿ "သေနာယ ပသုတော" တိ အာဒိသု ဂစ္ဆန္တောတိ အတ္ထော၊ "သုတ - ဓမ္မဿ ပဿတော" တိ အာဒိသု ဝိဿုတဓမ္မဿာတိ အတ္ထော။**

**(ဂ) "သုတဓရော သုတသန္နိစယော" တိ အာဒိသု သောတဒွါရာနုသာရဝိညာတဓရောတိ အတ္ထော၊ (ဃ) ဣဓ ပနဿ သောတဒွါရာနုသာရေန ဥပဓာရိတန္တိ ဝါ ဥပဓာရဏန္တိ ဝါတိ အတ္ထော။**

**(င-၁) မေသဒ္ဒဿ ဟိ မယာတိ အတ္ထေ သတိ ဧဝံ မယာ သုတံ သောတဒွါရာနုသာရေန ဥပ - ဓာရိတန္တိ ယုဇ္ဇတိ၊ (င-၂) မမာတိ အတ္ထေ သတိ ဧဝံ မမ သုတံ သောတဒွါရာနုသာရေန ဥပဓာရဏန္တိ ယုဇ္ဇတိ၊** (ဋ၊၂၉။ ဘာသာဋီကာ၊ပ၊ ၁၆၅)

(င) ဝါကျနှင့်အညီ **ဧဝံ မေ သုတံ အနက်** ။ ။ ဣဒံသုတ္တံ၊ဤဗြဟ္မဇာလသုတ် ကို။ဧဝံ၊ဤသို့ များစွာသော အခြင်းအရာတို့တွင် တပါးသော အခြင်းအရာအားဖြင့်၊ (အာကာရတ္ထ) ဧဝံ၊ဤသို့ မြတ်စွာဘုရား ဟောတော်မူတိုင်းသော နည်းဖြင့်။(နိဒဿနတ္ထ) ဧဝံ၊ဤသို့သော သဒ္ဒါအနက်အားဖြင့် မယုတ်မလွန်မူ၍ ဘုရားဟောတော်မူသည့် အတိုင်း သာလျှင်။ (အဝဓာရဏအနက်) မေ-မယာ၊အကျွန်ုပ် အာနန္ဒာ မထေရ်သည်။သုတံ၊ကြား နာအပ်ပြီ။ (ဝါ) သောတဒွါရသို့ အစဉ်လိုက်သော မနောဝိညာဉ်ဖြင့် နာခံ မှတ်သားအပ် ပြီ။ (တနည်း) ဣမဿ သုတ္တဿ၊ကို။ဧဝံ၊အားဖြင့်။(ဝါ) နည်းဖြင့်။ (ဝါ) သာလျှင်။မေ- မမ၊အကျွန်ုပ်အာနန္ဒာမထေရ်၏။သုတံ၊ကြားနာရခြင်းသည်။(ဝါ) သောတဒွါရသို့ အစဉ် လိုက်သော မနောဝိညာဉ်ဖြင့် နာခံမှတ်သားရခြင်းသည်။အဟောသိ၊ဖြစ်ပြီ။

http://www.dhammadownload.com



➤ ❶ ။(က) သုတန္တိတွေ၊သုတ်-ဟူသော ဤပုဒ်၌။သဥပသဂ္ဂေါစ၊ဥပသာရနှင့်တကွ ဖြစ်သည်လည်းဖြစ်သော၊အနုပသဂ္ဂေါစ၊ဥပသာရ မရှိသည်လည်းဖြစ်သော။အယံ သုတ သဒ္ဒေါ၊ဤ သုတ-သဒ္ဒါသည်။ဂမန ဝိဿုတ ကိလိန္န ဥပစိတာနုယောဂ သောတဝိညေယျ သောတ ဒွါရာနုသာရ ဝိညာတာဒိအနေကတ္ထပ္ပဘေဒေါ၊သွားခြင်းဟူသောအနက်, ထင်ရှား ကျော်စော ဟူသောအနက်, စိုစွတ်ဟူသောအနက်, ဆည်းပူးအပ်သော အနက်, အား ထုတ်ခြင်းဟူသော အနက်, သောတဝိညာဉ်သည် သိထိုက်သော သဒ္ဒါရုံဟူသောအနက်, သောတဒွါရသို့ အစဉ်လိုက်သော မနောဝိညာဉ်သည် သိထိုက်သော တရားဟူသော အနက်, အစရှိသော တစ်ပါးမက များသောအနက် အပြားရှိ၏။

(ခ) တထာဟိ၊ထိုစကားမှန်၏။/တထာဟိ၊ထိုစကားကို ချဲ့ဦးအံ့။ အဿ၊ထိုသုတ-သဒ္ဒါ၏။သေနာယ ပသုတောတိ အာဒီသု၊အစရှိသော ပါဠိရပ်တို့၌။ဂစ္ဆန္တော၊သွားသူ။ ဣတိ အတ္ထော၊ဤအနက်သည်။ဟောတိ၏။[သေနာယ၊စစ်တပ်သို့။ပသုတော၊သွားသူ။]

သုတဓမ္မဿ ပဿတောတိ အာဒီသု၊အစရှိသော ပါဠိရပ်တို့၌။ဝိဿုတဓမ္မဿ၊ထင်ရှား ကျော်စောသော တရားရှိသော။ဣတိ အတ္ထော၊ဤအနက်သည်။ဟောတိ၏။[သုတဓမ္မဿ၊ထင်ရှား ကျော်စောသော တရားရှိထသော။ပဿတော၊နိဗ္ဗာန်တည်းဟူသော ဥပဓိဝိဝေကကို ဉာဏ်စက္ခုဖြင့် မြင်စွမ်းနိုင်ထသော။]

(ဂ) သုတဓရော သုတသန္နိစယောတိ အာဒီသု၊တို့၌။သောတဒွါရာနုသာရဝိညာတဓရော၊သောတဒွါရသို့ အစဉ်လိုက်သော မနောဝိညာဉ်သည် သိအပ်သော တရားကို ဆောင်နိုင်သူ။ဣတိ အတ္ထော၊ဤအနက်သည်။ဟောတိ၏။[သုတဓရော၊သောတဒွါရသို့ အစဉ်လိုက်သော မနောဝိညာဉ်သည် နာယူမှတ်သားအပ်ပြီးသော တရားကို ဆောင်နိုင်သူ။ သုတသန္နိစယော၊သောတဒွါရသို့ အစဉ်လိုက်သော မနောဝိညာဉ်သည် နာယူမှတ်သား အပ်ပြီးသော တရား၏ ကောင်းစွာစုဝေးရာ သေတ္တာသဖွယ်ဖြစ်သူ။]

(ဃ) ပန၊အတ္ထုဒ္ဓါရ သာမညမှတစ်ပါး အံတ္ထုဒ္ဒေသဝိသေသကို ဆိုဦးအံ့။ဣဓ၊ဤ ဧဝံ မေ သုတ်ဟူသော ပါဌ်၌။အဿ၊ထိုသုတသဒ္ဒါ၏။သောတဒွါရာနုသာရေန၊သောတဒွါရ သို့ အစဉ်လိုက်သော မနောဝိညာဉ်ဖြင့်။ဥပဓာရိတံ၊ဆောင်ရွက်မှတ်သားအပ်ပါပြီ။ဣတိ ဝါ အတ္ထော၊ဤအနက်သည်သော်၎င်း။ဥပဓာရဏံ၊ဆောင်ရွက် မှတ်သားရခြင်းသည်။ ဟောတိ၊ဖြစ်ပါ၏။ဣတိ ဝါ အတ္ထော၊ဤအနက်သည်သော်၎င်း။ဟောတိ၏။

(င) ဟိ၊မှန်၏။မေသဒ္ဒဿ၊မေသဒ္ဒါ၏။မယာတိ အတ္ထေ၊မယာဟူသော အနက်သည်။ သတိ၊ဖြစ်လတ်သော်။မယာ၊တပည့်တော်သည်။ဧဝံ၊ဤတစ်မျိုးတည်းဟူသော အခြင်းအရာ အားဖြင့်။(ဝါ)ဤသို့။ (ဝါ) ဤတစ်မျိုးတည်းသော အခြင်းအရာအားဖြင့်သာ။(ဝါ)ဤသို့ သာ။သုတံ၊နာယူမှတ်သား ဆောင်ထားအပ်ပြီ။သောတဒွါရာနုသာရေန၊သောတဒွါရသို့ အစဉ်လိုက်သော မနောဝိညာဉ်ဖြင့်။ဥပဓာရိတံ၊ဆောင်ရွက်မှတ်သားအပ်ပါပြီ။ဣတိ၊ဤ

http://www.dhammadownload.com



အနက်သည်။ယုဇ္ဇတိ၊သင့်၏။ * မေသဒ္ဒသည်၏။မမာတိ အဆွေ၊မမ-ဟူသော အနက်သည် သတိ၊ဖြစ်လတ်သော်။မမ၊တပည့်တော်၏။ဇဝံ၊ဖြင့်။(ဝါ) သို့။(ဝါ) ဖြင့်သာ။(ဝါ) သို့သာ။ သုတံ၊နာယူမှတ်သား ဆောင်ထားရခြင်းသည်။ဟောတိ၊ဖြစ်ပါ၏။ဣတိ၊သည်။ယုဇ္ဇတိ၏။

➤ ❷ ။ (ခ) သို့/ **အနုသာနွ** ။ ။ ဤသို့ (က) ဖြင့် သုတ-သဒ္ဒါ၏ ဟောအပ်သော အနက်များကို အကျဉ်းအားဖြင့် ပြဆိုပြီး၍ ယခုအခါ၌ ၎င်းသုတသဒ္ဒါ၏ ဟောအပ်သော အနက်များကိုပင် ဥဒါဟရုဏ် သာဓကနှင့်တကွ ထုတ်၍ ချဲ့ပြလိုသော ဆရာသည် (ခ) ဝါကျကိုမိန့်။

(ဃ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် သုတသဒ္ဒါ၏ ဟောအပ်သော အနက်များကို ပြဆိုတော်မူ၏။ ဤ အဗျတ္တိကနိဒါန်း၌ ဂမန, ဝိဿုတ-စသော အနက်အားလုံးဖြစ်သင့် ပါသလော။ အဘယ်အနက် ဖြစ်သင့်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

(င) သို့/ **ဗျတိရေကစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ဤအဗျတ္တိကနိဒါန်း၌ သုတသဒ္ဒါသည် သောတဒွါရသို့ အစဉ်လိုက်သဖြင့် မှတ်အပ်၏ (ဝါ) မှတ်ခြင်းဟူ သော ကမ္မသာဓနေ ဘာဝသာဓနေအနက်ကို လိုအပ်၏ဟု ပြဆိုတော်မူ၏။ အကယ်၍ ဥပ ဓာရိတ-ဟူသော ကမ္မသာဓနေအနက် လိုအပ်သည်ဖြစ်အံ့၊ ဥပဓာရဏ-ဟူသော ဘာဝ သာဓနေအနက် မသင့်ရာ၊ အကယ်၍ ဥပဓာရဏဟူသော ဘာဝသာဓနေအနက်ကို လိုအပ် သည်ဖြစ်အံ့၊ ဥပဓာရိတဟူသော ကမ္မသာဓနေအနက် မသင့်ရာ၊ ဤသို့ စောဒနာဖွယ်ရှိ သောကြောင့် (င) ဝါကျကို မိန့်။

(င-၁) သို့/ ဆရာ၊ ဆရာသည်(ဃ) ဖြင့် သုတသဒ္ဒါ၏ ကမ္မသာဓနေ ဘာဝသာဓနေတို့ ဖြစ်သင့်ပုံကို ဖွင့်ပြတော်မူ၏။ အနက်နှစ်ပါးတို့တွင် တစ်ပါးပါးသော အနက်ကိုသာ ဆိုသင့် သည် မဟုတ်ပါလော။ (ဝါ) သုတသဒ္ဒါ၏ အနက်နှစ်ပါးသည် မေသဒ္ဒါ၏ အနက်နှစ်ပါး နှင့်ပင် သင့်ပါသလော။ ထိုသို့ဖြစ်လျက် အသို့လျှင် သုတသဒ္ဒါတစ်ပုဒ်ထည်း၌ အနက် နှစ်ပါး သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် (င-၁) ဝါကျကိုမိန့်။

(င-၂) သို့/ ဆရာ၊ ဆရာသည် (င-၁) ဖြင့် မေသဒ္ဒါသည် မယာအနက်ဖြစ်သော် သုတသဒ္ဒါသည် ကမ္မသာဓနေအနက် သင့်နိုင်ပုံကို ဖွင့်ပြတော်မူ၏။ သုတသဒ္ဒါ၏ ဘာဝ သာဓနေအနက်ဖြစ်နိုင်ပုံ ယုတ္တိကို မပြဆိုပြီလော။/သုတသဒ္ဒါသည် ဘာဝသာဓနေအနက်၌ ဖြစ်သော်လည်း မေသဒ္ဒါသည် မယာအနက်၌ပင် ဖြစ်၏ဟု မှတ်သားအပ်ပါသလော။ အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (င-၂) ဝါကျကိုမိန့်။

➤ ❸ ။ [ က+ဃ+င—ဝါကျတို့ကိုရှု ] (၁) နနု သုတသဒ္ဒေါ သဥပသဂ္ဂေါစ ၊ အနုပ သဂ္ဂေါစ ဂမန ဝိဿုတ ကိလိန္န ဥပစိတာနုယောဂ သောတဝိညေယျ သောတဒွါရာနုသာရ ဝိညာတာဒိအနေကတ္ထပ္ပဘေဒေါ။

(၂) အထ ကသ္မာ ဣဓ သောတဒွါရာနုသာရေန ဥပဓာရိတန္တိ ဝါ ဥပဓာရဏန္တိ

http://www.dhammadownload.com



ဝါတိ အတ္ထော ဝေဒိတဗ္ဗော။ (၃) မေသဒ္ဒဿ ဟိ မယာတိ အတ္ထေ သတိ ဇဝံ မယာ သုတံ သောတဒွါရာနုသာရေန ဥပဓာရိတန္တိ ယုဇ္ဇတိ။ မမာတိ အတ္ထေ သတိ ဇဝံ မမ သုတံ သောတဒွါရာနုသာရေန ဥပဓာရဏန္တိ ယုဇ္ဇတိ။ (၄) တသ္မာ ဣမ သောတဒွါရာ နုသာရေန ဥပဓာရိတန္တိ ဝါ ဥပဓာရဏန္တိ ဝါတိ အတ္ထော ဝေဒိတဗ္ဗော။

➤ ❹ ။ သုဏာတီတိ **သောတံ**။ (၃) ကြားခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) သောတပသာဒသည် ဝစနီယမည်၏။ (၆) ကဏ္ဏ, သဒ္ဒဂ္ဂဟဏ-စသော ပရိ ယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

[**ဥပဓာရိတံ အဖွင့်နှင့်အညီ** ] သုယျတေတိ **သုတံ**။ (၃) ကြားခြင်းကြိယာသကတ် သည် ဝစနဟေတု မည်၏။ (၅) ကြားအပ်သော ဗြဟ္မဇာလသုတ္တန်ဖြစ်သည် ဝစနီယ မည်၏။ (၆) ဥပဓာရိတံ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

[ **ဥပဓာရဏံ အဖွင့်နှင့်အညီ** ] သုယျတေတိ **သုတံ**။ (၃) ကြားနာခြင်း ကြိယာ သာမညသည် ဝစနဟေတု မည်၏။ (၅) ကြားနာခြင်း ကြိယာ ဝိသေသသည် ဝစနီယ မည်၏။ (၆) ဥပဓာရဏံ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

ဒွေ ကဝါဋာနိ အရန္တိ အတြာတိ ဒွါရံ။ ဒုဋ္ဌေ ဝါရယန္တိ အသ္မာတိ **ဒွါရံ**။

(၃) တားမြစ်ခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) တံခါးဖြစ်သည် ဝစနီယ မည်၏။ (၆) ပဋိဟာရ စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဝိညာဏာဓိဋ္ဌိတံ ဟုတွာ သုဏာတီတိ **သောတံ**။/သုဏာတိ ဧတေနာတိ သောတံ ဝိညာတဗ္ဗန္တိ ဝိညေယျံ။ (အစိတ်) သောတေန ဝိညေယျံ **သောတဝိညေယျံ**။(အပေါင်း)

(၃) သောတဒွါရ၏ (ဝါ) သောတဒွါရ၌မှီသော ဝိညာဉ်၏ သိအပ် ကြားအပ်သော သဒ္ဒါရုံနှင့် ဌာန ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) သိအပ် ကြားအပ်သော သဒ္ဒါရုံဟူသော အနက်ဖြစ်သည် ဝစနီယ မည်၏။ (၆) သောတေန ဝိညာတဗ္ဗံ, သဒ္ဒါရမ္မဏံ, သဒ္ဒါယတနံ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ။

* ဒွါရံ ဝိယာတိ ဒွါရံ။ သောတမေဝ ဒွါရံ **သောတဒွါရံ**။

➤ ❺ ။ **အစနကဏ္ဏမ္ဗဓာတေ**-ကို အနေကတ္ထပ္ပဘေဒတ္တာ-ဟု ဟိတ်ပြင်လျှင် - ဣမဿ သုတသဒ္ဒဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

**သတိ**-ကို သန္တတ္တာ-ဟု ဟိတ်ပြင်လျှင်- မယာတိ အတ္ထဿ-ဟု သမ္ဗန်ခံ။(၏/သည်)

➤ ❻ ။(က) ဖြင့် သုတ-သဒ္ဒါသည် သွားခြင်းဟူသောအနက်, ထင်ရှားကျော်စော ဟူသောအနက်, စိုစွတ်ဟူသောအနက်, ဆည်းပူးအပ်သော အနက်, အားထုတ်ခြင်းဟူသော အနက်, သောတဝိညာဉ်သည် သိထိုက်သော သဒ္ဒါရုံဟူသောအနက်, သောတဒွါရသို့ အစဉ်လိုက်သော မနောဝိညာဉ်သည် သိထိုက်သော တရားဟူသော အနက်များကို ဟောသည်၏ အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ၊ သဒ္ဒါဟော အဘိဓေယျတ္ထ)

http://www.dhammadownload.com



(ခ) ၌ ဂစ္ဆန္တောတိ အတ္ထော-ဖြင့် သုတသဒ္ဒါ၏ ဂမနအနက် ဟောသည်၏ အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ) သေနာယ ပသုတောတိ အာဒိသု-ဖြင့် သုတသဒ္ဒါ၏ ဂမနအနက်ဟောရာ၌ ဥဒါဟရုဏ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ဝိဿုတ ဓမ္မဿာတိ အတ္ထော-ဖြင့် သုတသဒ္ဒါ၏ ဝိဿုတအနက် ဟောသည်၏ အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ) သုတဓမ္မဿ ပဿတောတိ အာဒိသု-ဖြင့် သုတသဒ္ဒါ၏ ဝိဿုတအနက်ဟောရာ၌ ဥဒါဟရုဏ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ၌ သောတဒွါရာနုသာရဝိညာတဓရောတိ အတ္ထော-ဖြင့် သုတသဒ္ဒါ၏ သောတဒွါရာနုသာရဝိညာတဓရ-ဟူသော အနက်ကို ဟောသည်၏အဖြစ်ကို သိ။(နာမလိင်္ဂတ္ထ)

သုတဓရော သုတသန္နိစယောတိ အာဒိသု-ဖြင့် သုတသဒ္ဒါ၏ သောတ ဒွါရာနုသာရ ဝိညာတဓရ-ဟူသော အနက်ကို ဟောရာ၌ ဥဒါဟရုဏ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် သုတသဒ္ဒါသည် အနက်များစွာကို ဟောနိုင်သော်လည်း ဤ၌ သုတ-ဓာတ်၏ မှတ်သားခြင်-ဥပဓာရဏ, ကြားနာရခြင်း-သဝနအနက် ဟော--ၑင်း (ဒု-ဓာတွတ္ထ) တ-ပစ္စည်း၏ ကံအနက် ဘောအနက်၌ သက်--ၑင်း (ဒု-ပစ္စယတ္ထ) သုယျတေ ဥပဓာရိယတေတိ သုတံ-ဟုၑင်း၊ သဝနံ ဥပဓာရဏံ သုတံ-ဟုၑင်း ကမ္မသာဓန, ဘာဝသာဓန ဝစနတ္ထပြုရမည်၏--ၑင်း (အဘိဓာနတ္ထ) သုတသဒ္ဒါ တစ်ပုဒ်လုံး၏ သောတဒွါရာနုသာရ ဥပဓာရိတ (ဝါ) ဥပဓာရဏအနက်ဟော--ၑင်း (နာမလိင်္ဂတ္ထ) သိစေပါသည်။

(င) ဖြင့် သုတသဒ္ဒါ၏ သောတဒွါရာနုသာရ ဥပဓာရိတ (ဝါ) ဥပဓာရဏအနက် ကမ္မသာဓန, ဘာဝသာဓန အနက်ဟောနိုင်သည်ကား ရှေ့ပုဒ် နောက်ပုဒ်ကို မငဲ့ မစပ်ဘဲ ဟောနိုင်သည်မဟုတ်၊ မေ-မယာဟူသော ကတ္တားအနက်ကို ငဲ့၍ သုတံ ဥပဓာရိတံ ဟု ကံအနက် ဟောနိုင်သည်၏အဖြစ်ကိုၑင်း၊ မေ- မမဟူသော သမ္ဗန်အနက်ကို ငဲ့၍ သုတံ ဥပဓာရဏံဟူသော ဘောအနက်ဟောနိုင်သည်အဖြစ်ကိုၑင်း သိ။ (ဘာဝတ္ထ)

➤ **၈ ။ သုတဓမ္မဿ ပဿတော-၌ သုတဓမ္မ-အရ ထင်ရှားသော သစ္စာလေးပါး** တရားတို့ကို ယူရပါမည်။ ✱ သုတသန္နိစယော-၌ သုတ-အရ ဆည်းပူးအပ်ပြီးသော ပရိယတ္တိ တရားတို့ကို ယူရပါမည်။

➤ **၁ ၀ ။ သုတဓမ္မဿ ပဿတော--ဝယ် ပဿတော--၌ ဒိဿမာတ်အရ**

ခီဏာသဝဖြစ်သော ဘုရား ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ နိဗ္ဗာန်တည်းဟူသော ဥပဓိဝိဝေကကို (ဝါ) ဥဒ္ဒေယျဓမ်တရား ငါးပါးကို ရှုမြင်သော အခြင်းအရာအားဖြင့်ဖြစ်သော သတိ ဝီရိယ အဓိမောက္ခ ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။ (၁) ၑင်းသည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိဂ်ီရရသ မည်၏။ (၂) နိဗ္ဗာန်တရားသည် ၑင်း (ဝါ) ဥဒ္ဒေယျဓမ်တရား ငါးပါးသည်ၑင်း အာရမ္မဏဝိဘာဝ မည်၏။ (၃) ပါရမီဉာဏ် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) ပစ္စဝေက္ခဏာ

http://www.dhammadownload.com



ဉာဏ် က္ကန္တိယပရောပရိယတ္တိဉာဏ် ဒေသနာဉာဏ်နှင့် အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးတို့သည် အာရမ္မဏဝိဘာဝ မည်၏။

**ဥပစာရိတံ–ဩ ဓာတ်အရ** ။ ။ ကုသလဝိပါက် သောတဝိညာဉ် စိတ္တုပ္ပါဒ်ကို ယူ၍- (၁) ၎င်းသည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိဂါရဝ မည်၏။ (၂) ဗြဟ္မဇာလသုတ် ဒေသနာတော်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ပျံ့လွင့်သော စိတ်မရှိသည်၏ အဖြစ်သည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါနှင့် ပြည့်စုံသည်၏ အဖြစ်သည်၎င်း, သတ္တဝါတို့အား ဗြဟ္မဇာလသုတ် ဒေသနာတော်ကို နာလိုသော ဆန္ဒဖြစ်စေခြင်းသည်၎င်း အနုဘာဝ/ **ဥပစာရိတံ–ဩ ဓာတ်အရ** - အရှင်အာနန္ဒာ၏ သန္တာန်၌ သတိဝီရိယ ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ကို ယူ၍--(ကြွင်းတူ)

**ပါဠိ (၃၂)**

**(က) ဝေန္တိ စ မေတိ စ သစ္စကဋ္ဌပရမတ္ထဝသေန အဝိဇ္ဇမာနပညတ္တိ၊**

**(ခ) ကိံ ဓေဝ္တု တံ ပရမတ္ထတော အတ္ထိ၊ ယံ ဝေန္တိ ဝါ မေတိ ဝါ နိဒ္ဒေသံ လဘေထ၊**

**(ဂ) သုတန္တိ ဝိဇ္ဇမာနပညတ္တိ၊**

**(ဃ) ယဉ္ဟိ တံ ဗေ္ဘ သောတေန ဥပလဒ္ဓံ၊ တံ ပရမတ္ထတော ဝိဇ္ဇမာနန္တိ၊**

**(င) တထာ ဝေန္တိ စ မေတိ စ တံ တံ ဥပါဒါယ ဝတ္တဗ္ဗတော ဥပါဒါပညတ္တိ၊**

**(စ) သုတန္တိ ဒိဋ္ဌာဒီနိ ဥပနိဓာယ ဝတ္တဗ္ဗတော ဥပနိဓာပညတ္တိ၊** (၄၊၃၀)

➢ ❶ ။ (က) [တတ္ထ၊ထို ဧဝံ မေ သုတံ-ဟူသော ပညတ်တို့တွင်။] ဧဝန္တိ စ၊ဧဝံဟူသော ပညတ်သည်၎င်း။မေတိ စ၊မေဟူသော ပညတ်သည်၎င်း။သစ္စကဋ္ဌပရမတ္ထဝသေန၊မှန်ကန်သော အနက်, မဖောက်မပြန် မြတ်သောအနက်တို့၏ အစွမ်းဖြင့်။အဝိဇ္ဇမာနပညတ္တိ၊အဝိဇ္ဇမာန ပညတ်တည်း။ (ခ) ဟိ၊ထင်ရှားအောင် ပြဦးအံ့။ဧတ္ထ၊ဤ ရုပ်, ဖဿ အစရှိသော တရားအပေါင်း၌။/ဧတ္ထ၊ဤ ဧဝံ မေ-ဟူသော ပုဒ်တို့၏ အနက်၌။ယံ ဓမ္မဇာတံ၊အကြင်အကြောင်းသည်။/ယံ အတ္တဇာတံ၊အကြင်အကျိုးသည်။ဧဝန္တိ ဝါ၊ဧဝံဟူ၍၎င်း။မေတိ ဝါ၊မေဟူ၍၎င်း။နိဒ္ဒေသံ၊ညွှန်ပြအပ်သည်၏အဖြစ်ကို။လဘေထ၊ရရာ၏။တံ ဓမ္မဇာတံ၊ထိုအကြောင်းသည်။/တံ အတ္တဇာတံ၊ထိုအကျိုးသည်။ပရမတ္ထတော၊ပရမတ္ထအားဖြင့်။ကိံ အတ္ထိ အဘယ်မှာ ရှိအံ့နည်း။နတ္ထိယေဝ၊မရှိသည်သာ။

**[က+ခ ဝါကျပရိဝတ္တန]** (က) ဧဝန္တိ စ (ပ) အဝိဇ္ဇမာနပညတ္တိ၊သည်။ဟောတိ၊၏။ ကသ္မာ၊အဘယ့်ကြောင့်။ဧဝန္တိ စ (ပ) အဝိဇ္ဇမာနပညတ္တိ၊သည်။ဟောတိ၊ဖြစ်သနည်း။

(ခ) ဟိ-ယသ္မာ၊အကြင့်ကြောင့်။ဧတ္ထ (ပ) နတ္ထိယေဝ၊မရှိသည်သာ။တသ္မာ၊ထို့ကြောင့်။ ဧဝန္တိ စ (ပ) အဝိဇ္ဇမာနပညတ္တိ၊သည်။ ဟောတိ၊၏။

**[ဝါကျပရိဝတ္တန]** (ဂ) သုတန္တိ၊သုတံဟူသော ပညတ်သည်။(သစ္စကဋ္ဌပရမတ္ထဝသေန၊

F-12-B

http://www.dhammadownload.com



မှန်ကန်သော အနက်, မဖောက်မပြန် မြတ်သောအနက်တို့၏ အစွမ်းဖြင့်။)ဝိဇ္ဇမာနပညတ္တိ၊ ဝိဇ္ဇမာန ပညတ်တည်း။ (ကသ္မာ၊အဘယ့်ကြောင့်။သုတန္တိ၊သည်။သစ္စိကဋ္ဌပရမတ္ထဝသေန၊ ဖြင့်။ဝိဇ္ဇမာနပညတ္တိ၊သည်။ဟောတိ၊ဖြစ်သနည်း။) (ဃ) ဟိ-ယသ္မာ၊အကြင့်ကြောင့်။ ဇတ္တာ၊ဤရှုပ, ဖဿ အစရှိသော တရားအပေါင်း၌။/ဇတ္တာ၊ဤသုတံဟူသော ပုဒ်၏အနက် ၌။ယံ တံ၊အကြင်သဒ္ဒါရုံကို။သောတေန၊သောတဒွါရဖြင့်။(ဝါ)သောတဝိညာဉ်ဖြင့်။ဉပလဒ္ဓံ၊ ရအပ်ပြီ။တံ၊ထိုသဒ္ဒါရုံသည်။ပရမတ္ထတော၊ပရမတ္ထအားဖြင့်။ဝိဇ္ဇမာနံ၊ထင်ရှားရှိ၏။တ္တတိ၊ထို့ ကြောင့်။သုတန္တိ၊သည်။သစ္စိကဋ္ဌပရမတ္ထဝသေန၊ဖြင့်။ဝိဇ္ဇမာနပညတ္တိ၊သည်။ဟောတိ၊၏။

(င) တထာ၊ထိုမှတစ်ပါး။ဝေဠ္တိ၊ဇဝံဟူသော ပညတ်သည်ရင်း။မေတိ၊မေဟူသော ပညတ်သည်ရင်း။တံ တံ၊ထိုထိုတရားအပေါင်းကို။ဉပါဒါယ၊ညှာ်ဖြင့်ယူ၍။(ဝါ) စွဲ၍။ ဝတ္တဗ္ဗတော၊ဆိုထိုက်သည်၏အဖြစ်ကြောင့်။ဉပါဒါပညတ္တိ၊ဉပါဒါပညတ်တည်း။

(စ) သုတန္တိ၊သုတံဟူသော ပညတ်သည်။ဒိဋ္ဌာဒီနိ၊ဒိဋ္ဌ အစရှိသည်တို့ကို။ဉပနိဓာယ၊ ထောက်စာ၍။ဝတ္တဗ္ဗတော၊ဆိုအပ်သည်၏အဖြစ်ကြောင့်။ဉပနိဓာပညတ္တိ၊ဉပနိဓာ ပညတ်တည်း။ (ဘာသာဋီကာ၊ပ၊ ၁၇၆။)

➢ ❷ ။ (စ) သို့/ **အယုတ္တစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် သစ္စိကဋ္ဌ ပရမတ္ထ၏ အစွမ်းအားဖြင့် ထင်ရှားမရှိသောကြောင့် ဇဝံနှင့် မေကို အဝိဇ္ဇမာနပညတ်ဟု ဖွင့်ဆို၏။ ဇဝံနှင့်မေကို အဝိဇ္ဇမာနပညတ်ဟု ဆိုခြင်း၌ သိသင့် သိထိုက်သော အဓိပ္ပါယ် အကျယ်ကို ပေါ်လွင်ထင်ရှားအောင် ဆရာ မဖွင့်ပြတော့ပြီလော။အဓိပ္ပါယ်အကျယ်ကို အဘယ်သို့လျှင် ထင်စွာ သိရပါအံ့နည်း။ ယင်းကို ထင်ရှားစွာ မဖွင့်ပြက အဗျာပိတဒေါသ ဆရာအား သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ အရှင်အာနန္ဒာသည် သုတံ-ဟု ဆို၏။ ယင်းသုတံပုဒ်သည် အဝိဇ္ဇမာန ပညတ်ဖြစ်ပါသလော။ အဘယ်ပညတ်မျိုး ဖြစ်ပါသနည်း။ သုတံပုဒ်၏ ပညတ် အမျိုး အစားကို မပြဆိုပါက အတိဗျာပိတဒေါသ အရှင်အာနန္ဒာအား သင့်ရောက်ရာ ၏။ စုဒ်ကြောင့် (ဂ) မိန့်။

**ကား**- (ဂ) ဖြင့် သုတံပုဒ်သည် ဝိဇ္ဇမာနပညတ်ဖြစ်၏ဟု ပြဆိုရကား သင်တင်တိုင်း သော အတိဗျာပိတဒေါသ မသင့်ဟူလို။

(ဃ) သို့/ ဆရာ၊ ဆရာသည် (ဂ) ဖြင့် သုတံ-ကို ဝိဇ္ဇမာနပညတ်ဖြစ်သောဟု ဖွင့် ဆို၏။ ပရမတ္ထတရား အများထဲတွင် သုတံ-ဟူသော နာမည်ဖြင့် ပရမတ်တရား အထင် အရှား မပါရှိသည်သာ မဟုတ်ပါလော။ သုတံ-ကို ဝိဇ္ဇမာနပညတ်ဟု ဆိုခြင်း၌ ပေါ်လွင် ထင်ရှားသည့် အဓိပ္ပါယ်ကို အဘယ်သို့ မှတ်သားကြရပါမည်နည်း။(အဗျာပိတတင်)

အဘယ့်ကြောင့် သုတံကို ဝိဇ္ဇမာနပညတ်ဟု ဆိုရပါသနည်း။ (ဝိရောဓိဒေါသတင်)

(င+စ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က+ခ+ဂ+ခ) တို့ဖြင့် ဇဝံ မေ သုတံပုဒ်များ၏

http://www.dhammadownload.com



ပညတ်သရုပ်ကို ရှေးအဋ္ဌကထာတို့၌ လာရှိသည့်အတိုင်း ဖွင့်ပြပြီး၍ ယခုအခါ၌ အဋ္ဌကထာ မုတ္တကနည်းဖြင့် ဧဝံ မေ သုတံပုဒ်များ၏ တမျိုးတမည်သော ပညတ်အမျိုးအစားများကို ဖွင့်ပြလိုသော ဆရာသည် (င+စ) မိန့်။

(င+စ) သို့/ ဆရာ၊ ဆရာသည် (က) စသော ဝါကျတို့ဖြင့် ဧဝံ မေ သုတံပုဒ်များကို ဝိဇ္ဇမာန အဝိဇ္ဇမာနပညတ်ခွဲကာ ဖွင့်ဆို၏။ ပညတ်အမျိုးအစားသည် ဤမျှသာ ရှိပါသလော။ အဘယ်သို့သော ပညတ်ခွဲပုံမျိုး ရှိပါသေးသနည်း။ စုဒ်ကြောင့် (င+စ) မိန့်။

➢ ❸ ။ [ က+ခ ဝါကျတို့ကို၌ ] (၁) နနု ပရမတ္ထံ ဧဝတ္တိ မေတိစ ယဒိ နိဒ္ဒေသ လဗ္ဘေယျ၊ ဧဝတ္တိ မေတိစ သစ္စိကဋ္ဌပရမတ္ထဝသေန ဝိဇ္ဇမာနပညတ္တိ ဟောတိ။
(၂) အထ ကသ္မာ ဧဝတ္တိ မေတိစ သစ္စိကဋ္ဌပရမတ္ထဝသေန အဝိဇ္ဇမာနပညတ္တိ ဟောတိ။
(၃) နနု န ဧတ္ထ တံ ပရမတ္ထတော အတ္ထိ၊ ယံ ဧဝန္တိ ဝါ မေတိ ဝါ နိဒ္ဒေသံ လဗ္ဘေထ။
(၄) တသ္မာ ဧဝတ္တိ မေတိစ သစ္စိကဋ္ဌပရမတ္ထဝသေန အဝိဇ္ဇမာနပညတ္တိ ဟောတိ။
[ ဂ+ဃ ဝါကျတို့ကို ၌ ] (၁) နနု ပရမတ္ထတော သုတန္တိ နာမိကော ပရမတ္ထဓမ္မော နတ္ထိ။
(၂) အထ ကသ္မာ သုတန္တိ ဝိဇ္ဇမာနပညတ္တီတိ ဝုတ္တံ။ (၃) နနု ယံ တံ ဧတ္ထ သောတေန ဥပလဒ္ဓံ၊ တံ ပရမတ္ထတော ဝိဇ္ဇမာနံ။ (၄) တသ္မာ သုတန္တိ ဝိဇ္ဇမာနပညတ္တီတိ ဝုတ္တံ။

➢ ❹ ။ ဝိဇ္ဇတီတိ ဝိဇ္ဇမာနံ၊ ပညာပေတီတိ ပညတ္တိ။ (အစိတ်)
ဝိဇ္ဇမာနဿ ပညတ္တိ **ဝိဇ္ဇမာနပညတ္တိ**။ (အပေါင်း)

(၃) ပရမတ္ထအားဖြင့် ထင်ရှားရှိသော သဒ္ဒါရုံ၏ အပြားအားဖြင့် သိစေတတ် သိကြောင်းဖြစ်သော သုတံ-ဟူသော သဒ္ဒပညတ်နှင့် ဝါစ္စ-ဝါစက အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) သုတံ-ဟူသော ဝိဇ္ဇမာနပညတ်ပုဒ်သည် ဝစနီယ မည်၏။ (၆) သုတန္တိပညတ္တိ, ဝိဇ္ဇမာနပဏ္ဏတ္တိ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထမည်၏

➢ ❺ ။ (င) ဝါကျ **ဝဏ္ဏဗ္ဗဓော**-ဟိတ်၏ သမ္ဗန်ကား ဧဝန္တိ မေတိ စ ဣမာယ ပညတ္တိယာ ဖြစ်ပါသည်။ (စ) ဝါကျ **ဝဏ္ဏဗ္ဗဓော**-ဟိတ်၏ သမ္ဗန်ကား - သုတန္တိ ဣမာယ ပညတ္တိယာ- ဖြစ်ပါသည်။ (၏/ကို စပ်)·

➢ ❻ ။ (ဂ) ဖြင့် သုတံပုဒ်သည် ဝိဇ္ဇမာနပညတ် အဝိဇ္ဇမာနပညတ်-စသော အပြားတွင် ဝိဇ္ဇမာနပညတ်ဖြစ်သည်ကိုရင်း (ဘာဝတ္ထ) ယင်းသုတံပုဒ်သည် မှန်ကန်သော အနက် မဖောက်မပြန် မြတ်သောအနက်၏ အစွမ်းအားဖြင့်သာလျှင် ထင်ရှားရှိနေသော ဝိဇ္ဇ-မာန ပညတ် ဖြစ်သည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(ဃ) ဖြင့် သောတဝိညာဏ်ဖြင့် သိအပ် ကြားအပ်သော သဒ္ဒါရုံသည် ပရမတ္ထအားဖြင့် ထင်ရှားရှိနေသောကြောင့် သုတံပုဒ်သည် ဝိဇ္ဇမာနပညတ် ဖြစ်သည်၏ အဖြစ်ကိုရင်း (ဘာဝတ္ထ) ယင်း သုတံ-အရ သဒ္ဒါရုံကို ယူရမည်၏--ရင်း (သရုပ်ကြား အဘိဓေယျတ္ထ) သုတံ-၌ တ-ပစ္စည်းသည် ဘာဝသာနေ၌ မသက်၊ ကမ္မသာနေ၌ သက်--ရင်း

http://www.dhammadownload.com



(ဒု-ပစ္စယတ္ထ) သုယျိတ္ထာတိ သုတံ-ဟု ဝစနတ္ထပြုရမည်၏--ငှင်း (အဘိဓာနတ္ထ) မေ-၌ သဝိဘတ်သည် သမ္ပဒါနတ္ထ သမ္ဗန္ဓတ္ထ၌ မသက်၊ အဝုတ္တားအနက်၌ သက်သည်၏ အဖြစ်ကိုငှင်း (ဝိဘတ္တိပဒ၊ ဝိဘတျတ္ထ) သိစေပါသည်။

## ဓါကျ (၃၃)

**(က) ဝေဠ္ဌိဝစနေန ယောနိသောမနသိကာရံဒီပေတိ၊**

**(ခ) အယောနိသောမနသိကရောတော ဟိ နာနပ္ပကာရပဋိဝေဓာဘာဝတော၊**

**(ဂ) သုတန္တိ ဝစနေန အဝိက္ခေပံ ဒီပေတိ၊ (ဃ) ဝိက္ခိတ္တစိတ္တဿ သဝနာဘာဝတော၊**

**(င) တထာ ဟိ ဝိက္ခိတ္တစိတ္တော ပုဂ္ဂလော သဗ္ဗသမ္ပတ္တိယာ ဝုစ္စမာနောပိ "" န မယာ သုတံ၊ ပုန ဘဏထာ "" တိ ဘဏတိ၊**

**(စ-၁) ယောနိသောမနသိကာရေန စေတ္ထ အတ္တသမ္မာပဏိဓိံ ပုဗ္ဗေစ ကတပုညတံ သာဓေတိ၊**

**(စ-၂) သမ္မာ အပ္ပဏိဟိတတ္တဿ, ပုဗ္ဗေ အကတပုညဿ ဝါ တဒဘာဝတော၊**

**(ဆ) အဝိက္ခေပေန သဒ္ဓမ္မဿဝနံ, သပ္ပုရိသူပနိဿယဉ္စ ဘာဝေတိ၊**

**(ဇ-၁) န ဟိ ဝိက္ခိတ္တစိတ္တော သောတုံ သက္ကောတိ၊ (ဇ-၂) န စ သပ္ပုရိသေ အနုပဿယ မာနဿ သဝနံ အတ္ထိတိ၊** (ဋ၊၃၀။ ဘာသာဋီကာ၊ပ၊၁၈၃)

[ ယ ဝါကျကို၌ ] (၁) နနု " တသ္မိံ သမယေ" တိ ဝါ "တေန သမယေနာ" တိ ဝါ "ဧကံ သမယ"န္တိ ဝါ အဝတ္တိ။ (၂) အထ ကသ္မာ ပေါရာဏာ ပန ဝဏ္ဏယန္တိ အဘိလာပ မတ္တဘေဒေါ ဧသ၊ သဗ္ဗတ္ထ ဘုမ္မမေဝတ္ထောတိ။ (၃) နနု "တသ္မိံ သမယေ"တျာဒိကာနံ တိဏ္ဏံ ပဒါနံသမ္ဗန္ဓိယမာနကြိယာ အာဓာရာပေက္ခာ ဟောတိ။ (၄) တသ္မာ ပေါရာဏာ ပန ဝဏ္ဏယန္တိ အဘိလာပ မတ္တဘေဒေါ ဧသ၊ သဗ္ဗတ္ထ ဘုမ္မမေဝတ္ထောတိ။

[ ယ+င ဝါကျတို့ကို၌ ] (၁) နနု ပါဠိယံ ဧကံ သမယန္တိ ဥပယောဂဝစနေန ဝုတ္တံ။

(၂) အထ ကသ္မာ ကေသ္မိံ သမယေတိ အာဓာရဝသေန အတ္ထော ဝေဒိတဗ္ဗော။

(၃) " တသ္မိံ သမယေ" တိ ဝါ "တေန သမယေနာ" တိ ဝါ "ဧကံ သမယ"န္တိ ဝါ အဘိလာပမတ္တဘေဒေါ ဧသ၊ သဗ္ဗတ္ထ ဘုမ္မမေဝတ္ထော။

(၄) တသ္မာ ကေသ္မိံ သမယေတိ အာဓာရဝသေန အတ္ထော ဝေဒိတဗ္ဗော။

(င) ဝါကျ ဒုဇ္ဇေ့ပိ-န္တိ ပိသဒ္ဒါဆိုရခြင်းအကြောင်း ။ ။ ဧကံ သမယံဟု ရှိပါလျက် ဒုတိယအနက်ကို မဖွင့်ဘဲ ကေသ္မိံ သမယေ-ဟု သတ္တမီအနက် ဖွင့်ဆိုသည်ကို မနှစ်သက်သောကြောင့် ပိ-သဒ္ဒါကို ဆိုရပါသည်။

**သာမေဒေသနာပဋိနိဗ္ဗတ္တသာဝိပဋ္ဌဝသသသဟာသသာနိသတ္တာနံအမတမဟာနိဗ္ဗာနံသမ္ပာ ဝိတာဘဝိသတိ၊ (၁၄၈) ၌ စတုတ္တဆုတ်မှံ**

http://www.dhammadownload.com



(၁) နနု သမ္မာသမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။ (၂) အထ ကသ္မာ သာ တဝ ဒေသနာ ပဥ္စ ဝဿသဟဿာနိ သတ္တာနံ အမတမဟာနိဗ္ဗာနံ သမ္ပာပိကာ ဘဝိဿတိ။ (၃) ယသ္မာ ပန သာ မေ ဒေသနာ ပရိနိဗ္ဗာနကာလေ သတ္ထုကိစ္စံ သာဓေတိ၊ တသ္မာ။ (၄) သာ မေ ဒေသနာ ပဥ္စ ဝဿသဟဿာနိ သတ္တာနံ အမတမဟာနိဗ္ဗာနံ သမ္ပာပိကာ ဘဝိဿတိ။

*** ပိသဒ္ဒါ၏ အနက်** ။ ။ စပ်ရာမြတ်သောကြောင့် သမ္ဘာဝနာအနက် ဖြစ်ပါသည်။

➤ ❻ ။ ပရဒုက္ခေ သတိ သာဓူနံ ဟဒယကမ္ပနံ ကရောတီတိ **ကရုဏာ**။

(၃) သူတော်ကောင်းတို့၏ စိတ်နှလုံးတုန်လှုပ်မှုကို ပြုခြင်းကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၅) ကရုဏာ၏ အနက်ဒြဗ်သည် ဝစနီယ မည်၏။ (၆) ဒယာ, အနုကမ္ပာ ကာရုညာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဝိဟရဏံ ဝိဟာရော။ (အစိတ်) ကရုဏာယ ပဝတ္တော ဝိဟာရော **ကရုဏာဝိဟာရော**။

(၃) ကရုဏာ၏ ပရဟိတပဋိပတ္တိဟူသော နေတော်မူခြင်းနှင့် အကြောင်း အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟောတု မည်၏။ (၅) ပရဟိတပဋိပတ္တိဖြင့် နေတော်မူခြင်း အနက်ဒြဗ် (ဝါ) ပရဟိတပဋိပတ္တိအနက်ဒြဗ်သည် ဝစနီယ။ (၆) ဒယာဝိဟာရ, အနုကမ္ပာဝိဟာရ, အနုဒ္ဒယာဝိဟာရ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ဇဝံ ဇာတိ ယဿာတိ **ဇဝံဇာတိကံ**။ (၃) ဤသို့သော သဘော၏ ပုဒ်နှင့် ဂုဏ်-ဂုဏီ/သဘာဝ-သဘာဝဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟောတု မည်၏။ (၅) ဤသို့သဘောရှိသော ပုဒ်သည် ဝစနီယ မည်၏။ (၆) ဇဝံသဘာဝ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

အန္တံ အတိက္ကန္တံ အစ္စန္တံ၊ အစ္စန္တမေဝ သံယောဂေါ **အစ္စန္တသံယောဂေါ**။

(၃) အပိုင်းအခြား၏ လွန်သော ကရုဏာဝိဟာရနှင့် ကာလ- ကာလဝန္တအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟောတုမည်၏။ (၅) အပိုင်းအခြားကိုလွန်သော ကရုဏာဝိဟာရသည် ဝစနီယမည်၏။ (၆) နိရန္တရ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

သံ ပုနပ္ပုနံ ဧတီတိ **သမယော**။ (၃) ထပ်တလဲလဲဖြစ်ခြင်း ကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၅) အခါဟူသော ကာလပညတ်သည် ဝစနီယမည်၏။ (၆) ကာလ ဝေလ, အဒ္ဓါ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဘိန္ဒတီတိ **ဘေဒေါ**။ (၃) နှစ်ဖြာပြုခြင်း ကြိယာသကတ်သည် ဝစနဟောတု မည်၏ (၅) ဝိဘတ်သည် ဝစနီယ။ (၆) ဝိသေသ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

➤ ❾ ။ (က) ၌ **သမ္ဗဝတိ**-ကို သမ္ဗဝတော-ဟု ဟိတ်ပြင်လျှင်-

အစ္စန္တသံယောဂတ္ထဿ ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

(ခ) **အသ္မာ**-ကို တတော သမ္ဗဝန္တတ္တာ-ဟု ဟိတ်ပြင်လျှင် အစ္စန္တသံယောဂဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

http://www.dhammadownload.com



(င) ၌ ဓာသ္မာ-ကို တတော ဝဏ္ဏယန္တတ္တာ-ဟု ဟိတ်ပြင်လျှင် ပေါရာဏာန် ပုရိမာန် အဋ္ဌကထာစရိယာနံ-ဟု သမ္ဗန်ခံပါ။ (တို့၏/တို့သည် စပ်)

➤ ၆ ။ (က) ဖြင့် ဤဗြဟ္မဇာလသုတ်၌ရင်း, ဤသုတ်နှင့်အလားတူ အခြားသုတ်၌ရင်း ဒုတိယာဝိဘတ်၏ အစ္စန္တသံယောဂအနက်၌ ဖြစ်သင့်ပုံကို အဋ္ဌကထာ ဆရာ သိစေပါသည်။(ဝိဘတျတ္ထ၊ ဘာဝတ္ထ)

(ခ) ၌ ယံ သမယံ (ပ) ဝိဟာသိ-ဖြင့် ဧကံ သမယံ၌ ဒုတိယာဝိဘတ်၏ အစ္စန္တ သံယောဂအနက်၌ ဖြစ်သင့်ကြောင်းကို သိစေပါသည်။ (ဘာဝတ္ထ)

တသ္မာ (ပ) ကတောတိ-ဖြင့် ထိုအစ္စန္တသံယောဂအနက်ကို ထွန်းပြခြင်းအကျိုးငှာ ဤသုတ် ဧကံ သမယံ-ဟူသောပုဒ်၌ ဒုတိယာဝိဘတ်ဖြင့် ညွှန်ပြအပ်သည်၏ အဖြစ်ကို သိစေပါသည်။ (ဝိဘတျတ္ထ၊ ဘာဝတ္ထ)

(ဂ) ဖြင့် အဘိဓမ္မာ စသည်တို့၌အတ္ထသမ္ဘဝအနက် ဖြစ်သင့်သည်အားလျော်စွာ ဘုမ္မကရဏ ဥပယောဂဝိဘတ်တို့ဖြင့် အကျယ်ပြအပ်ပြီးသည်ကား မှတ်၍ မလွယ်ကူသဖြင့် လွယ်ကူမှတ်သားစေခြင်းငှာ အကျဉ်းချုပ် ပြအပ်သည့်အဖြစ်ကို သိစေ။ (ဘာဝတ္ထ)

(ဃ) ဖြင့် အနက်ထူးပြားသည်ကိုငဲ့၍ ဝိဘတ်အထူးအပြားဖြင့် ဆိုအပ်သည်ဟု အဋ္ဌကထာ ဆရာဆိုသော်လည်း ရှေး၌ဖြစ်သော ဆရာတို့ကား အဋ္ဌကထာဆရာ ဆိုသကဲ့သို့ မဟုတ်၊ တသ္မိံ သမယေ, တေန သမယေန, ဧကံ သမယံ-ဟု မည်သည့်ဝိဘတ်ဖြင့်ဆိုဆို သဒ္ဒါမျှသာ ထူး၏၊ အနက်အားဖြင့်ကား အားလုံး ဘုမ္မတ္ထသတ္တမီဝိဘတ်၏ အနက်၌သာ ဖြစ်၏ဟု သိစေပါသည်။ (ဘာဝတ္ထ၊ ဝိဘတျတ္ထ)

(င) ဖြင့် သဒ္ဒါမျှထူး၍ အနက်ကားမထူး၊ ဘုမ္မတ္ထသာ ဖြစ်၏ဟု ဖွင့်ဆိုသဖြင့် ရအပ်သော အကျိုးကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ၀ ။ (ခ) ဝါကျသော ကရုဏာဝိဟာရ–အရ ။ ။ ဤအရာ၌ သုတ္တန်တရားကို ဟောကြားခြင်းတည်းဟူသော ဒေသနာ၏ ကရုဏာလျှင် အကြောင်းရင်းရှိသည်၏ အဖြစ်ကြောင့် ပရဟိတပဋိပတ္တိဝိဟာရကိုသာ ယူရပါမည်။

*** ကရုဏာဝိဟာရ–အရ ကရုဏာသမာပတ္တိဝိဟာရကို မယူရခြင်း အကြောင်း**

တရားဟောရာ ဒေသနာကာလ၌ ဒေသေတဗ္ဗဓမ္မကို အာရုံ ပြုသော ဒေသနာဉာဏ်၏ သတ္တဝါပညတ်ကို အာရုံပြုသော မဟာကရုဏာနှင့် အာရုံ ကွဲပြား၍ အတူတကွ မဖြစ်သင့်သောကြောင့်- ကရုဏာသမာပတ္တိဝိဟာရကို မယူရပါ။

➤ ၁ ၀ ။ **(ခ) ယံ သမယံ ဘဂဝါ ကွမံ သုတ္တန္တံ စဝေသသိ–၌ ဒိသိဓာတ်/ဒိသ–ဓာတ်အရ -** ဤဗြဟ္မဇာလသုတ်ကို ဟောကြားတော်မူသော ဘုရားရှင်၏ သန္တာန်၌ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။

(၁) ၎င်းစိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယိဘာဝ, ဓမ္မသိင်္ဂါရဝ မည်၏။ (၂) ဤဗြဟ္မ

http://www.dhammadownload.com



ဇာလသုတ္တန်ဒေသနာတော်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ဝဏ္ဏာဝဏ္ဏ ပစ္ဆိမယာမ်ကာလ, အမ္ဗလဋ္ဌိကဉယျာဉ်, မဏ္ဍလမာဠ, ငါးရာသော ရဟန်းသံဃာတော်နှင့် ရှေးရှေး၌ဖြစ်သော ကရုဏာပညာတို့သည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) ရဟန်းတို့ ဝန်ခံကြခြင်း ဝမ်းမြောက်ခြင်း စကြာဝဠာတစ်သောင်းရှိသော လောကဓာတ်တုန်လှုပ်ခြင်း ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိနှင့် အမြိုက်နိဗ္ဗာန်သို့ ရောက်ရခြင်းတို့သည် အနုဘာဝ မည်၏။

(ဃ) စေါဒနာ မန ဝဏ္ဏယန္တိ–ကို ၅ ။ ။ (၁) ရှေးအဋ္ဌကထာဆရာတို့သန္တာန်၌ ဖွင့်ဆိုသော အခြင်းအရာအားဖြင့်ဖြစ်သော ဉာဏ် ဝီရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရရသ မည်၏။ (၂) တသ္မိံ သမယေ, တေန သမယေန, ဧကံ သမယံ-ဟူသော သဒ္ဒါသုံးပါးသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ထိုရှေးဆရာတို့သန္တာန်၌ အကၡရ စိန္တာမယဉာဏ်တို့သည်ရင်း၊ နောက် စာသင်သားတို့အား သိစေလိုသော သမ္မာဆန္ဒသည်ရင်း ဥဒ္ဒိပနဝိဘာဝမည်၏။ (၄) ထိုသဒ္ဒါသုံးပါးတို့၏ သဒ္ဒါမျှ ကွဲပြားခြင်း အနက်မကွဲပြားခြင်းကို နောင်လာနောက်သား စာသင်းတို့ သိရခြင်းအကျိုးသည် အနုဘာဝ။

## ပါဌ (၃၉)

**(က) ဘဂဝါတိ ဂရု၊ (ခ) ဂရုံ ဟိ လောကေ ဘဂဝါတိ ဝဒန္တိ၊**

**(ဂ) အယဉ္စ သဗ္ဗဂုဏဝိသိဋ္ဌတာယ သဗ္ဗသတ္တာနံ ဂရု၊ တသ္မာ ဘဂဝါတိ ဝေဒိတဗ္ဗော၊**

**(ဃ) ပေါရာဏေဟိပိ ဝုတ္တံ - - ""ဘဂဝါတိ ဝစနံ သေဋ္ဌံ၊ ဘဂဝါတိ ဝစနမုတ္တမံ၊**

**ဂရုဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတီ""တိ၊**

**(င) အပိစ - - ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော၊ ဘဂေဟိ စ ဝိဘတ္တဝါ၊**

**ဘတ္တဝါ ဝန္တဂမနော၊ ဘဝေသု ဘဂဝါ တတောတိ၊**

**(စ) ဣမိဿာ ဂါထာယ ဝသေနဿ ပဒဿ ဝိတ္ထာရတော အတ္ထော ဝေဒိတဗ္ဗော၊**

**(ဆ) သော စ ဝိသုဒ္ဓိမဂ္ဂေ ဗုဒ္ဓါနုဿတိနိဒ္ဒေသေ ဝုတ္တောယေဝ၊ (၄၊၃၄)**

➢ ❶ ။ (က) ဘဂဝါတိ၊ဘဂဝါဟူသည်ကား။ဂရု၊ကျောက်ထီးတန္ဓု အလေးပြုအပ်သော မြတ်စွာဘုရားတည်း။ (ခ) ဟိ။မှန်၏။လောကေ၊လောက၌။ဂရုံ၊ကျောက်ထီးတန္ဓု အလေးပြုအပ်သော ပုဂ္ဂိုလ်ကို။ဘဂဝါတိ၊ဘဂဝါဟူ၍။ဝဒန္တိ၊ခေါ်ဝေါ် ပြောဆိုကြကုန်၏။

(ဂ) စ၊ဆက်ဦးအံ့။/စ၊ချီးမွမ်းဖွယ်ရာ သမ္ပာဝနာကား။အယံ၊ဤမြတ်စွာဘုရားသည်။ သဗ္ဗဂုဏဝိသိဋ္ဌတာယ၊သီလအစရှိသော အလုံးစုံသော ဂုဏ်တို့ဖြင့် ထူးကဲသည်၏အဖြစ်ကြောင့်။သဗ္ဗသတ္တာနံ၊အလုံးစုံသော သတ္တဝါတို့၏။ဂရု၊အလေးပြုအပ်သော ပုဂ္ဂိုလ်တည်း။ တသ္မာ၊ထို့ကြောင့်။(ထိုသို့ သီလ အစရှိသော အလုံးစုံသော ဂုဏ်တို့ဖြင့် ထူးကဲသည့်အတွက် အလုံးစုံသော သတ္တဝါတို့၏ အလေးပြုအပ်သော ပုဂ္ဂိုလ်၏အဖြစ်ကြောင့်။) ဘဂဝါတိ၊ ဘဂဝါဟူ၍။ဝေဒိတဗ္ဗော၊သိထိုက်၏။

http://www.dhammadownload.com



(ဃ) ပေါရာဏောဟိပိ၊ရှေး၌ဖြစ်သော အဋ္ဌကထာဆရာတို့သည်လည်း။ဘဂဝါတိ (ပ) ဝုစ္စတီတိ၊ဘဂဝါတိ (ပ) ဝုစ္စတိ-ဟူသော။ဇတ် ဂါထာဝစနံ၊ဤဂါထာ စကားကို။ဝုတ္တံ၊မိန့်တော်မူအပ်ပြီ။ [ဘဂဝါတိ ဝစနံ၊ဘဂဝါဟူသော သဒ္ဒါသည်။သေဋ္ဌံ၊အထူးသဖြင့် ချီးမွမ်းအပ်သော သဒ္ဒါတည်း။ဘဂဝါတိ ဝစနံ၊သည်။ဥတ္တမံ၊မြတ်သော သဒ္ဒါတည်း။ (တနည်း) ဘဂဝါတိ ဝစနံ၊ဘဂဝါသဒ္ဒါသည် ဟောအပ်သောအနက်သည်။သေဋ္ဌံ၊အထူးသဖြင့် ချီးမွမ်းအပ်သော အနက်တည်း။ ဘဂဝါတိ ဝစနံ၊သည်။ ဥတ္တမံ၊မြတ်သော အနက်တည်း။ (တထာဂတော၊မြတ်စွာဘုရားသည်။) ဂါရဝယုတ္တော၊အလေးပြုအပ်သည်၏ အဖြစ်ဟူသော ဂုဏ်နှင့် ယှဉ်တော်မူ၏။(ယေန ကာရဏေန၊အကြင်အကြောင်းသုံးပါး အပေါင်းကြောင့်။ယော တထာဂတော၊အကြင်မြတ်စွာဘုရားသည်။) ဂရုဂရုမည်တော်မူ၏။တေန ကာရဏေန၊ထိုအကြောင်းသုံးပါးအပေါင်းကြောင့်။သော-တထာဂတော၊ထိုမြတ်စွာဘုရားကို။ဘဂဝါ၊ဘဂဝါဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(င) အပိစ၊တစ်နည်းကား။/ [ ဝုတ္တနယေ၊ဆိုအပ်ပြီးသော ရှေးအဋ္ဌကထာနည်းမှ။အပိစ အပရော၊တစ်ပါးသော။နယော၊နည်းကို။မယာ၊ငါအဋ္ဌကထာဆရာသည်။ဝုစ္စတေ၊ဆိုအပ်၏။(ဝါ) ဆိုဦးအံ့။] ဘာဂျဝါ (ပ) တတောတိ၊ဟူသော။

(စ) ဣမိဿာ ဂါထာယ၊ ဤဂါထာ၏။ဝသေန၊အစွမ်းဖြင့်။အဿ ပဒဿ၊ဤ ဘဂဝါပုဒ်၏။ဝိတ္ထာရတော၊အကျယ်ဖြစ်သော။အတ္တော၊အနက်ကို။ဝေဒိတဗ္ဗော၊သိအပ်၏။

(ဆ) သောစ၊ထိုအကျယ်အနက်ကိုလည်း။ဝိသုဒ္ဓိမဂ္ဂေ၊ဝိသုဒ္ဓိမဂ်၌။ဗုဒ္ဓါနုဿတိနိဒ္ဒေသေ၊ဗုဒ္ဓါနုဿတိနိဒ္ဒေသ၌။မယာ၊ငါ အဋ္ဌကထာ ဆရာသည်။ဝုတ္တောယေဝ၊ဆိုအပ်ပြီးသည်သာ။

✱ ယော ဘဂဝါ၊အကြင်မြတ်စွာဘုရားသည်။ယတော၊အကြင့်ကြောင့်။ဘာဂျဝါ၊ဘုန်းကံ ပါရမီ ရှိတော်မူ၏။တတော။ထို့ကြောင့်။သော ဘဂဝါ၊သည်။ဘဂဝါ၊ဘဂဝါ မည်တော်မူ၏။(ယော ဘဂဝါ၊ ယတော) ဘဂ္ဂဝါ၊ချိုးဖျက်အပ်ပြီးသော ကိလေသာ ရှိတော်မူ၏။ တတော၊ထို့ကြောင့်။သော ဘဂဝါ၊သည်။ဘဂဝါ၊မူ၏။(ယော ဘဂဝါ၊ ယတော) ဘဂေဟိ၊ ဣဿရိယ စသည့် အပြား ဘုန်းခြောက်ပါးတို့နှင့်။ယုတ္တော၊ယှဉ်တော်မူ၏။တတော၊ထို့ကြောင့်။သော ဘဂဝါ၊သည်။ဘဂဝါ၊မူ၏။(ယော ဘဂဝါ၊ ယတော) ဝိဘတ္တဝါ၊ကုသိုလ်စသား, များအပြားဖြင့်, တရားတို့ကို ဝေဖန်တော်မူပြီ။တတော၊ထို့ကြောင့်။သော ဘဂဝါ၊သည်။ဘဂဝါ၊မူ၏။(ယော ဘဂဝါ၊ ယတော) ဘတ္တဝါ၊ဥတ္တရိမနုဿဓမ္မတို့ကို မှီဝဲတော်မူပြီ။တတော၊ထို့ကြောင့်။သော ဘဂဝါ၊သည်။ဘဂဝါ၊မူ၏။(ယော ဘဂဝါ၊ ယတော) ဘဝေသု၊ဘဝတို့၌။ဝန္တဂမနော၊ထွေးအန်ပြီးသော သွားကြောင်း တဏှာရှိတော်မူ၏။ (ဝါ) သွားကြောင်း တဏှာကို ထွေးအန်တော်မူပြီ။တတော၊ထို့ကြောင့်။သော ဘဂဝါ၊သည်။ဘဂဝါ၊ဘဂဝါ မည်တော်မူ၏။ (ဘာသာဋီကာ၊ပ၊၂၁၆။)

➢ ❷ ။ (စ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (က) ဖြင့် ဘဂဝါဟူသည် အလေးပြုအပ်

http://www.dhammadownload.com



သော ဆရာတည်းဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းအနက်ကိုပင် လောကသင်္ကေတအား ဖြင့် ပြီးစေလို မြဲစေလိုသော ဆရာသည် (ခ) ဝါကျကိုမိန့်။

**(ခ) သို့/ အာစရိယဂါရဝေ ဘဂဝါ။** ။ ဆရာ၊ ဆရာသည် (က) ဖြင့် ဘဂဝါဟူ သော ပုဒ်သည် အလေးအမြတ်ပြုအပ်သော ဆရာဟူသော အနက်ကို ဟော၏ဟု မိန့် ဆိုတော်မူ၏။ ဘဂဝါဟူသောပုဒ်သည် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုသာ ဟောသည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် ဘဂဝါတိ ဂရု-ဟု ဆရာ ဖွင့်ပြခြင်းသည် အဘယ်သို့လျှင် သင့်ပါအံ့နည်း။ စုဒ်ကြောင့် (ခ) ဝါကျကိုမိန့်။

**(ဂ) သို့/ အနုသန္ဓေ ။** ။ ဤသို့ (ခ) ဖြင့် ဆရာကို (ဝါ) အလေးပြုအပ်သော ပုဂ္ဂိုလ်ကို လောက၌ ဘဂဝါဟူ၍ ဆိုအပ်သည်၏အဖြစ်ကို ပြပြီး၍၊ ယခုအခါ၌ အကယ် ၍ အလေးအမြတ်ပြုအပ်သော အနက်ကြောင့် ဘဂဝါမည်ငြားအံ့၊ ယင်းသို့ မည်သည် ရှိသော် ဤမြတ်စွာဘုရားသည်သာ အလွန်အကဲအားဖြင့် (ဝါ) အလွန်အကဲရှိသည်ဖြစ် ၍ ဘဂဝါမည်၏ဟု ပြလိုရကား (ဂ) မိန့်။

**(ဂ) သို့/ ဗျတိရေကစောဒနာ ။** ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် အလေးအမြတ်ပြု အပ်သော ဆရာဖြစ်သော ပုဂ္ဂိုလ်ကို လောက၌ ဘဂဝါ-ဟု ဆိုအပ်သည်ကို ပြဆို၏။ အကယ်၍ မြတ်စွာဘုရားသည် အလေးပြုအပ်သော ဆရာဖြစ်သောပုဂ္ဂိုလ် မဖြစ်ငြားအံ့ ဘဂဝါ ဂရု-ဟု ဆရာဖွင့်ပြသော စကားသည် မသင့်ရာ၊ စုဒ်ကြောင့် (ဂ) ဝါကျကိုမိန့်။

**(ဃ) သို့/ အနုသန္ဓေ ။** ။ ဤသို့ (ခ+ဂ) တို့ဖြင့် ဘုရားရှင်သည် လောက၌ ဆရာ ဖြစ်ပုံကို ပြဆိုပြီး၍ ယခုအခါ၌ သာသနာတော်၌လည်း ဘုရားရှင်၏ ဆရာဖြစ်ပုံကို ပြ တော်မူလိုသော ဆရာသည် (ဃ) ဝါကျကိုမိန့်။

**(ဃ) သို့/ သာစရိယဝါဒ ။** ။ ဆရာ၊ဆရာသည် (ခ+ဂ) တို့ဖြင့် ဘဂဝါပုဒ်၏ အလေးအမြတ်ပြုအပ်သော ဆရာဟူသော အနက်ဟောရာ၌ လောကီဆရာတို့အလိုအား ဖြင့် ပြဆို၏။ လောကီ နယ်ပယ်၌သာလျှင် အလေးအမြတ်ပြုအပ်သော ဆရာကို ဘဂဝါ ဟု ဆိုကြပါသလော။ သာသနာ၌ကား မည်သို့ ဆိုကြပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်

**ကား-** သာသနာတော်၌လည်း မြတ်စွာဘုရားကို ဂရုဟူ၍ပင် ဆိုကြပါ၏ဟူလို။

**(စ) သို့/ အနုသန္ဓေ ။** ။ ဤသို့ (င) ဖြင့် လောကီဆရာတို့ အလိုအားဖြင့် ဘဂဝါ ပုဒ်၏ အဖွင့်ကိုပြပြီး၍ ယခုအခါ၌ သာသနိကဆရာတို့အလိုအားဖြင့် ၎င်း ဘဂဝါပုဒ်၏ အဖွင့်ကိုပြခြင်းငှာ (စ) မိန့်။

**(ဆ) သို့/** ဆရာ၊ ဆရာသည် (စ) ဖြင့် ဤ ဘဂဝါဟူသော ပုဒ်၏အနက်ကို အကျယ်အားဖြင့် သိထိုက်၏ဟု ဖွင့်ပြတော်မူ၏။ ဝိတ္ထာရတ္ထကို ဆရာပင် ဆိုပါသလော။ အဘယ်သို့ မှတ်သားရပါမည်နည်း။ စုဒ်ကြောင့် (ဆ) ဝါကျကိုမိန့်။

➤ ❷ ။ | **က+ခ+ဂ ဝါကျတို့ကို၌** | (၁) နနု ပါဠိယံ "ဧကံ သမယံ ဘဂဝါ"တိ

http://www.dhammadownload.com


သာမညေန ဝုတ္တံ။ (၂) အထ ကသ္မာ "ဘဂဝါတိ ဂရု"တိ အာစရိယေန ဝုတ္တံ။

(၃) ဂရုံ ဟိ လောကေ ဘဂဝါတိ ဝဒန္တိ၊ အယဉ္စ သဗ္ဗဂုဏဝိသိဋ္ဌတာယ သဗ္ဗသတ္တာနံ ဂရု။ (၄) တသ္မာ "ဘဂဝါတိ ဂရု"တိ ဝုတ္တံ။

[ စ+ဆ ဝါကျတို့ကိုရှု ] (၁) နနု ဣမိဿာ ဂါထာယ ဝသေနသာ ပဒဿ ဝိတ္ထာရတော အတ္ထော ဝေဒိတဗ္ဗော။ (၂) အထ ကသ္မာ ဣမ ဝိတ္ထာရတော အတ္ထော န ဝုတ္တော။ (၃) သော စ ဝိသုဒ္ဓိမဂ္ဂေ ဗုဒ္ဓါနုဿတိနိဒ္ဒေသေ ဝုတ္တောယေဝ။

(၄) တသ္မာ ဣမ ဝိတ္ထာရတော အတ္ထော န ဝုတ္တော။

**ပေါရာဏာ ပန ဝဏ္ဏယန္တိ ""တသ္မိံ သမယေ တိ ဝါ တေန သမယေနာတိ ဝါ ဧကံ သမယန္တိဝါ အဘိလာပမတ္တဘေဒေါ ဧသ၊ သဗ္ဗတ္ထ ဘုမ္မမေဝတ္ထော"" တိ၊ တသ္မာ ""ဧကံ သမယံ"" န္တိ ဝုတ္တေပိ ""ကေသ္မိံ သမယေ""တိ အတ္ထော ဝေဒိတဗ္ဗော၊ (ဋ၊၃၄) ၌ စာစုဉ္စထုတ်ပုံ**

(၁) နနု အာယသ္မတာ အာနန္ဒေန ဧကံသမယန္တိ ဝုတ္တံ။ (၂) အထ ကသ္မာ ကေသ္မိံ သမယေတိ အတ္ထော ဝေဒိတဗ္ဗော။ (၃) ယသ္မာ ပန ပေါရာဏာ ဝဏ္ဏယန္တိ "တသ္မိံ သမယေတိ ဝါ တေန သမယေနာတိ ဝါ ဧကံ သမယန္တိဝါ အဘိလာပမတ္တဘေဒေါ ဧသ၊ သဗ္ဗတ္ထ ဘုမ္မမေဝတ္ထောတိ၊ တသ္မာ။ (ဝါ) ယသ္မာ ပန ဧတ္ထ အဓိကရဏတ္ထော၊ တသ္မာ။ (၄) ကေသ္မိံ သမယေတိ အတ္ထော ဝေဒိတဗ္ဗော။

➤ ❾ ။ ဘဂါ အဿ သန္တီတိ ဘဂဝါ။ (၃) ဘဂ-အရ ဘုန်းတော်ခြောက်ပါးနှင့် ဝန္တပစ္စည်းအရ ဘုရားရှင်ဖြစ်၍ ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမွန်သည် ဝစနဟေတု မည်၏။ (၅) ဘုရားရှင်၏ ခန္ဓာပဉ္စကဖြစ်တော်သည် ဝစနီယ မည်၏။ (၆) ဘာဂျဝါ, ဘဂ္ဂဝါ, ဗုဒ္ဓေါ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဂရုတိ ဥဂ္ဂစ္ဆတိ ဥဂ္ဂတော ပါကဋော ဘဝတီတိ ဂရု။

(၃) ထင်ရှားကျော်စောခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ထင်ရှား ကျော်စောသော ဆရာဟူသော အနက်ဖြစ်သည် ဝစနီယ မည်၏။ (၆) အာစရိယ, အာစေရ, နိဿယဒါယက-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဂရုတိ သိဉ္စတိ သိဿေသု မေတ္တာဒကေနာတိ ဂရု။ (၃) တပည့်သားတို့အပေါ်၌ မေတ္တာရေ သွန်းလောင်းခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) တပည့်သားတို့ အပေါ်၌ မေတ္တာရေ သွန်းလောင်းသော ဆရာဟူသော အနက်ဖြစ်သည် ဝစနီယ မည်၏။ (၆) တူပြီ။

ဝုစ္စတိ အတ္ထော ဧတေနာတိ ဝစနံ။ (သဒ္ဒေါ) (၃) ပြောဆိုခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ပြောဆိုကြောင်း သဒ္ဒါဟူသော ဖြစ်အနက်သည် ဝစနီယ မည်၏။ (၆) သဒ္ဒ, ဝါစက, ကထာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဝုစ္စတီတိ ဝစနံ။ (အတ္ထော) (၃) ပြောဆိုခြင်းကြိယာ သကတ်သည် ဝစနဟေတု

http://www.dhammadownload.com



မည်၏။ (၅) ပြောဆိုအပ်သော အနက်ဟူသော ဒြဗ်သည် ဝစနီယ မည်၏။ (၆) အတ္ထ, အဘိဓေယျ, ဝါစ္စ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

သရတိ ပဝတ္တတီတိ **သစ္စွာ**။ (၃) ဖြစ်ခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) သီလစသောဂုဏ်သည် ဝစနီယ မည်၏။ (၆) သကလ, ကေဝလ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဂုဏေတိ ပကာသေတိ အတ္တနော ဒဗ္ဗန္တိ **ဂုဏော**။ (၃) ထင်ရှားခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) သီလ-စသော ဂုဏ်သည် ဝစနီယ မည်၏။

(၆) အာနိသံသ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဝိသေသိယတေတိ ဝိသိဋ္ဌော။ သဗ္ဗေ ဂုဏာ **သဗ္ဗဂုဏာ**။

သဗ္ဗဂုဏေဟိ ဝိသိဋ္ဌော **သဗ္ဗဂုဏဝိသိဋ္ဌော**။ (၃) သီလ-စသော အလုံးစုံသော ဂုဏ်တို့၏ ထူးသော မြတ်စွာဘုရားနှင့် ဂုဏ်-ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) မြတ်စွာဘုရားသည် ဝစနီယ မည်၏။ (၆) သကလဂုဏ-ဝိသိဋ္ဌော-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

သဗ္ဗဂုဏဝိသိဋ္ဌဿ ဘာဝေါ **သဗ္ဗဂုဏဝိသိဋ္ဌတာ**။

➤ ❼ ။ (ဂ) ၌ **သဗ္ဗဂုဏဝိသိဋ္ဌတာယ**-ပါတ်၏ သမ္ဗန်ကား- ဣမဿ ဘဂဝတော ဖြစ်ပါသည်။ (၏/သည် စပ်) (ဂ) ၌ **တဿ**-ကို တဘော ဂရုတ္တာ-ဟု ပါတ်ပြင်လျှင် တဿ ဗုဒ္ဓဿ/ဘဂဝတော-ဟု သမ္ဗန်ခံပါ။ (၏/သည် စပ်)

➤ ❻ ။ (က) ဖြင့် ဘဂဝါသဒ္ဒါသည် အလေးအမြတ်ပြုအပ်သော ဆရာဟူသော အနက်ကို ဟော၏ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ/သဒ္ဒါဟော အဘိဓေယျတ္ထ)

(ခ) ဖြင့် ဘဂဝါသဒ္ဒါသည် အလေးအမြတ်ပြုအပ်သော ဆရာဟူသော ဒြဗ်အနက်ကို ဟောရာ၌ လောကသင်္ကေတယုတ္တိအားဖြင့် ပြီးစီး နိုင်မြဲစေပါသည်။(ဘာဝတ္ထ)

(ဂ) ဖြင့် အလေးအမြတ်ပြုအပ်သော အနက်ကြောင့် ဘဂဝါမည်ခဲ့သော် ဤ မြတ်စွာ ဘုရားသည်သာ အလုံးစုံသော ဂုဏ်တို့ဖြင့် ထူးသည်၏အဖြစ်ကြောင့် သတ္တဝါအားလုံးတို့၏ ဆရာ၊ သတ္တဝါအားလုံးတို့၏ အလေးအမြတ်ပြုရာဖြစ်၍ အတိသယနည်းဖြင့် ဘဂဝါ မည်သည့်အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ၌ သေဋ္ဌ-ဖြင့် ဘဂဝါသဒ္ဒါ၏ သေဋ္ဌအနက်ဒြဗ်ကို ဟောသည့်အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ) ဥတ္တမံ-ဖြင့် ဘဂဝါသဒ္ဒါ၏ ဥတ္တမအနက်ဟောသည့်အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ) ဂရု-ဖြင့် ဘဂဝါသဒ္ဒါ၏ ဘာရိယဋ္ဌဝါစီ ရုဠှီ အနိပ္ဖန္န ဖြစ်၍ ဂရုအနက်ဟောသည့်အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ)

ဂါရဝယုတ္တော-ဖြင့် ဘဂဝါသဒ္ဒါ၏ ဂရုအနက်ဟောခြင်းကား မြတ်စွာဘုရားသည် မနှိုင်းယှဉ်အပ်သော သီလ-စသော အလေးပြုထိုက်သော ဂုဏ်ရှိသောကြောင့် ဂရု

http://www.dhammadownload.com



မည်သည်၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဇ) ၌ ဘာဂျဝါ-ဖြင့် ဘဂဝါ၌ ဘာဂျပုဒ် ဝန္တပစ္စည်းအဖြစ်ကိုရင်း (ဒု-လိင်ပဒ၊ ပစ္စယပဒ) ဘဂဝါဟူသော ပုဒ်ကို ဘာဂျံ အဿ အတ္ထီတိ ဘဂဝါ-ဟု ဝစနတ္ထပြုရမည်--ရင်း (အဘိဓာနတ္ထ) ဝန္တုပစ္စည်း၏ အဿတ္ထိအနက်၌ သက်--ရင်း (ပစ္စယတ္ထ) ဘာဂျဝါ-ဟု ဆိုလိုလျက် ဘာ-၌ အာကို အရဿပြု၊ ယ-ကိုချေ၍ ဘဂဝါ-ဟု နိရုတ္တိနည်းဖြင့် ပြီးသည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

ဘဂ္ဂဝါ-ဖြင့် ဘဂဝါ၌ ဘဉ္ဇဓာတ် တဝန္တုပစ္စည်း အဖြစ်ကိုရင်း (ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ) ဘဂဝါပုဒ်ကို ပဉ္စမာရေ အဘဉ္ဇီတိ ဘဂဝါ-ဟု ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) တဝန္တုပစ္စည်း၏ အတိတ်ကာလ, ကတ္တားအနက်၌သက်--ရင်း (ဒု-ပစ္စယတ္ထ) ဘဂ္ဂဝါဟု ဆိုလိုလျက် ဂ-တစ်လုံးကိုချေ၍ ဘဂဝါ-ဟု နိရုတ္တိနည်းဖြင့် ပြီးသည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

ယုတ္တော ဘဂေဟိ-ဖြင့် ဘဂဝါ၌ ဘဂပုဒ်+ဝန္တုပစ္စည်း၏အဖြစ်ကိုရင်း (ဒု-လိင်ပဒ၊ ပစ္စယပဒ) ဝန္တုပစ္စည်း၏ အဿတ္ထိအနက်၌ သက်--ရင်း (ပစ္စယတ္ထ) ဘဂါ အဿ သန္တီတိ ဘဂဝါ-ဟု ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) သိစေပါသည်။

ဝိဘတ္တဝါ-ဖြင့် ဘဂဝါ၌ ဝိပုဗ္ဗ ဘဇဓာတ်+တဝန္တုပစ္စည်း၏အဖြစ်ကိုရင်း(ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ) ဘဂဝါပုဒ်ကို ဝိဘတ္တဝါတိ ဘဂဝါ-ဟု ဝစနတ္ထပြုရ--ရင်း (အဘိဓာနတ္ထ) ဘဇဓာတ်၏ ဘာဂအနက်၌ ဖြစ်သည်ကိုရင်း (ဒု-ဓာတွတ္ထ) ထဝန္တုပစ္စည်း၏ အတိတ်ကာလ, ကတ္တားအနက်၌ သက်--ရင်း (ဒု-ပစ္စယတ္ထ) ဝိဘတ္တဝါ-ဟု ဆိုလိုလျက် ဝိ-ကိုချေ၊ တ-သံယုဂ်ကိုချေ၊ တ-ကို ဂ-ပြု၍ ဘဂဝါ-ဟု နိရုတ္တိနည်းဖြင့် ပြီးသည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

ဘတ္တဝါ-ဖြင့် ဘဂဝါ၌ ဝိပုဗ္ဗ ဘဇဓာတ်+တဝန္တုပစ္စည်း၏အဖြစ်ကိုရင်း(ဒု-ဓာတုပဒ၊ ဒု-ပစ္စယပဒ) ဘဂဝါပုဒ်ကို ဒိဗ္ဗဗြဟ္မ အရိယဝိဟာရာဒယော ဘဇိ သေဝိ ဗဟုလံ အကာသီတိ ဘဂဝါ-ဟု ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ဘဇဓာတ်၏ မှီဝဲခြင်း=သေဝန အနက်၌ ဖြစ်သည်ကိုရင်း (ဒု-ဓာတွတ္ထ) တဝန္တုပစ္စည်း၏ အတိတ် ကာလ, ကတ္တားအနက်၌ သက်--ရင်း (ဒု-ပစ္စယတ္ထ) ဘတ္တဝါ-ဟု ဆိုလိုလျက် တ-သံယုဂ်ကိုချေ၊ တ-ကို ဂ-ပြု၍ ဘဂဝါ-ဟု နိရုတ္တိနည်းဖြင့် ပြီးသည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

ဝန္တဂမနော ဘဝေသု-ဖြင့် ဘဂဝါကား တတိယာ ဗဟုဗ္ဗီဟိသမာသ်၏အဖြစ်ကိုရင်း (သမာသလိင်ပဒ) ဘဂဝါပုဒ်ကို ဘဝေသု (တဏှာသင်္ခါတံ) ဂမနံ အနေန ဝန္တန္တိ ဘဂဝါ-ဟု တတိယာ ဗဟုဗ္ဗီဟိ ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) ယင်းသမာသ်၏ ကတ္တားအနက် ဟောသည်၏--ရင်း (သမာသလိင်တ္ထ) ဘဂဝါ-၌ ဘဝေသု ဝန္တဂမနော-ဟု ဆိုလိုလျက် ဘဝေသု-မှ ဘ-ကိုယူ၍ ဝေ, သု-ကိုချေခြင်း၊ ဝန္တမှ ဝ-ကိုယူ၍ န္တကိုချေခြင်းအားဖြင့်

http://www.dhammadownload.com



ဘဝါဂ-မှ ဝနှင့်ဂ ရှေ့နောက်ပြန်ခြင်း နိရုတ္တိနည်းဖြင့် ပြီးသည်ကိုရင်း (ဘာဝတ္တ) သိစေ။

➤ ၀ ။ **ဘုရားရှင်သည်သာ သတ္တဝါအားလုံးတို့၏ အမြတ်ဆုံး ဂါရဝဋ္ဌာန ဖြစ်တော်မူပုံ** ။ ။ မြတ်စွာဘုရားသည် ဥပမာ မပြုနိုင်လောက်အောင် အစွမ်းသတ္တိရှိသော သီလ-စသော ဂုဏ်တော်အထူးနှင့် ပြည့်စုံတော်မူသောကြောင့်ရင်း၊ အလုံးစုံသော ကျေးဇူးမဲ့ကို ပယ်ရှားခြင်း ရှေ့သွားရှိသည်ဖြစ်၍ အကြွင်းမရှိအောင် စီးပွားချမ်းသာကို ဆောင်သော ကာယပယောဂ ဝစီပယောဂ မနောပယောဂ၏ ပြည့်စုံခြင်းအားဖြင့် သတ္တဝါအပေါင်း၏ ကျေးဇူးဥပကာရကို စင်စစ် ပြုတော်မူလေ့ရှိသောကြောင့်ရင်း၊ အနန္တလောကဓာတ်၌ သတ္တဝါအားလုံးတို့၏ အမြတ်ဆုံး ဂါရဝဋ္ဌာန ဖြစ်တော်မူပါသည်။

➤ ၁၀ ။ (ဃ) **ဝုစ္စတိ–၌ ဝစနတ်အရ** - ဘဂဝါ-ဟု ပြောဆိုသော ပုဂ္ဂိုလ်တို့ သန္တာန်၌ ဆန္ဒ အဓိမောက္ခ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ရ၏။

(၁) ၎င်းစိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိဂ်ီရရသ မည်၏။ (၂) မနသာ ဝဝတ္ထာပိတဖြစ်သော ဘဂဝါဟူသောပုဒ်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ထိုဘဂဝါ သဒ္ဒါ၏ သေဋ္ဌဂုဏ်, ဥတ္တမဂုဏ်, ဂါရဝယုတ္တဂုဏ်ရှိသော အနက်ကို ဟောနိုင်ခြင်းသည် ဥဒ္ဒီပနဝိဘာဝမည်၏။ (၄) ဘဂဝါ-ဟု ဆိုသဖြင့် သေဋ္ဌ, ဥတ္တမ, ဂါရဝယုတ္တဂုဏ်ရှိသော ဘုရားရှင်ကို အောက်မေ့သတိရခြင်း၊ သတိ သမာဓိ ကာယိကသုခ စေတသိကသုခ ရရှိခြင်းနှင့် သုဂတိ ပရာယဏ စသည်တို့သည် အနုဘာဝ မည်၏။

(ခ) **၌ ဘဂဝါ ဝစန္တိကို ၌** ။ ။ (၁) ဘဂဝါ-ဟု ပြောဆိုသူတို့သန္တာန်၌ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရရသ မည်၏။ (၂) မြတ်စွာဘုရားသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) မြတ်စွာဘုရား၏ ကျောက်ထီးတန္ဓု အလေးအမြတ်ပြုအပ်သည်၏အဖြစ်နှင့် မနှိုင်းယှဉ်အပ်သော အလုံးစုံသော သီလဂုဏ်တို့ဖြင့် အလေးအမြတ်ပြုအပ်သည်၏ အဖြစ်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) သီလ-စသော ဂုဏ်တော်တို့ဖြင့် သတ္တဝါအားလုံးတို့ထက်မြတ်သော အနုတ္တရ အသဒိသ အတုလဂုဏ်တော်ကို အာရုံယူ၍ ဗုဒ္ဓါနုဿတိ ပွားများနိုင်ခြင်းစသော အကျိုးတို့သည် အနုဘာဝ မည်၏။

## ဝါကျ (၅၈)

**(က) ဣမိဿာ ဂါထာယ ဝေသေနဿ ပဒဿ ဝိတ္ထာရတော အတ္ထော ဝေဒိတဗ္ဗော။**

**(ခ) သော စ ဝိသုဒ္ဓိမဂ္ဂေ ဗုဒ္ဓါနုဿတိနိဒ္ဒေသေ ဝုတ္တောယေဝ။** (ရှေ့ဝါကျ၌ ပေးပြီး)

**(ဂ) ဧတ္တာဝတာ စေတ္ထ "ဧဝံ မေ သုတ"န္တိ ဝဒန္တေန ယထာသုတံ ဓမ္မံ ဒဿေန္တော ဘဂဝတော ဓမ္မကာယံ ပစ္စက္ခံ ကရောတိ၊ (ဃ) တေန "နယိဒံ အတိက္ကန္တသတ္ထုကံ ပါဝစနံ၊ အယံ ဝေါ သတ္ထာ"တိ သတ္ထု အဒဿနေန ဥက္ကဏ္ဌိတံ ဇနံ သမဿာသေတိ၊** (၄၊၃၅)

➤ ၁ ။ (ဂ) စ၊ဆက်ဦးအံ့။ဧတ္ထ၊ဤ နိဒါန်းစကားရပ်၌။ဧတ္တာဝတာ၊ဤမျှအတိုင်း

http://www.dhammadownload.com



အရှည်ရှိသော။ဝေံ မေ သုတန္တိ ဝစနေန၊ဧဝံ မေ သုတံ-ဟူသော စကားဖြင့်။ယထာသုတံ၊ အကြင် အကြင် ကြားနာအပ်ပြီးသော။ဓမ္မံ၊တရားကို။ဒဿေန္တော၊ပြခြင်းကြောင့်။(ဝါ) ပြတော်မူသော။ (ထေရော၊အရှင်အာနန္ဒာထေရ်သည်) ဘဂဝတော၊၏။ဓမ္မကာယံ၊တရားတည်းဟူသော ကိုယ်တော်ကို။ပစ္စက္ခံ၊မျက်မှောက်ကို။ကရောတိ၊ပြု၏။

(ဃ) တေန၊ထိုသို့ ဓမ္မကာယကို မျက်မှောက်ပြုခြင်းကြောင့်။ဣဒံ ပါဝစနံ၊ဤမြတ်သော ဘုရားစကားတော်သည်။အတိက္ကန္တသတ္ထုကံ၊ကွယ်လွန်ပြီးသော ဆရာရှိသည်။န၊ မဟုတ်။အယံ၊ဤတရားတော်သည်။ဝေါ၊သင်တို့၏။သတ္ထာ၊ဆရာတည်း။ဣတိ၊သို့။သတ္ထု၊ မြတ်စွာဘုရားကို။အဒဿနေန၊မဖူးမြင်ရခြင်းကြောင့်။[ဝါကျ] (တနည်း)သတ္ထုအဒဿနေန၊ မြတ်စွာဘုရားကို မဖူးမြင်ရခြင်းကြောင့်။[သမာသ်] ဥက္ကဏ္ဌိတံ၊ပျင်းရိနေသော။(ဝါ) ဆင်းရဲငြိုငြင်စွာ အသက်ရှင်ရခြင်းသို့ ရောက်သော။(ဝါ) အထက်၌တည်သော လည်ရှိသော။ဇနံ၊သတ္တဝါအပေါင်းကို။သမဿာသေတိ၊သက်သာရာ ရစေ၏။ (ဘာဋီ-၂၁၈။)

➢ ❷ ။ (ဃ) သို့/ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဧဝံ မေ သုတံ-ဟူသော စကားဖြင့် မြတ်စွာဘုရား၏ ဓမ္မကာယကို မျက်မှောက်ပြု၏ဟု ဖွင့်ဆိုတော်မူ၏။ ဓမ္မကာယကို မျက် မှောက်ပြုသဖြင့် အဘယ်ဂုဏ် အဘယ်အကျိုးရှိပါသနည်း။ ရအပ်သော အကျိုး ဂုဏ်ကို မပြဆိုပြီလော။ စုဒ်ကြောင့် (ဃ) မိန့်။

**အမှာ**/(ခ) ဝါကျ အတက်နှင့် စတုက္ကထုတ်ပုံ ရှေ့ဝါကျ၌ ရေးခဲ့ပြီ။

➢ ❹ ။ ဓမ္မသင်္ခါတော ကာယော **ဓမ္မကာယော**။ (၃) ဓမ္မ-ဟု ဆိုအပ်သော ဂုဏ်၏ ကာယနှင့် ဝိသေသန-ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) မြတ်စွာဘုရားဖြစ်သည် ဝစနီယ မည်၏။ (၆) ဓမ္မသရီရ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

အက္ခံ ဣန္ဒြိယံ ပတိဂတံ နိဿိတံ ပစ္စက္ခံ။ အက္ခေန ပတိဂတံ ပစ္စက္ခံ။

(၃) ဣန္ဒြေ၏ မှီသော မျက်မှောက်ဖြစ်ခြင်းနှင့် နိဿယ-နိဿိတ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) မျက်မှောက်ပြုအပ်သော ဓမ္မသည် ဝစနီယ မည် ၏။ (၆) ဣန္ဒြိယဂ္ဂယှ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ပကဋ္ဌံ ဥတ္တမံ ဝစနံ **ပါဝစနံ**။ (၃) မြတ်သောဂုဏ်၏ မြတ်စွာဘုရား စကားတော်နှင့် ဂုဏ်-ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) မြတ်စွာဘုရား စကားတော်သည် ဝစနီယ မည်၏။ (၆) ပိဋက,ပါဠိ, ဓမ္မ-စသော ပရိယာယ် သဒ္ဒါများ သည် ဝစနီယတ္ထ မည်၏။

အတိက္ကန္တော သတ္ထာ ယသ္မိန္တိ **အတိက္ကန္တသတ္ထုကံ**။ (၃) လွန်ပြီးသော ဆရာ၏ တရားတော်နှင့် သံ သာမိ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

(၅) စကားတော်သည် ဝစနီယ မည်၏။ (၆) အတီတသတ္ထုက-စသော ပရိယာယ်

http://www.dhammadownload.com



သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

➤ ❺ ။ (ဃ) ၌ **ဓဇာနေ**-ကို တာဒိသတ္တာပစ္စက္ခကရဏတ္ထာ-ဟု ဟိတ်ပြင်လျှင် - အာယသ္မတော အာနန္ဒတ္ထေရဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

**အတိက္ကန္တသတ္ထုကံ**-ကို အတိက္ကန္တသတ္ထုကတ္တာ-ဟု ဟိတ်ပြင်လျှင် - ဣမဿ ပါဝစနဿ-ဟု သမ္ဗန် ခံရပါမည်။ (၏/သည် စပ်)

❶ ❷ ။ **ဓနံ သမဿာဒေသတိ-အရ** ။ ။ သက်သာမှုကိုရသော သတ္တဝါအပေါင်း၏ ပီတိ သောမနဿ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဥာယိဘာဝ, ဓမ္မသိင်္ဂါရဝ/ ဟဿဥာယိဘာဝ, ဟာသရသ မည်၏။ မြတ်စွာဘုရား၏ မြတ်သော စကားတော်သည် အာရမ္မဏဝိဘာဝ မည်၏။ မြတ်စွာဘုရား စကားတော်သည် လွန်သော ဆရာမရှိခြင်း၊ တရားတော်၏ ဆရာ၏အဖြစ်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ ဆင်းရဲမှု မရှိတော့ခြင်း, မပျင်းရိခြင်း, တရားကို ယုံကြည်ခြင်း စသည်တို့သည် အနုဘာဝ မည်၏။

---

**ဋီကာ (၄၁)**

**(က) အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒန္တိ အန္တရာသဒ္ဒေါ ကာရဏ ခဏ စိတ္တ ဝေမဇ္ဈ ဝိဝရာဒီသု ဒိဿတိ၊ (ခ) "တဒန္တရံ ကော ဇာနေယျ အညတြ တထာဂတာ" တိ စ "ဓနာ[illegible] မဇ္ဈန္တိကမ္ဟိ တွဉ္စ ကိမန္တရ" န္တိ စ အာဒီသု ဟိ ကာရဏေ အန္တရာသဒ္ဒေါ၊ "အဒ္ဒသ မံ ဘန္တေ အညတရာ ဣတ္ထီ ဝိဇ္ဇန္တရိကာယ ဘာဇနံ ဓောဝန္တီ" တိ အာဒီသု ခဏေ၊ ယဿန္တရတော န သန္တိ ကောပါ" တိ အာဒီသု စိတ္တေ၊ "အန္တရာ ဝေါသာနမာပါဒီ" တိ အာဒီသု ဝေမဇ္ဈေ၊ အပိစာယံ ဘိက္ခဝေ တပေါဒါ ဒွိန္နံ မဟာနိရယာနံ အန္တရိကာယ အာဂစ္ဆတီ" တိ အာဒီသု ဝိဝရေ၊**

**(ဂ) သွာယ မိဓ ဝိဝရေ ဝတ္တတိ၊ (ဃ) တသ္မာ ရာဇဂဟဿ စ နာဠန္ဒာယ စ ဝိဝရေတိ ဝေမဇ္ဈေတ္တော ဝေဒိတဗ္ဗော၊ (င) အန္တရာသဒ္ဒေန ပန ယုတ္တတ္တာ ဥပယောဂဝစနံ ကတံ၊ (၄၁၊၃၅)**

➤ ❶ ။ (က) အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒန္တိ ဧတ္ထ၊--နာဠန္ဒာဟူသော ဤပါဌ်၌။(သမဘိနိဝိဌော၊ကောင်းစွာ အကျုံးဝင်သော။) အန္တရာသဒ္ဒေါ၊အန္တရာသဒ္ဒါသည်။ (ဝါ) ကို။ကာရဏ ခဏ စိတ္တ ဝေမဇ္ဈ ဝိဝရာဒီသု၊အကြောင်းဟူသော အနက်, ခဏဟူသော အနက်, စိတ်ဟူသောအနက်, အလယ်ဟူသော အနက်, အကြားဟူသောအနက် အစရှိသော အနက်တို့၌။ဒိဿတိ၊ထင်ရှား၏။ (ဝါ) တွေ့မြင်အပ်၏။

(ခ) ဟိ၊ချဲ့ဦးအံ့။တထာဂတာ၊မြတ်စွာဘုရားကို။အညတြ၊ကြဉ်၍။ကော၊အဘယ်သူသည်။တဒန္တရံ၊ထိုအကြောင်းကို။ဇာနေယျ၊သိနိုင်ပါအံ့နည်း။ဣတိစ၊ဤပါဌ်ရပ်၌၎င်း။ ဇနာ၊လူတို့သည်။သင်္ဂမ္မ၊ပေါင်းဆုံ၍။ (ဝါ) စုရုံး၍။မဉ္စ၊တပည့်တော်မကိုရင်း။တွဉ္စ၊အရှင်ဘုရားကိုရင်း။မန္တေန္တိ၊တိုးတိုးပြောကြကုန်၏။(ဝါ)တိုင်ပင်ကြကုန်၏။အန္တရံအကြောင်းကား။ ကိံ၊အဘယ်နည်း။(တနည်း)ကိံ အန္တံ၊အကြောင်းမည်သို့ဟု မသိရ။ဣတိစ၊ဤပါဌ်ရပ်၌၎င်း။

http://www.dhammadownload.com



က္ကတိ အာဒီသုံ၊ဤသို့ အစရှိသော ပါဠိရပ်တို့၌၊ကာရဏေ၊အကြောင်းဟူသောအနက်၌၊ အန္တရာသဒ္ဒေါ၊အန္တရာသဒ္ဒါသည်၊ဒိဿတိ၊ထင်ရှား၏။

ဘန္တေ၊မြတ်စွာဘုရား၊အညတရာ၊အမျိုးအမည်အားဖြင့် မထင်ရှားသော၊(ဝါ)တစ်ယောက်သော၊ဣတ္ထိ၊မိန်းမသည်၊ဝိဇ္ဇန္တရိကာယ၊လျှပ်စစ်ပျက်ဆဲခဏ၌၊ဘာဇနံ၊အိုးခွက်ကို၊ဓောဝန္တီ၊ဆေးနေစဉ်၊မံ၊တပည့်တော်ကို၊အဒ္ဒသ၊မြင်ပါပြီ၊ဣတိ အာဒီသု၊တို့၌၊ခဏေ၊ခဏဟူသောအနက်၌၊ဒိဿတိ၊၏။ ✱ ယဿ၊အကြင်ပုဂ္ဂိုလ်၏၊အန္တရတော၊စိတ်၌၊ကောပါ၊စိတ်ကို ဖျက်ဆီးတတ်သော ရာဂ အစရှိသော ကိလေသာတို့သည်၊န သန္တိ၊မရှိကုန်၊ဣတိ အာဒီသု၊တို့၌၊စိတ္တေ၊စိတ်ဟူသောအနက်၌၊ဒိဿတိ၊၏။ ✱ အန္တရာ၊အစ အဆုံးတို့၏ အလယ်၌၊ဝေါသာနံ၊ပြီးဆုံးခြင်းသို့၊အာပါဒိ၊ရောက်ပြီ၊ဣတိ အာဒီသု၊တို့၌၊ဝေမဇ္ဈေ၊အလယ်ဟူသောအနက်၌၊ဒိဿတိ၊၏။ ✱ ဘိက္ခဝေ၊တို့၊အပိစ၊ဤသို့ပင် အစအမွန်က ပြည့်စုံခဲ့ပါသော်လည်း၊အယံ တပေါဒါ၊ဤ တပေါဒါမြစ်သည်၊ဒွိန္နံ မဟာနိရယာနံ၊လောဟကုမ္ဘီငရဲကြီး နှစ်လုံးတို့၏၊အန္တရိကာယ၊အကြားဖြင့်၊အာဂစ္ဆတိ၊စီးလာ၏၊ဣတိ အာဒီသု၊တို့၌၊ဝိဝရေ၊အကြားဟူသောအနက်၌၊ဒိဿတိ၊ထင်ရှား၏။

(ဂ)(ယသ္မာ၊အကြင့်ကြောင့်၊)ဣမေ၊ဤ အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံဟူသော ပါဠ်၌၊သွာယံ အန္တရသဒ္ဒေါ၊ထိုအန္တရသဒ္ဒါသည်၊ဝိဝရေ၊အကြားဟူသောအနက်၌၊ဝတ္တတိ၊ဖြစ်၏။ (ဃ) တသ္မာ၊ထို့ကြောင့်၊[ထိုသို့ အန္တရာသဒ္ဒါ၏ အကြားအနက်၌ ဖြစ်သည်၏ အဖြစ်ကြောင့်၊] ရာဇဂဟဿစ၊ရာဇဂြိုဟ်မြို့၏ငင်း၊နာဠန္ဒာယစ၊နာဠန္ဒာမြို့၏ငင်း၊ဝိဝရေ၊အကြားဖြစ်သော အရပ်၌၊ဣတိ ဧဝံ၊ဤသို့၊ဧတ္ထ၊ဤ အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံ ဟူသော ပါဠ်၌၊အတ္ထော၊အနက်ကို၊ဝေဒိတဗ္ဗော၊သိထိုက်၏။

(င)[ **ပုစ္ဆာနှင့် ကိဉ္စာပိ ဝါကျထည့်၍ အနက်** ] အာစရိယ၊ဆရာ၊ဧတ္ထ၊ဤပါဠ်၌၊ရာဇဂဟဿစ၊ရာဇဂြိုဟ်မြို့၏ငင်း၊နာဠန္ဒာယစ၊နာဠန္ဒာမြို့၏ငင်း၊ဝိဝရေ အကြားဖြစ်သော အရပ်၌၊ဣတိ အတ္ထော၊ဤကဲ့သို့သော ဆဋ္ဌီအနက်ကို၊ယဒိ ဝေဒိတဗ္ဗော၊အကယ်၍ သိအပ်သည် ဖြစ်ငြားအံ့၊တသ္မာ၊ထိုသို့ သိအပ်သည်၏အဖြစ်ကြောင့်၊သာမိဝစနံယေဝ၊ဆဋ္ဌီဝိဘတ်ကိုသာလျှင်၊ကာတဗ္ဗံ၊ပြုအပ်၏၊ဥပယောဂဝစနံ၊ဒုတိယာဝိဘတ်ကို၊န ကာတဗ္ဗံ၊မပြုအပ်၊အထ၊ထိုသို့ ဒုတိယာဝိဘတ် မသက်အပ် ဆဋ္ဌီဝိဘတ်သာ သက်အပ်ပါလျက်၊ကသ္မာ၊အဘယ့်ကြောင့်၊အာယသ္မတာ အာနန္ဒတ္ထေရေန၊သည်၊ဥပယောဂဝစနံ၊ကို၊ကတံ၊ပြုအပ်၏၊သာမိဝစနံ၊ကို၊န ကတံ၊မပြုအပ်၊ဣတိ အယံ၊ဤသည်ကား၊ပုစ္ဆာ၊အမေးတည်း။

ရာဇဂဟဿစ၊ငင်း၊နာဠန္ဒာယစ၊ငင်း၊ဝိဝရေ၌၊ဣတိ အတ္ထော၊ကို၊ဧတ္ထ၊ဤပါဠ်၌၊ကိဉ္စာပိ ဝေဒိတဗ္ဗော၊အကယ်၍ကား သိအပ်ပါ၏ရှင့်။

(င) ပန၊ထိုသို့ ရာဇဂဟဿစ နာဠန္ဒာယစ-ဟု သမ္ဗန်အနက် ဖြစ်သင့်ပါသော်လည်း၊အန္တရာသဒ္ဒေန၊အန္တရာသဒ္ဒါနှင့်၊ယုတ္တတ္တာ၊ယှဉ်သည်၏အဖြစ်ကြောင့်၊ဥပယောဂဝစနံ၊

http://www.dhammadownload.com



ဒုတိယာဝိဘတ်ကို။ကတံပြုအပ်ပြီ။[သာမိဝစနံ၊ဆဋ္ဌီဝိဘတ်ကို။န ကတံ၊မသက်အပ်။]

➤ ❷။ (က) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ ဇဝံ မေ သုတံ-စသော ပုဒ်ခြောက်ခု အပေါင်း၏ ပုဒ်စဉ်အားဖြင့် အထူးထူး အပြားပြားဖြစ်သော အနက်ဖွင့်ကို ဖွင့်ပြခဲ့ပြီး၍ ယခုအခါ၌ အန္တရာစ ရာဇဂဟံ-စသော ပုဒ်တို့၏ အနက်ဖွင့်ကို ဖွင့်ပြတော်မူလိုသော ဆရာသည် (က) ဝါကျကိုမိန့်။

(ခ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် အန္တရာသဒ္ဒါသည် ကာရဏ, ခဏ, စိတ္တ, ဝေမဇ္ဈ, ဝိဝရ အစရှိသော အနက်၌ ထင်၏ဟု အတ္ထုဒ္ဓါရကို ပြတော်မူပြီး၍ ယခုအခါ၌ ယင်းအနက်ကို ပြီးစေလိုရကား (ဝါ) ချဲ့ပြလိုသော ဆရာသည် (ခ) မိန့်။

(ခ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် -- ထင်၏ဟု ဆိုတော်မူ၏။ ကာရဏတ္တ စသည်ကို ဟောသော အန္တရာသဒ္ဒါကို အာဂုံ ပါဠိတို့ဖြင့် အကျယ်ချဲ့ကာ မဖွင့်ပြတော့ ပြီလော။ ယင်းအန္တရာသဒ္ဒါ၏ ကာရဏတ္တ စသည်တို့၌ ဖြစ်ပုံ အကျယ်ဝိတ္ထာရကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့်--ထင်၏ဟု ပြတော်မူပြီး၍ ယခုအခါ၌ အန္တရာသဒ္ဒါ၏ ဤ၌ အလိုရှိအပ်သောအနက်ကို ဖွင့်ပြလိုသော ဆရာသည် (ဂ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် --ထင်၏ဟု ဆိုတော်မူ၏။ ဤ **အန္တရာစ** ရာဇဂဟံ-စသော ပါဠ်၌ အန္တရာသဒ္ဒါသည် ကာရဏ, ခဏ, စိတ္တ, ဝေမဇ္ဈ, ဝိဝရ အစရှိသော အနက်တို့၌ ဖြစ်သည်ဟု မှတ်ရမည်လော။ ဤ၌ အန္တရာသဒ္ဒါသည် အဘယ်အနက်၌ ဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဂ) ဝါကျကိုမိန့်။

**ကား**-- (ဂ) ဖြင့် ဤ၌ အန္တရာသဒ္ဒါသည် ဝိဝရအနက်၌ ဖြစ်၏ဟု ငါပြဆို၏ဟူလို

(ဃ) သို့/ **အယုတ္တာဒောဂစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဤ အန္တရာ စ ရာဇဂဟံ-စသောပါဠ်၌ အန္တရာသဒ္ဒါသည် ဝိဝရအနက်၌ ဖြစ်၏ဟု ဆိုတော်မူ၏။ ထို သို့ဆိုသဖြင့် ဆရာ့အား အဘယ်ဂုဏ်ရှိပါသနည်း။ (ဝါ)အဘယ်အကျိုးရှိပါသနည်း။ ရအပ်သော အကျိုးကို မပြပြီလော။ အကယ်၍ ရအပ်သောအကျိုးကို မပြဆိုချေသော် ဆရာ့အား နိရတ္ထကဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဃ) မိန့်။

(င) သို့/ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ရာဇဂြိုဟ်ပြည်၏ရင်း, နာဠန္ဒမြို့၏ရင်း အကြား၌ဟူသော အနက်ကို သိအပ်သောဟု ဆိုတော်မူ၏။ ဤအန္တရာစ-စသော ပါဠ် ၌ ဒုတိယာဝိဘတ် မဟုတ်လော။ ယင်းသို့ ဒုတိယာဝိဘတ်သာဖြစ်လျက် အဘယ့်ကြောင့် ရာဇဂြိုဟ်ပြည်၏ရင်း, နာဠန္ဒမြို့၏ရင်း ဟူသော သမ္ဗန္ဓီအနက်ကို ဆိုအပ်ပါသနည်း။ (ဝါ) သမ္ဗန္ဓီအနက်၌ အဘယ့်ကြောင့် ဒုတိယာဝိဘတ်ကို သက်အပ်ပါသနည်း။ (င) မိန့်။

➤ ❸။ [ က+ဂ ဝါကျတို့ကိုရှု ] (၁) နနု အန္တရာသဒ္ဒေါ ကာရဏ ခဏ စိတ္တ ဝေမဇ္ဈ ဝိဝရာဒိသု ဒိဿတိ။ (၂) အထ ကသ္မာ သွာယ မိဓ ဝိဝရေ ဝတ္တတိ။ (၃) နနု

http://www.dhammadownload.com



တဒညေသံ အသမ္ဘဝေါ ဟောတိ။ (၄) တသ္မာ သွာယ မိဓ ဝိဝရေ ဝတ္တတိ။

[ ယ+ဧ ဝါကျဇတ္တိုက်ပုံ ] (၁) နနု ရာဇဂဟဿ စ နာဠန္ဒာယ စ ဝိဝရေတိ ဧဝမေတ္ထ တ္ထော ဝေဒိတဗ္ဗော။ (၂) အထ ကသ္မာ ဥပယောဂဝစနံ ကတံ။ (၃) နနု ရာဇဂဟ - နာဠန္ဒာသဒ္ဒါ အန္တရာသဒ္ဒေန ယုတ္တာ ဟောန္တိ။ (၄) တသ္မာ ဥပယောဂဝစနံ ကတံ။

* (ဧ) ဝါကျ၌ ပန-သဒ္ဒါ ထားမြေခြင်းအကြောင်း ။ ။ ပါဠိတော်၌ ဒုတိယာဝိဘတ် နှင့် ရှိပါလျက် ရာဇဂဟဿစ နာဠန္ဒာယစ-ဟု ဖွင့်သော သံဝဏ္ဏနာဟူသော အနက်ကို မနှစ်သက်သောကြောင့် "ပန"သဒ္ဒါ ထားရပါသည်။

ပန သဒ္ဒါ၏အနက် /ဓောတကတ္ထ ။ ။ ဝက်ဝုစ်ဖြစ်၍ စပ်ရာယုတ်သောကြောင့် ဂရဟာအနက်ကို ထွန်းပြပါသည်။

➤ ❾ ။ တပ ဥဒကံ အဿာတိ တဓေါ၊/တပ ဥဒကံ ဧတ္ထာတိ တဓေါ၊

(၃) ပူသော ရေ၏ မြစ်နှင့် ဌာနီ ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ပူသော ရေရှိရာဖြစ်သော မြစ်ဒြဗ်သည် ဝစနီယ မည်၏။ (၆) တပေါဒက-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

နဒတိ သန္ဒတီတိ နဒီ။ (၃) မထင်မရှား အသံပြုခြင်း (ဝါ) စီးဆင်းခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) မြစ်ဒြဗ်သည် ဝစနီယ မည်၏။ (၆) နိန္နဂါ, သဝန္တိ, သိန္ဓု-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဂါယန္တိ ဧတ္ထာတိ ဂါမော။ (၃) သီဆိုခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ရွာဒြဗ်သည် ဝစနီယ မည်၏။ (၆) သံဝသထ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

အန္တတိ ဗန္ဓတီတိ အန္တရံ။ (၃) နှောင်ဖွဲ့ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အပေါက်အကြား အရပ်ဒြဗ်သည် ဝစနီယ မည်၏။ (၆) အဗ္ဘန္တရ, အန္တရိက, ဝိဝရ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဝိဂတော ဝရော ဝါရဏံ အဿာတိ ဝိဝရံ။ (၃) ကင်းခြင်း ဝိဂတဂုဏ်၏ တားမြစ်ခြင်းနှင့် ဂုဏ် ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) အပေါက်အကြားဒြဗ်သည် ဝစနီယ မည်၏။ (၆) အဗ္ဘန္တရ, အန္တရိက-စသော ပရိယာယ်သဒ္ဒါများ သည် ဝစနီယတ္ထ မည်၏။

* ပုညတော အယတိ ပဝတ္တတီတိ အဓယော။

အယိတဗ္ဗော ပတ္တဗ္ဗော အနုဘဝနဝသေန ပုညကာရကေနာတိ ဝါ အဓယော။

နတ္ထိ အယာ သုခဿာဒါ ဧတ္ထာတိ နိရယော။ (၃) သာယာအပ်သော သုခ မရှိခြင်း ဂုဏ်နှင့် ငရဲအရပ်ဌာန၏ ဂုဏ်-ဂုဏီ/အဘာဝ-အဘာဝဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည် ဝစနဟေတု မည်၏။ (၅) ငရဲ အရပ်ဌာနသည် ဝစနီယ မည်၏။ (၆) နရက-

http://www.dhammadownload.com



စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* မဟန္တိ ဝုဒ္ဓိံ ပါပုဏန္တီတိ မဟန္တာ၊ မဟန္တာစ တေ နိရယာစာတိ မဟာနိရယာ။ (တေသံ မဟာနိရယာနံ) (၃) မဟန္တ-အရ မဟန္တဘာဝ၏ နိရယ-အရ ငရဲဖြစ်နှင့် ဂုဏ် ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၄) လောဟကုမ္ဘီ ငရဲဖြစ် သည် ဝစနီယ။ (၆) မဟာနရကာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

➤ ❺ ။ ယုတ္တတ္တာ-ဟိတ်၏ သမ္ဗန်ကား ရာဇဂဟံ နာဠန္ဒန္တိ ပဒါနံ ဖြစ်ပါသည်။ (တို့၏/တို့သည် စပ်)

❻ ။ (ဏ) ဖြင့် အန္တရာစ ရာဇဂဟံ စသည်၌ အန္တရာသဒ္ဒါသည် ကာရဏ, ခဏ စိတ္တ, ဝေမဇ္ဈ-စသော အနက်များကို ဟောသည်၏အဖြစ်ကို သိစေသည်။ (နာမလိင်္ဂတ္ထ)

(ဂ) ဖြင့် အန္တရသဒ္ဒါ ကာရဏ-စသော အနက်များ ဟောနိုင်သော်လည်း ဤ အန္တရာစ ရာဇဂဟံ-၌ ဝိဝရအနက်ကိုသာ လိုအပ်၏၊ အခြားသော အနက်များကား မဖြစ်သင့်သော ကြောင့် မလိုအပ်ဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

(ဃ) ဖြင့် အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒန္တိ-၌ ဒုတိယာ အံဝိဘတ်သည် သမ္ဗန် အနက် ဟောသည်၏အဖြစ်ကို သိစေပါသည်။ (ဝိဘတျတ္ထ)

(င) ဖြင့် ရာဇဂဟံ နာဠန္ဒံပုဒ်တို့၌ သမ္ဗန်အနက်ရှိသော်လည်း ဆဋ္ဌီဝိဘတ် မသက်အပ်၊ အန္တရာသဒ္ဒါနှင့် ယှဉ်ရာဖြစ်သောကြောင့် ဒုတိယာဝိဘတ် သက်အပ်သည့်အဖြစ်ကို သိ စေပါသည်။ (ဘာဝတ္ထ)

➤ ❼ ။ ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒာမြို့တို့၏ အကြား ပမာဏ - တစ်ယူဇနာ။

➤ ❶❶ ။ (ဃ) ဝါကျ ဝေဒိတဗ္ဗော-၌ ဝိဓေယျအရ ။ ။ (၁) ဉာဏ်ပြဋ္ဌာန်းသော နောင်လာ နောက်သား ပညာရှိ စာသင်သားတို့၏ သန္တာန်၌ဖြစ်သော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိဂါရဝ မည်၏။ (၂) သမ္ဗန် အနက်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ရာဇဂဟံ နာဠန္ဒံပုဒ်တို့၌ သမ္ဗန်အနက်ကို ကြံစည်မှုဟူသော ရှေးဦးစွာသော ပုဂ္ဂိုလ်တို့၏ စိန္တာမယဉာဏ် စသည်တို့သည် ဥဒ္ဒီပန ဝိဘာဝမည်၏။ (၄) ရာဇဂဟံ နာဠန္ဒံပုဒ်တို့၌ အံဝိဘတ်သည် သမ္ဗန်အနက်မှာ သက်ထား၏ဟု သိရှိရသဖြင့် ရာဇဂြိုဟ်မြို့နှင့် နာဠန္ဒမြို့၏ အကြား၌ ဘုရားရှင် ခရီးသွားနေခိုက် ဖြစ်၏ဟု သိရခြင်း၊ ထိုသို့ သိရသဖြင့် ဗုဒ္ဓါသာတိ ကမ္မဋ္ဌာန်းကို ပွားများနိုင်ခြင်း စသော အကျိုး တရားများသည် အနုဘာဝ မည်၏။

**ဝါကျ (၆၂)**

**(က) ဤဒိသေသု စ ဌာနေသု အက္ခရစိန္တကာ "အန္တရာ ဂါမဉ္စ နဒိဉ္စ ယာတိ" တိ ဧဝံ ဧကမေဝ အန္တရာသဒ္ဒံ ပယုဉ္ဇန္တိ (ခ) သော ဒုတိယပဒေနပိ ယောဇေတဗ္ဗော ဟောတိ၊ (ဂ) အယောဇိယမာနေ ဥပယောဂဝစနံ န ပါပုဏာတိ၊ (ဃ) ဣဓ ပန ယောဇေတွာ ဧဝံ ဝုတ္တောတိ၊ (၄၊၃၅)**

http://www.dhammadownload.com



➤ ❶ ။ (က) စ၊ဆက်ဦးအံ့။ဤဒိသေသု၊ဤကဲ့သို့ ရှုအပ်ကုန်သော။ဌာနေသု၊အရာတို့၌။အက္ခရ စိန္တကာ၊အက္ခရာ ပုဒ်ပါဌ်ကို ကြံစည်တတ်သော သဒ္ဒါဆရာတို့သည်။ အန္တရာ ဂါမဥ္စ နဒိဥ္စ ယာတီတိ၊ အန္တရာ ဂါမဥ္စ နဒိဥ္စ ယာတိဟူ၍။ဝေါ၊ဤသို့။ကေမေဝ၊တစ်ပုဒ်သာလျှင်ဖြစ်သော။အန္တရာသဒ္ဒံ၊အန္တရာသဒ္ဒါကို။ပယုဇ္ဇန္တိ၊ယှဉ်စေကြကုန်၏။

(ခ) သော၊ထိုအန္တရာ သဒ္ဒါသည်။(ဝါ) ကို။ဒုတိယပဒေနပိ၊နဒီဟူသော ဒုတိယပုဒ်နှင့်လည်း။ယောဇေတဗ္ဗော၊ယှဉ်စေထိုက်သည်။ဟောတိ၊၏။

(ဂ) (တသ္မိံ၊ထိုအန္တရာသဒ္ဒါကို။ဒုတိယပဒေန၊နှင့်။) အယောဇိယမာနေ၊မယှဉ်စေအပ်သော်။ဥပယောဂဝစနံ၊ဒုတိယာဝိဘတ်သည်။န ပါပုဏာတိ၊နဒီ- ပုဒ်သို့ မရောက်။

[ဂ-ဝါကျ **ဖော်တာလကာရနည်း**] အယောဇိယမာနေ၊မယှဉ်စပ်အပ်သည်ရှိသော်။အန္တရာသဒ္ဒဿ၊အန္တရာသဒ္ဒါ၏။အယောဇိယမာနတ္တာယေဝ၊မယှဉ်စပ်အပ်သည်၏ အဖြစ်ကြောင့်သာလျှင်။(ဟိတ်) ဥပယောဂဝစနံ၊ဒုတိယာ အံဝိဘတ်သည်။န ပါပုဏာတိ၊မရောက်နိုင်။(ဝါ) မသက်နိုင်။

(ဃ) ပန၊ချီးမွမ်းဖွယ်ရာ သမ္ဘာဝနာကား။က္လစိ၊ဤ အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံဟူသော ပါဌ်၌။ယောဇေတွာဝ၊နောက်ပုဒ်၌ တိုက်ရိုက် ယှဉ်စေ၍သာ။ (အာယသ္မတာ အာနန္ဒတ္ထေရေန၊သည်။) ဝုတ္တော၊လျှောက်အပ်ပြီ။က္လတိ၊ဤသို့ မှတ်အပ်၏။

➤ ❷ ။ (က) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ အန္တရာစ ရာဇဂဟံ-စသော ဝါကျတို့ဖြင့် အန္တရာသဒ္ဒါ၏ အယှဉ်၌ ဒုတိယာဝိဘတ် ဖြစ်သင့်ခြင်းကို ပြပြီး၍ ယခုအခါ၌ သာသနာတော်၌သာ အန္တရာအယှဉ်မှာ ဒုတိယာ ဝိဘတ်ကို ရသင့်သည် မဟုတ်၊ လောက၌လည်း အန္တရာအယှဉ်မှာ ဒုတိယာ ဝိဘတ်ကို ရသင့်၏ဟု ပြလိုသော ဆရာသည် (က) မိန့်။

(က) သို့/ဆရာ၊ ဆရာသည် အန္တရာစ ရာဇဂဟံ-စသော ဝါကျတို့ဖြင့် အန္တရာသဒ္ဒါနှင့် ယှဉ်သောကြောင့် ဒုတိယာ ဝိဘတ် သက်အပ်သည်ကို ဖွင့်ပြတော်မူ၏။ ဤကဲ့သို့ ခပ်သိမ်းသော အရာတို့၌ပင် အန္တရာသဒ္ဒါတစ်ပါးနှင့် ယှဉ်သလော။/လောကမဖက်

၁ သနာတော်သက်သက်၌သာ ဤကဲ့သို့ အန္တရာသဒ္ဒါအယှဉ် ဒုတိယာဝိဘတ် ရအပ်သည်ကို ဆိုအပ်ပါသလော။ အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်--(က) မိန့်။

(ခ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် ဤသို့သော အရာတို့၌ အက္ခရစိန္တက သဒ္ဒဝိဒူ ဆရာတို့သည် "အန္တရာ ဂါမဥ္စ နဒိဥ္စ ယာတိ"ဟူ၍ တစ်ခုသော အန္တရာသဒ္ဒါကို ယှဉ်ကုန်၏ဟု ဆိုတော်မူ၏။ ထိုအန္တရာသဒ္ဒါကို ဂါမဥ္စ-ဟူသော ပထမပုဒ်နှင့်သာ ယှဉ်အပ်ပါသလော။ အဘယ်ပုဒ်နှင့်လည်း ယှဉ်အပ်ပါသေးသနည်း။ (ခ) ကိုမိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် ထိုအန္တရာသဒ္ဒါကို နဒီဟူသော ဒုတိယပုဒ်ဖြင့်လည်း ယှဉ်စပ်ထိုက်၏ဟု ဖွင့်ဆို၏။ မယှဉ်စပ်အပ်သော် အဘယ်အပြစ် ဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဂ) ကိုမိန့်။

http://www.dhammadownload.com



(ဂ) **သို့/ အနုသန္ဓ** ။ ။ ဤသို့ (ခ) ဖြင့် အန္တရာသဒ္ဒါကို နဒီ-ဟူသော ဒုတိယ ပုဒ်နှင့်လည်း ယှဉ်အပ်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ထိုအန္တရာသဒ္ဒါကို နဒီ-ဟူသော ဒုတိယပုဒ်နှင့် မယှဉ်အပ်သည်ရှိသော် ရောက်ရှိနိုင်သော အပြစ်ဒေါသကို ပြလိုသော ဆရာသည် (ဂ) ဝါကျကိုမိန့်။

➤ ❷ ။ [က+ခ+ဂ ဝါကျတို့ကို၌] (၁) နနု ဤဒိသေသု စ ဌာနေသု အက္ခရစိန္တကာ "အန္တရာ ဂါမဉ္စ နဒိဉ္စ ယာတိ"တိ ဧဝံ ဧကမေဝ အန္တရာသဒ္ဒံ ပယုဉ္ဇန္တိ၊ (၂) အထ ကသ္မာ သော ဒုတိယ ပဒေပိ ယောဇေတဗ္ဗော။ (၃) အယောဇိယမာနေ ဥပယောဂဝစနံ န ပါပုဏာတိ။ (၄) တသ္မာ သော ဒုတိယပဒေပိ ယောဇေတဗ္ဗော။

[ ဂ-ဝါကျကို၌ ] (၁) အပိသု မံ အဂ္ဂိဝေဿန တိသော ဥပမာ ပဋိဘံသုတျာဒိသု ဝိယ နနု အန္တရာသဒ္ဒေ အယောဇိယမာနေပိ ဥပယောဂဝစနံ ပါပုဏာတိ။ (၂) အထ ကသ္မာ ဥပယောဂဝစနံ န ပါပုဏာတီတိ ဝုတ္တံ။ (၃) နနု အန္တရာသဒ္ဒေန အယောဇိယ မာနော ဟောတိ။ (၄) တသ္မာ ဥပယောဂဝစနံ န ပါပုဏာတီတိ ဝုတ္တံ။

➤ ❸ ။ အက္ခရံ စိန္တေန္တိ လိင်္ဂဝိဘတ္တိယာဒိဟီတိ **အက္ခရစိန္တကာ**။ (၃) လိင်ဝိဘတ် အစရှိသည်တို့ဖြင့် အက္ခရာ စသည်ကို ကြံစည်တတ်ကုန်သော သဒ္ဒါဆရာတို့၏ ကြံစည်ခြင်း ကြိယာသကတ်သည်ဝင်း၊ အက္ခရာ စသည်၏ ကြံစည်ခြင်းကြိယာနှင့် အာရုံ+ အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ဝင်း ဝစနဟောတု မည်၏။ (၅) သဒ္ဒါဆရာ တို့ဒြဗ်သည် ဝစနီယ မည်၏။ (၆) သဒ္ဒဝိဒူ၊ နေရုတ္တိကာ-စသော ပရိယာယ်သဒ္ဒါများ သည် ဝစနီယတ္ထ မည်၏။

➤ ❺ ။ **အယောဇိယမာနေ**-ကို အယောဇိယမာနတ္တာ-ဟု ဟိတ်ပြင်လျှင် တဿ အန္တရာသဒ္ဒဿ-ဟု သမ္ဗန်ခံရမည်။ (၏/ကို စပ်)

➤ ❻ ။ (က) ဖြင့် ဤသို့ အန္တရသဒ္ဒါယှဉ်ရာဝယ် သာသနာကျမ်း၌သာ ဒုတိယာ ဝိဘတ် သက်အပ်သည် မဟုတ်၊အက္ခရစိန္တက သဒ္ဒဝိဒူတို့ အယူဝါဒ လောကီသဒ္ဒါကျမ်း များ၌လည်း အန္တရသဒ္ဒါနှင့် ယှဉ်ရာဝယ် ဒုတိယာဝိဘတ် သက်အပ်သည်၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ခ) ဖြင့် လောကီကျမ်း၌ အန္တရသဒ္ဒါ တစ်ပုဒ်သာ ယှဉ်သော်လည်း အနက်အားဖြင့် အာဝုတ္တိနည်း အဓိကာရနည်းအားလျော်စွာ ရသင့်၍ နောက်ပုဒ်၌လည်း ယှဉ်၍ လိုက်၍ ပေးရမည့်အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ဖြင့် အန္တရာသဒ္ဒါကို နောက်ဖြစ်သော ဒုတိယာပုဒ်သို့ လိုက်၍ မယှဉ်ခဲ့သော် ယင်းနောက်ပုဒ်၌ ဒုတိယာဝိဘတ် မသက်နိုင်ခြင်း အပြစ်ရောက်၏ဟူသော အဓိပ္ပါယ် ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် လောကီကျမ်းများ၌ အန္တရာ တစ်ပုဒ်ယှဉ်ရာဝယ် နှစ်ပုဒ် သုံးစွဲပြီး အနက်

http://www.dhammadownload.com



အားဖြင့် လိုက်၍ ပေးရသေး၏၊ ဤ အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံ-ဟူသော သာသနာပုဒ်၌ကား နှစ်ပုဒ်လုံးယှဉ်ထားသဖြင့် သမ္ဘန်အနက်မှာ ဒုတိယာဝိဘတ် သက်ထားပုံ ပို၍ထင်ရှားပါသည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

➢ **၀ ။ အက္ခရစိန္တကာ-၌ အက္ခရ-အရ ။** ။ ထိုအက္ခရာလျှင် အခြေခံ အကြောင်းရင်းရှိသောကြောင့် ပုဒ် ပါဌ် ဝါကျ ဂန္ထ စသည်တို့ကို ယူရပါမည်။

**(စ) ဝါကျဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။** (ခ) ဝါကျဖြင့် လောကီကျမ်းဝယ် အန္တရာသဒ္ဒါ တစ်ခုတည်းကိုသာ သုံးစွဲထားပါသော်လည်း အာဝုတ္တိနည်း တန္တနည်း အဓိကာရနည်း-စသော နည်းတို့ဖြင့် တစ်ပုဒ်တည်းက အနက်နှစ်ထပ်ရနိုင်သောကြောင့် အန္တရာသဒ္ဒါ တိုက်ရိုက် မပါသော ဒုတိယပုဒ်သို့လည်း ယှဉ်စေအပ်၏ လိုက်စေအပ် ဟူသော အဓိပ္ပါယ်ကို ပြပါသည်။

➢ **၁ ၀ ။ အက္ခရစိန္တကာ-၌ စိန္တကတ်အရ ။** ။ သဒ္ဒဝိဒူတို့သန္တာန်၌ လိင်ဝိဘတ် စသည်ဖြင့် အက္ခရာတို့ကို ကြံစည်တတ်သော ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ရ၏။

(၁) ၎င်းစိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိင်္ဂါရဝရသ မည်၏။ (၂) အက္ခရာပုဒ်တို့သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) သဒ္ဒါ အက္ခရာတို့ကို သင်ယူခဲ့ဖူးခြင်း, သဒ္ဒါအရာ ကျွမ်းကျင်လိမ္မာခြင်းသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) အန္တရာသဒ္ဒါတစ်ခုအယှဉ်နှစ်နက်ထပ်၍ အနက်ပေးနိုင်ခြင်းစသော သဒ္ဒါအဆုံးအဖြတ်ကို စာသင်သားတို့ သိရခြင်း စသော အကျိုးတို့သည် အနုဘာဝ မည်၏။

**(ဃ) ဝါကျ ပဓာနကြိယာ၏ အန္တတ္ထကို ကိုယ်ပြု၍ ဘာဝါလင်္ကာရ ထုတ်ပုံ**

(၁) ဝစဓာတ်၏ အန္တတ္ထအရ အရှင်အာနန္ဒာ၏ သန္တာန်၌ ဆိုသောအခြင်းအရာအားဖြင့် ဖြစ်သော ဉာဏ် ဝီရိယပြဋ္ဌာန်းသည့် မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မဥဿာဟဋ္ဌာယီဘာဝ, ဓမ္မဝီရရသ မည်၏။ (၂) ရာဇဂဟနှင့် နာဠန္ဒသဒ္ဒါ နှစ်ခုသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) အန္တရာသဒ္ဒါ နှစ်ခုနှင့် ရာဇဂဟ နာဠန္ဒသဒ္ဒါများ အသီးအသီး ယှဉ်စပ်နေခြင်းနှင့် ဟောစွမ်းနိုင်သော အရှင်အာနန္ဒာထေရ်၏ လွန်ကဲသော လုံ့လစွမ်း ဉာဏ်စွမ်းသတ္တိ စသည်များသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ယင်းသို့ အန္တရာသဒ္ဒါများနှင့် ရာဇဂဟ နာဠန္ဒသဒ္ဒါများကို ယှဉ်စပ်၍ ဆိုလိုက်ခြင်းကြောင့် ရာဇဂဟ နာဠန္ဒသဒ္ဒါများ၌ ဒုတိယာ အံဝိဘတ်သက်လာနိုင်ခြင်းစသည်တို့သည် အနုဘာဝ မည်၏။

**ပါဠိ (၆၃)**

**(က) အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတီတိ အဒ္ဓါနသင်္ခါတံ မဂ္ဂံ ပဋိပန္နော ဟောတိ၊**

**(ခ) ဒီဃမဂ္ဂန္တိ အတ္ထော၊ (ဂ) အဒ္ဓါနဂမနသမယဿ ဟိ ဝိဘင်္ဂေ အဍ္ဍယောဇနံ ဂစ္ဆိဿာမီတိ ဘုဉ္ဇိတဗ္ဗန္တိ အာဒိဝစနတော အဍ္ဍယောဇနမ္ပိ အဒ္ဓါနမဂ္ဂေါ ဟောတိ၊**

**(ဃ) ရာဇဂဟတော ပန နာဠန္ဒာ ယောဇနမေဝ၊** (ဋ္ဌ၊၃၆။ ဘာသာဋီ၊ပ၊၂၂၆)

. http://www.dhammadownload.com



➤ ❶ ။ **အဒ္ဓါနမဂ္ဂပ္ပဋိပန္နား၊အဓွန့်ရှည်သော (ဝါ) အလွန်ရှည်သော ခရီးကို တွေ့ သွားတော်မူသည်။ဟောတိ၏။** (ဝါ) ဖြစ်ပြီ။ (အဖွင့်နှင့်အညီ)

(က) အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတီတိ၊-ဟောတိ ဟူသည်ကား။အဒ္ဓါနသင်္ခါတံ၊အဓွန့် ဟုဆိုအပ်သော။(ဝါ) ရှည်လျားသည်ဟု ဆိုအပ်သော။မဂ္ဂံ၊ခရီးကို။ပဋိပန္နော၊ကြွတော်မူ သည်။ဟောတိ၏။ (ခ) ဒီဃမဂ္ဂံ၊ရှည်စွာသော ခရီးကို။ (ပဋိပန္နော၊သည်။ဟောတိ၏။) ဣတိ အတ္ထော၊ဤကားအနက်။

(ဂ) ဟိ၊မှန်၏။အဒ္ဓါနဂမနသမယဿ၊အဒ္ဓါနဂမနသမယပုဒ်၏။ဝိဘင်္ဂေ၊အကျယ် ဝေဘန်ရာ ပဒဘာဇနီ၌။အဍ္ဎယောဇနံ၊ယူဇနာဝက် ခရီးသို့။ဂစ္ဆိဿာမိ၊သွားအံ့။ဣတိ၊ဤ သို့ အဓိဋ္ဌာန်၍။ဘုဥ္စိတဗ္ဗံ၊ဂဏဘောဇဉ်ကို စားနိုင်၏။ဣတိ အာဒိဝစနတော၊ဤသို့ အစ ရှိသည်ကို ဟောတော်မူခြင်းကြောင့်။အဍ္ဎယောဇနမ္ပိ၊ယူဇနာဝက် ခရီးသော်မှလည်း။အဒ္ဓါန မဂ္ဂေါ၊အဒ္ဓါမဂ္ဂမည်သည်။ဟောတိ၊ဖြစ်တုံသေး၏။

[ ခ+ဂ ဝါကျပရိဝတ္တနနည်း] ဘဂဝါ၊သည်။(ကတ္တား) ဒီဃမဂ္ဂံ၊ကို။(ပဋိပန္နော၊သည်။ ဟောတိ၏။) ဣတိ၊သို့။အတ္ထော၊အဒ္ဓါနမဂ္ဂပုဒ်၏ အနက်ကို။ဝေဒိတဗ္ဗော၊သိအပ်၏။

(ကသ္မာ၊အဘယ့်ကြောင့်။ဘဂဝါ၊သည်။(ပ)ဝေဒိတဗ္ဗော၊သိအပ်သနည်း။)

ဟိ-ယသ္မာ၊အကြင့်ကြောင့်။(ပ) ဟောတိ၊ဖြစ်တုံသေး၏။

(တသ္မာ၊ထို့ကြောင့်။ဘဂဝါ၊သည်။(ပ) ဝေဒိတဗ္ဗော၊သိအပ်သတည်း။)

(ဃ) ပန၊ချီးမွမ်းဖွယ်ရာ သမ္ဘာဝနာကား။ရာဇဂဟတော၊ရာဇဂြိုဟ်ပြည်မှ။နာဠန္ဒာ၊ နာဠန္ဒာမြို့သည်။ယောဇနမေဝ၊တစ်ယူဇနာပင်တည်း။ (ဘာသာဋီ၊ပ၊ ၂၂၆)

➤ ❷ ။ (က) သို့/ ဆရာ၊ အရှင်အာနန္ဒာသည် အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ-ဟု ဆိုတော်မူ၏။ ယင်း အဒ္ဓါနမဂ္ဂပ္ပဋိပန္နောပုဒ်၌ အဒ္ဓါနနှင့် မဂ္ဂပုဒ်ကို အဒ္ဓါနသော မဂ္ဂေါဟူ၍ တပ္ပုရိသ်သမာသ်၊ မဂ္ဂပ္ပဋိပန္နောပုဒ်ကိုလည်း မဂ္ဂေန ပဋိပန္နော မဂ္ဂပ္ပဋိပန္နောဟူ၍ တတိ ယာ တပ္ပုရိသ်သမာသ် တွဲစပ်ကြရပါမည်လော။ ယင်း အဒ္ဓါနမဂ္ဂပ္ပဋိပန္နောပုဒ်ကို အဘယ် သမာသ် တွဲစပ်ကြရပါမည်နည်း။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောပုဒ်၏ အလိုရှိအပ်သော သမာသ် တွဲစပ်ပုံကို မပြဆိုချေသော် အတိဗျာပိတဒေါသ အရှင်အာနန္ဒာအား သင့်ရောက်ရာ၏။ စုဒ်ကြောင့် (က) ဝါကျကိုမိန့်။

**အဇ-** (က) ဖြင့် အဒ္ဓါနမဂ္ဂပ္ပဋိပန္နောပုဒ်၏ အဒ္ဓါန သင်္ခါတော မဂ္ဂေါဟူသော ကမ္မ ဓာရဲသမာသ်၊ အဒ္ဓါနမဂ္ဂံ ပဋိပန္နော-ဟူသော ဒုတိယာတပ္ပုရိသ်သမာသ် တွဲစပ်ပုံကို ငါ မပြဆိုသည် မဟုတ်၊ ပြဆိုသည်သာ ဖြစ်သောကြောင့် သင်တင်တိုင်းသော အတိဗျာပိတ ဒေါသ အရှင်အာနန္ဒာအား မသင့်ရောက်ပါဟူလို။

**(ခ) သို့/ အနုသစဇ္ဇ ။ ။** ဤသို့ (က) ဖြင့် အဒ္ဓါနမဂ္ဂပုဒ်ကို အဒ္ဓါနသင်္ခါတော မဂ္ဂေါ အဒ္ဓါနမဂ္ဂေါ-ဟု ကမ္မဓာရဲသမာသ်ပြုရမည်ကို ဖွင့်ပြတော်မူပြီး၍ ယခုအခါ၌ အဒ္ဓါနသဒ္ဒါ

http://www.dhammadownload.com



၏ ဒီဃသဒ္ဒါ၏ ပရိယာယ်ဖြစ်သည်ကို ပြလိုသော ဆရာသည် (ခ) မိန့်။

**(စ) သို့/** ဆရာ၊ ဆရာသည် (က) ဖြင့် အဒ္ဓါနမဂ္ဂပဋိပန္နောပုဒ်ဝယ် အဒ္ဓါနမဂ္ဂပုဒ်ကို အဒ္ဓါနသင်္ခါတံ မဂ္ဂံ-ဟု ဖွင့်ဆိုတော်မူ၏။ ယင်းသို့ ဖွင့်ဆိုတော်မူခြင်းသည် မဂ္ဂသဒ္ဒါ၏ ခရီးဟောသည်၏အဖြစ်ကို သိသာထင်ရှားစေလို၍သာ ဖွင့်ဆိုခြင်း ဖြစ်ပါသလော။ ဆရာ ဖွင့်ပုံကို အဘယ်သို့ မှတ်သားကြရပါမည်နည်း။ စုဒ်ကြောင့် (ခ) မိန့်။

**ကား-** (ခ) ဖြင့် အဒ္ဓါနမဂ္ဂဟူသည် အလွန်ရှည်သော ခရီးပင်တည်းဟူသော အဓိပ္ပါယ်ကို ငါပြဆိုပါ၏ဟူလို။

**(ဂ) သို့/ အယုတ္တာဘောဂစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် အဒ္ဓါနမဂ္ဂသဒ္ဒါ၏ ရှည်စွာသော ခရီးကို ဟောသည်၏အဖြစ်ကို ပြဆို၏။ အဘယ်မျှလောက် ဝေးသော ခရီးသည် အဒ္ဓါနမဂ္ဂအနက်ဖြစ်သော ဒီဃမဂ္ဂ မည်ပါသနည်း။ တစ်ယူဇနာ၊ တစ်ယူဇနာထက်ဝေးသော ခရီးသည်သာ ဒီဃမဂ္ဂ မည်ပါသလော။ စုဒ်ကြောင့် (ဂ) မိန့်။

**(ဃ) သို့/** ဆရာ၊ ဆရာသည် (ဂ) ၌ အဍ္ဎယောဇနမ္ပိ အဒ္ဓါနမဂ္ဂေါ ဟောတိ-ဖြင့် ယူဇနာဝက်ခရီးသည် အဒ္ဓါနမဂ္ဂမည်၏ဟု မိန့်ဆို၏။ ရာဇဂြိုဟ်ပြည်မှ နာဠန္ဒာမြို့အထိ ယူဇနာဝက် ခရီးသာ ဝေးပါသလော။ အဘယ်မျှ ဝေးပါသနည်း။ စုဒ်-- (ဃ) မိန့်။

➤ ❸ ။ [ ဂ-ဝါကျကို၌ ] (၁) နနု အဍ္ဎယောဇနံ ဟောတိ။ (၂) အထ ကသ္မာ အဒ္ဓါနမဂ္ဂေါ ဟောတိ။ (၃) အဒ္ဓါနဂမနသမယဿ ဝိဘင်္ဂေ အဍ္ဎယောဇနံ ဂစ္ဆိဿာမီတိ ဘုဉ္ဇိတဗ္ဗန္တိ အာဒိဝစနတော။ (၄) တသ္မာ အဒ္ဓါနမဂ္ဂေါ ဟောတိ။

[ ဂ+ဃ ဝါကျတို့ကို၌ ] (၁) နနု အဒ္ဓါနဂမနသမယဿ ဝိဘင်္ဂေ အဍ္ဎယောဇနံ ဂစ္ဆိဿာမီတိ ဘုဉ္ဇိတဗ္ဗန္တိ အာဒိဝစနတော အဍ္ဎယောဇနမ္ပိ အဒ္ဓါနမဂ္ဂေါ ဟောတိ။

(၂) အထ ကသ္မာ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောတိ ဝဒတိ။ (၃) နနု ရာဇဂဟတော နာဠန္ဒာ ယောဇနမေဝ ဟောတိ။ (၄) တသ္မာ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောတိ ဝဒတိ။

[ ဃ-ဝါကျကို၌ ] (၁) နနု အဍ္ဎယောဇနံ အဒ္ဓါနမဂ္ဂေါ ဟောတိ။ (၂) အထ ကသ္မာ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောတိ ဝဒတိ။ (၃) နနု ရာဇဂဟတော နာဠန္ဒာ ယောဇနမေဝ ဟောတိ။ (၄) တသ္မာ အဒ္ဓါနမဂ္ဂပ္ပဋိပန္နောတိ ဝဒတိ။

➤ ❹ ။ အသတိ ခေပေတိ သမုဒါယန္တိ **အစဓာ**။ (၃) ကုန်စေခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ထက်ဝက်သော လမ်းဖြစ်သည် ဝစနီယ မည်၏။ (၆) အဒ္ဓ, ဥပဒ္ဓ, ခဏ္ဍ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ယုဇ္ဇတီတိ **ယောဇနံ**။/ယုဇ္ဇန္တိ ဧတ္ထာတိ **ယောဇနံ**။ (၃) အားထုတ်ခြင်း ယှဉ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) တစ်ယူဇနာအရပ်သည် ဝစနီယမည်၏။ (၆) စတုဂါဝုတ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ယောဇနဿ အဍ္ဎန္တိ **အဍ္ဎယောဇနံ**။ (၃) ယောဇနာ-အရ တယူဇနာခရီးနှင့် အဍ္ဎ

http://www.dhammadownload.com



အရ ယူဇနာ၀က်ဖြစ်သော နှစ်ဂါဝုတ်ခရီး၏ အပေါင်းအစိတ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ၀စနဟေတု မည်၏။ (၅) ယူဇနာ၀က် ခရီးသည် ၀စနီယ မည်၏။ (၆) အဒ္ဓါနမဂ္ဂ, ဒွိ-ဂါဝုတမတ္တံ-စသော ပရိယာယ်သဒ္ဒါများသည် ၀စနီယတ္ထ မည်၏။

ပထိကေဟိ မဂ္ဂီယတေတိ **မဂ္ဂေါ**။ (၃) ရှာမှီးခြင်း ကြိယာသကတ်သည် ၀စနဟေတု မည်၏။ (၅) ထက်၀က်သော အရာ၀တ္ထု (ဝါ) လမ်းခြင်သည် ၀စနီယ မည်၏။ (၆) ပထ, ဝီထိ-စသော ပရိယာယ်သဒ္ဒါများသည် ၀စနီယတ္ထ မည်၏။

➢ ❺ ။ **မဇ္ဈိပန္နော**-ကို ပဋိပန္နတ္တာ-ဟု ဟိတ်ပြင်လျှင် ဘဂဝတော-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်) * **အဒ္ဓါနသမီတံ**-ကို အဒ္ဓါနသဓိတတ္တာ-ဟု ဟိတ်ပြင်လျှင် - မဂ္ဂဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/ကို စပ်) * **(ဂ) ဝါကျဥ္ဇ ဟိတ်ပါဒ်၏ သမ္ဗန်ကား** ဘဂဝတော ဖြစ်ပါသည်။ (၏/သည် စပ်)

➢ ❻ ။ (က) ၌ အဒ္ဓါနံ သဓိတံ မဂ္ဂံ-ဖြင့် အဒ္ဓါနနှင့် မဂ္ဂကို အဒ္ဓါနဿ မဂ္ဂ အဒ္ဓါနမဂ္ဂံ-ဟု တပ္ပုရိသ်သမာသ် ၀စနတ္ထ မပြုရ၊ အဒ္ဓါနသဓိတံ မဂ္ဂံ အဒ္ဓါနမဂ္ဂံ-ဟု ကမ္မဓာရယ်သမာသ် ၀စနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

မဂ္ဂံ ပဋိပန္နော-ဖြင့် အဒ္ဓါနမဂ္ဂနှင့် ပဋိပန္နော-ကို အဒ္ဓါန မဂ္ဂေန ပဋိပန္နော အဒ္ဓါနမဂ္ဂ ပဋိပန္နော-ဟု ၀စနတ္ထ မပြုရ၊ အဒ္ဓါနမဂ္ဂံ ပဋိပန္နော အဒ္ဓါနမဂ္ဂပဋိပန္နော-ဟု ဒုတိယာ တပ္ပုရိသ်သမာသ် ၀စနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) ပဋိပန္နော-၌ တပစ္စည်း၏ အတိတ်ကာလ ကတ္တုရုပ်၌ သက်သည်၏--ရင်း (ဒု-ပစ္စယတ္ထ) ပတိပဇ္ဇိတ္တာတိ ပဋိပန္နော-ဟု ၀စနတ္ထပြုရမည်၏--ရင်း (အဘိဓာနတ္ထ) သိစေပါသည်။

(ခ) ၌ ဒီဃမဂ္ဂံ-ဖြင့် အဒ္ဓါနမဂ္ဂံ-၌ အဒ္ဓါနသဒ္ဒါသည် ဒီဃသဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

(ဂ) ဖြင့် အဒ္ဓါနသဒ္ဒါ ရှည်သော ခရီးဟောရာ၌ အာဂမယုတ္တိကိုရင်း (ဘာ၀တ္ထ) အဒ္ဓါန-အရ ယူဇနာ၀က်ခရီးမှစ၍ ထိုထက်ဝေးသော ခရီးများကို ယူရမည့်အဖြစ်ကိုရင်း (အဘိဓေယျတ္ထ) သိစေပါသည်။

(ဃ) ဖြင့် ယူဇနာ၀က်ခရီးကို အဒ္ဓါနမဂ္ဂ-ဟု ဝိနည်း၌ ဟောသော်လည်း ဤ အဒ္ဓါနမဂ္ဂ ပဋိပန္နော၌ ယူဇနာ၀က်ခရီးကို မယူရ၊ လေးဂါဝုတ် ပမာဏရှိသော တစ်ယူဇနာ ခရီးကိုသာ ယူရမည်ဟု သိစေပါသည်။ (ဘာ၀တ္ထ)

➢ ❼ ။ **ဘုရားရှင် အခွန့်ရှည်သော ခရီးကို ကြွစတော်မူရခြင်း ရည်ရွယ်ချက်**

နာဠန္ဒမြို့၏ ဝေနေယျတို့၏ အစီးအပွားကို လိုလားတော်မူသော ဘုရားရှင်သည် ဤအတ္တုပ္ပတ်ဇာတ်လမ်းဖြင့် သုံးပါးသော သီလတို့ဖြင့် တန်ဆာဆင်အပ်သော အထူးထူးသော ကုဟန, လပန-စသော မိစ္ဆာဇီ၀ကို ဖျက်ဆီးတတ်သော (၆၂) ပါးသော မိစ္ဆာဒိဋ္ဌိ အယူဝါဒတည်းဟူသော ကွန်ယက်ကို ဖျက်ဆီးဖြေရှင်းတတ်သော တစ်သောင်းသော

http://www.dhammadownload.com



လောကဓာတ်ကို တုန်လှုပ်စေတတ်သော ဗြဟ္မဇာလသုတ်ကို ဟောကြားတော်မူအံ့-ဟူသော ရည်ရွယ်ချက်ဖြင့် အခွန့်ရှည်သော ခရီးကို ကြွသွားတော်မူပါသည်။

➤ ❶⓪။ **အဓုမယောဇနံ ဂစ္ဆိဿာမီတိ ဘုဉ္ဇိတဗ္ဗန္တိ အာဒိဝစနဓောာ-၌ ဝစဓာတ်၏ အနက္ကက္ကကို ရှု၍** ။ ။ (၁) ဟောကြားခြင်းကြိယာဟုဆိုအပ်သော ဘုရားရှင်သန္တာန်၌ ဖြစ်သည့် ဒေသနာဉာဏ် ဝီရိယ စသည်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မဥဿာဟ ဌာယီဘာဝ, ဓမ္မဝီရရသ မည်၏။ (၂) အဓုမယောဇနံ ဂစ္ဆိဿာမီတိ ဘုဉ္ဇိတဗ္ဗံ-ဟူသော နာမပညတ္တိသဒ္ဒါအစဉ်သည် အာရမ္မဏဝိဘာဝ မည်၏။

(၃) အဓုမယောဇနံ ဂစ္ဆိဿာမိ-စသော ပဒဘာဇနီ၏ တည်ရာ ဂဏဘောဇနသိက္ခာပုဒ်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ဂဏဘောဇနသိက္ခာပုဒ် အနုပညတ်၌ အနီးဆုံး ယူဇနာဝက် ခရီးသည်ပင် အဒ္ဓါမဂ္ဂ ခေါ်ဝေါ်နိုင်ခြင်း, ယင်းခရီးကိုသွားမှု ဂဏဘောဇဉ်ကို စားသော်လည်း ပါစိတ်အာပတ် မသင့်ခြင်းစသည်တို့သည် အနုဘာဝ မည်၏။

**ပါဠိ (၄၄)**

**(က) မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ န္တိ မဟတာတိ ဂုဏမဟတ္တေနပိ မဟတာ၊ သင်္ချာမဟတ္တေနပိ မဟတာ၊ (ခ) သော ဟိ ဘိက္ခုသံဃော ဂုဏေဟိပိ မဟာ အဟောသိ အပ္ပိစ္ဆတာဒိ ဂုဏသမန္နာဂတတ္တာ၊ (ဂ) သင်္ချာယပိ မဟာ ပဉ္စသတသင်္ချတ္တာ၊**

**(ဃ) ဘိက္ခူနံ သံဃော ဘိက္ခုသံဃော၊ (င) တေန ဘိက္ခုသံဃေန၊**

**(စ) ဒိဋ္ဌိသီလသာမညသင်္ဃာတသင်္ခါတေန သမဏဂဏေနာတိ အတ္ထော၊**

**(ဆ) သဒ္ဓိံ န္တိ ဧကတော၊** (ဋ၊၃၆။ ဘာသာဋီကာ၊ပ၊၂၂၇)

➤ ❶ ။ (က+ခ+ဂ နှင့်အညီ) **မဟတာ**၊အလိုနည်းခြင်း အစရှိသော ဂုဏ်နှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့် ဂုဏ်အားဖြင့် မြတ်သော။ * **မဟတာ**၊ငါးရာ အရေအတွက်ရှိသည်၏ အဖြစ်ကြောင့် အရေအတွက်အားဖြင့် များသော။

(စ-နှင့်အညီ) **ဘိက္ခုသံဃေန**၊အယူသီလ တူမျှသောအားဖြင့် ပေါင်းထားအပ်သည်ဟု ဆိုအပ်သော ရဟန်းတို့၏အပေါင်းနှင့်။ (ဆ) သဒ္ဓိံ-အတူတကွ တပေါင်းတည်း။

(က) မဟတာ ဘိက္ခုသံဃေန သဒ္ဓိန္တိ ဧတ္ထ၊-သဒ္ဓိံဟူသော ဤပါဌ်၌။ မဟတာတိ၊ မဟတာဟူသည်ကား။ဂုဏမဟတ္တေနပိ၊ဂုဏ်တို့ဖြင့် မြတ်သည်၏အဖြစ်ကြောင့်လည်း။ မဟတာ၊မြတ်သော။သင်္ချာမဟတ္တေနပိ၊အရေအတွက်အားဖြင့် များသည်၏အဖြစ်ကြောင့်လည်း။မဟတာ၊များသော။

(ခ) ဟိ၊မှန်၏။(တနည်း) ဟိ၊ချဲ့ဦးအံ့။သော ဘိက္ခုသံဃော၊ထိုရဟန်းအပေါင်းသည်။ ဂုဏေဟိပိ၊ဂုဏ်တို့ဖြင့်လည်း။မဟာ၊မြတ်သည်။အဟောသိ၊ဖြစ်ပြီ။ (တနည်း) ဟောတိ ဖြစ်၏။ (ကသ္မာ၊အဘယ့်ကြောင့်နည်း။) အပ္ပိစ္ဆတာဒိ ဂုဏသမန္နာဂတတ္တာ၊အပ္ပိစ္ဆတာ အ

http://www.dhammadownload.com



ရှိသော ဂုဏ်တို့နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့်တည်း။

(ဂ) သဒ္ဓါယပိ၊အရေအတွက်အားဖြင့်လည်း။မဟာ၊များသည်။အဟောသိ၊ဖြစ်ပြီ။ (တနည်း) ဟောတိ၊၏။(ကသ္မာ၊နည်း) ပဉ္စသတသင်္ချာတ္တာ၊ငါးရာအရေအတွက် ရှိသည်၏ အဖြစ်ကြောင့်တည်း။ (ဃ) ဘိက္ခုနံ၊ရဟန်းတို့၏။သံယော၊အပေါင်းတည်း။ဘိက္ခုသံဃော၊ ရဟန်းတို့၏ အပေါင်း။ (င) တေန ဘိက္ခုသံဃေန၊ထိုရဟန်းတို့၏ အပေါင်းနှင့်။

(စ) ဒိဋ္ဌိသီလသာမညသင်္ဃာတသင်္ခါတေန၊အယူသီလ၏ တူမျှသည်၏အဖြစ်ကြောင့် ပေါင်းစပ်အပ်သည်ဟု ဆိုအပ်သော။သမဏဂဏေန၊ရဟန်းတို့၏ အပေါင်းနှင့်။ဣတိ အတ္ထော၊ဤကားအနက်။ (ဆ) သဒ္ဓိန္တိ၊သဒ္ဓိံဟူသည်ကား။ဧကတော၊တပေါင်းတည်း။

➤ ❷ ။ (စ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် မဟတာဟူသည် ဂုဏ်တို့ဖြင့် မြတ်သည်၏အဖြစ်ကြောင့်လည်း မဟတာ မည်၏၊ အရေအတွက်အားဖြင့်လည်း များသည်၏အဖြစ်ကြောင့် မဟတာမည်၏ဟု ပြတော်မူပြီး၍ ယခုအခါ၌ ယင်းဆိုအပ်ပြီး သော အနက်ကိုပင် ပြီးစေလိုရကား (ဝါ) ပြီးစေတော်မူလိုသော ဆရာသည် (ခ) မိန့်။

(စ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် --မဟတာမည်သောဟု ဖွင့်ဆိုတော်မူ၏။ ယင်းဂုဏမဟတ္တ သင်္ချာမဟတ္တ နှစ်ပါးတို့တွင် တပါးပါးသော အကြောင်းဖြင့် မဟတာ မည်ကောင်းသည် မဟုတ်ပါလော။ မဟတာမည်ပုံကို အဘယ်သို့ မှတ်သားကြရပါမည် နည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် ဂုဏမဟတ္တေနပိ မဟတာဟူ၍ ဆိုအပ် ပြီးသော အနက်ကို ပြီးစေပြီး၍ (ဝါ) မြဲမြံစွာပြုပြီး၍ (ဝါ) အကျယ်ပြပြီး၍ ယခုအခါ၌ သင်္ချာ မဟတ္တေနပိ မဟတာ-ဟူ၍ ဆိုအပ်ပြီးသော အနက်ကို ပြီးစေခြင်းငှာ (ဝါ) မြဲမြံ စွာ ပြုခြင်းငှာ (ဝါ) အကျယ်ပြခြင်းငှာ (ဂ) မိန့်။

(ဃ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က) **စသည်ဖြင့်** မဟန္တသဒ္ဒါ၏ ဥတ္တမအနက်, ပစုရအနက်တို့၌ ဖြစ်ခြင်းကို ပြပြီး၍ ယခုအခါ၌ ဘိက္ခုသံဃေနပုဒ်၏ ဆဋ္ဌီတပ္ပုရိသ် သမာသ် ဖြစ်ကြောင်းကို ပြခြင်းငှာ (ဃ) မိန့်။

(ဃ) သို့/ ဆရာ၊ ဆရာသည် (က) စသည်ဖြင့်-- ပြတော်မူ၏။ ဘိက္ခုသံဃေန- ကား အဘယ်သမာသ်နည်း၊ ကမ္မဓာရယ်သမာသ်လော၊ စုဒ်ကြောင့် (ဃ) မိန့်။

(စ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ဃ) ဖြင့် ပဒါဝဝိကန္တ ဒန္တရွေဒနနည်းအားဖြင့် ဘိက္ခုသံဃေနပုဒ်၏ အဖွင့်ကို ပြုပြီး၍ ယခုအခါ၌ ဝါကျာဝဓိကန္တ ဒန္တသောဓနနည်း အားဖြင့် အဖွင့်ကို ပြုခြင်းငှာ (င) မိန့်။

(င) သို့/ **စောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ဘိက္ခုသံဃောပုဒ်ကို ပထမန္တ အားဖြင့် ဖွင့်ဆိုတော်မူ၏။ ပါဠိတော်၌ ဆံရာ ဖွင့်ဆိုသကဲ့သို့ ပထမန္တအားဖြင့် ဘုရား ဟောတော်မူပါသလော။ ပါဠိတော်၌ အဘယ်ဝိဘတ္တျန္တအားဖြင့် ဘုရားဟောတော်မူပါ

http://www.dhammadownload.com



သနည်း။ အကယ်၍ ပထမန္တအားဖြင့် ဘုရားမဟောချေသော် ဘိက္ခုနံ သံယော ဘိက္ခု သံယော-ဟု ပထမန္တအားဖြင့်ဖွင့်သော ဆရာ့အား သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာဆန့်သော ဝိရောဓိဒေါသ ရောက်ခဲ့ရာ၏။ စုဒ်ကြောင့် (င) မိန့်။

**(စ) သို့/ အနုသန္ဓ** ။ ။ ဤသို့ (ဃ-င) တို့ဖြင့် ဘိက္ခုသံယေနပုဒ်၏ ဆဋ္ဌီတပ္ပုရိသ် သမာသ်၏ အဖြစ်ကို ပဒါဝဓိကန္တ ဒန္တစ္ဆေဒန ဝါကျာဝဓိကန္တ ဒန္တသောဓေန နည်းအားဖြင့် ပြပြီး၍ ယခုအခါ၌ သံယဟူသော နောက်ပုဒ်၏ ဒိဋ္ဌိသီလသာမညေန သံဟတောတိ သံယောဟူသော ဝစနတ္ထကို ပြခြင်းငှာ (စ) မိန့်။

**(စ)** သို့/ ဆရာ၊ ဆရာသည် (ဃ) ဖြင့် ဘိက္ခုသံယောပုဒ်ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု ပြဆို၏။ ဘိက္ခုသံယော၌ သံယောပုဒ်ကို သမဂ္ဂ ကမ္မံ သမုပဂစ္ဆတီတိ သံယော-ဟု ကတ္တုသာဓန ဝစနတ္ထ ပြုရပါမည်လော၊ မည်သို့ ဝစနတ္ထ ပြုရမည်နည်း။ စုဒ် ကြောင့် (စ) မိန့်။ **ကား--** ဒိဋ္ဌိသီလသာမညေန သံဟတောတိ သံယော-ဟု ကမ္မသာဓန ဝစနတ္ထ ပြုရပါမည်ဟူလို။

**(ဆ) သို့/ အနုသန္ဓ** ။ ။ ဤသို့ (စ) ဖြင့် ဘိက္ခုသံယေနဟူသော ပုဒ်၏ အဘိ-ဓေယျတ္ထနှင့် တကွ သံယဟူသော နောက်ပုဒ်၏ ဒိဋ္ဌိသီလသာမညေန သံဟတောတိ သံယောဟူသော ဝစနတ္ထကို ပြပြီး၍ ယခုအခါ၌ သဒ္ဓိဟူသော နောက်ပုဒ်၏ ဧကတော ဟူသော အနက်၌ ဖြစ်ခြင်းကို ပြခြင်းငှာ (ဆ) မိန့်။

➤ ❷ ။ | စ-ဝါကျကို၌ | (၁) နနု မဟိစ္ဆတာဒိဂုဏသမန္နာဂတော ဟောတိ။

(၂) အထ ကသ္မာ သော ဘိက္ခုသံယော ဂုဏေဟိပိ မဟာ အဟောသိ။

(၃) နနု အပ္ပိစ္ဆတာဒိဂုဏသမန္နာဂတော ဟောတိ၊

(၄) တသ္မာ သော ဘိက္ခုသံယော ဂုဏေဟိပိ မဟာ အဟောသိ။

| ဂ-ဝါကျကို၌ | (၁) နနု ဦနပဥ္စသတသင်္ချော ဟောတိ။ (၂) အထ ကသ္မာ သင်္ချာယပိ မဟာ အဟောသိ။ (၃) နနု ပဥ္စသတသင်္ချော ဟောတိ။

(၄) တသ္မာ သင်္ချာယပိ မဟာ အဟောသိ။

| က+စ+ဂ ဝါကျတို့ကို၌ | (၁) နနု သံဝဏ္ဏေတဗ္ဗပါဠိယံ "မဟတာ"တိ သာမညေန ဝုတ္တံ။ (၂) အထ ကသ္မာ မဟတာတိ ဂုဏမဟတ္တေနပိ မဟတာ၊ သင်္ချာမဟတ္တေနပိ မဟတာတိ သံဝဏ္ဏနာ တယာ ကတာ။ (၃) သော ဘိက္ခုသံယော ဂုဏေဟိပိ မဟာ အဟောသိ အပ္ပိစ္ဆတာဒိ ဂုဏသမန္နာဂတတ္တာ၊ သင်္ချာယပိ မဟာ ပဥ္စသတသင်္ချတ္တာ။

(၄) မဟတာတိ ဂုဏမဟတ္တေနပိ မဟတာ၊ သင်္ချာမဟတ္တေနပိ မဟတာတိ သံဝဏ္ဏနာ မယာ ကတာ။

| ဃ-ဝါကျ၌ | (၁) နနု ပါဠိယံ ဘိက္ခုသံယေနာတိ ကရဏေန ဝုတ္တံ။

(၂) အထ ကသ္မာ ဘိက္ခုသံယောတိ ပဌမေန သံဝဏ္ဏိတံ။ (၃) နနု ပဒါဝတ္ထိကန္တ

http://www.dhammadownload.com



ဝစနဝသေန သံဝဏ္ဏေတဗ္ဗပဒဿ ဆေဒနမိဝ ဟောတီတိ တဒပရာမသိတွာ။

(၃) တဿာ ဘိက္ခုသံယောတိ ပဌမေန သံဝဏ္ဏိတံ။ (ဋီသစ်-၁၈၂)

➤ ❸ ။ [စ-ဝါကျနှင့်အညီ] ဒိဋ္ဌိသီလသာမညေန သံဟတောတိ **သံဃော**။(သပဒ) ဒိဋ္ဌိသီလသာမညေန သံဟနိယတေတိ **သံဃော**။ (အသပဒဝိဂ္ဂဟ)

(၃) အယူသီလ တူမျှသောအားဖြင့် ပေါင်းထားခြင်း ကြိယာသကတ်သည် ဝစန ဟောတု မည်၏။ (၅) အယူသီလတူမျှသော ရဟန်းအပေါင်းဖြစ်သည် ဝစနီယ မည်၏။ (၆) သယ်ာတ, ဂဏ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

မဟီယတေ ပူဇီယတေတိ **မဏ**။ (၃) ပူဇော်ခြင်း ကြိယာသကတ်သည် ဝစနဟော တု မည်၏။ (၅) အမြတ်ဂုဏ် (တနည်း) ရဟန်းငါးရာ အရေအတွက်သည် ဝစနီယမည် ၏။ (၆) ဥတ္တမ, ဂဏန-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

သံချာယတိ ကထီယတီတိ **သင်္ချာ**။ (၃) ဆိုခြင်းကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၅) ရေတွက်အပ်သော အရာဝတ္ထုဖြစ်သည် ဝစနီယ မည်၏။ (၆) ဂဏန, သင်္ခါ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

သိနောတိ ဗန္ဓတိ စိတ္တံ စေတနာတိ **သီလံ**။ (၃) နှောင်ဖွဲ့ခြင်းကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၅) သီလစေတနာသည် ဝစနီယ မည်၏။ (၆) တမ, သံယမ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

သမာနဿ ဘာဝေါ **သာမညံ**။ (၃) တူမျှကုန်သော သီလအယူတို့၏ တူမျှခြင်း ဂုဏ်နှင့် နိဿယ နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟောတု မည်၏။

(၅) တူမျှသော ရဟန်းအပေါင်းသည် ဝစနီယ မည်၏။ (၆) သမာန, သဒိသ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

➤ ❹ ။ **အပ္ပိစ္ဆတာဒိ ဂုဏသမန္နာဂတတ္တာ/ပဉ္စသတသင်္ချတ္တာ**-ဟိတ်တို့၏ သမ္ဗန် ကား- တဿ ဘိက္ခုသံဃဿ ဖြစ်ပါသည်။(၏/သည် စပ်) ပစ္စယတ္ထကား- ကတ္တတ္ထ။

**ဒိဋ္ဌိသီလသာမညသံဃာတသင်္ခါတ**-ကို ဒိဋ္ဌိသီလသာမညသယ်ာတသင်္ခါတတ္တာ- ဟု ဟိတ်ပြင်လျှင် သမဏဂဏဿ-ဟု သမ္ဗန်ခံ။ (၏/ကို စပ်)

**ဂုဏမဟာတ္တေန/သင်္ချာမဟာတ္တေန**-ဟိတ်တို့၏ သမ္ဗန်ကား-ဘိက္ခုသံဃဿ- ဖြစ်ပါ သည်။ (၏/သည် စပ်)

➤ ❺ ။ (က) ဌ ဂုဏမဟာတ္တေန-ဖြင့် မဟတာ-သဒ္ဒါသည် သမ္ဗတ္တိ, ဣဿရ- စသော အနက်တို့ကို မဟော၊ ဥတ္တမအနက်ကို ဟောသည်၏ အဖြစ်ကိုရင်း (နာမလိင်္ဂတ္ထ) မဟတာ-မြတ်၏ဟူသည် အပ္ပိစ္ဆတာ-စသော ဂုဏ်တို့ဖြင့် မြတ်သည်၏--ရင်း (ဘာဝတ္ထ) မဟတာပုဒ်သည် ဝိသေသျဖြစ်ပုဒ်မဟုတ်၊ ဝိသေသန ဂုဏ်ပုဒ်၏--ရင်း (ဘာဝတ္ထ) မဟာ တာ-၌ တာ-သဒ္ဒါသည် ဒေဝတာ စသည်တို့၌ကဲ့သို့ သွတ္ထတဒ္ဓိတ်၌သက်သော တာ-

http://www.dhammadownload.com



ပစ္စည်းမဟုတ်၊ နာဝိဘတ်၏ ကာရိယ တာ-၏--ဂုဏ်း (ဝိဘတ္တိပဒ) သိစေပါသည်။

ဂုဏမဟတ္တေနပိ-၌ အပိသဒ္ဒါဖြင့် အပ္ပိစ္ဆတာ-စသော ဂုဏ်တို့ဖြင့် မြတ်သည် မဟုတ်သေး၊ အရေအတွက်အားဖြင့်လည်း များသေး၏ဟု သမုစ္စည်း အစိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

သင်္ချာမဟတ္တေနပိ-ဖြင့် မဟတာ၌ မဟန္တသဒ္ဒါသည် သမ္ဘတ္တိ, ဠာဃရ-စသော အနက်တို့ကို မဟော၊ ပစုရအနက် ဟော--ဂုဏ်း (နာမလိင်္ဂတ္ထ) မဟတာ-များ၏ဟူသည် အရေအတွက်အားဖြင့် များသည်၏--ဂုဏ်း (ဘာဝတ္ထ) မဟတာပုဒ်သည် ဝိသေသျဖြစ်ပုဒ်မဟုတ်၊ ဝိသေသန ဂုဏ်ပုဒ်၏--ဂုဏ်း (ဘာဝတ္ထ) မဟတာ-၌ တာ-သဒ္ဒါသည် ဒေဝတာ စသည်တို့၌ကဲ့သို့ သွတ္ထတဒ္ဓိတ်၌သက်သော တာ-ပစ္စည်းမဟုတ်၊ နာဝိဘတ်၏ ကာရိယ တာ-၏--ဂုဏ်း (ဝိဘတ္တိပဒ) သိစေပါသည်။

သင်္ချာမဟတ္တေနပိ-၌ အပိသဒ္ဒါဖြင့် အရေအတွက်အားဖြင့်သာ များသည် မဟုတ်သေး၊ အပ္ပိစ္ဆတာ-စသော ဂုဏ်တို့ဖြင့်လည်း မြတ်သေး၏ဟု သမုစ္စည်း အစိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် ဘိက္ခုသံဃောပုဒ်ကို ဘိက္ခုစ သော သံဃောစာတိ ဘိက္ခုသံဃော-ဟု ကမ္မဓာရဲသမာသ် ဝစနတ္ထ မပြုရ၊ ဘိက္ခူနံ သံဃော ဘိက္ခုသံဃော-ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

(င) ဖြင့် ဘိက္ခုသံဃော-ဟု ပထမန္တဖြင့် ငါဖွင့်ဆိုသော်လည်း သံဝဏ္ဏေတဗ္ဗပါဠိတော်၌ကား ဘိက္ခုသံဃေန-ဟု တတိယန္တနှင့် ရှိသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(စ) ၌ ဒိဋ္ဌိသီလ သာမည-ဖြင့် သဃာတ-ပေါင်းအပ်၏ဟူသည် အယူသီလတို့၏ တူကုန်သည်တို့၏အဖြစ်ဟု ဆိုအပ်သော သဒိသဘောဂုဏ်ဖြင့် ပေါင်းအပ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

သဃာတေန-ဖြင့် သံဃေန-၌ (သံ+ဟန+ရ) ရ-ပစ္စည်းသည် ကတ္တုသာဓန၌ မသက် ကမ္မသာဓန၌သက်သည်၏အဖြစ်ကိုဂုဏ်း (ဒု-ပစ္စယတ္ထ) သံဃပုဒ်ကို ဤအရာ၌ သမဂ္ဂ ကမ္မံ ဥပဂစ္ဆတီတိ သံဃော-ဟု ကတ္တုသာဓန ဝစနတ္ထ မပြုရ၊ ဒိဋ္ဌိသီလသာမညေန သံဟတော (သံဟနိယတေ) တိ သံဃော-ဟု ကမ္မသာဓန ဝစနတ္ထပြု--ဂုဏ်း(အဘိဓာနတ္ထ) သိစေပါသည်။

သမဏဂဏေန-ဖြင့် ဘိက္ခုသံဃေန-၌ ဘိက္ခုပုဒ်ကို သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု-ဟု ပြု၍ ဘိက္ခုသဒ္ဒါသည် ပရိသတ်လေးပါးနှင့် ဆက်ဆံသော်လည်း ယင်း ပရိသတ် လေးပါးလုံးကို မယူရ၊ သမဏဂဏ-ရဟန်းအပေါင်းကိုသာ ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဆ) ဖြင့် သဒ္ဓိံပုဒ်သည် ဥပသာရ နာမ်ပုဒ် မဟုတ်၊ နိပါတ်ပုဒ် ဖြစ်သည်ကိုဂုဏ်း (နိ

http://www.dhammadownload.com



ပါတ လိင်္ဂပဒ) ယင်းနိပါတ်ပုဒ်သည် ကေတောအတ္ထ(တပေါင်းတည်းအနက်) ကို ဟော ကြားနေသည်ကိုရင်း (နိပါတလိင်္ဂတ္ထ) သိစေပါသည်။

**၁ ၀**။ (စ–ဝါကျကို ရှု၍) (၁) ဘုရားရှင်၏ အခြံအရံဖြစ်သော ရဟန်းအပေါင်း ၏ အမြတ်ဂုဏ်တော်တို့ကို အာရုံပြု၍ ကြည်ညိုကြသူ နတ်လူဗြဟ္မာ သတ္တဝါတို့၏ သန္တာန်၌ဖြစ်သော သဒ္ဓါပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ စိတ္တုပ္ပါဒ်သည် ဓမ္မ ရတိဋ္ဌာယီဘာဝ, ဓမ္မသိဂီ်ါရရသ မည်၏။ (၂) မြတ်သော ဘုရားရှင်၏ အခြံအရံဖြစ်သော ရဟန်းတော်အပေါင်းသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ရဟန်းသံဃာတော်များ၏ အလိုနည်းခြင်းဂုဏ် စသည်နှင့် ပြည့်စုံခြင်းသည် ဥဒ္ဒီပန ဝိဘာဝ မည်၏။ (၄) ရဟန်း တော်များကို ကြည်ညိုခြင်းကြောင့် ကုသိုလ်တရားများ တိုးပွားလာခြင်းမှအစပြု၍ နတ် ရွာ နိဗ္ဗာန်တိုင်အောင် ရောက်ရှိနိုင်ခြင်းစသော အကျိုးများသည် အနုဘာဝ မည်၏။

*** အပ္ပိစ္ဆတာ–အရ** ။ ။ အလောဘပြဋ္ဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏ သမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိဂီ်ါရရသ မည်၏။ အလိုမရှိအပ်သော ဝတ္တုပစ္စည်းသည် အာရမ္မဏဝိဘာဝ မည်၏။ ဝတ္တုပစ္စည်း၏ တပ်မက်စရာ ကောင်းသော်လည်း မိမိအလိုကင်းခြင်း သန္တုဋ္ဌိဂုဏ်နှင့် ယောနိသော မနသိကာရသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ အလိုမရှိအပ်သည်ဖြစ်၍ ရအောင် အားထုတ်မှုမရှိခြင်း၊ ရပြီး၍ သိမ်းဆည်းမှု ပရိယေသနဒုက္ခ အစုစု မရှိခြင်း စသည်တို့သည် အနုဘာဝ မည်၏။

---

**ဓါကျ (၄၅)**

**(က) ပဠမဇ္ဈေဟိ ဘိက္ခုသတေဟိတိ ပဠမတ္တာ တေသဠ်ပဠမတ္တာနိ၊**

**(ခ) မတ္တာတိ ပမာဏံ ဝုစ္စတိ၊ (ဂ) တသ္မာ ယထာ "ဘောဇနေ မတ္တညူ" တိ ဝုတ္တေ "ဘောဇနေ မတ္တံ ဇာနာတိ၊ ပမာဏံ ဇာနာတိ" တိ အတ္ထော ဟောတိ၊ ဧဝမိဓာပိ "တေသံ ဘိက္ခုသတာနံ ပဠမတ္တာ ပဠပမာဏာ" တိ ဧဝမတ္ထော ဒဋ္ဌဗ္ဗော၊ (ဃ) ဘိက္ခူနံ သတာနိ ဘိက္ခုသတာနိ၊**

**(င) တေဟိ ပဠမဇ္ဈေဟိ ဘိက္ခုသတေဟိ၊** (ဋ၁၃၆။ ဘာသာဋီ၊ပ၊၂၂၉။)

**➤ ၁** ။ **ပဠမဇ္ဈေဟိ–ငါးခုအတိုင်းအရှည်ရှိကုန်သော။ဘိက္ခုသတေဟိ–ရဟန်းတို့၏** အရာတို့နှင့်။(သဒ္ဒတ္ထ) ပဠမဇ္ဈေဟိ ဘိက္ခုသတေဟိ–ရဟန်းအရာတို့နှင့်။(အဓိပ္ပါယတ္ထ)

(က) ပဠမဇ္ဈေဟိ ဘိက္ခုသတေဟိတိ ဧတ္ထ၊ဟိ–ဟူသော ဤပါဌ်၌။(ဝစနတ္ထော၊ကို။ ဧဝံ၊ဤသို့၊ဝေဒိတဗ္ဗော၊သိအပ်၏။) ဧတေသံ၊ဤရဟန်းအရာတို့၏။ပဠ၊ငါးလီကုန်သော။ မတ္တာ၊အတိုင်းအရှည်သည်။အတ္ထိ၊ရှိ၏။က္ကတိ၊ထို့ကြောင့်။[ထိုသို့ ငါးလီအတိုင်းအရှည် ရှိကုန်သည်၏ အဖြစ်ကြောင့်။] တာနိ ဘိက္ခုသတာနိ၊ထိုရဟန်းအရာတို့သည်။ပဠမတ္တာနိ၊ ပဠမတ္တတို့ မည်၏။ (ခ) ပမာဏံ၊အတိုင်းအရှည်ကို။မတ္တာတိ၊မတ္တာဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(ဂ) တသ္မာ၊ထို့ကြောင့်။[ထိုသို့ အတိုင်းအရှည်ကို မတ္တာ-ဟု ဆိုအပ်သည်၏ အဖြစ်

http://www.dhammadownload.com



ကြောင့်။] ဘောဇနေ မတ္တညူတိ၊ဘောဇနေ မတ္တညူဟူ၍။ဝုတ္တော၊ဆိုအပ်သော်။(ဝါ) ဆိုအပ်ရာ၌။ဘောဇနေ၊ဘောဇဉ်၌။မတ္တံ၊အတိုင်းအရှည်ကို။ဇာနာတိ၊သိ၏။ပမာဏံ၊အတိုင်းအရှည်ကို။ဇာနာတိ၊သိ၏။ဣတိ၊ဤသို့။အတ္ထော၊အနက်သည်။ဟောတိ ယထာ၊ဖြစ်သကဲ့သို့။ဧဝံ၊ဤအတူ။ဣဓာပိ၊ဤပဥ္စမတ္တေဟိ ဘိက္ခုသတေဟိ-ဟူသော ပါဌ်၌လည်း။တေသံ ဘိက္ခုသတာနံ၊ထိုရဟန်းအရာတို့၏။ပဥ္စငါးလီကုန်သော။မတ္တာ၊အတိုင်းအရှည်သည်။ပမာဏံ၊အတိုင်းအရှည်သည်။အတ္ထိ၏။ဣတိ ဧဝံ၊ဤသို့။အတ္ထော၊အနက်ကို။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။

(ဃ) ဘိက္ခုနံ၊ရဟန်းတို့၏။သတာနိ၊အရာတို့တည်း။ဘိက္ခုသတာနိ၊ရဟန်းတို့၏ အရာတို့။ (င) ပဥ္စမတ္တေဟိ၊ငါးလီအတိုင်းအရှည်ရှိကုန်သော။တေဟိ ဘိက္ခုသတေဟိ၊ထို ရဟန်းအရာတို့နှင့်။ (ဘာသာဋီကာ၊ပ၊၂၂၉)

➢ ❷ ။ (စ) သို့/ စောဒနာ ။ ။ ဆရာ၊ ရှင်အာနန္ဒာသည် ပဥ္စမတ္တေဟိ ဘိက္ခုသတေဟိ-ဟူသော ပုဒ်အပေါင်းတွင် မတ္တာ-ဟူသောပုဒ်ကို ထည့်၍ ဆိုတော်မူ၏။ ယင်းမတ္တာသဒ္ဒါသည် ဣဿရိယ, အဝ္ဓာရဏ, အပ္ပက အနက်တို့ကို ဟောကြား နေပါသလော၊ မတ္တာသဒ္ဒါသည် ဤနေရာ၌ အဘယ်အနက်ကို ဟောကြားပါသနည်း၊ မတ္တာသဒ္ဒါ၏ ဤ၌အလိုရှိအပ်သော အနက်ကို မပြဆိုပါက ရှင်အာနန္ဒာအား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ခ) မိန့်။

ကား- မတ္တာသဒ္ဒါသည် ပမာဏအနက်ကို သာဟော၏ဟု ငါပြဆိုရကား သင်တင်သော အတိဗျာပိတဒေါသ အရှင်အာနန္ဒာအား မသင့်ရောက်ပါဟုလို။

(ဂ) သို့/ ဆရာ၊ ဆရာသည် (က+ခ) တို့ဖြင့် ပဥ္စမတ္တာပုဒ်ကို ဗဟုဗ္ဗီဟိသမာသ်ပြု လျက် ယင်းဝိဂ္ဂဟ၌ မတ္တာသဒ္ဒါသည် ပမာဏအနက်ကို ဟောကြား၏ဟု ဆိုတော်မူ၏။ ပဥ္စမတ္တာပုဒ်ကို ဗဟုဗ္ဗီဟိသမာသ်ပြုခြင်း၊ ယင်း၌ မတ္တာသဒ္ဒါသည် ပမာဏအနက်ကို ဟောကြားနေခြင်း၌ ရရှိနိုင်သော အကျိုးလဒ္ဓဂုဏ်ကို ဆရာ မပြဆိုတော့ပြီလော၊ အကျိုးလဒ္ဓဂုဏ်ကား အဘယ်ပါနည်း၊ ရသင့် ရထိုက်သော အကျိုးလဒ္ဓဂုဏ်ကို မပြဆို ခဲ့ပါက ဆရာ့အား နိရတ္ထကဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

(င) သို့/ အနုသန္ဓေ ။ ။ ဤသို့ (က+ခ+ဂ+ဃ) တို့ဖြင့် ပဥ္စမတ္တ, ဘိက္ခုသတ-ပုဒ်တို့ ကို ပထမန္တဖြင့် ပဒါဝမိကန္တ ဝစနတ္ထပြုပြီး၍ ယခုအခါ၌ ယင်း ပဥ္စမတ္တ ဘိက္ခုသတပုဒ် တို့ကိုပင် ပါဠိတော်၌ ရှိသည့်အတိုင်း ဝိဘတျန္တ ဝါကျာဝမိကန္တဖြင့် ဖွင့်ပြလိုသော အဋ္ဌကထာ ဆရာသည် (င) မိန့်။

➢ ❸ ။ [ စ-ဝါကျကို၍ ] (၁) နနု မတ္တာသဒ္ဒေါ ပမာဏ ဣဿရိယ အဝ္ဓာရဏ အပ္ပကေသု ပဝတ္တတိ။ (၂) အထ ကသ္မာ မတ္တာတိ ပမာဏံ ဝုစ္စတိ။ (၃) နနု တဒဩသံ အသမ္ဘဝေါ ဟောတိ။ (၄) တသ္မာ မတ္တာတိ ပမာဏံ ဝုစ္စတိ။

➢ ❹ ။ ဘုဥ္ဇိတဗ္ဗန္တိ ဘောဇနံ။ (သပဒ) ဘုဥ္ဇိယတီတိ ဘောဇနံ။(အသပဒဝိဂ္ဂဟ)

http://www.dhammadownload.com



(၃) စားမျိုခြင်းကြိယာသကတ်သည် ဝစနပေတုမည်၏။ (၅) စားသောက်ဖွယ် ဘောဇဉ်ဒြဗ်သည် ဝစနီယမည်၏။ (၆) အာဟာရော, ယာသော-စသော ပရိယာယ်သဒ္ဒါ များသည် ဝစနီယတ္ထ မည်၏။

➢ ❺ ။ (ဂ) ဝါကျ၌ ပဓာနကြိယာဖြစ်သော ခန္ဓဓမ္မော-ကို ဒဠှဗ္ဗတ္တာ-ဟု ဟိတ်ပြင်လျှင် အတ္ထသဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/ကို စပ်)

➢ ❻ ။ (က) ၌ ပဋ္ဌမတ္တာ ဒဝေသံ-ဖြင့် ပဋ္ဌမတ္တာပုဒ်ကို ပဋ္ဌ မတ္တာ ပဋ္ဌမတ္တံ-ဟု ဒိဂုသမာသ် ဝစနတ္ထ မပြုရ၊ ပဋ္ဌမတ္တာ ဧတေသန္တိ ပဋ္ဌမတ္တာ-ဟု စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟု သိစေပါသည်။ (သမာသလိင်္ဂတ္ထ)

(ခ) ဖြင့် ပဋ္ဌမတ္တာ-၌ မတ္တာသဒ္ဒါသည် ဣဿရိယ, အက္ခရာဝယဝ, အပ္ပကအနက် တို့ကို မဟော၊ ပမာဏအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

(ဂ) ၌ ဥပမာစကားရပ်ဖြင့် မတ္တညူ၌ မတ္တာသဒ္ဒါသည် အတိုင်းအရှည် ပမာဏအနက် ကို ဟောသည်၏အဖြစ်ကိုရင်း (သဒ္ဒါဟော အဘိဓေယျတ္ထ) မတ္တညူ၌ ဉာဓာတ်ဖြစ်သည် ကိုရင်း(ဒု-ဓာတုပဒ) ယင်းဉာဓာတ်သည် သိခြင်း-ဇာနနတ္ထကို ဟောသည်၏--ရင်း (ဒု-ဓာတွတ္ထ) ယင်းဉာဓာတ်သည် ဘူဝါဒိဂိုဏ်းဝင်ဓာတ်မဟုတ်၊ ကိယာဒိဂိုဏ်းဝင် ဓာတ်ဖြစ် သည်ကိုရင်း (ဘာဝတ္ထ) မတ္တညူ၌ ရူပစ္စည်းသည် ကံ ကရိုဏ်း စသည်၌ မသက်၊ ကတ္တုရ၌ သက်သည်ကိုရင်း (ဒု-ပစ္စယတ္ထ) မတ္တံ ဇာနာတီတိ မတ္တညူ-ဟု ကိတန္တ ဒုတိယာတပ္ပုရိသ် သမာသ် တွဲစပ်ရမည်ကိုရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဃ) ဖြင့် ဘိက္ခုနှင့် သတ-ပုဒ်ကို ဘိက္ခူနံ သတာနိ ဘိက္ခုသတာနိ-ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း(သမာသလိင်္ဂတ္ထ) ဘိက္ခုသတေဟိ-၌ သတ-ကား သင်္ချာပဓာန နပုံလိင် ရာသိဘေဒဖြစ်၍ ဗဟုဝုစ်၏--ရင်း (လိင်္ဂပဒ၊ဝိဘတ္တိပဒ) သိ။

(င) ဖြင့် ဘိက္ခုသတာနိ-ဟု ပထမန္တအားဖြင့် ငါဖွင့်ဆိုသော်လည်း သံဝဏ္ဏေတဗ္ဗ ပါဠိ၌ တတိယန္တနှင့် ဟောသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

➢ ❼ ။ (ဂ) ဝါကျ ဥပမာန စတုက္က (၁) ပဋ္ဌမတ္တာနိ-၌ မတ္တာသဒ္ဒါသည် မထင် ရှားသည့်အတွက် ထင်ရှားအောင် အနှိုင်းယှဉ်ခံရသောကြောင့် ဥပမေယျ မည်ပါသည်။ (၂) ဘောဇနေမတ္တညူ၌ မတ္တာသဒ္ဒါသည် ပေါ်လွင်ထင်ရှားအောင် နှိုင်းယှဉ်ကြောင်း ဖြစ် သောကြောင့် ဥပမာန မည်ပါသည်။ (၃) ဥပမေယျ ဥပမာနဖြစ်သော မတ္တာသဒ္ဒါ နှစ်ခုတို့၏ အတိုင်း အရှည်ဟူသော အနက်ကို ဟောကြားပုံခြင်းတူကြသည့် သဒိသဘောဂုဏ်သည် ဥပမာ မည်ပါသည်။ (၄) ယထာသဒ္ဒါ ဧဝံသဒ္ဒါတို့သည် ဥပမာဇောတက မည်ပါသည်။

➢ ❶ ❶ ။ **ဘောဇနေ မတ္တညူ-၌ ဉာဓာတ်၏ အနတ္ထ-အရ** (၁) အတိုင်းအရှည် ပမာဏကို ဆင်ခြင်သုံးသပ်၍ ဘောဇဉ်ကို သုံးဆောင် စားသောက်သောသူ၏ သန္တာန်၌ ဖြစ်သော ဝိစာရဏာဉာဏ်ပြဋ္ဌာန်းသည့် မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်

http://www.dhammadownload.com



စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယိဘာဝ, ဓမ္မသိဂါရဝရသ မည်၏။ (၂) အတိုင်းအရှည်အားဖြင့် မျှတလောက်သော ဘောဇဉ်ဖြစ်သည် အာရမ္မဏဝိဘာဝ။ (၃) သပ္ပုရိသူပနိဿယ စက်နှင့် ပြည့်စုံမှု၊ ယောနိသောမနသိကာရ စသည်တို့သည် ဥဒ္ဒိပနဝိဘာဝ မည်၏။

(၄) ဘောဇဉ်၌ အတိုင်းအရှည်ကို သိသည့်အတိုင်း သုံးဆောင် စားသောက်သော ကြောင့် ကမ္မဋ္ဌာန်းတရားများကို ချမ်းသာစွာ အားထုတ်နိုင်ခြင်း-စသော အကျိုးတရားများသည် အနုဘာဝ မည်၏။

---

**ပါဠိ (၄၆)**

**(က) သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကောတိ သုပ္ပိယောတိ တဿ နာမံ၊**

**(ခ) ပိ ကာရော မဂ္ဂပ္ပဋိပန္နသဘာဂတာယ ပုဂ္ဂလသမ္ပိဏ္ဍနတ္ထော၊**

**(ဂ) ခေါ ကာရော ပဒသန္ဓိကရော ဗျဉ္ဇနသိလိဋ္ဌတာဝသေန ဝုတ္တော၊**

**(ဃ) ပရိဗ္ဗာဇကောတိ သဉ္စယဿ အန္တေဝါသီ ဆန္နပရိဗ္ဗာဇကော၊**

***(င) ဣဒံ ဝုတ္တံ ဟောတိ "ယဒါ ဘဂဝါ တံ အဒ္ဓါနံ မဂ္ဂံ ပဋိပန္နော၊ တဒါ သုပ္ပိယောပိ ပရိဗ္ဗာဇကော ပဋိပန္နော အဟောသိ" တိ၊**

**(စ) အတီတကာလတ္ထော ဟေတ္ထ မောဇာတိသဒ္ဒေါ၊** (ဋ၊၃၆။ ဘာသာဋီ၊ပ၊၂၃၀)

➢ ❶ ။ [အဖွင့်နှင့်အညီ] **သုပ္ပိယော**၊သုပ္ပိယအမည်ရှိသော။ပရိဗ္ဗာဇကောပိ၊သဉ္စယ ဗေလဋ္ဌပုတ္တ၏ အနီးနေတပည့်ဖြစ်၍ အဝတ်ဝတ်သော ပရိဗိုဇ်သည်လည်း။အဒ္ဓါနမဂ္ဂံ ပဋိပန္နော၊အဓွန့်ရှည်သော ခရီးကို သွားသည်။ဟောတိ၊ဖြစ်ပြီ။

(က) သုပ္ပိယောပိ ပရိဗ္ဗာဇကောတိ ဧတ္ထ-ကောဟူသော ဤပါဌ်၌။သုပ္ပိယောတိ၊ သုပ္ပိယောဟူသည်ကား။တဿ၊ထိုပရိဗိုဇ်၏။နာမံ၊အမည်တည်း။

(ခ) ပိကာရော၊ပိသဒ္ဒါသည်။မဂ္ဂပ္ပဋိပန္နသဘာဂတာယ၊ခရီးသွားသူ၏ အဖြစ်ဖြင့် တူသော အဖို့ရှိသည်၏အဖြစ်ကြောင့်။ပုဂ္ဂလသမ္ပိဏ္ဍနတ္ထော၊ပုဂ္ဂိုလ်ကို ပေါင်းခြင်းအနက်ရှိ၏။ [ဖွင့်ဆိုပုံရှင်းပြချက်] ပိကာရော၊သည်။ပုဂ္ဂလသမ္ပိဏ္ဍနတ္ထော၊၏။ကသ္မာ၊အဘယ့် ကြောင့်နည်းဟူမူကား။မဂ္ဂပ္ပဋိပန္နသဘာဂတာယ၊ကြောင့်တည်း။

(ဂ) ပဒသန္ဓိကရော၊ရှေ့နောက်ပုဒ်တို့၏ ဆက်စပ်မှုကို ပြုတတ်သော။ခေါကာရော၊ ခေါသဒ္ဒါကို။ဗျဉ္ဇနသိလိဋ္ဌတာဝသေန၊ရှေ့နောက်သဒ္ဒါတို့၏ ညက်ညောကုန်သည်၏ အစွမ်း ဖြင့်။(အာယသ္မတာ အာနန္ဒတ္ထေရေန၊အရှင်အာနန္ဒာသည်။)ဝုတ္တော၊လျှောက်အပ်ပြီ။

(ဃ) ပရိဗ္ဗာဇကောတိ၊ပရိဗ္ဗာဇကောဟူသည်ကား။သဉ္စယဿ၊သဉ္စည်းဆရာကြီး၏။ အန္တေဝါသီ၊အနီးနေ တပည့်ဖြစ်သော။ဆန္နပရိဗ္ဗာဇကော၊အဝတ်ဖြင့် ဖုံးလွှမ်းအပ်သော ပရိဗိုဇ်တည်း။ [နိယမာနိယမအနက်] သဉ္စယဿ၊၏။အန္တေဝါသီ၊သော။ယော ဆန္န ပရိဗ္ဗာဇကော၊အကြင်အဝတ်ဖြင့် ဖုံးလွှမ်းအပ်သော ပရိဗိုဇ်သည်။အတ္ထိ၊ရှိ၏။ သော ဆန္န

http://www.dhammadownload.com



ပရိဗ္ဗာဇကော၊ထို--သည်။ပရိဗ္ဗာဇကောတိ ပရိဗ္ဗာဇကော နာမ၊ပရိဗ္ဗာဇက မည်၏။

(င) ဣဒ၊ဤအနက်သည်။(ဝါ) ကို။ဝုတ္တံ၊ဆိုအပ်သည်။(ဝါ) ဆိုလိုသည်။ဟောတိ၊၏။ (ကိံ၊အဘယ်အနက်သည်။(ဝါ)ကို။ဝုတ္တံ၊သည်။ဟောတိ၊ဖြစ်သနည်း) ယဒါ၊ အကြင်အခါ၌။ ဘဂဝါ၊သည်။တံ အဒ္ဓါနမဂ္ဂံ၊ထိုအဓွန့်ရှည်သော ခရီးကို။ပဋိပန္နော၊ကြွတော်မူပြီ။တဒါ၊ထို အခါ၌။သုပ္ပိယော၊သုပ္ပိယမည်သော။ပရိဗ္ဗာဇကောပိ၊ပရိဗိုဇ်သည်လည်း။ (တံ အဒ္ဓါနမဂ္ဂံ၊ ကို။) ပဋိပန္နော၊သွားသည်။အဟောသိ၊ဖြစ်ပြီ။ဣတိ၊ဤအနက်သည်။(ဝါ) ကို။ (ဝုတ္တံ၊သည်။ ဟောတိ၊၏။)

(စ) ဟိ၊မှန်၏။ဧတ္ထ၊ဤ အဒ္ဓါမဂ္ဂပ္ပဋိပန္နော ဟောတိ-ဟူသော ပါဌ်၌။ဟောတိသဒ္ဒေါ၊ ဟောတိသဒ္ဒါသည်။အတီတကာလတ္ထော၊အတိတ်ကာလ အနက်ရှိ၏။

(ဆ) [ကာရကဝါကျ ကြံ၍ ဝါကျအပြန်အလှန်] ကသ္မာ၊အဘယ့်ကြောင့်။ဟောတိ သဒ္ဒဿ၊ဟောတိသဒ္ဒါ၏။အဟောသီတိ အတ္ထော၊အဟောသိဟူသော အနက်ကို။တယာ၊ အရှင် အဋ္ဌကထာဆရာသည်။ဝဏ္ဏိတော၊ဖွင့်အပ်ပါသနည်း။ဣတိ၊ဤကား အမေးတည်း။

ဟိ-ယသ္မာ၊အကြင့်ကြောင့်။ဧတ္ထ၌။ဟောတိသဒ္ဒေါ၊သည်။အတီတကာလတ္ထော၊၏။ တသ္မာ၊ထို့ကြောင့်။ဟောတိ သဒ္ဒဿ၊ဟောတိသဒ္ဒါ၏။အဟောသီတိ အတ္ထော၊အဟောသိ ဟူသော အနက်ကို။မယာ၊ငါ အဋ္ဌကထာဆရာသည်။ဝဏ္ဏိတော၊ဖွင့်ဆိုအပ်ပြီ။

➢ ❷။ (စ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် သုပ္ပိယဟူသည် ထိုပရိဗိုဇ်၏ အမည် ဖြစ်၏ဟု ဖွင့်ဆို၏။ ပါဠိတော်၌ သုပ္ပိယောပိ-ဟု ပိသဒ္ဒါနှင့်ရှိ၍ ထိုပိသဒ္ဒါဖြင့် အဘယ်ကို ပြဆိုအပ်ပါသေးသနည်း။ သီလအာစာရဖြင့် တူမျှသည်၏အဖြစ်ကိုလည်း ပြဆိုအပ်ပါသလော။ စုဒ်ကြောင့် (ခ) မိန့်။

(ဃ) သို့/ **လိနတ္ထရစောဒနာ** ။ ။ ဆရာ၊ အရှင်အာနန္ဒာသည် သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကော-ဟူသော ပါဌ်များတွင် ပရိဗ္ဗာဇကပုဒ်ကို ထည့်ဆိုတော်မူ၏။ ယင်းပရိဗ္ဗာ ဇကော-ပုဒ်အရဖြစ်သော သုပ္ပိယပရိဗိုဇ်သည် ပူရဏကဿပ, မက္ခလိဂေါသာလ-စသော တိတ္ထိ ဆရာကြီးတို့၏ တပည့်ဖြစ်၍ အဝတ်မဝတ်သော အစေလက ပရိဗိုဇ်မျိုး ဖြစ်ပါ သလော၊ အဘယ် ပရိဗိုဇ်မျိုး ဖြစ်ပါသနည်း၊ ယင်းသုပ္ပိယ ပရိဗိုဇ်၏ ဆရာနှင့် အမျိုး အစား ကို မပြဆိုချေသော် အရှင်အာနန္ဒာအား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဃ) မိန့်။

(တနည်း) ဆရာ၊ အရှင်အာနန္ဒာသည် ပရိဗ္ဗာဇကော-ဟု လျှောက်၏။ ပရိဗ္ဗာဇက အရ အစေလက ပရိဗိုဇ်ကို ယူရမည်လော၊ မည်သည့် ပရိဗိုဇ်ကို ယူရမည်နည်း။ စုဒ် - ကြောင့် (ဃ) မိန့်။ **အား-** ဆန္နပရိဗိုဇ်ကို ယူရမည်ဟူလို။

(င) သို့/ **အနာဒအောဂမ္ဘာ** ။ ။ ဆရာ၊ ဆရာသည် (ခ) ဖြင့် ပိသဒ္ဒါသည် ခရီးသွား ခြင်း သဘောတူသည်၏အဖြစ်ကြောင့် ပုဂ္ဂိုလ်ကို ပေါင်းခြင်းအနက်ရှိ၏ဟု ဆို၏။ သို့

http://www.dhammadownload.com



ပေါင်းခြင်းအနက်ရှိသောကြောင့် အဘယ်သို့သော အဓိပ္ပါယ်ကို ဆိုလိုပါသနည်း။ (င)

**(စ) သို့/ စောဒနာ** ။ ။ ဆရာ၊ ဆရာသည် (င) ၌ အဟောသိ-ဟု အတိတ်ကာလ ကြိယာဖြင့် ဆိုတော်မူ၏၊ သံဝဏ္ဏေတဗ္ဗပါဠိတော်၌ ဟောတိ-ဟု ပစ္စုပ္ပန်ကာလနှင့် ရှိသည် မဟုတ်ပါလော၊ ယင်းသို့ဖြစ်လျက် အဟောသိ-ဟု အတိတ်ကာလဖြင့်ဆိုသော ဆရာ့ စကားသည် အသို့လျှင် သင့်နိုင်ပါအံ့နည်း၊ အသင့်ယုတ္တိကို မပြသော် ဒဠှီယ+ဒဠှီ ကရဏ ဆန့်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏၊ စုဒ်ကြောင့် (စ) မိန့်။

➢ ❸ ။ [ က+စ ဝါကျတို့ကို၌ ] (၁) နနု ပိကာရော အနေကတ္ထော။ (၂) အထ ကသ္မာ ပုဂ္ဂလသမ္မိဿနတ္ထောတိ အာစရိယေန ဝုတ္တော။ (၃) အဒ္ဓါနမဂ္ဂပ္ပဋိပန္နတာယ။

(၄) တသ္မာ ပုဂ္ဂလသမ္မိဿနတ္ထောတိ အာစရိယေန ဝုတ္တော။

[ ဂ ဝါကျကို၌ ] (၁) နနု သရဗျဉ္ဇနာဒိသန္ဓိဘာဝေါ ဝတ္တဗ္ဗော၊ (၂) အထ ကသ္မာ ခေါကာရော ပဒသန္ဓိကရောတိ တယာ ဝုတ္တံ၊ (၃) နနု ဗျဉ္ဇနသိလိဋ္ဌတာဝသေန ဝုတ္တော

(၄) တသ္မာ ခေါကာရော ပဒသန္ဓိကရောတိ မယာ ဝုတ္တံ။

[ ဃ ဝါကျကို၌ ] (၁) နနု ပရိဗ္ဗာဇကောတိ သဥ္ဇယဿ အန္တေဝါသီ ပရိဗ္ဗာဇကောတိ သံဝဏ္ဏိတေ အဓိပ္ပေတတ္တော သိဒ္ဓေါ၊ (၂) အထ ကသ္မာ ဆန္နပရိဗ္ဗာဇကောတိ ဆန္န - သဒ္ဒေန ဝိသေသေတွာ သံဝဏ္ဏနာ ကတာ၊ (၃) သော န အစေလကပရိဗ္ဗာဇကောတိ ဟောတိ၊(၄) တသ္မာ ဆန္နပရိဗ္ဗာဇကောတိ ဆန္နသဒ္ဒေန ဝိသေသေတွာ သံဝဏ္ဏနာ ကတာ၊

[ င+စ ဝါကျတို့ကို၌ ] (၁) နနု ပါဠိယံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတီတိ ပစ္စုပ္ပန္နဝစနံ ဝုတ္တံ၊ (၂) အထ ကသ္မာ ပဋိပန္နော အဟောသီတိ အတီတဝစနံ တယာ ဝုတ္တံ၊

(၃) အတီတကာလတ္ထော ဧတ္ထ ဟောတိသဒ္ဒေါ၊

(၄) တသ္မာ ပဋိပန္နော အဟောသီတိ အတီတဝစနံ မယာ ဝုတ္တံ၊

➢ ❹ ။ မဂ္ဂံ ပဋိပန္နာ မဂ္ဂပဋိပန္နာ၊ သဘာဂါနံ ဘာဝေါ သဘာဂတာ။ (အစိတ်)

မဂ္ဂပ္ပဋိပန္နာနံ သဘာဂတာတိ မဂ္ဂပ္ပဋိပန္နသဘာဂတာ။ (အပေါင်း)

(၃) ခရီးသို့ သွားကုန်သော ဘုရား, သုပ္ပိယပရိဗိုဇ်တို့၏ ခရီးသွားချင်းတူသော သဘောရှိကုန်သည်တို့၏ အဖြစ်ဟူသော သဒိသဘောဂုဏ်နှင့် ဂုဏေး ဂုဏ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ယင်းသဒိသဘောဂုဏ်ဖြစ်သည် ဝစနီယ မည်၏။ (၆) မဂ္ဂပ္ပဋိပန္နသဒိသတာယ-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ မည်၏။

ပုတိသင်္ခါတံ အာဟာရံ ဂလတိ အဒတီတိ ပူတ္တိဓသော။ (၃) ပုပ်သော အာဟာရကို စားခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ပုဂ္ဂိုလ်ဖြစ်သည် ဝစနီယ မည်၏။ (၆) ပါဏော, သရီရံ, ဘူတံ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

သမ္မိဿီယတေ သမ္မိဿနံ၊ ပုဂ္ဂလာနံ သမ္မိဿနံ ပုဂ္ဂလသမ္မိဿနံ။

အရိယတေ ဉာယတေတိ အတ္ထော။ (အစိတ်)

http://www.dhammadownload.com



ပုဂ္ဂလသမ္ဗိတ္တာနံ အင္ဂ္ဂော ယဿာတိ **ပုဂ္ဂလသမ္ဗိတ္တာနင္ဂ္ဂော**။ (အပေါင်း)

(၃) ပုဂ္ဂိုလ်ကို ပေါင်းဆည်းခြင်းအနက်နှင့် ယင်းအနက်ရှိသော ပိသဒ္ဒါ၏ ဝိသယ+ ဝိသယီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ပိသဒ္ဒါသည် ဝစနီယ မည်၏။ (၆) ပိကာရော, ပိသဒ္ဒေါ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

သိလိဿန္တီတိ **သိလိဋ္ဌာနိ**။ (၃) ငြိကပ်ခြင်းကြိယာသကတ်သည် ဝစနဟေတု မည် ၏။ (၅) ပြေပြစ်ညက်ညောသော သုပ္ပိယသဒ္ဒါစသည်သည် ဝစနီယ မည်၏။

သိလိဋ္ဌာနံ ဘာဝေါ သိလိဋ္ဌတာ၊ ဗျဉ္ဇနာနံ သိလိဋ္ဌတာ **ဗျဉ္ဇနသိလိဋ္ဌတာ**။

(၃) သဒ္ဒါတို့၏ ပြေပြစ်ညက်ညောခြင်းဂုဏ်နှင့် ဂုဏော+ဂုဏ် အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဗျဉ္ဇနသိလိဋ္ဌတာဂုဏ်သည် ဝစနီယ မည်၏။ (၆) သဒ္ဒသိလိဋ္ဌတာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

(၆) သုခုစ္စာရဏ, သိလေသ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ကလျတေ သင်္ချာယတေ အာယုပ္ပမာဏာဒယော အနေနာတိ **ကာလော**။

(၃) ရေတွက်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အချိန်ဟူသော ကာလပညတ်သည် ဝစနီယ မည်၏။ (၆) ဝေလ, သမယ- -- ဝစနီယတ္ထ မည်၏။

ပရိစ္စဇိတွာ ဝဇတီတိ **ပရိဗ္ဗာဇကော**။ (၃) စွန့်ခွာခြင်းကြိယာသကတ်သည် ဝစန ဟေတု မည်၏။ (၅) ပရိဗိုဇ်ဖြစ်သည် ဝစနီယ မည်၏။ (၆) တာပသ, ဣသိ-စသော။

ပိက္ကတိ ကရိယတိ ဥစ္စာရိယတီတိ **ပိကာရော**။ * ဝဋ္ဋေန ဆာဒီယတေတိ **ဆန္နော**၊ ဆန္နောစ သော ပရိဗ္ဗာဇကောစာတိ **ဆန္နပရိဗ္ဗာဇကော**။

➢ ❺ ။ **မဂ္ဂပ္ပဋိပန္နသဘာဂတာယ**-၏ ဟိတ်၏ သမ္ဗန်ကား- သုပ္ပိယပရိဗ္ဗာဇကဿ ဖြစ်ပါသည်။ (၏/သည် စပ်) * **အတီတကာလဗ္ဗောကို** အတီတကာလတ္ထတ္တာ-ဟု ဟိတ်ပြင်လျှင် ဟောတိသဒ္ဒဿ-ဟု သမ္ဗန်ခံပါ။ (၏/သည် စပ်)

**ပုဂ္ဂလသမ္ဗိတ္တာနဗ္ဗော**-ကို ပုဂ္ဂလသမ္ဗိတ္တာနတ္ထတ္တာ-ဟု ဟိတ်ပြင်လျှင် - ပိကာရဿ- ဟု သမ္ဗန်ခံပါ။ (၏/သည် စပ်) **ပဒသန္ဓိကရော**-ကို ပဒသန္ဓိကရတ္တာ-ဟု ဟိတ်ပြင်လျှင် ခေါကာရဿ-ဟု သမ္ဗန်ခံပါ။ (၏/သည် စပ်)

➢ ❻ ။ (က) ၌ တဿ နာမံ-ဖြင့် သုပ္ပိယောသဒ္ဒါသည် ဂုဏနာမ်မဟုတ်၊ နာမ နာမ်တည်းဟု သိစေပါသည်။(နာမလိင်္ဂပဒ) (တနည်း) တဿ နာမံနှင့် သုပ္ပိယောကား အမည်မျှသာ၊ ဂုဏ်စသည် မဟုတ်ဟု သိစေပါသည်။ (ဘာဝတ္ထ)

(ခ) ပိ ကာရော ပုဂ္ဂလသမ္ဗိတ္တာနတ္ထော-ဖြင့် သုပ္ပိယောပိ၌ ပိသဒ္ဒါသည် သမ္ဘာဝနာ-စသော အနက်ကိုမဟော၊ သမ္ဗိတ္တာနအနက်ဟောတည်းဟု သိစေ။ (ဥပသဂ္ဂလိင်္ဂတ္ထ)

မဂ္ဂပ္ပဋိပန္နသဘာဂတာယ-ဖြင့် ခရီးသွားခြင်းသဘောတူသည်၏ အဖြစ်ကြောင့် ပုဂ္ဂိုလ် ကို ပေါင်းသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



(ဂ) ၌ ခေါ ကာရော ပဒသန္ဓိကရော-ဖြင့် ခေါသဒ္ဒါသည် သုပ္ပိယောဟူသော ရှေ့ပုဒ်၊ ပရိဗ္ဗာဇကောဟူသော နောက်ပုဒ်တို့ကို စပ်ခြင်းမျှသာပြု၏၊ သရသန္ဓိ ဗျဉ္ဇနသန္ဓိ၏အဖြစ်ကို မပြုဟု သိစေပါသည်။ (ဘာ၀တ္ထ)

ဗျဥ္ဇနသိလိဋ္ဌတာ၀သေန-ဖြင့် ခေါသဒ္ဒါကား ပဒပူရဏမတ္တ၌ နိပါတ်ပုဒ်တည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

(ဃ) ၌ ဆန္နပရိဗ္ဗာဇကော-ဖြင့် ပရိဗ္ဗာဇက-အရ အစေလကပရိဗိုဇ်ကို မယူရ၊ အ၀တ်၀တ်သော ဆန္နပရိဗိုဇ်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

သဥ္စယဿ အန္တေ၀ါသီ-ဖြင့် အန္တေ၀ါသိက တပည့်ဟူသည် ပူရဏကဿပ၏ တပည့်မဟုတ်၊ သဥ္စယ၏ အန္တေ၀ါသိကတည်းဟု သိစေပါသည်။ (ဘာ၀တ္ထ)

(င) ဖြင့် မြတ်စွာဘုရား ထိုအဓွန့်ရှည်သော ခရီးသို့ သွားတော်မူသောအခါ၌ သုပ္ပိယပရိဗိုဇ်လည်း အဓွန့်ရှည်သော ခရီးသို့ သွားလေပြီဟု တူမျှသော ကာလ၌သာလျှင် အဓွန့်ရှည်သော ခရီးသို့ သွားကြသည်၏အဖြစ်ကို သိစေပါသည်။ (ဘာ၀တ္ထ)

အဟောသိ-ဖြင့် အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ-၀ယ် တိ၀ိဘတ်သည် ပစ္စုပ္ပန်ကာလ၌ မသက်၊ ၀တ္တမာနာပစ္စုပ္ပန္နေသုတ်၌ ၀တ္တမာနာဟူသော ယောဂ၀ိဘာဂဖြင့် အတိတ်ကာလ၌ သက်သတည်းဟု သိစေပါသည်။ (ဒု-၀ိဘတျတ္ထ)

➢ ❶ ။ **ပိသဒ္ဒါ၏ သမ္ပိဏ္ဍနတ္ထ ဖြစ်ပုံ** ။ ။ မြတ်စွာဘုရားသည်သာ ရဟန်းအပေါင်းနှင့်တကွ အဓွန့်ရှည်သော ခရီးသို့ ကြွသည်မဟုတ်သေး၊ စင်စစ် သုပ္ပိယပရိဗိုဇ်သည်လည်း ဗြဟ္မဒတ်လုလင်နှင့်တကွ အဓွန့်ရှည်သော ခရီးသို့ သွားသတည်းဟု ပုဂ္ဂိုလ်ကိုပေါင်းသည်

➢ ❶❶ ။ **အဒ္ဓါနမဂ္ဂပ္ပဋိပန္နော-အရ** မြတ်စွာဘုရား၏ စတုသမုဋ္ဌာနိကရုပ်ကို ဖြစ်စေတတ်သော ၀ီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ရ၏။ (၁) ၎င်းစိတ္တုပ္ပါဒ်သည် ဥဿာဟဌာယီဘာ၀, ၀ီရရသ မည်၏။ (၂) အဓွန့်ရှည်သော ခရီးသည်၎င်း, အတူပါလာသော ရဟန်း ငါးရာသည်၎င်း အာရမ္မဏ၀ိဘာ၀ မည်၏။ (၃) သုပ္ပိယပရိဗိုဇ်၏ ရတနာသုံးပါး အပြစ်ပြောခြင်း၊ ဗြဟ္မဒတ်လုလင်၏ ရတနာသုံးပါးဂုဏ်ကို ပြောဆိုခြင်း အကြောင်းတို့သည် ဥဒ္ဒီပန၀ိဘာ၀ မည်၏။ (၄) အမျက်မထွက်ခြင်း ပီတိ သောမနဿကို မဖြစ်စေခြင်း အစ ဗြဟ္မဇာလသုတ် ဟောရခြင်း စသည်သည် အနုဘာ၀ မည်၏။

(ဂ) **၀ုတ္တော-ဠ္ဌ စခ-ခတ်အရ** ။ ။ ရှင်အာနန္ဒာ၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထိုသည် ဓမ္မရတိဌာယီဘာ၀, ဓမ္မသိင်္ဂီရရသ မည်၏။ (၂) ခေါ-ဟူသော သဝိညတ္တိကဝစီဘေဒသဒ္ဒါသည် အာရမ္မဏ၀ိဘာ၀ မည်၏။ (၃) ခေါသဒ္ဒါ၏ ဗျဥ္ဇနသိလိဋ္ဌတာ-စသော ဂုဏ်သည် ဥဒ္ဒီပန၀ိဘာ၀ (၄) သောတုဇနပုဂ္ဂိုလ်တို့ လွယ်ကူစွာ မှတ်သားနိုင်ခြင်း စသည်သည် အနုဘာ၀မည်၏။

http://www.dhammadownload.com



**ပါဠိ (၄၅) [ဋ္ဌ၊၃၆။]**

**(က) အန္တေဝါသီတိ အန္တေဝါသီ၊**

**(ခ) သမီပစာရော သန္တိကာဝစရော သိဿောတိ အတ္ထော၊**

**(ဂ) ဗြဟ္မဒတ္တောတိ တဿ နာမံ၊**

**(ဃ) မာဏဝေါတိ သတ္တော ပိ စောရော ပိ တရုဏော ပိ ဝုစ္စတိ၊**

**(င) "စောဒိတာ ဒေဝဒူတေဟိ၊ ယေ ပမဇ္ဇန္တိ မာဏဝါ၊**

**တေ ဒီဃရတ္တံ သောစန္တိ ဟီနကာယူပဂါ နရာ" တိ အာဒီသု ဟိ သတ္တော "မာဏဝေါ" [illegible] (ခ) "စောရာ ပေ ပိ သမာဂန္တွာ ကတာကမ္မေဟိ ပိ အကတာကမ္မေဟိ ပိ" တိ အာဒီသု [illegible] (ဂ) "[illegible] မာဏဝေါ ဒါနံ ကော မာဏဝေါ" တိ အာဒီသု တရုဏော "မာဏဝေါ" [illegible]**

**[illegible] ဝတ်ကြီးဝတ်ငယ်ကို ပြုရမ်းသော [illegible] ကျင့်လည်သူ [illegible] လှမ်းပြီး သွားလာနေသော [illegible]**

[က-ခနှင့်အညီ သဂုဏ်ဒီပနီဝေဂျအနက်] အန္တေဝါသီ-တပည့်သည်။[ကေဝလဒီပနီဝေဂျ]

(က) [ယော မာဏဝေါ၊အကြင်လုလင်သည်။] အန္တေဆရာ၏ အနီး၌။(ဝတ္တပဋိဝတ္တာဒိကရဏဝသေန၊ဝတ်ကြီးဝတ်ငယ် စသည်ကို ပြုခြင်း၏ အစွမ်းဖြင့်။) [ ကြိယာဝိသေသန] ဝသတိ၊နေတတ်၏။က္ကတိ၊ထို့ကြောင့်။[ထိုသို့ ဆရာ၏ အနီး၌ နေတတ်သည်၏ အဖြစ်ကြောင့်။] (သော မာဏဝေါ၊ထိုလုလင်သည်။) အန္တေဝါသီ၊အန္တေဝါသီ မည်၏။

(ခ) သမီပစာရော၊အနီး၌လှည့်လည်တတ်သော။သန္တိကာဝစရော၊အနီး၌ သက်ဝင်၍ဖြစ်သော။သိဿော၊တပည့်တည်း။က္ကတိ အယံ၊ဤသည်ကား။(အန္တေဝသတီတိ ပဒါနံ၊ အန္တေ ဝသတိဟူသောပုဒ်တို့၏။) အတ္ထော၊အနက်တည်း။

(ဂ) ဗြဟ္မဒတ္တောတိ၊ဗြဟ္မဒတ္တောဟူသည်ကား။တဿ၊ထိုလုလင်၏။နာမံ၊အမည်တည်း

(ဃ) သတ္တော ပိ၊သတ္တဝါသာမန်ကိုရင်း။စောရော ပိ၊ခိုးသူကိုရင်း။တရုဏော ပိ၊နုပျိုသူကိုရင်း။(ဝါ) လုလင်ကိုရင်း။မာဏဝေါတိ၊မာဏဝဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(င) ဟိ၊ချဲ့ဦးအံ့။စောဒိတာ(ပ)နရာတိ အာဒီသု၊စောဒိတာ(ပ) နရာ အစရှိသော ပါဠိရပ်တို့၌။သတ္တော၊သတ္တဝါသာမန်ကို။မာဏဝေါတိ၊မာဏဝဟူ၍။ဝုတ္တော၊ဟောတော်မူအပ်ပြီ။ [ဒေဝဒူတေဟိ၊သူအို, သူနာ, သူသေ, အကျဉ်းသမား, ကလေးအားဖြင့် ငါးပါးကုန်သော နတ်တမန်တို့သည်။စောဒိတာ၊တိုက်တွန်းအပ်ကုန်သည်။(သမာနာ၊ဖြစ်ပါကုန်လျက်) ယေ မာဏဝါ၊အကြင်သတ္တဝါတို့သည်။ပမဇ္ဇန္တိ၊မေ့လျော့ကြကုန်၏။နရာ၊လူဟု ဆိုအပ်ကုန်သော။တေ မာဏဝါ၊ထိုသတ္တဝါတို့သည်။ဒီဃရတ္တံ၊ရှည်စွာသော ညဉ့်ပတ်လုံး။ဟီနကာယူပဂါ၊ယုတ်ညံ့သော အပါယ်ကိုယ်သို့ ကပ်ရောက်ရကုန်သည်။(ဟုတ္တာ၊ဖြစ်၍)

http://www.dhammadownload.com



သောစတ္တိ၊ဝမ်းနည်းကြရကုန်၏။

(စ) "မာဏဝေဟိပိ သမာဂစ္ဆ န္တိ ကတာကမ္မေဟိပိ အကတာကမ္မေဟိပိ"တိ အာဒီသု၊ မာဏဝေဟိပိ(ပ)ကမ္မေဟိပိ အစရှိသော ပါဠိရပ်တို့၌။စောရော၊ခိုးသူကို။(မာဏဝေါတိ၊ မာဏဝဟူ၍။ဝုတ္တော၊ပြီ။) | ကတာကမ္မေဟိပိ၊ပြုအပ်ပြီးသော ခိုးမှုရှိသည်လည်းဖြစ်ကုန် သော။အကတာကမ္မေဟိပိ၊မပြုအပ်သေးသော ခိုးမှုရှိသည်လည်း ဖြစ်ကုန်သော။မာဏဝေ ဟိပိ၊ခိုးသူတို့နှင့်လည်း။သမာဂစ္ဆန္တိ၊ပေါင်းဆုံမိကြကုန်၏။]

(ဆ) "အမ္ဗဋ္ဌော မာဏဝေါ အဂ်ကော မာဏဝေါ"တိ အာဒီသု၊တို့၌။တရုဏော၊ နုပျိုသူကို။(ဝါ) လုလင်ကို။ "မာဏဝေါ" တိ၊မာဏဝဟူ၍။ဝုတ္တော၊ပြီ။[အမ္ဗဋ္ဌော၊အမ္ဗဋ္ဌ မည်သော။မာဏဝေါ၊လုလင်၊အဂ်ကော၊အဂ်ကမည်သော။မာဏဝေါ၊လုလင်။]

(ဇ) ဣဓာပိ[illegible] မာဏဝ[illegible]သော ပါဠိရပ်၌လည်း။အယမေဝတ္ထော၊ ဤတရုဏဟူသော အနက်[illegible]သာ၊ဟောတိ၏။

(ဈ) ဓါ၊ထို[illegible]ကြာ၊ဤအနက်သည်။(ဝါ) ကို။ဝုတ္တံ၊ဆိုအပ်သည်။ (ဝါ) ဆိုလိုသည်။ဟောတိ၊[illegible]သည်။(ဣ) ကို။ဝုတ္တ၊သည်။ဟောတိ၊နည်း။) ဗြဟ္မ- ဒတ္တေန နာမ၊ဗြဟ္မဒတ္တမည်သော။တရုဏန္တေဝါသိနာ၊လူလင်ပျိုဟူသော အနီးနေတပည့် နှင့်။သဒ္ဓိ၊အတူ။ကြတိ၊ဤအနက်သည်။(ဝုတ္တံ၊သည်။ဟောတိ၏။) (ဘာသာဋီ၊ပ၊၂၃၂။)

➤ ❷ ။ (စ) သို့/ ဆံရာ၊ ဆရာသည် (က) ဖြင့် အန္တေ ဝသတီတိ အန္တေဝါသီ-ဟု ကတ္တုသာဓ်ပြုရမည်၏ အဖြစ်ကို ပြဆိုတော်မူ၏။ အဆုံးစွန်၌နေသောသူသည် အန္တေ ဝါသီ မည်ပါသလော၊ အဘယ်၌ နေသောသူသည် အန္တေဝါသီ မည်ပါသနည်း။ [အန္တေ ဝါသီပုဒ်၏ ဤ၌ အလိုရှိအပ်သော အနက်ကို မပြဆိုချေသော် ဆရာအား အတိဗျာပိတ ဒေါသ သင့်ရောက်ရာ၏။] စုဒ်ကြောင့် (ခ) မိန့်။

ဏး- အနီး၌ ကျင်လည်ကျက်စား သွားလာတတ်သော တပည့်သည် အန္တေဝါသီ မည်၏[ဟု ငါပြဆိုရကား သင်တင်သော အတိဗျာပိတဒေါသ ငါ့အား မရောက်]ဟူလို။

(င) သို့/ အနုသန္ဓ ။ ။ ဤသို့ (ယ) ဖြင့် မာဏဝသဒ္ဒါသည် သတ္တ စောရ တရုဏ ဟူသော အနက်များကို ဟော၏ဟု ပြဆိုပြီး၍ ယခုအခါ၌ မာဏဝသဒ္ဒါ၏ အနက်သုံးပါး၌ ဖြစ်ပုံကို ဥဒါဟရဏ် ပုံစံ အသီးသီးဖြင့် ခိုင်မြဲစေလိုသော (ဝါ) ချဲ့ပြလိုသော ဆရာ သည် (င) မိန့်။

(စ) သို့/ စောဒနာ ။ ။ ဆရာ၊ ဆရာသည် (ယ) ဖြင့် --ဟောသောဟု ပြဆို၏၊ မာဏဝသဒ္ဒါ တစ်ခုတည်းသာဖြစ်၍ အနက်တစ်ခုတည်းသာ ဖြစ်သင့်သည် မဟုတ်ပါ လော၊ အနက်သုံးပါးတို့၌ ဖြစ်၏ဟုဆိုသော ဆရာ့စကားသည် အသို့သင့်ပါအံ့နည်း။

(ဝ) ၌ ဓိယရွေး-သို့/ ဆန္ဒါနည်းဗုဒ္ဓ ။ ။ ဆရာ၊ ဆရာသည် သောစတ္တိ-ဟူသော ကြိယာပုဒ်ဖြင့် အစ္စန္တသံယောဂပုဒ်၏ စပ်ရာကြိယာကို ပြဆို၏၊ အစ္စန္တသံယောဂပုဒ်၏

http://www.dhammadownload.com



ကြိယာတို့မည်သည် အစ္စန္တသံယောဂပုဒ်နှင့် ကင်း၍ မဖြစ်ကောင်းသည် မဟုတ်ပါလော၊ အစ္စန္တသံယောဂပုဒ်ကား အဘယ်ပါနည်း၊ စုဒ်ကြောင့် ဒီဃရတ္တံ-ကို မိန့်။

(ဓ) သို့/ **အနုသာစန္တ** ။ ။ ဤသို့ (ယ) ဖြင့် မာဏဝသဒ္ဒါ၏ ဟောနိုင်သမျှသော အနက်များကို ပြဆိုပြီး၍ ယခုအခါ၌ ပြဟ္မဒတ္တေန မာဏဝေနဟူသော ဤပါဠိတော်ဝယ် အလိုရှိအပ်သောအနက်ကို ပြလိုသော ဆရာသည် (ဓ) မိန့်။

(ဓ) သို့/ [ဓ၀ကို၍] ဆရာ၊ ဆရာသည် (င) စသော ဝါကျတို့ဖြင့် မာဏဝသဒ္ဒါသည် သတ္တ စောရ တရုဏအနက်တို့၌ ဖြစ်သည်ကို သာဓကပါဠိနှင့်တကွ ဖွင့်ဆို၏၊ ဤ ပြဟ္မဒတ္တေန မာဏဝေနဟူသော ဤပါဠိတော်၌ အဘယ်အနက်ကို အလိုရှိအပ်ပါသနည်း၊ သတ္တ, စောရ အနက်တို့ကိုလည်း အလိုရှိအပ်ပါသလော၊ စုဒ်ကြောင့် (ဓ) မိန့်။

(တနည်း) [မိ-ကို၍] ဆရာ၊ ဆရာသည် (ဆ) ဖြင့် အမ္ဗဋ္ဌော မာဏဝေါ-စသော ပါဠိရပ်တို့၌ မာဏဝသဒ္ဒါသည် တရုဏအနက်၌ ဖြစ်သည်ကို ဖွင့်ပြတော်မူ၏၊ ထိုအမ္ဗဋ္ဌော မာဏဝေါ-စသော ပါဠိရပ်တို့၌သာ မာဏဝသဒ္ဒါသည် တရုဏအနက်၌ ဖြစ်ပါသလော၊ အဘယ်သို့ မှတ်သားအပ်ပါသနည်း၊ စုဒ်ကြောင့် (ဓ) မိန့်။

(ဈ) သို့/ ဆရာ၊ ဆရာသည် (ဓ) ဖြင့် ပြဟ္မဒတ္တေန မာဏဝေန-၌ မာဏဝသဒ္ဒါသည် ဤနေရာ၌ လုလင်ပျိုဟူသောအနက်ကို ဟောသောဟု ဆို၏။ မာဏဝသဒ္ဒါ၏ လုလင်ပျိုဟူသောအနက်ကို ဟောရာ၌ ခိုင်လုံသော အကြောင်းယုတ္တိကို ဆရာ မပြဆိုတော့ပြီလော၊ မာဏဝသဒ္ဒါ၏ လုလင်ပျိုအနက်ဟောသည်ကို အဘယ်သို့သော ယုတ္တိဖြင့် သိရပါမည်နည်း၊ စုဒ်ကြောင့် (ဈ) မိန့်။

➤ ❷ ။ [ ယ+ဓ ဝါကျတို့ကို၍ ] (၁) နနု မာဏဝေါတိ သတ္တောပိ စောရောပိ တရုဏောပိ ဝုစ္စတိ၊ (၂) အထ ကသ္မာ ဣဓာပိ အယမေဝတ္ထော (ဝေဒိတဗ္ဗော)

(၃) နနု တဒညတ္ထာ န သမ္ဘဝန္တိ၊ (၄) တသ္မာ ဣဓာပိ အယမေဝတ္ထော (ဝေဒိတဗ္ဗော)

[ ယ ဝါကျကို၍ ] (၁) နနု မာဏဝသဒ္ဒေါ ဧကသ္မိံယေဝ အတ္ထေ ဝတ္တဗ္ဗော။

(၂) အထ ကသ္မာ မာဏဝေါတိ သတ္တောပိ စောရောပိ တရုဏောပိ ဝုစ္စတိ၊

(၃) သာမညဝသေန သတ္တော မာဏဝေါတိ ဝုတ္တော၊ ဣတရေ ဝိသေသဝသေန။

(၄) တသ္မာ မာဏဝေါတိ သတ္တောပိ စောရောပိ တရုဏောပိ ဝုစ္စတိ၊

[ င-ဝါကျကို၍ ] (၁) နနု စောဒိတာ ဒေဝဒူတေဟိ။ (၂) အထ ကသ္မာ တေ ဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူပဂါ နရာ။ (၃) နနု ယေ ပမဇ္ဇန္တိ မာဏဝါ။

(၄) တသ္မာ တေ ဒီဃရတ္တံ သောစန္တိ၊ ဟီနကာယူပဂါ နရာ။

[ င-၌ ဂါထာ ပုဗ္ဗဒ္ဓကို၍ ] (၁) နနု ဒေဝဒူတေဟိ စောဒိတာ ဟောန္တိ။ (၂) အထ ကသ္မာ ယေ မာဏဝါ ပမဇ္ဇန္တိ။ (၃) နနု အတိက္ကန္တေသု ပဉ္စာရမ္မဏေသု အတိလုဒ္ဓါ ဟောန္တိ။ (၄) တသ္မာ ယေ မာဏဝါ ပမဇ္ဇန္တိ။

http://www.dhammadownload.com



[ ဓ+စျဝါကျဖွဲ့ကိုရှု ] (၁) နနု မာဏဝေါတိသဒ္ဒေါ သတ္တဓောရအတ္ထေသုပိ ဝတ္တတိ။ (၂) အထ ကသ္မာ က္လမ အယမေဝတ္ထော ဟောတိ။ (၃) က္လဒံ ဝုတ္တံ ဟောတိ "ဗြဟ္မဒတ္တေန နာမ တရုဏာန္တေဝါသိနာ သဒ္ဓိံ" န္တိ။/တဒဒေသသမသမ္ဘဝတော/တဒဒေသ မဝိသယတ္တာ။ (၄) တသ္မာ က္လမ အယမေဝတ္ထော ဟောတိ။

➤ ❾ ။ သံဂတော အာပေါ ယသ္မိန္တိ **သမိပံ**၊ စရတိ အဝစရတီတိ **စာရော**၊(အစိတ်) သမိပေ စာရော **သမိပစာရော**။ (အပေါင်း) (၃) သမိပ-အရ နီးသော အရပ်ဌာနနှင့် စာရ-အရ ယင်းအရပ်၌ ကျင်လည်ကျက်စား သွားလာနေသော တပည့်ဒြပ်၏ ဌာန-ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) တပည့်ဒြပ်သည် ဝစနီယ မည်၏။ (၆) အန္တေဝါသီ, သန္တိကာဝစရ, သိဿ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။ သမိပေ စရတိ အဝစရတီတိ **သမိပစာရော**။ (၃) ဆရာ၏အနီး၌ ဝတ်ကြီးဝတ်ငယ်ကို ပြုခြင်းစသည်၏ အစွမ်းဖြင့် ကျင်လည်ကျက်စား သွားလာခြင်း ကြိယာသကတ်သည် ဝစန ဟေတုမည်၏။ (ကြွင်းတူ)

ဒေဝါ ဝိယ ဒူတာ **ဓခဝဒူတာ**။ (တေဟိ) (၃) ဝိသုဒ္ဓိနတ်၏ တမန်နှင့် သဒိသ-သဒိသီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဝိသုဒ္ဓိနတ်နှင့်တူသော တမန်တို့သည် ဝစနီယ မည်၏။ (၆) ဒေဝသန္ဒေသဟရော--စသော ပရိယာယ် သဒ္ဒါများ သည် ဝစနီယတ္ထ မည်၏။

(တနည်း) ဒေဝါနံ (ဝိသုဒ္ဓိဒေဝါနံ) ဒူတာ **ဓခဝဒူတာ**။ (၃) ဝိသုဒ္ဓိနတ်တို့၏ တမန် သည်နှင့် သာမိ+သံ/ဇနက+ဇည အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဝိသုဒ္ဓိနတ်တို့၏ တမန်တို့သည် ဝစနီယ မည်၏။ (ကြွင်းတူ)

ဗာလဘာဝံ အတရီတိ **တရုဏော**။ (၃) လူငယ်၏အဖြစ်ကို လွန်မြောက်ခြင်း ကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (၅) လူလင်ပျိုဒြပ်သည် ဝစနီယ မည်၏။

(၆) မာဏဝေါ, ယုဝါ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

တရတီတိ **တရုဏော**။ (၃) လွန်မြောက်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) နုပျိုသူဒြပ်သည် ဝစနီယ မည်၏။ (၆) ဝယဋ္ဌ, ဒဟရ-စသော--

သိဋ္ဌတိ ဂရုကေသု သိနေဟတီတိ **သိဿော**။ (၃) ချစ်ခြင်းကြိယာ (ဝါ) မေတ္တာဖြင့် သွန်းလောင်းခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) တပည့်ဒြပ်သည် ဝစနီယ မည်၏။ (၆) သာဝက-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

* သုဏာတိ သောတုံ က္လဋ္ဌတီတိ **သိဿော**။

စောရေတီတိ **စောရော**။ (၃) ခိုးခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) သူခိုးဒြပ်သည် ဝစနီယ မည်၏။ (၆) ထေနကော-စသော--

နေန္တိတိ **နရော**။ (၃) ဆောင်ခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) လူ

http://www.dhammadownload.com



ဖြစ်သည် ဝစနီယ မည်၏။ (၆) မနုဿာ, မဇ္ဈာ, မာနုဿာ-စသော--

➢ ❺ ။ **စောဒိတာ**-ကို စောဒိတတ္တာဟု ဟိတ်ပြင်လျှင်- ယေသံ မာဏဝါနံ-ဟု သမ္ဗန် ခံရပါမည်။ (တို့၏/တို့ကို စပ်) ✱ **သမီပစာရော**-ကို သမီပစာရတ္တာ-ဟု ဟိတ်ပြင်လျှင်- သိဿဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

**ဟီနကာယူပဂါ**-ကို ဟီနကာယူပဂတ္တာ-ဟု ဟိတ်ပြင်လျှင်- တေသံ နရာနံ-ဟု သမ္ဗန် ခံရပါမည်။ (တို့၏/တိုသည် စပ်) ✱ **မာဏဝေါ**-ကို မာဏဝတ္တာ-ဟု ဟိတ်ပြင်လျှင်- အမ္ဗဋ္ဌဿ-ဟု သမ္ဗန် ခံရပါမည်။ (၏/သည် စပ်)

➢ ❻ ။ (က) ၌ အန္တေ ဝသတိ-ဖြင့် အန္တေဝါသီပုဒ်၏ အန္တေသဒ္ဒူပပဒ ဝသဓာတ်၏ အဖြစ်ကိုရင်း (ဒု-ဓာတုပဒ) ဏီပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏ အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) အန္တေဝါသီပုဒ်ကို အန္တေ ဝသတီတိ အန္တေဝါသီ-ဟု ကတ္တုသာဓနေဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) သိစေပါသည်။

(ခ) ၌ သမီပစာရော-ဖြင့် အန္တေ ဝသတိ-ဝယ် အန္တသဒ္ဒါသည် အဝသာန-စသော အနက်ကို မဟော၊ သမီပအနက်ကို ဟောသည်၏အဖြစ်ကိုရင်း (နာမလိင်္ဂတ္ထ) ဝသဓာတ်သည် နေခါမျှ (ဝသနမတ္တ) ကို မဟော၊ အလုံးစုံသော ကြိယာပုထ်လေးပါး(သဗ္ဗိရိယာပထ) ကို ဟောသည်၏ အဖြစ်ကိုရင်း (ဓာတွတ္ထ) သိစေပါသည်။

သန္တိကာဝစရော-ဖြင့် သမီပစာရော-သဒ္ဒါသည် သန္တိကာဝစရသဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေပါသည်။ (ပရိယာယ်ပြု အဘိဓေယျတ္ထ)

သိဿော-ဖြင့် အန္တေဝါသီ-အရ အနီး၌နေသူဟူသမျှ သာမညလူတန်းစားများကို မယူရ၊ ဆရာ အထံ၌ ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ကျင့်၍နေသော တပည့်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဂ) ၌ တဿ နာမံ-ဖြင့် ဗြဟ္မဒတ္တသဒ္ဒါသည် ဂုဏနာမ်မဟုတ်၊ နာမနာမ်တည်းဟု သိစေပါသည်။(နာမလိင်္ဂပဒ) (တနည်း) တဿ နာမံနှင့် ဗြဟ္မဒတ္တကား အမည်မျှသာ၊ ဂုဏ်စသည် မဟုတ်ဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဃ) ဖြင့် မာဏဝသဒ္ဒါသည် သတ္တအနက်, စောရအနက်, တရုဏအနက်တို့ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

➢ ❼ ။ **ဓေဝဒ္ဓတ သရုပ်** ။ ။ (၁) ဒဟရကုမာရ-သူငယ်၊ (၂) ဇရာဇိဏ္ဏသတ္တ-သူအို၊ (၃) ဂိလာန-သူနာ၊ (၄) ကမ္ဗကာရဏ-ညှဉ်းပန်းနှိပ်စက်မှု၊ (၅) မတသတ္တ-သူသေ

✱ **ဓေဝဒ္ဓတမည်ခြင်းအကြောင်း** ။ ။ သေမင်း၏ တမန်ဖြစ်သောကြောင့်ရင်း၊ (ဝါ) ဝိသုဒ္ဓိနတ်နှင့်တူသော တမန်ဖြစ်သောကြောင့်ရင်း၊ ဝိသုဒ္ဓိနတ်တို့၏ တမန်ဖြစ်သောကြောင့်ရင်း "ဒေဝဒူတ" မည်ပါသည်။

➢ ❶❶ ။ **ဓေသာ ပရိဗ္ဗာဇကော ရတ္တိဘာဂေ ဓေသစလံ ခြဲလောကေသိ** (၄၊၄၃)

http://www.dhammadownload.com



၌ ဘာဝါလင်္ကာရထုတ်ပုံ ။ (၁) ဩလောကေသိ-၌ အဝပုဗ္ဗ လောကဓာတ်အရ ဣဿာ ပြစာန်းသော ဒေါသမှုစိတ္တုပ္ပါဒ်သည် (ဝါ) ၎င်း၌ ဒေါသစေတသိက်သည် ကောဓေဒ္ဒာယိ ဘာဝ+ရုဒ္ဒရသ မည်၏။ (၂) မြတ်စွာဘုရားသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) သုပ္ပိယ ပရိဗိုဇ် ကြည့်ရှုသောအခါ ထက်ဝန်းကျင် ဖရိုဖရဲကြသော ကြယ်တာရာတို့ကဲ့သို့ တင့် တယ် လှပစွာ ဆိမ်းများကို ထွန်းညှိထားခြင်း, အလယ်၌ ငြိမ်ငြိမ်သက်သက် မြတ်စွာ ဘုရား နေတော်မူခြင်း (သက္ကတ ဆရာများအလို) လာဘာသက္ကာရဟာနိ ပက္ခဟာနိ ရတ္တိဘာဂ အမ္ဗလဋ္ဌိကဥယျာဉ် အယောနိသော မနသိကာရတို့သည် ဥဒ္ဒီပနဝိဘာဝ မည် ၏။ (၄) မျက်လုံးနီခြင်း, ရတနာသုံးပါး၏ ကျေးဇူးမဲ့ကဲ့ရဲ့စကားကို ပြောဆိုခြင်း စသည် သည် အနုဘာဝ မည်၏။

**ပါဠိ (၄၈)**

**(က) တတြာတိ တသ္မိံ အဒ္ဓါနမဂ္ဂေ၊ (ခ) တေသု ဝါ ဒွီသု ဇနေသု၊**

**(ဂ) သုဒန္တိ နိပါတမတ္တံ၊ (ဃ) အနေကပရိယာယေနာတိ ပရိယာယသဒ္ဒေါ တာဝ ဝါရ ဒေသနာ ကာရဏေသု ဝတ္တတိ၊**

**(င) ""ကဿ နု ခေါ အာနန္ဒ အဇ္ဇ ပရိယာယော ဘိက္ခုနိယော ဩဝဒိတုံ""န္တိ အာဒီသု ဟိ ဝါရေ ပရိယာယသဒ္ဒေါ ဝတ္တတိ၊ ""မဓုပိဏ္ဍိကပရိယာယောတွေဝ နံ ဓာရေဟိ""တိ အာဒီသု ဒေသနာယံ ""အတ္ထိ ခွာယံ ဗြာဟ္မဏ ပရိယာယော ယေန မံ ပရိယာယေန သမ္မာ ဝဒမာနော ဝဒေယျ""တိ အာဒီသု ကာရဏေ၊**

**(စ) ဒွာယမိဓာပိ ကာရဏေ ဝတ္တတိ၊**

**(ဆ) တသ္မာ အယမေတ္ထ အတ္ထော ""အနေကဝိဓေန ကာရဏေနာ""တိ၊**

**(ဇ) ဝဏ္ဏ ဟိ ကာရဏေဟီတိ ဝုတ္တံ ဟောတိ၊ (၄၊၃၇၊. ဘာသာဋီ၊ပ၊၂၃၅)**

➢ ❶ ။ (က-နှင့်အညီ) တတြ-ထိုအခွန့်ရှည်သော ခရီး၌။ (ခ-နှင့်အညီ) တတြ-ထိုသုပ္ပိယပရိဗိုဇ် ဗြဟ္မဒတ်လုလင်ဟူသော ဆရာတပည့်နှစ်ယောက်တို့တွင်။

(ဆ+ဇ-နှင့်အညီ) **အနေကပရိယာယေန**-တပါးမက များသော အပြားရှိသော အကြောင်းဖြင့်။(ဝဏ္ဏံ ဘာသတိ၊ အဝဏ္ဏံ ဘာသတိ)

(က) တတြာတိ၊တတြဟူသည်ကား။တသ္မိံ အဒ္ဓါနမဂ္ဂေ၊ထိုအခွန့်ရှည်သော ခရီး၌။ (အဝဏ္ဏံ၊ကျေးဇူးမဲ့ကဲ့ရဲ့အပ်သော အပြစ်စကားကို။ဘာသတိ၊ပြောဆို၏။)

(ခ) ဝါ၊တစ်နည်း။ ဒွီသု၊နှစ်ယောက်ကုန်သော။တေသု ဇနေသု၊ထို ဆရာ တပည့်ဖြစ် သူတို့တွင်။(သုပ္ပိယော၊သုပ္ပိယသည်။အဝဏ္ဏံ၊ကို။ဘာသတိ၊ပြောဆို၏။ ဗြဟ္မဒတ္တော၊ဗြဟ္မဒတ် လုလင်သည်။ဝဏ္ဏံ၊ဂုဏ်ကျေးဇူးကို။ဘာသတိ၊၏။)

(ဂ) သုဒန္တိ၊သုဒံဟူသောပုဒ်သည်။နိပါတမတ္တံ၊အနက်မရ နိပါတ်မျှသာတည်း။

(ဃ) အနေကပရိယာယေနာတိ ဧတ္ထ၊အနေကပရိယာယေနဟူသော ဤပါဌ်၌။

http://www.dhammadownload.com



(အတ္တုဒ္ဒေသတော၊အတ္တုဒ္ဒေသမှ) တာဝ၊ရှေးဦးစွာ။(သံဝဏ္ဏိတော။ဖွင့်ထိုက်သော။) ပရိယာယသဒ္ဒေါ၊ပရိယာယသဒ္ဒါသည်။ဝါရဒေသနာကာရဏသု၊အလှည့် အကြိမ်, ဟောအပ်သော တရား, အကြောင်းဟူသော အနက်တို့၌။ဝတ္တတိ၊ဖြစ်၏။

(င) ဟိ၊ချဲ့ဦးအံ့။ကဿ နုခေါ် (ပ) ဩဝဒိတုံ့ အာဒီသု၊ကဿနုခေါ် (ပ)ဩဝဒိတုံ အစရှိသော ပါဠိရပ်တို့၌။ဝါရေ၊အလှည့်အကြိမ်ဟူသော အနက်၌။ပရိယာယသဒ္ဒေါ၊ပရိယာယသဒ္ဒါသည်။ဝတ္တတိ၊ဖြစ်၏။[အာနန္ဒ၊အာနန္ဒာ။ဘိက္ခုနိယော၊ဘိက္ခုနီတို့ကို။ဩဝဒိတုံ၊ဆုံးမခြင်းငှာ။အဇ္ဇ၊ယနေ့။ကဿ၊အဘယ်ရဟန်း၏။ပရိယာယော နုခေါ်၊အလှည့်အကြိမ် နည်း။] * "မဓုပိဏ္ဍိကပရိယာယောတွေဝ နံ ဓာရေဟိ"တိ အာဒီသု၊တို့၌။ဒေသနာယံ၊ ဟောအပ်သော တရားဟူသောအနက်၌။(ပရိယာယသဒ္ဒေါ၊သည်။ဝတ္တတိ၊၏။)

[ နံ၊ထိုသုတ္တန်ကို။မဓုပိဏ္ဍိကပရိယာယောတွေဝ၊မဓုပိဏ္ဍိကဒေသနာတော်ဟူ၍သာ။ဓာရေဟိ၊ဆောင်ရွက်မှတ်သားလော။]

"ဣမိနာပိ ခေါ် တေ ရာဇညပရိယာယေန ဧဝံ ဟောတု"တိ အာဒီသု၊တို့၌။ကာရဏေ၊အကြောင်းဟူသောအနက်၌။(ပရိယာယသဒ္ဒေါ၊သည်။ဝတ္တတိ၊၏။) [ရာဇည၊ရာဇည။ဣမိနာပိ ပရိယာယေန၊ဤအကြောင်းကြောင့်လည်း။တေ၊သင်၏။ဧဝံ၊ဤသို့ ပရလောက ရှိ၏ဟူသော အယူသည်။ဟောတု၊ဖြစ်ပါစေ။]

(ဓ) ဣဓာပိ၊ဤ အနေကပရိယာယေန ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ အစရှိသော ပါဠိရပ်၌လည်း။သွာယံ့သော အယံ၊ထိုသို့သော ဤ ပရိယာယသဒ္ဒါသည်။ ကာရဏော၌။ဝတ္တတိ၊၏။ (ဆ) တသ္မာ၊ထို့ကြောင့်။[ထိုသို့ ပရိယာယသဒ္ဒါ၏ ကာရဏအနက်၌ ဖြစ်သည်၏ အဖြစ်ကြောင့်။]တွေ့ာ၊ဤ အနေကပရိယာယေနဟူသော ပါဌ်၌။အနေကဝိဓေ၊တစ်ပါးမက များသော အပြားရှိသော။ကာရဏေန၊အကြောင်းဖြင့်။(ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ စသည်၌စပ်) ဣတိ၊ဤသို့။အယံ အတ္ထော၊ဤအနက်သည်။ဟောတိ၊၏။

(ဇ) ဗဟူဟိ၊များစွာကုန်သော။ကာရဏေဟိ၊အကြောင်းတို့ဖြင့်။ဣတိ၊ဤဥဒ္ဓကတ္ထသည် (ဝါ)ကို။ဝုတ္တံ၊ဆိုအပ်သည်။(ဝါ) ဆိုလိုသည်။ဟောတိ၊၏။

➢ **J** ။ (စ) **သို့/သံဝဏ္ဏနာနုရူပစဓာနနာ** ။ ။ ဆရာ၊ ရှင်အာနန္ဒာသည် တတြ သုဒံ သုပ္ပိယော ပရိဗ္ဗာဇကော စကားရပ်ဝယ် တတြပုဒ်ကို ထည့်၍ ဆိုတော်မူ၏။ ယင်း တတြပုဒ်၌ တ-သဗ္ဗနာမ်သည် အဒ္ဓါနမဂ္ဂကို စွဲ၍ ဩပစ္စည်းသည် အာဓာရတ္ထ ဧကဝစနန္တ၌ သက်ပါသလော၊ တတြပုဒ်၌ တ-သဗ္ဗနာမ်သည် အဘယ်အနက်ကို စွဲ၍ ဩပစ္စည်း သည် အဘယ်အနက်၌ သက်ပါသနည်း၊ တတြပုဒ်၌ တသဗ္ဗနာမ်အစွဲနှင့် ဩပစ္စည်း၏ ဤ၌ အလိုရှိအပ်သော ဝိဘတ်နက်များကို မပြဆိုချေသော် ရှင်အာနန္ဒာအား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ခ) မိန့်။

(င) **သို့/ အနုသစန္ဓ** ။ ။ ဤ (ယ) ဖြင့် ပရိယာယသဒ္ဒါသည် ဝါရ ဒေသနာ

http://www.dhammadownload.com



ကာရဏာအနက် သုံးပါး၌ ဖြစ်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းပရိယာယသဒ္ဒါ၏ ဝါရ ဒေသနာ ကာရဏာ အနက်တို့၌ ဖြစ်ပုံကို ဥဒါဟရုဏ်ပုံစံ အသီးသီးဖြင့် မြဲစေလို ချဲ့ပြလိုသော ဆရာသည် (င) မိန့်။

(င) သို့/ ဆရာ၊ ဆရာသည် (ယ) ဖြင့် -- ဖြစ်၏ဟု အကျဉ်းအားဖြင့် ပြဆိုတော်မူ၏။ ထိုပရိယာယသဒ္ဒါသည် အဘယ်ပါဠိရပ်တို့၌ ဝါရအနက် ဖြစ်ပါသနည်း၊ အဘယ်ပါဠိရပ်တို့၌ ဒေသနာအနက် ဖြစ်ပါသနည်း၊ အဘယ်ပါဠိရပ်တို့၌ ကာရဏာအနက် ဖြစ်ပါသနည်း၊ ဥဒါဟရုဏ် ပါဠိ အသီးသီးဖြင့် အကျယ်ပြဆိုသင့်သည် မဟုတ်ပါလော၊ ဥဒါဟရုဏ်ပါဠိ အသီးသီးဖြင့် အကျယ်မပြသော် သခ်ေပ ဝိတ္ထာရဆန့်သော ဝိရောဓိ ဒေါသ သင့်ရောက်ရာ၏၊ စုဒ်ကြောင့် (င) မိန့်။

(စ) သို့/ ဆရာ၊ ဆရာသည် (ယ+င) တို့ဖြင့် ပရိယာယသဒ္ဒါ ဝါရ ဒေသနာ ကာရဏာ အနက်သုံးပါး၌ ဖြစ်သောဟု ဆို၏။ ဤအနေကပရိယာယေနပါဌ်၌လည်း ပရိယာယသဒ္ဒါသည် အနက်သုံးပါးလုံး၌ ဖြစ်ပါသလော၊ ဤ၌ ပရိယာယသဒ္ဒါ မည်သည့်အနက် ဖြစ်ပါသနည်း၊ စုဒ်ကြောင့် (စ) မိန့်။

(ဆ) သို့/ ဆရာ၊ ဆရာသည် (စ) ဖြင့်အနေကပရိယာယေန၌ ပရိယာယသဒ္ဒါသည် ဤ၌ ကာရဏာအနက် ဖြစ်သောဟု ဆို၏။ ယင်း ကာရဏာအနက်၌ ပရိယာယသဒ္ဒါ ဖြစ်၏ဟု ဆိုသဖြင့် ရရှိလာနိုင်သော အကျိုးလဒ္ဓဂုဏ်ကို ဆရာ မပြဆိုတော့ပြီလော၊ အကျိုးလဒ္ဓဂုဏ်ကား အဘယ်ပါနည်း၊ စုဒ်ကြောင့် (ဆ) မိန့်။

(ဇ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ဆ) ဖြင့် အနေကပရိယာယေနပါဌ်ဝယ် အနေကသဒ္ဒါ၏ တစ်ခုမက အများဟူသော အဓိပ္ပါယ်ရ၍ ဝိဓ-သဒ္ဒါပါ ထည့်ဖွင့်သည်ကို၎င်း, ပရိယာယသဒ္ဒါ၏ ကာရဏာအနက်ကို၎င်း, နာဝိဘတ်၏ ဇာတျာပေက္ခအားဖြင့် ကေဝုစ်ဆိုထားသည်ကို၎င်း ပြဆိုပြီး၍ ယခုအခါ၌ ထိုဆိုအပ်ပြီးသော အနက်ကို ဥဇုကဝုတ္တိအားဖြင့် ပြလိုသော ဆရာသည် (ဇ) မိန့်။

(ဇ) သို့/ ဆရာ၊ ဆရာသည် (ဆ) ဖြင့် အနေကပရိယာယေနကို အနေကဝိဓေန ကာရဏေန-ဟု ဖွင့်ပြ၏။ အနေကပရိယာယေန-ဟု ကေဝုစ်ဆိုရ ကား ကေမ္မိ ဝတ္တဗ္ဗေ ဝေဝစနံ-ဟူသည်နှင့်အညီ ကေတ္တကို ယူအံ့လော၊ အဘယ်သို့ မှတ်သား အပ်ပါသနည်း၊ စုဒ်ကြောင့် (ဇ) မိန့်။ ကား-- ဇာတ်ကိုငဲ့၍ ကေဝုစ်ဖြင့်ဆို၏၊ အရကား အကြောင်းပေါင်းများစွာကို ယူအပ်၏ဟူလို။

➢ ❸ ။ [ ယ+စ–ဓိပ္ပါယ္ပ ] (၁) နနု ပရိယာယသဒ္ဒေါ ဝါရ ဒေသနာ ကာရဏ်ဏ်သု ဝတ္တတိ။ (၂) အထ ကသ္မာ သွာယမိဓ ကာရဏေ ဝတ္တတိ။ (၃) နနု တဒဥ္ဈေသံ အသမ္ဘဝေါ ဟောတိ။(၅)/ နနု ကာရဏေသော ဝ က္ကမ သမ္ဘဝေါ ဟောတိ။ (၅)

(၄) တသ္မာ သွာယမိဓ ကာရဏေ ဝတ္တတိ။

http://www.dhammadownload.com



[ ယ+စ+ဆ-အိုကို ] (၁) (၁) နနု ပရိယာယသဒ္ဒေါ ဝါရ ဒေသနာ ကာရဏေသု ဝတ္တတိ။ (၂) အထ ကသ္မာ အယမေတ္ထ အတ္တော "အနေကဝိဓေန ကာရဏေနာ"တိ။

(၃) သ္မာယမိဓ ကာရဏေ ဝတ္တတိ။ (၄) တသ္မာ အယမေတ္ထ အတ္ထော "အနေကဝိဓေန ကာရဏေနာ"တိ။

➤ ❾ ။ ပရိယာယတိ ပရိဝတ္တတီတိ **ပရိယာယော**။ (၃) အဖန်ဖန် အထပ်ထပ်ဖြစ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အလှည့်အကြိမ်ဖြစ်သည် ဝစနီယ မည်၏။ **ဝါရော**-စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထမည်၏။ (ဝါရအနက်ဟော)

ပရိယာယေတိ ဒေသေတဗ္ဗမတ္ထံ ပဋိပါဒေတီတိ **ပရိယာယော**။ (၃) ဟောအပ်သော အနက်ကို ထင်စေခြင်း, သိစေခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။

(၅) ဟောအပ်သော ဓမ္မဖြစ်သည် ဝစနီယ မည်၏။ (၆) **ဒေသနာ**-စသော---

ပရိယာယတိ အတ္တနော ဖလံ ပဋိဂ္ဂဟေတွာ ပဝတ္တတီတိ **ပရိယာယော**။

(၃) မိမိအကျိုးကိုယူ၍ ဖြစ်ခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။

(၅) အကြောင်းဖြစ်သည် ဝစနီယ မည်၏။ (၆) **ကာရဏ**-စသော--

အာဇာနီယိတ္တ အညာသီတိ ဝါ **အညာ**။ (၃) သိခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အရဟတ္တဖိုလ်ဖြစ်သည် ဝစနီယမည်၏။ (၆) အရဟတ္တံ-စသော--

ဒေသီယတေတိ **ဒေသနာ**။ (၃) ဟောခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ ၉၅) ဒေသနာစကားဖြစ်သည် ဝစနီယ မည်၏။ (၆) ဓမ္မာဘိလာပ, ပညတ္တိ-စသော

မညတေတိ **မနု**။/ မဒတိ ဥန္နတိ ကိလေဒတီတိ **မနု**။ (၃) စိုစွတ်ခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ပျားရည်ဖြစ်သည် ဝစနီယ။ (၆) သာဒု-စသော--။

➤ ❸ ။ (ယ) ၌ ပဓာနကြိယာ **ဝတ္တတိ**-ကို ဝတ္တမာနတ္တာ-ဟု ဟိတ်ပြင်လျှင်-- ဝရိယာယသဒ္ဒဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

**နိပါတမတ္တံ**-ကို နိပါတမတ္တတ္တာ-ဟု ဟိတ်ပြင်လျှင် - သုဒ္ဒ္တိ ဣမဿ ပဒဿ-ဟု သမ္ဗန် ခံရပါမည်။ (၏/သည် စပ်) * **တသ္မာ**-ကို တတော ဝတ္တန္တတ္တာ/ဝတ္တနတော-ဟု ဟိတ်ပြင်လျှင် တဿ ဣမဿ ပရိယာယသဒ္ဒဿ-ဟု သမ္ဗန်ခံရမည်။(၏/သည် စပ်)

➤ ❻ ။ (က) ၌ တသ္မိံ အဝ္ဂါနမဂ္ဂေ-ဖြင့် တတြဝယ် တသဗ္ဗနာမ်ပုဒ်၏ အစွန့်ရှည်သော ခရီး(အဒ္ဓါနမဂ္ဂ) ကို စွဲသည်၏အဖြစ်ကိုရင်း (သဗ္ဗနာမလိင်္ဂတ္တ) ပြပစ္စည်းသည် အတြာဂစ္ဆန္တဲ့သို့ ကမ္မတ္တ၌ မသက်၊ သတ္တမျတ္တ၌ သက်--ရင်း (ဝိဘတျတ္ထ) သိစေသည်။

(စ) ဝါ-ဖြင့် တတြသဒ္ဒါ၏ အနက်တစ်မျိုးကို သိစေပါသည်။ (ဘာဝတ္ထ)

တေသု ဗွိသု ဇနေသု-ဖြင့် တတြဝယ် တသဗ္ဗနာမ်ပုဒ်၏ သုပ္ပိယမရိုဗိ ဗြဟ္မဒတ် လုလင်တို့ကို စွဲသည်၏--ရင်း (သဗ္ဗနာမလိင်္ဂတ္တ) တြပစ္စည်း၏ နိဒ္ဓါရဏတ္ထကို ဟောသည်၏ အဖြစ်ကိုရင်း (ဝိဘတျတ္ထ) သိစေပါသည်။

http://www.dhammadownload.com



(ဂ) ဖြင့် သုဒ်နိပါတ်ကား အနက် အထူးမရှိသောကြောင့် ပဒပူရဏတ္တကို ဟော သတည်းဟု သိစေပါသည်။ (နိပါတလိင်္ဂတ္တ)

(ဃ) ဖြင့် ပရိယာယသဒ္ဒါသည် သဒ္ဒန္တရိုက်ကို မငဲ့သော် ဝါရ, ဒေသနာ, ကာရဏ အနက်တို့ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္တ)

(စ) ဖြင့် ပရိယာယသဒ္ဒါသည် သဒ္ဒန္တရိုက်ကို ငဲ့ရကား ဤ၌ ကာရဏအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္တ) (တနည်း) (စ) ဖြင့် ပရိယာယသဒ္ဒါသည် ကာရဏအနက်ကို ဟောသတည်းဟု ဤ၌ လိုအပ်သော အနက်ကို သိ။(အဓိပ္ပေတတ္တ)

(ဆ) ၌ အနေကဝိဓေန ကာရဏေန-ဖြင့် အနေကနှင့် ပရိယာယကို အနေကောစ သော ပရိယာယောစာတိ အနေကပရိယာယော-ဟု ကမ္မဓာရဲသမာသ် ဝစနတ္တပြုရမည် ၏ အဖြစ်ကိုရင်း (သမာသလိင်္ဂတ္တ) အနေကပရိယာယသဒ္ဒါ၏ အနေကဝိဓကာရဏ အနက်ဟော၏ အဖြစ်ကိုရင်း (နာမလိင်္ဂတ္တ) သိစေပါသည်။

(ဇ) ဖြင့် အနေကပရိယာယေန-ဟု ဧကဝုစ်ဖြင့် ဟောရာဝယ် ဇာတျာပေက္ခ၏ အစွမ်းဖြင့် များစွာသော အကြောင်းတို့ဖြင့်ဟူသော ဗဟုတ္တ၌ ဧကဝုစ်တည်းဟု သိစေ ပါသည်။ (ဘာဝတ္တ)

➢ ❶ ။ သုပ္ပိယပရိဗိုဇ်သည် ရတနာသုံးပါး၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကား ဆိုရကြောင်း

သုပ္ပိယပရိဗိုဇ်သည် လာဘသက္ကာရယုတ်လျော့ခြင်းကြောင့်ရင်း, အသင်းအပင်း ပရိသတ် ယုတ်လျော့ခြင်းကြောင့်ရင်း ရတနာသုံးပါး၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကိုဆိုသည်။

* ဗြဟ္မဒတ်လုလင်သည် ရတနာသုံးပါးအား မစွပ်စွဲ မကဲ့ရဲ့ခြင်းအကြောင်း

ဗြဟ္မဒတ်လုလင်သည် ပညာရှိသဘောရှိသောကြောင့်-- မကဲ့ရဲ့ပါ။

❶ ❶ ။ **အိကျွန်ိယော ဒြဲဝဓိတုံ-န္တိ** ။ ။ ဆုံးမသော ရဟန်း၏ သန္တာန်၌ ကရုဏာ ပုဗ္ဗင်္ဂမ (ဝါ) မေတ္တာပုဗ္ဗင်္ဂမ ဒေသနာဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ရ၏။ (၁) ၎င်းသည် ဓမ္မရတိ ဌာယီဘာဝ, ဓမ္မသိင်္ဂါရရသ မည်၏။ (၂) ဘိက္ခုနီတို့သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ဘိက္ခုနောဝါဒ သမ္မုတိရခြင်း, ရဟန်းမတို့အား ဆုံးမနိုင်သော အင်္ဂါနှင့် ပြည့်စုံခြင်းသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ဘိက္ခုနီမတို့အား အသိဉာဏ်တိုးပွားခြင်း, မလွန်ကျူးထိုက်သော သိက္ခာပုဒ်တို့ကို မလွန်ကျူးဖြစ်ခြင်း, ဓမ္မသံဝေဂသိုလ်ဖြစ်ခြင်း အကျိုးတရားတို့သည် အနုဘာဝ မည်၏။

**ပါဠိ (၅၉)**

**(က) တတ္ထ ဝဏ္ဏန္တိ ဝဏ္ဏ သဒ္ဒေါ သဏ္ဌာန ဇာတိ ရူပါယတန ကာရဏ ပမာဏ ဂုဏ ပသံသာဒိသု ဒိဿတိ။ (စ) ဂုဏဝဂ္ဂေကာပိ ပသံသာပိ။**

**(ဂ) အယံ ကိရ တံ တံ ဘူတမေဝ ကာရဏံ အပဒိသန္တော အနေကပရိယာယေန ရတနတ္တ ယဿ ဂုဏူပသဥ္ဟိတံ ပသံသံ အဘာသိ။ (၌၊၃၈/၃၉။ ဘာသာဋီ၊ပ၊၂၄၆။)**

http://www.dhammadownload.com



➤ ❶ ။ (က) တတ္ထ၊ထို သုပ္ပိယဿ ပန ပရိဗ္ဗာဇကဿ အစရှိသော ပါဠ်၌။ဝဏ္ဏာနိ၊ ဝဏ္ဏံဟူသော။ဝဏ္ဏသဒ္ဒေါ၊ဝဏ္ဏသဒ္ဒါသည်။(ဝါ)ကို။သဏ္ဌာန ဇာတိ ရူပါယတန ကာရဏ ပမာဏ ဂုဏ ပသံသာဒီသု၊အသွင်သဏ္ဌာန်ဟူသောအနက်, အမျိုးဇာတ်ဟူသောအနက်, ရူပါရုံဟူသောအနက်, အကြောင်းဟူသောအနက်, အတိုင်းအရှည် ပမာဏဟူသောအနက်, ဂုဏ်ဟူသောအနက်, ချီးမွမ်းခြင်းဟူသောအနက် အစရှိသော အနက်တို့၌။ဒိဿတိ၊ထင်ရှား၏။(ဝါ) တွေ့မြင်အပ်၏။

(ခ) ဣဓ၊ဤဗုဒ္ဓဿ ဝဏ္ဏံ ဘာသတိ အစရှိသော ပါဠိရပ်၌။ဂုဏောပိ၊ဂုဏ်ကိုလည်း။ ပသံသာပိ၊ချီးမွမ်းခြင်းကိုလည်း။(ဝါ) ချီးမွမ်းကြောင်း စကားကိုလည်း။(ဝဏ္ဏောတိ၊ဝဏ္ဏဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။)

(ဂ) ကိရ၊တဆင့်စကား ကြားရဘူးသည်ကား။အယံ၊ဤဗြဟ္မဒတ္တ လုလင်သည်။ ဘူတမေဝ၊ဟုတ်မှန်သည်သာလျှင်ဖြစ်သော။တံ တံ ကာရဏံ၊ထိုထိုအကြောင်းကို။အပဒိသန္တော၊ညွှန်ပြလျက်။အနေကပရိယာယေန၊တစ်ပါးမက များစွာသော အကြောင်းဖြင့်။ (ဝါ) ပရိယာယ်အမျိုးမျိုးဖြင့်။ရတနတ္တယဿ၊ရတနာသုံးပါး၏။ဂုဏူပသဉှိတံ၊ဂုဏ်နှင့်စပ်သော။ပသံသံ၊ချီးမွမ်းခြင်းကို။(ဝါ) ချီးမွမ်းကြောင်းစကားကို၊အဘာသိ၊ပြောဆိုပြီ။

➤ ❷ ။ (ခ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် ဝဏ္ဏသဒ္ဒါသည် သဏ္ဌာန-စသော အနက်တို့၌ ဖြစ်သောဟု ဖွင့်ဆို၏။ ဤဗုဒ္ဓဿ အဝဏ္ဏံ အစရှိသော ပါဠိရပ်၌ အဘယ် အနက်တို့၌ ဖြစ်ပါသနည်း။ ဂုဏ, ပသံသ အနက်တို့တစ်ပါး အခြားသော အနက်တို့၌ ဖြစ်ပါသလော၊ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဝဏ္ဏသဒ္ဒါသည် ဂုဏ်အနက်၌ရင်း, ချီးမွမ်းခြင်း အနက်၌ရင်း ဖြစ်သောဟု ဆို၏၊ ထိုစကား အသို့သင့်နိုင်ပါအံ့နည်း၊ ဝဏ္ဏသဒ္ဒါသည် တစ်ပုဒ်တည်းဖြစ်၍ ဂုဏ်ဟူ၍ရင်း, ချီးမွမ်းခြင်းဟူ၍ရင်း တစ်နက်နက်ကိုသာ ဟောဆိုသင့်သည် မဟုတ်ပါလော၊ စုဒ်ကြောင့် (ဂ) မိန့်။

➤ ❸ ။ [ က–ခ–ဂ တို့ကို၌ ] (၁) နနု ဝဏ္ဏသဒ္ဒေါ သဏ္ဌာန ဇာတိ ရူပါယတန ကာရဏ ပမာဏ ဂုဏ ပသံသာဒီသု ဒိဿတိ။ (၂)'အထ ကသ္မာ ဣဓ ဂုဏောပိ ပသံသာပိ ဝဏ္ဏောတိ ဝုစ္စတိ၊ (၃) ယသ္မာ အယံ ကိရ တံ တံ ဘူတမေဝ ကာရဏံ အပဒိသန္တော အနေကပရိယာယေန ရတနတ္တယဿ ဂုဏူပသဉှိတံ ပသံသံ အဘာသိ။

(၄) တသ္မာ ဣဓ ဂုဏောပိ ပသံသာပိ ဝဏ္ဏောတိ ဝုစ္စတိ။

➤ ❹ ။ ပမီယတီတိ ပမာဏံ။ (၃) နှိုင်းယှဉ်ခြင်း ကြိယာသက်တ်သည် ဝဓန ဟောတု မည်၏။ (၅) နှိုင်းယှဉ်သော ဝတ္ထုသည် ဝဓနီယ မည်၏။ (၆) မတ္တ, ဝဏ္ဏ-စသော ပရိယာယ် သဒ္ဒါများသည် ဝဓနီယတ္ထ မည်၏။

ဝဏ္ဏီယတိ ပသံသီယတီတိ ဝဏ္ဏော။[ဂုဏအနက်ဟော] (၃) ချီးမွမ်းခြင်း ကြိယာ

http://www.dhammadownload.com



သကတ်သည် ဝစန ဟေတု မည်၏။ (၅) ချီးမွမ်းအပ်သော အကျင့်စသော ဖြစ်သည် ဝစနီယ မည်၏။ (၆) ဂုဏော-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဝဏ္ဏနံ ဂုဏသံကိတ္တနံ ဝဏ္ဏော။ [ပသံသာအနက်ဟော] (၃) ဝဏ္ဏနံ-ဟူသော ကြိယာသည် ကြိယာ သာမညဖြစ်ရကား ဝဏ်ဟူသော ဏ-ဟူသော နံ-ဟူသော အစိတ် အစိတ်သော သဒ္ဒါဟုဆိုအပ်သော သုတိသည် ဝစနဟေတု မည်၏။ (၅) ဂုဏ်ကို ချီးမွမ်း ခြင်း ကြိယာ သာမညသည် ဝစနီယ မည်၏။ (၆) ပသံသာ-စသော--

* ဝဏ္ဏီတဗ္ဗော "အယမီဒိသော"တိ ပကာသေတဗ္ဗောတိ ဝဏ္ဏော။ (သဏ္ဌာနံ)

* ဝဏ္ဏီယတိ အသက်ရတော ဝဝတ္တာပိယတီတိ ဝဏ္ဏော။ (ဇာတိ)

* ဝဏ္ဏေတိ ဝိကာရမာပဇ္ဇမာနံ ဟဒယင်္ဂတဘာဝံ ပကာသေတီတိ ဝဏ္ဏော။ (ရူပါယတနံ) * ဝဏ္ဏီယတိ ဖလမေတေန ယထာ သဘာဝတော ဝိဘာဝိယတီတိ ဝဏ္ဏော။ (ကာရဏံ) * ဝဏ္ဏီယတိ အပ္ပမဟန္တာဒိဝသေန ပမီယတီတိ ဝဏ္ဏော။ (ပမာဏံ)

➢ **၅**။ **အပဒိသန္တော**-ကို အပဒိသန္တတ္တာ-ဟု ဟိတ်ပြင်လျှင်- ဣမဿ (ပြဟ္မဒတ္တဿ မာဏဝဿ) ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

➢ **၆**။ (က) ဖြင့် ဝဏ္ဏသဒ္ဒါသည် သဒ္ဒန္တရိက်ကို မငဲ့သော် ဇာတိ, ရူပါယတန, ကာရဏ, ပမာဏ, ဂုဏ, ပသံသာ အနက်တို့ကို ဟောသတည်းဟု သိ။(နာမလိင်္ဂတ္ထ)

(ခ) ဖြင့် ဝဏ္ဏံ ဘာသတိ-စသော ဤအရာ၌ ဝဏ္ဏသဒ္ဒါသည် သဒ္ဒန္တရိက်ကို ငဲ့ရကား ဂုဏအနက်, ပသံသာအနက်ကို ဟောသတည်းဟု သိစေသည်။(နာမလိင်္ဂတ္ထ)

➢ **၁၀**။ (ဂ) ဝါကျ ပဓာနကြိယာ(အဘာသိ) အရ ။ ။ ပြဟ္မဒတ္တလုလင် သန္တာန်၌ ချီးမွမ်းသော အခြင်းအရာအားဖြင့်ဖြစ်သော သဒ္ဒါ ပညာ ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်ရ၏။ (၁) ၎င်းသည် ဓမ္မရတိ ဌာယိဘာဝ, ဓမ္မသိဂ်ါရရသ မည်၏။ (၂) ရတနာ သုံးပါး၏ ဂုဏ်တော်တို့သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ဂုဏ်တော်တို့၏ ဟုတ်မှန် သော အကြောင်းမှန်ဖြစ်ခြင်းသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ကောင်းကျိုးချမ်းသာ ပြည့်စုံစွာ ရနိုင်ခြင်း ပီတိပါမောဇ္ဇဖြစ်ခြင်း အကျိုးစသည်တို့သည် အနုဘာဝ မည်၏။

**ဝါကျ (၅၀)**

(က) ပဟောဏ္ဍေန ပန ဓမ္မကထိကေန ပဠန္နိကာယေ နဝင် သတ္ထုသာသနံ ဝတွာရာသီတိ - မွေက္ခန္ဓသဟဿာနိ ဩဂါဟိတွာ ဗုဒ္ဓါဒီနံ ဝဏ္ဏော ပကာသေတဗ္ဗော။

(ခ) ဣမသ္မိံ ဟိ ဌာနေ ဗုဒ္ဓါဒီနံ ဂုဏေ ပကာသေန္တော အတိတ္ထေန ပက္ခန္ဒော ဓမ္မကထိကောတိ န သက္ကာ ဝတ္တုံ။ (ဂ) ဤဒိသေသု ဟိ ဌာနေသု ဓမ္မကထိကဿ ထာမော ဝေဒိတဗ္ဗော။

(ဃ) ပြဟ္မဒတ္တော ပန မာဏဝေါ အနုဿဝဝါဒိမတ္တသမ္ဗန္ဓိတေန အတ္တနော ထာမေန - ရတနတ္တယဿ ဝဏ္ဏံ ဘာသတိ။ (၄၊၃၉။ ဘာသာဋီ၊ပ၊ ၂၅၁။)

http://www.dhammadownload.com



➤ ❶ ။ (က) ပန၊ဆက်ဦးအံ့။ပဟောန္တေန၊စွမ်းနိုင်သော။နိကာယ်ငါးမြော, အင်္ဂါကိုး တန်, ဓမ္မက္ခန်ရှစ်သောင်း လေးထောင်သို့ သက်ဝင်၍ ဂုဏ်ကို ထင်ရှားပြခြင်းငှာ စွမ်းနိုင်သော။| ဓမ္မကထိကေန၊ဓမ္မကထိကပုဂ္ဂိုလ်သည်။| ဗြဟ္မဇာလသုတ်တည်းဟူသော ဓမ္မ - ကထာ၌ ယှဉ်သော ပုဂ္ဂိုလ်သည်။| ပဥ္စငါးပါးကုန်သော။နိကာယေ၊နိကာယ်တို့သို့ရင်း။ နဝင်္ဂ၊ကိုးပါးသော အင်္ဂါရှိသော။သတ္ထုသာသနံ၊မြတ်စွာဘုရား၏ ဆုံးမကြောင်း ပရိယတ် သာသနာတော်သို့ရင်း။စတုရာသီတိဓမ္မက္ခန္ဓသဟဿာနိ၊ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့သို့ရင်း။ဩဂါဟိတွာ၊ဉာဏ်ဖြင့် သက်ဝင်၍။ဗုဒ္ဓါဒီနံ၊ဘုရားအစရှိသော ရတနာ တို့၏။ဝဏ္ဏော၊ဂုဏ်ကို။ပကာသေတဗ္ဗော၊ထင်ရှားပြထိုက်၏။

(စ+ဂ) [illegible]

(စ) [illegible] ဌာနေ၌ [illegible]
[illegible]
[illegible]
[illegible] ဓမ္မကထိကပုဂ္ဂိုလ်
တည်း။ကူတိ၊ဤသို့။ဝတ္တုံ၊ဆိုခြင်းငှာ။န သက္ကာ၊မတတ်ကောင်း။

| ကသ္မာ၊အဘယ်ကြောင့်။ဝတ္တုံ၊ဆိုခြင်းငှာ။ န သက္ကာ၊မတတ်ကောင်းသနည်း။|

(ဂ) ဟိ-ယသ္မာ၊အကြင့်ကြောင့်။ဤဒိသေသု၊ဤကဲ့သို့ ရှုအပ်ကုန်သော။ဌာနေသု၊ အရာတို့၌။(ရတနာသုံးပါး၏ ဂုဏ်ကို ပြောပြရာတို့၌) ဓမ္မကထိကဿ၊၏။ထာမော၊ဉာဏ် စွမ်းကို။ဝေဒိတဗ္ဗော၊သိအပ်၏။|တသ္မာ။ထို့ကြောင့်။ဝတ္တုံ၊ငှာ။န သက္ကာ၊မတတ်ကောင်း။|

(ဃ) ပန၊ဆက်ဦးအံ့။ (တစ်နည်း) ပန၊ထိုသို့ပင် နိကာယ်ငါးရပ် အစရှိသည်တို့သို့ သက်ဝင်၍ ရတနာသုံးပါး၏ ဂုဏ်ကို ပြောပြထိုက်ပါသော်လည်း။ (အာယသ္မာ) ဗြဟ္မဒတ္တော၊ ဗြဟ္မဒတ္တ အမည်ရှိသော။မာဏဝေါ၊လုလင်သည်။အနုဿဝါဒိမတ္တသမ္ဘိတေန၊အဆင့်ဆင့် ကြားရခြင်း အစရှိသည်မျှနှင့်စပ်သော ဖြစ်ခြင်းရှိသော။အတ္တနောမိမိ၏။ထာမေန၊ဉာဏ် စွမ်းဖြင့်။ရတနတ္တယဿ၊ရတနာသုံးပါး၏။ဝဏ္ဏံ၊ကျေးဇူးကို။ဘာသတိ၊ပြော၏။

❷ ။ (စ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် စွမ်းနိုင်သော ဓမ္မကထိကပုဂ္ဂိုလ်သည် နိကာယ်ငါးရပ်, ကိုးပါးသော အင်္ဂါရှိသော ဘုရားအဆုံးအမ, ရှစ်သောင်းလေးထောင် သော ဓမ္မက္ခန္ဓာတို့ ဉာဏ်ဖြင့် သက်ဝင်၍ ရတနာသုံးပါးတို့၏ ဂုဏ်တော်ကို ထင်ရှားပြ တတ်၏ဟု ဖွင့်ဆိုတော်မူ၏။ ထိုသို့ ဖွင့်ပြအပ်သော် ယင်းသို့သော ဓမ္မကထိကသည် သက်ဝင်ရာ မဟုတ်သော ဆိပ်ကမ်းသို့ ပြေးဝင်သော ဓမ္မကထိကဟူ၍ ဆိုသင့်သည် မဟုတ်ပါလော၊ ထိုသို့ဖြစ်လျက် နိကာယ်ငါးရပ် စသည်ဖြင့် ဉာဏ်ဖြင့်သက်ဝင်၍ ရတနာ သုံးပါး၏ဂုဏ်ကို ဖွင့်ဆိုသော ဆရာ့စကား အသို့လျှင် သင့်နိုင်ပါအံ့နည်း၊ (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဤကဲ့သို့သော တရားပွဲ စသည်များ၌ ရတနာ

http://www.dhammadownload.com



သုံးပါး၏ ဂုဏ်တော်ကို ပြဆိုပါက အရာ မဟုတ်သည်၌ သက်ဝင်ပြောသွားနေသော ဓမ္မကထိကဟူ၍ မဆိုကောင်းပါဟု ပြဆိုတော်မူ၏၊ ယင်းသို့ မဆိုကောင်းခြင်း၏ အကြောင်းကား အဘယ်ပါနည်း၊ ယင်းသို့ မဆိုကောင်းခြင်း၏ အကြောင်းကို မပြဆိုခဲ့သော်၊ ပြဆိုခဲ့သော် ကာရဏ-ဖလ ဆန့်ကျင်သော ဝိရောဓိဒေါသ ဆရာအား သင့်ရောက်ရာ၏၊ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့်--ဖွင့်ဆိုတော်မူ၏၊ ဗြဟ္မဒတ္တလုလင်သည် နိကာယ်ငါးရပ် စသည်တို့သို့ သက်ဝင်၍ပင် ရတနာသုံးပါး၏ ဂုဏ်တော်ကို ဆိုအပ်ပါသလော၊ အဘယ်သို့ မှတ်သားအပ်ပါသနည်း၊ စုဒ်ကြောင့် (ဃ) မိန့်။

➤ ●။ [ က-ဓါတ္ထု ၅ ] (၁) နနု ပဉ္စနိကာယေတိ ဝုတ္တံ၊

(၂) အထ ကသ္မာ နစင် သဏ္ဍာ သာသနံ ဓတုရာသီတိ [illegible] [illegible] အနေကာဝယဏ္ဍာ ဆောသံ န ဓတ္တကေန သဏ္ဍာ [illegible] [illegible] ဓာရုံ နုဂါ သဏ္ဍ သာသနံ [illegible]

[ ဓ+ဂ ဓါတ္ထုတ္တိကွ ] (၁) နနု [illegible] [illegible] ပက္ခန္ဓော ဓမ္မကထိကောတိ သင်္ကာ ဝတ္တုံ။ (တစ်နည်း) နနု သမ္မသာဒနိယ သုတ္တာဒိသု ဝိယ. န ဣဒံ ဗုဒ္ဓဿ ဂုဏာပ္ပကာသနဋ္ဌာနံ ဟောတိ၊

(၂) အထ ကသ္မာ အတိတ္တေန ပက္ခန္ဓော ဓမ္မကထိကောတိ န သင်္ကာ ဝတ္တုံ၊

(၃) နနု ဤဒိသေသု ဌာနေသု ဓမ္မကထိကဿ ထာမော ဝေဒိတဗ္ဗော၊

(၄) တသ္မာ အတိတ္တေန ပက္ခန္ဓော ဓမ္မကထိကောတိ န သင်္ကာ ဝတ္တုံ။

[ ဓ+ဂ ဓါတ္ထုတ္တိကွ ] (၁) နနု ဣမသ္မိံ ဌာနေ ဗုဒ္ဓါဒီနံ ဂုဏေ ပကာသေတိ။

(၂) အထ ကသ္မာ အတိတ္တေန ပက္ခန္ဓော ဓမ္မကထိကောတိ န သင်္ကာ ဝတ္တုံ။

(၃) ဤဒိသေသု ဌာနေသု ဓမ္မကထိကဿ ထာမော ဝေဒိတဗ္ဗော။

(၄) တသ္မာ အတိတ္တေန ပက္ခန္ဓော ဓမ္မကထိကောတိ န သင်္ကာ ဝတ္တုံ။

➤ ဓာရေတီတိ ဓမ္မော။ ကထိယတေ ကထာ။ ကထနံ ဝါ ကထာ။

ဓမ္မဿ ကထာ ဓမ္မကထာ။ ဓမ္မကထာယံ သာဓုတိ ဓမ္မကထိကော။

(၃) တရားဟောခြင်းကြိယာနှင့် တရားဟောကောင်းသော ပုဂ္ဂိုလ်၏ ဂုဏ်-ဂုဏေ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) တရားဟောကောင်းသော ဓမ္မကထိက ပုဂ္ဂိုလ်ဖြစ်သည် ဝစနီယ မည်၏။ (၆) ပဟောန္တ, ဓမ္မဒေသက-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

နိဗ္ဗိသေသေန စိနောတိ အဝယဝေတိ နိကာယော။ (၃) စိခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) နိကာယ်ငါးရပ်သည် ဝစနီယ မည်၏။ (၆) သမူဟ-

နဝ အင်္ဂါနိ ယဿာတိ နဝင်္ဂံ။ (၃) ကိုးပါးသော အင်္ဂါ၏ ဖြတ်စွာဘုရား အဆုံးအမနှင့်

http://www.dhammadownload.com



ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနပဟေတု မည်၏။ (၅) ကိုးပါးသော အင်္ဂါရှိသော မြတ်စွာဘုရားအဆုံးအမသည် ဝစနီယ မည်၏။ (၆) နဝင်္ဂသမန္နာဂတ-

တရန္တိ တွော်တိ ဓာတ်။ (၃) ကူးခြင်းကြိယာသကတ်သည် ဝစနဟေတုမည်၏။

(၅) ဆိပ်ကမ်းဒြဗ်သည် ဝစနီယမည်၏။ (၆) တီရ, ဝေလာ-စသော --

ဒဓာတိ ဓာတေနာတိ ဓာတ‌ေမာ။ (၃) သွားခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အား အစွမ်းဒြဗ်သည် ဝစနီယမည်၏။ (၆) ဥဿာဟ, သတ္တိ-စသော--။

➤ ❺ ။ မဓဟာရဓန္တေန-ကို ပဟောန္တတ္တာ-ဟု ဟိတ်ပြင်လျှင်- ဓမ္မကထိကဿ-ဟု သမ္ဗန် ခံရပါမည်။ (၏/သည် စပ်)

➤ ❻ ။ (ဂ) ဖြင့် ဤကဲ့သို့သော ရတနာသုံးပါး၏ ဂုဏ်တော်များကို ချီးမွမ်း ထောမနာပြုသော နေရာဌာနများ၌ ဓမ္မကထိကတို့မည်သည် စွမ်းအားရှိသမျှဖြင့် ရတနာ သုံးပါး၏ ဂုဏ်တော်များကို ပြဆိုသင့် ပြဆိုထိုက်သည်သာ ဖြစ်သောကြောင့် ဤလို နေရာ ဌာနမျိုးတို့၌ ဓမ္မကထိကတို့၏ စွမ်းအားကို သိရှိကြရမည်၏ အဖြစ်ကို သိ။ (ဘာဝတ္တ)

❶ ⓪ ။ **ပကာသေတဗ္ဗော-န္တိ ဓာတ်အရေ** ။ ။ ရတနာသုံးပါး၏ ဂုဏ်တော်ကို ထင် ရှားပြတတ်သော ဓမ္မကထိက၏ သန္တာန်၌ သဒ္ဓါ ဝီရိယ ဉာဏ်ပြဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်ရ၏။ (၁) ၎င်းသည် ဥဿာဟဌာယီဘာဝ, ဝီရရသ မည်၏။ (၂) ရတနာသုံးပါး ၏ ဂုဏ်တော်တို့သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) နိကာယ်ငါးရပ် စသည်သို့ ဉာဏ်ဖြင့် သက်ဝင်နိုင်ခြင်းသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ရတနာသုံးပါး၏ ဂုဏ်တော်တို့ကို ကြားနာရသဖြင့် ကြည်ညိုရခြင်း, သဒ္ဓါတရားတိုးပွားရခြင်း စသည်တို့သည် အနုဘာဝ။

(ခ) **ဗုဒ္ဓါဒီနံ ဂုဏာ ပကာသေတဗ္ဗာ-၌** (၁) ဘုရားရှင်၏ ဂုဏ်တော်တို့ကို ပြဆိုကာ ဟောကြားတော်မူကြကုန်သော တရားဟောပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော သဒ္ဓါ ဝီရိယ ဉာဏ် စသည်ပြဌာန်းသော မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မဥဿာဟဌာယီဘာဝ, ဓမ္မဝီရရသ မည်၏။ (၂) ရတနာသုံးပါး၏ ဂုဏ်တော်များသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ဂုဏ်တော်များ၏ တည်ရာ ရတနာသုံးပါးသည်၎င်း၊ တရားဟောပုဂ္ဂိုလ်၏ ရတနာသုံးပါး ဂုဏ်တော်များကို ချီးမွမ်းဟောကြားရာ၌ လွန်ကဲသော အစွမ်းသတ္တိ စသည်သည်၎င်း ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ဓမ္မကထိကပုဂ္ဂိုလ်နှင့် တရားနာ သူတို့၏ သန္တာန်၌ ဖြစ်ပေါ်လာသော ကုသိုလ်စသည်တို့သည် အနုဘာဝ မည်၏။

**ဓါကျ (၅၁)**

**(က) ဏ္ဍတိမာ ဓော ဥဓဘာ အာဓရိယဓန္တေဝါသိတိ ဓေ တေ ဒွေ အာစရိယန္တေဝါသိကာ။**

**(ခ) အညမညသာတိ အညော အညဿ။**

**(ဂ) ဥစ္စဝိပစ္စနိကဝါဓါတိ ဤသကမ္ပိအပရိဟာရိတွာ ဥဇုမေဝ ဝိဝိဓပစ္စနိကဝါဒါ။**

**(ဃ) အနေကဝါရံ ဝိရုဒ္ဓဝါဒါဝေ ဟုတွာတိ အဓ္ဓော။**

http://www.dhammadownload.com



**(င-၁) အာစရိယေန ဟိ ရတနတ္တယဿ အဝဏ္ဏော ဘာသိတော အန္တေဝါသီ ဝဏ္ဏံ ဘာသတိ၊**

**(င-၂) ပုန ဣတရော အဝဏ္ဏံ ဣတရော ဝဏ္ဏန္တိ ဧဝံ အာစရိယော သာရဖလကေ ဝိသရုက္ခ အာဏိ အာကောဋယမာနော ဝိယ ပုနပ္ပုနံ ရတနတ္တယဿ အဝဏ္ဏံ ဘာသတိ၊**

**(စ) အန္တေဝါသီပန သုဝဏ္ဏရဇတမဏိမယာယ အာဏိယာတံ အာဏိံ ပဋိဗာဟယမာနော ဝိယ ပုနပ္ပုနံ ရတနတ္တယဿ ဝဏ္ဏံ ဘာသတိ၊**

**(စ) တေန ဝုတ္တံ "ဥဘောပိ ပစ္စနီကဝါဒါ" တိ၊** (ဋ၁၃၉။ ဘာသာဋီ၊ ပ၊ ၂၅၂။)

➢ ❶။ **ဥဘောပိ ပစ္စနီကဝါဒါ**=ဖြောင့်ဖြောင့်သာလျှင် အထူးထူး အပြားပြားသော ဆန့်ကျင်သော စကားရှိကုန်သည်။(သဒ္ဒတ္ထ) အကြိမ်များစွာ ဆန့်ကျင်သော စကားရှိကြကုန်သည်။ (အဓိပ္ပါယတ္ထ)

**ရတနတ္တယဿ**=ရတနာတို့၏ သုံးပါးတို့၏ အပေါင်း၏။/ရတနာတို့၏ သုံးပါးသော အစိတ်ရှိသော အပေါင်း၏။/ရတနာတို့၏ သုံးပါးတို့ကို ပေါင်းထားအပ်သော အပေါင်း၏။ (သဒ္ဒတ္ထ) ရတနတ္တယဿ=ရတနာသုံးပါး၏။ (အဓိပ္ပါယတ္ထ)

(က) ဣတိဟ တေ ဥဘော အာစရိယန္တေဝါသီတိ၊-သိဟူသည်ကား။ဧဝံ၊ဤသို့။ဒွေ၊နှစ်ယောက်ကုန်သော။တေ အာစရိယန္တေဝါသိကာ၊ထိုဆရာတပည့်တို့သည်။

(ခ) အညမညဿာတိ၊ကား။အညော အညဿ၊အချင်းချင်း၏။ (ဆရာမှတစ်ပါးသော တပည့်, တပည့်မှတစ်ပါးသော ဆရာ၏။)

(ဂ) ဥဘောပိ ပစ္စနီကဝါဒါတိ၊-ဒါဟူသည်ကား။ဤသကမ္ဘိ၊စဉ်းငယ်မျှလည်း။(နည်းနည်းကလေးမျှလည်း) အပရိဟရိတွာ၊မရှောင်လွှဲမူ၍။ဥဘောမေဝ၊ဖြောင့်ဖြောင့်သာလျှင်။(တဲ့တဲ့သာလျှင်) ဝိဝိဓပစ္စနီကဝါဒါ၊အထူးထူး အပြားပြားများသော ဆန့်ကျင်ဘက် ပြောဆိုကြောင်း အယူရှိကုန်သည်။(ဟုတွာ၊ဖြစ်၍)

(ဃ) အနေကဝါရံ၊အကြိမ်များစွာ။ဝိရုဒ္ဓဝါဒါဝ၊ဆန့်ကျင်ဘက် ပြောဆိုကြောင်း အယူရှိကုန်သည်သာ။ဟုတွာ၊ဖြစ်၍။(အနုဗန္ဓာ၊ ဟောန္တိ) ဣတိ အယံ၊ဤသည်ကား။အတ္ထော၊အနက်။

(င) ဟိ၊မှန်၏။/ဟိ၊ချဲ့ဦးအံ့။အာစရိယေ၊ဆရာသည်။ရတနတ္တယဿ၊ရတနာသုံးပါး၏။ (ဝါ)ကို။အဝဏ္ဏော၊ဂုဏ်၏ဆန့်ကျင်ဘက် အပြစ်ကို။ (ဝါ) ချီးမွမ်းခြင်း၏ ဆန့်ကျင်ဘက် ကဲ့ရဲ့ခြင်းကို။ (ဝါ) ကဲ့ရဲ့ကြောင်းစကားကို။ဘာသိတော၊ပြောဆိုအပ်ပြီးသော်။အန္တေဝါသီ၊တပည့်သည်။ဝဏ္ဏံ၊ဂုဏ်ကို။ဘာသတိ၊ပြောဆို၏။ပုန၊တဖန်။ဣတရော၊တပည့်မှတစ်ပါးသော ဆရာသည်။အဝဏ္ဏံ၊ကို။ဘာသတိ၊ပြောဆို၏။ဣတရော၊ဆရာမှ တစ်ပါးသော တပည့်သည်။ဝဏ္ဏံ၊ကျေးဇူးကို။ဘာသတိ၏။ ဧ ဣတိ ဧဝံ၊ဤသို့။အာစရိယော၊ဆရာသည်။သာရဖလကေ၊အနှစ်ဖြစ်သော ပျဉ်ချပ်၌။(ဝါ) ကောင်းမြတ်သော ပျဉ်ချပ်၌။ဝိသရုက္ခအာဏိ၊အဆိပ်ရှိသော သစ်သား မယ်နက်။(အဆိပ်ရှိသော သစ်သားစို့ကို) အာကောဋယမာနော

http://www.dhammadownload.com



ဝိယ၊စိုက်နှက်သကဲ့သို့ငှင်း။ပုနပ္ပုနံ၊အဖန်ဖန် အထပ်ထပ်။ရတနတ္တယဿ၏။ (ဝါ) ကို။ အဝဏ္ဏံ၊ကို။ဘာသတိ၏။

(ဓ) အန္တေဝါသီ ပန၊တပည့်သည်ကား။သုဝဏ္ဏရဇတမဏိမယာယ၊ရွှေငွေ ပတ္တမြား တို့ဖြင့် ပြုအပ်သော။အာဏိယာ၊မယ်နဖြင့်။(စို့ဖြင့်) တံ အာဏိ၊ထိုဆရာ စိုက်နှက်အပ်သော ပယ်နကို။ (စို့ကို) ပဋိဟာပယမာနော ဝိယ၊တားမြစ်သကဲ့သို့ငှင်း။ပုနပ္ပုနံ၊အဖန်ဖန် အထပ် ထပ်။ရတနတ္တယဿ၏။(ဝါ)ကို။ဝဏ္ဏံ၊ကို။ဘာသတိ၏။

(ဆ) တေန၊ထို့ကြောင့်။ဥဇုဝိပစ္စနီကဝါဒါတိ၊-ဒါဟူ၍။အာယသ္မတာ အာနန္ဒတ္ထေရေန၊ သည်။/သံဂီတိကာရေဟိ၊သံဂါယနာတင်မထေရ်တို့သည်။ဝုတ္တံ၊မိန့်တော်မူအပ်ပြီ။

➢ ❷ ။ (ဃ) သို့/ စောဒနာ ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဥဇုဝိပစ္စနီကဝါဒ- ဟူသည် စဉ်းငယ်မျှ မခတ်မိကြကုန်မူ၍ ဖြောင့်ဖြောင့်သာလျှင် အထူးထူး အပြားပြား သော ဆန့်ကျင်သော စကားရှိသူများပင် ဖြစ်သောဟု ဆို၏။ ယင်းစကားရပ်၌ အထူးထူး အပြားပြား ဆန့်ကျင်သော စကားရှိ၏ဟူသည် တစ်ကြိမ် နှစ်ကြိမ်မျှလောက်သာ ဆန့် ကျင်မှုမျိုးကို ဆိုလိုပါသလော၊ အဘယ်မျှလောက်သော ဆန့်ကျင်မှုမျိုးကို ဝိဝိဓပစ္စနီက ဝါဒဟူ၍ ဆိုလိုပါသနည်း၊ ဝိဝိဓပစ္စနီကဝါဒဖြစ်ပုံ အကျယ်ကို မပြဆိုချေသော် ဆရာအား အဗျာပိတဒေါသ သင့်ရောက်ရာ၏၊ စုဒ်ကြောင့် (ဃ) မိန့်။

(ဂ) ဤသကမ္ပိ အပရိဟာရိတ္တာ-သို့/ အနုသန္ဓေ ။ ။ ဤသို့ ဥဇုမေဝ ဝိဝိဓပစ္စနီက ဝါဒါ-ဖြင့် ဥဇုဝိပစ္စနီကဝါဒပုဒ်ကို အဝတရဏ ကမ္မဓာရယ်သမာသ် ပြုရမည် အဖြစ် ကို ပြပြီး၍ ယခုအခါ၌ ဥဇုမေဝ-၌ ဧဝ၏ နိဝတ္တေတဗ္ဗတ္ထကို ပြလိုသော ဆရာသည် ဤသကမ္ပိ အပရိဟာရိတ္တာ-ကိုမိန့်။

(င-၁) သို့/အာစေဘာဂါယုတ္တစောဒနာ ။ ။ ဆရာ၊ ဆရာသည် (ဂ+ဃ) ဖြင့် အကြိမ် များစွာ ဆန့်ကျင်သော စကားရှိသူတို့သည် ဥဇုဝိပစ္စနီကဝါဒ မည်သောဟု ဆို၏၊ အဘယ် သို့ အကြိမ်များစွာဆန့်ကျင်သော စကားရှိကုန်သနည်း၊ အကြိမ်များစွာ ဆန့်ကျင်သော စကားရှိပုံကို အကျယ် မပြဆိုပြီလော၊ စုဒ်ကြောင့် (င-၁) မိန့်။

(င) သို့/ ဆရာ၊ ဆရာသည် (ဃ) ဖြင့် အကြိမ်များစွာ ဆန့်ကျင်သော စကားများရှိ သည့် အဖြစ်သည် ဥဇုဝိပစ္စနီကဝါဒမည်၏ဟု အကျဉ်းမျှ ပြဆိုတော်မူ၏၊ အဘယ်သို့ အကြိမ်များစွာ ဆန့်ကျင်သောစကား ရှိပါကုန်သနည်း၊ အကြိမ်များစွာ ဆန့်ကျင်ဘက် စကား ရှိသည်၏အဖြစ်၌ အကျဉ်းမျှပြဆိုသည်ရှိသော် မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့ မသိနိုင်ရာသည် မဟုတ်ပါလော၊ စုဒ်ကြောင့် (င) မိန့်။

(စ) သို့/ ဆရာ၊ ဆရာသည် (င-၂) ဖြင့် ဆရာဖြစ်သော သုပ္ပိယသည် အနှစ်ရှိသော (ဝါ) မြတ်သောပျဉ်ချပ်၌ အဆိပ်လူးသော သစ်တံကျင်ကို စိုက်နှက်သောယောကျ်ားကဲ့ သို့ ရတနာသုံးပါးအပေါင်း၏ ကျေးဇူးမဲ့ကို ပြောဆိုသည့်အဖြစ်ကို ပြဆိုတော်မူ၏၊ တပည့်

http://www.dhammadownload.com



ဖြစ်သူ ဗြဟ္မဒတ်လုလင်သည်လည်း ဆရာကဲ့သို့ပင် ကျေးဇူးမဲ့ကဲ့ရဲ့စကားကို ပြောဆိုပါ သလော၊ တပည့်ပြောဆိုပုံကား အဘယ်ပါနည်း၊ စုစ်ကြောင့် (စ) မိန့်။

(င+စ) သို့/ ဆရာ၊ ဆရာသည် (ယ) ဖြင့် အကြိမ်များစွာသာလျှင် ဆန့်ကျင်သော စကားရှိကုန်သည်၏အဖြစ်သည် ဥဇုဝိပစ္စနီကဝါဒ မည်သောဟု ဆို၏။ ထို၏ အကျယ်ကို မပြဆိုပြီလော၊ အဘယ်သို့ အကြိမ်များစွာ ဆန့်ကျင်သော စကားရှိကုန်သနည်း။ (င)

**(ဆ) သို့/ အနုသန္ဓေ** ။ ။ ဤသို့-(င+စ) ဖြင့် အကြိမ်များစွာ ဆန့်ကျင်သော စကား ရှိသည်၏အဖြစ်ကို အကျယ်အားဖြင့်ပြတော်မူပြီး၍ ယခုအခါ၌ ယင်းအကျယ်ပြအပ်ပြီး သော စကားရပ်ကိုပင် အကျဉ်းချုံး၍ နိဂုံးအုပ်ခြင်းငှာ (ဝါ) နိဂုံးအုပ်တော်မူလိုသော ဆရာသည် (ဆ) မိန့်။

➤ ❸ ။ **[ယ+င-၁ ဝါကျတို့ကို၌]** (၁) နနု အာစရိယေန ရတနတ္တယဿ အဝဏ္ဏော ဘာသိတော၊ (၂) အထ ကသ္မာ အန္တေဝါသီ ဝဏ္ဏံ ဘာသတိ၊ (၃) အနေကဝါရံ ဝိရုဒ္ဓ ဝါဒတ္တာ၊ (၄) တသ္မာ အန္တေဝါသီ ဝဏ္ဏံ ဘာသတိ။

**[ င-၁ ဝါကျကို၌ ]** (၁) နနု ဗြဟ္မဒတ္တော မာဏဝေါ သုပ္ပိယဿ တိတ္ထိယပရိဗ္ဗာ ဇကဿ အန္တေဝါသီ ဟောတိ။ (၂) အထ ကသ္မာ အန္တေဝါသီ ရတနတ္တယဿ ဝဏ္ဏံ ဘာသတိ။ (၃) နနု အာစရိယော ရတနတ္တယဿ အဝဏ္ဏံ ဘာသတိ။

(၄) တသ္မာ အန္တေဝါသီ ရတနတ္တယဿ ဝဏ္ဏံ ဘာသတိ။

**[ င-၂ ဝါကျကို၌ ]** (၁) နနု ပုဗ္ဗေ ဧကေဝါရမိဝ အဝဏ္ဏဝဏ္ဏဘာသနံ နိဒ္ဒိဋ္ဌံ။

(၂) အထ ကသ္မာ "န ဧကတရော အဝဏ္ဏံ ဧကတရော ဝဏ္ဏ"န္တိ အနေကဝါရမေဝ ဝုတ္တံ။ (၃) ပါဠိယံ "ဥဇုဝိပစ္စနီကဝါဒါ"တိ ဝုတ္တတ္တာ။

(၄) တသ္မာ "န ဧကတရော အဝဏ္ဏံ ဧကတရော ဝဏ္ဏ"န္တိ အနေကဝါရမေဝ ဝုတ္တံ။

➤ ❹ ။ သိဿာနံ ဟိတမာစရတီတိ **အာစရိယော**။ (၃) တပည့်သားတို့၏ အကျိုး စီးပွားကို တိုးပွားအောင်ကျင့်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။

(၅) တပည့်သားတို့ အစီးအပွားကိုကျင့်သော ဆရာဟူသော အနက်ဖြစ်သည် ဝစ နီယ။ (၆) နိဿယဒါယကော, အာစေရော-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

အာဒရေန စရိတဗ္ဗော ဥပဋ္ဌာပေတဗ္ဗောတိ ဝါ **အာစရိယော**။(၃) ရိုသေစွာ ဆည်း ကပ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (ကြွင်းတူ)

ဝသတီတိ ဝါသီ။ အန္တေ ဝါသီ **အန္တေဝါသီ**။ (၃) အနီးဖြစ်သော အရပ်၏ ဝတ်ကြီး ဝတ်ငယ် ဖြည့်ကျင့်နေသော တပည့်နှင့် ဌာန ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစန ဟေတု မည်၏။ (၅) အနီး၌ ဝတ်ကြီးဝတ်ငယ် ဖြည့်ကျင့်နေသော တပည့်ဟူသော အနက် ဖြစ်သည် ဝစနီယ မည်၏။ (၆) အန္တေဝါသိက, သိဿ-စသော--

အာစရိယောစ အန္တေဝါသီစ **အာစရိယန္တေဝါသီ**။ (၃) ဆရာ တပည့်နှစ်ဦးတို့၏

http://www.dhammadownload.com



အစဉ်လိုက်ခြင်း ကြိယာကို အကြောင်းပြုသဖြင့် အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဆရာ တပည့်ဖြစ်သော အနက်ဒြပ်သည် ဝစနီယ မည်၏။ (၆) အာစေရန္တေဝါသီ, နိဿယန္တေဝါသိ-စသော--

နတ္ထိ တေသွာ ဉ်တိ ဥပဒ္ဒဝေါတိ **အနီဃော**၊ အနီတဿ ပဋိပက္ခော ပစ္စနီတော။ ပစ္စနီတော ဧဝ **ပစ္စနီကော**၊ ဝိဝိဓော ပစ္စနီကော **ဝိပစ္စနီကော**။ (၃)ဝိဝိဓဘောဂုဏ်၏ ဆန့်ကျင်ဘက်စကားနှင့် ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) အထူးထူးသော ဆန့်ကျင်ဘက်စကားသည် ဝစနီယ မည်၏။ (၆) ဝိရုဒ္ဓဝါစာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။ * ဝဒတိ ဧတေနာတိ **ဝါဒေါ**။

ဝိပစ္စနီကော ဝါဒေါ ဧတေသန္တိ **ဝိပစ္စနီကဝါဒေါ**။ (၃) အထူးထူး အပြားပြား များစွာသော ဆန့်ကျင်ဘက် စကားတို့၏ + ဆရာ တပည့်တို့နှင့် ဂုဏ်-ဂုဏေး /သံ-သာမီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဆရာ တပည့်ဖြစ်ကြသော သုပ္ပိယနှင့် ဗြဟ္မဒတ္တတို့သည် ဝစနီယမည်၏။ (၆) ဝိရုဒ္ဓဝါဒါ-စသော--

န ဧကော **အနေကော**။ (၃) ပဋိသေဓဘောဂုဏ်၏ တစ်ခုသချာနှင့် ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) တစ်ခုမက များသော အကြိမ်သည် ဝစနီယ မည်၏။ (၆) ဗဟု, ပစု-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ဝိရုဇ္ဈတီတိ **ဝိရုဒ္ဓါ**။ (၃) ဆန့်ကျင်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ဆန့်ကျင်သော စကားဒြပ်သည် ဝစနီယ မည်၏။ (၆) ပဋိပက္ခ-စသော--

အဏာတိ သဒ္ဒံ ကရောတီတိ **အာဏီ**။ (၃) အသံပြုခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) စို့မယ်နေဒြပ်သည် ဝစနီယ။ (၆) အက္ခဂ္ဂကီလ-စသော--

➤ ❺ ။ **အာသိဓော**-ကို ဘာသိတတ္တာ-ဟု ဟိတ်ပြင်လျှင်- အဝဏ္ဏဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/ကို စပ်) * ဥဇုဝိပစ္စနီကဝါဒါ-ကို ဥဇုဝိပစ္စနီကဝါဒတ္တာ/ဝိဝိဓပစ္စနီကဝါဒါ-ကို ဝိဝိဓပစ္စနီကဝါဒတ္တာ-ဟု ဟိတ်ပြင်လျှင် တေသံ ဥဘိန္နံ အာစရိယန္တေဝါသိကာနံ-ဟု သမ္ဗန်ခံရမည်။ (တို့၏/တို့သည် စပ်)

အန္တေဝါသီ ဝဏ္ဏံ ဘာသတိ-၌ **အာသတိ**-ကို ဘာသနတော-ဟု ဟိတ်ပြင်လျှင်- အန္တေဝါသိနော-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

➤ ❻ ။ (က) ၌ ဓဝံ တေ-ဖြင့် ဣတိဟ၌ ဣတိသဒ္ဒါ၏ နိဒဿနအနက်ဟောသည်၏ အဖြစ်ကို သိစေပါသည်။ (နိပါတလိင်္ဂတ္ထ)

ဒွေ-ဖြင့် ဥဘသဒ္ဒါသည် ဒွိသချာသဒ္ဒါ၏ ကာရိယ (ဝါ) ပရိယာယ်တည်းဟု သိစေပါသည်။ (သင်္ချာနာမလိင်္ဂတ္ထ (ဝါ) ပရိယာယ်ပြ အဘိဓေယျတ္ထ)

အာစရိယန္တေဝါသိကာ-ဖြင့် အာစရိယန္တေဝါသီပုဒ်သည် အာစရိယန္တေဝါသိကာပုဒ်၏ ပရိယာယ်ဟု သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

http://www.dhammadownload.com



(ခ) ဖြင့် အညမညသပုဒ်သည် ကော ကောယပုဒ်ကဲ့သို့ ရုဋ္ဌိနာမ်ပုဒ်တည်းဟု သိစေပါသည်။ (နာမလိင်္ဂပဒ)

(ဂ) ၌ ဥဇုမေဝ ဝိဝိဝပစ္စနီကဝါဒါ-ဖြင့် ဥဇုပုဒ်နှင့် ဝိပစ္စနီကဝါဒပုဒ်ကို ဥဇုမေဝ ဝိပစ္စနီကဝါဒါ ဥဇုဝိပစ္စနီကဝါဒါ-ဟု ကမ္မဓာရဲသမာသ် ဝစနတ္တပြုရမည်၏အဖြစ်ကိုရင်း (သမာသလိင်္ဂတ္တ) ဝိ-ဥပသာရသည် ဝိသေသ-စသော အနက်ကို မဟော၊ ဝိဝိအေနက်ဟောသည်၏ အဖြစ်ကိုရင်း (ဥပသဂ္ဂလိင်္ဂတ္တ) သိစေပါသည်။

ဤသကမ္ပိ အပရိဟရိတွာ-ဖြင့် ဖြောင့်ဖြောင့်သာလျှင် ဆန့်ကျင်၏ဟူသည်- စဉ်းငယ်မျှ မခတ်မိ (ဝါ) စဉ်းငယ်မျှ မရှောင်လွှဲဟူသော ဥဇုမေဝ-၌ ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထကို သိစေပါသည်။ (ဘာဝတ္တ)

(ဃ) ဖြင့် အထူးထူး အပြားပြား ဆန့်ကျင်၏ဟူသည် အကြိမ်များစွာ ဆန့်ကျင်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္တ) ပစ္စနီကသဒ္ဒါ၏ ဝိရုဒ္ဓအနက်ဟောသည်၏ အဖြစ်ကိုရင်း (နာမလိင်္ဂတ္တ) ဥဇုဝိပစ္စနီကဝါဒါ-၌ ဧဝသဒ္ဒါ ကျေသည်၏အဖြစ်ကိုရင်း (ဘာဝတ္တ) ဥဇုဝိပစ္စနီကဝါဒါပုဒ်ကို ဟုတွာ-ဟူသော ပါဌသေသ၌ စပ်ရမည်၏ အဖြစ်ကိုရင်း (သမ္ဗန္ဓ (ဝါ) ဘာဝတ္တ) သိစေပါသည်။

➤ **(၈)။ ရတနာသုံးပါးကို ကဲ့ရဲ့သော ဆရာသုပ္ပိယအပေါ် တပည့် ဗြဟ္မဒတ္တ-၏ ကျေးဇူးဖြစ်ပုံ သံဝေဂဖြစ်ပုံ ။** ။ငါတို့ရဲ့ ဆရာသုပ္ပိယသည် မသုံးသပ်ထိုက်သော အရိယူပဝါဒကံကို သုံးသပ်ဘိ၏၊ မနင်းကျော်ထိုက်သော အရိယူပဝါဒကံကို နင်းကျော်ဘိ၏၊ ထိုကဲ့သို့ အရိယူပဝါဒကံကို ကျူးလွန်သော ဤဆရာသည် မီးကိုမျိုသူ သံလျှက်သွားကို လက်ဖြင့် သုံးသပ်သူ မြင့်မိုရ်တောင်ကို လက်သီးဖြင့် ဖောက်ခွဲလိုသူ ကြမ်းတမ်းသော လွှသွားကို ပုတ်ခတ်၍ ကစားသူ မုန်ယိုခြင်းသုံးပါးရှိသော ဆင်ကြမ်းကို လက်ဖြင့်ကိုင်သူတို့ကဲ့သို့ ချီးမွမ်းထိုက်သော ရတနာသုံးပါးကို ကဲ့ရဲ့ပြောဆိုခြင်းကြောင့် ကြီးပွားမဲ့ ပျက်စီးခြင်းသို့ ဧကန်မုချ ရောက်ရရှာပေလိမ့်မည်။ (၄၊၃၈)

*** မြတ်စွာဘုရားသည် အစွန့်ရှည်သော ခရီးသို့ ကြွတော်မူခြင်းအကြောင်း**

နာဠန္ဒမြို့၌ ဝေနေယျတို့၏ အထူးထူးသော စီးပွားချမ်းသာ၏ ပြီးခြင်းကို တောင့်တတော်မူလျက် သီလသုံးပါးတို့ဖြင့် တန်ဆာဆင်အပ်သော ဒိဋ္ဌိအယူကို ဖျက်ဆီးတတ်သော ပြဟ္မဇာလသုတ်ကို ဟောတော်မူလိုသောကြောင့် -- တည်း။

*** သုပ္ပိယပရိဗိုဇ်သည် အစဉ်လိုက်ခြင်းအကြောင်း ။** ။ သုပ္ပိယပရိဗိုဇ်သည် မြတ်စွာဘုရား၏ ထိုအစွန့်ရှည်သော ခရီးသို့ သွားသည်၏အဖြစ်ကို မသိသောကြောင့် အစဉ်လိုက်ပါသည်။ (သိမ္ဗု မလိုက်ပါ)

**(၁)(၀)။ ရတနတ္တယဿ အဝဏ္ဏံ ဘာသတိ-၌ ဘာသဓာတ်အရ-** ရတနာသုံးပါး အပေါင်း၏ ကျေးဇူးမဲ့ကိုပြောဆိုသော ဆရာသုပ္ပိယ၏ သန္တာန်၌ ဣဿာပြဋ္ဌာန်းသော

http://www.dhammadownload.com



ဒေါသမူစိတ္တုပ္ပါဒ်ရ၏။ (၁) ၎င်းစိတ္တုပ္ပါဒ်သည် ကောဓဒေါသယိဘာဝ, ရုဒ္ဒရသ မည်၏။

(၂) ရတနာသုံးပါးသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ၎င်းရတနာသုံးပါး၏ ဂုဏ်တော်တို့သည်၎င်း, သုပ္ပိယပရိဗိုဇ်၏ လာဘသက္ကာရ ဆုတ်ယုတ်ခြင်း, အသင်းအပင်း ဆုတ်ယုတ်ခြင်း အကြောင်းတို့သည်၎င်း ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) မျက်လုံးနီခြင်း, ရတနာသုံးပါး၏ ကျေးဇူးမဲ့ပြောဆိုခြင်း, ကျေးဇူးမဲ့ကို ပြောဆိုသဖြင့် ပစ္စုပ္ပန်၌ ကာယိက စေတသိက ဒုက္ခ တွေ့ကြုံရခြင်းစသည်တို့သည် အနုဘာဝ မည်၏။

* **ရတနတ္တယဿ အဝဏ္ဏေ ဘာသိတေ-၌ ဘာသတေအရလည်း** အတူတူပင်။

* **ဝဏ္ဏံ ဘာသတိ-၌ ဘာသတေအရ ။ ။** ဗြဟ္မဒတ္တလုလင်၏ သန္တာန်၌ သဒ္ဓါပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယိဘာဝ, ဓမ္မသိင်္ဂါရရသ မည်၏။ ရတနာသုံးပါးနှင့် ယင်းတို့၏ ဂုဏ်တော်တို့သည် အာရမ္မဏဝိဘာဝ မည်၏။ ယင်းဂုဏ်တော်တို့၏ ထင်ရှားခြင်းသည်၎င်း, ဗြဟ္မဒတ္တ၏ ပညာရှိသောသဘော ရှိသူဖြစ်ခြင်းသည်၎င်း ဥဒ္ဒီပန ဝိဘာဝမည်၏။ ရတနာသုံးပါးဂုဏ်ကို ချီးမွမ်းပြောဆိုခြင်းကြောင့် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးစီးပွား တိုးပွားခြင်း စသည်တို့သည် အနုဘာဝ မည်၏။

## ပါဠိ (၃၂)

**(က) ဘဂဝန္တံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓာ ဟောန္တိ ဘိက္ခုသံဃဉ္စာတိ ဘဂဝန္တဉ္စ ဘိက္ခုသံဃဉ္စ ပစ္ဆတော ပစ္ဆတော ဒဿနံ အဝိဇဟန္တာ ဣရိယာပထာနုဗန္ဓနေန အနုဗန္ဓာ ဟောန္တိ၊**

**(ခ) သီသာနုလောကိနော ဟုတွာ အနုဂတာ ဟောန္တီတိ အတ္ထော၊** (၄၄၀။ ဘာဋီ၊၂၅၄)

➤ ❶ ။ (က) ဘဂဝန္တံ (ပ) ဘိက္ခုသံဃဉ္စာတိ၊-ဟူသည်ကား။ဘဂဝန္တဉ္စ၊မြတ်စွာဘုရားသို့၎င်း။ဘိက္ခုသံဃဉ္စ၊ရဟန်းအပေါင်းသို့၎င်း။ပစ္ဆတော ပစ္ဆတော၊နောက်မှ နောက်မှ။(ဝါ) နောက်က နောက်က။ဒဿနံ၊မြင်ခြင်းကို။အဝိဇဟန္တာ၊မစွန့်ကုန်ဘဲ။ဣရိယာပထာနုဗန္ဓ-နေန၊သွားခြင်းဣရိယာပုထ်တည်းဟူသော အစဉ်လိုက်ခြင်းဖြင့်။အနုဗန္ဓာ၊အစဉ်မပြတ်ဖွဲ့စပ်ကြကုန်သည်။(သဒ္ဒတ္ထ) အစဉ်လိုက်ကုန်သည်။(အဓိပ္ပါယတ္ထ) ဟောန္တိ၊ဖြစ်ကုန်၏။

(ခ) သီသာနုလောကိနော၊မိမိ၏ ဦးခေါင်းဖြင့် အစဉ်ကြည့်ရှုလေ့ရှိကုန်သည်။(သဒ္ဒတ္ထ) ဦးခေါင်းကို မော်၍ ခရီးလမ်းစဉ်အတိုင်း ကြည့်ရှုလေ့ရှိကုန်သည်။(အဓိပ္ပါယတ္ထ) ဟုတွာ၊ဖြစ်၍။အနုဂတာ၊အစဉ်လိုက်ကုန်သည်။ဟောန္တိ၊ကုန်၏။ဣတိ အတ္ထော၊ဤကားအနက်။

➤ ❷ ။ (ခ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် ဘုရားရှင်နှင့် သံဃာတော်များ၏ နောက်မှ မြင်နိုင်လောက်သော ဒဿနူပစာ အရပ်ကို မစွန့်ကြကုန်ဘဲ ဣရိယာပုထ် အစဉ်လိုက်မှုဖြင့် သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင် ဆရာတပည့် နှစ်ယောက်တို့သည် အစဉ်လိုက်သောဟု ဖွင့်ဆို၏။ သွားလျှင် သွားခြင်း, ရပ်လျှင်ရပ်ခြင်း, ထိုင်လျှင်ထိုင်ခြင်းသို့ အစဉ်လိုက်ခြင်းမျိုးကို ဣရိယာပုထ်သို့ အစဉ်လိုက်သည်ဟု ဆိုလိုပါသလော။ အဘယ်

http://www.dhammadownload.com



သို့သော အစဉ်လိုက်ခြင်းမျိုးကို ဣရိယာပုထ်သို့ အစဉ်လိုက်ခြင်းမျိုးဟု ဆိုပါသနည်း။ ဣရိယာပုထ်လေးပါးလုံးဖြင့် အစဉ်လိုက်ခြင်းမျိုးဟု ဆိုလျှင် ဆရာ့အား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏၊ စုဒ်ကြောင့် (ခ) မိန့်။

➢ ❸ ။ | က-ဝါကျကို့ရှ | (၁) နနု သမ္မာပဋိပတ္တိအနုပဗန္ဓနံ ဟောတိ။ (၂) ကေန အနုပဗန္ဓာ ဟောန္တိ။ (၃) နနု ဣရိယာပထာနုပဗန္ဓနံ ဟောတိ။ (၄) တေန အနုပဗန္ဓာ ဟောန္တိ။

➢ ❹ ။ အနုပဗန္ဓိတိ **အနုဗန္ဓာ**။ (၃) အစဉ်လိုက်သွားခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အစဉ်လိုက်သွားနေကြသော သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင် ဆရာတပည့်နှစ်ယောက်တို့သည် ဝစနီယ မည်၏။ (၆) အနုဂတ, သီသာနုလောကီ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

➢ ❺ ။ **အနုဂတာ**-ကို အနုဂတတ္တာ-ဟု ဟိတ်ပြင်လျှင် သီသာနုလောကီနံ (ဉာဏ်နှံ အာစရိယန္တေဝါသီနံ) ဟု သမ္ဗန်ခံရပါမည်။ (တို့၏/တို့သည် စပ်)

➢ ❻ ။ (က) ၌ ဘဂဝန္တဥ္စ ဘိက္ခုသံဃဥ္စ-ဖြင့် ဘိက္ခုသံဃဥ္စပုဒ်နောင် စသဒ္ဒါကို ဘဂဝန္တပုဒ်နောင်၌လည်း ထိုင်၍ အနက်ပေးရမည်ကိုရင်း (ဘာဝတ္ထ) ယင်း စသဒ္ဒါသည် သမ္ပိဏ္ဍနတ္ထကို ဟောသည်၏အဖြစ်ကိုရင်း(နိပါတလိင်္ဂတ္ထ) ဘဂဝန္တံ ဘိက္ခုသံဃဥ္စ ပိဋ္ဌိ-တော ပိဋ္ဌိတော-ဟု အနက်ပေးရမည်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

ပစ္ဆတော ပစ္ဆတော-ဖြင့် ပိဋ္ဌိတော ပိဋ္ဌိတော-၌ ပိဋ္ဌိသဒ္ဒါသည် ပျက်စီးခြင်းအနက်ကို မဟော၊ ပစ္ဆာအနက်ကို ဟောကြားသည်၏အဖြစ်ကို သိ။ (နာမလိင်္ဂတ္ထ)

ဒဿနံ အဝိဇဟန္တာ-ဖြင့် သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင်တို့သည် ဘုရားရှင်နှင့် သံဃာတော်များနောက်မှ အစဉ်လိုက်၏ဟူသည် တစ်ယူဇနာ နှစ်ယူဇနာ စသည်ဖြင့် အလွန်ကွာဝေးသော အရပ်မှ အစဉ်လိုက်သည်မဟုတ်၊ မျက်စိဖြင့် မြင်နိုင်လောက်သော အရပ်မှ အစဉ်လိုက်ကြသည်၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

ဣရိယာပထာနုပဗန္ဓနေန-ဖြင့် သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင်တို့သည် ဘုရားရှင်နှင့် သံဃာတော်များနောက်မှ အစဉ်လိုက်ကြခြင်းမှာ ကောင်းမြတ်သော အကျင့်ပဋိပတ်ဖြင့် အစဉ်လိုက်ခြင်းမျိုး မဟုတ်၊ ဣရိယာပုထ်သို့ အစဉ်လိုက်ခြင်းမျိုးဖြင့် အစဉ်လိုက်ကြသည်၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ခ) ဖြင့် အစဉ်လိုက်ကြ၏ဟူသည် ဘုရားရှင်နှင့် သံဃာတော်များ၏ ဦးခေါင်းကို မိမိတို့ ဦးခေါင်းဖြင့် မြော်ကြည့်ကြကုန်သည်ဖြစ်၍ သွားခြင်း ဣရိယာပုထ်ဖြင့် အစဉ်လိုက်နေသည်၏ အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➢ ❶❶ ။ **အနုဗန္ဓာ ဟောန္တိ-၌ ဗန္ဓဓာတ်အရ** ဘုရားရှင်နှင့် သံဃာတော်များနောက်မှ အစဉ်တစိုက် လိုက်နေကြသော သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင် ဆရာတပည့် နှစ်ယောက်တို့၏ သန္တာန်၌ဖြစ်သော ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဌာယီ

http://www.dhammadownload.com



ဘာဝ, ဝိရ ရသ မည်၏။ ဘုရားရှင်နှင့် သံဃာတော်များသည် အာရမ္မဏဝိဘာဝ မည်၏။ သုပ္ပိယ ပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင်တို့၏ ဘုရားရှင်နှင့် သံဃာတော်များကို အာရုံစူးစိုက်၍ ကြည့်ရှု နေမှု စသည်တို့သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ မိမိတို့ လိုရာခရီးသို့ ဘေးကင်းရန်ကွာ ရောက်ရှိနိုင်ခြင်း, အခိုက်အတန့်အားဖြင့် ကိုယ်စိတ် ချမ်းသာခြင်း-စသော အကျိုးတရားများသည် အနုဘာဝ မည်၏။

## ပါဌ် (၅၃)

(က) သောပိ တံ ဒိဝသံ ပရိဗ္ဗာဇကပရိသာယ သုလဘဘိက္ခံ ကတွာ.ဘုတ္တပါတရာသော ပရိဗ္ဗာဇကေပရိဗ္ဗာဇကပရိက္ခာရံဂါဟာပေတွာ""နာဠန္ဒံဂမိဿာမိ""ဓေွဝ ဘဂဝတော တံ မဂ္ဂံပဋိပန္နဘာဝံအဇာနန္တောဝ အနုဗန္ဓော၊ (ခ) သစေပန ဇာနေယျ.နာနုဗန္ဓေယျ။

(ဂ) သော အဇာနိတွာဝ ဂစ္ဆန္တော ဂီဝံ ဥက္ခိပိတွာ ဩလောကယမာနော ဘဂဝန္တံ အဒ္ဒသ ဗုဒ္ဓသိရိယာ သောဘမာနံ ရတ္တကမ္ဗလပရိက္ခိတ္တမိဝ ဇင်္ဂမကနကဂိရိသိခရံ။ (ဌ၊၄၀။ ဘာဋီ၊ ၂၅၇။)

➢ ❶ ။ (က) သောပိ၊ထိုရာဇဂြိုဟ်မြို့၌နေသော သုပ္ပိယသည်လည်း။တံ ဒိဝသံ၊ထိုနေ့၌။ပရိဗ္ဗာဇကပရိသာယ၊ပရိဗိုဇ်ပရိသတ်၏။သုလဘဘိက္ခံ၊လွယ်ကူစွာ ရအပ်သောထမင်းရှိသည်၏အဖြစ်ကို။ကတွာ၊ပြုပြီး၍။ဘုတ္တပါတရာသော၊စားအပ်ပြီးသော နံနက်စာရှိသည်၊(ဝါ) နံနက်စာ စားပြီးသည်။(ဟုတွာ၊ဖြစ်၍) ပရိဗ္ဗာဇကေ၊ပရိဗိုဇ်တို့ကို။ပရိဗ္ဗာဇကပရိက္ခာရံ၊ပရိဗိုဇ်တို့၏ ပရိက္ခရာကို။ဂါဟာပေတွာ၊ယူစေပြီး၍။နာဠန္ဒံ၊နာဠန္ဒာမြို့ သို့။ဂမိဿာမိ၊သွားအံ့။ဣတိ၊ဤသို့။ဧွဝ၊ဤသို့ နှလုံးသွင်း၍ပင်။ဘဂဝတော၊မြတ်စွာဘုရား၏။တံ မဂ္ဂံ၊ထိုနာဠန္ဒာ ခရီးကို။ပဋိပန္နဘာဝံ၊ကြွတော်မူသည်၏အဖြစ်ကို။အဇာနန္တောဝ၊မသိသည်သာလျှင်။(ဟုတွာ၊ဖြစ်၍။(ဝါ) ဖြစ်ခြင်းကြောင့်။)အနုဗန္ဓော၊အစဉ်လိုက်ပြီ။

(ခ) ပန၊ဆက်ဦးအံ့။သစေ ဇာနေယျ၊အကယ်၍ သိအံ့။(ဇဝံ သတိ၊ဤသို့ သိလတ်သော်) နာနုဗန္ဓေယျ၊အစဉ်မလိုက်ရာ။

(ဂ) သော၊ထိုသုပ္ပိယသည်။အဇာနိတွာဝ၊မသိမူ၍သာလျှင်။(ဝါ) မသိခြင်းကြောင့်သာလျှင်။ဂစ္ဆန္တော၊သွားလတ်သော်။ဂီဝံ၊လည်ပင်းကို။ဥက္ခိပိတွာ၊မြှောက်ချီ၍။(ဝါ)မော်၍။ ဩလောကယမာနော၊ကြည့်လတ်သော်။ရတ္တကမ္ဗလ ပရိက္ခိတ္တံ၊နီမြန်းသော ကမ္ဗလာဖြင့် ကာရံအပ်သော။ဇင်္ဂမကနကဂိရိသိခရံ ဣဝ၊တရွေ့ရွေ့ သွားနေသော ရွှေတောင်ထွတ်ကဲ့သို့။ဗုဒ္ဓသိရိယာ၊ဘုရားရှင်၏ အသရေတော်ဖြင့်။သောဘမာနံ၊တင့်တယ်တော်မူသော။ဘဂဝန္တံ၊ကို။အဒ္ဒသ၊မြင်ရပြီ။ (ဘာသာဋီကာ၊ပ၊ ၂၅၇။)

➢ ❷ ။ (က) သို့/ လိနတ္ထဇောတနာ ။ ။ ဆရာ၊ ဆရာသည် ဆိုအပ်ခဲ့ပြီးသော ဝါကျတို့ဖြင့် မြတ်စွာဘုရားသည် ထိုနာဠန္ဒာ ခရီးသို့ သွားအပ်သည်ကို အကျယ်အားဖြင့် ဖွင့်ဆို၏။ သုပ္ပိယပရိဗိုဇ်သည်လည်း အဘယ်အချိန်၌ အဘယ်သို့သော အခြင်းအရာဖြင့်

http://www.dhammadownload.com



အဘယ်သို့ စိတ်ကူး၍ အဘယ့်ကြောင့် ထိုနာဠန္ဒာ ခရီးသို့ အစဉ်လိုက်အပ်ပါသနည်း၊ ထိုအလုံးစုံကို မပြဆိုပြီလော၊ စုဒ်ကြောင့် (က) မိန့်။

(ခ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် သုပ္ပိယပရိဗိုဇ်သည် မြတ်စွာဘုရား၏ ထိုနာဠန္ဒာခရီးကို ကြွတော်မူသည်၏အဖြစ်ကို မသိ၍သာ အစဉ်လိုက်သည်ကို ဖွင့်ပြတော်မူ၏၊ အကယ်၍ မြတ်စွာဘုရားသည် နာဠန္ဒ ခရီးသို့ ကြွတော်မူသည်၏အဖြစ်ကို သိလတ်သော် အဘယ်သို့ မှတ်သားအပ်ပါသနည်း၊ ထိုနာဠန္ဒာခရီးသို့ သုပ္ပိယပရိဗိုဇ်သည် အစဉ်လိုက်အံ့လော၊ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် သုပ္ပိယပရိဗိုဇ်သည် ထိုနာဠန္ဒာခရီးသို့ မြတ်စွာ ဘုရား ကြွတော်မူသည်ကို သိက အစဉ်မလိုက်ရာဟု ဖွင့်ပြတော်မူ၏၊ ထိုသုပ္ပိယပရိဗိုဇ်၏ ရတနာသုံးပါး၏ အပြစ်ကို ပြောဆိုရခြင်း၏ အဖြေကား အဘယ်ပါနည်း။(ဂ)မိန့်

➤ ❸ ။ [ က+ခ-ဝါကျတို့ကို၌ ] (၁) နနု သောပိ တံ ဒိဝသံ ပရိဗ္ဗာဇကပရိသာယ သုလဘာဘိက္ခံ ကတွာ ဘုတ္တပါတရာသော ပရိဗ္ဗာဇကေ ပရိဗ္ဗာဇကပရိက္ခာရံ ဂါဟာပေတွာ "နာဠန္ဒံ ဂမိဿာမိ"စ္စေဝ အနုဗန္ဓော။ (၂) အထ ကသ္မာ သစေ ဇာနေယျ, နာနုဗန္ဓေယျာတိ ဝုတ္တံ။ (၃) နနု ဘဂဝတော တံ မဂ္ဂံ ပဋိပန္နဘာဝံ အဇာနန္တော ဝ အနုဗန္ဓော။

(၄) တသ္မာ သစေ ဇာနေယျ, နာနုဗန္ဓေယျာတိ ဝုတ္တံ။

➤ ❻ ။ ဒိပ္ပန္တိ ကီဠန္တိ အသ္မိန္တိ **ဒိဝသော**။ (၃) မြူးတူးခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) နေ့ဒြပ်သည် ဝစနီယ မည်၏။ (၆) အဟ, ဒိန-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

အသိတဗ္ဗော ဘက္ခိတဗ္ဗောတိ **အာစသော**။ (၃) စားခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) စားအပ်သော အစာဒြပ်သည် ဝစနီယ မည်၏။ (၆) အန္န-စသော

* ပါတော အာသော ပါတရာသော။

ဘုတ္တော ပါတရာသော ယေနာတိ **ဘုတ္တပါတရာသော**။

ဂါယန္တိ ဧတာယာတိ **ဂီဝါ**။ (၃) သီဆိုခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) လည်ပင်းဒြပ်သည် ဝစနီယ မည်၏။ (၆) ဂလ, ကဏ္ဍ-စသော--

ကနတိ ဒိပ္ပတီတိ **ကနကံ**။ (၃) ထွန်းလင်းတောက်ပခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ရွှေဒြပ်သည် ဝစနီယ မည်၏။ (၆) သုဝဏ္ဏ-စသော--

ဩသဓာဒယော ဂိရတိ နိဂ္ဂတီတိ **ဂိရိ**။ (၃) အန်ထုတ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) တောင်ဒြပ်သည် ဝစနီယ မည်၏။ (၆) ပဗ္ဗတ-စသော--

➤ ❾ ။ **အဇာနန္တော ဝ**-ကို အဇာနန္တတ္တာ ဝ-ဟု ဟိတ်ပြင်လျှင် တဿပိ သုပ္ပိယ ပရိဗ္ဗာဇကဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

➤ ❶❶ ။ (ဂ) ဝါကျ **ဘဂဝန္တံ အဒ္ဓါန-န္တိ ဓာတ်အရ** ။ ။ ကုသလဝိပါက် စက္ခု

http://www.dhammadownload.com



ဝိညာဉ်ကို ယူ၍ ထို-သည် ဓမ္မရတိဌာယိဘာဝ, ဓမ္မသိဂါရဝ မည်၏။ မြတ်စွာဘုရားသည် အာရမ္မဏဝိဘာဝ မည်၏။ လည်ပင်းကို မော်၍ ကြည့်မိခြင်း, ရွှေတောင်ထွတ်ကဲ့သို့ တင့်တယ်သော အသရေရှိတော်မူခြင်းသည် ဥဒ္ဒိပနဝိဘာဝမည်၏။ ရတနာသုံးပါး၏ အပြစ်ကို ပြောခြင်း စသည်သည် အနုဘာဝ မည်၏။

## ပါဌ် (၃၆)

(က) ဣဒါနိ တေန ဘဂဝတော ဝဏ္ဏော ဝတ္တဗ္ဗော ဘဝေယျ။

(ခ) ယသ္မာ ပနေသ လာဘသက္ကာရပဟာနိယာစေဝ ပက္ခပဟာနိယာစ နိစ္စမ္ပိ ဘဂဝန္တံ ဥဿူယတိ၊

(ဂ-၁) အညတိတ္ထိယာနဉ္ဟိ ယာဝ ဗုဒ္ဓေါ လောကေ နုပ္ပဇ္ဇတိ၊ တာဝဒေဝ လာဘသက္ကာရာ နိဗ္ဗတ္တန္တိ၊ (ဂ-၂) ဗုဒ္ဓုပ္ပါဒတော ပန ပဋ္ဌာယ ပရိဟီနလာဘသက္ကာရာ ဟောန္တိ၊

(ဂ-၃) သူရိယုဂ္ဂမနေ ခဇ္ဇောပနကာ ဝိယ နိဿိရိကတံ အာပဇ္ဇန္တိ၊

(ဃ) ဥပတိဿ ကောလိတာနဉ္စ သဉ္စယဿ သန္တိကေ ပဗ္ဗဇိတကာလေယေဝ ပရိဗ္ဗာဇကော မဟာ ပရိသာ အဟောသိ၊ တေသု ပန ပက္ကန္တေသု သာပိ တေသံ ပရိသာ ဘိန္နာ၊

(င) ဣတိ ဣမေဟိ ဒွီဟိ ကာရဏေဟိ အယံ ပရိဗ္ဗာဇကော ယသ္မာ နိစ္စမ္ပိ ဘဂဝန္တံ ဥဿူယတိ၊

(စ) တသ္မာ တံ ဥဿူယဝိသုဂ္ဂါရံ ဥဂ္ဂိရန္တော ရတနတ္တယဿ အဝဏ္ဏမေဝ ဘာသတီတိ ဝေဒိတဗ္ဗော။ (ဋ္ဌ၊၄၂။ ဘာသာဋီကာ၊ပ၊ ၂၆၆။)

➢ ❶ ။ (က) ဣဒါနိ၊မိမိပရိသတ်ကို မြင်ရရာ ဤအခါ၌။ (တနည်း) ထိုသုပ္ပိယ ပရိဗိုဇ်၏ ဖောက်ပြန်ချွတ်ယွင်း၍ ကြည်ညိုဖွယ်မရှိသော မိမိပရိသတ်ကို တွေ့မြင်နေရသော ဤအခါ၌။(အဓိပ္ပါယတ္ထ) တေန၊ထိုပရိဗိုဇ်သည်။ဘဂဝတော၊၏။ဝဏ္ဏော၊ဂုဏ်သည်။ (ဝါ) ကို။ဝတ္တဗ္ဗော၊ပြောဆိုထိုက်သည်။ဘဝေယျ၊ဖြစ်ရာ၏။

(ခ) [ ကိဥ္စာပိဝါကျထည့် ] [ ဣဒါနိ၊၌။(ပ)ကိဥ္စာပိ ဘဝေယျ၊အကယ်၍ကား ဖြစ်၏ ရှင့်။] ပန၊ထိုသို့ပင် ပြောဆိုထိုက်ပါသော်လည်း။ယသ္မာ၊အကြင့်ကြောင့်။ဧသ-ဧသော၊ဤ ပရိဗိုဇ်သည်။လာဘသက္ကာရပဟာနိယာစေဝ၊လာဘသက္ကာရ၏ ဆုတ်ယုတ်ခြင်းကြောင့်ရင်း။ ပက္ခပဟာနိယာစေဝ၊အသင်းအပင်း၏ ဆုတ်ယုတ်ခြင်းကြောင့်ရင်း။နိစ္စမ္ပိ၊အမြဲလည်း။ဘဂဝန္တံ၊ကို။ဥဿူယတိ၊ငြူစူ၏။

(ဂ) ဟိ၊ချဲ့ဦးအံ့။အညတိတ္ထိယာနံ၊သာသနာတော်အယူမှ တစ်ပါးသော အယူရှိသော တိတ္ထိတို့၏။ယာဝ၊အကြင်မျှလောက်။ဗုဒ္ဓေါ၊သည်။လောကေ၊၌။နုပ္ပဇ္ဇတိ၊ပွင့်တော်မမူသေး။ တာဝဒေဝ၊ထိုဘုရားပွင့်တော် မမူသေးမီသာလျှင်။လာဘသက္ကာရာ၊လာဘသက္ကာရတို့သည်။ နိဗ္ဗတ္တန္တိ၊ဖြစ်ကုန်၏။ ✱ ပန၊ဗျတိရိက်ကား။ဗုဒ္ဓုပ္ပါဒတော၊ဘုရားပွင့်တော်မူရာ အခါမှ။ ပဋ္ဌာယ၊စ၍။အညတိတ္ထိယာ၊သာသနာတော်အယူမှ တစ်ပါးသော အယူရှိသော တိတ္ထိတို့ သည်။(ပကတိ ကတ္တား) ပရိဟီနလာဘသက္ကာရာ၊ယုတ်လျော့သော လာဘသက္ကာရ

http://www.dhammadownload.com



ရှိကုန်သည်။ဟောန္တိ၊ကုန်၏။

* သူရိယုဂ္ဂမနေ၊နေထွက်ရာ အခါ၌။ခဇ္ဇောပနကာ ဝိယ၊ပိုးစုန်းကြူးတို့ကဲ့သို့။နိသိရိ ကတံ၊အသရေ မရှိကုန်သည်၏အဖြစ်သို့။အာပဇ္ဇန္တိ၊ရောက်ကုန်၏။

(ဃ) စ၊သည်သာမကသေး။ဥပတိဿ ကောလိတာနံ၊ဥပတိဿ ကောလိတတို့၏။ သဥ္စယဿ၊သဥ္စည်းဆရာ၏။သန္တိကေ၊အထံ၌။ပဗ္ဗဇိတကာလေယေဝ၊ရသေ့ပြုရာ အခါ၌သာလျှင်။ပရိဗ္ဗာဇကာ၊ပရိဗိုဇ်တို့သည်။မဟာ ပရိသာ၊များသော ပရိသတ်ရှိကုန်သည်။ အဟေသုံ၊ဖြစ်ကုန်ပြီ။ * ပနဗျတိရိက်ကား။တေသု၊ထိုဥပတိဿ ကောလိတတို့သည်။ ပက္ကန္တေသု၊ဖဲသွားကုန်လတ်သော်။တေသံ၊ထိုပရိဗိုဇ်တို့၏။သာပိ ပရိသာ၊ထိုပရိသတ်သည် လည်း။ဘိန္နာ၊ကွဲပြားလေပြီ။

(င) ဣတိ၊ဤသို့လျှင်။ဒွိဟိ၊နှစ်ပါးကုန်သော။ဣမေဟိ ကာရဏေဟိ၊ဤအကြောင်း တို့ကြောင့်။အယံ ပရိဗ္ဗာဇကော၊ဤပရိဗိုဇ်သည်။ယသ္မာ၊အကြင့်ကြောင့်။နိစ္စမ္ပိ၊အမြဲလည်း။ ဘဂဝန္တံ၊ကို။ဥဿူယတိ၊ငြူစူ၏။(ဝါ) အပြစ်ပြော၏။

(စ) တသ္မာ၊ထို့ကြောင့်။[ထိုသို့ လာဘသက္ကာရ၏ ဆုတ်ယုတ်ခြင်း, အသင်းအပင်း၏ ဆုတ်ယုတ်ခြင်းဟူသော အကြောင်းနှစ်ပါးအတွက် ပရိဗိုဇ်တို့၏ မြတ်စွာဘုရားကို အမြဲ ငြူစူကုန်သည်၏ အဖြစ်ကြောင့်။] တံ ဥဿူယဝိသုဂ္ဂါရံ၊ထိုငြူစူခြင်း အဆိပ်တည်းဟူသော အန်ဖတ်ကို။(ဝါ) ထိုငြူစူခြင်းတည်းဟူသော အဆိပ်ကို အန်ခြင်းကို။ဥဂ္ဂိရန္တော၊အန် ထုတ်လျက်။(အန်ထုတ်သည့်အနေအားဖြင့်) ရတနတ္တယဿ၊ရတနာသုံးပါး၏။အဝဏ္ဏ မေဝ၊ကျေးဇူးမဲ့ကိုသာ။ဘာသတိ၊ပြောဆို၏။ဣတိ၊သို့။ဝေဒိတဗ္ဗော၊သိထိုက်၏။

➢ ❷ ။ (စ) သို့/ ဆရာ၊ ဆရာသည် (စ) ၌ ရတနတ္တယဿ အဝဏ္ဏမေဝ - ဘာသတိ-ဖြင့် သုပ္ပိယပရိဗိုဇ်သည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုနေသောဟု ဆိုတော်မူ၏။ မိမိ၏ ပရိသတ် ကြည်ညိုဘွယ် မရှိသည်ကို တွေ့မြင်ရသောအခါ၌ သုပ္ပိယ ပရိဗိုဇ်သည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို ပြောဆိုသင့် ပြောဆိုထိုက်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် သုပ္ပိယပရိဗိုဇ်သည် ရတနသုံးပါး၏ ဂုဏ်ကျေးဇူးမဲ့ကို သာ ပြောဆိုနေရပါသနည်း၊ စုဒ်ကြောင့် (ခ) မိန့်။

**ကား**-- (ခ) ဖြင့် သုပ္ပိယပရိဗိုဇ်သည် လာဘ်ပူဇော်သက္ကာရ ဆုတ်ယုတ်ခြင်း, အသင်း အပင်း ဆုတ်ယုတ်ခြင်းကြောင့် ဘုရားရှင်ကို အမြဲငြူစူစောင်းမြောင်းနေသည့်အတွက် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးမဲ့ကိုသာ ပြောဆိုနေပါ၏ဟူလို။

**(စ) စသည်သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် သုပ္ပိယပရိဗိုဇ်၏ ထိုသို့သဘောရှိ သော ပရိသတ်ကိုမြင်ရာ ဤအခါ၌ ၎င်းပရိဗိုဇ်သည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုသင့်သည်၏အဖြစ်ကို ပြပြီး၍ ယခုအခါ၌ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြောဆိုသင့် ပြောဆိုထိုက်ပါလျက် ရတနာသုံးပါးအပေါင်း၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၌

http://www.dhammadownload.com



အကြောင်းကို ပြခြင်းငှာ (ခ) စသည်မိန့်။

**(ဂ) သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ခ) ဖြင့် သုပ္ပိယပရိဗိုဇ်သည် လာဘ်ပူဇော်သက္ကာရ ဆုတ်ယုတ်ခြင်းကြောင့်ရင်း, အသင်းအပင်း ဆုတ်ယုတ်ခြင်းကြောင့်ရင်း ဘုရားရှင်ကို အမြဲ ငြူစူ စောင်းမြောင်းနေ၏ဟု ပြဆိုပြီး၍ ယခုအခါ၌ လာဘ်ပူဇော်သက္ကာရ၏ ဆုတ်ယုတ်ပုံကို ချဲ့ပြလိုသော ဆရာသည် (ဂ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် --စောင်းမြောင်းနေသောဟု ဆို၏။ လာဘသက္ကာရဟာနိယဖြစ်ပုံ အကျယ်ကို လောက ဥပမာနှင့်တကွ အကျယ်ချဲ့၍ မပြဆိုပြီလော၊ လာဘသက္ကာရဟာနိယဖြစ်ပုံ အကျယ်ကား အဘယ်ပါနည်း၊ အကျယ်ချဲ့၍ မပြဆိုချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏၊ စုဒ်ကြောင့် (ဂ) မိန့်။

**(ဃ) သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ဂ) ဖြင့် လာဘ် ပူဇော်သက္ကာရ ဆုတ်ယုတ်ပုံကို ချဲ့ပြပြီး၍ ယခုအခါ၌ ပက္ခဟာနိဖြစ်ပုံကို ချဲ့ပြလိုသော ဆရာသည် (ဃ) မိန့်။

**(င) သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ဂ+ဃ) တို့ဖြင့် လာဘသက္ကာရဟာနိဖြစ်ပုံ ပက္ခဟာနိဖြစ်ပုံ အကျယ်ပြပြီး၍ ယခုအခါ၌ ယင်းစကားရပ်များကို အကျဉ်းချုံး၍ နိဂုံး အုပ်လိုသော ဆရာသည် (င) မိန့်။

➤ ❸ ။ [ **က+စ ဝါကျတို့ကို၍** ] (၁) နနု ကွဒါနိ တေန ဘဂဝတော ဝဏ္ဏော ဝတ္တဗ္ဗော ဘဝေယျ။ (၂) အထ ကသ္မာ ရတနတ္တယဿ အဝဏ္ဏမေဝ ဘာသတိ။ (၃) နနု သေ လာဘသက္ကာရဟာနိယာစေဝ ပက္ခဟာနိယာစ နိစ္စမ္ပိ ဘဂဝန္တံ ဥဿူယတိ။

(၄) တသ္မာ ရတနတ္တယဿ အဝဏ္ဏမေဝ ဘာသတိ။

**(စ) ၌ ပန-သဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ-ဟူသော ပါဠိတော် စကားကို မနှစ်သက်သောကြောင့် ပန-သဒ္ဒါ ထားရပါသည်။

**ပန-သဒ္ဒါ၏ အနက်** ။ ။ ပနသဒ္ဒါသည် အရုစိသံသူစနတ္ထ ဖြစ်ပါသည်။

**ကိဉ္စာပိ သဒ္ဒါထားရစကြောင်း** ။ ။ သုပ္ပိယပရိဗိုဇ်၏ ရတနာသုံးပါး၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်းဟု ဆိုအပ်သော အနက်ကို မနှစ်သက်၍ လုတ္တနိဒ္ဒိဋ္ဌ၏ အစွမ်းဖြင့် ကိဉ္စာပိ သဒ္ဒါကို ထားရပါသည်။

➤ ၄။ ကတပုညောဟိ သေဝိယတီတိ အီရိ။ (၃) မိုဝဲခြင်း ကြိယာသကတ်သည် ဝစနပေတု မည်၏။ (၅) ကျက်သရေဒြဗ်သည် ဝစနီယ။ (၆) လက္ခီ-စသော--

နတ္ထိ သီရီ ဧတေသန္တိ **နိဿိရိကာ**။

[ဥပမေယျဘက်ကို၍] (၃) အရောင်အဝါ မရှိခြင်းဂုဏ်နှင့် သာသနာပ တိတ္ထိပုဂ္ဂိုလ် များဖြစ်၏ ဂုဏ်-ဂုဏီး အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဝစနပေတု မည်၏။

(၅) သာသနာမှတစ်ပါးသော တိတ္ထိများသည် ဝစနီယ မည်၏။ (၆) အညတိတ္ထိယ, ပဟီနလာဘသက္ကာရ, နိဿောဘန-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

http://www.dhammadownload.com



[ ဥပမာနဘက်ကို၍] (၃) အရောင်အဝါ တင့်တယ်ခြင်း မရှိသော ဂုဏ်နှင့် ပိုးစုန်းကြူးဖြစ်တို့၏ ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

(၅) ပိုးစုန်းကြူးဖြစ်သည် ဝစနီယ မည်၏။ (၆) ခဇ္ဇောပနက, နိဿောဘန-စသော။

နိဿိရိကာနံ ဘာဝေါ **နိဿိရိကတာ**။ (တံ) (၃) ပိုးစုန်းကြူး (ဝါ) အညတိတ္ထိယတို့၏ ကျက်သရေ မရှိခြင်း နိဿိရိကဘာဝနှင့် ဂုဏေး-ဂုဏ်/ဌာန-ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ကျက်သရေတို့၏ မရှိခြင်းဂုဏ်ဖြစ်သည် ဝစနီယ မည်၏။ (၆) အလက္ခိကတာ, နိဿောဘတာ-စသော--။

လဘိတဗ္ဗောတိ **လာဘော**။ (၃) ရခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (၅) ပစ္စည်းလေးပါးဖြစ်သည် ဝစနီယ မည်၏။ လဘိတဗ္ဗ, လဒ္ဓ, ဝိန္ဒက-စသော--။

သမ္မာ ကရီယတေတိ **သက္ကာရော**။ (၃) ကောင်းစွာပြုခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) လာဘ်လာဘဖြစ်သည် ဝစနီယ။ (၆) မာနိတ, ပူဇိတ-စသော

တရန္တိ ဧတ္ထာတိ တိတ္ထံ။ (၃) ကူးမြောက်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အယူဖြစ်သည် ဝစနီယ မည်၏။ (၆) လဒ္ဓိ, ဒိဋ္ဌိ-စသော။

* တိတ္ထံ ဝိယာတိ **အတိတ္ထံ**။ အညံ တိတ္ထံ အညတိတ္ထံ၊ အညတိတ္ထံ ယေသံ အတ္ထီတိ **အညတိတ္ထိယာ**။ (၃) သာသနာတော်အယူမှ တစ်ပါးသော အယူ၏ တိတ္ထိတို့ဖြစ်နှင့် ဂုဏ်-ဂုဏေး/ဝိသေသန-ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) တိတ္ထိတို့ဖြစ်သည် ဝစနီယ မည်၏။ (၆) အညလဒ္ဓိကာ-စသော--။

အန္ဓကာရဝိဓမနေန သတ္တာနံ ဘယံ သရတိ ဟိံသတီတိ **သူရိယော**။

(၃) အမိုက်မှောင်ကို ပယ်ဖျောက်ခြင်းဖြင့် သတ္တဝါတို့၏ ဘေးကို ညှဉ်းဆဲခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) နေဖြစ်သည် ဝစနီယ မည်၏။ (၆) အာဒိစ္စ, သူရ, ဒိနပ္ပတိ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

သရတိ ဂစ္ဆတီတိ **သူရိယော**။ (၃) သွားခြင်းကြိယာသကတ်သည် ဝစနဟေတု။

➤ ❶။ နိဿိရိကတံ-၌ တာသမ္ဗန်ကား ဥပမေယျဘက်၌ အညတိတ္ထိယာနံ၊ ဥပမာနဘက်၌ ခဇ္ဇောပနကာနံ ဖြစ်ပါသည်။ (တို့၏/တို့သည် စပ်)

(ခ) ၌ **လာဘသက္ကာရဟာနိယာ၊ ပဟာနိယာ**တို့၏ သမ္ဗန်ကား - တေသံ (သုပ္ပိယ ပရိဗ္ဗာဇကဿ) ဖြစ်ပါသည်။ (၏/စပ်)

**အမှာ**/ ဘောဟောဖြစ်၍ သမ္ဗန် သမ္ဗန္ဓီ တစ်ချက်သာ စပ်၏။ "၏"ဟုသာ အနက်ပေးရသည်။

(ဂ) ၌ **ပရိဟီနလာဘသက္ကာရာ**-ကို ပရိဟီနလာဘသက္ကာရတ္တာ-ဟု ဟိတ်ပြင်လျှင် အညတိတ္ထိယာနံ-ဟု သမ္ဗန်ခံရပါမည်။ (တို့၏/တို့သည် စပ်)

**ပက္ကစန္ဒေသု**-ကို ပက္ကန္တတ္တာ-ဟု ဟိတ်ပြင်လျှင် တေသံ (ဥပတိဿ ကောလိတာနံ)

http://www.dhammadownload.com



ဟု သမ္ဗန်ခံရပါမည်။ (တို့၏/တို့သည် စပ်)

(စ) ဓာတ္ထာကို ဥဒ္ဒူယတ္တာ-ဟု စွဲလျှင် သမ္ဗန်ကား ဣမဿ ပရိဗ္ဗာဇကဿ ဖြစ်ပါသည်။ (၏/သည် စပ်)

➤ ၆ ။ (ယ)၌ တေသု ပန ပက္ကန္တေသု-ဖြင့် ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလာန်တို့သည် (သိဉ္စည်းပရိဗိုဇ်ကြီးထံမှ ထွက်ခွါကြကုန်၍) ဘုရားရှင်အထံ၌ ရဟန်းပြုကြကုန်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

သာပိ တေသံ ပရိသာ ဘိန္နာ-ဖြင့် ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလာန်တို့ ဘုရားရှင်ထံ ရဟန်းပြုသောအခါ၌ပင်လျှင် ပရိဗိုဇ်ပရိသတ် နှစ်ရာငါးဆယ်တို့သည် ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလာန်တို့နှင့်အတူ ဘုရားရှင်ထံ ရဟန်းပြုကြကုန်၏၊ ထိုမှနောက်၌လည်း အတုလိုက်၍ ဘုရားရှင်ထံ ရဟန်းပြုကြကုန်သော ပရိဗိုဇ်ပရိသတ်တို့သည် အတိုင်းအရှည် မရှိ များပြားကုန်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

➤ ၉ ။ (စ) ဝါကျ- ယသ္မာ ပနေသ လာဘဿ၊ သက္ကာရဿစ ဟာနိယာ။

ပကွဿ ဟာနိယာစာပိ၊ ဗုဒ္ဓံ နိစ္စမ္ပိ ဣဿတိ။ (ပထျာဝတ္တဂါထာ)

➤ ၁ ၀ ။ ဥဒ္ဒူယတိ-၌ ဓာတ်အရ/အန္တတ္ထ အရ ။ ။ သုပ္ပိယပရိဗိုဇ်၏ သန္တာန်၌ ဖြူ စူခြင်းဟု ဆိုအပ်သော ဣဿာ မစ္ဆရိယ ဒေါသ-စသည် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကောဓဒ္ဒေါယိဘာဝ, ရုဒ္ဓရသ မည်၏။ မြတ်စွာဘုရားဒြပ်သည် အာရမ္မဏဝိဘာဝ။ လာဘ သက္ကာရဆုတ်ယုတ်ခြင်း ပရိသတ်အသင်းအပင်း ယုတ်လျော့ခြင်းဟူသော အကြောင်း နှစ်ချက်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ ဖြူစူခြင်းတည်းဟူသော အဆိပ်ကို ပျို့အန်သော အားဖြင့် ရတနာသုံးပါး ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့ကြောင်းစကားကို ပြောဆိုခြင်း, ယင်းသို့ ပြောဆိုခြင်းကြောင့် အပါယ်ဒုဂ္ဂတိ၌ ဖြစ်ရခြင်း-စသော အကျိုးအဆက်ဆက်သည် အနုဘာဝ မည်၏။

### ပါဌ် (၅၅)

(က) တတ္ထ အမ္ဗလဋ္ဌိကာတိ ရညော ဉယျာနံ၊

(ခ) တဿ ကိရ ဒွါရသမီပေ တရုဏက အမ္ဗ ရုက္ခော အတ္ထိ၊ တံ အမ္ဗလဋ္ဌိကာတိ ဝဒန္တိ၊

(ဂ) တဿ အဝိဒူရေ ဘဝတ္တာ ဉယျာနမ္ပိ အမ္ဗလဋ္ဌိကာတွေဝ သင်္ချံ ဂတံ၊

(ဃ) တံ ဆာယူဒကသမ္ပန္နံ ပါကာရပရိက္ခိတ္တံ သုယောဇိတဒွါရံ မဉ္ဇူသာ ဝိယ သုဂုတ္တံ၊

(င) တတ္ထ ရညော ကီဠနတ္ထံ ပဋိဘာနစိတ္တဝိစိတ္တံ အဂါရံ အကံသု၊ တံ ""ရာဇာဂါရက""န္တိ ဝုစ္စတိ၊ (ဋ၊၄၂။ ဘာသာဋီကာ၊ပ၊၂၆၈။)

➤ ၁ ။ အမ္ဗလဋ္ဌိကာယံ-ဉယျာဉ်တံခါးအနီး၌ နုပျိုသော သရက်ပင် ပေါက်ရောက်လျက်ရှိသည်၏အဖြစ်ကြောင့် အမ္ဗလဋ္ဌိကာ အမည်ရှိသော ဉယျာဉ်၌။

http://www.dhammadownload.com



ရာဇာဂါရစကား-မင်းကို ကစားစေခြင်းငှာ မိန်းမရုပ် ယောကျ်ားရုပ် ယှဉ်တွဲလျက် ရေးချယ်ထားခြင်းကြောင့် အထင်အမြင်အားဖြင့် အလွန်ဆန်းကြယ်သော မင်းစံ နန်းတော်၌။

(က) တတ္ထ၊ထို အထခေါ် ဘဂဝါ အစရှိသော ပါဌ်၌။အမ္ဗလဋ္ဌိကာတိ၊ကာ-ဟူသည် ကား။ရညော၊မင်း၏။ဥယျာန်၊ဥယျာဉ်တည်း။

(ခ) ကိရချဲ့ဦးအံ့။တဿ၊ထိုဥယျာဉ်၏။ဒွါရသမီပေ၊တံခါးပေါက်၏ အနီး၌။တရုဏ အမ္ဗရုက္ခော၊နုပျိုသော သရက်ပင်သည်။အတ္ထိ၊ရှိ၏။(မနုဿာ၊လူတို့သည်။) တံ၊ထိုနုပျိုသော သရက်ပင်ကို။အမ္ဗလဋ္ဌိကာတိ၊ကာ-ဟူ၍။ဝဒန္တိ၊ခေါ် ဝေါ်ကြကုန်၏။

(ဂ) [ကေဝလံ၊သက်သက်။တရုဏအမ္ဗရုက္ခော ဝေါ၊နုပျိုသော , သရက်ပင်သည်သာ လျှင်။အမ္ဗလဋ္ဌိကာတွေဝ၊ကာ-ဟူ၍သာ။သင်္ချာ၊သို့။ဂတော၊သည်။နမဟုတ်သေး။အထခေါ၊ စင်စစ်ကား] တဿ၊ထိုနုပျိုသော သရက်ပင်၏။အဝိဒူရေအနီး၌။ဘဝတ္တာ၊ဖြစ်သည်၏ အဖြစ်ကြောင့်။ဥယျာနမ္ပိ၊ဥယျာဉ်သည်လည်း။အမ္ဗလဋ္ဌိကာတွေဝ၊ကာ-ဟူ၍သာ။သင်္ချံ၊ခေါ် ဝေါ် အပ်သည်၏အဖြစ်သို့။ဂတံ၊ရောက်ပြီ။

(ဃ) [ဥပမာအတွင်းသွင်း ] တံ၊ထိုအမ္ဗလဋ္ဌိကာ ဥယျာဉ်သည်။(ဝါ)ကို။ဆာယူဒက သမ္ပန္နံ၊အရိပ်, ရေတို့နှင့် ပြည့်စုံသည်။ပါကာရပရိက္ခိတ္တံ၊တံတိုင်းဖြင့် ကာရံအပ်သည်။ သု ယောဇိတဒွါရံ၊ကောင်းစွာ တပ်အပ်သော တံခါးရှိသည်။မဉ္ဇူသာ၊ပူတာတံတင်းကို (ဝါ) သေတ္တာကို။သုဂုတ္တာ ဝိယ၊ကောင်းစွာ စောင့်ရှောက်အပ်သကဲ့သို့။(ဝါ) ကောင်းစွာ လုံခြုံ စေအပ်သကဲ့သို့။သုဂုတ္တံ၊ကောင်းစွာ စောင့်ရှောက်အပ်ပြီးသည်။ (ဝါ) ကောင်းစွာ လုံခြုံ သည်။ဟောတိ။ဖြစ်၏။

[ ဥပမာ အပြင်ထုတ် ] တံ ဥယျာန်၊သည်။ဆာယူဒက သမ္ပန္နံ၊အရိပ်, ရေတို့နှင့် ပြည့်စုံ ၏။ပါကာရပရိက္ခိတ္တံ၊တံတိုင်းဖြင့် ကာရံအပ်၏။ သုယောဇိတဒွါရံ၊ကောင်းစွာ တပ်အပ် သော တံခါးရှိ၏။သုဂုတ္တံ၊ကောင်းစွာ လုံခြုံစေအပ်၏။ကာ ဝိယ၊အဘယ်အရာကဲ့သို့ နည်း ဟူမူကား။မဉ္ဇူသာ၊သေတ္တာကို။သုဂုတ္တာ ဝိယ၊ကောင်းစွာ လုံခြုံစေအပ်သကဲ့သို့တည်း။

➤ ❷ ။ **(စ) သို့/ အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် အမ္ဗလဋ္ဌိကဟူသည် မင်း၏ ဥယျာဉ်တည်းဟု ဖွင့်ပြတော်မူပြီး၍ ယခုအခါ၌ မင်းဥယျာဉ်၏ အမ္ဗလဋ္ဌိက ဖြစ်ပုံ ခေါ် ရပုံ အကျယ်ကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) မိန့်၏။

**(စ) သို့/** ဆရာ၊ ဆရာသည် (က) ဖြင့် မင်း၏ ဥယျာဉ်သည် အမ္ဗလဋ္ဌိကာ မည်၏ဟု ပြဆို၏။ ထိုမင်း၏ ဥယျာဉ်သည် အမ္ဗလဋ္ဌိကာ မည်၏ဟူသော စကားရပ်၏ အကျယ် ကို မပြဆိုပြီလော၊ အကျယ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ) မိန့်၏။

**(ဂ) သို့/ အယုတ္တာဘောဂစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် -- ပြဆို၏။ အဘယ့်ကြောင့် ဥယျာဉ်သည် အမ္ဗလဋ္ဌိကာ မည်ပါသနည်း၊ နုပျိုသော သရက်ပင်သည် သာ မုချအားဖြင့် အမ္ဗလဋ္ဌိကာ မည်သည် မဟုတ်ပါလော၊ စုဒ်ကြောင့် (ဂ) မိန့်၏။

http://www.dhammadownload.com



**(ဃ) သို့/ စောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် သရက်ပင်ပျို၏ အနီး၌ ဖြစ်သောကြောင့် သမီပပစာအားဖြင့် မင်း၏ ဥယျာဉ်သည်လည်း အမ္ဗလဋ္ဌိကာဟူ၍ ရေတွက်ခြင်းသို့ ရောက်သောဟု ဆို၏။ ထိုဥယျာဉ်ကား အဘယ်သို့ သဘောရှိသနည်း။ ခြောက်ခြောက်သွေ့သွေ့ ဖြစ်ပြီး မလုံ မခြုံဟု မှတ်ရပါမည်လော။ စုဒ်ကြောင့် (ဃ) မိန့်

**ကား**-- ဥယျာဉ်သည် ခြောက်ခြောက်သွေ့သွေ့ မဟုတ်၊ အရိပ်ရေနှင့် ပြည့်စုံ၏၊ တံတိုင်းအရံလည်း ရှိ၏၊ တံခါးပေါက်လည်း ရှိ၏ဟူလို။

**(ဃ) သို့/ အနုသန္ဓေ** ။ ။ ဤသို့ (ဂ) ဖြင့် အမ္ဗလဋ္ဌိကာသဒ္ဒါသည် မုချအားဖြင့် နုပျိုသော သရက်ပင်ဟူသော အနက်ကို ဟောသည်၏အဖြစ်ကိုရင်း၊ သမီပပစာအားဖြင့် ဥယျာဉ်ဟူသော အနက်ကိုဟောသည်၏အဖြစ်ကိုရင်း၊ ပြပြီး၍ ယခုအခါ၌ ဥယျာဉ်၏ ဂုဏ်ထူးဝိသေသကို ပြခြင်းငှာ (ဃ) မိန့်။

**(င) သို့/ သာမညာနုသန္ဓေ** ။ ။ ဤသို့ (က-ခ-ဂ-ဃ) တို့ဖြင့် အမ္ဗလဋ္ဌိကာပုဒ်၏ အဖွင့်ကို ပြပြီး၍ ယခုအခါ၌ ရာဇာဂါရကေပုဒ်၏ အဖွင့်ကို ပြလိုသော ဆရာသည် (ယ) ဝါကျကိုမိန့်။

**(င) သို့/ဝိသေသာနုသန္ဓေ** ။ ။ ဤသို့ (က-ခ-ဂ-ဃ) တို့ဖြင့်အမ္ဗလဋ္ဌိကာသဒ္ဒါသည် မုချအားဖြင့် နုပျိုသော သရက်ပင်ဟူသောအနက် ဟောသည်ကိုရင်း၊ သမီပျူပစာအားဖြင့် ဥယျာဉ်ဟူသော အနက်ဟောသည်ကိုရင်း၊ ဥပစာရတ္တဖြစ်သော ဥယျာဉ်၏ ဂုဏ်ထူးဝိသေသကိုရင်း မြဆိုပြီး၍ ယခုအခါ၌ ရညော အဂါရံ ရာဇာဂါရံ၊ ရာဇာဂါရံ ဧဝ ရာဇာဂါရကံ-ဟူသော ဝစနတ္ထကိုရင်း၊ မင်း၏ စံနန်းတော်၏ ဂုဏ်ထူးကိုရင်း၊ ထိုစံနန်းတော် ဆောက်လုပ်ခြင်း၌ အကျိုးကျေးဇူးကိုရင်း ပြလိုသော ဆရာသည် (င) မိန့်။

**(င) သို့/ စောဒနာ** ။ ။ ဆရာ၊ ဆရာသည် (က-ခ-ဂ-ဃ) တို့ဖြင့်-- ပြတော်မူ၏။ ရာဇာဂါရကကား အဘယ်သမာသ်နည်း၊ ဗဟုဗ္ဗီဟိသမာသ်လော၊ ကပစ္စည်းသည် အဘယ် အနက်၌ဖြစ်သနည်း၊ ခုဒ္ဒကအနက်၌ ဖြစ်သလော၊ အဘယ်အကျိုးငှာ မင်း၏နန်းတော်ကို ဆောက်လုပ်ကြကုန်သနည်း၊ နေထိုင်ခြင်းမျှအကျိုးငှာ ဆောက်လုပ်ကြကုန်သလော၊ ၎င်း မင်း၏ စံနန်းတော်သည် အဘယ်ဂုဏ်ထူးဝိသေသရှိသနည်း၊ ဂုဏ်ထူးဝိသေသမှကင်းသော မင်း၏ စံနန်းတော်ဖြစ်သလော၊စုဒ်ကြောင်း (င) မိန့်။

**အမှာ/** လီနတ္ထရစောဒနာဟူ၍လည်း ခေါ်ကြ၏၊ သံဝဏ္ဏေတဗ္ဗကိုလည်း ဌပနာ ထားနိုင်၏၊ "ရာဇာဂါရကေ"ကို ဌပနာ ထားပါ။

➢ ❷ ။ | စ+ဂ ဝါကျတို့ကို၌ | (၁) နနု တဿ ဒွါရသမီပေ တရုဏာ အမ္ဗရုက္ခော အတ္ထိ၊ တံ အမ္ဗလဋ္ဌိကာတိ ဝဒန္တိ။ (၂) အထ ကသ္မာ ဥယျာနမ္ပိ အမ္ဗလဋ္ဌိကာတွေဝ သင်္ချံ ဂတန္တိ ဝုတ္တံ။ (၃) နနု တဿ အဝိဒူရေ ဘဝတ္တာ။

(၄) တသ္မာ ဥယျာနမ္ပိ အမ္ဗလဋ္ဌိကာတွေဝ သင်္ချံ ဂတန္တိ ဝုတ္တံ။

http://www.dhammadownload.com



➤ ❾။ ဖလကာမေဟိ ဇနေဟိ အမိယတိ ဂမိယတီတိ **အမ္ဗော**။

ရုဟတိ ဇနေတီတိ **ရုက္ခော**။(အစိတ်) အမ္ဗောစ သော ရုက္ခောစာတိ **အမ္ဗရုက္ခော**။ (အပေါင်း) (၃) အမ္ဗ-အရ သရက်၏ ရုက္ခ-အရ သစ်ပင်နှင့် ဝိသေသန-ဝိသေသျ/ဂုဏ်-ဂုဏဳ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) သရက်ပင်ဟူသော အနက်ဒြပ်သည် ဝစနီယ မည်၏။ (၆) စူတပါဒပေါ, စူတရုက္ခော-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

အမီယတေ ဉာယတေတိ **အမ္ဗော**။ (၃) သိခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) သရက်ပင်ဒြပ်သည် ဝစနီယ မည်၏။ (၆) စူတ, သဟ-စသော။

ရုဟတိ ဇနေတီတိ **ရုက္ခော**။ (၃) ဖြစ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) သစ်ပင်ဒြပ်သည် ဝစနီယ မည်၏။ (၆) မဟိရုဟ, ဒုမ-စသော။

လဠတိ တရုဏော ဟုတွာ ပဝတ္တတီတိ **လဋ္ဌိကာ**။ လဋ္ဌိကာ အမ္ဗော **အမ္ဗလဋ္ဌိကာ**၊

အမ္ဗလဋ္ဌိကာယ အဝိဒူရေ ဘဝါ **အမ္ဗလဋ္ဌိကာ**။ (၃) နုပျိုသော သရက်ပင်၏ ဥယျာဉ်နှင့် သမီပီ-သမီပ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဥယျာဉ်ဒြပ်သည် ဝစနီယ မည်၏။ (၆) စူတလဋ္ဌိကာ-စသော--

ဆေတိ ဆိန္ဒတိ သံသယန္တိ **ဆာယာ**။ (၃) ဖြတ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အရိပ်ဒြပ်သည် ဝစနီယ မည်၏။ (၆) ပတိဗိမ္ဗ-စသော--

မညတိ သဓနတ္တံ ဝေါဟာယာတိ **မဉ္ဇူသာ**။ (၃) သိခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (၅) သေတ္တာဒြပ်သည် ဝစနီယ မည်၏။ (၆) ကဋ္ဌပေဠာ-စသော။

သမ္ပန္နဒဿနီယပုပ္ဖဖလာဒိတာယ ဥလ္လောကေန္တာ ယန္တိ ဇနာ ဧတသ္မိန္တိ **ဥယျာနံ**။

(၃) ဥ-အရ ကြည့်ရှုကုန်သော သူတို့၏ ယထာရဟ စိတ္တပ္ပါဒ်၏ ဥယျာဉ်နှင့် အာရမ္မဏိက-အာရုံ အကျိုး-အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ရင်း, လူတို့၏ တမော့မော့ ကြည့်ရှုကုန်လျက် သွားခြင်းကြိယာ သကတ်သည်ရင်း ဝစနဟေတု မည်၏။ (၅) မင်းဥယျာဉ်ဒြပ်သည် ဝစနီယ မည်၏။ (၆) အရညဝိသေသ, ဝနဝိသေသ-စသော။

ယုဇ္ဇတီတိ ယောဇိတံ၊ သုဋ္ဌု ယောဇိတန္တိ သုယောဇိတံ၊ ဒွေ ဇနာ အရန္တိ ဂစ္ဆန္တိ ဧတ္ထာတိ ဒွါရံ။/ဒွရန္တိ သံဝရန္တိ ဧတေနာတိ ဒွါရံ။(အစိတ်)

သုယောဇိတံ ဒွါရံ ယဿ ဥယျာနဿာတိ **သုယောဇိတဒွါရံ**။ (အပေါင်း)

(၃) ကောင်းစွာ ယှဉ်စပ်အပ်သော တံခါးဒြပ်နှင့် တံခါးရှိသော ဥယျာဉ်၏ ဂုဏ်-ဂုဏဳ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတုမည်၏။ (၅) ဥယျာဉ်ဒြပ်သည် ဝစနီယ မည်၏။ (၆) ဆာယူဒကသမ္ပန္န, ပါကာရပရိက္ခိတ္တ, သုဂုတ္တ-စသော--

➤ ❿။ **အဝဏ္ဏာ**-ဟိတ်၏ သမ္ဗန်ကား ဥယျာနဿ ဖြစ်ပါသည်။(၏/သည် စပ်)

**ဆာယူဒကသမ္ပန္နံ**-ကို ဆာယူဒကသမ္ပန္နတ္တာ-ဟု ဟိတ်ပြင်လျှင်- တသ္မ အမ္ဗလဋ္ဌိက

http://www.dhammadownload.com



ဥယျာနသ-ဟု သမွန်ခံရပါမည်။ (၏/သည် စပ်)

➤ ၆ ။ (က) ၌ ရသော ဥယျာနံ-ဖြင့် အမ္ဗလဋ္ဌိကာဟူသည် မင်း၏ ဥယျာဉ်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) (တနည်း) အမ္ဗလဋ္ဌိကာပုဒ်ကို လဋ္ဌိကာ အမ္ဗော အမ္ဗလဋ္ဌိကာ-ဟု ဝိသေသနပဒ ဇစနတ္တပြု၍ နုပျိုသော သရက်ပင်ကို ရသော်လည်းသမီပူပစာရအားဖြင့်ကား သရက်ပင်၏အနီး၌ဖြစ်သော မင်း၏ဥယျာဉ်ကို ရသတည်းဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ခ) ဖြင့် သမီပူပစာရအားဖြင့် မင်းဥယျာဉ်သည် အမ္ဗလဋ္ဌိကာမည်သော်လည်း မုချတ္ထအားဖြင့်ကား မင်းဥယျာဉ်၏ တံခါးအနီး၌ရှိသော နုပျိုသော သရက်ပင်သည်သာ အမ္ဗလဋ္ဌိကာမည်၏ဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) အမ္ဗလဋ္ဌိကာ၌ လဋ္ဌိကာသဒ္ဒါ၏ တရုဏသဒ္ဒါ၏ ပရိယာယ်၏အဖြစ်ကိုရင်း (ပရိယာယ်ပြ အဘိဓေယျတ္ထ) သိစေသည်

(ဂ) ၌ ဥယျာနမ္ပိ-ဖြင့် အမ္ဗလဋ္ဌိကာ-အရ မုချအနက်ဖြစ်သော နုပျိုသော သရက်ပင်ကိုသာ မယူရ၊ သမီပျူပစာအားဖြင့် ဥယျာဉ်ကိုလည်း ယူရမည်ဟု သိ။ (အဘိဓေယျတ္ထ)

တဿ အဝိဒူရေ ဘဝတ္တာ-ဖြင့် အမ္ဗလဋ္ဌိကာယ အဝိဒူရေ ဘဝ၊ အမ္ဗလဋ္ဌိကာ-ဟု ဘဝတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ဏပစ္စည်း ဘဝတဒ္ဓိတ်အနက်၌ သက်သည်၏ အဖြစ်ကိုရင်း (ပစ္စယတ္ထ) နုပျိုသော သရက်ပင်၏ အနီး၌ ဖြစ်သောကြောင့် ဥယျာဉ်သည်လည်း သမီပူပစာအားဖြင့် အမ္ဗလဋ္ဌိကာ မည်သည်၏ အဖြစ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(ဃ) ဖြင့် အမ္ဗလဋ္ဌိကာ-အရ ဥပစာအားဖြင့် ယူအပ်သော ထိုဥယျာဉ်သည် သာမညဖြစ်သော ဥယျာဉ်မဟုတ်၊ အရိပ် ရေနှင့်လည်း ပြည့်စုံ၏၊ တံတိုင်းတို့ဖြင့်လည်း ကာရံအပ်၏၊ ကောင်းစွာတပ်အပ်သော တံခါးလည်းရှိ၏၊ သေတ္တာကဲ့သို့ ကောင်းစွာလုံခြုံ၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

(င) ၌ ရသော အဂါရံ-ဖြင့် ရာဇာဂါရံပုဒ်ကို ရသော အဂါရံ ရာဇာဂါရံ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) ရာဇာဂါရကံ-၌ ကပစ္စည်းသည် သမူဟတဒ္ဓိတ်၌ မသက်၊ သွတ္ထ၌ သက်သည်၏--ရင်း (ပစ္စယတ္ထ) ရာဇာဂါရံ ဧဝ ရာဇာဂါရကံ-ဟု သွတ္ထတဒ္ဓိတ် ဝစနတ္ထပြု--ရင်း (အဘိဓာနတ္ထ) သိစေပါသည်။

တတ္ထ-ဖြင့် အမ္ဗလဋ္ဌိကာယံ-၌ ယံ-သည် သတ္တမီဝိဘတ်၏ ကာရိယတည်းဟု သိစေပါသည်။ (ဝိဘတ္တိပဒ)

ကီဠနတ္ထံ-ဖြင့် မင်းအိမ်ကို ပြုကုန်၏ဟူသည် ကစားမြူးတူးခြင်းငှာ ပြုကုန်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ပဋိဘာနစိတ္တဝိစိတ္တံ-ဖြင့် မင်းအိမ်ဟူသည် ထင်မြင်ဆန်းကြယ်သော ပန်းချီးဆေးရေး အရုပ်ရှိသော အိမ်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



➤ ❶ ။ **အမ္ဗလဋ္ဌိကာ-အရ** ။ ။ [သမာနဝါဒ-အလို] လဋ္ဌိကာသဒ္ဒါသည် တရုဏ ပရိယာယ် ဖြစ်သောကြောင့် မုချတ္ထအားဖြင့် နုပျိုသော သရက်ပင်ကို ယူရပါမည်။

နုပျိုသော သရက်ပင်၏ အနီး၌ဖြစ်သောကြောင့် ဥပစာရတ္ထအားဖြင့် မင်း၏ ဥယျာဉ်ကို ယူရပါမည်။ [ကေစိဝါဒ-အလို] အမ္ဗလဋ္ဌိကာ-အရ - သာမိပိကဝေါဟာရဖြစ်သောကြောင့် တခုသော ရွာကို ယူရပါမည်။

* **ရာဇာဂါရက-အရ** ။ ။ မင်းကို ပျော်ရွှင်စေခြင်းငှာ ယောကျ်ား မိန်းမ နှစ်ဦးသားတို့ ပျော်မြူးယှဉ်တွဲနေပုံစသည် ပန်းချီဆေးရေးရုပ်များဖြင့် အဆန်းအကြယ်ပြုလုပ်ထားသော မင်း၏ စံနန်းတော်ကို ယူရပါမည်။

(ကေစိဝါဒ-အလို) ဝေဿဝဏ်နတ်မင်းကြီး၏ နတ်ဘုံ နတ်နန်းကို ယူရပါမည်။

➤ ❹ ။ (ဃ) ဝါကျ- တံ ဆာယူဒကသမ္ဗန္ဓံ၊ ပါကာရေန ပရိက္ခိတ္တံ။
ပူရံ ဝါ ယောဇိတဒွါရံ၊ မဉ္ဇူသာ ဝိယ သံဂုတ္တံ။ (ဝတ္တဂါထာ)

➤ ❶❶ ။ (င) **ဋ္ဌိ အကံသု-အရ/ ကရဓာတ်အရ** ။ ။ မင်း၏ စံနန်းတော် ဆောက်လုပ်သော သူတို့၏သန္တာန်၌ဖြစ်သော ဆန္ဒ, ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ရ၏။

(၁) ၎င်းစိတ္တုပ္ပါဒ်သည် (ဝါ) ၎င်းစိတ္တုပ္ပါဒ်၌ ဝီရိယသည် ဥဿာဟဋ္ဌာယီဘာဝ, ဝီရရသ မည်၏။ (၂) မင်း၏ စံနန်းတော်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ပန်းချီ ဆေးရေး အရုပ်တို့သည်၎င်း၊ လက်ခ ဥစ္စာ ဆုလာဘ် နာမည် ဂုဏ်ရည်ဘွဲ့ထူးတို့ကို အလိုရှိခြင်းနှင့် အမ္ဗလဋ္ဌိကာ ဥယျာဉ်ဟူသော ဒေသ, ဆောက်လုပ်ရာကာလတို့သည်၎င်း ဥဒ္ဒီပန ဝိဘာဝ မည်၏။ (၄) လက်ခ ဥစ္စာ ဆုလာဘ် နာမည် ဂုဏ်ရည်ဘွဲ့ထူး စံနန်းတော်၌ အပန်းဖြေရခြင်း နှစ်သက်ဝမ်းမြောက်ခြင်း မြူးတူးပျော်ပါး ကစားရခြင်းတို့သည် အနုဘာဝ မည်၏။

* **ကီဠနတ္ထံ-ဋ္ဌိ ကီဠဓာတ်အရ** ။ ။ ဘုရင်မင်းမြတ်၏ သန္တာန်၌ဖြစ်သော မြူးတူးပျော်ပါး ကစားခြင်း၏ အစွမ်းအားဖြင့်ဖြစ်သည့် တဏှာ လောဘပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ, ကာမသိင်္ဂါရရသ မည်၏။ မြူးတူးပျော်ပါး ကစားဖွယ်ရာဖြစ်သော ကာမဂုဏ်ငါးပါး အာရုံတရားများသည် အာရမ္မဏဝိဘာဝ မည်၏။ အမ္ဗလဋ္ဌိကာမည်သော ဥယျာဉ်သည်၎င်း၊ ဥယျာဉ်တွင်း၌ ဆောက်လုပ်ထားသော စံအိမ်တော်သည်၎င်း ဥဒ္ဒီပနဝိဘာဝ မည်၏။ နောင်တမလွန်၌ ပြိတ္တာဘုံသို့ ကပ်ရောက်ရခြင်း စသော မကောင်းကျိုး အဆက်ဆက်ဟူသမျှသည် အနုဘာဝ မည်၏။

(စ) **ဝခန္တိ-ဋ္ဌိ ဝဓာတ်အရ** ။ ။ သဝိညတ္တိဝစီဘေဒ စိတ္တဇရုပ်ကို ဖြစ်တတ်သော စိတ္တုပ္ပါဒ်သည် ဝမ္ဘရတိ ဋ္ဌာယီဘာဝ, ဝမ္ဘသိင်္ဂါရရသ မည်၏။ နုပျိုသော သရက်ပင်သည် အာရမ္မဏဝိဘာဝ မည်၏။ သရက်ပင်၏ နုပျိုသည်၏အဖြစ်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ အနီးဖြစ်သော ဥယျာဉ်ကို အမ္ဗလဋ္ဌိက-ဟု ခေါ်ဝေါ်သုံးစွဲနိုင်ခြင်းသည် အနုဘာဝ။

http://www.dhammadownload.com



**ဓါကျ (၅၆)**

(က) သုပ္ပိယောပိ ခေါတိ သုပ္ပိယောပိ တသ္မိံ ဌာနေ သူရိယံ ဩလောကေတွာ ""အကာလော ဒါနိ ဂန္တုံ၊ (ခ) ဗဟူ ခုဒ္ဒကမဟလ္လကာ ပရိဗ္ဗာဇကာ၊

(ဂ) ဗဟုပရိဿယော စာယံ မဂ္ဂေါ စောရေဟိပိ ဝါဠယက္ခေဟိပိ ဝါဠမိဂေဟိပိ၊

(ဃ) ပရိဗ္ဗာဇကောပိ ဥယျာနဿ ကေပဒေသေ ပရိဗ္ဗာဇကေပရိက္ခာရေ ဩတာရေတွာ ဝါသံ ဥပဂစ္ဆိ သဒ္ဓိံ အတ္တနော ပရိသာယ၊

(င) ပါဠိယံ မာရုဠ္ဟဝသေနေဝ ပန ""သဒ္ဓိံ အတ္တနော အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေနာ"" တိ ဝုတ္တံ၊ (ဋ၊၄၂/၄၃။ ဘာသာဋီကာ၊ပ၊၂၆၉။)

➢ ❶ ။ (က) သုပ္ပိယောပိခေါတိ၊သုပ္ပိယောပိ ခေါဟူသည်ကား။သုပ္ပိယောပိ၊သုပ္ပိယ သည်လည်း။တသ္မိံ ဌာနေ၊ထိုဥယျာဉ် တံခါးပေါက် အရပ်၌။သူရိယံ၊နေကို။ဩလောကေ တွာ၊ကြည့်၍။(ဝါ) ကြည့်လတ်သော်။ဒါနိ၊ယခုအခါ၌။ဂန္တုံ၊သွားခြင်းငှာ။အကာလော၊အခါ မဟုတ်တော့။ (ခ) ခုဒ္ဒကမဟလ္လကာ၊ငယ်ကုန် ကြီးကုန်သော။ပရိဗ္ဗာဇကာ၊ပရိဗိုဇ်တို့သည်။ ဗဟူ၊များကုန်၏။ (ဂ) အယံစ မဂ္ဂေါ၊ဤလမ်းသည်လည်း။စောရေဟိပိ၊ခိုးပြတို့ဖြင့်ရင်း။ ဝါဠယက္ခေဟိပိ၊ရဲရင့်သော ဘီလူး သားရဲတို့ဖြင့်ရင်း။ဝါဠမိဂေဟိပိ၊ရဲရင့်သော ခြင်္သေ့ သစ် ကျား-စသော သားကောင်တို့ဖြင့်ရင်း။ဗဟုပရိဿယော၊များစွာသော ဘေးရန်ရှိ၏။

(ဃ) ပရိဗ္ဗာဇကောပိ၊(သုပ္ပိယ) ပရိဗိုဇ်သည်လည်း။ဥယျာနဿ၊(အမ္ဗလဋ္ဌိကာ မည် သော) ဥယျာဉ်၏။ကေပဒေသေ၊တစ်ခုသော နံပါး၌။(တစ်ခုသော ဘေးအရပ်၌) ပရိဗ္ဗာဇကေ ပရိသာယော၊မိမိ၏ ပရိဗိုဇ်ပရိသတ်တို့ကို။(ကာရိုက်ကံ) ပရိဗ္ဗာဇကပရိက္ခာရေ၊ပရိဗိုဇ်တို့ ပရိက္ခရာတို့ကို။(ဓာတ်ကံ) ဩတာရေတွာ၊ချစေ၍။အတ္တနော၊မိမိ၏။ပရိသာယ၊ပရိသတ်နှင့်။ သဒ္ဓိံ၊အတူ။ဝါသံ၊နေခြင်းသို့။ဥပဂစ္ဆိ၊ကပ်ရောက်ပြီ။

(င) ပန၊ထိုသို့ပင် ပရိသတ်နှင့်အတူ ကပ်ရောက်ပါသော်လည်း။ပါဠိယံ၊ပါဠိတော်၌။ အာရုဠ္ဟဝသေန၊တက်ရောက်သော စကား၏ အစွမ်းဖြင့်သာလျှင်။ "သဒ္ဓိံ အတ္တနော အန္တေ ဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေနာ" တိ၊မာဏဝေန-ဟူ၍။ဝုတ္တံ၊သီဟိုဠ်အဋ္ဌကထာ၌ ဆို အပ်ပြီ။

➢ ❷ ။ (ခ)သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် သုပ္ပိယပရိဗိုဇ်သည်လည်း ဥယျာဉ် ၌ နေကို ကြည့်လျက် သွားချိန် မသင့်တော့ဟု ကြံစည်သည်ကို ဖွင့်ဆို၏။ အဘယ့် ကြောင့် သွားချိန် မသင့်ဟု ဖွင့်ဆိုပါသနည်း။ သွားလိုက သွားနိုင်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (ခ) မိန့်

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် သုပ္ပိယပရိဗိုဇ်သည် မိမိ၏ ပရိသတ်၌ ငယ် ကုန် ကြီးကုန်သော ပရိဗိုဇ်တို့ များသောကြောင့် သွားချိန်မသင့်ဟု ဆုံးဖြတ်သောဟု ဆို ၏။ သုပ္ပိယပရိဗိုဇ်သည် ထိုငယ်ကုန် ကြီးကုန်သော ပရိသတ်တို့ များသောကြောင့်သာ

http://www.dhammadownload.com



သွားချိန်မသင့်ဟု ဆုံးဖြတ်ပါသလော။ အဘယ်အကြောင်းကြောင့်လည်း သွားချိန်မသင့်ဟူ၍ ဆုံးဖြတ်အပ်ပါသေးသနည်း။ ဆုံးဖြတ်ခြင်း၏ အကြောင်းတစ်ပါးကို မပြဆိုချေသော် ဆရာအား အဗျာပိတ အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

**(ဃ+င) သို့/** ဆရာ၊ သီဟိုဠ်အဋ္ဌကထာဆရာသည် "သဗ္ဗံ အတ္တနော အန္တေဝါသိနာ ပြဟ္မဒတ္တေန မာဏဝေန" ဟု ဖွင့်ဆိုတော်မူ၏။ သုပ္ပိယပရိဗိုဇ်သည် အမ္ဗလဋ္ဌိကဥယျာဉ်၏ နံပါးတဖက်၌ ပရိဗိုဇ် ပရိက္ခရာတို့ကို ချစေ၍ မိမိပရိသတ်နှင့်တကွ ကပ်ရောက်နေသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျှက် အဘယ့်ကြောင့် "သဗ္ဗံ အတ္တနော အန္တေဝါသိနာ ပြဟ္မဒတ္တေန မာဏဝေန" ဟူ၍ သီဟိုဠ်အဋ္ဌကထာ၌ ဖွင့်ဆိုပါသနည်း။ (ဃ-င) မိန့်။

**(ဇ) သို့/** ဆရာ၊ ဆရာသည် (ဃ) ဖြင့် သုပ္ပိယပရိဗိုဇ်သည် မိမိပရိသတ်နှင့် အတူတကွ ကပ်ရောက်နေသောဟု ဆို၏။ သီဟိုဠ် အဋ္ဌကထာ၌ "သဗ္ဗံ အတ္တနော အန္တေဝါသိနာ ပြဟ္မဒတ္တေန မာဏဝေန"ဟူ၍ ဆိုထားသည် မဟုတ်ပါလော။ အဘယ့်ကြောင့် မိမိပရိသတ်နှင့် အတူတကွ နေ၏ဟု ဆိုရပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

➤ ❷ ။ **[ က–စ ဝါကျတို့ကို၍ ]** (၁) နနု ကာလော ဒါနိ ဂန္တုံ။ (၂) အထ ကသ္မာ အကာလော ဒါနိ ဂန္တုန္တိ ဝုတ္တံ။ (၃) နနု ဗဟူ ခုဒ္ဒကမဟလ္လကာ ပရိဗ္ဗာဇကာ။

(၄) တသ္မာ အကာလော ဒါနိ ဂန္တုန္တိ ဝုတ္တံ။

**[ ဃ–င ဝါကျတို့ကို၍ ]** (၁) နနု ပရိဗ္ဗာဇကောပိ ဥယျာနသ္သ ဧကပဿေ ပရိဗ္ဗာဇက ပရိက္ခာရေ ဩတာရေတွာ ဝါသံ ဥပဂစ္ဆိ သဗ္ဗံ အတ္တနော ပရိသာယ။

(၂) အထ ကသ္မာ "သဗ္ဗံ အတ္တနော အန္တေဝါသိနာ ပြဟ္မဒတ္တေန မာဏဝေနာ" တိ သီဟဠဋ္ဌကထာယံ ဝုတ္တံ။ (၃) နနု ပါဠိယမာရုဠ္ဟဝသေန ဝုတ္တံ။ (၄) တသ္မာ "သဗ္ဗံ အတ္တနော အန္တေဝါသိနာ ပြဟ္မဒတ္တေန မာဏဝေနာ" တိ သီဟဠဋ္ဌကထာယံ ဝုတ္တံ။

*** ပနသဒ္ဒါ ထားရခြင်းအကြောင်း** ။ ။ ပါဠိတော်၌ "သဗ္ဗံ အတ္တနော အန္တေဝါသိနာ ပြဟ္မဒတ္တေန မာဏဝေန" ဟု ဆိုထားပါလျှက် အဋ္ဌကထာတွင် ပရိဗ္ဗာဇကောပိ ဝါသံ ဥပဂစ္ဆိ သဗ္ဗံ အတ္တနော ပရိသာယ-ဟု ပရိသတ်နှင့်တကွဟု ဖွင့်ဆိုသည်ကို မနှစ်သက်သောကြောင့် ပန-သဒ္ဒါကို ထားရပါသည်။

**ပနသဒ္ဒါ၏ အနက်** ။ ။ ပနသဒ္ဒါ၏ ဇောတကတ္ထကား- စပ်ရာနည်းသောကြောင့် အရုစိသံသူစနအနက် ဖြစ်ပါသည်။

**[စောဒ်-အဖြေ]** (၁) နနု ပရိဗ္ဗာဇကောပိ ဥယျာနသ္သ ဧကပဿေ ပရိဗ္ဗာဇက ပရိက္ခာရေ ဩတာရေတွာ ဝါသံ ဥပဂစ္ဆိ သဗ္ဗံ အတ္တနော ပရိသာယ။ (၂) အထ ကသ္မာ ပါဠိယ မာရုဠ္ဟဝသေနေဝ "သဗ္ဗံ အတ္တနော အန္တေဝါသိနာ ပြဟ္မဒတ္တေန မာဏဝေနာ" တိ သီလက္ခန္ဓဝဂ္ဂ ပါဠိယံ ဝုတ္တံ။ (၃) နနု (ပြဟ္မဒတ္တတော အဝသေသာ) သုပ္ပိယဿ ပရိသာ ဒေသနာဓိကာဘာဝေန ပယောဇနာ နတ္ထိ။ (၄) တသ္မာ ပါဠိယ (ပ) ပါဠိယံ ဝုတ္တံ။

http://www.dhammadownload.com



➢ ❼ ။ ပရိသမန္တတော သေန္တိ အသယန္တိ ဓရိသာ။ (၃) ထက်ဝန်းကျင်မှ ဖြစ်ခြင်း, မှီဝဲ ဆည်းကပ်ခြင်း ကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၅) ပရိသတ် (သဘင် အစည်းအဝေး) ဒြဗ်သည် ဝစနီယ မည်၏။ (၆) သဘာ, သမဇ္ဇာ, သမိတိ, သံသဒေါ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

လောကာနံ သူရဘာဝံ ဇနေတီတိ သူရိယော။ (၃) ရဲရင့်သည်၏အဖြစ်နှင့် ရဲရင့်ခြင်း ကို ဖြစ်စေတတ်သော နေတို့နှင့် ကာရဏ-ဖလ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစန ဟောတု မည်၏။ (၅) နေဒြဗ်သည် ဝစနီယ။ (၆) အာဒိစ္စ, သူရ-စသော။

ခုဒတိ အသဟာတီတိ ခုဓော။ (၃) မစွမ်းနိုင်ခြင်း ကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၅) ငယ်သူဒြဗ်သည် ဝစနီယ။ (၆) ဒဟရ, ပရိတ္တက-စသော။

ဝလန္တိ အတ္တာနံ အသွာတိ ဓါဠော။ (၃) စောင့်ရှောက်ခြင်း ကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၅) ရဲရင့်သော သားကောင်ဒြဗ်သည် ဝစနီယ မည်၏။ (၆) လုဒ္ဒ သူရ-စသော--။ * ခုဒ္ဒေါယေဝ ခုဒ္ဒကာ။

ဝါဠာစ တေ မိဂါစာတိ ဓါဠမိဂါ။ (၃) ရဲရင့်ခြင်းဂုဏ်၏ သားကောင်ဒြဗ်နှင့် ဂုဏ် ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟောတု မည်၏။ (၅) ရဲရင့်သော သားကောင် ဒြဗ်သည် ဝစနီယ မည်၏။ (၆) ဗျဂ္ဃပသု-စသော--။

မိဂယန္တိ ဂေါစရန္တိ မိဂါ။ (၃) ရှာမှီးခြင်း ကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၅) သားကောင်ဒြဗ်သည် ဝစနီယ မည်၏။ (၆) ပသု-စသော --။

ပရိသမန္တတော သေတိ ပဝတ္တတီတိ ဓရိသာဓယာ။ (၃) ထက်ဝန်းကျင်မှ ဖြစ်ခြင်း ကြိယာသကတ်သည် ဝစနဟောတု မည်၏။ (၅) ဘေးရန်များသည် ဝစနီယ မည်၏။

(၆) ဘယ, ဥပဒ္ဒဝ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

➢ ❺ ။ **ခုဒ္ဒကမဟာလ္လကာ**-ကို ခုဒ္ဒကမဟလ္လကတ္တာ-ဟု ဟိတ်ပြင်လျှင်-ပရိတ္တာဇကာနံ-ဟု သမ္ဗန် ခံရပါမည်။ (တို့၏/တို့သည် စပ်)

**ဗဟုပရိဿယော**-ကို ဗဟုပရိဿယတ္တာ-ဟု ဟိတ်ပြင်လျှင်- ဣမဿ မဂ္ဂဿ-ဟု သမ္ဗန် ခံရပါမည်။ (၏/သည် စပ်) * **အာရုဠှ**-ကို အာရုဠှတ္တာ-ဟု ဟိတ်ပြင်လျှင်-ဖြဟ္မဒတ္တဿ မာဏဝဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/ကို စပ်)

➢ ❻ ။ (က) သုပ္ပိယောပိ-ဖြင့် ခေါနိပါတ်သည် ပဒပူရဏတ္ထ၌ ဖြစ်သည်ကို သိစေပါသည်။ (နိပါတလိင်္ဂတ္ထ) တသ္မိံ ဌာနေ-စသည်ဖြင့် သုပ္ပိယပရိဗိုဇ်သည် နေကို မော်ကြည့်၍ သွားချိန်မသင့်ဟု မသွားသင့်ချိန်ကို သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ၌ ဗဟုပရိဿယောစာယံ မဂ္ဂေါ -ဖြင့် လမ်းခရီး၌ ဘေးရန်များသောကြောင့်လည်း အမ္ဗလဋ္ဌိကာဥယျာဉ်၌ တစ်ညဉ့ အိပ်နားသည်ကို သိစေပါသည်။ (ဘာဝတ္ထ)

စောရေဟိပိ-စသည်ဖြင့် ဗဟုပရိဿာယ၌ ဘေးရန်-အရ သူခိုးဘေး ရဲရင့်သော

http://www.dhammadownload.com



ဘီလူးဘေး ရဲရင့်သောခြင်္သေ့ သစ်ကျား ဘေးတို့ကို ယူရမည်ဟု သိ။ (အဘိဓေယျတ္ထ)

(ဧ) ဖြင့် သီဟိုဠ်အဋ္ဌကထာ၌ "သဗ္ဗေ အတ္တနော အန္တေဝါသိနာ ဖြဟ္မဒတ္တေန မာဏဝေန" ဟု ဆိုထားခြင်းသည် သုပ္ပိယပရိဗိုဇ်၌ ဖြဟ္မဒတ်လုလင်တယောက်တည်းသာလျှင် တပည့်အဖြစ်ဖြင့် ထင်ရှားရှိ၏၊ ကျန်သော တပည့်ပရိသတ်များ မရှိဟူသော အဓိပ္ပါယ် ဖြင့် ဆိုထားခြင်းမဟုတ်၊ သီလက္ခန်ပါဠိတော်၌ ဖြဟ္မဒတ္တေန မာဏဝေန-ဟု ဆိုထားသော ကြောင့် "သဗ္ဗေ အတ္တနော အန္တေဝါသိနာ ဖြဟ္မဒတ္တေန မာဏဝေန" ဟု ဆိုသည်၏ အဖြစ် ကို သိစေပါသည်။ (ဘာဝတ္ထ) [သီဟဠအဋ္ဌကထာ-၌ထည့်ခိုက်]

➤ ⓵ ⓪ ။ **သူ့ရိယံ ဩဝလောကေတွာ–ကို ၅** ။ ။ စက္ခုဝိညာဉ် စိတ္တုပ္ပါဒ်ကို ယူ၍

ထို-သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိဂ်ါရရသ မည်၏။ နေ၏ အလင်းရောင်သည် အာရမ္မဏဝိဘာဝ မည်၏။ အားနည်းသည်၏အဖြစ်, မိုးချုပ်ခါနီးအဖြစ်သည် ဥဒ္ဒီပန ဝိဘာဝမည်၏။ သွားသင့်ချိန် မဟုတ်ဟု ဆုံးဖြတ်ခြင်းသည် အနုဘာဝ မည်၏။

(ဧ) **ဝုတ္တံ–နှ် ဓမ္မာတ်အရေ** ။ ။ သီဟိုဠ်အဋ္ဌကထာ ဆရာ၏ သန္တာန်၌ဖြစ်သော ဝီရိယ ဉာဏ်စသည်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် ဓမ္မဥဿာဟဌာယီဘာဝ, ဓမ္မဝီရရသ မည်၏။ "သဗ္ဗေ အတ္တနော အန္တေဝါသိနာ ဖြဟ္မဒတ္တေန မာဏဝေန" ဟူသော နာမပညတ္တိသဒ္ဒါသည် အာရမ္မဏဝိဘာဝ မည်၏။ သီဟိုဠ် အဋ္ဌကထာဆရာ၏ ဉာဏ်စွမ်း ထက်မြက်မှုနှင့် တည်ကြည်ခြင်း အားထုတ်ခြင်းဟူသော ဥဿာဟ တရားများသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ ဖြဟ္မဒတ်လုလင်တစ်ယောက်တည်းကိုသာ ပါဠိတော်၌(ဝါ)သီဟိုဠ် အဋ္ဌကထာတို့၌ ဆိုထားခြင်းဖြင့် ဖြဟ္မဒတ်မှကြွင်းသော ပရိသတ်တို့သည် ဒေသနာတော် နှင့် မစပ်သည်ဖြစ်၍ ဤသုတ္တန်၌ အကျိုးမရှိ၊ ဖြဟ္မဒတ်လုလင်သည်သာ ဒေသနာတော် နှင့် စပ်သည်ဖြစ်၍ ဤသုတ္တန်၌ အကျိုးရှိ၏ဟု သိရခြင်းစသော အကျိုးတရား အဆက် ဆက်သည် အနုဘာဝ မည်၏။

**ဋီကာ (၅၇)**

**(က) တတ္ထ ကေဘိက္ခုသဝိဟတ္ထကုက္ကုစ္စံဝါ ပါဒကုက္ကုစ္စံဝါ ဥတ္တာသိတသဒ္ဒေါဝါ နိဝိတသဒ္ဒေါ ဝါ နတ္ထိ၊ (ခ) သာ ဟိ ပရိသာ အတ္တနော စ သိက္ခိတသိက္ခတာယ. သတ္ထရိ စ ဂါရဝေနာတိ ဒွိဟိ ကာရဏေဟိ နိဝါတေ ပဒီပသိခါ ဝိယ နိစ္စလာ သန္တိသိန္နာဝ အဟောသိ၊**

**(ဂ) ပရိဗ္ဗာဇကော တံ ဝိဘူတိ ဒိသွာ အတ္တနော ပရိသံ ဩလောကေသိ၊**

**(ဃ) တတ္ထ ကေစိ ဟတ္ထံ ခိပန္တိ၊ ကေစိ ပါဒံ၊ ကေစိ ဝိပ္ပလပန္တိ၊ ကေစိ နိလ္လာလိတဇိဝှါ ပဂ္ဃရိတခေဠာ ဒန္တေ ခါဒန္တာ ကာကစ္ဆမာနာ ဃရုဃရုပဿာသိနော သယန္တိ၊** (၄၊၄၃၊ ဘာသာဋီ၊ပ၊၂၇၁။)

➤ ⓿ ။ (က) တတ္ထ၊ထိုရဟန်းအပေါင်းတွင်။ကေဘိက္ခုသဝိ၊တပါးသော ရဟန်း၏ လည်း။ဟတ္ထကုက္ကုစ္စံ ဝါ၊လက်၏ စက်ဆုပ်ဖွယ်ပြုအပ်သော အမူအရာသည်ရင်း။(ဝါ)

http://www.dhammadownload.com



လက်လှုပ်ခြင်းသည်ရင်း။ပါဒကုက္ကုစ္စံ ဝါ။ခြေ၏ စက်ဆုပ်ဖွယ်ပြုအပ်သော အမူအရာသည်ရင်း။(ဝါ)ခြေလှုပ်ခြင်းသည်ရင်း။ဥက္ကာသိတသဒ္ဒေါ ဝါ။ချောင်းဟန့်သံသည်ရင်း။ခိပိတသဒ္ဒေါ ဝါ။ခြေဆပ်သံသည်ရင်း။နတ္ထိ။မရှိ။ (စ) ဟိ။မှန်၏။သာ ပရိသာ၊ထိုရဟန်းတော် ပရိသတ်သည်။အတ္တနော၊မိမိ၏။သိက္ခိတသိက္ခတာယစ၊သင်အပ်ပြီးသော သိက္ခာရှိသည်၏ အဖြစ်သည်ရင်း။သတ္ထုရိ၊မြတ်စွာဘုရား၌။ဂါရဝေနစ၊ရိုသေလေးစားသည်၏ အဖြစ်ရင်း။ဣတိ၊ဤသို့။ဒွိဟိ၊နှစ်ပါးကုန်သော။ကာရဏေဟိ၊အကြောင်းတို့ကြောင့်။နိဝါတေ၊လေမရှိသော အရပ်၌။(ဝါ) လေငြိမ်သော အရပ်၌။ပဒီပသိခါ ဝိယ၊ဆီမီးလျှံကဲ့သို့။နိစ္စလာ၊လှုပ်ရှားခြင်းမရှိသည်။(ဟုတွာ၊ဖြစ်၍)သန္တိသိန္နာဝ၊ကောင်းစွာထိုင်နေသည်သာလျှင်။အဟောသိ၊ဖြစ်ပြီ

(ဂ) ပရိဗ္ဗာဇကောပရိဗိုဇ်သည်။ တံ ဝိဘူတိံ ၊ထိုမြတ်စွာဘုရား ပရိသတ်၏ တင့်တယ်ပုံကို။ဒိသွာ၊မြင်ရ၍။ (ဝါ) မြင်ရခြင်းကြောင့်။ အတ္တနော၊မိမိ၏။ ပရိသံ၊ပရိသတ်ကို။ဩလောကေသိ၊ကြည့်ပြီ။

(ဃ) တတ္ထ၊ထိုမိမိ၏ ပရိသတ်၌။(ဝါ) တွင်။ကေစိ၊အချို့ပရိဗိုဇ်တို့သည်။ဟတ္ထံ၊လက်ကို။ခိပန္တိ၊ပစ်လွှင့်ကြကုန်၏။ကေစိ၊တို့သည်။ပါဒံ၊ခြေကို။(ခိပန္တိ၊ကုန်၏။)ကေစိ၊တို့သည်။ဝိပ္ပလပန္တိ၊အထူးထူး အပြားပြား ပြောဆိုကြကုန်၏။(ဝါ) ယောင်ရမ်းကြကုန်၏။ကေစိ၊တို့သည်။ နိလ္လာလိတဇိဝှါ၊ထွက်သော လျှာရှိကြကုန်သည်။ပဋ္ဌရိတခေဠာ၊ယိုစီးသော တံတွေးရှိကြကုန်သည်။(ယိုစီးသော သွားရေရှိကြကုန်သည်) ဒန္တေ၊သွားတို့ကို။ခါဒန္တာ၊ခဲကြကုန်သည်။(တနည်း) ဒန္တေခါဒန္တာ၊သွားကြိတ်ကြကုန်သည်။ကာကစ္ဆမာနာ၊ကျီး၏ အသံနှင့် တူသော အသံကို ဆိုကြကုန်သည်။ဃရဃရပဿာသိနော၊ဃရဃရူ-ဟူသော ရှူသက်ရှိကြကုန်သည်။ဟုတွာ၊ဖြစ်၍။သယန္တိ၊အိပ်ပျော်နေကြကုန်၏။ (ဘာသာဋီ၊ပ၊၂၇၁)

➤ ❷ ။ (စ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် ရဟန်းအပေါင်းတို့တွင် တစ်ပါးသော ရဟန်း၏သော်မှလည်း လက်လှုပ်ခြင်းစသည် မရှိသောဟု ဆို၏။ အဘယ့်ကြောင့် တစ်ပါးသော ရဟန်း၏သော်မှလည်း လက်လှုပ်ခြင်းစသည် မရှိပါသနည်း။ လက်လှုပ်ခြင်းစသည် မရှိခြင်းအကြောင်းတို့ကို ဥပမာနှင့်တကွ ပြဆိုသင့်သည် မဟုတ်ပါလော။ (ခ)

(ဃ) သို့/ ဆရာ၊ ဆရာသည် (ဂ) ဖြင့် သုပ္ပိယပရိဗိုဇ်သည် မြတ်စွာဘုရား ပရိသတ်၏ တင့်တယ်ခြင်းကိုမြင်၍ မိမိ၏ ပရိသတ်ကို ကြည့်သောဟု ဆို၏။ သုပ္ပိယပရိဗိုဇ်၏ ပရိသတ်သည် မြတ်စွာဘုရား ပရိသတ်ကဲ့သို့ တင့်တယ်ပါသလော၊ အဘယ်သို့ မှတ်သားအပ်ပါသနည်း၊ စုဝ်ကြောင့် (ဃ) မိန့်။

➤ ❸ ။ |ဓာ-စ ဇော်ကို၌| (၁) နနု ဘိက္ခုသံဃော ဘဂဝန္တံ ပရိဝါရေတွာ နိသိန္နော ဟောတိ။ (၂) အထ ကသ္မာ တတ္ထ ဧကဘိက္ခုဿပိ ဟတ္ထကုက္ကုစ္စံ ဝါ ပါဒကုက္ကုစ္စံ ဝါ ဥက္ကာသိတသဒ္ဒေါ ဝါ ခိပိတသဒ္ဒေါ ဝါ နတ္ထိ။ (၃) သာ ပရိသာ အတ္တနော စ သိက္ခိတသိက္ခတာယ, သတ္ထုရိစ ဂါရဝေနာတိ ဒွိဟိ ကာရဏေဟိ နိဝါတေ ပဒီပသိခါ ဝိယ နိစ္စလာ

http://www.dhammadownload.com



သန္နိသိန္နာ၀ အပေါသိ။ (၄) တသ္မာ တတ္ထ ကေဘိက္ခုသပိ ဟတ္ထကုက္ကုစ္စံ ဝါ ပါဒကုက္ကုစ္စံ ဝါ ဥက္ကာသိတသဒ္ဒေါ ဝါ ခိပိတသဒ္ဒေါ ဝါ နတ္ထိ။

➤ ❹ ။ ကတ္တဗ္ဗန္တိ ကတံ။ ကုစ္ဆိတံ ကတံ ကုကတံ။ ကုကတဿ ဘာဝေါ ကုက္ကုစ္စံ။

(၃) စက်ဆုပ်အပ်သော အမှု၏ ပြုခြင်းကြိယာနှင့် နိဿယ-နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) စက်ဆုပ်ဖွယ်အမှုအရာသည် ဝစနီယ မည်၏။ (၆) ကုစ္ဆိတကိရိယာ, အသံယမ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ပဒိပ္ပတီတိ **မဓိဓေ၀ါ**။ (၃) ထွန်းလင်းခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ဆီမီးဖြစ်သည် ဝစနီယ မည်၏။ (၆) ဒီပ, ပဇ္ဇောတ-စသော--။

စလနံ စလော။ နတ္ထိ စလော ဧတိဿာတိ **နိစ္စလာ**။ (၃) လှုပ်ရှားမှု မရှိခြင်း အဘာဝဘောဂုဏ်၏ ရဟန်းပရိသတ်နှင့် ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) လှုပ်ရှားခြင်းမရှိသော ရဟန်းပရိသတ်သည် ဝစနီယ မည်၏။ (၆) နိပ္ပန္ဒနာ, နိစ္စပလာ-စသော--။ ✱ နတ္ထိ ဝါတော ယတ္ထာတိ နိဝါတော။

ဇီဝတိ ဧတာယာတိ **ဓိဓ၇ါ**။ (၃) အသက်ကို စောင့်ခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (၅) လျှာဖြစ်သည် ဝစနီယ မည်၏။ (၆) ရသနာ-စသော--။

ဒါယတိ ဘိက္ခံ အနေနာတိ **ခန္တော**။ (၃) ပိုင်းဖြတ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) သွားဖြစ်သည် ဝစနီယ မည်၏။ (၆) ဒွိဇ, လပနဇ-စသော--။

➤ ❺ ။ **သိက္ခိတသိက္ခတာယ**-ဟိတ်၏ သမ္ဗန်- တဿာ ပရိသာယ။ (၏/သည် စပ်) ✱ **နိစ္စလာ**-ကို နိစ္စလတ္တာ-ဟု ဟိတ်ပြင်လျှင်- တဿာ ပရိသာယ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်) ✱ **နိဿာလိတဓိ၇ါ**-ကို နိလ္လာလိတဇိဝှတ္တာ-ဟု ဟိတ်ပြင်လျှင် - ကေသဉ္စိ ပရိဗ္ဗာဇကာနံ-ဟု သမ္ဗန်ခံရပါမည်။ (တို့၏/တို့သည် စပ်)

❶ ❶ ။ ဝိဘူတိ ဒိဿတ-ဌ ဒိဿတ-အရ ။ ။ ကုသလဝိပါက် စက္ခုဝိညာဉ်ကို ယူ၍ ထို-သည် ဓမ္မရတိဌာယိဘာဝ, ဓမ္မသိဂ်ီရရသ မည်၏။ တင့်တယ်သော မြတ်စွာဘုရား၏ ပရိသတ်သည် အာရမ္မဏဝိဘာဝ မည်၏။ ပရိသတ်၏ တင့်တယ်သည်၏အဖြစ်, လက်လှုပ်ခြင်းစသည် မရှိသည်၏အဖြစ် လှုပ်ရှားခြင်း မရှိသည်၏အဖြစ်တို့သည် ဥဒ္ဒီပန ဝိဘာဝ မည်၏။ မိမိပရိသတ် တင့်တယ်မှု မရှိသည်ကို ကြည့်မိခြင်း၊ မနာလိုဖြစ်ခြင်း ရတနာသုံးပါး၏ အပြစ်ကို ပြောမိခြင်း-စသော အကျိုးအဆက်ဆက်သည် အနုဘာဝ။

(၈) ဝါကျတို့ ၅ ။ ။ ငြိမ်သက်သော ရဟန်းပရိသတ်ကို မြင်ရသူတို့၏ သန္တာန်၌ ဖြစ်သော သဒ္ဓါပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ဝိမှယဋ္ဌာယီဘာဝ, အဗ္ဘုတရသ မည်၏။ ငြိမ်သက်နေသော ရဟန်းပရိသတ်သည် အာရမ္မဏဝိဘာဝမည်၏။ ယောနိသောမနသိကာရ-စသည်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ ကိုယ်စိတ်ချမ်းသာခြင်း တမလွန်၌လည်း နတ်ရွာ နိဗ္ဗာန်တိုင်အောင် ရောက်နိုင်ခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝ။

http://www.dhammadownload.com



**ဓါကျေ (၅၈)**

**(က) သောရတနတ္တယဿဂုဏာဝဏ္ဏေဝတ္တုမွေဝပိက္ကသာဝသေန ပုန အဝဏ္ဏမေဝ အာရဘိ။**

**(ခ) ပြဟ္မဒတ္တော ပန ဝုတ္တနယေနေဝ ဝဏ္ဏံ၊ (ဂ) တေန ဝုတ္တံ "တဗြာပိ သုဒံ သုပ္ပိယော ပရိဗ္ဗာဇကော" တိ သဗ္ဗံ ဝတ္တဗ္ဗံ၊ (ဃ) တတ္ထ တဗြာပိတိ တသ္မိမ္ပိ၊ အမ္ဗလဋ္ဌိကာယံ**

**(င) ဥယျာနေတိ အတ္တော။ (၅၄၃။ ဘာသာဋီ၊ပ၊၂၇၂)**

➤ ❶ ။ (က) သော၊ထိုသုပ္ပိယပရိဗိုဇ်သည်။ရတနတ္တယဿ၊ရတနာသုံးပါး၏။(သချာပဓာန) သုံးပါးကုန်သော ရတနာတို့၏။(သမ္ဗန္ဓပဓာန) ဂုဏာဝဏ္ဏော၊ဂုဏ်ဟူသော ဝဏ္ဏကို။ဝတ္တုမွေဝပိ၊ဆိုထိုက်ပါသော်လည်း။ဣဿာဝသေန၊ဣဿာ၏ အစွမ်းကြောင့်။ပုန၊တစ်ဖန်။အဝဏ္ဏမေဝ၊ကဲ့ရဲ့ခြင်းကိုသာ။(ဘာသိတုံ၊ပြောဆိုခြင်းငှာ)အာရဘိ၊အားထုတ်ပြီ။

(ခ) ပြဟ္မဒတ္တော ပန၊ပြဟ္မဒတ္တသည်ကား။ဝုတ္တနယေနေဝ၊ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။[အမှာကံ အာစရိယော အပရာမသိတဗ္ဗံ ပရာမသတိ-အစရှိသော ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။] ဝဏ္ဏံ၊ချီးမွမ်းခြင်းကို။(အာရဘိ၊အားထုတ်ပြီ) (ဂ) တေန၊ထို့ကြောင့်။တဗြာပိ သုဒံ သုပ္ပိယော ပရိဗ္ဗာဇကောတိ၊ဟူ၍။အာယသ္မတာ **အာနန္ဒတ္ထေရေန၊** သည်။/သံဂီတိကာရေဟိ၊သံဂါယနာတင် မထေရ်တို့သည်။ဝုတ္တံ၊ဆိုအပ်ပြီ။ဣတိ၊ဤသို့ အစရှိသော။သဗ္ဗံ၊အလုံးစုံသော စကားကို။ဝတ္တဗ္ဗံ၊ဆိုထိုက်၏။

(ဃ-င) တတ္ထ၊ထိုတဗြာပိ သုဒံ သုပ္ပိယော ပရိဗ္ဗာဇကော အစရှိသော ပါဌ်၌။တဗြာပီတိ၊တဗြာပိဟူသည်ကား။အမ္ဗလဋ္ဌိကာယံ၊အမ္ဗလဋ္ဌိကာမည်သော။တသ္မိမ္ပိ ဥယျာနေ၊ထိုဥယျာဉ်၌လည်း။ဣတိ အတ္ထော၊ဤကား အနက်။ (ဘာသာဋီကာ၊ပ၊၂၇၂။)

➤ ❷ ။ (က) သို့/ ဆရာ၊ ဆရာသည် သုပ္ပိယပရိဗိုဇ်သည် ရတနသုံးပါး၏ အပြစ်ကိုသာ အားထုတ်ပြီဟု ဆိုတော်မူ၏။ သုပ္ပိယပရိဗိုဇ်သည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ဆိုထိုက်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် အပြစ်ကိုသာ အားထုတ်ရပါသနည်း စုဒ်ကြောင့် ဣဿာဝသေန-စသည် မိန့်။

(ခ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် သုပ္ပိယပရိဗိုဇ်သည် ရတနာသုံးပါး၏ ဂုဏ်ကို ချီးမွမ်းထိုက်သော်လည်း ဣဿာ၏အစွမ်းဖြင့် တစ်ဖန် အပြစ်ကိုသာ အားထုတ်ပြီဟု ဖွင့်ဆို၏။ ပြဟ္မဒတ္တ လုလင်ကိုကား အဘယ်ကဲ့သို့ သိထိုက်ပါသနည်း။ ပြဟ္မဒတ္တ လုလင်သည်ကား ဆိုအပ်ခဲ့ပြီးသော နည်းမှတစ်ပါး အခြားသောနည်းတို့ဖြင့် ရတနာသုံးပါး၏ ဂုဏ်တော်တို့ကို ချီးမွမ်းအပ်ပါသလော။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (က-ခ) တို့ဖြင့် သုပ္ပိယပရိဗိုဇ်သည် ဣဿာ၏အစွမ်းဖြင့် ရတနာသုံးပါး၏အပြစ်ကို တစ်ဖန်ပြော၍ ပြဟ္မဒတ္တလုလင်သည်ကား ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာ ရတနာသုံးပါးကို ချီးမွမ်း၏ဟု ဖွင့်ဆို၏။ ထိုသို့ ဖွင့်ဆိုသဖြင့် အဘယ်သို့သော အကျိုးကို ရပါသနည်း။ အကျိုးမရ နိရတ္ထကဟူ၍ မှတ်သားအပ်ပါသလော။

http://www.dhammadownload.com



(င) သို့/ ဆရာ၊ ဆရာသည် (ဃ) ဖြင့် တတြဒ္ဓ တ-သဗ္ဗနာမ်ဖြင့် အမ္ဗလဋ္ဌိကာကို စွဲရမည်ဟု ဆိုတော်မူ၏။ တ-သဒ္ဒါဖြင့် စွဲထားသော အမ္ဗလဋ္ဌိကာ-အရ နုပျိုသော သရက်ပင်နှင့် တံခါးအနီး၌ သရက်ပင်ရှိသော ဉယျာဉ်ဟူသော မုချတ္ထ သမီပူပစာရတ္ထနှစ်မျိုးလုံးကိုပင် ယူရပါမည်လော၊/အမ္ဗလဋ္ဌိကာ-အရ မုချတ္ထဖြစ်သော နုပျိုသော သရက်ပင်ကို ယူရပါမည်လော၊ အဘယ်ကို အမ္ဗလဋ္ဌိကာ-အရ ယူရပါမည်နည်း။ စုဒ်ကြောင့် (င) မိန့်

(ဃ–င) သို့/ **အနုသန္ဓ** ။ ။ ဤသို့ (ဂ) ဖြင့် အရှင်အာနန္ဒာထေရ် မိန့်ဆိုအပ်သော တတြာပိ သုဒ်-စသော ပါဠိရပ်ကို သမုဒါယတ္ထအားဖြင့် အကျဉ်းပြပြီး၍ ယခုအခါ၌ တတြာပိ သုဒ်-စသော ထိုပါဠိရပ်ကိုပင်လျှင် အဝယဝတ္ထအားဖြင့် အကျယ်ချဲ့ပြလိုသော ဆရာသည် (ဃ-င) ဝါကျတို့ကိုမိန့်။

(၃) မကောင်းမှုတို့ကို ငြိမ်းအေးစေ ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ရဟန်းကြီး ဂေါတမဖြစ်သည် ဝစနီယ မည်၏။ (၆) ဘဂဝါ, လဒ္ဓဝေါဟာရ, ဂေါတမ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

သမိတာနိ ပါပါနိ ဧတေနာတိ **သမိတပါဝါ**။ (၃) ငြိမ်းစေအပ်ပြီးသော မကောင်းမှုတို့၏+ဘုရားရှင်နှင့် ဂုဏ်-ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဘုရားရှင်ဖြစ်သည် ဝစနီယ မည်၏။ (၆) ဘဂဝါ, ဗုဒ္ဓေါ-စသော--။

ပဋိဝိရမတီတိ **ပဋိဝိရတော**။ (၃) ကင်း၍ ရှေ့လျော်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ရှောင်ကြဉ်တတ်သော မြတ်စွာဘုရား၊ ရဟန်းသံဃာဖြစ်သည် ဝစနီယ မည်၏။ (၆) ဩရတော, ဝိရတော-စသော--။

ဒီပေတီတိ **ဒီပေတ္တော**။ (၃) ပြခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (၅) ပြတတ်သော အဋ္ဌကထာဆရာသည် ဝစနီယ မည်၏။ (၆) ဒဿေန္တ, ပကာသေန္တ။

➤ ❺ ။ **သမိတပါပတာယ**-ဟိတ်၏ သမ္ဗန်ကား ဘဂဝတော ဖြစ်ပါသည်။ (၏/သည် စပ်) ပစ္စယတ္ထကား ကတ္တုတ္ထ ဖြစ်ပါသည်။

(ဂ) ၌ **ပဋိဝိရတော**-ကို ပဋိဝိရတတ္တာ-ဟု ဟိတ်ပြင်လျှင် ဘဂဝတော/ ဘိက္ခု - သံဃဿာပိ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

➤ ❻ ။ (က) ၌ ဘဂဝါ-ဖြင့် သမဏောပုဒ်အရ သာမည ရဟန်းကို မယူရ၊ အတ္ထပကရဏကို ထောက်ဆ၍ မြတ်စွာဘုရားကို ယူရမည်ဟု သိစေသည်။(သရုပ်ကြား အဘိဓေယျတ္ထ) သမိတပါပတာယ-ဖြင့် သမဏောပုဒ်ကို ပါပေ သမေတီတိ သမဏော ဟု ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ယု-ပစ္စည်းသည် ဘာဝသာဓနေ၌ မသက်၊ ဟေတုကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) သိစေသည်။

(စ) ၌ ဂေါတ္တဝသေန-ဖြင့် ဂေါတမောဟူသည် တစုံတခုသော ဂုဏ်၏အစွမ်းဖြင့် ရအပ်သော အမည်မဟုတ်၊အနွယ်၏အစွမ်းဖြင့် ရအပ်သော အမည်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) (တနည်း) ဂေါတ္တဝသေန-ဖြင့် ဂေါတမောပုဒ်ကို ဂေါတမေန သမ္ဗန္ဓော ဂေါတမော-ဟု သမ္ဗန္ဓတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ဏ-ပစ္စည်း၏ သမ္ဗန္ဓတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုရင်း (ပစ္စယတ္ထ) သိစေပါသည်။

http://www.dhammadownload.com



➤ ❶ ။ **ဗြဟ္မဒတ်လုလင်သည် တရားတော်၏ ဂုဏ်ကျေးဇူးကိုလည်း မပြောဆိုပါ လျက် တရားတော်၏ ဂုဏ်ကို သီးခြားထုတ် မပြခြင်းအကြောင်း** ။ ။ တရားဟူသမျှ ဘုရားမှ စ၍ ဖြစ်ရသောကြောင့်၄င်း၊ အရိယာသံဃာ၌ တည်ရသောကြောင့်၄င်း၊ တရားတော်၏ ဂုဏ်မှာ ထင်ရှားပြီးဖြစ်သောကြောင့်၄င်း၊ ဘုရားနှင့် သံဃာဂုဏ်ကို ပြ လျှင် တရားတော်၏ ဂုဏ်ကိုလည်း ပြပြီးဖြစ်ရကား သီးခြား ထုတ်မပြပါ။

➤ ❶ ⓿ ။ **ဘိက္ခုသံဃေယာပိ ပဋိဝိရတော-ဝယ် ပဋိဝိရတော-၌ အနက္ကတ္တကို ၅** (၁) ပါဏာတိပါတမှ ကြဉ်ခြင်းတည်းဟူသော ရဟန်းတို့သန္တာန်၌ဖြစ်သော ဝိရတီ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိဂါရရသ မည်၏။ (၂) ဝိရမိတဗ္ဗ ဝတ္ထုသည် အာရမ္မဏာဝိဘာဝ မည်၏။ (၃) ယောနိသော မနသိကာရ, သဒ္ဓါ သတိ ဟိရီ ဩတ္တပ္ပ စသည်တို့သည် ဥဒ္ဒီပနဝိဘာဝမည်၏။ (၄) ပစ္စုပ္ပန်၌ အတ္တာနုဝါဒဘေး, ဒဏ္ဍ ဘေး, တမလွန်၌ ဒုဂ္ဂတိဘေးမှ လွတ်ကင်းခြင်းအစ နိဗ္ဗာန်တိုင်အောင်သော အကျိုးတို့ သည် အနုဘာဝ မည်၏။

* **အတ္ထံ ဝိဘဝေန္တေန-အရ** ။ ။ ဆန္ဒရှေ့ရှိသော ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို ယူ ၍ (၁) ထို-သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိဂါရရသ မည်၏။ (၂) ရဟန်းသံဃာသည် ၄င်း၊ ဒေသနာခံ ပုဂ္ဂိုလ်အပေါင်းသည်၄င်း အာရမ္မဏာဝိဘာဝမည်၏။ (၃) ပြလိုသော ဆန္ဒတော်သည် ဥဒ္ဒီပန ဝိဘာဝမည်၏။ (၄) ရဟန်းသံဃာသည်လည်း ပါဏာတိပါတမှ ရှောင်ကြဉ်၏ဟူသော အနက်ကို သိရခြင်း အကျိုးသည် အနုဘာဝ မည်၏။

**ဓါကျေ (၉၂)** | ၄၆၉ |

(က) **နိဟိတဒဏ္ဍောနိဟိတသတ္ထောတိ ပရူပဃာတတ္ထာယ ဒဏ္ဍံ ဝါ သတ္ထံ ဝါ အာဒါယ အဝတ္တနတော နိက္ခိတ္တဒဏ္ဍော စေဝ နိက္ခိတ္တသတ္ထော စာတိ အတ္ထော၊**

(ခ) **ဧတ္ထ စ ဌပေတွာ ဒဏ္ဍံ သဗ္ဗမ္ပိ အဝသေသံ ဥပကရဏံ သတ္တာနံ ဝိဟေဌနဘာဝတော သတ္ထန္တိ ဝေဒိတဗ္ဗံ၊ (ဂ) ယံ ပန ဘိက္ခူ ကတ္တရဒဏ္ဍံ ဝါ ဒန္တကဋ္ဌဝါသိ ဝါ ပိပ္ဖလိကံ ဝါ ဂဟေတွာ ဝိစရန္တိ၊ န တံ ပရူပဃာတတ္ထာယ၊ တသ္မာ "နိဟိတဒဏ္ဍော နိဟိတသတ္ထော" တွေဝ သင်္ချံ ဂစ္ဆတိ၊**

* **နိဟိတဒဏ္ဍော**-ချထားအပ်ပြီးသော ဒုတ်လက်နက်ရှိသည်။ (သဒ္ဒတ္ထ) ပယ်အပ်ပြီး သော ဒုတ်လက်နက်ရှိသည်။(ဝါ) ဒုတ်လက်နက်ကို ပယ်ပြီးသည်။(အဓိပ္ပါယတ္ထ)

* **နိဟိတသတ္ထော**-ချထားအပ်ပြီးသော ဓားလက်နက်ရှိသည်။(သဒ္ဒတ္ထ) ပယ်အပ်ပြီး သော ဓားလက်နက်ရှိသည်။(ဝါ) ဓားလက်နက်ကို ပယ်ပြီးသည်။(အဓိပ္ပါယတ္ထ)

➤ ❶ ။ (က) နိဟိတဒဏ္ဍော နိဟိတသတ္ထောတိ၊ဟူသောပါဌ်၏။ပရူပဃာတတ္ထာယ၊ သူတစ်ပါးတို့ကို ညှဉ်းဆဲခြင်းအကျိုးငှာ။ဒဏ္ဍံ ဝါ၊ဒုတ်ကိုသော်၄င်း။သတ္ထံ ဝါ၊ဒုတ်မှ တစ်ပါး သော လက်နက်ကိုသော်၄င်းအာဒါယ၊ယူ၍။အဝတ္တနတော၊မဖြစ်ခြင်းကြောင့်။(ဝါ)မလှည့်

http://www.dhammadownload.com



လည်ခြင်းကြောင့်။နိက္ခိတ္တဒဏ္ဍော၊ချထားအပ်သော ဒုတ်ရှိသည်။ဟုတ္တာစေ၀၊ဖြစ်၍ငင်း။ နိက္ခိတ္တသတ္ထော၊ချထားအပ်သော ဒုတ်မှ တစ်ပါးသော လက်နက်ရှိသည်။ဟုတ္တာစ၊ဖြစ်၍ ငင်း။ဣတိ အယံ၊ဤသည်ကား။နိဟိတဒဏ္ဍော နိဟိတသတ္ထောတိ ပဒဿ၊နိဟိတဒဏ္ဍော နိဟိတသတ္ထောဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏။(အတ္ထော၏ သမ္ပန်) အတ္ထော၊အနက်တည်း။

(စ) စ၊ဆက်ဦးအံ့။ထ္တော၊နိဟိတဒဏ္ဍော နိဟိတသတ္ထောဟူသော ဤပါဠိ၌။ဒဏ္ဍံ၊ဒုတ် ကို။ဌပေတွာ၊ထား၍။သဗ္ဗမ္ပိ၊အလုံးစုံလည်းဖြစ်သော။အဝသေသံ၊ကြွင်းသော။ဥပကရဏံ၊ ဓား-စသော အဆောက်အဦးကို။သတ္ထာနံ၊သတ္တဝါတို့ကို။ဝိဟေဌနဘာဝတော၊ညှဉ်းဆဲ ကြောင်း၏အဖြစ်ကြောင့်။သတ္ထန္တိ၊သတ္ထ-ဟူ၍။ဝေဒိတဗ္ဗံ၊သိထိုက်၏။

(ဂ) ပန၊ဆက်။ဘိက္ခူ၊ရဟန်းတို့သည်။ယံ ကတ္တရဒဏ္ဍံဝါ၊အကြင်တောင်ဝှေးကိုသော် ငင်း။ယံဒန္တကဋ္ဌံဝါ၊အကြင်ဒန်ပူကိုသော်ငင်း။ယံပိပ္ပလိကံဝါ၊အကြင်လက်သည်းလှီး ဓားငယ် ကိုသော်ငင်း။ဂဟေတွာ၊သွားလေရာယူ၍။ဝိစရန္တိ၊လှည့်လည်ကြကုန်၏။တံ၊ထိုတောင်ဝှေး စသည်သည်။ပရူပဃာတတ္တာယ၊သူတစ်ပါးကို ညှဉ်းဆဲခြင်း အကျိုးငှာ။န၊မဟုတ်။တသ္မာ၊ ထို့ကြောင့်။ "နိဟိတဒဏ္ဍော နိဟိတသတ္ထော"တွေ၀၊နိဟိတဒဏ္ဍော နိဟိတသတ္ထောဟူ၍ သာ။သင်္ချိုဝေါ ဝေါ အပ်သည်၏အဖြစ်သို့။ဂစ္ဆတိ၊ရောက်၏။ (ဘာသာဋီ၊ပ၊၄၃၈။)

➢ ❷ ။ (စ) သို့/ လီနတ္ထပ္ပကာသနာ ။ ။ ဆရာ၊ မြတ်စွာဘုရားသည် နိဟိတဒဏ္ဍော နိဟိတသတ္ထော-ဟု ဟောတော်မူ၏။ နိဟိတသတ္ထော-ဝယ် သတ္ထ၌ အသခါတ်သည် အဘယ်အနက်ကို ဟောပါသနည်း၊ ဂတိ, ပါဏန, သုသန အနက်တို့ကို ဟောပါသလော၊ သတ္ထ၌ အဘယ်သို့ ဝစနတ္ထပြုရမည်နည်း၊ ကတ္တုသာဓန ဝစနတ္ထပြုရမည်လော၊ သတ္ထ-အရ ဓားလက်နက်ကိုသာ ယူရမည်လော၊ အဘယ်ကို ယူရမည်နည်း၊ စုဒ်- (ခ) မိန့်။

(ဂ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (က) ဖြင့် သူတစ်ပါးအား ညှဉ်းဆဲခြင်းငှာ ဒုတ် ဓား လက်နက် စသည်တို့ကို ကိုင်ဆောင်၍ မလှည့်လည်သောကြောင့် နိဟိတဒဏ္ဍာ နိဟိတသတ္ထာ မည်သည်ကို ပြပြီး၍ ယခုအခါ၌ ထိုပရူပဃာတတ္တာယ-စသည်ဖြင့် ကျရောက်သော အနက်ကို ဖွင့်ပြလိုသော ဆရာသည် (ဂ) မိန့်။

(ဂ) သို့/ လီနတ္ထပ္ပကာသနာ ။ ။ ဆရာ၊ မြတ်စွာဘုရားသည် နိဟိတဒဏ္ဍော နိဟိတ သတ္ထော-ဟု ဟောတော်မူ၏။ ရဟန်းတော်တို့သည် တောင်ဝှေးကိုငင်း, ဒန်ပူကိုငင်း, လက် သည်းလှီး ဓားငယ်ကိုငင်း ကိုင်ဆောင်၍ လှည့်လည် သွားလာနေကြသည် မဟုတ်တုံလော၊ အဘယ့်ကြောင့် ထိုရဟန်းတော်များကို နိဟိတဒဏ္ဍော နိဟိတသတ္ထော ဟူ၍ ဟောကြား တော်မူပါသနည်း။ ရဟန်းတော်များသည် တောင်ဝှေးစသည်များကို ကိုင်ဆောင်ထား ပါလျက် နိဟိတဒဏ္ဍာ နိဟိတသတ္ထာ-ဟူ၍ ဆိုချေသော် ဘုရားရှင်အား ဝိရောဓိဒေါသ သင့်ရောက်ရာပါ၏-ဟု လီနတ္ထေရနည်းအားဖြင့် စောဒနာဘွယ်ရှိသောကြောင့် (ဂ) မိန့်။

➢ ❸ ။ [စ-ဝါကျကို၌] (၁) နနု န သတ္ထပါဏိဿာတိ အာဒိသု ဝိယ သတ္ထမေဝ

http://www.dhammadownload.com



သတ္တန္တိ ဝေဒိတဗ္ဗံ။ (၂) အထ ကသ္မာ ဇတ္တေ ဠပေတွာ ဒဏ္ဍံ သဗ္ဗမ္ပိ အဝသေသံ ဥပကရဏံ သတ္တန္တိ ဝေဒိတဗ္ဗံ။ (၃) သတ္တာနံ ဝိဟေဌနဘာဝတော။ (၄) တသ္မာ ဇတ္တေ ဠပေတွာ ဒဏ္ဍံ သဗ္ဗမ္ပိ အဝသေသံ ဥပကရဏံ သတ္တန္တိ ဝေဒိတဗ္ဗံ။

[ ဂ-ဝါကျကိုျှ ] (၁) နနု ဘိက္ခု ကတ္တရဒဏ္ဍံ ဝါ ဒန္တကဋ္ဌံ ဝါ ပိပ္ဖလိကံ ဝါ ဂဟေတွာ ဝိစရန္တိ။ (၂) အထ ကသ္မာ "နိဟိတဒဏ္ဍော နိဟိတသတ္ထော"တိ ဝုတ္တံ။

(၃) နနု န တံ ပရူပဃာတတ္ထာယ ဂဟေတွာ ဝိစရန္တိ။

(၄) တသ္မာ "နိဟိတဒဏ္ဍော နိဟိတသတ္ထော"တိ ဝုတ္တံ။

➤ ❹ ။ သသတိ ဟိံသတိ အနေနာတိ **သတ္ထံ**။ (၃) ညှဉ်းဆဲခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) လေးတောင်ရှိသော ဒုတ် တောင်ဝှေးမှကြွင်းသော သတ္တဝါတို့ကို ညှဉ်းဆဲကြောင်းဖြစ်သော အလုံးစုံသော လက်နက် အဆောက်အဦဒြပ်သည် ဝစနီယ။ (၆) အာဝုဓံ, ပဟရဏံ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ဒဋတိ အာဏံ ကရောတိ ဒဏ္ဍေနာတိ **ဒဏ္ဍော**။ (၃) အာဏာကို ပြုခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ဒုတ်ဒြပ်သည် ဝစနီယ။ (၆) ကဋ္ဌ, ယဋ္ဌိ---။

ကတ္တရယဋ္ဌိ သိထိလာ ဘဝန္တိတိ **ကတ္တရော**။ (၃) လျော့ရဲခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) သူအိုဒြပ်သည် ဝစနီယ။ (၆) ဇိဏ္ဏ, မဟလ္လက-စသော။

ကတ္တရာနံ ဒဏ္ဍောတိ **ကတ္တရဒဏ္ဍော**။ (၃) ကတ္တရ-အရ လူအိုဒြပ်နှင့် ဒဏ္ဍ-အရ တောင်ဝှေးဒြပ်တို့၏ သာမိ-သံ/နိဿိတ နိဿယ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) တောင်ဝှေးဒြပ်သည် ဝစနီယ မည်၏။

(၆) ကတ္တရယဋ္ဌိ, ဇိဏ္ဏဒဏ္ဍ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

➤ ❺ ။ **ဝိဟေဌနဘာဝတော**-ကို ဝိဟေဌနတ္တာ-ဟု ဟိတ်ပြင်လျှင်/**ဝိဟေဌန ဘာဝတော**-ဟိတ်၏ သမ္ဗန်ကား- သဗ္ဗဿာပိ အဝသေသဿ ဥပကရဏဿ-ဖြစ်ပါသည်။ (၏/သည် စပ်)

**အဝတ္ထနတော**-ဟိတ်၏ သမ္ဗန်ကား - သမဏဿ ဂေါတမဿ။ (၏/သည် စပ်)

➤ ❻ ။ (က) ဌ် နိက္ခိတ္တဒဏ္ဍော နိက္ခိတ္တသတ္ထော-ဖြင့် နိဟိတ-ဌ် ဓာ-ဓာတ်သည် ဆောင်ခြင်း-ဓာရဏ အနက်ကိုမဟော၊ ပစ်ချခြင်း-ခိပန အနက်ကို ဟောသည်၏အဖြစ်ကို ၎င်း (ဒု-ဓာတွတ္ထ) နိဟိတ-ဌ် နိ-ဥပသာရ၏ ဓာတွတ္ထ ဝိသေသက၏ အဖြစ်ကို၎င်း (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။

ပရူပဃာတတ္ထာယ ဒဏ္ဍံဝါ သတ္ထံဝါ အာဒါယ အဝတ္တနတော-ဖြင့် သူတစ်ပါးတို့ကို သတ်ခြင်း, ညှဉ်းဆဲခြင်းငှာ တောင်ဝှေးကိုရင်း, ဓား-စသော လက်နက်ကိုရင်း ကိုင်ဆောင်၍ မလှည့်လည်သောကြောင့် မြတ်စွာဘုရားသည် နိဟိတဒဏ္ဍ နိဟိတသတ္ထ မည်သတည်းဟု သိစပေါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



(ဓ) ၌ ဝိဟေဌနဘာဝတော-ဖြင့် သတ္တံ၌ သသုဓာတ်သည် အနုသာသနအနက်ကို မဟော၊ ဟိံသာအနက်ကို ဟောသည်၏အဖြစ်ကိုရင်း (ဒု-ဓာတွတ္ထ) ထ-ပစ္စည်း၏ ကရဏသာဓနေ၌ သက်သည်၏အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) သတ္တံပုဒ်ကို သသတိ ဟိံသတိ ဧတေနာတိ သတ္တံ-ဟု ကရဏသာဓနေ ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) သိ။

သတ္ထာနံ-ဖြင့် ဝိဟေဌနဘာဝတော-ဝယ် ဟေဌဓာတ်သည် သကမ္မက, ကမ္မာပေက္ခ ဖြစ်ရကား ယင်းဓာတ်၏ကံကား သတ္တာနံ-တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ဌပေတွာ ဒဏ္ဍံ သဗ္ဗမ္ပိ အဝသေသံ ဥပကရဏံ-ဖြင့် သတ္တံပုဒ်ကို သသတိ ဟိံသတိ ဧတေနာတိ သတ္တံ-ဟု ဝစနတ္ထပြု၍ သတ္တ-အရ ဓားလက်နက်ကိုသာ မယူရ၊ ပါရိသေသနည်းအားဖြင့် တောင်ဝှေးမှကြွင်းသော အလုံးစုံသော သတ္တဝါတို့ကို ညှဉ်းဆဲကြောင်း အဆောက်အဦးကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

➤ ❶။ ဓဏ္ဍ-အရ ။ ။ မဇ္ဈိမပုရိသ၏ လေးတောင် ပမာဏရှိသော ဒုတ်ကိုယူရပါ မည်။ ✱ **သတ္ထ-အရ** ▪ မဇ္ဈိမပုရိသ၏ လေးတောင်ပမာဏရှိသော ဒုတ်မှကြွင်းသော ဆောက်ပုတ် သန်လျက် စသည်တို့ကို ယူရပါမည်။

➤ **❶ ❶။ ဝိဟေဌန-၌ ဟေဌဓာတ်အရ/သတ္တံ-၌ သသုဓာတ်အရ**

သတ္တဝါတို့ကို ညှဉ်းဆဲသူ၏ ဒေါသပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ (၁) ထို-သည် ကောဓ ဌာယီဘာဝ, ရုဒ္ဒရသ မည်၏။ (၂) ညှဉ်းဆဲသော သတ္တဝါတို့သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ဓား-စသော ညှဉ်းဆဲကြောင်း အဆောက်အဦးတို့သည် ၎င်း, အယောနိသော မနသိကာရသည်၎င်း ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) အတ္တာနုဝါဒဘေး ပရာနုဝါဒဘေး ဒဏ္ဍဘေး ဒုဂ္ဂတိဘေး စသည်တို့သည် အနုဘာဝ မည်၏။

**ပါဠိ (၉၃)**

**(က) လဇ္ဇီတိ ပါပဇိဂုစ္ဆနလက္ခဏာယ လဇ္ဇာယ သမန္နာဂတော၊**

**(ခ) ဒယာပန္နောတိ ဒယံ မေတ္တစိတ္တတံ အာပန္နော၊**

**(ဂ) သဗ္ဗပါဏဘူတဟိတာနုကမ္ပီတိ သဗ္ဗေ ပါဏဘူတေ ဟိတေန အနုကမ္ပကော၊**

**(ဃ) တာယ ဒယာပန္နတာယ သဗ္ဗေသံ ပါဏဘူတာနံ ဟိတစိတ္တကောတိ အတ္ထော၊**

**(င) ဝိဟာရတီတိ ဣရိယတိ ယာပေတိ ယာပေတိ ပါလေတိ၊**

**(စ) ဏ္ဏတိ ဝါ ဟိ ဘိက္ခုဝေတိဝေဝါ ဘိက္ခဝေ၊** (ဋ္ဌ၊၆၉။ဘာသာဋီ၊ပ၊၄၃၉။)

✱ **သံဝဏ္ဏနာနှင့်အညီ သံဝဏ္ဏေတဗ္ဗအနက်** ။ ။ (က) လဇ္ဇီ-မကောင်းမှုမှ စက်ဆုပ်ခြင်း လက္ခဏာရှိသော ရှက်ခြင်း ဟိရိတရား ရှိတော်မူ၏။ (ခ) **ဒယာပန္နော**-မေတ္တာနှင့် ယှဉ်သော စိတ်ရှိသည်၏အဖြစ်သို့ ရောက်တော်မူ၏။ (ဂ) **သဗ္ဗပါဏဘူတဟိတာနုကမ္ပီ**-အလုံးစုံသော သတ္တဝါတို့ကို အစီးအပွားဖြင့် အစဉ်သနား စောင့်ရှောက်တော်မူ၏။ (ဝါ)

http://www.dhammadownload.com



စောင့်ရှောက်တတ်သော မေတ္တာစိတ်ရှိသည်၏ အဖြစ်သို့ ရောက်တော်မူရကား အလုံးစုံသော သတ္တဝါတို့၏ အစီးအပွားကို အလိုရှိသောစိတ်ရှိတော်မူ၏။

(င) ဝိဟာရတိ-ဣရိယာပုထ်တစ်ခုဖြင့် ကျင်နာနှိပ်စက်ခံရခြင်း ဒုက္ခကို တစ်ပါးသော ဣရိယာပုထ်ဖြင့်ဖြတ်၍ အတ္တဘောကို မလဲကျအောင် ဆောင်တော်မူ၏။ (ဝါ) အတ္တဘောကို မျှတစေတော်မူ၏။ (ဝါ) အတ္တဘောကို စောင့်ရှောက်တော်မူ၏။(သဒ္ဒတ္ထ)

ဝိဟာရတိ-သီတင်းသုံး နေတော်မူ၏။ (အဓိပ္ပါယတ္ထ)

(စ) ဘိက္ခဝေ၊ရဟန်းတို့၊ဣတိဝါ၊ဤသို့လည်း၊

➤ ၁ ။ (က) လဇ္ဇီတိ၊လဇ္ဇီဟူသည်ကား၊ပါပဇိဂုစ္ဆနလက္ခဏာယ၊မကောင်းမှုကို စက်ဆုပ်ခြင်းလက္ခဏာရှိသော၊လဇ္ဇာယ၊ရှက်ခြင်းနှင့်၊(ဝါ)ရှက်ခြင်း ကြောက်ခြင်းနှင့်၊သမန္နာဂတော၊ပြည့်စုံသည်၊ဟုတွာ၊ဖြစ်၍၊(ဝိဟာရတိ-၌စပ်)

(ခ) ဒယာပန္နောတိ၊ဒယာပန္နောဟူသည်ကား၊ဒယံ၊စောင့်ရှောက်တတ်သော မေတ္တာသို့၊မေတ္တစိတ္တတံ၊မေတ္တာစိတ်ရှိသူ၏အဖြစ်သို့၊(ဝါ) မေတ္တာနှင့်ယှဉ်သော စိတ်ရှိသူ၏ အဖြစ်သို့၊အာပန္နော၊ရောက်တော်မူသည်၊ဟုတွာ၊ဖြစ်၍၊(ဝိဟာရတိ-၌စပ်)

(ဂ) သဗ္ဗပါဏဘူတဟိတာနုကမ္ပီတိ၊ပီဟူသည်ကား၊သဗ္ဗေ၊အလုံးစုံကုန်သော၊ပါဏဘူတေ၊ဖြစ်သော အသက်ရှိသော သတ္တဝါတို့ကို၊(ဝါ) ထိုထိုကံကြောင့်ဖြစ်ရသော သက်ရှိ သတ္တဝါတို့ကို၊ဟိတေန၊စီးပွားဖြင့်၊အနုကမ္ပကော၊သနားတတ်သည်၊

(ဃ) တာယ ဒယာပန္နတာယ၊ထိုစောင့်ရှောက်တတ်သော မေတ္တာသို့ ရောက်တော်မူသည်၏ အဖြစ်ကြောင့်၊သဗ္ဗေသံ၊အလုံးစုံကုန်သော၊ပါဏဘူတာနံ၊ဖြစ်သော အသက်ရှိသော သတ္တဝါတို့၏၊ဟိတစိတ္တကော၊စီးပွား၌ဖြစ်သော စိတ်ရှိတော်မူသည်၊ဟုတွာ၊ဖြစ်၍၊(ဝိဟာရတိ-၌စပ်)ဣတိ အယံ၊ဤသည်ကား၊အတ္ထော၊အနက်တည်း၊

(င) ဝိဟာရတီတိ၊ဝိဟာရတိဟူသည်ကား၊ဣရိယတိ၊ဇီဝိတိန္ဒြေ ဖြစ်တော်မူ၏၊(ဝါ) အသက်ရှည်တော်မူ၏၊ယပေတိ ယာပေတိ၊မျှတတော်မူ၏၊ပါလေတိ၊စောင့်ရှောက်တော်မူ၏။ (စ) ဣတိ ဝါ ဟိ ဘိက္ခဝေတိ၊ဟူသည်ကား၊ဘိက္ခဝေ၊တို့၊ဓဝဝါ၊ဤသို့သော်လည်း၊(ဝါ) ပါဏာတိပါတဝိရတိသီလဖြင့်သော်လည်း၊(ဝဒေယျ၊ပြောဆိုနိုင်ရာ၏။)

➤ ၂ ။ (က) သို့/ လိနတ္ထရစောဒနာ ။ ။ ဆရာ၊ ဘုရားရှင်သည် လဇ္ဇီ-ဟု ဟောတော်မူ၏။ ဤ လဇ္ဇီပုဒ်သည် သဒ္ဒါတန္တိအရာဝယ် ပဉ္စမီ ဓကာဒသီ ပုဒ်များကဲ့သို့ ဣတ္ထိလိင်နှင့်ဖြစ်၍ ပူရဏတဒ္ဓိတ်၌ ဤ-ပစ္စည်းသက်ကာ ရုပ်ပြီးထားသော ပုဒ်မျိုးဖြစ်ပါသလော၊ လဇ္ဇီပုဒ်သည် အဘာယ်တဒ္ဓိတ်ပုဒ်မျိုး ဖြစ်ပါသနည်း၊

အကယ်၍ မပြဆိုချေသော် အတိဗ္ဗာပိတဒေါသ ဘုရားရှင်အား သင့်ရောက်ရာ၏၊ ဤသို့ လိနတ္ထရနည်းအားဖြင့် စောဒနာဘွယ်ရှိသောကြောင့် (က) မိန့်။

(ခ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (က) ဖြင့် လဇ္ဇီပုဒ်သည် ဟိရီအနက်၌ဖြစ်၍ လဇ္ဇာ

http://www.dhammadownload.com



အသေ အတ္တိတိ လဒ္ဓီ-ဟု အသေတ္တိတဒ္ဓိတ် ဝစနတ္တပြုရမည်ကို ဖွင့်ပြတော်မူပြီး၍ ယခု အခါ၌ ဒယာပန္နောဝယ် ဒယာသဒ္ဒါသည် မေတ္တာ ကရုဏာနှစ်ပါး၌ ဖြစ်ငြားသော်လည်း ဤ၌ ဒယာသဒ္ဒါ မေတ္တာအနက်၌ ဖြစ်သည်ကိုရင်း, ဒယာပန္နောပုဒ်၏ ဒုတိယာတပ္ပုရိသ် သမာသ်၌ ဖြစ်သည်ကိုရင်း ဖွင့်ပြတော်မူလိုသော ဆရာသည် (ခ) မိန့်။

(စ) သို့/ **လီနတ္ထရုစောဒနာ** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် ဒယာပန္နော-ဟု ဟော တော်မူ၏။ ဒယာပန္နော-ဝယ် ဒယာ၌ ဒယာတတ်သည် အဘယ်အနက်၌ ဖြစ်ပါသနည်း၊ ဒါန, ဂတိ, ဟိံသာ အနက်တို့၌ဖြစ်ပါသလော၊ ဒယာ-အရ အဘယ်ကို ယူရပါမည်နည်း၊ ကရုဏာ စေတသိက်ကို ယူရပါမည်လော၊ ဒယာနှင့် အာပန္နောကို အဘယ်သမာသ် တွဲ စပ်ရပါမည်နည်း၊ ဒယေန အာပန္နော ဒယာပန္နော-ဟု တတိယာတပ္ပုရိသ်သမာသ် တွဲစပ် ရပါမည်လော၊ ဤသို့ လီနတ္ထရုနည်းအားဖြင့် စောဒနာဘွယ်ရှိသောကြောင့် (ခ) မိန့်။

(ဃ) သို့/ **သာဓောဂမ္ဘုဏ္ဏာ** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဘုရားရှင်သည် သတ္တဝါအားလုံးတို့ကို စီးပွားချမ်းသာဖြင့် စောင့်ရှောက် သနားတော်မူတတ်၏ဟု ဖွင့်ဆို တော်မူ၏။ စီးပွားချမ်းသာဖြင့် စောင့်ရှောက် သနားတော်မူ၏ဟူသည် သတ္တဝါတို့အား စီးပွာဥစ္စာရတနာ ရွှေငွေများကို ပေးကမ်း၍ ချီးမြှောက်ကာ စောင့်ရှောက်တော်မူပါသ လော၊ ဘယ်ပုံ ဘယ်နည်း သနားစောင့်ရှောက် ချီးမြှောက်တော်မူပါသနည်း။ (ဃ) မိန့်

အဓိပ္ပါယ်ကား- (ဃ) ဖြင့် သတ္တဝါတို့အား စီးပွားချမ်းသာဖြင့် သနားစောင့်ရှောက် တော်မူ၏ဟူသည် စောင့်ရှောက်တတ်သော မေတ္တာစိတ်နှင့် ပြည့်စုံတော်မူသည်၏ အဖြစ် ကြောင့် သတ္တဝါအားလုံးတို့၏ အစီးအပွားချမ်းသာကို လိုလားသော စိတ်ရှိတော်မူသည် ဖြစ်၍ နေတော်မူ၏ဟု သနားစောင့်ရှောက် ချီးမြှောက်ပုံကို ငါပြဆို၏ဟူလို။

➤ ❷ ။ [စ-ဝါကျကို၌] (၁) နနု ဒယာသဒ္ဒေါ ဒယာပန္နောတိအာဒီသု ကရုဏာယပိ ဝတ္တတိ။ (၂) အထ ကသ္မာ ဒယံ မေတ္တစိတ္တတံ အာပန္နောတိ တယာ ဝုတ္တံ။

(၃) နနု သဗ္ဗပါဏဘူတဟိတာနုကမ္ပီတိ ပဒေန ကရုဏာ ဝက္ခတိ။

(၄) တသ္မာ ဒယံ မေတ္တစိတ္တတံ အာပန္နောတိ မယာ ဝုတ္တံ။

➤ ❸ ။ မိဒတိ သိနေဟတီတိ **မေတ္တာ**။ (၃) ချစ်ခြင်း ကြိယာသကတ်သည် ဝစန ဟေတု မည်၏။ (၅) မေတ္တာဒြပ်သည် (ဝါ) အဒေါသစေတသိက်ဒြပ်သည် ဝစနီယမည် ၏။ (၆) မေတ္တိ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

မေတ္တံ စိတ္တံ ဧတဿာတိ **မေတ္တစိတ္တော**။ (၃) မေတ္တာစိတ်၏ မြတ်စွာဘုရားဒြပ်နှင့် ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတုမည်၏။ (၅) မေတ္တာစိတ်ရှိ တော်မူသော မြတ်စွာဘုရားဒြပ်သည် ဝစနီယ မည်၏။ (၆) သိနေဟစိတ္တော--။

ပါပတော လဇ္ဇတီတိ **လဇ္ဇီ**။ (၃) မကောင်းမှုမှ ရှက်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ဟိရီစေတသိက်ဒြပ်သည် ဝစနီယ။ (၆) ပါပဇိဂုစ္ဆနလက္ခဏာ,

http://www.dhammadownload.com



ဟိရီ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဒယတိ အနုရက္ခတီတိ **ဒယာ**။ (၃) စောင့်ရှောက်ခြင်း ကြိယာသကတ်သည် ဝစန ဟေတု မည်၏။ (၅) စောင့်ရှောက်တတ်သော မေတ္တာဒြပ်သည် ဝစနီယ မည်၏။ (၆) မေတ္တာ, သိနေဟဘာဝါ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

အနုကမ္ပတီတိ **အနုကမ္ပကော**။ (၃) တုန်လှုပ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) တုန်လှုပ်တတ်သောပုဂ္ဂိုလ်/ကရုဏာသည် ဝစနီယ။ (၆) ကရုဏာ-။

➤ ❺ ။ **မေတ္တစိတ္တတံ-၌** တာသမ္ဗန်= ဒယာပန္နသ္သ သမဏဿ ဂေါတမဿ-ဖြစ်ပါသည်။ (၏/သည် စပ်) * (ယ) ၌ **တာယ ဒယာပန္နတာယ-**ဟိတ်၏ သမ္ဗန်ကား= သမဏဿ ဂေါတမဿ ဖြစ်ပါသည်။ (၏/သည် စပ်)

**အာပန္နော**-ကို အာပန္နတ္တာ-ဟု ဟိတ်ပြင်လျှင်- သမဏဿ ဂေါတမဿ။(၏/သည်)

➤ ❻ ။ (က) ၌ ပါပဇိဂုစ္ဆန လက္ခဏာယ-ဖြင့် လဇ္ဇာပုဒ်ကို ပါပတော လဇ္ဇတီတိ လဇ္ဇာ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) အ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) လဇ္ဇာ-အရ အတ္တာဓိနသဘော ရှိသောကြောင့် ဟိရီတရားကို ယူရမည်၏အဖြစ်ကိုရင်း (ဝါ) မကောင်းမှုမှ စက်ဆုပ်ခြင်း မည်သည် မကောင်းမှုမှ ကြောက်ခြင်းကင်းသည် ရှက်ခြင်းကင်းသည်မည်သည် မရှိသော ကြောင့် လဇ္ဇာ-အရ ဟိရီ, ဩတ္တပ္ပ တရားနှစ်ပါးကိုပင် ယူရမည်၏ အဖြစ်ကိုရင်း (သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

လဇ္ဇာယ သမန္နာဂတော-ဖြင့် လဇ္ဇီပုဒ်ကို လဇ္ဇာ အဿ အတ္ထီတိ လဇ္ဇီ-ဟု အဿတ္ထိ တဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ဤ-ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ် ၌ သက်သည်၏အဖြစ်ကိုရင်း (ပစ္စယတ္ထ) သိစေပါသည်။

(ခ) ၌ မေတ္တစိတ္တတံ-ဖြင့် ဒယာပုဒ်ကို ဒယတိ အနုဒ္ဒယတိ အနုရက္ခတိ ဇတောယာတိ ဒယာ-ဟု ဝစနတ္ထပြု၍ ဒယာ-အရ အနုရက္ခဏတ္ထကို အတွင်းပြု၍ မေတ္တာ ကရုဏာ နှစ်ပါးပင် ရသော်လည်း သဗ္ဗပါဏဘူတဟိတာနုကမ္ပီဖြင့် ကရုဏာကို ဆိုလတ္တံ့ဖြစ်သော ကြောင့် ဤ၌ မေတ္တာကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

ဒယံ အာပန္နော-ဖြင့် အာပန္နောပုဒ်ကို အာပဇ္ဇတီတိ အာပန္နော-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) တ-ပစ္စည်း၏ ကတ္တုသာဓန၌ သက် သည်၏ အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) ဒယနှင့် အာပန္နကို ဒယံ အာပန္နော ဒယာပန္နော ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) သိ။

(ဂ) ၌ သဗ္ဗေ ပါဏဘူတေ-ဖြင့် သဗ္ဗနှင့် ပါဏဘူတ-ပုဒ်ကို သဗ္ဗေ စ တေ ပါဏ ဘူတာစာတိ သဗ္ဗပါဏဘူတာ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို ရင်း (သမာသလိင်္ဂတ္ထ) ဟိတေန အနုကမ္ပကော-ဖြင့် အနုကမ္ပီပုဒ်ကို အနုကမ္ပတီတိ အနု

http://www.dhammadownload.com



ကမ္ပိ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ဏီ-ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုရင်း (ပစ္စယတ္ထ) ဟိတနှင့် အနုကမ္ပိပုဒ်ကို ဟိတေန အနုကမ္ပိ ဟိတာနုကမ္ပီ-ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို ရင်း (သမာသလိင်္ဂတ္ထ) တစ်ဝါကျလုံးဖြင့် သဗ္ဗပါဏဘူတနှင့် ဟိတာနုကမ္ပိကို သဗ္ဗပါဏ ဘူတေ ဟိတာနုကမ္ပီ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ-ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဃ) ၌ တာယ ဒယာပန္နတာယ-ဖြင့် မေတ္တာသည် ကရုဏာ၏ ဝိသေသအကြောင်း ဖြစ်ရကား ယင်းမေတ္တာကြောင့် ကရုဏာဖြစ်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

သဗ္ဗေသံ ပါဏဘူတာနံ ဟိတစိတ္တကောတိ အတ္ထော-ဖြင့် ယင်းမေတ္တာနှင့် ပြည့်စုံသောကြောင့် ခပ်သိမ်းကုန်သော သတ္တဝါတို့၏ အစီးအပွားကို အလိုရှိသော စိတ်ရှိသတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(င) ၌ ဣရိယတိ ယပေတိ ယာပေတိ ပါလေတိ-ဖြင့် ဝိဟရတိ-၌ ဝိ-သဒ္ဒါသည် ဝိသေသအနက်ကို မဟော၊ ဝိစ္ဆိန္ဒနအနက်ကို ဟောသည်၏အဖြစ်ကိုရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) ဟရဓာတ်သည် ပယ်ခြင်း-အပနယန အနက်ကိုမဟော၊ ဆောင်ခြင်း-နယနတ္ထကို ဟောသည်၏အဖြစ်ကိုရင်း (ဓာတွတ္ထ) နယန-ဆောင်ခြင်းဟူသည် ဤအရာ၌ ပဝတ္တန-ဖြစ်ခြင်းပင်တည်း၊ ဖြစ်ခြင်းဟူသည် ယာပန-မျှတစေခြင်း၊ မျှတစေခြင်းဟူသည် ပါလန-စောင့်ရှောက်ခြင်းဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(စ) ဖြင့် ဣတိသဒ္ဒါသည် ဟေတု, ပကာရ-စသော အနက်တို့ကို မဟော၊ နိဒဿန အနက်ကို ဟောသည်၏အဖြစ်ကိုရင်း (နိပါတလိင်္ဂတ္ထ) ဟိ-နိပါတ်၏ အနတ္ထက, ဝစနသိလိဋ္ဌ၏ အဖြစ်ကိုရင်း (နိပါတလိင်္ဂတ္ထ) သိစေပါသည်။

➢ **၈ ။ ပါဠိတော်၌ လဇ္ဇီ ဒယာပန္နော–ဟု ရှက်ခြင်း–လဇ္ဇာ–ကိုသာ ဟော၍ ကြောက်လန့်ခြင်း–ဩတ္တပ္ပကို မဟောခြင်းအကြောင်း ။ ။** ဘုရားရှင်တို့၏ တရားတော်ကို အလေးဂရု ပြုတော်မူတတ်သည်၏ အဖြစ်ကြောင့်ရင်း၊ တရားတော်၏လည်း မိမိနှင့် ဆက်စပ်နေသောကြောင့်ရင်း၊ (လဇ္ဇီ ဒယာပန္နော-ဟု) အတ္တာဓိပတိဖြစ်သော ရှက်ခြင်း-လဇ္ဇာကိုသာ ဟောတော်မူသည်။ လောကာဓိပတိဖြစ်သော ကြောက်လန့်ခြင်း ဩတ္တပ္ပကို ဟောတော်မမူ။

➢ **၁၀ ။ (က) ၌ လဇ္ဇာ–အရ ။ ။** (၁) ဘုရားရှင်၏ သန္တာန်၌ ဟိရီ ဩတ္တပ္ပ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိဂ်ါရရသ။ (၂) မကောင်းမှု အကုသိုလ် တရားများသည် အာရမ္မဏဝိဘာဝ။ (၃) မကောင်းမှု အကုသိုလ်တရားတို့၏ စက်ဆုပ်ဘွယ် ကြောက်လန့်ဘွယ် အခြင်းအရာသည်ရင်း၊ ဘုရားရှင်၏ ယောနိသော မနသိကာရ စသည်သည်ရင်း ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ဟိရီ ဩတ္တပ္ပနှင့် ပြည့်စုံသော

http://www.dhammadownload.com



ကြောင့် ဖူးမြင်ရသူ နတ်လူဗြဟ္မာ သတ္တဝါတို့ ကြည်ညိုသဒ္ဓါ တိုးပွားလာခြင်း-စသော အကျိုးတရား အဆက်ဆက်သည် အနုဘာဝ မည်၏။

**ဂါထာ (၉၄)**

**(က) အဒိန္နာဒါနံ ပဟာယာတိ ဧတ္ထ အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ၊**

**(ခ) ပရဿ ဟရဏံ ထေယျံ၊ စောရိကာတိ ဝုတ္တံ ဟောတိ၊**

**(ဂ) တသ္မာ အဒိန္နံ ပရပရိဂ္ဂဟိတံ၊**

**(ဃ) ယတ္ထ ပရော ယထာကာမကာရိတံ အာပဇ္ဇန္တော အဒဏ္ဍာရဟော အနုပဝဇ္ဇော စ ဟောတိ၊**

**(င) တသ္မိံ ပရပရိဂ္ဂဟိတေ ပရပရိဂ္ဂဟိတသညိနော တဒါဒါယကဥပက္ကမသမုဋ္ဌာပိကာ ထေယျ စေတနာ အဒိန္နာဒါနံ၊ (စ) တံ ဟီနေ ပရသန္တကေ အပ္ပသာဝဇ္ဇံ၊ ပဏီတေ မဟာသာဝဇ္ဇံ၊ ကသ္မာ ? ဝတ္ထုပဏီတတာယ၊ (ဋ္ဌ၊၇၀။ ဘာသာဋီကာ၊ပ၊ ၄၄၅။)**

* **အဒိန္နာဒါနံ**=(ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့်) မပေးအပ်သော ဥစ္စာကို ယူခြင်း။ (သဒ္ဒတ္ထ) သူတစ်ပါး သိမ်းဆည်းထားသော ဥစ္စာကို ခိုးတတ်သူ၏ အဖြစ်တည်းဟူသော (ဝါ) ခိုးယူခြင်းဟူသော စေတနာ။ (အဓိပ္ပါယတ္ထ) [ပဟာယ-၌စပ်]

➤ ၂ ။ (က) အဒိန္နာဒါနံ ပဟာယာတိ ဧတ္ထ၊ဟူသော ဤပါဌ်၌။အဒိန္နဿ၊ဥစ္စာ ရှင် သည် မပေးအပ်သော သူ့ဥစ္စာကို။အာဒါနံ၊ယူခြင်းသည်။(ဝါ) ယူကြောင်း စေတနာ သည်။အဒိန္နာဒါနံ၊အဒိန္နာဒါန မည်၏။

(ခ) ပရဿ၊သူတစ်ပါး၏ ဥစ္စာကို။ဟရဏံ၊ဆောင်ခြင်းတည်း။ထေယျံ၊ခိုးသူ၏ ဖြစ် ကြောင်း ဖြစ်ရာတည်း။စောရိကာ၊ခိုးသူ၏ အမှုအရာတည်း။ဣတိ၊ဤသို့။ဝုတ္တံ၊ဆိုလိုသည်။ ဟောတိ၊ဖြစ်၏။ (ဂ) တသ္မာ၊ထို အဒိန္နာဒါနံ ဟူသော ပါဌ်၌။အဒိန္နန္တိ၊အဒိန္နံ ဟူသည် ကား။ပရပရိဂ္ဂဟိတံ၊သူတစ်ပါးတို့ သိမ်းပိုက်အပ်သော ဥစ္စာတည်း။

(ဃ) [အာဝုတ္တိနည်းပေးပုံ] ယတ္ထ၊အကြင်ဥစ္စာ၌။ပရော၊ခိုးသူမှတစ်ပါးသော ဥစ္စာ ရှင်သည်။ ယထာကာမကာရိတံ၊အလိုရှိတိုင်း ပြုနိုင်သူ၏အဖြစ်သို့။အာပဇ္ဇန္တော၊ရောက် သည်။(ဟုတ္វာ၊ဖြစ်၍။) အဒဏ္ဍာရဟော၊ဒဏ်ကို မထိုက်သည်ရှင်း။အနုပဝဇ္ဇော စ၊မကဲ့ရဲ့ ထိုက်သည်ရှင်း။။ဟောတိ၊ဖြစ်၏။[တံ ပရပရိဂ္ဂဟိတံ၊ထိုသူတစ်ပါးတို့ သိမ်းပိုက်အပ်သော ဥစ္စာသည်။အဒိန္နန္တိ၊အဒိန္န မည်၏။]

[ယတ္ထ၊အကြင်ဥစ္စာ၌။ပရော၊ခိုးသူမှတစ်ပါးသော ဥစ္စာရှင်သည်။ယထာကာမကာရိတံ၊ အလိုရှိတိုင်း ပြုနိုင်သူ၏အဖြစ်သို့။အာပဇ္ဇန္တော၊ရောက်သည်။(ဟုတွာ၊ဖြစ်၍။) အဒဏ္ဍာ ရဟော၊ဒဏ်ကို မထိုက်သည်ရှင်း။အနုပဝဇ္ဇော စ၊မကဲ့ရဲ့ထိုက်သည်ရှင်း။။ဟောတိ၊]

(င) တသ္မိံ ပရပရိဂ္ဂဟိတေ၊ထိုသူတစ်ပါးတို့ သိမ်းပိုက်အပ်သော ဥစ္စာ၌။ ပရပရိဂ္ဂ ဟိတသညိနော၊သူတစ်ပါးတို့ သိမ်းပိုက်အပ်သော ဥစ္စာဟု အမှတ်ရှိသူ၏။တဒါဒါယက

http://www.dhammadownload.com



ဥပက္ကမသမုဋ္ဌာပိကာ၊ထိုသူတစ်ပါးဥစ္စာကို ယူတတ်သူ၏ လုံ့လကိုဖြစ်စေတတ်သော ထေယျစေတနာသည်။အဒိန္နာဒါန်၊အဒိန္နာဒါနမည်၏။

(ဓ) တံ၊ထိုအဒိန္နာဒါနသည်။ဟီနေ၊ညံ့သော။(အဖိုးမတန်သော)ပရသန္တကေ၊သူတစ်ပါး၏ ဥစ္စာ၌။အပ္ပသာဝဇ္ဇံ၊ယယ်သော သာဝဇ္ဇဖြစ်၏။ပဏီတေ၊မွန်မြတ်သော။(အဖိုးတန်သော) ပရသန္တကေ၊၌မဟာသာဝဇ္ဇံ၊ကြီးသော သာဝဇ္ဇ ဖြစ်၏။ကသ္မာ၊အဘယ့်ကြောင့်နည်း။ ဝတ္ထုပဏီတတာယ၊ခိုးအပ်သော ဝတ္ထု၏ မွန်မြတ်သည်၏ အဖြစ်ကြောင့်တည်း။

➢ ❷ ။ (ဓ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးသော ဥစ္စာကို ယူခြင်းသည် အဒိန္နဒါန်မည်သောဟု ဆိုတော်မူ၏။ ပိုင်ရှင် မပေးသော ဥစ္စာကို ဝိဿာသဂ္ဂါဟ ယူခြင်းမျိုးဖြင့် ယူခြင်းသည်ရင်း, အခိုက်အတန့် ငှားရမ်းသော အားဖြင့် ယူခြင်းမျိုးသည်ရင်း ဤနေရာ၌ အဒိန္နဒါန် မည်ပါသလော၊ အဘယ်သို့သော ယူခြင်းမျိုးသည် အဒိန္နဒါန် မည်ပါသနည်း၊ အကယ်၍ မပြဆိုချေသော် အတိဗျာပိတ ဒေါသ ဆရာ့အား သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် အဒိန္နာဒါနပုဒ်၏ ဝဝနတ္ထ အပေါင်း သမုဒါယတ္ထကို ပြပြီး၍ ယခုအခါ၌ ယင်းပုဒ်တွင်ပါဝင်သော အဒိန္နဟူသောပုဒ် တစိတ်၏ အဝယဝတ္ထ အဘိဓေယျတ္ထကို ပြလိုသော ဆရာသည် (ဂ) မိန့်။

(ဂ) သို့/ **ချဉ်းဝါးပုစ္ဆာ** ။ ။ ဆရာ၊ မြတ်စွာဘုရားသည် အဒိန္နာဒါနံ ပဟာယ-ဟု ဟောတော်မူ၏။ ယင်း၌ အဒိန္နဟူသည် အဘယ်နည်း၊ ဒန္တပေါဏသိက္ခာပုဒ်၌ကဲ့သို့ အကပ်မခံအပ်သော အတ္တသန္တက ဘဏ္ဍာပင်ဖြစ်ပါသလော၊ စုဒ်ကြောင့် (ဂ) မိန့်။

အဓိပ္ပါယ်ကား- အဒိန္နာဒါန်-၌ အဒိန္နဟူသည် ဒန္တပေါဏသိက္ခာပုဒ်၌ကဲ့သို့ အကပ် မခံအပ်သော အတ္တသန္တက ဘဏ္ဍာ မဟုတ်၊ ပရပရိဂ္ဂဟိတ သသာမိက ဘဏ္ဍာပင် ဖြစ်၏ဟူလို။

(ဃ) သို့/ ဆရာ၊ ဆရာသည် တံ ပရပရိဂ္ဂဟိတံ တသ္မိံ ပရပရိဂ္ဂဟိတေ ပုဒ်တို့၌ တ-နိယတ်ကို ပါဌသေသ အာဝုတ္တိနည်း အာဟစ္စဝိဓာနနည်းတို့ဖြင့် ဖွင့်ပြဆို၏။ တ-နိယတ်တို့မည်သည် ယ-အနိယတ်နှင့် မကင်းကောင်းသည် မဟုတ်ပါလော၊ ယ-အနိယတ် ကား အဘယ်ပါနည်း၊ စုဒ်ကြောင့် (ဃ) မိန့်။

(င) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (ဂ-ဃ) တို့ဖြင့် အဒိန္နာဒါနပုဒ်၌ အဒိန္နပုဒ်၏ အရ ကောက်ကို ပြဆိုပြီး၍ ယခုအခါ၌ အဒိန္နာဒါန ဘစ်ပုဒ်လုံး၏ အရကောက်ကို ဆက်လက် ဖွင့်ပြလိုသော ဆရာသည် (င) မိန့်။

➢ ❸ ။ | **ယ-ဝါကျကိုး၍** | (၁) နနု ယတ္ထ ပရော ယထာကာမကာရိတံ အာပဇ္ဇတိ။

(၂) အထ ကသ္မာ အဒဏ္ဍာရဟော အနုပဝဇ္ဇော စ ဟောတိ။ (၃) နနု သသန္တကံ ဟောတိ။ (၄) တသ္မာ အဒဏ္ဍာရဟော အနုပဝဇ္ဇော စ ဟောတိ။

http://www.dhammadownload.com



[ **စ-ဝါကျကို့ရှ** ] နနု ပရသန္တကဘာဝေန သဒိသာယေဝ ဟောန္တိ။ (၂) အထ ကသ္မာ တံ ဟိနေ ပရသန္တကေ အပ္ပသာဝဇ္ဇံ ပဏီတေ မဟာသာဝဇ္ဇန္တိ တယာ ဝုတ္တံ။ (၃) [ဟိနေ ပရသန္တကေ ဝတ္ထုဟီနတာယ ပဏီတေ ပရသန္တကေ] ဝတ္ထုပဏီတတာယ။ (၄) တသ္မာ တံ ဟိနေ ပရသန္တကေ အပ္ပသာဝဇ္ဇံ ပဏီတေ မဟာသာဝဇ္ဇန္တိ မယာ ဝုတ္တံ။

**မဟန္တံ ဥဿာဟံ ကတွာ ဝတ္ထုံ ဝတ္ထုကာမေဟိ အပ္ပမတ္တကံ သြရမတ္တကံ အာစာရသီလမတ္တကမေဝ ဝဏ္ဏတိ၊ ဥပရိ အသာဓာရဏဘာဝံ နိဿာယ ဝတ္ထုံ ဝတ္ထုံ န သိက္ခိဿတိ၊ (၅၊၇၀)**

(၁) နနု မဟန္တံ ဥဿာဟံ ကတွာ ဝတ္ထုံ ဝတ္ထုကာမော ဘဝတိ။ (၂) အထ ကသ္မာ အပ္ပမတ္တကံ သြရမတ္တကံ အာစာရသီလမတ္တကမေဝ ဝဏ္ဏတီတိ ဝုတ္တံ။ (၃) နနု ဥပရိ အသာဓာရဏဘာဝံ နိဿာယ ဝတ္ထုံ ဝတ္ထုံ န သိက္ခိဿတိ။

(၄) တသ္မာ အပ္ပမတ္တကံ သြရမတ္တကံ အာစာရသီလမတ္တကမေဝ ဝဏ္ဏတီတိ ဝုတ္တံ။

➤ ❹ ။ ထေနေတီတိ ထေနော။ ထေနဿ ဘာဝေါ **ထေယျံ**။ (၃) ခိုးသူ၏+ဖြစ်ကြောင်း ဖြစ်ရာ ခိုးမှု (ဝါ) ထေယျ စေတနာနှင့် ဂုဏော-ဂုဏ်/အကျိုး-အကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ခိုးမှု (ဝါ) ထေယျစေတနာသည် ဝစနီယ။ (၆) စောရကမ္မံ, စောရိကာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ။

ထေနေတီတိ ထေနော၊ ထေနဿ ဘာဝေါ ထေယျံ၊ စေတယတီတိ စေတနာ၊

ထေယျဉ္စ တံ စေတနာစာတိ **ထေယျစေတနာ**။ (၃) ခိုးတတ်သူ၏ အဖြစ်ဟူသော ဂုဏ်၏+စေတနာနှင့် ဂုဏ်-ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ခိုးသူဖြစ်ကြောင်း စေတနာဖြစ်သည် ဝစနီယ မည်၏။ (၆) စောရိကစေတနာ--။

စောရဿ ဘော စောရိကာ။ (ထေယျ-နှင့် တူ၏)

စောရဿ ကမ္မံ **စောရိက္ကာ**။ (၃) သူခိုး၏ ခိုးမှုနှင့် နိဿယ နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (ကြွင်းတူ)

ဒတ္တံ န အရဟတီတိ **အဒတ္တာရဟော**။ (၃) ထိုက်ခြင်း ကြိယာသကတ်သည်ရင်း, ဒတ္တာပုဒ်နှင့် အရဟတိပုဒ်တို့၏ ကမ္မ-ကမ္မီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သကတ်သည်ရင်း, န နိပါတ်နှင့် အရဟတိကြိယာပုဒ်တို့၏ ပဋိသေဓ ပဋိသေဓဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သကတ်သည်ရင်း ဝစနဟေတု မည်၏။ (၅) ဥစ္စာပိုင်ရှင်ဖြစ်သော သူတစ်ပါးဖြစ်သည် ဝစနီယ မည်၏။ (၆) ပရ, အနုပဝဇ္ဇ-စသော--

ပရဿ ဣဒံ ပရံ။ (၃) သူတစ်ပါး၏ ဥစ္စာနှင့် သာမိ-သံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဥစ္စာဖြစ်သည် ဝစနီယ။ (၆) ပရသန္တကံ-စသော--။

➤ ❺ ။ **ယထာကာမကာရိတံ/အာပဇ္ဇေန္တောကို** အာပဇ္ဇန္တတ္တာ/**အဒတ္တာရဟော**-ကို အဒတ္တာရဟတ္တာ/**အနုပဝဇ္ဇော**-ကို အနုပဝဇ္ဇတ္တာဟု ဟိတ်ပြင်လျှင် ပရဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်) (၀) ၌ **အဒိန္နာဒါနံ**-ကို အဒိန္နာဒါနတ္တာ-ဟု ဟိတ်ပြင်လျှင်-

http://www.dhammadownload.com



ထေယျစေတနာယ-ဟု သမွန် ခံရပါမည်။ (၏/သည် စပ်)

**ဝဇ္ဈပဏီတဘာယ**-ဟိတ် သမ္ဗန်ကား တဿ (အဒိန္နာဒါနဿ) (၏/သည်စပ်)

(ဃ) **အာပဇ္ဇနဋ္ဌော**-ကို အာပဇ္ဇနတော-ဟု ဟိတ်ပြင်လျှင် ပရဿ-ဟု သမ္ဗန် ခံရ မည်။ (၏/သည် စပ်)

➤ ❻ ။ (က) ၌ အဒိန္နဿ အာဒါနံ-ဖြင့် အာဒါနံပုဒ်ကို အာဒီယတိ ဧတေနာဂ အာဒါနံ-ဟု ကရဏသာဓန ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ယုပစ္စည် ၏ ကရဏသာဓနေ၌ သက်သည်၏အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) အဒိန္နနှင့် အာဒါန အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ-ဟု ကမ္မဌဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည် အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ၌ ပရဿ-ဖြင့် အဒိန္န-အရ ပရသန္တကကို ယူရမည်၏ အဖြစ်ကိုရင်း (သရု ကြား အဘိဓေယျတ္ထ) ဟရဏံ-ဖြင့် အာဒါနံ-၌ ဒါဓာတ်သည် အာ-ဟူသော ဥပသာ နှင့် ယှဉ်သောကြောင့် ပေးခြင်း-ဒါနအနက်ကို မဟော၊ ဟရဏ-ဆောင်ခြင်း (ဝါ) ဂဟဏ ယူခြင်းအနက်ကို ဟောသည်၏အဖြစ်ကိုရင်း (ဒု-ဓာတွတ္ထ) အာ-ဥပသာရ၏ ဓာတွ တမကေ၏ အဖြစ်ကိုရင်း (ဥပသဂ္ဂလိင်္ဂတ္ထ) သိစေပါသည်။

ထေယျ် စောရိကာ-ဖြင့် ပရဿ ဟရဏ-သူတစ်ပါးဥစ္စာကို ယူခြင်းဟူသည် ပိဏ္ဍ အားဖြင့် ခိုးခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ၌ ပရပရိဂ္ဂဟိတံ-ဖြင့် အဒိန္န-အရ ဒန္တပေါဏသိက္ခာပုဒ်၌ကဲ့သို့ အကပ်မခံ သေးသော အတ္တသန္တကကို မယူရ၊ ပရပရိဂ္ဂဟိတ, သဿာမိကဘဏ္ဍာကို ယူရမည် သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(င) ၌ ထေယျစေတနာ အဒိန္နာဒါနံ-ဖြင့် အဒိန္နာဒါန-အရ သူတစ်ပါးပစ္စည်းကို ခိုး တတ်သော ကာယဝိညတ် ဝစီဝိညတ်များကို မကောက်ယူရ၊ ခိုးသူ၏ သန္တာန်၌ဖြစ်သေ ခိုးယူကြောင်း စေတနာကို ကောက်ယူရမည်ဟု သိစေ။(သရုပ်ကြား အဘိဓေယျတ္ထ)

တဒါဒါယကဥပက္ကမသမုဋ္ဌာပိကာ-ဖြင့် ထေယျစေတနာသည် သူတစ်ပါးဥစ္စာ ယူတတ်သူ၏ လုံ့လကြောင့်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

တသ္မိံ ပရပရိဂ္ဂဟိတေ-ဖြင့် ထိုထေယျစေတနာသည် သူတစ်ပါးတို့ သိမ်းပိုက်အ သော ဥစ္စာ၌ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဘာဝတ္ထ)

➤ ❼ ။ **ဝိဇ္ဇာမယပယောဂနှင့် ဣဒ္ဓိမယပယောဂ အထူး** ။ ။ မန္တာန်စုတ်ခြင် ဖြင့် သူတစ်ပါးဥစ္စာကို ယူဆောင်ခြင်းသည် ဝိဇ္ဇာမယပယောဂ မည်၏။ မန္တာန်မပါ ကာယ ဝစီ ပယောဂတို့ဖြင့် တန်ခိုးကို အသုံးပြု၍ သူတစ်ပါးဥစ္စာကို ယူဆောင်ခြင်းသ ဣဒ္ဓိမယ ပယောဂ မည်၏။ ဤသို့ ထူးပါသည်။

➤ ❶❶ ။ **အဒိန္နာဒါန-အရကို ကိုယ်ပြု၍** ။ ။ ထေယျစေတနာပြဋ္ဌာန်းသေ

http://www.dhammadownload.com



အကုသိုလ် စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ကာမရတိဌာယိဘာဝ, ကာမသိဂ်ါရရသ (၂) ပရပရိဂ္ဂဟိတဘဏ္ဍာသည် အာရမ္မဏဝိဘာဝ။ (၃) ပရပရိဂ္ဂဟိတဘဏ္ဍာ၏ နှစ်သက်မြတ်နိုးဘွယ်ကောင်းခြင်းနှင့် ခိုးယူတတ်သူ၏ အယောနိသော မနသိကာရသည် ဥဒ္ဒိပန ဝိဘာဝ မည်၏။ (၄) ဒဏ္ဍာဘေး ဒုဂ္ဂတိဘေး ကျရောက်ခြင်း စသည်သည် အနုဘာဝ မည်၏။ * **အဝိန္နာဒါန်-၌ နောက်ပုဒ်အရကို ကိုယ်ပြု၍ဆိုလျှင် အတူတူပင်။**

**အနုပဝဇ္ဇော-၌ ဓာတ်အရ ။ ။** ကဲ့ရဲ့တတ်သော ပုဂ္ဂိုလ်၏ ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကို ယူ၍ (၁) ထို-သည် ကောဓဌာယိဘာဝ, ရုဒ္ဓရသ မည်၏။ (၂) ခိုးသူသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ခိုးမှုသည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) အမျက်ထွက်ခြင်း ကြောင့် သူခိုးကို ရိုက်နှက်ခြင်း သတ်ဖြတ်မိခြင်း အချုပ်အနှောင်ကျစေခြင်း စသည်သည် အနုဘာဝ မည်၏။

**ပါဠိ (၉၅) [ ၁၊၇၁ ]**

**(က) ဒိန္နမေဝ အာဒိယတီတိ ဒိန္နာဒါယီ၊ (ခ) စိတ္တေနပိ ဒိန္နမေဝ ပဋိကင်္ခတီတိ ဒိန္နပါဋိကင်္ခီ၊**

**(ဂ) ထေနေတီတိ ထေနော၊ (ဃ) န ထေနေန အထေနေန၊**

**(င) အထေနတ္တာယေဝ သုစိဘူတေန၊ (စ) အတ္တနာတိ အတ္တဘာဝေန၊**

**(ဆ) အထေနံ သုစိဘူတံ အတ္တာနံ ကတွာ ဝိဟရတီတိ ဝုတ္တံ ဟောတိ၊**

**(ဇ) သေသံ ပဌမသိက္ခာပဒေ ဝုတ္တနယေနေဝ ယောဇေတဗ္ဗံ၊**

**(ဈ) ယထာ စ ဧဝံ သဗ္ဗတ္ထ၊** (၁၊ ၇၁။ ဘာသာဋီကာ၊ပ၊၄၄၇။)

* **[ အဖွင့်နှင့် အညီ သံဝဏ္ဏေတဗ္ဗ အနက် ] ဒိန္နာဒါယီ**-ပေးသည်ကို ယူတတ်၏။ **ဒိန္နပါဋိကင်္ခီ**-(စိတ်ဖြင့်လည်း) ပေးသည်ကိုသာ အလိုရှိတတ်၏။

**အထေနေန**၊မခိုးတတ်သော။သုစိဘူတေန-စင်ကြယ်စွာ ဖြစ်၍ဖြစ်သော။အတ္တနာ-အတ္တဘောဖြင့်။(ဝါ) အတ္တဘောကို။ကတွာ၊ပြု၍။(ဝိဟရတိ-၌ စပ်)

➤ ❶ ။ (က) [ယော သမဏော ဂေါတမော၊အကြင်ရဟန်းဂေါတမသည်။] ဒိန္နမေဝ၊လှူအပ်သော ဥစ္စာကိုသာ။အာဒိယတိ၊ယူတော်မူတတ်၏။ဣတိ၊ထို့ကြောင့်။[သော သမဏော ဂေါတမော၊ထိုရဟန်း ဂေါတမသည်။] ဒိန္နာဒါယီ၊ဒိန္နာဒါယီ မည်တော်မူ၏။

(ခ) စိတ္တေနပိ၊စိတ်အားဖြင့်လည်း။ဒိန္နမေဝ၊ပေးလှူအပ်သော ဥစ္စာကိုသာ။ပဋိကင်္ခတိ၊ အလိုရှိတော်မူ၏။ဣတိ၊ထို့ကြောင့်။ဒိန္နပါဋိကင်္ခီ၊ဒိန္နပါဋိကင်္ခီ မည်တော်မူ၏။

(ဂ) ထေနေတိ၊ခိုးတတ်၏။ဣတိ၊ထို့ကြောင့်။ထေနော၊ထေန မည်၏။

(ဃ) န ထေနေန၊ခိုးတတ်သူ မဟုတ်သော။အထေနေန၊ခိုးတတ်သူ မဟုတ်သော။

(င) အထေနတ္တာယေဝ၊မခိုးတတ်သည်၏ အဖြစ်ကြောင့်ပင်။သုစိဘူတေန၊စင်ကြယ်သည် ဖြစ်၍ဖြစ်သော။ (စ) အတ္တနာတိ၊အတ္တနာ ဟူသည်ကား။အတ္တဘာဝေန၊အတ္တဘော

http://www.dhammadownload.com



ဖြင့်။(ဝိဟရတိ၌ စပ်) (ဆ) အတ္တာနံ၊အတ္တဘောကို။အထေနံ၊မခိုးတတ်သူကို။သုစိဘူတံ၊ စင်ကြယ်သည်ဖြစ်၍ ဖြစ်သည်ကို။ကတွာ၊ပြုတော်မူ၍။ဝိဟရတိ၊သီတင်းသုံးတော်မူ၏။ ဣတိ၊ဤသို့။ဝုတ္တံ၊ဆိုလိုသည်။ဟောတိ၊ဖြစ်၏။ (ဇ) သေသံ၊ကြွင်းသော ပုဒ်အပေါင်းကို။ (ပဟာယ ပဋိဝိရတော-စသော ပုဒ်အပေါင်းကို။) ပဌမသိက္ခာပဒေ၊ပဌမသိက္ခာပုဒ်၌။ဝုတ္တ နယေနေဝ၊ဆိုအပ်ပြီးသော နည်းဖြင့်သာ။ယောဇေတဗ္ဗံ၊ယှဉ်စေထိုက်၏။

(၅) စ၊ဆက်ဦးအံ့။ဣဓ၊ဤသိက္ခာပုဒ်၌။သေသံ၊ကြွင်းသော ပုဒ်အပေါင်းကို။ပဌမ သိက္ခာပဒေ၊ပဌမသိက္ခာပုဒ်၌။ဝုတ္တနယေနေဝ၊ဆိုအပ်ပြီးသော နည်းဖြင့်သာ။ယောဇေတဗ္ဗံ ယထာ၊ယှဉ်စေထိုက်သကဲ့သို့။ဧဝံ၊ဤအတူ။သဗ္ဗတ္ထ၊အလုံးစုံသော သိက္ခာပုဒ်တို့၌။သေသံ၊ ကြွင်းသော ပုဒ်အပေါင်းကို။ပဌမသိက္ခာပဒေ၊ပဌမသိက္ခာပုဒ်၌။ဝုတ္တနယေနေဝ၊ဆိုအပ်ပြီး သော နည်းဖြင့်သာ။ယောဇေတဗ္ဗံ၊ယှဉ်စေထိုက်၏။ (ဘာသာဋီကာ၊ပ၊၄၄၇။)

➢ ❷ ။ (ဂ) သို့/ ဆရာ၊ ဘုရားရှင်သည် အထေနေန-၌ ထေနပုဒ်ကို ထည့်သွင်း ၍ ဟောတော်မူ၏။ ယင်း ထေနပုဒ်၌ သက်ထားသည့် အ-ပစ္စည်းသည် ကံ, ကရိုဏ်း- စသော အနက်များ၌သက်၍ ထေနိတဗ္ဗောတိ ထေနော စသည်ဖြင့် ဝစနတ္ထ ပြုရပါ မည်လော၊ ထေနပုဒ်၏ ဤ၌ အလိုရှိအပ်သော ဝစနတ္ထကား အဘယ်ပါနည်း၊ ထေန ပုဒ်၏ ဤ၌ အလိုရှိအပ်သော ဝစနတ္ထကို မပြဆိုချေသော် အတိဗျာပိတဒေါသ ဘုရား ရှင်အား သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ထေနပုဒ်ကို ထေနေတီတိ ထေနော-ဟု ကတ္တုသာဓန ဝိဂ္ဂဟပြုရမည်ဟု ဆိုတော်မူ၏။ ပါဠိတော်၌ ထေနပုဒ်ဟူ၍ သက်သက် မရှိ၊ အထေနေန-ဟူ၍သာ ရှိသည်ဖြစ်၍ အထေနေန-ဟူသော အပေါင်းပုဒ်ကိုလည်း ဖွင့်ဆိုသင့်သည် မဟုတ်ပါလော၊ အထေနေန-ဟူသော အပေါင်းပုဒ်၏ ပဒ, ပဒတ္ထကား အဘယ်ပါနည်း။ မဖွင့်ဆိုချေသော် သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာဆန့်သော ဝိရောဓိဒေါသ ဆရာ့အား သင့်ရောက်ရာ၏၊ စုဒ်ကြောင့် (ဃ) မိန့်။

(ဆ) သို့/ ဆရာ၊ ဆရာသည် (ဂ-ဃ-င-စ) ဝါကျတို့ဖြင့် အထေနေန သုစိဘူတေန အတ္တနာ-ဟူသော ပုဒ်သုံးခုတို့၏ အဖွင့် သံဝဏ္ဏနာကို ဖွင့်ဆိုတော်မူ၏။ တတိယာဝိဘတ် သည် ကရိုဏ်းအနက်၌ သက်ပါသလော၊ အဘယ်အနက်၌ သက်ပါသနည်း၊ (ဆ) မိန့်။

အဓိပ္ပါယ်ကား- ဣတ္ထမ္ဘူတလက္ခဏအနက်၌ သက်၏ဟူလို။

(ဇ) သို့/ ဆရာ၊ ဆရာသည် (ဆ) ဖြင့် အထေနေန သုစိဘူတေန အတ္တနာ သုံးပုဒ် တို့၌ ကရိုဏ်းဝိဘတ်သည် ဣတ္ထမ္ဘူတလက္ခဏအနက်၌ သက်သောဟု ဆိုတော်မူ၏။ ထို ပုဒ်တို့မှကြွင်းသော ပဟာယ ပဋိဝိရတော-စသော ပုဒ်တို့၏အနက်ကို အဘယ်သို့ မှတ် သားအပ်ပါသနည်း၊ ဆိုအပ်လတ့်သော နည်းတို့ဖြင့်လည်း မှတ်သားအပ်ပါသလော၊ စုဒ် ကြောင့် (ဇ) မိန့်။

http://www.dhammadownload.com



(၈) သို့/ ဆရာ၊ ဆရာသည် (၉) ဖြင့် ကြွင်းသော ပဟာယ ပဋိဝိရတော-စသော ပုဒ်တို့၏ အနက်ကို ပထမသိက္ခာပုဒ်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာ ယှဉ်စေထိုက်၏ ဟု ဆိုင်ဆို၏။ ဤ ဒုတိယသိက္ခာပုဒ်၌သာ ပဟာယ ပဋိဝိရတော-စသော ပုဒ်တို့၏ အနက်ကို ပထမသိက္ခာပုဒ်၌ ဆိုအပ်ပြီးသော နည်းဖြင့် ယှဉ်စေထိုက်ပါသလော၊ အလုံးစုံသော သိက္ခာပုဒ်တို့၌ အဘယ်ကဲ့သို့ မှတ်သားရပါမည်နည်း၊ စုဒ်ကြောင့် (၈) မိန့်။

➢ ❷ ။ [င–ဝါကျကို၌] (၁) နနု သမဏော ဂေါတမော ပါဏာတိပါတာပိ ပဋိဝိရတော။ (၂) အထ ကသ္မာ အထေနတ္တာယေဝ သုစိဘူတေနာတိ ဝုတ္တံ။ (၃) နနု အဒိန္နာဒါနာဝိကာရော ဟောတိ။ (၄) တသ္မာ အထေနတ္တာယေဝ သုစိဘူတေနာတိ ဝုတ္တံ။

[ ဓ–ဝါကျကို၌ ] (၁) နနု ဣမ သိက္ခာပဒဝေါဟာရေန န ဝုတ္တာ။ (၂) အထ ကသ္မာ ပဥ္စမသိက္ခာပဒေတိ ဝုတ္တံ။ (၃) ဣတော အညေသု သုတ္တပဒေသေသု ဝိနယာဘိဓမ္မေသု ၊ ပဝတ္တဝေါဟာရေန ဝိရတိယော, စေတနာစ အဓိသီလသိက္ခာနမဓိဋ္ဌာနဘာဝတော, ;တသမညတရကောဋ္ဌာသဘာဝတောစ သိက္ခာပဒန္တေဝ ဝတ္တဗ္ဗာ။

(၄) တသ္မာ ပဥ္စမသိက္ခာပဒေတိ ဝုတ္တံ။

➢ ❺ ။ သုစတိ ပရိသုဒ္ဓံ ဘဝတီတိ **သုစိ**။ (၃) စင်ကြယ်စွာဖြစ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ဘုရားရှင်၏ အတ္တဘောဒြပ်သည် ဝစနီယ မည်၏။ (၆) သုဒ္ဓေါ, ပရိသုဒ္ဓေါ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

စိနောတီတိ **စိတ္တံ**။ (လောကီကုသိုလ် အကုသိုလ် မဟာကြိယာစိတ်များ ရ၏။)

**စိယတီတိ စိတ္တံ**။ (ဝိပါက်စိတ်များ ရ၏။)

အာရမ္မဏံ စိန္တေတီတိ **စိတ္တံ**။ (စိတ်အားလုံးရ၏။)

(၃) အာရုံကို သိခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အားလုံးသော စိတ်များသည် ဝစနီယ မည်၏။ (၆) မနော, မာနသံ, ဝိညာဏံ-စသော--။

အာဟိတော အဟံမာနော ဧတ္ထာတိ အတ္တာ။ အဒတိ သံသာရဒုက္ခန္တိ အတ္တာ။

(၃) ခံစားခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ခန္ဓာကိုယ် အတ္တဘော သည် ဝစနီယ မည်၏။ (၆) အတ္တဘာဝ, သရီရ, ဒေဟ-စသော--။

➢ ❼ ။ **အစထေနတ္တာ**-ဟိတ်၏ သမ္ဗန်ကား သမဏဿ ဂေါတမဿ ဖြစ်သည်။ ၏/သည်စပ်) ဘာဝသမ္ဗန်၏ ဖြစ်သင့်သော ပစ္စယတ္ထကား ကတ္တတ္ထ ဖြစ်ပါသည်။

**အစထေနံ**ကို အထေနတ္တာ၊ **သုစိဘူတံ**-ကို သုစိဘူတတ္တာ-ဟု ဟိတ်ပြင်လျှင်- အတ္တဿ (တနည်း) သမဏဿ ဂေါတမဿ-ဟု သမ္ဗန်ခံ။ (၏/သည် စပ်)

➢ ❽ ။ (က) ၌ ဒိန္နမေဝ အာဒိယတိ-ဖြင့် အာဒါယိ၌ ဏီပစ္စည်း၏ ကတ္တုသာဓန ၌ သက်သည်၏အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) အာဒါယီပုဒ်ကို အာဒိယတီတိ အာဒါယီ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ဒိန္န-သဒ္ဒါ၏ ဒိန္နမေဝ-

http://www.dhammadownload.com



ဟူသော အဝဓာရဏအနက် ရှိသည်၏အဖြစ်ကိုရင်း (ဘာဝတ္ထ) ဒိန္နနှင့် အာဒါယီ-ကို ဒိန္နမေဝ အာဒါယီ ဒိန္နာဒါယီ-ဟု ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ခ) ၌ ဒိန္နမေဝ ပဋိကင်္ခတိ-ဖြင့် ပါဋိကင်္ခီ၌ ဏီပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) ပါဋိကင်္ခီပုဒ်ကို ပဋိကင်္ခတီတိ ပါဋိကင်္ခီ-ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ဒိန္န-သဒ္ဒါ၏ ဒိန္နမေဝ- ဟူသော အဝဓာရဏအနက် ရှိသည်၏အဖြစ်ကိုရင်း (ဘာဝတ္ထ) ဒိန္နနှင့် ပါဋိကင်္ခီကို ဒိန္နမေဝ ပါဋိကင်္ခီ ဒိန္နပါဋိကင်္ခီ-ဟု ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

စိတ္တေနပိ-ဖြင့် ဒိန္နာဒါယီပုဒ်သည် ပယောဂအားဖြင့် စင်ကြယ်ခြင်း ပယောဂသုဒ္ဓိကို ပြသည်၊ ဒိန္နပါဋိကင်္ခီပုဒ်သည် အလိုအားဖြင့် စင်ကြယ်ခြင်း အာသယသုဒ္ဓိကို ပြသည်ဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ဖြင့် ထေနပုဒ်၌ ထိနဓာတ် စသည်မဟုတ်၊ ထေနဓာတ်၏ အဖြစ်ကိုရင်း (ဒု-ဓာတုပဒ) အ-ပစ္စည်းသည် ကမ္မ၌ မသက်၊ ကတ္တု၌ သက်ထားသည်၏အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) ထေနေတီတိ ထေနော-ဟု ဝိဂ္ဂဟပြုရမည်ကိုရင်း (အဘိဓာနတ္ထ) ယင်း ထေနဓာတ်သည် ဘူဝါဒိဂိုဏ်းဝင် ဓာတ်မဟုတ်၊ စုရာဒိဂိုဏ်းဝင် ဓာတ်ဖြစ်သည်၏အဖြစ်ကိုရင်း(ဘာဝတ္ထ) ခိုးတတ်သော ဂုဏ်သကတ်ကြောင့် သူခိုးကို ထေန-ဟု ခေါ်သည်ဟူသော အကြောင်းသကတ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(ဃ) ဖြင့် အထေနေန-၌ အ-သဒ္ဒါသည် န-နိပါတ်၏ ကာရိယ၏ အဖြစ်ကိုရင်း (နိပါတလိင်္ဂပဒ) န ထေနော အထေနော-ဟု ဥဘောတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(င) ၌ အတ္တဘာဝေန- ဖြင့် အတ္တပုဒ်ကို အာဟိတော အဟံမာနော ဧတ္ထာတိ အတ္တာ (တနည်း) အဒတိ သံသာရဒုက္ခံတိ အတ္တာ-ဟု ဝစနတ္ထပြု၍ သဏ္ဍာနရာဂပုဂ္ဂိုလ်၏ အတ္တဘော ကို ရသော်လည်း ဤ၌ ရုဠှီအားဖြင့် မြတ်စွာဘုရား၏ အတ္တဘောကို ယူရမည်ဟု သိ စေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(တနည်း) အတ္တဘာဝေန-ဖြင့် အတ္တ-သဒ္ဒါသည် စိတ်, သဘာဝ-စသော အနက်တို့ကို မဟော၊ အတ္တဘာဝအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

(စ) ဖြင့် အထေနေန သုစိဘူတေန အတ္တနာ-၌ နာဝိဘတ်သည် ကရဏတ္ထ၌ မသက်၊ ကတ္တုဖ္ဖုတလက္ခဏအနက်၌ သက်သည်၏အဖြစ်ကို သိစေသည်။ (ဝိဘတျတ္ထ)

➤ ❶ ။ **မနောပဒေါသိက-ဟု ခေါ်ဆိုအပ်သော နတ်တို့သည် - စတုမဟာရာဇ် နတ်ဘုံ၌ဖြစ်သော နတ်မျိုး ဖြစ်ပါသည်။** ယင်း မနောပဒေါသိကနတ်တို့သည် အချင်းချင်း

http://www.dhammadownload.com



ပြစ်မှားသော စိတ်ရှိကုန်သည်ဖြစ်၍ ပင်ပန်းသော ကိုယ်၊ ပင်ပန်းသော စိတ်ရှိကြကုန်၏၊ ဤသို့ အမျက်ဒေါသနှင့်ယှဉ်သော စိတ်ကြောင့်-- ပျက်စီးကြရပါသည်။

➢ ၁၀။ **အာဒါယိ-ဥ္ဆ ဒါတတ်၏အစရ အန္တတ္ထကို၌** ။ ။ (၁) ပေးသည်ကိုသာ ယူတတ်သော ဘုရားရှင်၏ သန္တာန်၌ဖြစ်သည့် သမ္မာဆန္ဒနှင့် ဝိစာရဏာ ဉာဏ်ပညာ ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယိဘာဝ, ဓမ္မသိဂါရဝ မည်၏။ (၂) ဆွမ်းသင်္ကန်း-စသော လျှုဘွယ်ဝတ္ထုပစ္စည်း အစုစုသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ယောနိသော မနသိကာရ စသည်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) ခန္ဓာကိုယ် အရှည်တည်တန့်၍ ဝေနေယျသတ္တဝါများအား တရားရေအေး တိုက်ကျွေးနိုင်ခြင်း စသည်တို့သည် အနုဘာဝ မည်၏။

* **ပဋ္ဌမသိက္ခာပဒ—အစရ** ။ ။ ဝိရတိစေတနာကိုယူ၍ (၁) ထို-သည် ဓမ္မရတိဋ္ဌာယိဘာဝ, ဓမ္မသိဂါရဝ မည်၏။ (၂) ပိတိက္ကမိတဗ္ဗဝတ္ထုဟူသော သူ့အသက်သည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ဒုစရိုက်မှရှက်ခြင်းသည်ရင်း, မေတ္တာစိတ်ရှိသည်၏အဖြစ်သို့ ရောက်ခြင်းသည်ရင်း ဥဒ္ဒီပနဝိဘာဝ မည်၏။ ကဲ့ရဲ့မခံရခြင်း ရောဂါကင်းခြင်း အသက်ရှည်ခြင်း-စသော အကျိုးများသည် အနုဘာဝ မည်၏။

**ပါဠိ (၉၆)** [၄၊၇၁]

**(က) အမြဟ္မစရိယန္တိ အသေဋ္ဌစရိယံ၊ (ခ) ဗြဟ္မံ သေဋ္ဌံ အာစာရံ စရတီတိ ဗြဟ္မစာရီ၊**

**(ဂ) အာရာစာရီတိ အဗြဟ္မစရိယတော ဒူရစာရီ၊**

**(ဃ) မေထုနာတိ ရာဂပရိယုဋ္ဌာနဝသေန သဒိသတ္တာ မေထုနကာတိ လဒ္ဓဝေါဟာရေဟိ ပဋိသေဝိတဗ္ဗတော မေထုနာတိ သင်္ချံ ဂတာ အသဒ္ဓမ္မာ၊**

**(င) ဂါမဓမ္မာတိ ဂါမဝါသီနံ ဓမ္မာ၊** (၄၊၇၁။ ဘာသာဋီကာ၊ပ၊၄၅၀။)

* **သံဝဏ္ဏနာအညီ သံဝဏ္ဏေတဗ္ဗ အနက်** ။ ။ **အမြဟ္မစရိယံ**-မမြတ်သော ယုတ်ညံ့သော မေထုန်အကျင့်ကို။(ဝါ) မမြတ်သူ ယုတ်ညံ့သူတို့၏ မေထုန်အကျင့်ကို။ **ဗြဟ္မစာရီ**-မြတ်သော မေထုန်အကျင့်မှ ကြဉ်ရှောင်ခြင်းအကျင့်ကို ကျင့်တော်မူတတ်၏။

**အာရာစာရီ** = မမြတ်သော မေထုန်အကျင့်မှ ဝေးစွာကျင့်ခြင်းရှိသည်။ဟောတိ၏။

**မေထုနာ** • ရာဂ၏ အစွမ်းအားဖြင့် တပ်မက်ခြင်းတူသူ နှစ်ယောက်တို့၏ ဥစ္စာဖြစ်သော အကျင့်မှ။ (သဒ္ဒတ္ထ) မေထုန်အကျင့်မှ။ (ပေါရာဏတ္ထ) ကာမဂုဏ်မြူးတူး ပျော်ပါးခြင်းမှ။(ဝေါဟာရတ္ထ) **ဂါမဓမ္မာ** = ရွာတို့၏ အကျင့်မှ။ (မုချတ္ထ) ရွာသူတို့၏ အကျင့်မှ။ (ဥပစာရတ္ထ) (ဝိရတော၌ စပ်)

➢ ၁။ (က) အဗြဟ္မစရိယန္တိ၊အဗြဟ္မစရိယံ ဟူသည်ကား။အသေဋ္ဌစရိယံ၊မမြတ်သော လူတို့၏ မေထုန်အကျင့်ကို။(ဝါ) မမြတ်သော မေထုန်အကျင့်ကို။(ပဟာယ-စပ်)

http://www.dhammadownload.com



(စ) ဗြဟ္မံ သေဋ္ဌံ၊မြတ်သော၊အာစာရံ၊အကျင့်ကို၊စရတိ၊ကျင့်တော်မူတတ်၏၊ဣတိ၊ ထို့ကြောင့်၊ဗြဟ္မစာရီ၊ဗြဟ္မစာရီ မည်တော်မူ၏။

(ဂ) အာရာစာရီတိ၊ဟူသည်ကား၊အဗြဟ္မစရိယတော၊မမြတ်သော မေထုန်အကျင့်မှ၊ ဒူရစာရီ၊ဝေးစွာ ကျင့်တော်မူ၏။

(ဃ) မေထုနာတိ၊မေထုနဟူသည်ကား၊ရာဂပရိယုဋ္ဌာနဝသေန၊ရာဂ၏ ထကြွခြင်း၏ အစွမ်းဖြင့်၊(ဝါ) ရာဂထိုးကျင်ခြင်း၏ အစွမ်းဖြင့်၊သဒိသတ္တာ၊တူကုန်သည်၏အဖြစ်ကြောင့်၊ မေထုနကာတိ၊မေထုနကဟူ၍၊လဒ္ဓဝေါဟာရေဟိ၊ရအပ်သော အခေါ် အဝေါ် ရှိသော မိန်းမ ယောကျာ်း နှစ်ဦးသားတို့သည်၊ပဋိသေဝိတဗ္ဗတော၊မှီဝဲထိုက်သည်၏အဖြစ်ကြောင့်၊ မေထုနာတိ၊မေထုနဟူ၍၊ သချိုးခေါ် ဝေါ် အပ်သည်၏အဖြစ်သို့၊ ဂတာ၊ရောက်သော၊ အသဒ္ဓမ္မာ၊မသူတော်တို့၏ အကျင့်မှ၊(ဝိရတော၌ စပ်)

(င) ဂါမဓမ္မာတိ၊ဂါမဓမ္မာဟူသည်ကား၊ဂါမဝါသီနံ၊ရွာ၌နေသူ လူတို့၏၊ဓမ္မာ၊အကျင့်မှ၊

➤ ❶။ (က) သို့/ ဆရာ၊ ဘုရားရှင်သည် အဗြဟ္မစရိယံပုဒ်ဝယ် ဗြဟ္မ-သဒ္ဒါကို ထည့်သွင်း၍ ဟောတော်မူ၏၊ ယင်းဗြဟ္မ-သဒ္ဒါသည် ပိတာမဟ, ဝိနှ, ဗြာဟ္မဏ-စသော အနက်များကို ဟောကြားပါသလော၊ ဗြဟ္မသဒ္ဒါသည် ဤနေရာ၌ အဘယ်အနက်ကို ဟောကြားပါသနည်း၊ ဗြဟ္မသဒ္ဒါ၏ ဤ၌ အလိုရှိအပ်သော အနက်ကို မပြဆိုချေသော် အတိဗျာပိတဒေါသ ဘုရားရှင်အား သင့်ရောက်ရာ၏၊ စုဒ်ကြောင့် (က) မိန့်။

အဓိပ္ပါယ်ကား- ဗြဟ္မသဒ္ဒါသည် သေဋ္ဌအနက်ကို ဟော၏ဟူလို။

(ငေ) သို့/ ဆရာ၊ မြတ်စွာဘုရားသည် ဝိရတော မေထုနာ ဂါမဓမ္မာ-ဟု ဟောတော်မူ၏၊ ယင်း ဂါမဓမ္မာ၌ ဂါမ-အရ ဌာနဖြစ်သော ရွာကိုပင် ယူရပါမည်လော၊ အဘယ်ကို ဂါမ-အရ ယူရမည်နည်း၊ စုဒ်ကြောင့် (င) မိန့်။ အနး- ဂါမဓမ္မာ၌ ဂါမ-အရ အဘေဒဝေါဟာရနည်းဖြင့် ဌာနီရွာနေသူတို့ကို ယူရမည် ဟူလို။

➤ ❷။ [ င–ဓါက၅ကို၅ ] (၁) နနု သံဝဏ္ဏေတဗ္ဗပါဋ္ဌိယံ ဂါမဓမ္မာတိ ဝုတ္တံ။

(၂) အထ ကသ္မာ ဂါမဓမ္မာတိ ဂါမဝါသီနံ ဓမ္မာတိ တယာ သံဝဏ္ဏိတံ။

(၃) နနု အဘေဒဝေါဟာရေန ဂါမသဒ္ဒေနေဝ ဂါမဝါသိနော ဂဟိတာ။

(၄) တသ္မာ ဂါမဓမ္မာတိ ဂါမဝါသီနံ ဓမ္မာတိ မယာ သံဝဏ္ဏိတံ။

➤ ❸။ ဒူရေန ဒူယတိ ဂမီယတီတိ **ဒူရံ**။ စရဏံ စာရော။ စရိတဗ္ဗောတိ ဝါ **စာရော**။ ဒူရော စ သော စာရော စာတိ **ဒူရစာရော**။(အစိတ်)

ဒူရစာရော ယဿ အတ္ထီတိ **ဒူရစာရီ**။ (အပေါင်း) (၃) မေထုန်အကျင့်မှ ဝေးစွာ ကြဉ်ရှောင်၍ ကျင့်ခြင်းဂုဏ်နှင့် ကြဉ်ရှောင်တတ်သော ဘုရားရှင်ဖြပ်၏ ဂုဏ်-ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဘုရားရှင်ဖြပ်သည် ဝစနီယ မည်၏။ (၆) အာရာစာရီ, ဗြဟ္မစာရီ, ဗုဒ္ဓေါ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ

http://www.dhammadownload.com



(တနည်း) စရတီတိ စာရီ။ ဒူရေဩ ဟုတွာ စာရီတိ **ဒူရစာရီ**။ (၃) အဝေးနှင့် မေထုန် အကျင့်မှ ကြဉ်ရှောင်ခြင်း အကျင့်ကိုကျင့်တတ်သော ဘုရားရှင်၏ ဂုဏ်-ဂုဏော အဖြစ် ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (ကြွင်းတူ)

မိတန္တိ သံဂစ္ဆန္တီတိ **မိထုနာ**။ မိထုနာနံ အယန္တိ **မေထုနော**။ (၃) မိန်းမ ယောကျ်ား နှစ်ဦးသားတို့၏ မသူတော်အကျင့်နှင့် သာမီ-သံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစန ဟေတု မည်၏။ (၅) မေထုန်အကျင့်ဒြပ်သည် ဝစနီယ မည်၏။ (၆) ဂါမဓမ္မော, အသဒ္ဓမ္မော, ဗျဝါယော-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

(တနည်း) မိထုနေဟိ သေဝိတဗ္ဗောတိ **မေထုနော**။ (သေဝက-သေဝိတဗ္ဗ စပ်)

➢ ❺။ **သဒိသဏ္ဍာ**-ဟိတ်၏ သမ္ဗန်ကား ဥဘိန္နံ (ကတ္တိပုရိသယုဂဠာနံ) ဖြစ် ပါသည်။ (တို့၏/တို့သည် စပ်)

➢ ❻။ (က) ၌ အသေဋ္ဌစရိယံ-ဖြင့် ပြဟ္မသဒ္ဒါသည် ပိတာမဟ, ဇိန-စသော အနက်တို့ကိုမဟော၊ သေဋ္ဌအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

(ခ) ၌ သေဋ္ဌံ-ဖြင့် ပြဟ္မသဒ္ဒါသည် ပိတာမဟ, ဇိန-စသော အနက်တို့ကိုမဟော၊ သေဋ္ဌအနက်ကို ဟောသည်၏အဖြစ်ကိုရင်း (နာမလိင်္ဂတ္ထ) အာစာရံ-ဖြင့် ပြဟ္မ-အရ သေဋ္ဌဘောဂုဏ်ကို ကျော်လွှန်၍ ဂုဏောဖြစ်သော အာစာရဒြပ်ကို ယူရမည်၏အဖြစ် ကိုရင်း (သရုပ်ကြား အဘိဓေယျတ္ထ) တစ်ဝါကျလုံးဖြင့် ပြဟ္မစာရီပုဒ်ကို ပြဟ္မံ စရတီတိ ပြဟ္မစာရီ-ဟု ကတ္တုသာဓနေ ကီတန္တ ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ် ကိုရင်း (အဘိဓာနတ္ထ၊သမာသလိင်္ဂတ္ထ) ဏီပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏ အဖြစ် ကိုရင်း (ဒု-ပစ္စယတ္ထ) သိစေပါသည်။

(ဂ) ၌ ဒူရစာရီဖြင့် အာရာစာရီ၌ အာရာ နိပါတ်ပုဒ်၏ ဒူရအနက် ဟောသည်၏ အဖြစ်ကိုရင်း (နိပါတလိင်္ဂတ္ထ) ပြဟ္မစရိယတောဖြင့် ဒူရစာရီ-ဝေးစွာ ကျင့်၏ဟူသည် မမြတ် သော အကျင့်မှ ဝေးစွာကျင့်သည်၏ အဖြစ်ကိုရင်း (ဘာဝတ္ထ) သိစေပါသည်။

(ဃ) ဖြင့် မိထုနသဒ္ဒါ၏ သဒိသအနက်ကို ဟောသည်၏အဖြစ်ကိုရင်း (နာမလိင်္ဂတ္ထ) မေထုနပုဒ်ကို မိထုနာနံ ရာဂပရိယုဋ္ဌာနေန သဒိသာနံ ဥဘိန္နံ အယန္တိ မေထုနော-ဟု ဣဒံ တဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ဏပစ္စည်း၏ ဣဒံ တဒ္ဓိတ် အနက်၌ သက်သည်၏အဖြစ်ကိုရင်း (ပစ္စယတ္ထ) သိစေပါသည်။

ရာဂပရိယုဋ္ဌာနေန-ဖြင့် တူ၏ (သဒိသ) ဟူသည် ရာဂ ထိုးကျင့်ခြင်းဖြင့် တူသတည်း ဟု သိစေပါသည်။ (ဘာဝတ္ထ)

အသဒ္ဓမ္မော-ဖြင့် မေထုနသဒ္ဒါသည် အသဒ္ဓမ္မ သဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေပါ သည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ) (တနည်း) အသဒ္ဓမ္မော-ဖြင့် မေထုနပုဒ်ကို မိထုနာနံ ရာဂပရိယုဋ္ဌာနေန သဒိသာနံ ဥဘိန္နံ အယန္တိ မေထုနော-ဟု ဝစနတ္ထပြု၍ မေထုန-အရ

http://www.dhammadownload.com


အသဒ္ဓမ္မကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဇ) ၌ ဂါမဝါသိနံ ဓမ္မာ-ဖြင့် ဂါမဓမ္မ၌ ဂါမ-အရ အဘေဒဝေါဟာရနည်းအားဖြင့် ဂါမဝါသီ(ရွာနေလူ) တို့ကို ယူရမည်၏အဖြစ်ကိုရင်း (သရုပ်ကြား အဘိဓေယျတ္ထ)(ဝါ) ဌာနဖြစ်သော ရွာ၏ ဂါမအမည်ကို ဌာနီဖြစ်သော ရွာနေသူတို့၌ တင်စားသော ဌာနူပစာ အားဖြင့် ရွာနေသူတို့ကို ယူရမည်၏အဖြစ်ကိုရင်း (သရုပ်ကြား အဘိဓေယျတ္ထ) ဂါမနှင့် ဓမ္မကို ဂါမာနံ ဓမ္မာ ဂါမဓမ္မာ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို ရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

➤ ၁ ။ **မေထုန်ငယ် (၇) ပါး** ။ ။ (၁) မာတုဂါမ၏ ခြေဆုပ်လက်နယ်ပြုမှု ရေချိုး ပေးမှု ချေးပွတ်ပေးမှု။ (၂) မာတုဂါမနှင့် အတူတကွ စကားပြော၍ ရယ်မောနေမှု။ (၃) မျက်နှာချင်းဆိုင်၍ စူးစိုက်စွာကြည့်မှု။ (၄) မာတုဂါမ၏ စကားပြောသံ ရယ်မောသံ သီချင်း ဆိုသံ ငိုသံကို နံရံဟိုဘက် ကွယ်ရာမှ သာယာသောအားဖြင့် နားထောင်မှု။ (၅) မာတုဂါမ နှင့် အတူ ပြောဆိုခဲ့ရ ရယ်မောခဲ့ရဘူးသည်ကို တွေး၍ သာယာမှု။ (၆) ကာမဂုဏ်ငါးပါး နှင့် ပြည့်စုံနေကြသော လူဝတ်ကြောင်များကို အားကျမှု။ (၇) ယခုကျင့်နေရသော ဗြဟ္မ စရိယ အကျင့်ဖြင့် နောင်ဘဝ၌ ထင်ရှားသော နတ်သား တစ်ယောက်ယောက်ဖြစ်ဖို့ရန် တောင့်တမှု-တို့ ဖြစ်ပါသည်။

* **ပါဠိတော်၌ "ဝိရတော မေထုနာ"ဟုသာ မဟောဘဲ "ဝိရတော မေထုနာ ဂါမ ဓမ္မာ"ဟု ဟောတော်မူခြင်းအကြောင်း** ။ ။ ဘုရားရှင်သည် မေထုန်မှုသာ ကြဉ်သည် မဟုတ် မေထုနသံယောဂဟူသော မေထုန်ငယ် (၇)ပါးမှုလည်း ကြဉ်၏ဟု ပြလိုသော ကြောင့် "ဝိရတော မေထုနာ ဂါမ ဓမ္မာ"ဟု ဟောတော်မူရပါသည်။

➤ ၉ ။ (ဃ) ရာဂုဋ္ဌာန သမာနတ္တာ၊ မေထုနကာတိ လဒ္ဓေဟိ။
သေဝိတတ္တာ သနာမေဟိ၊ မေထုနာတိ အသဒ္ဓမ္မာ။ (ဝတ္တဂါထာ)

➤ ၂ ၁ ။ **ပဋိသေဝိတဗ္ဗတော-၌ အန္တတ္ထကိုရှု၍** ။ ။ (၁) မေထုန်မှီဝဲသူ မိန်းမ+ယောကျ်ား နှစ်ဦးသားတို့၏ ရာဂပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကာမရတိဌာယီဘာဝ, ကာမသိင်္ဂါရရသ မည်၏။ (၂) မိန်းမအတွက် ယောကျ်ားသည်ရင်း၊ ယောကျ်ားအတွက် မိန်းမသည်ရင်း အာရမ္မဏဝိဘာဝ မည်၏။ (၃) ယောကျ်ား၏ ယောကျ်ားပီသမှုသည် ရင်း၊ မိန်းမ၏ လှပတင့်တယ်ခြင်းသည်ရင်း ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) လွန်လွန်ကဲကဲ မှီဝဲသူတို့အတွက် ခွန်အားယုတ်ခြင်း, ဉာဏ်ပညာထိုင်းမှိုင်းခြင်း စသည်သည်ရင်း၊ သတိ ပညာနှင့်ယှဉ်၍ သင့်တင့်ရုံ မှီဝဲသူတို့အတွက် ရောဂါကင်းလျက် သက်တမ်းကျော်အောင် နေရခြင်းစသည်သည်ရင်း အနုဘာဝမည်၏။

http://www.dhammadownload.com



**ပါဠိ (၉၅) [၄၇၁]**

**(က) မုသာဝါဒံ ပဟာယာတိ ဧတ္ထ မုသာတိ ဝိသံဝါဒနာဓိပ္ပာယပုရေက္ခာရဿ အတ္ထဘဉ္ဇနကော ဝစီပယောဂေါ ကာယပယောဂေါ ဝါ၊**

**(ခ) ဝိသံဝါဒနာဓိပ္ပါယေန ပနဿ ပရဝိသံဝါဒကကာယဝစီပယောဂသမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ၊ (ဂ) အပရော နယော မုသာတိ အဘူတံ အတစ္ဆံ ဝတ္ထု၊**

**(ဃ) ဝါဒေါတိ တဿ ဘူတတော တစ္ဆတော ဝိညာပနံ၊**

**(င) လက္ခဏတော ပန အတထံ ဝတ္ထုံ တထတော ပရံ ဝိညာပေတုကာမဿ တထာ ဝိညတ္တိသမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ၊ (စ) သော ယမတ္ထံ ဘဉ္ဇတိ၊ တဿ အပ္ပတာယ အပ္ပသာဝဇ္ဇော၊ မဟန္တတာယ မဟာသာဝဇ္ဇော၊** (ဘာသာဋီကာ၊ပ၊၄၅၁)

* (က+ခ-နှင့်အညီ) **မုသာဝါဒံ**•သူတစ်ပါးကို ချွတ်ယွင်းစေတတ်သော ကာယပယောဂ ဝစီပယောဂဖြင့်။ (ဝါ) သူတစ်ပါးကို ချွတ်ယွင်းစေတတ်သော ကာယပယောဂ ဝစီပယောဂကို ဖြစ်စေကြောင်း သိစေကြောင်းဖြစ်သော စေတနာကို။(ပဟာယဉ္စစ်)

(ဂ-ဃ-င-နှင့်အညီ) **မုသာဝါဒံ**•မဟုတ်မမှန်သော အရာဝတ္ထုကို အဟုတ်**အမှန်** မှတ်အောင် သိစေကြောင်းဖြစ်သော စေတနာကို။ (ပဟာယဉ္စစ်)

➤ ❶ ။ (က) မုသာဝါဒံ ပဟာယာတိ ဧတ္ထ၊မုသာဝါဒံ ပဟာယ-ဟူသော ဤပါဠိ၌၊မုသာတိ၊မုသာဟူသည်ကား၊ဝိသံဝါဒနာဓိပ္ပာယပုရေက္ခာရဿ၊ချွတ်ယွင်းစေခြင်းကို ရှေ့ရှုပြုခြင်းရှိသော ပုဂ္ဂိုလ်၏၊အတ္ထဘဉ္ဇနကော၊စီးပွားကို ဖျက်ဆီးတတ်သော၊ဝစီပယောဂေါ ဝါ၊ ဝစီပယောဂသည်သော်ငြင်း၊ကာယပယောဂေါ ဝါ၊ကာယပယောဂသည်သော်ငြင်း၊

(ခ) ပန၊အဖို့တစ်ပါးကား၊ဝိသံဝါဒနာဓိပ္ပါယေန၊ချွတ်ယွင်းစေခြင်း၌ဖြစ်သော အလိုဖြင့်၊အဿ၊ထိုပုဂ္ဂိုလ်၏၊ပရဝိသံဝါဒကကာယဝစီပယောဂသမုဋ္ဌာပိကာ၊သူတစ်ပါးကို ချွတ်ယွင်းစေတတ်သော ကာယပယောဂ ဝစီပယောဂကို ဖြစ်စေတတ်သော၊စေတနာ၊ စေတနာသည်၊မုသာဝါဒေါ၊မုသာဝါဒ မည်၏၊

(ဂ) အပရော နယော၊အခြားတစ်နည်းကား၊မုသာတိ၊ကား၊အဘူတံ၊မဟုတ်သော၊ အတစ္ဆံ၊မမှန်သော၊ဝတ္ထု၊ဝတ္ထုတည်း၊ (ဃ) ဝါဒေါတိ၊ဝါဒေါ ဟူသည်ကား၊တဿ၊ထို မဟုတ် မမှန်သော ဝတ္ထုကို၊ဘူတတော၊ဟုတ်သည်၏အဖြစ်ဖြင့်၊တစ္ဆတော၊မှန်သည်၏အဖြစ်ဖြင့်၊ ဝိညာပနံ၊သိစေခြင်းတည်း၊ (င) ပန၊ဆက်ဦးအံ့၊(တနည်း) ပန၊ပဒတ္ထမှတစ်ပါး လက္ခဏတ္ထကို ဆိုဦးအံ့၊လက္ခဏတော၊မှတ်သားအပ်သော သဘောအားဖြင့်၊အတထံ၊မမှန်သော၊ဝတ္ထုံ၊ ဝတ္ထုကို၊တထတော၊မှန်သည်၏အဖြစ်ဖြင့်၊ပရံ၊သူတစ်ပါးကို၊ဝိညာပေတုကာမဿ၊သိစေ ခြင်းငှာ အလိုရှိသော ပုဂ္ဂိုလ်၏၊တထာ၊ထိုအခြင်းအရာအားဖြင့်၊ဝိညတ္တိသမုဋ္ဌာပိကာ၊ ကာယဝိညတ် ဝစီဝိညတ်ကို ဖြစ်စေတတ်သော၊စေတနာ၊သည်၊မုသာဝါဒေါ၊မည်၏၊

(စ) သော၊ထိုမုသာဝါဒသည်၊ယံ၊အတ္ထံ၊အကြင်စီးပွားကို၊ဘဉ္ဇတိ၊ဖျက်ဆီး၏၊တဿ၊

http://www.dhammadownload.com



ထိုစီးပွား၏။အပ္ပတာယ၊နည်းသည်၏အဖြစ်ကြောင့်။အပ္ပသာဝဇ္ဇော၊နည်းသော အပြစ်ရှိ၏။မဟန္တတာယ၊ကြီးသည်၏အဖြစ်ကြောင့်။မဟာသာဝဇ္ဇော၊ကြီးသော အပြစ်ရှိ၏။

➤ ❷ ။ (စ) သို့/ အနုသန္ဓေ ။ ဤသို့ (က) ဖြင့် မုသာဝါဒပုဒ်၌ မုသာ-ဟူသော အဗျယပုဒ်၏ အရကောက် အဘိဓေယျတ္ထကို ဖွင့်ပြပြီး၍ ယခုအခါ၌ မုသာဝါဒ တစ်ပုဒ်လုံး၏ အရကောက်နှင့်တကွ ဝါဒပုဒ်၏အနက် မုသာဝါဒပုဒ် တွဲစပ်၍ ဝိဂြိုဟ်ဆိုပုံများကို ဖွင့်ပြလိုသော ဆရာသည် (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် မုသာသဒ္ဒါ၏ မိစ္ဆာပရိယာယ ကြိယာပဓာန တတိယန္တနိပါတ်ပုဒ်၏အဖြစ်ကို ဖွင့်ဆိုတော်မူ၏။ ယင်းကိုသာ ဆရာ ဖွင့်ဆိုမည်လော၊ (ဝါ) မုသာသဒ္ဒါသည် ယင်းတစ်မျိုးတည်းသာ ရှိပါသလော၊ မုသာသဒ္ဒါ၏ ဆိုပြီးသည်မှ တမျိုးတခြားတပါးသော ပုဒ်အဖွင့်ကား အဘယ်ပါနည်း၊ စုဒ်ကြောင့် (ဂ) မိန့်။

အား- (ဂ) ဖြင့် မုသာသဒ္ဒါ၏ မိစ္ဆာပရိယာယ ဒဗ္ဗပဓာန ဒုတိယန္တ နိပါတ်ပုဒ်၏ အဖြစ်ကို ငါပြဆိုပါ၏ဟူလို။

(င) သို့/ ဆရာ၊ ဆရာသည် (ဂ-ဃ) တို့ဖြင့် မဟုတ် မမှန်သော အရာဝတ္ထုကို အဟုတ်အမှန် ထင်မှတ်အောင် ပြောဆိုကြောင်း သိစေကြောင်းဖြစ်သော ကာယဝိညတ် ဝစီဝိညတ်ကို မုသာဝါဒ-အရ ကောက်ယူရမည်ဟု ဖွင့်ဆိုတော်မူ၏။ လက္ခဏာသဘော သဘာဝအားဖြင့်ကား ထိုသို့ပြောဆိုကြောင်း သိစေကြောင်းဖြစ်သော ကာယဝိညတ် ဝစီဝိညတ်ကိုပင် မုသာဝါဒ-အရ ကောက်ယူရပါမည်လော၊ ဤနေရာ၌ မုသာဝါဒ-အရ အဘယ်တရားကို ကောက်ယူရပါမည်နည်း။ စုဒ်ကြောင့် (င) မိန့်။

အား- ကာယပယောဂ ဝစီပယောဂကို ဖြစ်စေတတ်သော မုသာဝါဒစေတနာကို ဤနေရာ၌ ဖလူပစာရနည်းအားဖြင့် မုသာဝါဒ-အရ ကောက်ယူရမည်ဟူလို။

(စ) သို့/ ဆရာ၊ ဆရာသည် (င) ဖြင့် ကာယဝိညတ် ဝစီဝိညတ်ကိုဖြစ်စေတတ်သော မဟုတ်မမှန် ပြောဆိုကြောင်း စေတနာသည် မုသာဝါဒ မည်၏ဟု ဖွင့်ဆိုတော်မူ၏။ ကမ္မပထသို့ရောက်သော မုသာဝါဒဝတ္ထု၏ အစွမ်းအားဖြင့် အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇ အဖြစ်ကို မသိအပ်သေးသည် မဟုတ်ပါလော၊ ကမ္မပထသို့ရောက်သော မုသာဝါဒ၏ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇ ဖြစ်ပုံကား အဘယ်ပါနည်း။ စုဒ်ကြောင့် (စ) မိန့်။

➤ ❸ ။ [ ဝါကျအားလုံးကို၌ ] (၁) နနု မုသာဝါဒံ ပဟာယာတိ အာဒိနာ မုသာဝါဒဿ ဝဏ္ဏနာ ကထိတာ။

(၂) အထ ကသ္မာ အပရော နယောတိ အာဒိနာ ပန ဝုတ္တံ။

(၃) ပဌမနယေ အတထံ ဝတ္ထုန္တိ လက္ခဏာဿ အဘာဝိတတ္တာ မုသာ သဒ္ဒဿ ဝိသံဝါဒိတဗ္ဗတ္ထဝါစကတာ သမ္ဘဝတောစ ပရိပုဏ္ဏံ ကတွာ မုသာဝါဒလက္ခဏံ ဒဿေတုံ။

(၄) ပုန အပရော နယောတိတိအာဒိ ဝုတ္တံ။

http://www.dhammadownload.com



**(အပိစ) ဂဟဋ္ဌာနံ အတ္တနော သန္တကံ အဒါတုကာမတာယ နတ္ထိ၊ (၄၊၇၁)**

(၁) နနု ဂဟဋ္ဌာနံ အတ္တနော သန္တကံ အတ္ထိယေဝ။ (၂) အထ ကသ္မာ နတ္ထီတိ ဝုတ္တံ။ (၃) နနု အတ္တနော သန္တကံ အဒါတုကာမော ဟောတိ။ (၄) တသ္မာ နတ္ထီတိ ဝုတ္တံ။

**(အပိစ) ဂဟဋ္ဌာနံ အတ္တနော သန္တကံ အဒါတုကာမတာယ နတ္ထီတိ အာဒိနယပ္ပဝတ္တော အပ္ပသာဝဇ္ဇော၊ (၄၊၇၁)**

(၁) နနု မုသာဝါဒသာမညံ ဟောတိ။ (၂) အထ ကသ္မာ ဂဟဋ္ဌာနံ အတ္တနော သန္တကံ အဒါတုကာမတာယ နတ္ထီတိ အာဒိနယပ္ပဝတ္တော အပ္ပသာဝဇ္ဇောတိ ဝုတ္တံ။

(၃) နနု တတ္ထ စေတနာ န ဗလဝတီ ဟောတိ။ (၄) တသ္မာ ဂဟဋ္ဌာနံ အတ္တနော သန္တကံ အဒါတုကာမတာယ နတ္ထီတိ အာဒိနယပ္ပဝတ္တော အပ္ပသာဝဇ္ဇောတိ ဝုတ္တံ။

➤ ❼ ။ အယန္တိ ပဝတ္တန္တိ ဧတ္တောတိ အာယော။ ကုစ္ဆိတာနံ အာယောတိ ကာယော။ ပယုဇ္ဇိတဗ္ဗောတိ ပယောဂေါ။ ကာယေန ကတော ပယောဂေါတိ **ကာယပယောဂေါ**။

(၃) ခန္ဓာကိုယ်နှင့် ပြုအပ်သော အမူအရာ ကြိယာ၏ အကြောင်း-အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ကိုယ်ဖြင့်ပြုအပ်သော အမူအရာကြိယာ ကာယဝိညတ်သည် ဝစနီယ မည်၏။ (၆) သရီရပယောဂ, ခန္ဓပယောဂ, ကာယကြိယာ စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။ * န တစ္ဆံ **အတစ္ဆံ**။

တထေ သာဓု **တစ္ဆံ**။ (၃) မှန်ကန်သော ဝတ္ထု၏ ကောင်းခြင်းဂုဏ်နှင့် နိဿယ နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) မှန်ကန်သော ဝတ္ထု သည် ဝစနီယ မည်၏။ (၆) ဘူတ, သစ္စ-စသော--။

အရန္တိ ဧတေနာတိ **အဓော္ဓာ**။ (၃) သွားခြင်းကြိယာသကတ်သည် ဝစနဟေတု မည် ၏။ (၅) စီးပွားဥစ္စာသည် ဝစနီယ မည်၏။ (၆) ဟိတ, ဝိဘဝ-စသော--။

အပ္ပေတိ ဉာသမတ္တံ ဂမေတီတိ **အပ္ပေါ**။ (၃) ရောက်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) အနည်းငယ်သော အကျိုးစီးပွားသည် ဝစနီယ မည်၏။ (၆) ဉာသက, ခုဒ္ဒက-စသော။ * အပ္ပဿ ဘာဝေါ **အပ္ပတာ**။

ဝဒိတဗ္ဗန္တိ ဝဇ္ဇံ ဝဇ္ဇမေဝ **အဝဇ္ဇံ**။ သဟ အဝဇ္ဇေန ယော ဝတ္တတီတိ **သာဝဇ္ဇော**။

အပ္ပေါ သာဝဇ္ဇော **အပ္ပသာဝဇ္ဇော**။ (၃) နည်းသောဂုဏ်၏ အပြစ်နှင့်တကွဖြစ်သော အကျိုးတရားနှင့် ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။

(၅) နည်းသော အပြစ်နှင့်တကွဖြစ်သော အကျိုးတရားသည် ဝစနီယမည်၏။

(၆) ခုဒ္ဒကသာဝဇ္ဇ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ပုရေ ကရဏံ **ပုရေက္ခာရော**။ သံဝါဒီယတေ သံဝါဒနံ။ န သံဝါဒနံ ဝိသံဝါဒနံ။

ဝိသံဝါဒနဿ ပုရေက္ခာရော ယဿာတိ **ဝိသံဝါဒနပုရေက္ခာရော**။

(၃) ခွတ်ယွင်းစေမှုကို ရှေ့ရှုပြုခြင်း၏ ပုဂ္ဂိုလ်နှင့် ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်း

http://www.dhammadownload.com



သမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ချွတ်ယွင်းစေမှုကို ရှေ့ရှုပြုသော ပုဂ္ဂိုလ်ဖြစ်သည် ဝစနီယ။ (၆) မိစ္ဆာဝါဒနပုရေက္ခာရ, မုသာဝါဒနပုရေက္ခာရ-စသော--။

➤ ❺။ (၃) နံပါတ်လာ **အဒါတုကာမတာယ**-ဟိတ်၏ သမ္ဗန်ကား ဂဟဏ္ဍာန် ဖြစ်ပါသည်။ (တို့၏/တို့သည် စပ်) * **အတ္ထဘဉ္ဇနကော**-ကို အတ္ထဘဉ္ဇနကတ္တာ-ဟု ဟိတ်ပြင်လျှင် ဝစီပယောဂဿ ကာယပယောဂဿ ဖြစ်ပါသည်။ (၏/သည် စပ်)

(စ) ၌ **မဖာန္တတာယ**-ဟိတ်၏ သမ္ဗန်ကား တဿ(အတ္တဿ) ဖြစ်ပါသည်။(၏/သည်)

**အပ္ပသာဝဇ္ဇော**-ကို အပ္ပသာဝဇ္ဇတ္တာ-ဟု ဟိတ်ပြင်လျှင် တဿ မုသာဝါဒဿ-ဟု သမ္ဗန် ခံရပါမည်။ (၏/သည် စပ်)

➤ ❻။ (ဓ) ၌ ဝစီပယောဂေါ ကာယပယောဂေါ ဝါ-ဖြင့် မုသာဝါဒေါ၌ မုသာ-အရ ကာယပယောဂ ဝစီပယောဂကို ယူရမည်ဟု သိ။ (သရုပ်ကြား အဘိဓေယျတ္ထ)

အတ္ထဘဉ္ဇနကော-ဖြင့် သူတစ်ပါး၏ အကျိုးစီးပွားတို့ကို ဖျက်စီးစေတတ်သော ကာယ ပယောဂ, ဝစီပယောဂသည်သာလျှင် ကမ္မပထပတ္တဖြစ်၏၊ သူတစ်ပါးအကျိုးစီးပွားကို မဖျက်စေတတ်သော် ကမ္မပထပတ္တ မဖြစ်ဟု သိစေပါသည်။ (ဘာဝတ္ထ)

ဝိသံဝါဒနာဒိပုရေက္ခာရဿ-ဖြင့် ယင်း ဝစီပယောဂ, ကာယပယောဂဟူသည် ချွတ် ယွင်းစေခြင်းကို ရှေ့သွားပြုခြင်းရှိသောသူ၏ ပယောဂတည်းဟု သိစေသည်။(ဘာဝတ္ထ)

တစ်ဝါကျလုံးဖြင့် မုသာပုဒ်ကား ဒုတိယန္တ (ဝါ) တတိယန္တ နိပါတ်ပုဒ်တည်း၊ ယင်း နိပါတ်ကား မိစ္ဆာသဒ္ဒါ၏ ပရိယာယ်တည်းဟု သိစေသည်။(နိပါတလိင်္ဂပဒ၊နိပါတလိင်္ဂတ္ထ)

(ဓ) ၌ ဝိသံဝါဒနာဓိပ္ပါယေန-ဖြင့် မုသားစကား မဆိုမီ ပုဗ္ဗဘာဂခဏ၌ရင်း, ပြောဆို ဆဲ တခဏ၌ရင်း ချွတ်ယွင်းစေလိုသော ဝိသံဝါဒနာဓိပ္ပါယ ရှိသော်သာလျှင် မုသာဝါဒကံ မြောက်သတည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

ပရဝိသံဝါဒကကာယဝစီပယောဂသမုဋ္ဌာပိကာ စေတနာ-ဖြင့် မုသာဝါဒေါပုဒ်ကို မုသာ သဒ္ဒါတေန ကာယဝစီပယောဂေန ဝဒတိ ဝိညာပေတိ ဧတေနာတိ မုသာဝါဒေါ (တနည်း) မုသာ သဒ္ဒါတံ ကာယဝစီပယောဂံ ဝဒတိ သမုဋ္ဌာပေတီတိ မုသာဝါဒေါ-ဟု ဝစနတ္ထပြု၍ မုသာ-အရ ချွတ်ယွင်းစေလိုသဖြင့် သူတစ်ပါးကို ချွတ်ယွင်းစေတတ်သော ကာယ, ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာကို ဖလူပစာအားဖြင့် ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဂ) ၌ အဘူတံ အတစ္ဆံ ဝတ္ထု-ဖြင့် မုသာနိပါတ်၏ အဘူတ, အတစ္ဆအနက်ကို ဟောသည်၏အဖြစ်ကိုရင်း (နိပါတလိင်္ဂတ္ထ) မုသာ-အရ ယင်း အဘူတ, အတစ္ဆ ဝတ္ထုကို ယူရမည်၏အဖြစ်ကိုရင်း (သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

(ဃ) ဖြင့် မုသာဝါဒေါ-၌ ဝါဒဟူသည် ယင်းမဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန် သောအားဖြင့် သိစေခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



(ဇ) ဖြင့် မုသာဝါဒအရ ကာယဝိညတ် ဝစီဝိညတ်ကို မယူရ၊ မုသာဝတ္ထု ဝဒီယတိ ဝုစ္စတိ စေတနာတိ မုသာဝါဒေါ-ဟု ဝစနတ္ထပြု၍ မုသာဝါဒ-အရ မမှန်သော ဝတ္ထုကို အမှန်အားဖြင့် သူတစ်ပါးကို သိစေခြင်းငှာ အလိုရှိသော ပုဂ္ဂိုလ်၏ ကာယဝိညတ် ဝစီဝိညတ်ကို ဖြစ်စေတတ်သော စေတနာကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

➢ ၁ ၀ ။ (၃) နံပါတ်လာ ပဝတ္တ–အရ ။ ။ (၁) အမှန်တကယ် ပစ္စည်းဥစ္စာရှိနေပါလျက် မရှိဟူ၍ ပြောလိုက်သောသူ၏ သန္တာန်၌ဖြစ်သည့် မုသာဝါဒ စေတနာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည် ကာမရတိဋ္ဌာယီဘာဝ, ကာမသိဂ်ီရရသ မည်၏။ (၂) မိမိ၌ရှိနေသော ပစ္စည်းဥစ္စာများသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) မုသာဝါဒ၏ အပြစ်များကို မသိ နားမလည်ခြင်းစသည်တို့သည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) ယင်းသို့ မုသား ပြောဆိုလိုက်ခြင်းကြောင့် ခံတွင်းမှ မကောင်းသော အနံ့များထွက်ခြင်းစသော မကောင်းကျိုး အဆက်ဆက်ဟူသမျှသည် အနုဘာဝ မည်၏။

➤ ❶ ။ (က) ဧကဘတ္တိကောတိ ဧတ္ထ၊ဧကဘတ္တိကောဟူသော ဤပါဌ်၌။(လက္ခ-မာနာနိ၊ရထိုက်ကုန်သော) ဘတ္တာနိ၊ဘတ်တို့သည်။(ဝါ) ဆွမ်းတို့သည်။ပါတရာသဘတ္တံ၊ ပါတရာသဘတ်ရင်း။ (ဝေါဟာရတ္ထ) နံနက်အခါ၌ စားထိုက်သော ဆွမ်းရင်း။ (သဒ္ဒတ္ထ) နံနက်စာရင်း။(အဓိပ္ပါယတ္ထ)သာယမာသဘတ္တံ၊သာယမာသဘတ်ရင်း။(ဝေါဟာရတ္ထ) ညချမ်းအခါ၌ စားထိုက်သော ဆွမ်းရင်း။(သဒ္ဒတ္ထ) ညစာရင်း။(အဓိပ္ပါယတ္ထ) ဣတိ၊ဤသို့။ဒွေ၊ နှစ်မျိုးတို့တည်း။ (ခ) တေသု၊ထိုနှစ်မျိုးသော ဘတ်တို့တွင်။ပါတရာသဘတ္တံ၊ပါတရာသ ဘတ်ကို။ အန္တောမဇ္ဈန္ဟိကေန၊မွန်းတည့်၏ အတွင်းကာလဖြင့်။ ပရိစ္ဆိန္နံ၊ပိုင်းခြတ်အပ်ပြီ။ ဣတရံ၊ပါတရာသဘတ်မှ တစ်ပါးသော သာယမာသဘတ်ကို။မဇ္ဈန္ဟိကတော၊မွန်းတည့် အခါမှ။(နေ့၏ အလယ်အဖို့ဖြစ်သော အခါမှ) ဥဒ္ဓံ၊အထက်ဖြစ်သော နောက်၌။အန္တော အရုဏေန၊အရုဏ်၏အတွင်းဖြင့်။ပရိစ္ဆိန္နံ၊ပိုင်းခြတ်အပ်ပြီ။

(ဂ) တသ္မာ၊ထို့ကြောင့်။အန္တောမဇ္ဈန္ဟိကေ၊မွန်းတည့်၏ အတွင်းကာလ၌။ဒသက္ခတ္တုံ၊ ဆယ်ကြိမ်။(သတက္ခတ္တုံ၊အကြိမ်များစွာ)ဘုဥ္ဇမာနောပိ၊စားပါသော်လည်း။ဧကဘတ္တိကောဝ

http://www.dhammadownload.com



တစ်ထပ်တည်းသော ဆွမ်းရှိသည်သာ။ဟောတိ၊ဖြစ်၏။

(ဃ) တံ၊ထိုတစ်ထပ်တည်းသော ဆွမ်းကို။သန္ဓာယ၊ရည်ရွယ်၍။ဘဂဝတာ၊သည်။ 'ဧကဘတ္တိကော'တိ၊ဧကဘတ္တိကော ဟူ၍။ဝုတ္တံ၊ဟောတော်မူအပ်ပြီ။ (ဘာသာဋီ၊ပ၊၄၈၄)

➤ ❷ ။ (စ) သို့/ **အနုသန္ဓေ** ။ ။ ဤသို့ (က) ဖြင့် ဘတ်သည် ပါတရာသဘတ် သာယမာသဘတ်ဟု နှစ်မျိုးရှိသည်၏အဖြစ်ကို ဆိုပြီး၍ ယခုအခါ၌ ယင်းဘတ်နှစ်မျိုးတို့၏ စားရာအချိန်ကာလကို ပိုင်းခြားပြလိုသော ဆရာသည် (ခ) မိန့်။

(ခ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် ဘတ်သည် ပါတရာသဘတ် သာယမာသဘတ်ဟု နှစ်မျိုးရှိသည်၏အဖြစ်ကို ပြဆိုတော်မူ၏။ ပါတရာသဘတ် သာယမာသဘတ်တို့၏ စားသောက်သုံးဆောင်ရာအချိန်အခါကာလ အပိုင်းအခြားကို ဆရာ မဖွင့်ပြတော့ပြီလော၊ ပါတရာသဘတ် သာယမာသဘတ်တို့၏ အချိန်အခါ ကာလအပိုင်းအခြားကား အဘယ်ပါနည်း၊ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် ပါတရာသဘတ်ကို မွန်းတည့်အချိန်အတွင်းဖြင့် ပိုင်းခြား၍ သာယမာသဘတ်ကို မွန်းတည့်ပြီးနောက် အရုဏ်တက်ချိန်အတွင်းဖြင့် ပိုင်းခြားအပ်၏ဟု ဆို၏။ ဧကဘတ္တိကော၌ ဧကသဒ္ဒါသည် ဝါရပရိစ္ဆေဒ ဖြစ်ကောင်းအံ့လော၊ အဘယ်အနက်၌ ဖြစ်သင့်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

အဓိပ္ပါယ်ကား- (ဂ) ဖြင့် မွန်းတည့်အတွင်း၌ ဆယ်ကြိမ်ပင် စားသော်လည်း ဧကဘတ္တိက မည်သည်သာ ဖြစ်သောကြောင့် ဧကသဒ္ဒါသည် အကြိမ်ကိုပိုင်းခြားပြသော ဝါရပရိစ္ဆေဒ မဟုတ်၊ အချိန်ကို ပိုင်းခြားသတ်မှတ်ပြသော ကာလပရိစ္ဆေဒဖြစ်၏ဟူလို။

(တနည်း) [ဥပနာတူ] ဧကဘတ္တိက-အရ ဧကသနိကဓုတင်ကဲ့သို့ ယူရအံ့လော၊ အဘယ်သို့ ယူရမည်နည်း၊ စုဒ်ကြောင့် (ဂ) မိန့်။

**ကား-** (ဂ) ဖြင့် ဧကဘတ္တိက-အရ ဧကသနိကဓုတင်ကဲ့သို့ မယူရ၊ မွန်းတည့်ချိန်၌ ဆယ်ကြိမ်စားသော်လည်း ဧကဘတ္တိကသာဟု ယူရမည်ဟူလို။

(ဂ) **အဋ္ဌောမဗ္ဗှနိ့ဓေကပုဒ်သို့/ ပရမတ်နည်း ပုစ္ဆာထွက်ပုံ** ။ ။ ဆရာ၊ ဆရာသည် ဘုဉ္ဇမာနောဟူသော ပကတူပပစ္စယုပုဒ်တရားကို ဆို၏။ ယင်း၏ ပစ္စည်းတရားကား အဘယ်နည်း၊ စုဒ်ကြောင့် အဋ္ဌောမဗ္ဗှနိ့ကေပါဌ်ကို မိန့်။

(ဃ) သို့/ **ဓေါ်သာရောမနလိနဏ္ဍရစောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် မွန်းတည့်အတွင်း၌ ဆယ်ကြိမ်ပင်စားသော်လည်း ဧကဘတ္တိကသာ ဖြစ်သောဟု ဆို၏။ မည်သည့်ဘတ်ကိုရည်၍ ဧကဘတ္တိကော-ဟု ဟောတော်မူပါသနည်း၊ သာယမာသဘတ်ကို ပင် ရည်၍ ဧကဘတ္တိကော-ဟု ဟောတော်မူပါသလော၊ ရည်ရွယ်ချက် သန္ဓာယ ဘာသိတကို မပြသော် ဆရာအား အတိဗျာပိတဒေါသ သင့်ရောက်ရာ၏၊ (ဃ) မိန့်။

အဓိပ္ပါယ်ကား- ပါတရာသဘတ်ကို ရည်ရွယ်၍ ဧကဘတ္တိကောဟု ဟောတော်မူ

http://www.dhammadownload.com



သည်ဟု သန္ဓာယဘာသိတကို ငါပြဆိုသည်ဖြစ်သောကြောင့် သင်တင်တိုင်းသော အတိဗျာပိတ ဒေါသ ငါ့အား မရောက်ပါဟူလို။

➤ ❷ ။ [ စ+ဂ ဝါကျဓာတ်ကို၌ ] (၁) နနု အန္တောမဇ္ဈန္တိကေ ဒသကဒ္ဓတ္တံ ဘုဥ္စမာနော။ (၂) အထ ကသ္မာ ကောဘတ္တိကော ဟောတိ။ (၃) နနု ပါတရာသဘတ္တံ အန္တောမဇ္ဈန္တိကေ ပရိစ္ဆိန္နံ။ (တနည်း) နနု ဧကာသနေ့ါစေတ္တ မဇ္ဈန္တိကကာလပရိစ္ဆေဒဘာဝေန ပယုတ္တော၊ န တဒန္တောဂဓဝါရဘာဝေန။ (၄) တသ္မာ ဧကဘတ္တိကော ဟောတိ။

* **ဘုဥ္စမာနောပိ-၌ ပိသဒ္ဒါ ဆိုရခြင်းအကြောင်း** ။ ။ ဆယ်ကြိမ်စားပါသော်လည်း ဧကဘတ္တိက ဖြစ်နိုင်သေး၏၊ တစ်ကြိမ်စားခြင်းသည် ဧကဘတ္တိက ဖြစ်နိုင်ခြင်းကား ဆိုဖွယ်ရာမရှိ-ဟု သမ္ဘာဝနာအနက်ကို ထွန်းပြလိုသောကြောင့် ပိသဒ္ဒါကို ဆိုရပါသည်။

(တနည်း) ဧကဘတ္တိကော-ဟူသော ပါဠိတော်ကို (ဝါ) ဧကဘတ္တိကော၌ ဧကသဒ္ဒါကို မနှစ်သက်သောကြောင့် ပိ-သဒ္ဒါကို ဆိုပါသည်။

➤ ❹ ။ အသဟာယဘာဝေန ဧတိ ဂစ္ဆတိ ပဝတ္တတီတိ ဧကံ၊ ဘုဥ္ဇနံ ဘတ္တံ။ ဘုဥ္ဇိတဗ္ဗန္တိ ဝါ ဘတ္တံ။ ဧကံ ဘတ္တံ ဧကဘတ္တံ။ ဧကဘတ္တံ အဿ အတ္ထီတိ **ဧကဘတ္တိကော**။

(၃) တစ်ထပ်တည်းသာ စားသော ထမင်း၏+ဘုရားရှင်နှင့် အာရုံ-အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ဘုရားရှင်ဒြဗ်သည် ဝစနီယ မည်၏။ (၆) ဧကဘတ္တိကော, ဧကဘတ္တဝါ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ

ပါတော အသိတဗ္ဗန္တိ **ပါတရာသော**။ ပါတရာသံ ဘတ္တံ **ပါတရာသဘတ္တံ**။ (၃) နံနက်အခါ၌ စားအပ်သည်၏အဖြစ်ဟူသော ဂုဏ်နှင့် ဆွမ်းတို့၏ ဂုဏ်-ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) နံနက်စာသည် ဝစနီယ။ (၆) ပုရေဘတ္တ။

သာယတိ ဒိနံ အဝသာယတီတိ **သာယော**။ (၃) ပြီးဆုံးခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ညနေဟူသော ကာလပညတ်သည် ဝစနီယ မည်၏။ (၆) အဝသာန, ဒိနစ္ဆယ-စသော။ * သာယံ အသိတဗ္ဗံ ဘုဥ္ဇိတဗ္ဗန္တိ **သာယမာသံ**။

အရတိ ဥဒ္ဓံ ဂစ္ဆတီတိ **အရုဏော**။ (၃) သွားခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (၅) အရုဏ်ဟူသော ကာလပညတ်သည် ဝစနီယ။ (၆) ပုဗ္ဗဒိသာရုံ--။

အာ သမန္တတော အာလောကံ ကရောန္တော ဥဏတိ ဥဂ္ဂစ္ဆတီတိ **အရုဏော**။

(၃) ထက်ဝန်းကျင်မှ အလင်းရောင်ကို ပြုလျက် တက်ရောက်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) နေရောင်ခြည်သည် ဝစနီယ။ (၆) ပုဗ္ဗဒိသာရုံ--။

➤ ❺ ။ (ဂ) **တသ္မာ**၏ အစွဲကား ပရိစ္ဆိန္နတ္တာ ဖြစ်ပါသည်။ ယင်း၏ သမ္ဗန်ကား-ပါတရာသဘတ္တဿ ဖြစ်ပါသည်။ (၏/ကို စပ်) * **ဧကဘတ္တိကော**-ကို ဧကဘတ္တိကတ္တာ ဟု ဟိတ်ပြင်လျှင်- သမဏဿ ဂေါတမဿ-ဟု သမ္ဗန်ခံ။ (၏/သည် စပ်)

**ဘုဥ္စမာနောပိ**-ကို ဘုဥ္စမာနတ္တာ-ဟု ဟိတ်ပြင်လျှင်- သမဏဿ ဂေါတမဿ-ဟု

http://www.dhammadownload.com



သမ္ပန်ခံရပါမည်။ (၏/သည် စပ်)

➤ ❻။ (က) ဖြင့် ဧကဘတ္တိကော၌ ဘတ္တသရုပ်ကို သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ခ) ဖြင့် ထိုနှစ်မျိုးသော ဘတ်တို့တွင် ပါတရာသဘတ်ကို မွန်းတည့်ကာလအတွင်းဖြင့် ပိုင်းခြားအပ်၏၊ သာယမာသဘတ်ကို မွန်းတည့်ရာကာလမှ နောက်အရုဏ်၏အတွင်းဖြင့် ပိုင်းခြားအပ်၏ဟု သိစေပါသည်။ (ဘာဝတ္ထ)

(ဂ) ဖြင့် ဧကဘတ္တိကော၌ ဧကသဒ္ဒါသည် အရုဏ်တက်မှ နေမွန်းတည့်အတွင်း ပိုင်းခြားထားသော အချိန်အခါကာလ အပိုင်းအခြားဖြစ်သည်၊ ထိုအပိုင်းအခြားကာလအတွင်း၌ စားသောက်သုံးဆောင်သော အကြိမ်အရေအတွက်၏ အစွမ်းအားဖြင့် မဖြစ်ဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) ဧကံ ဘတ္တံ ဧကဘတ္တံ၊ ဧကဘတ္တံ အဿ အတ္ထိတိ ဧကဘတ္တိကော-ဟု ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း (အဘိဓာနတ္ထ) က္ကကပစ္စည်း၏ အဿတ္ထိ တဒ္ဓိတ်အနက်၌ သက်သည်၏အဖြစ်ကိုရင်း (ပစ္စယတ္ထ) သိစေပါသည်။

(ဃ) ဖြင့် ဧကဘတ္တိကော-အရ အရုဏ်တက်မှ နေမွန်းတည့်အတွင်းဖြင့် ပိုင်းခြားထားသော ပါတရာသဘတ်ကို စားသောက်သုံးဆောင်ခြင်းမျိုးကို အရကောက်ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

➤ ❼။ **ဤကမ္ဘာပေါ်ဝယ် မိစ္ဆာအယူအဆ ဝါဒအမျိုးမျိုးတို့ ပေါ်ပေါက်လာခြင်း၏ အကြောင်းရင်း (၈) ပါး** ။ ။ (၁) ခန္ဓာ (၂) အဝိဇ္ဇာ (၃) ဖဿ (၄) သညာ (၅) ဝိတက္က (၆) အယောနိသောမနသိကာရ (၇) ပါပမိတ္တ (၈) ပရတောဃောသ [ဋ၊၉၉]

➤ ၉။ (ဂ+ဃ) အန္တောမဇ္ဈန္ဟိကေ တသ္မာ၊ ဘုဥ္ဇန္တောပိ ဒသက္ခတ္တုံ။
သော ဧကဘတ္တိကော ဟောတိ၊ တံ သန္ဓာယ တထာ ဝုတ္တံ။

➤ ❶❶ ။ (ဂ) **ဝါကျသော ဘုဥ္ဇမာနော၌ ဓာတ်၏အရကို ကိုယ်ပြု၍ ဘာဝ- စသည်ထုတ်ပုံ** ။ ။ (၁) ဘုဥ္ဇမာနော-၌ ဘုဇဓာတ်အရ ဘုဉ်းပေးသုံးဆောင်ခြင်းဟု ဆိုအပ်သော ရဟန်းကြီး ဝေါနမ၏သန္တာန်၌ဖြစ်သည့် ပစ္စဝေက္ခဏာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီဘာဝ, ဓမ္မသိင်္ဂီရရသ မည်၏။ (၂) ဆွမ်းပေါ်၌တည်နေသော အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်းသည် အာရမ္မဏ ဝိဘာဝ မည်၏။ (၃) ကမ္မဋ္ဌာန်း၏ တည်ရာဖြစ်သော ဆွမ်းဒြပ်သည်ရင်း, ဘုရားရှင်၏ နိရာနုသယသန္တာန်သည်ရင်း, ရှေးဘဝါဘဝက ဆည်းပူးခဲ့သော ပါရမီစာဂ ပုဗ္ဗစရိယ စသည်များသည်ရင်း ဥဒ္ဒီပနဝိဘာဝမည်၏။ (၄) ဆွမ်းဘုဉ်းပေးရခြင်းကြောင့် ခန္ဓာကိုယ် အတ္တဘောကြီး ကြာရှည်လေးမြင့်စွာ တည်တန့်နိုင်ခြင်း၊ တည်တန့်သဖြင့် ဝေနေယျ သတ္တဝါတို့အား တရား ရေအေး အမြိုက်ဆေးကို တိုက်ကျွေးနိုင်ခြင်း-စသည်တို့သည် အနုဘာဝ မည်၏။

http://www.dhammadownload.com



**ဋီကာ (၁၁၈)** [ဋ၊၇၅]

**(က-၁) ရတ္တိယာ ဘောဇနံ ရတ္တိ၊ (က-၂) တတော ဥပရတောတိ ရတ္တူပရတော၊**

**(ခ) အတိက္ကန္တေ မဇ္ဈန္ဟိကေ ယာဝ သူရိယတ္ထင်္ဂမနာ ဘောဇနံ ဝိကာလဘောဇနံ နာမ၊**

**(ဂ) တတော ဝိရတတ္တာ ဝိရတော ဝိကာလဘောဇနာ၊**

**(ဃ) ကဒါ ဝိရတော၊ အနောမာနဒီတီရေ ပဗ္ဗဇိတဒိဝသတော ပဋ္ဌာယ၊**

➤ ❶ ။ ရတ္တူပရတော-နေဝင်သည်မှ နောက်နေ့အရုဏ်တက်တိုင်အောင်ဖြစ်သော ညဥ့်အခါကာလ၌ စားသောက်ခြင်းမှ ရှောင်ကြဉ်တော်မူတတ်၏။

**ဝိကာလဘောဇနာ**-နေမွန်းတည့်ပြီးသည်မှ နေဝင်တိုင်အောင်ဖြစ်သော ဝိကာလ အခါ၌ စားသောက်ခြင်းမှ၊ဝိရတော၊ရှောင်ကြဉ်တော်မူတတ်၏။(အဋ္ဌကထာနည်း)

**ဝိကာလဘောဇနာ**-နေမွန်းတည့်ပြီးသည်မှ နေဝင်သည့်တိုင်အောင်ဖြစ်သော ဝိကာလ အခါ၌ ယာဂုဆွမ်း အစရှိသော ယာဝကာလိကဘောဇဉ် အလုံးစုံကို စားမျိုခြင်းမှ ရှောင် ကြဉ်တော်မူတတ်၏။ (ဋီကာနည်း)

**(က)** ရတ္တိယာ၊ညဥ့်အခါ၌၊ဘောဇနံ၊စားခြင်းတည်း၊ရတ္တိ၊ညဥ့်အခါ၌ စားခြင်း၊တတော၊ ထိုညဥ့်အခါ၌ စားခြင်းမှ၊ဥပရတော၊ရှောင်ကြဉ်တော်မူ၏၊ဣတိ၊ထို့ကြောင့်၊ရတ္တူပရတော၊ ရတ္တူပရတ မည်တော်မူ၏။ **(ခ)** မဇ္ဈန္ဟိကေ၊မွန်းတည့်အချိန်သည်၊အတိက္ကန္တေ၊လွန်လတ် သော်၊ယာဝ သူရိယတ္ထင်္ဂမာ၊နေဝင်သည့်တိုင်အောင်၊ဘောဇနံ၊စားခြင်းသည်၊ဝိကာလ - ဘောဇနံ နာမ၊ဝိကာလဘောဇန မည်၏။

**(ဂ)** တတော၊ထိုနေ့လွဲအခါ၌ စားခြင်းမှ၊ဝိရတတ္တာ၊ရှောင်ကြဉ်တော်မူသည်၏အဖြစ် ကြောင့်၊ဝိရတော ဝိကာလဘောဇနာ၊ဝိရတော ဝိကာလဘောဇနာ မည်တော်မူ၏။

**(ဃ)** ကဒါ၊ဘယ်အခါ၌၊ဝိရတော၊ရှောင်ကြဉ်တော်မူသနည်း။(ဣတိ၊ဤကား အမေး တည်း) အနောမာနဒီတီရေ၊အနောမာမြစ်ကမ်း၌၊ပဗ္ဗဇိတဒိဝသတော၊ရဟန်းပြုတော်မူရာ နေ့မှ၊ပဋ္ဌာယ၊စ၍၊(ဝိရတော၊ရှောင်ကြဉ်တော်မူ၏၊ဣတိ၊ဤကား အဖြေတည်း။)

➤ ❷ ။ **(က-၁) သို့/ အစန္တာလီန** ။ ။ ဆရာ၊ ဘုရားရှင်သည် ရတ္တူပရတော ပုဒ်ဝယ် ရတ္တိ-ဟူသော ပုဒ်တစိတ်ကို ထည့်သွင်း ဟောကြားတော်မူ၏။ ယင်းရတ္တိပုဒ် သည် ရန္ဓာတ်+တိပစ္စည်းဖြင့် ပုဒ်ပြီးထား၍ ရန္တတ္ထိ ဇတိယန္တိ ရတ္တိ-ဟု ဝိဂ္ဂဟ ပြုရပါ မည်လော၊ ရတ္တိပုဒ်သည် ဤနေရာ၌ ညဥ့်သာမန်ကို ဟောကြားနေပါသလော၊ ရတ္တိပုဒ် ၏ ဝိဂ္ဂဟနှင့် အနက်ကား အဘယ်ပါနည်း၊ မပြဆိုချေသော် အတိဗျာပိတဒေါသ ဘုရား ရှင်အား သင့်ရောက်ရာ၏၊ စုဒ်ကြောင့် (က-၁) မိန့်။

**ကား**- ရတ္တိယာ ဘောဇနံ ရတ္တိ-ဟု ဘောဇနဟူသော နောက်ပုဒ်ကျေသည့် ဥတ္တရပဒ လောပသမာသ်ပြုလုပ်ပြီး ညဥ့်၌စားခြင်းဟူသော အနက်ကို ဤနေရာ၌ဟော၏ဟူလို။

**(ခ) သို့/ အနုသန္ဓေ** ။ ။ ဤသို့ ရတ္တူပရတောပုဒ်၏ ပဌမိတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ

http://www.dhammadownload.com



အဖွင့် သံဝဏ္ဏနာကို ဖွင့်ပြပြီး၍ ယခုအခါ၌ ဝိကာလဘောဇနပုဒ်ဝယ် ဝိကာလအရ ကာလ အပိုင်းအခြား အရကောက်နှင့်တကွသော ဘောဇနပုဒ်၏ ဝိဂ္ဂဟကိုပါ ဖွင့်ပြလိုသော အဋ္ဌကထာဆရာသည် (ခ) မိန့်။

(ဃ) သို့/ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ဘုရားရှင်သည် ဝိကာလအခါ ဘောဇဉ်ကို စားသောက်ခြင်းမှ ရှောင်ကြဉ်တော်မူသောဟု ဆိုတော်မူ၏။ ဘုရားရှင်သည် သဗ္ဗညုတ ဉာဏ်တော်ကို ရပြီး၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော အခါမှသာ ဝိကာလအခါ ဘောဇဉ်ကို စားသောက်ခြင်းမှ ရှောင်ကြဉ်တော်မူပါသလော၊ အဘယ်အခါမှစ၍ ရှောင်ကြဉ်တော်မူခဲ့ပါသနည်း၊ စုဒ်ကြောင့် (ဃ) မိန့်။

**အား**- အနော်မာမြစ်ကမ်းနား၌ ရဟန်းပြုတော်မူသော နေ့မှစ၍ ဝိကာလအခါ ဘောဇဉ်ကို စားသောက်ခြင်းမှ ရှောင်ကြဉ်မူ၏ဟူလို။

➤ ❷ ။ [**စ–ဝါကျကို၌**] (၁) နနု ဝိရတော ဝိကာလဘောဇနာတိ ဧတ္တ အတိက္ကန္တေ မဇ္ဈန္ဟိကေ ယာဝ အရုဏုဂ္ဂမနာ ဝိကာလော နာမ ဟောတိ။ (၂) အထ ကသ္မာ အတိက္ကန္တေ မဇ္ဈန္ဟိကေ ယာဝ သူရိယတ္ထင်္ဂမနာ ဝိကာလောတိ တယာ သံဝဏ္ဏိတော။

(၃) နနု ရတ္တူပရတောတိ ပဒေန ရတ္တိဘောဇနသ္သ ပဋိက္ခိတ္တတ္တာ ပါရိသေသနယေန အပရဏှောဝ ဣဓ ဝိကာလော ဟောတိ။ (၄) တသ္မာ အတိက္ကန္တေ မဇ္ဈန္ဟိကေ ယာဝ သူရိယတ္ထင်္ဂမနာ ဝိကာလောတိ မယာ သံဝဏ္ဏိတော။

➤ ❹ ။ ဘုဉ္ဇိယတေ **ဓဒသာဇနံ**။ (၃) သာမည စားမျိုခြင်းဂုဏ်သကတ်သည် ဝစနဟေတု။ (၅) စားမျိုခြင်း ဝိသေသကြိယာဖြစ်သည် ဝစနီယ။ (၆) ဘက္ကနံ, ဘုဉ္ဇနံ အသနံ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။ (အဋ္ဌကထာနည်း)

ဘုဉ္ဇိတဗ္ဗန္တိ **ဓဒသာဇနံ**။ (၃) စားမျိုခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ယာဂုဆွမ်း အစရှိသော အလုံးစုံသော ယာဝကာလိကဝတ္ထု စားသောက်ဖွယ်ရာ ဘောဇဉ်ဖြစ်သည် ဝစနီယ မည်၏။ (၆) ဘတ္တ, ဝိဏ္ဍပါတ-စသော--(ဋီကာနည်း)

ရတ္တိတော ဥပရတောတိ **ရတ္တူပရဓတာ**။ (၃) ညစာစားခြင်း၏ ရှောင်ကြဉ်တော်မူသော ဘုရားရှင်နှင့် ပဟာတဗ္ဗ ပဟာယက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဝစနဟေတု မည်၏။ (၅) ဘုရားရှင်ဖြစ်သည် ဝစနီယ မည်၏။ (၆) ရတ္တိဘောဇနူပရတော--။

ရဉ္ဇန္တိ ဧတ္တာတိ **ရတ္တိ**။ (၃) တပ်မက်ခြင်း ကြိယာသကတ်သည် ဝစနဟေတုမည်၏။ (၅) ညဉ့်ဟူသော ကာလပညတ်သည် ဝစနီယ။ (၆) နိသာ, ရဇနီ, တိယာမာ, သံဝရီ။

➤ ❺ ။ ဝိရတဓတ္တာ-၌ တ္တသမ္ဗန္ဓကား သမဏာသ ဂေါတမဿ။ (၏/သည် စပ်)

**ရတ္တူပရဓတာ**-ကို ရတ္တူပရတတ္တာ-ဟု ဟိတ်ပြင်လျှင်-သမဏာသ ဂေါတမဿ ဟု သမ္ဗန္ဓခံရပါမည်။ (၏/သည် စပ်)

➤ ❻ ။ (က) ၌ ရတ္တိယာ ဘောဇနံ-ဖြင့် ရတ္တူပရတော၌ ရတ္တိပုဒ်ကို ရတ္တိယာ

http://www.dhammadownload.com



ဘောဇနံ ရတ္တိ-ဟု ဥတ္တရပဒလောပ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) (ဝါ) ဘောဇနတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ဏပစ္စည်း၏ ယင်းဘောဇနတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုရင်း (ပစ္စယတ္ထ) သိစေသည်။

တတော ဥပရတော-ဖြင့် ရတ္တူပရတောပုဒ်ကို ရတ္တိတော ဥပရတော ရတ္တူပရတော-ဟု ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။(သမာသလိင်္ဂတ္ထ)

(ခ) ၌ အတိက္ကန္တေ မဇ္ဈန္ဟိကေ ဘောဇနံ-ဖြင့် ဝိကာလနှင့် ဘောဇနံ-ကို ဝိကာလေ ဘောဇနံ ဝိကာလဘောဇနံ-ဟု သတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) ယာဝသူရိယတ္ထင်္ဂမနာ ဘောဇနံ-ဖြင့် ဘောဇနံပုဒ်ကို ဘုဉ္ဇိယတေ ဘောဇနံ-ဟု ဘာဝသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ယုပစ္စည်း၏ ဘာဝသာဓန၌ သက်သည်၏အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) ဘောဇနသဒ္ဒါ၏ အဇ္ဈောဟရဏအနက်ကို ဟောသည်၏အဖြစ်ကိုရင်း (နာမလိင်္ဂတ္ထ) အတိက္ကန္တေ မဇ္ဈန္ဟိကေ ယာဝသူရိယတ္ထင်္ဂမနာ-ဖြင့် ရတ္တူပရတောဖြင့် ညဉ့်စားခြင်းကို ယူပြီးဖြစ်သဖြင့် ပါရိသေသနည်းဖြင့် ဝိကာလ-အရ မွန်းတည့်လွန်သည်မှ နေဝင်သည်တိုင်အောင်သော အပရဏှကာလကို ယူရမည်၏အဖြစ်ကိုရင်း (သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

(ဂ) ဖြင့် ဝိကာလဘောဇနာ-၌ အာ-အက္ခရာသည် ပထမာ သိ-ယော စသော ဝိဘတ်များ၏ ကာရိယ မဟုတ်၊ ပဉ္စမီ သ္မာ-ဝိဘတ်၏ ကာရိယ၏အဖြစ်ကိုရင်း (ဝိဘတ္တိပဒ) ယင်းသ္မာဝိဘတ်သည် ကမ္မဌ စသည်၌ မသက်၊ အပါဒါနတ္ထ၌ သက်ထားသည်၏အဖြစ်ကိုရင်း (ဝိဘတျတ္ထ) ဝိကာလဘောဇနာပုဒ်ကို ဝိရတော-၌ အပါဒါန်-အပါဒီအဖြစ်ဖြင့် စပ်ရမည်၏အဖြစ်ကိုရင်း (သမ္ဗန္ဓ) ဘုရားရှင်ကို ဝိကာလအခါ ဘောဇဉ်ကို စားသောက်ခြင်းမှ ရှောင်ကြဉ်တော်မူတတ်သောကြောင့် ဝိရတ-ဟု ခေါ်သည်ကိုရင်း (ဘာဝတ္ထ) သိ။

➢ ❶❶။ **ဘောဇနံ-၌ ဘုဇာတ်အရ** ။ ။ ညအခါ စားသောက်ခြင်းဟုဆိုအပ်သော ညစားစားသူ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သည့် တဏှာ လောဘပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်သည် ကာမရတိဌာယိဘာဝ, ကာမသိင်္ဂါရရသ မည်၏။ စားသောက်ဖွယ်ရာ ဘောဇဉ်ဖြစ်သည် အာရမ္မဏဝိဘာဝ မည်၏။ ဘောဇဉ်၏ အနံ့အရသာ ကောင်းမွန်ခြင်း မွှေးကြိုင်ခြင်းစသော အခြံအရံ အကြောင်းတရားများသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ ချိုမြိန်ဘွယ်ရာ ဘောဇဉ်များကို စားသောက်ရခြင်းကြောင့် ယင်းဘောဇဉ်ကို အာရုံပြု၍ ဖြစ်သော တဏှာ လောဘ ဆက်ကာ ဆက်ကာ ဖြစ်ပေါ်လာရခြင်း-စသော အကျိုးတရားများသည် အနုဘာဝ မည်၏။

* **(က) ဥပရတော-၌ မုဒ္ဒြာစသွေ့ကို ကိုယ်ပြု၍** ။ ။ ဝိရတိစေတနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍ (၁) ထို-သည် ဓမ္မရတိဌာယိဘာဝ, ဓမ္မသိင်္ဂါရရသ မည်၏။ (၂) ရှောင်ကြဉ်အပ်သော ညဉ့်စာသည် အာရမ္မဏဝိဘာဝ မည်၏။ (၃) ယောနိသောမနသိကာရ

http://www.dhammadownload.com



စသည်သည် ဥဒ္ဒိပနဝိဘာဝ မည်၏။ (၄) ကိလေသာ မထကြွခြင်းစသော အကျိုးတရား အဆက်ဆက်သည် အနုဘာဝ မည်၏။ ✻ ရတ္တာ္ဗုပရတာ–အရ ဝိရတိ သဒ္ဓါ စေတနာ ပြဋ္ဌာန်းသော မဟာကြိယာ စိတ္တုပ္ပါဒ်ကို ယူ၍-- (နည်းတူထုတ်)

**ပါဠိ (၁၁၁)** [၅၊၇၁/၇၆]

**(က) သာသနဿ အနနုလောမတ္တာ ဝိသူကံ ပဋ္ဌာဏီဘူတံ ဒဿနန္တိ ဝိသူကဒဿနံ၊**

**(ခ) အတ္တနာ နစ္စန နစ္စာပနာဒိဝသေန နစ္စာစ ဂီတာစ ဝါဒိတာစ အန္တမသော မယူရနစ္စာဒိဝသေနပိ ပဝတ္တာနံ နစ္စာဒီနံ ဝိသူကဘူတာ ဒဿနာစာတိ နစ္စဂီတဝါဒိတဝိသူကဒဿနာ၊**

**(ဂ) နစ္စာဒီနိ ဟိ အတ္တနာ ပယောဇေတုံ ဝါ ပရေဟိ ပယောဇာပေတုံ ဝါ ပယုတ္တာနိ ပဿိတုံ ဝါ နေဝ ဘိက္ခူနံ န ဘိက္ခုနီနံ ဝဋ္ဋန္တိ၊ (ဃ) မာလာဒီသု မာလာတိ ယံကိဉ္စိ ပုပ္ဖံ၊**

**(င) ဂန္ဓန္တိ ယံကိဉ္စိ ဂန္ဓဇာတံ၊ (စ) ဝိလေပနန္တိ ဆဝိရာဂကရဏံ၊** (ဘာသာဋီ၊ ပ၊၄၈၆။)

➤ ❶ ။ (က) သာသနဿ၊ ဘုရား အဆုံးအမတော်အား။ အနနုလောမတ္တာ၊ မလျော်သည်၏ အဖြစ်ကြောင့်။ ဝိသူကံ၊ ဆန့်ကျင်ဘက်ကို ထင်ရှားပြတတ်သော။ (ဝါ) ဆန့်ကျင်ဘက် စို့သဖွယ်ဖြစ်သော။ ပဋ္ဌာဏီဘူတံ၊ ဆန့်ကျင်ဘက် စို့သဖွယ်ဖြစ်၍ဖြစ်သော။ ဒဿနံ၊ ကြည့်ရှုခြင်း တည်း။ (ဝါ) ကြည့်ရှု နားထောင်ခြင်းတည်း။ ဣတိ၊ ထို့ကြောင့်။ ဝိသူကဒဿနံ၊ န-မည်၏။

(ခ) အတ္တနာ၊ ကိုယ်တိုင်။ နစ္စန နစ္စာပနာဒိဝသေန၊ ကခြင်း, ကစေခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်။ နစ္စာစ၊ ကခြင်းရင်း။ ဂီတာစ၊ သီဆိုခြင်းရင်း။ ဝါဒိတာစ၊ အသံကိုမြည်စေခြင်းရင်း။ (ဝါ) တီးမှုတ်ခြင်းရင်း။ အန္တမသော၊ အောက်ထစ်ဆုံးအားဖြင့်။ မယူရနစ္စာဒိဝသေနပိ၊ ဥဒေါင်းတို့၏ ကခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်လည်း။ ပဝတ္တာနံ၊ ဖြစ်ကုန်သော။ နစ္စာဒီနံ၊ ကခြင်း အစရှိသည်တို့ကို။ ဝိသူကဘူတာ၊ ဆန့်ကျင်ဘက်ကို ထင်ရှားပြတတ်သည် ဖြစ်၍ဖြစ်သော။ (ဝါ) ဆန့်ကျင်ဘက် စို့သဖွယ်ဖြစ်၍ဖြစ်သော။ ဒဿနာစ၊ ကြည့်ရှုခြင်းရင်း။ (ဝါ) ကြည့်ရှု နားထောင်ခြင်းရင်း။ ဣတိ၊ ဤသို့။ **နစ္စဂီတဝါဒိတဝိသူကဒဿနာ**၊ ကိုယ်တိုင်ကခြင်း, သူတစ်ပါးကို ကစေခြင်း, ကိုယ်တိုင်သီဆိုခြင်း, သူတစ်ပါးကို သီဆိုစေခြင်း, ကိုယ်တိုင်တီးမှုတ်ခြင်း သူတစ်ပါးကို တီးမှုတ်စေခြင်း, ဘုရားအဆုံးအမတော်၏ ဆန့်ကျင်ဘက် စို့ပမာ ဖီလာဖြစ်သော ကြည့်ရှု နားထောင်ခြင်းမှ။ (ပဋိဝိရတော-၌စပ်)

(ဂ) ဟိ၊ မှန်၏။ နစ္စာဒီနိ၊ ကခြင်း အစရှိသည်တို့ကို။ အတ္တနာ၊ ကိုယ်တိုင်။ ပယောဇေတုံ ဝါ၊ ယှဉ်စေခြင်းငှာရင်း။ (ဝါ) ပြုလုပ်ခြင်းငှာရင်း။ ပရေဟိ၊ သူတစ်ပါးတို့သည်။ (ဝါ) တို့ကို။ ပယောဇာပေတုံဝါ၊ ယှဉ်ပစေဟု စေခိုင်းခြင်းငှာရင်း။ (ဝါ) ပြုလုပ်စေခြင်းငှာရင်း။ ပယုတ္တာနိ၊ ယှဉ်စပ်ပြုလုပ်အပ်သော ကခြင်း အစရှိသည်တို့ကို။ ပဿိတုံ ဝါ၊ ကြည့်ရှုခြင်းငှာရင်း။ (ဝါ) ကြည့်ရှုနားထောင်ခြင်းငှာရင်း။ ဘိက္ခူနံ၊ ရဟန်းတို့အား။ နေဝ ဝဋ္ဋန္တိ၊ မအပ်ကုန်။ ဘိက္ခုနီနဉ္စ၊ ဘိက္ခုနီမတို့အားလည်း။ န ဝဋ္ဋန္တိ၊ မအပ်ကုန်။

http://www.dhammadownload.com



(ဃ) မာလာဒီသုံမာလာ အစရှိသည်တို့တွင်။မာလာတိ၊မာလာဟူသည်ကား။ယံကိဉ္စိ၊ ကြွင်းမဲ့ ဥဿုံ အလုံးစုံသော။ပုပ္ဖံ၊ပန်းတည်း။

(င) ဂန္ဓန္တိ၊ဂန္ဓဟူသည်ကား။ယံကိဉ္စိ၊သော။ဂန္ဓဇာတံ၊ဖြစ်ဖြစ်သမျှ နံ့သာတည်း။(ဝါ) နံ့သာမျိုးတည်း။ (စ) ဝိလေပနန္တိ၊ဝိလေပနံ ဟူသည်ကား။ဆဝိရာဂကရဏံ၊အရေအဆင်း၏ တပ်စွဲဖွယ်ကို ပြုတတ်သော နံ့သာပျောင်း အလှရည် စသည်တည်း။

➤ ❷။ (ခ) သို့/ ဆရာ-သည် သာသနာတော်၏ ချောင့်တံကျင်သဖွယ်ဖြစ်သော ကြည့်ရှုခြင်းသည် ဝိသူကဒဿန မည်သောဟု ဆို၏။ မူရင်းပါဠိတော်၌ ဝိသူကဒဿနာ-ဟူ၍ ပုဒ်သီးခြားသက်သက် မရှိ၊ နစ္စဂီတဝါဒိတဝိသူကဒဿနာ-ဟူ၍သာ ရှိနေသည် မဟုတ်ပါလော၊ ယင်းပုဒ်၏ အပေါင်းဖြစ်သော သမာသ်ဝိဂ္ဂဟ အဖွင့်သံဝဏ္ဏနာကား အဘယ်ပါနည်း၊ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် နစ္စ နစ္စာပန စသည်သည် နစ္စဂီတ ဝါဒိတ ဝိသူက ဒဿနမည်သောဟု ဆိုတော်မူ၏။ နစ္စပုဒ် စသည်ကို နစ္စာပန စသည်ဖွင့်ဆိုခဲ့ခြင်း၌ ယုံကြည်နိုင်လောက်သော အကြောင်းယုတ္တိသာဓကကို ဆရာ မဖွင့်ပြတော့ပြီလော၊ နစ္စ နစ္စာပန စသည်တို့၏ အစွမ်းအားဖြင့် ဖွင့်ဆိုခဲ့ခြင်းသည် အဘယ်သို့လျှင် သင့်မြတ်နိုင်ပါမည်နည်း၊ စုဒ်ကြောင့် (ဂ) မိန့်။

(ဃ) သို့/ **ဿိနန္တရစောဒနာ** ။ ။ ဆရာ၊ ဘုရားရှင်သည် မာလာဂန္ဓဝိလေပနဓာရဏ စသော ပါဠိတော်ဝယ် ဂန္ဓ-ပုဒ်ကို ထည့်သွင်းဟောကြားတော်မူ၏။ ယင်း ဂန္ဓပုဒ်-အရ အရေကို တပ်စွန်း စွန်းထင်းအောင် ပြုလုပ်ကြောင်းဖြစ်သော နံ့သာမှုန့် နံ့သာပျောင်းကို ကောက်ယူရပါမည်လော၊ အဘယ်နံ့သာမျိုးကို ဂန္ဓ-အရ ကောက်ယူရပါမည်နည်း၊ ဤ၌ အလိုရှိအပ်သော ဂန္ဓ-အရကို မပြဆိုချေသော် အတိဗျာပိတဒေါသ ဘုရားရှင်အား သင့်ရောက်ရာ၏၊ စုဒ်ကြောင့် (င) မိန့်။

➤ ❸။ | **ယ-ဝါကျကို့ရှ** | (၁) နနု မာလာသဒ္ဒေါ လောကေ ပုပ္ဖဒါမဝါစကော။ (တနည်း) နနု မာလာသဒ္ဒေါ လောကေ ဗဒ္ဓပုပ္ဖဝါစကော။ (ဋီသစ်)

(၂) အထ ကသ္မာ မာလာတိ ယံကိဉ္စိ ပုပ္ဖန္တိ ဝုတ္တံ။ (၃) နနု မာလာသဒ္ဒေါ သာသနေ ရုဠှီယာ အဗဒ္ဓပုပ္ဖေသုပိ ဝတ္တတိ။ (၄) တသ္မာ မာလာတိ ယံကိဉ္စိ ပုပ္ဖန္တိ ဝုတ္တံ။

➤ ❹။ မိယတိ ပရိမိယတီတိ **မာလာ**။ (၃) နှိုင်းယှဉ်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၄) ပန်းဒြပ်သည် ဝစနီယ မည်၏။ (၆) ပုပ္ဖ, ကုသုမ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္တ မည်၏။

မလတိ ဓာရေတီတိ **မာလာ**။ (၃) ဆောင်ခြင်းကြိယာသကတ်သည် ဝစနဟေတု။

မယ ဘမရာ လသန္တိ ကီဠန္တိ ဧတ္ထာတိ မာလာ။ (၃) တင့်တယ်စမ္မယ် ပျော်ပါးခြင်း ကြိယာသကတ်သည်ရင်း, ဝတ်ရည်စားသုံး ပျားပိတုန်းတို့၏ စမ္မယ်ပျော်ပါး ကစားရာ

http://www.dhammadownload.com



ပန်းဒြပ်နှင့် ဥာနီ-ဥာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ရင်း ဝစနဟေတု မည်၏။

ဝိသုစတိ သာသနံ ဝိဇ္ဈတိ အနနုလောမိကဘာဝေနာတိ **ဝိသူကံ**။ (၃) ထိုးဖောက်ခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်း စသည်သည် ဝစနီယ မည်၏။ (၆) ပဋိဝိရုဒ္ဓ, ပဋ္ဌာဏီဘူတ-စသော--။

အာဏီဝိယာတိ အာဏီ။ ပဋိဝိရုဒ္ဓါ အာဏီ **ပဋ္ဌာဏီ**။ (၃) ဆန့်ကျင်ဘက်ဂုဏ်၏ စို့နှင့် ဂုဏ် ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) စို့ မယ်နနှင့်တူသော ကခြင်း သီဆိုခြင်းသည် ဝစနီယ။ (၆) ဝိသူက, ပဋိဝိရုဒ္ဓ-စသော--။

အဏာတိ ဗန္ဓတီတိ **အာဏီ**။ (၃) ဖွဲ့ခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) စို့ဒြပ်သည် ဝစနီယ မည်၏။ (၆) အက္ခဂ္ဂကီလ-စသော--။

အဏာတိ သဒ္ဒံ ကရောတီတိ **အာဏီ**။ (၃) အသံပြုခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (ကြွင်းတူ)

မဟိယံ ရဝတီတိ **မယူရော**။ (၃) အသံပြုခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ဥဒေါင်းဒြပ်သည် ဝစနီယ။ (၆) မောရ, ဝရဟီ-စသော--။

မယတိ ဂစ္ဆတီတိ **မယူရော**။ (၃) သွားခြင်းကြိယာသကတ်သည် ဝစနဟေတု။

ပုပ္ဖတီတိ ပုပ္ဖံ။ (၃) ပွင့်ခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ပန်းဒြပ်သည် ဝစနီယ။ (၆) မာလာ, ကုသုမ-စသော ပရိယာယ် သဒ္ဒါများသည် ဝစနီယတ္ထ။

➢ ❺ ။ (က) **အနနုလောမတ္တာ**-ဟိတ်၏ သမ္ဗန်ကား ဝိသူကဒဿနဿ ဖြစ်ပါသည်။ (၏/သည် စပ်)

➢ ❻ ။ (က) ဌ ဝိသူကံ ဒဿနံ-ဖြင့် ဝိသူကနှင့် ဒဿနံကို ဝိသူကဥ္စ တံ ဒဿနဥ္စာတိ ဝိသူကဒဿနံ-ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) ပဋ္ဌာဏီဘူတံ-ဖြင့် ဝိသုစတိ သာသနံ ဝိဇ္ဈတိ အနနုလောမိကဘာဝေနာတိ ဝိသူကံဟူသော ဝစနတ္ထနှင့်အညီ ကခြင်းစသည်တို့သည် သာသနာတော်ကို ထိုးကျင့်၏၊ ယင်းသို့ ထိုးကျင့်၏ဟူသည် ပြောင့်တံကျင် ထိုးကျင့်သကဲ့သို့ ထိုးကျင့်သတည်းဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) ဝဒန္တိ ဆရာတို့အလို ပဋ္ဌာဏီဘူတံ-ဖြင့် ဝိသူကသဒ္ဒါ၏ ပဋ္ဌာဏီဘူတအနက်ဟော၏ အဖြစ်ကိုရင်း (နာမလိင်္ဂတ္ထ) သိစေပါသည်။

သာသနဿ အနနုလောမိကတ္တာဖြင့် ကခြင်း သီခြင်း စသည်ကို ကြည့်ရှုနားထောင်ခြင်းသည် ပြောင့်တံကျင်ကဲ့သို့ ဖြစ်၏ဟူသည် ယင်းကြည့်ရှု နားထောင်ခြင်း၏ သာသနာတော်အား မလျော်သောကြောင့် ပြောင့်တံကျင်ကဲ့သို့ ဖြစ်သတည်းဟု သိ။(ဘာဝတ္ထ)

(စ) ဌ အတ္တနာ နစ္စန နစ္စာပနာဒိဝသေန-ဖြင့် နစ္စ-သဒ္ဒါသည် သာမညနိဒ္ဒေသနည်း (ဝါ) ဧကသေသနည်းဖြင့် နစ္စ-မိမိ ကခြင်း၊ နစ္စာပန-သူတစ်ပါးကို ကစေခြင်းအနက်ကို ဟောသည်၏အဖြစ်ကိုရင်း (နာမလိင်္ဂတ္ထ) ဂီတ-ဖြင့် ဂါယန, ဂါယာပန၊ ဝါဒိတ-ဖြင့် ဝါဒန

http://www.dhammadownload.com



ဝါဒါပနအနက်ကို ယခင်းနည်းတို့ဖြင့် ဟောသည်၏အဖြစ်ကိုရင်း (နာမလိင်္ဂတ္ထ) ဝိသူက နှင့် ဒဿနံကို ဝိသူကဘူတံ ဒဿနံ ဝိသူကဒဿနံ-ဟု သမ္ဘာဝနာ ကမ္မဓာရာယ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) နစ္စဂီတဝါဒိတဝိသူကဒဿနပုဒ်ကို နစ္စဥ္စ ဂီတဥ္စ ဝါဒိတဥ္စ ဝိသူကဒဿနဥ္စာတိ နစ္စဂီတဝါဒိတဝိသူကဒဿနံ-ဟု သမာဟာရ ဒွန် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဃ) ဖြင့် မာလာ-အရ လောက၌ကဲ့သို့ သီကုံးအပ်သော ဗဒ္ဓပုပ္ဖကိုသာ မယူရ၊ သာသနာတော်၌ကား အထင်ရှင်္ဂအားဖြင့် မာလာ-အရ သီကုံးအပ်သော ဗဒ္ဓပုပ္ဖ, မသီကုံး အပ်သေးသော အဗဒ္ဓပုပ္ဖ အလုံးစုံကို ယူရမည်ဟု သိစေ။(သရုပ်ကြား အဘိဓေယျတ္ထ)

(င) ဖြင့် ဂန္ဓ-အရ နံ့သာပျောင်းကို မယူရ နံ့သာပျောင်းမှုန့်ကြွင်းသော နံ့သာမှုန့်မျိုး ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(စ) ဖြင့် ဝိလေပန-အရ အရေကိုတပ်ခြင်းကို ပြုတတ်သော နံ့သာပျောင်းကို ယူရ မည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

➢ ❶ ⓪ ။ **ပဿိတုံ-၌ ဝိသဓာတ်အရ** ။ ။ ယှဉ်အပ်ကုန်ပြီး အလိုအလျောက် ကပြ သီဆိုနေကြသော ကချေသည် သီချင်းသည်တို့၏ ကခြင်း, သီဆိုခြင်း စသည်ကို ကြည့် ရှုနားထောင်နေကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သည့် တဏှာ လောဘ ပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်သည် ကာမရတိဌာယီဘာဝ, ကာမသင်္ဂီရရသ မည်၏။ ကခြင်းစသည်သည် အာရမ္မဏဝိဘာဝ မည်၏။ ဇာတ်ပွဲစသည်၏ ကြည့်ရှုဖွယ်ကောင်း သည်၏အဖြစ်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ ဆန္ဒရာဂ တိုးပွားခြင်းစသော အကျိုးတို့ သည် အနုဘာဝ မည်၏။ *** ဒဿနံ–အရ** မေးလည်း အတူတူပင်။

**ဓါတ်** (၁၁၂) [၄၇၆]

**(က-၁) တတ္ထ ပိဋ္ဌန္တေ္တာ ဓာရေတိ နာမ၊ (က-၂) ဉီနဋ္ဌာနံ ပူရေန္တော မဏ္ဍေတိ နာမ၊**

**(က-၃) ဂန္ဓဝသေန ဆဝိရာဂဝသေန စ သာဒိယန္တော ဝိဘူသေတိ နာမ၊**

**(ခ) ဌာနံ ဝုစ္စတိ ကာရဏံ၊**

**(ဂ) တသ္မာ ယာယ ဒုဿီလျစေတနာယ တာနိ မာလာဒီနိ ဓာရေတိ ... ကာရေတိ၊**

**(ဃ) တတော ပဋိဝိရတောတိ အတ္ထော၊** (ဘာသာဋီကာ၊ပ၊၄၉၀။)

❶ ။ (က) တတ္ထ၊ထို မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာဟူသော ပါဋ္ဌ၌။ပိဋ္ဌန္တော၊ပန်းကို ပန်ဆင်သော ပုဂ္ဂိုလ်သည်။ဓာရေတိ နာမ၊ဓာရေတိမည်၏။ဉီနဋ္ဌာနံ၊ ယုတ်လျော့ နိမ့်ခွက်နေသော အရပ်ကို။ပူရေန္တော၊ပြည့်စေသော ပုဂ္ဂိုလ်သည်။မဏ္ဍေတိ နာမ၊မဏ္ဍေတိ မည်၏။ဂန္ဓဝသေန၊အနံ့၏ အစွမ်းဖြင့်ရင်း။ဆဝိရာဂ ဝသေန စ၊အရေအဆင်း ၏ တပ်စွဲဖွယ်၏ အစွမ်းဖြင့်ရင်း။သာဒိယန္တော၊သာယာသော ပုဂ္ဂိုလ်သည်။ဝိဘူသေတိ နာမ၊

http://www.dhammadownload.com



ဝိဘူသေတိ မည်၏။ (ခ) ကာရဏံ၊အကြောင်းကို။ဌာနံ၊ဌာနဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(ဂ) တသ္မာ၊ထို့ကြောင့်။ယာယ ဒုဿီလျစေတနာယ၊အကြင် သီလမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ စေတနာဖြင့်။တာနိ မာလာဓာရဏာဒီနိ၊ထိုပန်းပန်ခြင်း အစရှိသော အမှုတို့ကို။မဟာဇနော၊များစွာသော လူအပေါင်းသည်။ကရောတိ၊ပြု၏။

(ဃ) တတော(ဒုဿီလျစေတနာတော) ထိုဒုဿီလျ စေတနာမှ။ပဋိဝိရတော၊ရှောင်ကြဉ်တော်မူ၏။ဣတိ အတ္ထော၊ဤကား အနက်။

➢ ❷ ။ (က) သို့/ **စောဒနာ** ။ ။ ဆရာ၊ ဘုရားရှင်သည် ဓာရဏမဏ္ဍနဝိဘူသန (ဌာနာ) ဟူသော ကြိယာသုံးပုဒ်ကို ဟောတော်မူ၏။ ယင်းကြိယာသုံးပုဒ်ကို အနက်ထူး အဓိပ္ပါယ်ထူး မရှိပါဘဲလျက်ပင် ဟောကြားထားခဲ့ပါသလော၊ ယင်းကြိယာ သုံးပုဒ်တို့၏ ထူးခြားပုံ ထူးခြားဟန်ကား အဘယ်ပါနည်း၊ ကြိယာသုံးပုဒ်တို့၏ ထူးခြားပုံကို မပြဆိုချေသော် ပုနရုတ္တိဒေါသ ဘုရားရှင်အား သင့်ရောက်ရာ၏။ စုဒ်ကြောင့် (က) မိန့်။

(ခ) သို့/ ဆရာ၊ ဆရာသည် (က) ဖြင့် ဓာရဏမဏ္ဍနဝိဘူသန-စသော ကြိယာသုံးပုဒ်တို့၏ အနက်ထူး အဓိပ္ပါယ်ထူးများကို ဖွင့်ဆိုတော်မူ၏။ ဓာရဏမဏ္ဍနဝိဘူသနဌာနာ-၌ ဌာနသဒ္ဒါသည် ဣဿရိယ, ဩကာသ-စသော အနက်များကို ဤနေရာ၌ ဟောကြားနေပါသလော၊ ဣဓာဓိပ္ပေတတ္ထဖြစ်သော ဌာနသဒ္ဒါ၏ အနက်ကား အဘယ်ပါနည်း စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (ခ) ဖြင့် ဝိဘူသနဌာနာ-စသော ပါဠိ၌ ဌာနသဒ္ဒါသည် အကြောင်းဟူသော အနက်ကို ဟော၏ဟု ဖွင့်ပြတော်မူ၏။ ယင်းဌာနသဒ္ဒါဟောသော အကြောင်းအရ သုဿီလျစေတနာကို အရကောက်ရပါမည်လော၊ ဌာနသဒ္ဒါ ဟောသော အကြောင်း၏ အရကား အဘယ်ပါနည်း၊ စုဒ်ကြောင့် (ဂ) မိန့်။

**ကား**- ဒုဿီလျ စေတနာကို အရကောက်ယူရပါမည်ဟူလို။

➢ ❸ ။ [ စ-ဝါကျကိုရှု ] (၁) နနု ဌာနသဒ္ဒေါ ဣဿရိယောကာသဟေတူသု ဝတ္တတိ။ (၂) အထ ကသ္မာ ဌာနံ ဝုစ္စတိ ကာရဏန္တိ ဝုတ္တံ။ (၃) နနု တဒေဿသံ အသမ္ဘဝေါ ဟောတိ။ (၄) နနု ဣဓ ကာရဏဿေဝ သမ္ဘဝေါ ဟောတိ။ (အန္ဝယ)

(၄) တသ္မာ ဌာနံ ဝုစ္စတိ ကာရဏန္တိ ဝုတ္တံ။

➢ ❹ ။ ဂန္ဓေတိ အတ္တနော ဝတ္ထုံ သူစေတိ ပကာသေတီတိ **ဂန္ဓော**။

(၃) မိမိဟူသော အနံ့၏တည်ရာဝတ္ထုကို ထင်ရှားပြခြင်း ကြိယာသကတ်သည် ဝစန ဟောတု မည်၏။ (၅) အနံ့ဟူသော ဂန္ဓာရုံဒြဗ်သည် ဝစနီယ မည်၏။ (၆) ဂန္ဓဇာတ, ဂန္ဓာရမ္မဏ, ဂန္ဓာယတန-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ဂန္ဓယတိ ဆိန္ဒတိ မနာပဂန္ဓော သုဂန္ဓဘာဝေန ဒုဂ္ဂန္ဓံ အမနာပဂန္ဓော ဒုဂ္ဂန္ဓဘာဝေန သုဂန္ဓန္တိ **ဂန္ဓော**။ (၃) နှစ်သက်ဘွယ်အနံ့သည် စက်ဆုပ်ဘွယ်အနံ့ကို မနှစ်သက်ဘွယ်

http://www.dhammadownload.com


အနံ့သည် ကောင်းမွန်မွှေးကြိုင်သောအနံ့ကို ဖြတ်တောက်ဖျက်ဆီးခြင်း ကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (ကြွင်းတူ)

ဝါယုနာ နီယမာနော ဂစ္ဆတီတိ ဂစန္တော။ (၃) လေဖြင့် ဆောင်ယူအပ်သည့်အတွက် ထိုအရပ်သို့ ရောက်သွားခြင်းကြိယာသကတ်သည် ဝစနဟေတု မည်၏။ (ကြွင်းတူ)

ဂစ္ဆန္တော ဓာရိယတီတိ ဂန္ဓော။ (၃) ခရီးသွားသောသူ၏ ဆောင်ခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (ကြွင်းတူ)

➢ ၅။ (ဂ) တသ္မာ-အစွဲကို တသ္မာ ဝုတ္တမာနတ္တာ-ဟု စွဲလျှင်- ကာရဏာဿ-ဟု သမ္ဗန်ခံရပါမည်။ (၏/ကို စပ်) ＊ **ဒုဿီလျစေတနာယ**-ဝယ် ဒုဿီလျ-၌ ဏျပစ္စည်း ၏ သမ္ဗန်ကား မဟာဇနဿ ဖြစ်ပါသည်။ (၏/သည် စပ်)

➢ ❻။ (က–၁) ဖြင့် ဓာရဏ-ဆောင်၏ဟူသည် ပုဂ္ဂလဝိဒ္ဓာန်ဒေသနာအား ဖြင့် ပန်းပန်သော သူပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ)

(က–၂) ဖြင့် မဏ္ဍနဟူသည် နိမ့်သောအရပ်ကို ပြည့်စေခြင်းပင်တည်းဟု သိစေပါသည်။ (ဘာဝတ္ထ) (က–၃) ဖြင့် ဝိဘူသနဟူသည် နံ့သာ၏အစွမ်းအားဖြင့်ရင်း, အရေကို တပ်စွန်းစေခြင်း၏ အစွမ်းအားဖြင့်ရင်း သာယာခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

(ခ) ဖြင့် ဌာနသဒ္ဒါသည် က္ကဿရိယ, ဩကာသ, ဋ္ဌိတ-စသော အနက်တို့ကို မဟော၊ ဟေတုအနက်ကို ဟောသတည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

(ဂ) ဖြင့် ကာရဏ-အရ ဒုဿီလျစေတနာကို ယူရမည်၏အဖြစ်ကိုရင်း (သရုပ်ကြား အဘိဓေယျတ္ထ) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနနှင့် ဌာန်ပုဒ်ကို မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနာနံ ဌာနံ-ဟု ဆဋ္ဌီ တပ္ပုရိသ်သမာသ်၊ (ဝါ) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနာနိယေဝ ဌာနံ-ဟု အဝဓာရဏ ကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဃ) ဖြင့် မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဌာနပုဒ်ကို ပဋိဝိရတော၌ အပါဒါန် အပါဒီအဖြစ်ဖြင့် စပ်ရမည်၏အဖြစ်ကိုရင်း (သမ္ဗန္ဓ) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဌာနာ-၌ အာ-သဒ္ဒါသည် ပထမာ ယောဝိဘတ်၏ ကာရိယမဟုတ်၊ ပဉ္စမီ သ္မာဝိဘတ်၏ ကာရိယ၏အဖြစ်ကိုရင်း (ဝိဘတ္တိပဒ) သိစေပါသည်။

➢ ❶❶။ **မစ္ဆေရတိ–ဠ် မဒိဘတ်အရ**။ ။ တန်ဆာဆင်တတ်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သည့် လောဘပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်သည် ကာမရတိဌာယိဘာဝ, ကာမသိင်္ဂါရရသ မည်၏။ ဦးနဋ္ဌာန၏တည်ရာ ခန္ဓာကိုယ် အတ္တဘောကြီးသည် အာရမ္မဏဝိဘာဝ မည်၏။ အယောနိသော မနသိကာရ စသည်သည် ဥဒ္ဒီပနဝိဘာဝ မည်၏။ ခန္ဓာကိုယ်ကို တန်ဆာဆင်ခြင်းကြောင့် ကြည့်ရှုမက်မော သာယာဘွယ်ရာ ဖြစ်လာခြင်း စသည်တို့သည် အနုဘာဝ မည်၏။

http://www.dhammadownload.com



**ဂါထာ (၁၁၃) [၄၇၆]**

**(က) ဥစ္စာသယနံ ဝုစ္စတိ ပမာဏာတိက္ကန္တံ၊ (ခ) မဟာသယနန္တိ အကပ္ပိယပစ္စတ္ထရဏံ၊**

**(ဂ) တတော ပဋိဝိရတောတိ အတ္ထော၊ (ဃ) ဇာတရူပန္တိ သုဝဏ္ဏံ၊**

**(င) ရဇတန္တိ ကဟာပဏော၊ (စ) လောဟမာသကော ဇတုမာသကော ဒါရုမာသကောတိ ယေ ဝေါဟာရံ ဂစ္ဆန္တိ၊ (ဆ) တဿ ဥဘယဿာပိ ပဋိဂ္ဂဟဏာ ပဋိဝိရတော၊**

**(ဇ) နေဝ နံ ဥဂ္ဂဏှာတိ န ဥဂ္ဂဏှာပေတိ န ဥပနိက္ခိတ္တံ သာဒိယတီတိ အတ္ထော၊**

➤ ❶ ॥ (က) ပမာဏာတိက္ကန္တံ၊လက်ရှစ်သစ်ပမာဏထက်လွန်သော အခြေရှိ အိပ်ရာ နေရာကို။ဥစ္စာသယနံ၊ဥစ္စာသယနဟူ၍။(ဝါ) မြင့်သော နေရာဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(ခ) အကပ္ပိယပစ္စတ္ထရဏံ၊ရဟန်းတို့အား မအပ်သော အခင်းကို။မဟာသယနန္တိ၊မဟာသယနဟူ၍။(ဝါ) ကြီးကျယ်သော နေရာ မွန်မြတ်သော နေရာဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(ဂ) တတော၊ထိုမြင့်သော နေရာ ကြီးကျယ်ခမ်းနား ဆန်းပြားသော နေရာမှ။ (ဝါ) ထိုမြင့်သော နေရာ ကြီးကျယ်ခမ်းနား ဆန်းပြားသောနေရာ၌ ထိုင်ခြင်း အိပ်ခြင်းမှ။ ပဋိဝိရတော၊ရှောင်ကြဉ်တော်မူ၏။ဣတိ အတ္ထော၊ဤကားအနက်။

(ဃ) သုဝဏ္ဏံ၊ရွှေသည်။ဇာတရူပန္တိ၊ဇာတရူပ မည်၏။

(င+စ) ကဟာပဏော၊အသပြာဒင်း။လောဟမာသကော၊ကြေးဖြင့်ပြုအပ်သော ပဲပိုက်ဆံဒင်း။ဇတုမာသကော၊ချိပ်ဖြင့်ပြုအပ်သော ပဲပိုက်ဆံဒင်း။ဒါရုမာသကော၊သစ်သားဖြင့် ပြုအပ်သော ပဲပိုက်ဆံဒင်း။ဣတိ၊ဤသို့။ယေ၊အကြင် ငွေ ပဲပိုက်ဆံတို့သည်။ဝေါဟာရံ၊ကုန်သန်းရောင်းဝယ်ကြောင်း၏ အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။(တေ၊ထို ငွေ ပဲပိုက်ဆံတို့သည်) ရဇတန္တိ၊ရဇတမည်၏။

(ဆ) ဥဘယဿာပိ၊နှစ်ပါးစုံလည်းဖြစ်သော။တဿ၊ထိုရွှေငွေကို။ပဋိဂ္ဂဟဏာ၊ခံယူခြင်းမှ။ပဋိဝိရတော၊ရှောင်ကြဉ်တော်မူ၏။

(ဇ) နံ၊ထိုရွှေငွေကို။နေဝ ဥဂ္ဂဏှာတိ ၊ကိုယ်တိုင်လည်း မခံယူ။န ဥဂ္ဂဏှာပေတိ၊သူတစ်ပါးကိုလည်း မခံယူစေ။ဥပနိက္ခိတ္တံ၊အနီး၌ ချထားအပ် အပ်နှံထားအပ်သော ရွှေ ငွေကို။ န သာဒိယတိ၊မသာယာ။ဣတိ အတ္ထော၊ဤကားအနက်။ (ဘာသာဋီကာ၊ပ၊၄၉၁)

➤ ❷ ॥ (က) **သို့/အဓိပ္ပာယ်နှင့်တကွ** ॥ ॥ ဆရာ၊ ဘုရားရှင်သည် ဥစ္စာသယနံ-ဟု ဟောတော်မူ၏။ ယင်းဥစ္စာသယန-အရ တမိုက် တထွာ တတောင်မြင့်သော ညောင်စောင်း အင်းပျဉ်စသည်များကို ဤနေရာ၌ ကောက်ယူရပါမည်လော၊ အဘယ်မျှလောက်မြင့်သော ညောင်စောင်း အင်းပျဉ်စသည်များသည် ဥစ္စာသယန မည်ပါသနည်း၊ ဤနေရာ၌ အလိုရှိအပ်သော ဥစ္စာသယနကို မပြဆိုချေသော် အတိဗျာပိတဒေါသ ဘုရားရှင်အား သင့်ရောက်ရာ၏၊ စုဒ်ကြောင့် (က) မိန့်။

**အား**- (က) ဖြင့် ဥစ္စာသယန-အရ တတောင့်ထွာ တတောင့်ထွာထက်မြင့်သော

http://www.dhammadownload.com



ညောင်စောင်း အင်းပျဉ်စသည့်နေရာများကို ဤနေရာ၌ ကောက်ယူရပါမည်ဟူလို။

(ဂ) သို့/ ဆရာ၊ ဆရာသည် (က-ခ) တို့ဖြင့် ဉစ္စာသယန မဟာသယန-အရ တစ်တောင့်ထွာထက် မြင့်သောနေရာ အလွန်မွန်မြတ်သော မအပ်သည့်အခင်းများကို ကောက်ယူရမည်ဟု ဖွင့်ပြတော်မူ၏။ ဘုရားရှင်သည် ဆိုခဲ့ပြီး ဉစ္စာသယန မဟာသယန များအပေါ်၌ ထိုင် အိပ် နေထိုင်သောအားဖြင့် သုံးဆောင်တော်မူပါသေးသလော၊ အဘယ်သို့ မှတ်သားထားကြရပါမည်နည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(စ) သို့/ **အနုသစန္ဒ** ။ ။ ဤသို့ (င) ဖြင့် ရဇတပုဒ်ကို ကဟာပဏော-ငွေ အသပြာ ပင်တည်းဟု ဖွင့်ပြတော်မူပြီး၍ ယခုအခါ၌ ကဟာပဏ-ငွေ အသပြာ၏ သရုပ်အရေ အတွက်များကို အကျယ်ရှင်းပြခြင်းငှာ (စ) မိန့်။

(ဆ) သို့/ ဆရာ၊ ဆရာသည် (ယ-င-စ) တို့ဖြင့် ဇာတရူပရဇတပုဒ်များ၏ အရ ကောက် အဘိဓေယျတ္ထ အဖွင့်များနှင့် ရဇတပုဒ်၏ သရုပ်အကျယ် အဓိပ္ပါယ်ကို ဖွင့်ဆို တော်မူ၏။ ယင်း ဇာတရူပ ရဇတများတွင် ရွှေတစ်ခုတည်းကိုသာလျှင် (သို့မဟုတ်) ငွေ တစ်ခုတည်းကိုသာလျှင် လာရောက်လှူဒါန်းခဲ့ပါက ဘုရားရှင်သည် ရှောင်ကြဉ်မှု မပြုဘဲ အလှူခံသေးသည်ဟူ၍ မှတ်သားကြရပါမည်လော၊ အဘယ်သို့ မှတ်သားကြရပါမည်နည်း၊ စုဒ်ကြောင့် (ဆ) မိန့်။

(ဇ) သို့/ ဆရာ၊ ဆရာသည် (ဆ) ဖြင့် ရွှေငွေ နှစ်ပါးစုံကို ခံယူခြင်းမှ ဘုရားရှင်သည် ရှောင်ကြဉ်တော်မူသောဟု ဆိုတော်မူ၏။ ဘုရားရှင်သည် ကိုယ်တိုင် ခံယူခြင်းမျိုးကိုသာ ရှောင်ကြဉ်တော်မူပါသလော၊ အဘယ်သို့သော ခံယူခြင်းမျိုးများမှ ရှောင်ကြဉ်တော်မူပါ သနည်း၊ စုဒ်ကြောင့် (ဇ) မိန့်။

➢ ❸ ။ [ ဇ-ဝါကျကိုရှု ] နနု ပါဠိယံ ဇာတရူပပဋိဂ္ဂဟဏာတိစ္စေဝ ဧကောယေဝ ပဋိဂ္ဂဟဏသဒ္ဒေါ အတ္ထိ။ (၂) အထ ကသ္မာ နေဝ နံ ဥဂ္ဂဏှာတိ န ဥဂ္ဂဏှာပေတိ န ဥပနိက္ခိတ္တံ သာဒိယတီတိ သံဝဏ္ဏိတော။ (၃) နနု အညေဟိ ဂါဟာပနေ ဥပနိက္ခိတ္တ သာဒိယနေ စ ပဋိဂ္ဂဟဏတ္တော လဗ္ဘတိ။ အထ ဝါ နနု တိဝိဓမ္ပေတံ ပဋိဂ္ဂဟဏံ ကာယေန ဝါစာယ မနသာ သာမညနိဒ္ဒေသေန ဧကသေသနယေန ဝါ ဂဟေတွာ ပဋိဂ္ဂဟဏန္တိ ဝုတ္တံ။ (၄) တသ္မာ နေဝ နံ ဥဂ္ဂဏှာတိ န ဥဂ္ဂဏှာပေတိ န ဥပနိက္ခိတ္တံ သာဒိယတီတိ သံဝဏ္ဏိတော။

➢ ❹ ။ ဇာတမေဝ ရူပမဿ န ဝိပ္ပကာရန္တိ **ဇာတရူပံ**။ (သမာသ်)

(၃) ထင်ရှားဖြစ်သော ဖောက်ပြန်မှု မရှိသည့် သဘောတရားနှင့် ရွှေဒြပ်၏ ဂုဏ်-ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတု မည်၏။ (၅) ရွှေဒြပ်သည် ဝစနီယ မည်၏။ (၆) သုဝဏ္ဏ, သတ္ထုဝဏ္ဏ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

(တနည်း) ဇနန် ဇာတံ။ ပကဋ္ဌံ ဇာတံ ဇာတရူပံ။ ဇာတရူပံ အဿ အတ္ထီတိ **ဇာတ**

http://www.dhammadownload.com



ချုပ်။ (ပကဋ္ဌတဒ္ဓိတ်အပေါ်၌ အဿတ္ထိတဒ္ဓိတ် ထပ်ဆင့်သော တဒ္ဓိတ်ဝိဂ္ဂဟ)

(၃) မြတ်သော ဖြစ်ခြင်းနှင့် ရွှေဒြပ်၏ ဂုဏ်-ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနပေတု မည်၏။ (ကြွင်းတူ)

➢ ❼ ။ ပဋိဝိရစဆော-ကို ပဋိဝိရတတ္တာ-ဟု ဟိတ်ပြင်း သမဏာဿ ဂေါတမဿ ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်)

➢ ❽ ။ (က) ၌ ပမာဏာတိက္ကန္တ-ဖြင့် ဥစ္စာသဒ္ဒါ၏ အကာရန္တ ဥစ္စ-သဒ္ဒါနှင့်အနက် တူသော အနက်ရှိသော အစ္စုဂ္ဂတဝါစက အာကာရန္တသဒ္ဒါထူး၏ အဖြစ်ကိုရင်း (နာမ လိင်္ဂတ္တ) ဥစ္စာသယန-အရ ပမာဏာတိက္ကန္တ အိပ်ရာနေရာကို ယူရမည်၏အဖြစ်ကိုရင်း (သရုပ်ကြား အဘိဓေယျတ္တ) သိစေပါသည်။

(ခ) ဖြင့် မဟာသယန-အရ အကပ္ပိယ အခင်းကို ယူရမည်ဟု သိစေသည်။(သရုပ်ကြား အဘိဓေယျတ္တ)

(ဂ) ဖြင့် ဥစ္စာသယနမဟာသယနာ၌ အာ-အက္ခရာသည် ပထမာ သိ,ယော-စသော ဝိဘတ်များ၏ ကာရိယ အာ-အက္ခရာမဟုတ်၊ ပဉ္စမီ သ္မာဝိဘတ်၏ ကာရိယ အာ-အက္ခ ရာ ဖြစ်သည်၏အဖြစ်ကိုရင်း (ဝိဘတ္တိပဒ) ယင်းသ္မာဝိဘတ်သည် ကမ္မတ္တ စသည်၌ မသက်၊ နိဿက္ကတ္တ-အပါဒါန်အနက်၌ သက်ထားသည်၏အဖြစ်ကိုရင်း (ဝိဘတျတ္တ) ယင်းဥစ္စာ သယန မဟာသယနာပုဒ်ကို ပဋိဝိရတော၌ အပါဒါန် အပါဒီ အဖြစ်ဖြင့် စာစပ်ရသည်၏ အဖြစ်ကိုရင်း (သမ္ဗန္ဓ) သိစေပါသည်။

(ဃ) ၌ သုဝဏ္ဏ-ဖြင့် ဇာတရူပ်ပုဒ်ကို ဇာတံ ရူပံ အဿာတိ ဇာတရူပ်-ဟု ဝစနတ္ထ ပြု၍ ဇာတရူပ-အရ ရွှေငွေကို ယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္တ)

(င) ၌ ကဟာပဏောဖြင့် ရဇတံပုဒ်ကို ရဉ္ဇိယတီတိ ရဇတံ၊ (တနည်း) ရဉ္ဇန္တိ သတ္တာ ဧတ္ထာတိ ရဇတံ-ဟု ဝစနတ္ထပြု၍ ရဇတ-အရ အသပြာကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္တ)

(ဆ) ၌ တဿ ဥဘယဿာပိ ပဋိဂ္ဂဟဏာ-ဖြင့် ဇာတရူပနှင့် ရဇတပုဒ်ကို ဇာတ ရူပဉ္စ ရဇတဉ္စ ဇာတရူပရဇတံ-ဟု ဒွန်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (သမာ သ လိင်္ဂတ္တ) ပဋိဂ္ဂဟဏပုဒ်ကို ပဋိဂ္ဂဏှိယတေ ပဋိဂ္ဂဟဏံ (တသ္မာ) ဟု ဘာဝသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ယုပစ္စည်း၏ ဘာဝသာဓန၌ သက်သည် ၏အဖြစ်ကိုရင်း (ဒု-ပစ္စယတ္တ) ဇာတရူပရဇတနှင့် ပဋိဂ္ဂဟဏာကို ဇာတရူပရဇတဿ ပဋိဂ္ဂဟဏံ ဇာတရူပရဇတပဋိဂ္ဂဟဏံ (တသ္မာ) ဟု ကမ္မဒ္ဒွဆဋ္ဌီ တပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုရင်း (သမာသ လိင်္ဂတ္တ) သိစေပါသည်။

(ဇ) ဖြင့် ပဋိဂ္ဂဟဏ-သဒ္ဒါသည် မိမိခံယူခြင်း-ဥဂ္ဂဟန၊ သူတစ်ပါးတို့ကို ခံယူစေခြင်း- ဥဂ္ဂဟာပန၊ အနီး၌ထားသည်ကို သာယာခြင်း-ဥပနိက္ခိတ္တသာဒိယန အနက်ကို ဟောသ

http://www.dhammadownload.com



တည်းဟု သိစေပါသည်။ (နာမလိင်္ဂတ္ထ)

➢ **၁ ၀**။ **ရဇတ-၌ ရူပိယဥ္စ တတ်အရ**။ ။ ငွေကို မက်မောစွဲလမ်းသူများ၏ သန္တာန်၌ဖြစ်သည့် တဏှာ လောဘပြဌာန်းသော လောဘမူစိတ္တုပ္ပါဒ်သည် ကာမရတိ ဌာယီဘာဝ, ကာမသိင်္ဂါရရသ။ မက်မောတွယ်တာစရာ ငွေအသပြာသည် အာရမ္မဏ ဝိဘာဝ။ ငွေအသပြာ၏ အရာဌာနတိုင်း၌ ဖောက်ကားရောင်းဝယ် ကုန်သွယ်၍ဖြစ်နေခြင်း-စသော အခြံအရံ အကြောင်းတရားများသည် ဥဒ္ဒီပနဝိဘာဝ။ ငွေရှိမှုကြောင့် သူခိုးဓားပြစသော ဘေးရန်များကို ကြောင့်ကြစိုက်နေရခြင်း စသည်တို့သည် အနုဘာဝ။

**ပါဠိ (၁၁၄)** [ဌ၊၇၆]

(က) **အာမကဓညပဋိဂ္ဂဟဏာတိ သာလိ ယဝ ဂေါဓူမ ကင်္ဂု ဝရက ကုဒြူသကသင်္ခါတဿ သတ္တဝိဓဿာပိ အာမကဓညဿ ပဋိဂ္ဂဟဏာ၊**

(ခ) **န ကေဝလဉ္စ ဧတေသံ ပဋိဂ္ဂဟဏမေဝ၊ အာမသနမ္ပိ ဘိက္ခူနံ န ဝဋ္ဋတိယေဝ၊**

(ဂ-၁) **အာမကမံသပဋိဂ္ဂဟဏာတိ ဧတ္ထ အညတြ ဥဒ္ဒိဿ အနုညာတာ အာမကမံသ မစ္ဆာနံ ပဋိဂ္ဂဟဏမေဝ ဘိက္ခူနံ န ဝဋ္ဋတိ၊ (ဂ-၂) နော အာမသနံ၊** (ဘာသာဋီကာ၊ပ၊၄၉၄။)

✻ (က-ခ-နှင့်အညီ) **အာမကဓညပဋိဂ္ဂဟဏာ**-သလေး အစရှိသော ခုနစ်ပါးအပြားရှိသော စပါးစိမ်းများကို ခံယူခြင်း သုံးသပ်ခြင်းမှ။ (ဂ-နှင့်အညီ) **အာမကမံသပဋိဂ္ဂဟဏာ**-အစိမ်းဖြစ်သော သားနှင့် ငါးတို့ကို အလှူခံခြင်းမှ။(ဥပစာရတ္ထ) ရည်ညွှန်းချက်ဖြင့် ဘုရားရှင်ခွင့်ပြုထားခဲ့သော သားစိမ်း ငါးစိမ်းများကို ချန်လှပ်၍ အစိမ်းဖြစ်သော သား ငါးတို့ကို အလှူခံခြင်းမှ။

➢ **၁** ■ (က) အာမကဓညပဋိဂ္ဂဟဏာတိ၊ဟူသည်ကား။သာလိ ယဝ ဂေါဓူမ ကင်္ဂု ဝရက ကုဒြူသကသင်္ခါတဿ၊သလေး, ကောက်, မုယော, နတ်ကောက်, (တနည်း) ဂျုံ, ဆပ်, ပြောင်း, လူး-ဟု ဆိုအပ်သော။သတ္တဝိဓဿာပိ၊ခုနစ်ပါး အပြားရှိသည်လည်း ဖြစ်သော။အာမကဓညဿ၊အစိမ်းဖြစ်သော စပါးကို။ (မချက်အပ်သေးသော စပါးကို) ပဋိဂ္ဂ ဟဏာ၊ကိုယ် နှုတ် စိတ်တို့ဖြင့် ခံယူခြင်းမှ။ (ပဋိဝိရတော-၌ စပ်)

(ခ) စ၊ဆက်ဦးအံ့။ကေဝလံ၊အာမသန မဖက် သက်သက်။ဧတေသံ၊ဤ ခုနစ်မျိုးသော စပါးတို့ကို။ပဋိဂ္ဂဟဏမေဝ၊ကိုယ် နှုတ် စိတ်တို့ဖြင့် ခံယူခြင်းသည်သာ။(န ဝဋ္ဋတိ၊မအပ်သည်ကား။) နမဟုတ်သေး။အာမသနမ္ပိ၊သုံးသပ်ခြင်းသည်လည်း။ဘိက္ခူနံ၊ရဟန်းတို့အား။ န ဝဋ္ဋတိယေဝ၊မအပ်သည်သာ။

(ဂ) အာမကမံသပဋိဂ္ဂဟဏာတိ ဧတ္ထ၊ဏာ-ဟူသော ဤပါဠိ၌။ဥဒ္ဒိဿ၊သီးခြားရည်စူး၍။အနုညာတာ၊ခွင့်ပြုတော်မူအပ်သော ခံယူခြင်းကို။အညတြ၊ကြဉ်၍။အာမကမံသ - မစ္ဆာနံ၊အစိမ်းဖြစ်သော သားငါးတို့ကို။ပဋိဂ္ဂဟဏမေဝ၊ကိုယ်နှုတ်စိတ်တို့ဖြင့် ခံယူခြင်း

http://www.dhammadownload.com



သည်သာ။ဘိက္ခုနံ့တို့အား။န ဝဋ္ဋတိ၊မအပ်။အာမသနံ၊သုံးသပ်ခြင်းသည်။နော ဝဋ္ဋတိ၊ မအပ်သည် မဟုတ် အပ်သည်သာ။ (တနည်း) အာမသနံ၊သည်။န ဝဋ္ဋတိ၊မအပ်သည်ကား။ န၊မဟုတ်။ဝဋ္ဋတိ ဧဝ၊အပ်သည်သာ။

➢ ❷ ။ (ခ) သို့/ ဆရာ၊ ဆရာသည် (က)ဖြင့် သလေး-စသော စပါးစိမ်း ခုနစ်ပါးကို အလှူခံခြင်းမှ ဘုရားရှင် ရှောင်ကြဉ်တော်မူသောဟု ဆို၏။ စပါးခုနစ်ပါးကို အလှူခံခြင်းမှသာ ရှောင်ကြဉ်တော်မူပါသလော၊ အဘယ်အရာမှလည်း ရှောင်ကြဉ်တော်မူပါသေးသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

ကား- သုံးသပ်ကိုင်တွယ်ခြင်းမှလည်း ရှောင်ကြဉ်တော်မူ၏ဟူလို။

(ဂ) သို့/ **အနုသဓန္ဓ** ။ ။ ဤသို့ (က-ခ) တို့ဖြင့် အာမကဓညေ ပဋိဂ္ဂဟဏာပုဒ်၏ သမာသ်ဝိဂ္ဂဟနှင့် အာမကဓည၏ သဍ္ဍပတ္ထ၊ ပဋိဂ္ဂဟဏာပုဒ်များ၏ အဓိပ္ပါယတ္ထများကို ဖွင့်ပြပြီး၍ ယခုအခါ၌ အာမကမံသ ပဋိဂ္ဂဏာပုဒ်၏ အဓိပ္ပါယ်နှင့်တကွသော သမာသ်ဝိဂ္ဂဟကို ဖွင့်ပြခြင်းအကျိုးငှာ (ဂ) မိန့်။

(ဂ–၂) သို့/ ဆရာ၊ ဆရာသည် (ဂ-၁) ဖြင့် သားစိမ်း ငါးစိမ်းတို့ကို အလှူခံယူခြင်းသည် ရဟန်းတော်တို့အား မအပ်ဟူ၍ ဖွင့်ပြတော်မူ၏။ သားစိမ်း ငါးစိမ်းများကို ရဟန်းတော်များ သုံးသပ်ကိုင်တွယ်ခြင်းသည်လည်း မအပ်ဟူ၍ပင် မှတ်သားကြရပါမည်လော၊ သားစိမ်း ငါးစိမ်းများကို ကိုင်တွယ်သုံးသပ်ရာ၌ အပ် မအပ်ကို အဘယ်နည်းအားဖြင့် မှတ်သားထားကြရပါမည်နည်း၊ မပြဆိုချေသော် ဆရာ့အား အဗျာပိတဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဂ-၂) ကိုမိန့်။

➢ ❸ ။ [ ခ–ဝါကျကို၌ ] (၁) နနု ပါဠိယံ အာမကဓညပဋိဂ္ဂဟဏာတွေဝ ဘဂဝတာ ဝုတ္တံ။ (၂) အထ ကသ္မာ ဧတေသံ ပဋိဂ္ဂဏာဠ အာမသနဠ ဘိက္ခုနံ န ဝဋ္ဋတီတိ ဝုတ္တံ။ (၃) နနု သမ္ပဋိစ္ဆနဠ ပရာမသနဠ ဣ္ဓ ပဋိဂ္ဂဟဏာသဒ္ဒေန ဝုတ္တံ။

(၄) တသ္မာ ဧတေသံ ပဋိဂ္ဂဏာဠ အာမသနဠ ဘိက္ခုနံ န ဝဋ္ဋတီတိ ဝုတ္တံ။

➢ ❹ ။ သာလိယတေ သိလာဃတေတိ **သာလိ**။ (ကိတ်)

(၃) ချီးမွမ်းခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) သလေးစပါးဖြစ်သည် ဝစနီယ မည်၏။ (၆) သဠိဒိနပရိပါက, သုခဥပဝိသေသ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

သေ ခေတ္တေ လီယတိ အလ္လီယတီတိ **သာလိ**။ (ကိတန္တသမာသ်)

(၃) လယ်၌ ငြိကပ်ခြင်း ကြိယာသကတ်သည်ရင်း၊ သ-အရ လယ်မြေဖြစ်နှင့် လီ-အရ သလေးစပါးဖြစ်၏ ဌာန-ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သကတ်သည်ရင်း ဝစနဟေတု မည်၏။ (ကြွင်းတူ)

➢ ❻ ။ (ဏ) ၌ အာမကဓညသ ပဋိဂ္ဂဟဏာ-ဖြင့် ပဋိဂ္ဂဟဏာပုဒ်ကို ပဋိဂ္ဂဏ်ကို

ပ-၇၄-၂

http://www.dhammadownload.com



ယတေ ပဋိဂ္ဂဟဏံ (တသ္မာ) ဟု ဘာဝသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ယု-ပစ္စည်း၏ ဘာဝသာဓန၌ သက်သည်၏အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) အာမကဓညနှင့် ပဋိဂ္ဂဟဏကို အာမကဓညဿ ပဋိဂ္ဂဟဏံ အာမကဓညပဋိဂ္ဂဟဏံ (တသ္မာ) ဟု ကမ္မ ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း (သမာသလိင်္ဂတ္ထ) သိ။

(ခ) ဖြင့် အာမကဓညပဋိဂ္ဂဟဏာ၌ ပဋိဂ္ဂဟဏ သဒ္ဒါသည် ခံယူခြင်းအနက် သုံးသပ်ကိုင်တွယ်ခြင်းအနက် နှစ်ပါးလုံးကို ဟောကြားနိုင်သည့်အတွက် ဘုရားရှင်သည် စပါးစိမ်းခုနစ်ပါးလုံးကို အလှူခံခြင်းမှရင်း, သုံးသပ်ကိုင်တွယ်ခြင်းမှရင်း ရှောင်ကြဉ်တော်မူ၏ဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) ယင်းအဓိပ္ပါယ်ကိုထောက်ဆ၍ ပဋိဂ္ဂဟဏာဓ္ဓ ပဋိဂ္ဂဟဏဓ္ဓ ပဋိဂ္ဂဟဏံ-ဟု ဧကသိသ်ဝိဂ္ဂဟ ပြုလုပ်ရမည်ကိုရင်း (နာမလိင်္ဂပဒ) သိစေပါသည်။

(ဂ) ဖြင့် ရည်ညွှန်း၍ ခွင့်ပြုထားသော ဆေးငါးမျိုးအဖြစ်ဖြင့် သားစိမ်း ငါးစိမ်းများကို ရဟန်းတော်များ အလှူခံနိုင်ခွင့် ရှိသည်ဟူသော အဓိပ္ပါယ်ကိုရင်း (ဘာဝတ္ထ) အာမကမံသဉ် မံသပုဒ်ကို မံသောစ မစ္ဆောစ မံသာ-ဟု ဝိရူပေကသေသ ဝိဂ္ဂဟကြံဆရမည်ကိုရင်း (အဘိဓာနတ္ထ-နာမလိင်္ဂပဒ) မံသ-သဒ္ဒါ တစ်ပုဒ်တည်းက အမဲ ငါး နှစ်ပါးစုံကို ဟောကြားနေသည်၏အဖြစ်ကိုရင်း (သဒ္ဒါဟော အဘိဓေယျတ္ထ) အပေါင်းပုဒ်ကို အာမကမံသာနံ ပဋိဂ္ဂဟဏာ အာမကမံသပဋိဂ္ဂဟဏာ-ဟု ကမ္မ ဆဋ္ဌီ တပ္ပုရိသ်သမာသ် တွဲစပ်ရမည်ကိုရင်း (သမာသလိင်္ဂတ္ထ) ပဋိဂ္ဂဟဏာ၌ ယုပစ္စည်းသည် ကံ ကရိုဏ်းစသည်၌ မသက်၊ ဘောအနက်၌ သက်သည်ကိုရင်း (ဒု-ပစ္စယတ္ထ) ပဋိဂ္ဂယှတေ ပဋိဂ္ဂဟဏံ-ဟု ဝိဂ္ဂဟပြုရမည်ကိုရင်း (အဘိဓာနတ္ထ) သိစေပါသည်။

➤ ၁ ၀ ။ **အာမသနံ-၌ ဓာတ္ထတ္ထ-အရ** ။ ။ စပါးကို လိုချင်မှု တဏှာလောဘဖြင့် သုံးသပ်သော ရဟန်း၏ သန္တာန်၌ဖြစ်သော လောဘပဓာန လောဘမူစိတ္တုပ္ပါဒ်သည် ကာမ ရတိဌာယီဘာဝ, ကာမသိင်္ဂါရရသ မည်၏။ စပါးမျိုး ခုနစ်ပါးသည် အာရမ္မဏဝိဘာဝ မည်၏။ စပါးမျိုး ခုနစ်ပါး၏ စားသောက်ဘွယ်ရာ ကောင်းမြတ်မှု ဂုဏ်သည် ဥဒ္ဒီပန ဝိဘာဝ မည်၏။ စပါးကို သုံးသပ်ကိုင်တွယ်ခြင်းကြောင့် အနာမာသဒုက္ကဋ်သင့်ခြင်း, ယင်းအာပတ်ကြောင့် ဝိပ္ပဋိသာရဒေါသမူစိတ္တုပ္ပါဒ် ဆက်ကာဖြစ်၍ စိတ်မတည်ငြိမ်ခြင်း သည်တို့သည် အနုဘာဝ မည်၏။

**ဓါတ္ထ (၁၁၅)** [၄၇၆]

[၁] ကပဋိဂ္ဂဟဏာတိ ဧတ္ထ ဂ္ဂဏှတ္ထိတိ ပုရိသန္တရကတာ၊ ဂ္ဂဏ္ဍာတရာ ကုမာရိကာ
ယသနမ္ပိ အကပ္ပိယမေဝ။
ဇတိ ဧတ္ထ ဒါသိဒါသဝသေနေဝ တေသံ ပဋိဂ္ဂဟဏံ န ဝဋ္ဋတိ၊
အာရာမိကံ ဒမ္မိတိ ဧဝံ ဝုတ္တေ ပန ဝဋ္ဋတိ၊ (ဘာသာဋီ၊ပ၊၄၉၆)

http://www.dhammadownload.com



* ဣတ္ထိကုမာရိကပဋိဂ္ဂဟဏာ-ယောက်ျားတစ်ပါး သွားလာအပ်ဘူးပြီးသော မိန်းမနှင့် မသွားလာအပ်ဘူးသော မိန်းမများကို အလှူခံခြင်း သုံးသပ်ကိုင်တွယ်ခြင်းမှ။

**ဒါသီဒါသပဋိဂ္ဂဟဏာ**-ကျွန်မိန်းမ ကျွန်ယောက်ျားဟူသော ဝေါဟာရ အသုံးအနှုန်းဖြင့် သုံးနှုန်း၍ လှူလာသော ဒါသီ ဒါသများကို အလှူခံခြင်းမှ။

➢ ❶ ။ (က) ဣတ္ထိကုမာရိကပဋိဂ္ဂဟဏာတိ ဧတ္ထ၊ဧတ္ထ-ဟူသော ဤပါဠ်၌။ပုရိသန္တရဂတာ၊ယောက်ျားတစ်ပါး သွားအပ်ဖူးသော မိန်းမသည်။ဣတ္ထီတိ၊ဣတ္ထိ မည်၏။ဣတရာ၊ယောက်ျားတစ်ပါး သွားအပ်ဖူးသော မိန်းမမှတစ်ပါး မသွားအပ်ဖူးသော အပျိုသည်။ကုမာရိကာ နာမ၊ကုမာရိကာ မည်၏။ (ခ) တာသံ၊ထိုဣတ္ထိ ကုမာရိကတို့ကို။ပဋိဂ္ဂဟဏမ္ပိ၊ကိုယ်နှုတ်စိတ်တို့ဖြင့် ခံယူခြင်းသည်ငှင်း။အာမသနမ္ပိ၊သုံးသပ်ခြင်းသည်ငှင်း။အကပ္ပိယမေဝ၊မအပ်သည်သာ။ (ဂ) ဒါသိဒါသပဋိဂ္ဂဟဏာတိ ဧတ္ထာ၊ဧတ္ထ-ဟူသော ဤပါဠ်၌။(ဝိနိစ္ဆယော၊အဆုံးအဖြတ်ကို။ဝေဒိတဗ္ဗော၊သိထိုက်၏။)ဒါသိဒါသဝသေနေဝ၊ကျွန်မိန်းမ ကျွန်ယောက်ျားတို့၏ အဖြစ်ဖြင့်သာ။တေသံ၊ထိုကျွန်မိန်းမ ကျွန်ယောက်ျားတို့ကို။ပဋိဂ္ဂဟဏံ၊ခံယူခြင်းသည်။န ဝဋ္ဋတိ၊မအပ်။

(ဃ) ပန၊အန္ဒယကား။ကပ္ပိယကာရကံ၊ကပ္ပိယကာရကကို။(ဝါ) အပ်အောင်ပြုတတ်သော ဒါယကာကို။ဒမ္မိ၊လှူပါ၏။အာရာမိကံ၊အရာမ်စောင့်ကို။ဒမ္မိ၊ လှူပါ၏။ဣတိ ဧဝံ၊ဤသို့။ဝုတ္တေ၊လျှောက်အပ်သော်။(ပဋိဂ္ဂဟဏံ၊ခံယူခြင်းသည်။)ဝဋ္ဋတိ၊အပ်၏။

➢ ❷ ။ (က) **သို့/လီနတ္ထပ္ပကာသနာ** ။ ။ ဆရာ၊ ဘုရားရှင်သည် ဣတ္ထိကုမာရိကပဋိဂ္ဂဟဏာ-ဟု ဟောတော်မူ၏။ ဣတ္ထိ ကုမာရိကပုဒ်တို့၏ အရကောက်ထူးခြားပုံကို မဖွင့်ပြတော့ပြီလော၊ ဣတ္ထိ ကုမာရိကာတို့၏ အရကောက်ထူးခြားပုံကား အဘယ်ပါနည်း၊ အရကောက်ထူးခြားပုံကို မပြဆိုချေသော် သက်ရဒေါသ ဘုရားရှင်အား သင့်ရောက်ရာ၏ စုဒ်ကြောင့် (က) မိန့်။

(ခ) **သို့/** ဆရာ၊ ဆရာသည် (က) ဖြင့် ဣတ္ထိကုမာရိက ပဋိဂ္ဂဟဏာ-ဟူသော ပါဠိတော်၌ ဣတ္ထိ ကုမာရိကာပုဒ်တို့၏ အရကောက်အထူးကို ဖွင့်ပြတော်မူ၏။ ဣတ္ထိ ကုမာရိကာ-တို့ကို အလှူခံရုံ သက်သက်မျှကိုသာလျှင် ဣတ္ထိကုမာရိက ပဋိဂ္ဂဟဏာဟူ၍ ဆိုလိုရင်းဖြစ်ပါသလော၊ အဘယ်သို့ပြုမူ ဆောင်ရွက်သည်ကို ဣတ္ထိကုမာရိက ပဋိဂ္ဂဟဏာဟူ၍ ဆိုလိုရင်းဖြစ်ပါသနည်း၊ စုဒ်ကြောင့် (ခ) မိန့်။

(ဃ) **သို့/ စောဒနာ** ။ ။ ဆရာ၊ ဆရာသည် (ဂ) ဖြင့် ကျွန်မိန်းမ ကျွန်ယောက်ျားတို့ကို ဒါသီဒါသဟူသော ဝေါဟာရ အသုံးအနှုန်းဖြင့် လာရောက်လှူလာခဲ့လျှင် အလှူခံခြင်းငှာ မအပ်ဟု ဆို၏။ ထိုကျွန်မိန်းမ ကျွန်ယောက်ျားတို့ကို လာရောက်၍ လှူရာ၌ အပ်သော အလှူခံကောင်းသောနည်းကို ဆရာ မဖွင့်ပြတော့ပြီလော၊ အလှူခံကောင်းသော အပ်သော နည်းကား အဘယ်ပါနည်း၊ အလှူခံကောင်းသော အပ်သောနည်းကို မပြဆိုချေ

http://www.dhammadownload.com



သော် အပရိပုဏ္ဏဒေါသ ဆရာအား သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ယ) မိန့်။

➢ ❸ ။ [က–ဝါကျကိုး၌] (၁) နနု လောကိယာ "အဋ္ဌဝဿာ ဘဝေ ဂေါရီ၊ ဒသဝဿာ တု ကညကာ။ သမ္ပတ္တေ ဒွါဒသဝဿေ၊ ကုမာရီတိ ဘိဓီယတေ"တိ ဝဒန္တိ။

(၂) အထ ကသ္မာ ကုတ္တိတိ ပုရိသန္တရဂတာ၊ ကုတရာ ကုမာရိကာ နာမာတိ ဝုတ္တံ။

(၃) နနု ကုစ ပုရိသန္တရဂတာဂတဝသေန ကုတ္တိကုမာရိကာဘေဒေါ ဟောတိ။

(၄) တသ္မာ ကုတ္တိတိ ပုရိသန္တရဂတာ၊ ကုတရာ ကုမာရိကာ နာမာတိ ဝုတ္တံ။

➢ ❹ ။ ကုမာရယတီတိ **ကုမာရိကာ**။ (၃) မြူးတူးပျော်ပါး ကစားခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (၅) သတို့သမီးဖြစ်သည် ဝစနီယ မည်၏။ (၆) ကုဟာရီ, ကညာ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

➢ ❺ ။ ပုရိသန္တရဂတာ-၌ ဂတ-ကို ဂတတ္တာ-ဟု ဟိတ်ပြင်လျှင် ကုတ္တိယာ-ဟု သမ္ဗန် ခံရပါမည်။ (၏/သည် စပ်)

➢ ❻ ။ (က) ၌ ပုရိသန္တရဂတာ-ဖြင့် ကုတ္တိအရ ယောကျ်ားတစ်ပါး သွားလာဖူးသော မိန်းမကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

ကုတရာ ကုမာရိကာ-ဖြင့် ကုမာရီ-အရ တဆယ့်နှစ်နှစ်သို့ ရောက်သော အမျိုးသမီးငယ်ကို ဤ၌ မယူရ၊ ယောကျ်ားတစ်ပါး မသွားလာဘူးသေးသော မိန်းမကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ခ) ဖြင့် ပဋိဂ္ဂဟဏာပုဒ်ကို ပဋိဂ္ဂယှတေ ပဋိဂ္ဂဟဏံဟု ဘာဝသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ယု-ပစ္စည်း၏ ဘာဝသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) အလှူခံခြင်းအနက်ဟော ပဋိဂ္ဂဟဏသဒ္ဒါတစ်ခု သုံးသပ်ကိုင်တွယ်ခြင်း အနက်ဟော ပဋိဂ္ဂဟဏသဒ္ဒါတစ်ခုဟူသော ပဋိဂ္ဂဟဏသဒ္ဒါနှစ်ခုကို ပဋိဂ္ဂဟဏဉ္စ ပဋိဂ္ဂဟဏဉ္စ ပဋိဂ္ဂဟဏံ-ဟု ဧကသိသ်ဝိဂ္ဂဟ ပြုလုပ်ရမည်ကိုရင်း (နာမလိင်္ဂပဒ) ပဋိဂ္ဂဟဏ သဒ္ဒါတစ်ခုတည်းက အလှူခံခြင်း, သုံးသပ်ကိုင်တွယ်ခြင်း နှစ်နှစ်လုံးကို ဟောကြားနေသည်၏ အဖြစ်ကိုရင်း (သဒ္ဒါဟော အဘိဓေယျတ္ထ) အပေါင်းပုဒ်ကို ကုတ္တိကုမာရိကာနံ ပဋိဂ္ဂဟဏာ ကုတ္တိကုမာရိကပဋိဂ္ဂဟဏာ-ဟု ကမ္မဋ္ဌ ဆဋ္ဌီ တပ္ပုရိသ်သမာသ် တွဲစပ်ရမည်ကိုရင်း (သမာသလိင်္ဂတ္ထ) သိစေပါသည်။

(ဂ) ဖြင့် ကျွန်မိန်းမ ကျွန်ယောကျ်ားများကို လာရောက်လှူဒါန်းရာ၌ ဒါသိဒါသ ဟူသော ဝေါဟာရအသုံးအနှုန်းဖြင့် လှူလာခဲ့လျှင် အလှူမခံကောင်းပါဟူသော အဓိပ္ပါယ်ကိုရင်း(ဘာဝတ္ထ) ဒါသိဒါသပုဒ်နောင် ဧဝ-သဒ္ဒါ ကျေနေသည်ကိုရင်း (ဘာဝတ္ထ) အပေါင်းပုဒ်ကို ဒါသိဒါသာနံ ပဋိဂ္ဂဟဏံ ဒါသိဒါသပဋိဂ္ဂဟဏံ-ဟု ကမ္မဋ္ဌ ဆဋ္ဌီ တပ္ပုရိသ် သမာသ် တွဲစပ်ရမည်ကိုရင်း (သမာသလိင်္ဂတ္ထ) ယုပစ္စည်း ဘာဝသာဓန၌ သက်သည်၏ အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) ပဋိဂ္ဂယှတေ ပဋိဂ္ဂဟဏံ-ဟု ဝိဂ္ဂဟပြုရမည်ကိုရင်း (အဘိဓာနတ္ထ)

http://www.dhammadownload.com


သိစေပါသည်။

➤ ၁၀။ ပုရိသေဟိ ဣန္ဒ္ရိယတိတ္တ ဣတ္ထိ-၌ ကြိယာ၏ အန္တတ္တကို ကိုယ်ပြု၍ ယောက်ျား၏ သန္တာန်၌ဖြစ်သော မိန်းမကို အလိုရှိခြင်း နှစ်သက်ခြင်းဟူသော တဏှာ လောဘပြဋ္ဌာန်းသည့် လောဘမူစိတ်ပျူပါဒ်သည် ကာမ ရတိဒွာယိဘာဝ, ကာမသိဂ်ါရရသ မည်၏။ အလိုရှိအပ် နှစ်သက်အပ်သော မိန်းမဖြစ်သည် အာရမ္မဏဝိဘာဝ မည်၏။ မိန်း မ ဝတ်စားထားသော အဝတ်တန်ဆာ ဒွါဒရာများနှင့် လက်ကောက်လက်ကြပ် ပန်းနံ့သာ စသည်များသည် ဥဒ္ဒိပနဝိဘာဝ မည်၏။ အလွန်အမင်း နှစ်သက်မြတ်နိုးခြင်းကြောင့် မရ မနေ ပိုးပန်းခြင်း ရခြင်း၊ ရသဖြင့် တဏှာလောဘ ဆက်ကာ ဆက်ကာ ဖြစ်ပွားလာသော ကြောင့် ပစ္စုပ္ပန်ဘဝ၌ပင် စိုးရိမ်ပူပန်ရခြင်းစသည်တို့သည် အနုဘာဝ မည်၏။

## ဂါထာ (၁၁၆) [၄၊၇၆/၇၇]

**(က) တတ္ထ စေတ္တံ နာမ ယသ္မိံ ပုဗ္ဗဏ္ဏံ ရုဟတိ၊ (ခ) ဝတ္ထု နာမ ယသ္မိံ အပရဏ္ဏံ ရုဟတိ၊**

**(ဂ) ယတ္ထ ဝါ ဥဘယမ္ပိ ရုဟတိ၊ တံ စေတ္တံ၊ (ဃ) တဒတ္ထာယ အကတဘူမိဘာဂေါ ဝတ္ထု၊**

**(င) စေတ္တဝတ္ထုသီသေန စေတ္တ ဝါပိတဠာကာဒီနိပိ သင်္ဂဟိတာနေဝ၊** (ဘာသာဋီ၊ပ၊၄၉၇)

* [က-ခ-နှင့်အညီ] **စေတ္တဝတ္ထုပဋိဂ္ဂဟဏာ**-ကောက်စပါးပင်များ ပေါက်ရောက်ရာ လယ်မြေနှင့် ပဲပင်များ ပေါက်ရောက်ရာ ယာမြေတို့ကို အလှူခံခြင်းမှ။ ပဋိဝိရတော၊ ရှောင် ကြဉ်တော်မူ၏။ [ဂ-ဃ-နှင့်အညီ] **စေတ္တဝတ္ထုပဋိဂ္ဂဟဏာ**-ကောက် ပဲ နှစ်ပါးစုံတို့၏ ပေါက်ရောက်ရာ လယ် ယာ မြေနှင့် ထိုလယ် ယာ မြေအကျိုးငှာ မပြုမပြင် မစီရင်ရသေး သော မြေရိုင်းများကို အလှူခံခြင်းမှ။ ပဋိဝိရတော၏။

[ င-နှင့်အညီ ] **စေတ္တဝတ္ထုပဋိဂ္ဂဟဏာ**-လယ်ယာ ရေအိုင် တဘက်ဆည်ကန် အစ ရှိသည်တို့ကို အလှူခံခြင်းမှ။ပဋိဝိရတော၏။

➤ ၁။ (က) တတ္ထ၊ထိုစေတ္တဝတ္ထု အစရှိသည်တို့တွင်။ယသ္မိံ၊အကြင်အရပ်၌။ပုဗ္ဗဏ္ဏံ၊ စပါးမျိုးသည်။ရုဟတိ၊ပေါက်၏။(တံ၊ထိုအရပ်သည်။) ခေတ္တံ နာမ၊ခေတ္တ မည်၏။ (ဝါ) လယ် မည်၏။ (ခ) ယသ္မိံ၊အကြင်အရပ်၌။အပရဏ္ဏံ၊ပဲမျိုးသည်။ရုဟတိ၊ပေါက်၏။ (တံ၊ထိုအရပ်သည်။) ဝတ္ထု နာမ၊ဝတ္ထုမည်၏။ (ဝါ) ယာ မည်၏။

(ဂ) ဝါ၊တစ်နည်း။ယတ္ထ၊အကြင်အရပ်၌။ဥဘယမ္ပိ၊နှစ်ပါးစုံသော စပါးမျိုး ပဲမျိုးသည် လည်း။ရုဟတိ၊ပေါက်၏။တံ၊ထိုအရပ်သည်။ခေတ္တံ၊ခေတ္တ မည်၏။ (ဝါ) လယ်, ယာ မည်၏။ (ဃ) တဒတ္ထာယ၊ထို လယ်, ယာ အကျိုးငှာ။အကတဘူမိဘာဂေါ၊မပြုပြင်အပ်သေးသော မြေအဖို့သည်။ဝတ္ထု၊ဝတ္ထုမည်၏။ (ဝါ) လယ်, ယာ တည်ဖို့ရန် အရပ် မည်၏။

(င) စ၊ဆက်ဦးအံ့။တွေ၊ဤ ခေတ္တဝတ္ထု ပဋိဂ္ဂဟဏာဟူသော သိက္ခာပုဒ်၌။ခေတ္တဝတ္ထု သီသေန၊လယ်ယာကို အဦးပြုသဖြင့်။ဝါပိတဠာကာဒီနိပိ၊အလျားရှည် ရေကန်, တဖက်ဆည်

http://www.dhammadownload.com



ကန် အစရှိသည်တို့ကိုလည်း။သင်္ဂဟိတာနေ၀၊သိမ်းယူအပ်ကုန်သည်သာ။

➤ ❷ ။ (စ) သို့/သံဝဏ္ဏနာနုရူပစောဒနာ ။ ။ ဆရာ၊ ဘုရားရှင်သည် ခေတ္တဝတ္ထု ပဋိဂ္ဂဟဏာပုဒ်ဝယ် ဝတ္ထု-သဒ္ဒါကို ထည့်သွင်း၍ ဟောတော်မူ၏။ ဤ၌ ဝတ္ထုသဒ္ဒါသည် လယ်ယာမြေပြုလုပ်ရန် အကျိုးငှာ မပြုပြင် မစီရင်ရသေးသော မြေရိုင်းများနှင့် ကာရဏ ဒဗ္ဗ ရတနတ္တယ အနက်များကို ဟောကြားနေပါသလော၊ ဝတ္ထုသဒ္ဒါသည် ဤနေရာ၌ အဘယ်အနက်ကို ဟောကြားနေပါသနည်း၊ ဤနေရာ၌ အလိုရှိအပ်သောအနက်ကို မပြ ဆိုချေသော် အတိဗျာပိတဒေါသ ဘုရားရှင်အား သင့်ရောက်ရာ၏၊ စုဒ်- (ခ) မိန့်။

(ဂ) သို့/ အနုသာသန္ဒ ။ ။ ဤသို့ (က-ခ) တို့ဖြင့် အဋ္ဌကထာနည်းအားလျော်စွာ ခေတ္တသဒ္ဒါ၏ အနက်ကို ဖွင့်ပြပြီး၍ ယခုအခါ၌ "ခေတ္တံ နာမ ယတ္ထ ပုဗ္ဗဏ္ဏံ ဝါ အပရဏ္ဏံ ဝါ ဇာတိ"ဟူ၍ ဟောကြားအပ်သော ဝိနည်းပါဠိတော်အားလျော်သော ခေတ္တသဒ္ဒါ၏ အနက်ကို ဖွင့်ပြလိုသော် ဆရာသည် (ဂ) မိန့်။

(ဂ) သို့/ ဆရာ၊ ဆရာသည် (က-ခ) တို့ဖြင့်ခေတ္တ-အရ စပါးပေါက်ရာ လယ်ကို ၎င်း၊ ဝတ္ထု-အရ ပဲပေါက်ရာ ယာကို၎င်း ကောက်ယူရမည်ဟု ဖွင့်ဆိုတော်မူ၏။ ထို အဋ္ဌကထာ နည်းမှတစ်ပါး ခေတ္တဝတ္ထုတို့အရ တစ်ပါးသော နည်းကို မပြဆိုပြီလော၊ ခေတ္တ ဝတ္ထုတို့အရ တစ်ပါးသောနည်းကား အဘယ်ပါနည်း၊ စုဒ်ကြောင့် (ဂ) မိန့်။

(င) သို့/ ဆရာ၊ မြတ်စွာဘုရားသည် ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ ပဋိဝိရတော-ဟု ဟော တော်မူ၏။ ယင်း၌ ခေတ္တဝတ္ထု-အရ မိမိတို့ ပုံမှန်ဟောနေကြဖြစ်သော လယ်ယာမြေ (တစ်နည်း) လယ် ယာ မြေနှင့် မြေရိုင်းများကိုသာ ယူရပါမည်လော၊ အဘယ်အရာ တို့ကိုလည်း ခေတ္တဝတ္ထုအရ ယူနိုင်ပါသေးသနည်း၊ စုဒ်ကြောင့် (င) မိန့်။

**ကား**- ဤ၌ ခေတ္တဝတ္ထုသဒ္ဒါသည် နိဒဿနမျှသာဖြစ်၍ ခေတ္တဝတ္ထုအရ လယ်ယာ မြေကို အဦးမူသဖြင့် ရေအိုင် တဘက်ဆည်ကန် စသည်တို့ကိုလည်း ယူနိုင်သေး၏ဟု ငါပြဆိုပါ၏ဟူလို။

➤ ❸ ။ [ ဂ–ဝါကျကို၌ ] (၁) နနု ဇဝံ အဋ္ဌကထာနယာနုရူပံ အတ္ထံ ဒဿေတိ။

(၂) အထ ကသ္မာ "ယတ္ထ ဝါ"တိ အာဒိမာဟ။ (၃) နနု ဣဒါနိ ယတ္ထ ပုဗ္ဗဏ္ဏံ ဝါ အပရဏ္ဏံ ဝါ ဇာယတီတိ ဝုတ္တဝိနယပါဠိနယာနုရူပမ္ပိ အတ္ထံ ဒဿေတိ။

(၄) တသ္မာ "ယတ္ထ ဝါ"တိ အာဒိမာဟ။

[ င–ဝါကျကို၌ ] (၁) နနု ပါဠိယံ ခေတ္တဝတ္ထုပဒမတ္တမေဝ ဘဂဝတာ ဝုတ္တံ။

(၂) အထ ကသ္မာ ဧတ္ထ ဝါပိတဠာကာဒီနိပိ သင်္ဂဟိတာနေဝါတိ ဝုတ္တံ။ (၃) နနု ခေတ္တဝတ္ထုသီသေန ခေတ္တဝတ္ထုပဋိဂ္ဂဟဏပဒံ ဘဂဝတာ ဝုတ္တံ၊ အထဝါ နနု ခေတ္တဝတ္ထု သဒ္ဒေါ ဧကဒေသူပစာရော ဟောတိ။

(၄) တသ္မာ ဧတ္ထ ဝါပိတဠာကာဒီနိပိ သင်္ဂဟိတာနေဝါတိ ဝုတ္တံ။

http://www.dhammadownload.com



➤ ❹ ။ ဗီဇံ ခိပန္တိ ဧတ္ထာတိ **ခေတ္တံ**။ (၃) စိုက်ပျိုးကြဲချခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) လယ်ယာမြေဖြစ်သည် ဝစနီယ မည်၏။ (၆) ကေဒါရ-စသော ပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထ မည်၏။

ခိတ္တံ တာယတီတိ **ခေတ္တံ**။ (၃) စိုက်ပျိုးကြဲချထားသော မျိုးစေ့များကို မပျောက်ပျက်အောင် စောင့်ခြင်းကြိယာသကတ်သည်ရင်း၊ ခိတ္တ-အရ စိုက်ပျိုးကြဲချထားသော မျိုးစေ့ဖြစ်နှင့် တာ-အရ လယ်ယာမြေဖြစ်၏ ဌာနီ ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ရင်း ဝစနဟေတု မည်၏။ (ကြွင်းတူ)

ဝသန္တိ အပရဏ္ဏာနိ ဧတ္ထာတိ **ဝတ္ထုံ**။ (၃) တည်နေခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ (၅) ယာဖြစ်သည် ဝစနီယ။ (၆) ဘူမိ-စသော--။

ဝပန္တိ ယာယာတိ **ဝါပီ**။ (၃) စိုက်ပျိုးခြင်း ကြိယာသကတ်သည် ဝစနဟေတု မည်၏။ အလျားရှည် ရေကန်သည် ဝစနီယ မည်၏။ (၆) သရသီ, ပေါက္ခရဏီ-စသော--။

တလန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ **တဠာကော**။ (၃) တည်နေခြင်းကြိယာ သကတ်သည် ဝစနဟေတု မည်၏။ (၅) တစ်ဖက်ဆည်ကန်သည် ဝစနီယ။ (၆) သရ, ဝါပီ-စသော--။

➤ ❺ ။ (က) ရူဟတိ-ကို ရူဟန္တတ္တာ-ဟု ဟိတ်ပြင်လျှင် ပုဗ္ဗဏ္ဏာသ-ဟု သမ္ဗန်ခံရပါမည်။ (၏/သည် စပ်) * အကတဘူမိဘာဂေါ-ကို အကတဘူမိဘာဂတ္တာ-ဟု ဟိတ်ပြင်လျှင်- ဝတ္ထုနော-ဟု သမ္ဗန်ခံ ရပါမည်။ (၏/သည်စပ်)

(င) **သင်္ဂဟိတာစနေဝ**-ကို သင်္ဂဟိတတ္တာ-ဟု ဟိတ်ပြင်လျှင်- ဝါပိတဠာကာဒီနံ-ဟု သမ္ဗန် ခံရပါမည်။ (တို့၏/တို့ကို စပ်)

❻ ။ (က) ၌ ယသ္မိံ ပုဗ္ဗဏ္ဏံ ရူဟတိ-ဖြင့် ခေတ္တံပုဒ်ကို ဗီဇံ ခိပန္တိ ဧတ္ထာတိ ခေတ္တံ-ဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) တ-ပစ္စည်း၏ အဓိကရဏသာဓန၌ သက်သည်၏အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) ခေတ္တ-အရ ကောက်ပင်ပေါက်ရာ လယ်မြေကို ယူရမည်၏အဖြစ်ကိုရင်း (သရုပ်ကြား အဘိဓေယျတ္ထ) သိစေ။

(ခ) ၌ ယသ္မိံ အပရဏ္ဏံ ရူဟတိ-ဖြင့် ဝတ္ထုကို ဝသန္တိ ပတိဋ္ဌဟန္တိ အပရဏ္ဏာနိ ဧတ္ထာတိ ဝတ္ထု-ဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုရင်း (အဘိဓာနတ္ထ) ရတ္ထု-ပစ္စည်း၏ အဓိကရဏသာဓန၌ သက်သည်၏အဖြစ်ကိုရင်း (ဒု-ပစ္စယတ္ထ) ဝတ္ထု-အရ ပဲပင်တို့၏ ပေါက်ရာ ယာမြေကို ယူရမည်၏အဖြစ်ကိုရင်း (သရုပ်ကြား အဘိဓေယျတ္ထ) သိစေပါသည်။

(ဂ) ၌ ဝါ-သဒ္ဒါဖြင့် အဋ္ဌကထာနုရူပအတ္ထမှတစ်ပါး ဝိနယပါဠိနယာနုရူပအတ္ထ-ဟူသော အတ္ထန္တရကို သိစေပါသည်။ (ဘာဝတ္ထ)

ယတ္ထ ဥဘယမ္ပိ ရူဟတိ၊ တံ ခေတ္တံ-ဖြင့် ခေတ္တအရ ကောက်, ပဲပေါက်ရောက်ရာ မြေအရပ်ကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

http://www.dhammadownload.com


(ဃ) ဖြင့် ဝတ္ထု-အရ လယ်အကျိုးငှာ မပြုပြင် မစီရင်အပ်သော မြေရိုင်းကို ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

(င) ဖြင့် ခေတ္တဝတ္ထုပဋိဂ္ဂဟဏာ၌ ခေတ္တဝတ္ထုသဒ္ဒါသည် ဧကဒေသူ နိဒသသနမျှသာ ဖြစ်သောကြောင့် ခေတ္တဝတ္ထုအရ လယ်ယာမြေကို အဦးမူသဖြင့် ရေကန် တဘက်ဆည်ကန် စသည်တို့ကိုလည်း ယူရမည်ဟု သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

➢ **၈ ။ ကုမာရိကပဋိဂ္ဂဟဏာ၊ ဒါသိဒါသပဋိဂ္ဂဟဏာ-ဟု အသီးသီး ၈၀ အန် ခွဲခြား၍ ဟောကြားထားရခြင်းအကြောင်း ။** ။ ကုတ္တိကုမာရိကာ-စသော ပုဒ်တို့သည် လူဇာတ်အားဖြင့် အလှူမခံကောင်းကုန်သည်၏အဖြစ်ဖြင့် တူညီကြသော်လည်း ရဟန်းတို့သည် အလှူမခံအပ်သော ဝတ္ထုအနေဖြင့် ထူးသော အဖြစ်ကို ထင်စွာ ပြခြင်းအကျိုးငှာ (ဝါ) ထင်စွာပြလိုသောကြောင့်-- တည်း။

(င) **ဝါမိတဥ္စာကာဒိနိပိ-ဥ္ အာဒိသဒ္ဒါဖြင့်** လေးထောင့်ကန် ရေတွင်းစသည်တို့ကိုယူ။

➢ **၁ ၀ ။ ခေတ္တံ-ဥ္ ဘာဝတ္ထုကို ရှု၍ ။** ။ (၁) ခေတ္တံ၌ ခိပဓာတ်အရ စိုက်ပျိုးကြချသော လယ်သမား၏ သန္တာန်၌ ပီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဉဿာဟဋ္ဌာယီဘာဝ ဝီရရသ မည်၏။ (၂) စိုက်ပျိုးကြချအပ်သော မျိုးစေ့ဒြပ်သည် အာရမ္ဘဏဝိဘာဝ မည်၏။ (၃) လယ်ဒြပ်သည်ရင်း၊ လယ်သမား၏ ပေါင်းသင်ရှင်းလင်းခြင်းစသော လုံ့လပယောဂ သည်ရင်း ဥဒ္ဒီပနဝိဘာဝ မည်၏။ (၄) အပင်ပေါက်၍ အသီးအနှံဖြစ်ပေါ်လာခြင်း၊ သား မယားတို့အား ကျွေးမွေးစောင့်ရှောက်နိုင်ခြင်းစသော အကျိုးတရား အဆက်ဆက် သည် အနုဘာဝ မည်၏။

**ပါဠိ (၁၁၇)** [၄၊၇၇]

**(က) ဒူတေယျ ပဟိဏဂမနာနုယောဂါ (ခ) ဂိဟီနံ ပဟိတံ ပဏ္ဏံ ဝါ သာသနံ ဝါ ဂဟေတွာ တတ္ထ တတ္ထ ဂမနံ၊ (ဂ) ပဟိဏဂမနံ ဝုစ္စတိ ဃရာ ဃရံ ပေသိတဿ ခုဒ္ဒကဂမနံ၊**

**(ဃ) အနုယောဂေါ နာမ တဒုဘယကရဏံ၊**

**(င) တသ္မာ ဒူတေယျပဟိဏဂမနာနံ အနုယောဂါတိ ဝေမေတ္ထ အတ္ထော ဝေဒိတဗ္ဗော။**

➢ **၁** ။ (က) ဒူတကမ္မ၊တမန်သည်တို့၏ အလုပ်ကို။ဒူတေယျံ၊ဒူတေယျဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ (ခ) ဂိဟီနံ၊လူတို့၏။(ဝါ) လူတို့သည်။ပဟိတံ၊ပေးပို့အပ်သော။ပဏ္ဏံ၊စာကို သော်ငြင်း။သာသနံဝါ၊နှုတ်မှာစကားကိုသော်ငြင်း။ဂဟေတွာ၊ယူ၍။တတ္ထ တတ္ထ၊ထိုထို မြို့ ရွာသို့။ဂမနံ၊သွားခြင်းတည်း။ [တတ္ထ တတ္ထ၊သို့။ယံ ဂမနံ၊အကြင်သွားခြင်းသည်။အတ္ထိ၊၏။ တံဂမနံ၊ထိုသွားခြင်းကို။ဒူတေယျန္တိ၊ဒူတေယျဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။]

(ဂ) ဃရာ၊အိမ်တစ်အိမ်မှ။ဃရံ၊အိမ်တစ်အိမ်သို့။ပေသိတဿ၊စေလွှတ်အပ်သော ရဟန်း၏။ခုဒ္ဒကဂမနံ၊ငယ်သော သွားခြင်းကို။(ဝါ) ခရီးတို သွားခြင်းကို။ပဟိဏဂမနံ၊ပဟိဏ

http://www.dhammadownload.com



ဂမနဟူ၍။(ဝုတ္တတိ၊ဆိုအပ်၏။)

(ဃ) အနုယောဂေါ် နာမ၊အနုယောဂမည်သည်။တဒုဘယကရဏံ၊ထိုနှစ်ပါးစုံသော ဒူတေယျ ပဟိဏဂမနကို ပြုလုပ်ခြင်းတည်း။ (င) ဒူတေယျပဟိဏဂမနာနံ၊တမန်သည် တို့၏ အလုပ်ဖြစ်သော သဏ်ဌာလွှာ နှုတ်မှာစကားကို ဆောင်ယူ၍ တစ်ရွာမှ တစ်ရွာ သို့ ခရီးရှည်သွားခြင်း, စေခိုင်းအပ်သည်ဖြစ်၍ တစ်အိမ်မှ တစ်အိမ်သို့ ခရီးတိုသွားခြင်း တို့ ကို။တသ္မာ-အနုယောဂါ၊ထိုအားထုတ်ခြင်းမှ။(ပဋိဝိရတော၌စပ်) က္ကတိ ဇဝံ၊ဤသို့။ဧတ္ထ၊ ဤ ဒူတေယျပဟိဏဂမနာ နုယောဂေါဟူသော ပါဌ်၌။ အတ္ထော၊အနက်ကို။ ဝေဒိတဗ္ဗော၊ သိ ထိုက်၏။ (ဘာသာဋီကာ၊ပ၊၄၉၈။)

➤ ❷ ။ (ခ) သို့/ စဓာခနာ ။ ။ ဆရာ၊ ဆရာသည် (က) ဖြင့် တမန်သည်တို့ လုပ် ကိုင်ဆောင်ရွက်အပ်သော အမှုကိစ္စဟူသမျှသည် ဒူတေယျမည်သောဟု ဆို၏။ တမန် သည်တို့ ပြုလုပ်ဆောင်ရွက်အပ်သော အမှုကိစ္စအားလုံးသည်ပင်လျှင် ဤနေရာ၌ ဒူတေယျ မည်ပါသလော၊ အဘယ်အမှုကိစ္စသည် ဤနေရာ၌ ဒူတေယျမည်ပါသေးသနည်း၊ ဤ နေရာ၌ အလိုရှိအပ်သော ဒူတေယျ-အရကို မပြဆိုချေသော် အတိဗျာပိတဒေါသ ဆရာ့အား သင့်ရောက်ရာ၏၊ စုဒ်ကြောင့် (ခ) မိန့်။

(ဂ) သို့/ အနုသန္ဓေ ။ ။ ဤသို့ (က-ခ) တို့ဖြင့် ဒူတေယျပုဒ်၏ က္ကဒ်တဒ္ဓိတ်အဖွင့်နှင့် ဤနေရာ၌ အလိုရှိအပ်သော တမန်တို့၏ ခရီးရှည် တမန်သွားခြင်းအမှုသည် ဒူတေယျ မည်၏ဟု ဒူတေယျပုဒ်၏ သဒ္ဒတ္ထ အဓိပ္ပါယတ္ထများကို ဖွင့်ပြတော်မူပြီး၍ ယခုအခါ၌ ပဟိဏဂမနပုဒ်၏ ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂ္ဂဟနှင့်တကွသော တမန်သည်တို့၏ ခရီးတို သွားမှုသည် ပဟိဏဂမနမည်၏ဟူသော အဓိပ္ပါယတ္ထကို ဆက်လက်ဖွင့်ပြလိုသော ဆရာ သည် (ဂ) မိန့်။

(ဂ) သို့/ ဆရာ၊ သင်္ဂါယနာတင်မထေရ်တို့သည် ဒူတေယျပဟိဏဂမနာနုယောဂါ- ဟု မိန့်ဆိုတော်မူ၏။ ဒူတေယျ-ဟု ဆိုက လူတို့စေခိုင်းအပ်သော အလုပ်ကို ဆောင်ရွက် ခြင်းကိစ္စ ပြီးစီးရာသည် မဟုတ်ပါလော၊ ထိုသို့ဖြစ်လျက် အဘယ်ကိုပြလို၍ ပဟိဏ ဂမနသဒ္ဒါကို ထည့်ဆိုအပ်ပါသနည်း၊ စုဒ်ကြောင့် (ဂ) မိန့်။

